မြန်မာတိုင်းဖွါး၊အမျိုးသားတို့အား
သနားခြင်းကရုဏာ၊ ပြင်းစွာရှိခဲ့ရကား
''ဝိနိစ္ဆယ-ဒီပနီ'' အလီလီသော အဖွင့်အကျယ်လက်စွဲကျမ်း၊
အလင်္ကာနိသျှသစ် စသည့် ကျမ်းပေါင်းများစွာကို
စီရင်တော်မူခဲ့သော
၁၂၃၅ ခုနှစ်၊တပေါင်းလဆန်း၁၀ ရက်၊ဗုဒ္ဓဟူးနေ့
နံနက် ၃နာရီခွဲအချိန်တွင်မွေးဖွားး၍၊၁၂၅၅ ခု၊ပထမ
ဝါဆိုလဆန်း ၁၃ ရက်၊အင်္ဂါနေ့ညနေ၃နာရီအချိန်
ရန်ကုန် ကျောင်းတော်ရာ ရွှေကျင်တိုက်၌ ကျောင်း
တော်ရာဆရာတော်ကြီးကို ဥပဇ္ဈာယ်ဆရာ ပြုလုပ်၍
ရဟန်းအဖြစ်သို့ ရောက်တော်မူသော

**ရွှေကျင်နိကာယ-မဟာနာယက၊**

ညောင်တုံးမြို့-ရွှေဟင်္သာတောရ၊
ကျမ်းပြုဆရာတော်ဘုရားကြီး၊

**'စံကျောင်း ဆရာတော်ရဲ့မြတ်၏'**

**ပုံတော်**



စံကျောင်းဆရာတော်ဘုရားကြီး၏—ပုံ။

# နိဒါန်း။

ဘုရားတပည့်တော် 'သထုံမြို့' မင်းကျောင်း ဒါယကာ၊ ရာဇဝတ် ဝန်ကြီး ဦးအောင်ပန်း၊ ကျောက်တန်းမြို့၊ စပါး ကုန်သည်၊ ဦးရွှေနုတ်၊ ထိုပြင်၊ ရန်ကုန်မြို့ အနောက်ပိုင်း ၇-လမ်းနေ၊ မြန်မာ မိန်းမအသင်းဥက္ကဋ္ဌ ဒါယိကာမကြီး မစု၊ ဇင်းအသင်းသူ၊ ကဝမြို့၊ ကုန်သည်လမ်းနေ၊ မအေးခင် စသော တပည့် ဒါယကာ,ဒါယိကာမ အပေါင်းတို့က၊ ညွှတ်ပျောင်းပန်ထွာ ရိုသေလေးမြတ်စွာ လျှောက် ရပါသည်၊ ကျေးဇူးတော်ရှင်၊ အရှင်' စံကျောင်း' ဆရာတော် ဘုရား။

တပည့်တော်,တပည့်တော်မတို့၏၊ မိဘ, ဘိုး, ဘွား၊ အစဉ် အဆက်၏၊ ဇာတိချက်ကြွေ၊ ဘွားရာမြေဖြစ်သော ဤ 'မြန်မာ' နိုင်ငံကြီးသည်၊ ဤခေတ်,ဤအခါ၌၊ လောကုတ္တရာ ပညာမျက်စိဖြင့် ကြည့်ရှုတော်မူကြပါလျှင်၊ ဘုရားမှန်, ဘုရားစစ်၊ တရားမှန်, တရားစစ်၊ သံဃာမှန်,သံဃာစစ်တို့၏၊ အရောင်အရှိန်ဖြင့်၊ တထိန်ထိန်, တလက်လက်၊ ထွန်းတက် တောက်ပသော 'နေ, လ, ပမာ'၊ မင်္ဂလာကြက်သရေ၊ အထွေထွေနှင့်၊ ပြည့်စုံပေသဖြင့်၊ ကမ္ဘာပေါ်၌၊ တိုင်းပြည်နိုင်ငံ အသီးသီးတို့တွင်၊ ဤ 'မြန်မာ' နိုင်ငံကို ဖွံ့ဘွယ်ချီးကျူး၊ မြေထူး,မြေမြတ်ဟုပင် ဆိုချေသော်၊ မည်သူမှ တင်းခံ၍၊ ငြင်းဆန်နိုင်ဘွယ် မရှိပါဘုရား။

ထိုမှတပါး၊ လောကီအကြောင်းအားဖြင့်၊ အောက်မေ့ဆင်ခြင် ပြန်သော်၊ သယံဇာတ၊ သဘာဝ အလျောက်၊ ပေါ်ပေါက်လာသော ရွှေတွင်း၊ ငွေတွင်း၊ မိန်တွင်း၊ ပရင်း၊ ဒုဿာ၊ ခော်၊ သတ္တု၊ ရေနံ စသော လောကီ ဘွယ်ရာ၊ ရတနာ ဆသုံး, အဆောင် အမျိုး

မျိုးတို့၏ ဖြစ်ထွန်း ပေါ်ထွက်ရာ ဌာနဖြစ်ခြင်းကြောင့်၊ နိုင်ငံရပ်ခြား၊ တိုင်းတပါးမှ၊ လူများအပေါင်းတို့သည် အချို့က မိမိတို့ တိုင်းပြည်က နေ၍ပင်၊ အချို့ကမူ လူကိုယ်တိုင် လာရောက်၍ ပင် ကုန်းလမ်း၊ ရေလမ်း တို့ဖြင့် ကူးသန်း ရောင်းဝယ်ကြပြန်ရာ လွန်စွာမှ အခွင့်၊အလမ်းသင့်သဖြင့်၊ ရှေးအခါက၊ လူ့၊သူ မရောက်၊ မြင့်မောက် ကြီးကျယ်သော တောင်ကြီး၊ တောကြီးများသည် ယခုအခါ၊ မီးရထားလမ်းဖောက်ခြင်း၊ သတ္တုတွင်းတူးခြင်း၊ ရော်ဘာခြံ စိုက်ပျိုးခြင်း စသည်တို့ကြောင့်၊ ပြိုပျက် နိမ့်လျော၊ ချောမောသာယာ၍ တော၊တောင် မထင်၊ မြေပြင် လမ်းခရီးအတိ ဖြစ်လျက်ရှိနေသည့် အပြင်၊ ရှေးယခင်က လူနေ့၊အိမ်ခြေ မြေရာ မဟုတ်သည့် သမုဒ္ဒရာပင်လယ်ကမ်းစပ်၊ ချေ အပြင်တို့သည်လည်း၊ ယခုအခါ၊ မြေပြင်အတိဖြစ်၍၊ လယ်ယာကိုင်းကျွန်း လုပ်ကိုင်စား သောက်ကြလျက် ရှိနေရပါ၏ ဘုရား။

ဤမျှလောက်ပင် 'မြန်မာ' နိုင်ငံကြီးသည် တနေ့ တခြား ကြီးပွါး၊ စည်ကား၍ လာသည်ကို၊ 'အမှုမဲ့၊အမှတ်မဲ့' ကြည့်ရှုခဲ့လျှင်၊ လွန်စွာပင် ဝမ်းသာအားတက် နှစ်သက်စရာ ကောင်းလှပါ၏ ဘုရား။ ၊သို့ရာတွင် 'ဝမ်းနည်းဘွယ်ရာ အချက်မှာ' 'မြန်မာ' နိုင်ငံကြီးပွားသလောက်၊ တိုင်းရင်းသား မြန်မာလူမျိုးတို့ မကြီးပွါးဘဲ ဆင်းရဲပင်ပန်း နွမ်းနယ်ကြသူတွေသာ များသဖြင့်၊ 'မြန်မာ' နိုင်ငံ၌၊ မြို့ပြ၊ပြည်ရွာ ကြီးပွါးလေလေ၊ တိုင်းရင်းသား၊ 'မြန်မာ' လူမျိုးများ အစား၊အသောက်၊ အနေ၊အထိုင် ကြပ်တည်းဆင်းရဲ၍၊ မြို့ပေါ်မြို့တွင်း၌၊ အိမ်ပိုင်၊ ယာပိုင်နှင့်၊ခိုင်ခံ့စွာ မနေနိုင်ဘဲ၊ တောစွန်၊ တောဖျား၊ အကြို၊အကြားသို့ ရောက်၍၊ မျှစ်ချိုး၊ မှိုနှုတ်၊ တောင်ယာခုတ်၊ ခြံစောင့် စသော သေးနုပ် သိမ်ဖွဲ့သော အလုပ် အကိုင် တို့ကို လုပ်ကိုင် စားသောက်ကြရလေလေ ဖြစ်သဖြင့်၊ မြန်မာပြည်-ကြီးပွါး၍၊ စည်ကား သာယာသလောက်ပင် တိုင်းရင်းသား 'မြန်မာ' လူမျိုးတို့၊ နွမ်းညှိုး ပင်ပန်းဆင်းရဲ ကြရပါသည် ဘုရား။

ယင်းကဲ့သို့၊ ဆင်းရဲခြင်းပန်းချက်၊ နှစ်,လတာရှည်ခဲ့လျှင်၊ ယခုအခါ၊ ဘုရားပွင့်တော်မူရာ၊ ဇမ္ဗူဒီပ အိန္ဒိယနိုင်ငံ၊ မဇ္ဈိမဒေသကဲ့သို့ ဘုရားရှင်၏ အဆုံး,အမ၊ ဩဝါဒ ဖြစ်သော သာသနာတော် မြတ်ကြီးသည်လည်း အားနည်းဆုတ်ယုတ်ပျက်ပြား ဘွယ်ရာသာ ရှိပါတော့သည်ဘုရား။ ။တိုင်းရင်းသား၊ ဗုဒ္ဓဘာသာ 'မြန်မာ' လူမျိုးတို့၊ စီးပွားဥစ္စာ၊ ပြည့်စုံစွာ ရှိပါမှသာလျှင်၊ မိမိတို့၏ 'အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ' တရားများကို၊ ကြီးပွား မြင့်မြတ်အောင် ရှ,ပေါင်းဆောင်မှုက် နိုင်ကြမည် ဖြစ်ပါ၍၊ ကျေးဇူးတော်ရှင်၊ အရှင် 'ခံကျောင်း' ဆရာတော်သည်၊ အမျိုးသားတို့၏၊ ကြီးပွါးရေး၊ စီးပွါးရေးတို့ကို နည်းပေး,လမ်းပြ သောအားဖြင့် 'ဗျဂ္ဃပဇ္ဇ' မည်သော ဒါယကာအား၊ မြတ်စွာဘုရားဟောကြားတော်မူအပ်သော 'သမ္မဒါ' တရားကို အရင်းမူလထား၍၊ ဘုရားဟောကျမ်းဂန်၊ ဓမ္မခန်းနှင့်၊ သိမှတ်ရန် အချက်၊ ထိုက်သက်သင့်လျော်သော အရာတို့ကို၊ ထိုထိုသော ကျမ်းဂန်,ပေစာတို့မှ ဘွေရှာထုတ်နှုတ်၍။ 'သမ္မဒါ' တရားအကျယ်ကို ရေးသားထုတ်ဝေတော်မူပါမည့် အကြောင်း၊ ဦးခေါင်းဝပ်လျှိုး၊ ရှိခိုးလျှောက်ရပါသည်။ ကျေးဇူး တော်ရှင်၊ အရှင် 'ခံကျောင်း' ဆရာတော်ဘုရား။

စကြဝဠာ၊ကမ္ဘာမြေပြင်,ရေပြင်၊ ကောင်းကင်ထက်ဘုံ၊အလုံးစုံတို့၌၊ခိုလှုံမှီတင်းနေထိုင်ကြကုန်သော ဘုရား,ပစ္စေကဗုဒ္ဓါ, ရဟန္တာသခင်၊ အရှင်မြတ်ကြီးတို့နှင့်တကွ၊ ဘဝသံသရာအပြင်၌၊ ဝိညာဉ်နာမ်ရုပ်၊မချုပ်,မစဲ၊ တဲ့ဝဲသည်လည်၊ရှည်ကြာလေးမြင့်၊အချိန်ဖင့်၍၊အသင့်အားဖြင့်၊ နေထိုင်ကြရကုန်သော သတ္တဝါ အသီးသီးတို့၏ အကြီး,အငယ်၊ အရွယ်,အလတ်၊ အမြတ်,အယုတ်ကို ထုတ်နှုတ်ဖိုင်းခြားလျှင်၊ မှတ်သား ရေတွက်ကြရမည် ဆိုသော်၊ ထိုထိုအလား၊ အစားစားဖြင့်၊ များပြားစွာ ရှိလင့်ကစား၊ အကျဉ်းအားဖြင့်၊ မှတ်သားရေတွက်ကြမည် ဆိုသော်၊မိမိတို့၏ စိတ်အလိုဆန္ဒ 'ပြည့်စုံစေခြင်း၊ပြီးမြောက်စေခြင်း'ဟူသော စိတ်အလိုဆန္ဒ တခုတည်း၌သာ၊ရစည်းပေါင်းစပ်၊ အဆုံးသတ်လျှက် တည်ရှိကြသည်ချည်းဟု ဆိုချေသော်၊ ထိုစကားကို မည်သူမှ ငြင်းပယ် နိုင်ကြမည် မဟုတ်ချေ။ ။အကြောင်းမူကား။ ။ဘုရား,ပစ္စေကဗုဒ္ဓါ,ရဟန္တာသခင်၊ အရှင် မြတ်ကြီးတို့၌လည်း မိမိတို့ဘဝဇာတ် မြင့်မြတ်ထိုက်တန်၊လျော်ကန်သင့်မြတ်သည့်လို၊ထိုထိုကိစ္စ၊ဟူသမျှတို့၌၊ 'ပြည့်စုံစေခြင်း၊ပြီးမြောက်စေခြင်း'ဟူသော သမ္ဘဒါတရားမျိုး၊ 'အဇ္ဈာသယ' ဓာတ်အစဉ်သည်၊မပြတ်ပင် ကိန်းဝင်လျှက် ရှိချေသေးသည်။ ။ထိုစကားမှန်၏။ ။အရှင်ပစ္စေကဗုဒ္ဓါ,ဘုရားသခင်တို့သည်၊တရားအစဉ်အလာအားဖြင့်၊မိမိထံမှောက်၊လာရောက်ခိုလှုံသော သူတို့အား 'ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ခိပ္ပမေဝ သမိဇ္ဈတု။ ။သင်တို့၏ အလိုရှိအပ်, တောင့်တအပ်သည့် ဆုမြတ်မင်္ဂလာသည်၊ မကြာမီ လျင်စွာပြည့်စုံစေသတည်း။ ပြီးမြောက်စေသတည်း၊'ဟူ၍ ချီးမြှောက်တော်မူသောနည်းသည်၊'သမ္ဘဒါ'တရားမျိုးပင် ဖြစ်လေသည်။ ။တဖြာထိုပြင်၊ရှုတင်တေရည်၊ ပဋိပတ်၌၊မပြတ်သော အကျင့်ရှိသော အရှင်'မဟာကဿပ' ရဟန္တာမထေရ် မြတ်ကြီးသည် 'နိရောဓ'သမာပတ်မှ ထကြွတော်မူလျှက်၊ မရှိနွမ်းမွဲ၊ ဆင်းရဲသော ဒုက္ခိတသတ္တဝါအား သနား၍၊ ချီးမြှောက်တော်မူခြင်း နည်းသည်လည်း

'ပြည့်စုံစေခြင်း၊ ပြီးမြောက်စေခြင်း' ဟူသော 'သမ္ပဒါ' တရားမျိုးပင် ဖြစ်လေသည်။

ဘုန်းတော်ခြောက်ပါးရှင်၊ ဘုရားသခင်လည်း အဘိဓမ္မာ ပိဋကတ်၌၊ ထိုထိုသို့သော သတ္တဝါတို့၏ ဆန္ဒလိုဆန္ဒဟူသမျှတို့၊ မချိုကုံ လုံ၊ ပြည့်စုံ၊ ပြီးမြောက်စေကြောင်း၊ လက်နက်ကောင်းပမာ၊ အရာရာ ခရီးရောက်၍၊ ပြီးမြောက် စေနိုင်သော 'ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ပညာ' ဟူသော ဤတရား လေးပါးကို 'ဣဒ္ဓိပါဒ်' ဟူသော အမည်ဖြင့်၊ ဟောကြားတော်မူခြင်းသည်လည်း 'သမ္ပဒါ' တရားမျိုးပင်ဖြစ်လေ သည်။ ။'ဣဒ္ဓိယာ ပါဒေါ ဣဒ္ဓိပါဒေါ'။ ။ဣဒ္ဓိယာ၊ ဘုန်းကံ တန်ခိုး အမျိုးမျိုး၏၊ ပါဒေါ၊ ပြည့်စုံ၊ ပြီးမြောက် ကြောင်းတည်း။ ဣဒ္ဓိပါဒေါ၊ ဘုန်းကံတန်ခိုး၊ အမျိုးမျိုး၏၊ မညှိုးကုံလုံ၊ ပြည့်စုံပြီးမြောက် ကြောင်း။ ။ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ပညာ တရားလေးပါး အရကောက်ယူ။

ထိုမှ တပါး၊ သုတ္တန်ပိဋကတ်၌လည်း လောကီဘက်ဆိုင်ရာ၊ အလုပ်၊ အကိုင်၊ အကြံ၊ အစည်၏၊ ကြီးပွားပြည့်စုံစေရန် 'ဗျဂ္ဃပဇ္ဇ' နာမ ထင်ရှား၊ အမျိုးသားဒါယကာအား၊ ဟောကြားတော်မူအပ်သော 'သမ္ပဒါ' တရားလေးပါးသည်လည်း 'ပြည့်စုံခြင်း၊ ပြီးမြောက် စေ ခြင်း' ဟူသော တရားမျိုးပင် ဖြစ်လေသည်။ ။ဤအရာဝယ် ဗုဒ္ဓ ဘာသာ မြန်မာပြည်ဘွား တိုင်းရင်းသား တို့ကမူ၊ 'ပြည့်စုံစေခြင်း၊ ပြီးမြောက်စေခြင်း' ဟူသော စကားလုံး၏ အသုံး တွင်ကျယ်ပုံကို စဉ်းစားဘွယ် ရှိသည်မှာ၊ အကြောင်းမဲ့သက်သက်၊ အကျိုးတရားမ ပေါ်လာနိုင်ချေ။ အကြောင်းကင်းမဲ့လျက်၊ အကျိုးတရား ပေါ်လာ နိုင် ၏ဟု ဆိုချေက၊ 'အဟေတုကဒိဋ္ဌိ' မျိုးပင် ဆိုနိုင် ချေသည်။ အ ကြောင်းရှိမှ အကျိုးတရား ပေါ်လာနိုင်သည်။

(၁) 'မဂ္ဂင်' ရှစ်ပါး တရားအကျင့်ဟူသော အကြောင်းကြောင့်

'နိဗ္ဗာန်'မျက်မှောက် ပြုနိုင်ခြင်းဟူသော အကျိုးတရား ပေါ်လာနိုင်သည်၊

(၂) ဘုရားဖြစ်ရန်၊ ဆုပန်ဆင်ရာ၌၊ ရှစ်တန်သော ဂုဏ်အင်္ဂါ အကြောင်းတို့၊ ရုံလင်စွာ ပေါင်းမိသူမှာ ပြည့်စုံပြီး၊မြောက်နိုင်ချေသည်။

(၃) ဒိဋ္ဌဓမ္မဝေဒနိယကံသည်၊ ပစ္စုပ္ပန်ဘဝ အတွင်း၌တခဏ ချင်း အကျိုးပေး၏ဟု ဆိုရာ၌လည်း၊ လေးတန်သော ဂုဏ်အင်္ဂါ အကြောင်းတို့ ရုံလင်စွာ ပေါင်းမိသူမှပင် ပြည့်စုံ ပြီးမြောက် နိုင် ချေသည်။ ။ဤသို့ ဘော်ပြအပ်သော စကားတို့ကို အထောက် အထားပြုလျက်'ဗုဒ္ဓဘာသာ မြန်မာပြည်ဘွား တိုင်းရင်းသား တို့သည် အမျိုး ဘာသာ, သာသနာ, ပညာ၊ ချမ်းသာ စီးပွား ကြီးမား ပြည့်စုံ လိုပါသည်' ဟုဆိုစေကာမူ၊အထက် ဘော်ပြရာပါ ကြီးမား ပြည့်စုံစေကြောင်း၊ နည်းကောင်း,စည်းစနစ်ကို မလိုက်နာ,မပြုကျင့်ချေက မိမိတို့မြော် လင့် တောင့်တအပ်သော 'ချမ်းသာခြင်း၊ကြီးပွါးခြင်း၊ ပြည့်စုံပြီး မြောက်ခြင်း' စသော အခြေအနေမျိုးသို့ ရောက်နိုင်မည် မဟုတ် ချေ။

ယင်းသို့ ဖြစ်၍၊ အမည်စာရင်းပါ၊ တပည့်ဒါယကာ,ဒါယိကာ မ အပေါင်းတို့၏၊ တောင်းပန် လျှောက်ထားခြင်းကို အကြောင်း ရင်းပြု၍၊ ညောင်တုန်းမြို့၊ရွှေဟင်္သာတောရ၊သီရိမဟာမင်္ဂလာရာ မတိုက်၊ကျေးဇူးတော်ရှင်၊အရှင်'စံကျောင်း'ဆရာတော်သည်၊မြန် မာပြည်ဘွား၊တိုင်းရင်းသားတို့၏၊အမျိုး,ဘာသာ,သာသနာ,ပညာ တရား ကြီးပွား,ပြီးမြောက်,ပြည့်စုံစေရန်၊ရည်သန် မြင့်မြတ်သော စိတ်ရှိသည်နှင့် အညီ၊ လောကီဘက်ဆိုင်ရာ ကြီးပွားခန်း,စီးပွား ခန်းတို့၌၊ လမ်းပြ,နည်းပြ၊ စည်းမျဉ်းပမာဏသဘွယ်၊ ကြီးကျယ် ခမ်းနား၊ ဆန်းပြားထူးထွေသော အနက်အဓိပ္ပါယ်ပါရှိသော ဤ

'ကြွယ်ဝချမ်းသာရေးလက်စွဲခေါ် သမ္ဗုဒ္ဓေါ်ဗွင့်အကျယ်ကျမ်း' ကို၊ ကြိုးပမ်းတည်ထွင်၊ စီစဉ်ရေးသားတော်မူကြောင်း။ ထိုကျမ်းကို 'အယ်ဒီတာ-ဦးသန်းရွှေ-ကြပ်မပြင်ဆင်စေလျက်' ကျမ်းပြုရှင်းဆရာတော်၏ ညီအရင်းဖြစ်သူ၊ ပဲခူးကျောက်တန်း၊ ကုန်သည်ဦးရွှေနုတ်က၊ ၁၂၉၈-ခုနှစ်၊ကဆုန်လအတွင်း၊ဒုတိယအကြိမ် ပုံနှိပ်လုပ်ဆောင်ပါသတည်း။

—:=:၀:=:—

မြန်မာဘာသာ-အထက်တန်းကျောင်းများတွင်၊ ကျောင်းသုံးအဖြစ် ပြဋ္ဌာန်းပြီးသော၍'သမ္ဗုဒ္ဓေအကျယ်ကျမ်း'ကို၊ ၁၂၉၉-ခုနှစ် နှောင်းကဆုန်လအတွင်း၊ တတိယအကြိမ် ထပ်မံပြင်ဆင်၍ပုံနှိပ်လုပ်ဆောင်ပြီးစီးအောင်မြင်ပါသတည်း။

—:=၀=:—

ရန်ကုန်မြို့၊ဆူးလေဘုရားဈေး၊ နံပါတ် ၁၉၊ မဟာသိပ္ပံစာအုပ်ဆိုင်ရှင် ဦးထွန်းလူက၊မူပိုင်ရရှိသော၍သမ္ဗုဒ္ဓေဖွင့်အကျယ်ကျမ်းကို ၁၂၉၉-ခု၊တပေါင်းလအတွင်း စတုတ္ထအကြိမ်စာအုပ်ရေ ၃၀၀၀ ထပ်မံပုံနှိပ်လုပ်ဆောင်ပါသည်။

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | အဘိသာဝကနိဒါန်း | က |
| ၂ | ပဋိညာဉ်နိဒါန်း | ဃ |
| ၃ | ပဏာမ ...... | ၁ |
| ၄ | သမ္ပဒါကို ဟောပုံ | ၆ |
| ၅ | သမ္ပဒါနှင့် ပြည့်စုံမှ နိဗ္ဗာန်ရပုံ | ၈ |
| ၆ | သမ္ပဒါ အကျဉ်းဆောင်ပုဒ် | ၁၂ |
| ၇ | သမ္ပဒါ၏ အဓိပ္ပါယ် | ၁၄ |
| ၈ | သမ္ပဒါနှင့် ပြည့်စုံကျိုး | ၁၄ |
| ၉ | ၎င်း တနည်း ...... | ၁၆ |
| ၁၀ | သမ္ပဒါနှင့် မပြည့်စုံခြင်း အပြစ် | ၁၈ |
| ၁၁ | ဥဋ္ဌာ ရှိကျိုး | ၂၃ |
| ၁၂ | ဥဋ္ဌာ မရှိခြင်း အပြစ် | ၂၄ |
| ၁၃ | ဥဋ္ဌာနသမ္ပဒါအကျယ် | ၂၆ |
| ၁၄ | ဥဋ္ဌာသမ္ပတ္တိ | ၂၈ |
| ၁၅ | ဂတိသမ္ပတ္တိ | ၃၁ |
| ၁၆ | ဥပဓိသမ္ပတ္တိ | ၃၃ |
| ၁၇ | ကာလသမ္ပတ္တိ | ၃၆ |
| ၁၈ | အချိန် မကျဘဲ လုပ်၍ ပျက်စီးပုံ၊ လေးကိုးနည်း | ၃၉ |
| ၁၉ | ၎င်းသာသနာနည်း | ၄၀ |
| ၂၀ | ပုဏ္ဏားမဝတ္ထု | ၄၇ |
| ၂၁ | ကြက်ဝတ္ထု | ၄၈ |
| ၂၂ | ပယောဂသမ္ပတ္တိ | ၄၆ |
| ၂၃ | ဓနကမင်းနှင့် မန္တမာလာ အမေး-အဖြေ | ၅၄ |
| ၂၄ | အာရက္ခသမ္ပဒါအကျယ် | ၆၁ |
| ၂၅ | မင်းဘေးမှ လွတ်ပုံ | ၆၃ |
| ၂၆ | မျှံဝတ္ထု | ၆၅ |

# မာတိကာ

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၇ | မင်းက၊ မိတ်ဆွေဖြစ်ပုံ။ | ၆၇ |
| ၂၈ | ခိုးသူဘေး။ | ၇၀ |
| ၂၉ | ကျားဝတ္ထု။ | ၇၂ |
| ၃၀ | မထိမိနိုင်အောင် လုပ်နည်း။ | ၇၅ |
| ၃၁ | ကူးတို့သူကြီးဝတ္ထု။ | ၇၇ |
| ၃၂ | မီးဘေး။ | ၈၀ |
| ၃၃ | ရေဘေး။ | ၈၂ |
| ၃၄ | ရေဘေးမှ ကွယ်ကာပုံ။ | ၈၄ |
| ၃၅ | သားသမီးဘေး။ | ၈၆ |
| ၃၆ | သားသမီးဘေးမှ ကွယ်ကာနည်း။ | ၈၇ |
| ၃၇ | ရှေးနှင့် ယခု နှိုင်းယှဉ်နည်း။ | ၈၉ |
| ၃၈ | ရန်သူမျိုးငါးပါးကို ကွယ်ကာနည်း။ | ၉၂ |
| ၃၉ | ကံ၏ အကျိုးကို တားမြစ်နိုင်ပုံ။ | ၉၃ |
| ၄၀ | နိုင်ငံခြားသားများ၊ ရန်သူမျိုးငါးပါးမှ ကွယ်ကာကြပုံ။ | ၉၄ |
| ၄၁ | အတွင်းရန်သူ။ | ၉၆ |
| ၄၂ | မိန်းမကြူးပုံ။ | ၉၇ |
| ၄၃ | ဇူဇကာဝတ္ထု။ | ၁၀၁ |
| ၄၄ | အရက်ကြူးပုံ။ | ၁၀၇ |
| ၄၅ | အန်ကြူးပုံ။ | ၁၁၀ |
| ၄၆ | ခင်ပွန်းယုတ်ရှိပုံ။ | ၁၁၆ |
| ၄၇ | အခါမဲ့ လမ်းသွားအပြစ်။ | ၁၁၇ |
| ၄၈ | ပွဲအပြစ်။ | ၁၁၈ |
| ၄၉ | ဟာသဝတ္ထု။ | ၁၁၉ |
| ၅၀ | ငုံးဝတ္ထု။ | ၁၂၀ |
| ၅၁ | ရေကန်ဥပမာ။ | ၁၂၁ |
| ၅၂ | ကလျာဏမိတ္တသမ္ပဒါအကျယ်။ | ၁၂၂ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၃ | မိတ်ကောင်းရှိပုံ၊ | ၁၂၂ |
| ၅၄ | မိတ်ကောင်းရှိသော ဝဇ္ဇူ၊ | ၁၂၄ |
| ၅၅ | ခင်ပွန်းယုတ် ၄-ယောက်၊ | ၁၂၆ |
| ၅၆ | အညဒတ္ထုဟာရ၊ | ၁၂၉ |
| ၅၇ | ဝစီပရမ၊ | ၁၃၀ |
| ၅၈ | အနုပိယဘာဏီ၊ | ၁၃၁ |
| ၅၉ | အပါယသဟာယ၊ | ၁၃၃ |
| ၆၀ | ခင်ပွန်းကောင်း လေးယောက်၊ | ၁၃၃ |
| ၆၁ | နိုင်ငံခြားသားများ ခင်ပွန်းကောင်း ရှိပုံ၊ | ၁၃၈ |
| ၆၂ | ခင်ပွန်း မစစ်သော လက္ခဏာ၊ | ၁၄၀ |
| ၆၃ | ရှင်းတနည်း၊ | ၁၄၁ |
| ၆၄ | ခင်ပွန်းစစ် လက္ခဏာ၊ | ၁၄၂ |
| ၆၅ | ရှင်းတနည်း၊ | ၁၄၃ |
| ၆၆ | အချင်းချင်း ဆက်ဆံပုံ၊ | ၁၄၄ |
| ၆၇ | ခင်ပွန်းပျက်ကြောင်း၊ | ၁၄၅ |
| ၆၈ | မိတ်ဆွေမြဲအောင် လုပ်နည်း၊ | ၁၄၆ |
| ၆၉ | မိတ်ဆွေမြဲမြံခြင်းအကြောင်း၊ | ၁၄၇ |
| ၇၀ | ရှင်းတနည်း၊ | ၁၄၈ |
| ၇၁ | ခင်ပွန်းကောင်း လက္ခဏာ ၇-ပါး၊ | ၁၄၉ |
| ၇၂ | ရှင်းတနည်း၊ | ၁၅၀ |
| ၇၃ | သမဇီဝိတာသမ္ပဒါအကျယ်၊ | ၁၅၁ |
| ၇၄ | သမဇီဝိတာ သရုပ်၊ | ၁၅၄ |
| ၇၅ | ဥစ္စာရနည်း၊ | ၁၅၅ |
| ၇၆ | ဥစ္စာရပုံ သရုပ်၊ | ၁၅၉ |
| ၇၇ | စာရင်းလုပ်ပုံ၊ | ၁၆၀ |
| ၇၈ | ပျောက်လျှင် ရှာပုံ၊ | ၁၆၂ |

# မာတိကာ။


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၉ | ပျှက်လျှင် ဖြင့်ပုံ။ | ၁၆၃ |
| ၈၀ | မျှတစွာ သုံးဆောင်ပုံ၊ | ၁၆၄ |
| ၈၁ | အကြီးအမှူး ထားပုံ၊ | ၁၆၄ |
| ၈၂ | နိုင်ငံခြားသားများ ဗဟုသုတ ရှာပုံ၊ | ၁၆၆ |
| ၈၃ | ၎င်းတို့ အပျော်ကို ပြုပုံ။ | ၁၆၇ |
| ၈၄ | ၎င်းတို့ စာရင်းလုပ်ပုံ၊ | ၁၆၈ |
| ၈၅ | ၎င်းတို့ အကြီး, အမှူး ခန့်ပုံ၊ | ၁၆၈ |
| ၈၆ | ရှင်အာနန္ဒာ အသုံးသချပုံ၊ | ၁၆၉ |
| ၈၇ | သုဓမ္မာကတော်ကြီး အသုံးသချပုံ၊ | ၁၇၂ |
| ၈၈ | ကုန်သင့်မကုန်သင့် ဆင်ခြင်ပုံ၊ | ၁၇၃ |
| ၈၉ | သုဓမ္မာ ဦးသဲ အကြောင်း။ | ၁၇၄ |
| ၉၀ | ရေအိုင် ဥပမာ။ | ၁၇၄ |
| ၉၁ | စဉ်းလဲခြင်း အပြစ်၊ | ၁၇၆ |
| ၉၂ | ဥစ္စာသုံးနည်း။ | ၁၈၀ |
| ၉၃ | အလှူလှူပုံ။ | ၁၈၃ |
| ၉၄ | လယ်လုပ်ပုံ အကျယ်၊ | ၁၈၅ |
| ၉၅ | လယ်ထွန်ပုံ၊ | ၁၈၆ |
| ၉၆ | နွားမွေးပုံ အကျယ်။ | ၁၉၃ |
| ၉၇ | ကျွဲသား, နွားသား, မစားသင့်ကြောင်း၊ | ၁၉၆ |
| ၉၈ | ၎င်း လက်။ | ၂၀၂ |
| ၉၉ | ကုန်သွယ်ပုံ အကျယ်၊ | ၂၀၄ |
| ၁၀၀ | ကြိမ်းသေမှ လုပ်နည်း။ | ၂၁၇ |

# ကြွယ်ဝချမ်းသာရေးလက်စွဲခေါ်

# သမ္ဗုဒ္ဓါဖွင့် အကျယ်ကျမ်း။

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

သမ္ဗုဒ္ဓိ သမ္ဗုဒ္ဓဋ္ဌီနံ၊ သမ္ဗုဒ္ဓဋ္ဌံဘိဝန္ဒိယ။

ယာဝိတဿ မုခေ ဌာတုံ၊ မေတ္တာယ ဝက္ခတော မမံ။

သမ္ဗုဒ္ဓဋ္ဌီနံ၊ မြတ်စွာဘုရား၊ ဟောကြားခိန့်မှာ၊ ရှစ်ဖြာသော 'သမ္ဗုဒ္ဓါ'တရားတော်မြတ်ကို၊ မှတ်သားကြားနာကြလိုသူ၊ မျိုးတူ, မျိုးခြား၊ များစွာသော သူတို့၏။ သမ္ဗုဒ္ဓံ၊ လောကုတ်,လောကီ၊ နှစ်ထိ အကျိုး၊ ပွားတိုးစေကြောင်း၊ နည်းကောင်းညွှန်ကြား၊ 'သမ္ဗုဒ္ဓါ' တရားတော်မြတ်ကို။သမ္ဗုဒ္ဓဋ္ဌံ၊ အနန္တရာယ်ကင်း၊ ကျမ်းပြီးခြင်းနှင့်၊ ကိုယ်တွင်း,ကိုယ်ပ၊ လိုဆန္ဒတို့၊ ပြည့်ဝစုံလင် စေတတ်သော 'သမ္ဗုဒ္ဓါ' တရားတော်မြတ်အကျိုးငှါ။ အဘိဝန္ဒိယ၊ လက်အုပ် အဥ္ဇလီ၊ မြှောက်ချီရှင်ဖြိုး၊ ရှိခိုးဦး၍။ သမ္ဗုဒ္ဓဋ္ဌီနံ၊ 'သမ္ဗုဒ္ဓါ' တရားတော်မြတ်ကို၊ မှတ်သားကြားနာကြလိုသူ၊ မျိုးတူ,မျိုးခြား၊ များစွာသော သူတို့သည်။ မေတ္တာယ၊ မြန်မာပြည်ဘွား၊ တိုင်းရင်းသားတို့၊ စိတ်အားကြည်နူး၊ ပျော်ရွှင်မြူး၍၊ မိုးယံဦးသစ်ပင်၊ လန်းလန်းရွှင်သို့၊ အစဉ်ချမ်းသာ၊ အေးမြစေလိုသော မေတ္တာတရား

ဖြင့်၊ ယာဝိတာသ၊ အကြိမ်ကြိမ် အဖန်ဖန်၊ တောင်းပန်အပ်သည် ဖြစ်၍၊ သမ္မဇ္ဇိန်၊ 'သမ္ဗုဒ္ဓေ' တရားတော်မြတ်ကို၊ မှတ်သားကြား နာကြလိုသူ၊ မျိုးတူ မျိုးခြား၊ များစွာသော သူတို့၏ အကျိုးငှါ၊ မေတ္တာယ၊ ချမ်းသာစေရန် ကြိမ်ဖန် မလပ်၊ ထပ်ထပ်ပွားများ၊ မေတ္တာတရားဖြင့်၊ သမ္ဗုဒ္ဓံ၊ အိမ့်ယာတည်ထောင်၊ လူတို့ဘောင်၌၊ မြားမြောင်ပစ္စည်း၊ အသီးသီးတို့၊ ပွားကြီး ပွားဘွယ်၊ လမ်း ကြောင်းဆွယ်၍၊ သွယ်သွယ်ညွှန်ကြား။ 'သမ္ဗုဒ္ဓေ' တရားတော် မြတ်ကို၊ ကျွတော၊ အကျယ်တဝင့်၊ ဖွင့်ပြဆိုလတ္တံ့သော၊ မမ၊ 'ဝါယာမ'ဟု၊ နာမသမုတ်၊ အကွန့်ထို၏၊ မုခ၊ ခံတွင်းနှုတ်ခမ်း ဖျားနှ၊ သမ္ဗုဒ္ဓံ၊ မြတ်စွာဘုရား၊ ဟောကြားမိန့်မြွက်၊ ဝဋ္ဋစက်အာ ဏာ၊ ဒေသနာဟူသော 'သမ္ဗုဒ္ဓေ' တရားတော်မြတ်သည်၊ ငှာတု၊ အန္တရာယ်ဘေး၊ ကင်းစင်ဝေးလျက်၊ ရေးအံ့ကျမ်းစာ၊ ပြီးစိမ့်ငှါ လျှင်၊ တည်လာ တန်လာ ရပ်လာပါစေသတည်း။

ဤဂါထာ၌၊ 'သမ္ဗုဒ္ဓေ' သဒ္ဒါကို၊ ဓာတ္ထုလိင်နှင့် ဟောတော်မူ သော်လည်း၊ 'သမ္ဗုဒ္ဓံ' ဟု နပုံလိင်နှင့် 'ပကြိတီးဗး' အဘိ ဓာန်၌ ပြဆိုအပ်သဖြင့် 'နပုံလိင်' လည်း ရှိသေးသည့် အဖြစ်ကို သိစေခြင်းငှါ၊ 'သမ္ဗုဒ္ဓံ' ဟူ၍ ဆိုသည်၊ 'သမ္ဗုဒ္ဓေ' တရားရှစ်ပါး ရှိလျက်၊ 'သမ္ဗုဒ္ဓံ' ဟု 'ဧကဝုစ်' နှင့် ဆိုခြင်းမှာလည်း၊ 'ဇာတ်' ကိုငဲ့၍ ဆိုခြင်းပင် ဖြစ်သည်။ ။ထို့ကြောင့်။ ။ယံ ဥဿုကာ သဒ္ဒိ ရန္တိ၊ အလက္ခိကာ ဗဟုံ ခနံ၊ သိပ္ပဝန္တော အသိပ္ပဝါ။ ။ဟူ၍ရှေး ဝါကျ၌ 'ကတ္တား'ကို 'ဗဟုဝုစ်' ၊ 'ကံ' ကို 'ဧကဝုစ်'နှင့် ဟော တော်မူပြီးလျှင်၊ နောက်ဝါကျ၌။ ။လက္ခိဝါ တာနိ ဘုဥ္ဇတိ။ ။ဟူ၍ 'ကတ္တား' ကို 'ဧကဝုစ်'၊ 'ကံ' ကို 'ဗဟုဝုစ်' ဟောတော်မူလေပြီ။

ဤဂါထာ၌၊ 'သမ္မဇ္ဇိန်' ဟူသော ပုဒ်ကို၊ 'သမ္ဗုဒ္ဓံ' ဟူသော ပုဒ်နှင့်ရှင်း၊ 'ယာဝိတာသ' ဟူသောပုဒ်နှင့်ရှင်း၊ 'ဝကျတော' ဟူသော ပုဒ်နှင့်ရှင်း အသီးအသီး စပ်အပ်၏။ ယင်းသို့ စပ်ရာ 'သမ္ဗုဒ္ဓံ'နှ၊ စပ် သော အခါ သမ္ဗန်၊ 'ယာဝိတာသ'နှ၊ စပ်သော အခါ ကတ္တား၊ ဝကျတော'နှ၊ စပ်သော အခါ သမ္ဗန္ဓါန်အဖြစ်ဖြင့် စပ်အပ်၏။

'သမ္ဗုဒ္ဓေ' ဟူသော ပုဒ်ကိုလည်း၊ 'ဓာတု' ဟူသော ပုဒ်၊ 'ဝက္ခတော' ဟူသော ပုဒ်၊ 'အဘိဝန္ဒိယ' ဟူသော ပုဒ်တို့၌ စပ်အပ်၏၊ ယင်းသို့ စပ်ရာ 'ဓာတု'၌ စပ်သောအခါ ကတ္တား၊ 'ဝက္ခတော၊ အဘိဝန္ဒိယ' တို့၌ စပ်သော အခါ ကံအဖြစ်ဖြင့် စပ်အပ်၏၊ 'မေတ္တာယ ဝက္ခတော' ဟူသော ပုဒ်၊ 'ယ-ဝိဘာသ' ဟူသော ပုဒ်တို့၌ 'ကရိုဏ်း' အဖြစ်ဖြင့် စပ်အပ်၏၊ ဤဂါထာသည် ပဋ္ဌာဝတ စသော အလင်္ကာအဖြစ်မျိုးတို့၌ ကင်းစင်၍၊ ပဿာဒဂုဏ်၊ ဩဇာဂုဏ်၊ သိလေသဂုဏ်၊ ဥဒါရဂုဏ် စသော အလင်္ကာဂုဏ် တို့နှင့် ပြည့်စုံသည်ဖြင့်၊ ရူပကာလင်္ကာ၊ အာသိအလင်္ကာ၊ အာဝုတ္တိအလင်္ကာ၊ သိလေသအလင်္ကာ တို့ဖြင့်လည်း၊ တန်ဆာဆင်ယင်အပ်သော ဂါထာဖြစ်၍၊ ဂါထာဗန္ဓ အစီအကုံ၊ အနှုန်းအဖွဲ၌ ဝါသနာအထုံပါရှိသော စာသင်ပုဂ္ဂိုလ်တို့၊ လွန်စွာ နှစ်သက်မှတ်သားခံ ကောင်းသော ဂါထာဖြစ်၏။

ယော သိဿာနံ ပိဋကေသု၊ မာဝ နက္ခတ္တမာလိကော။
သူရောဝ ရံသိမာလာဟိ၊ သောဘာဏော စက္ခုကာရကော။
ပထဝီဝ ပတိဋ္ဌာ စ၊ နာဝါဝ အဏ္ဏဝေ ဓုဝံ၊
ဘိသေ ဓာတု မမာစေရော၊ သဗ္ဗဒါယာနုသာသကော။

ဓုဝံ၊ ဤသုံးလုဘွတ်တင်၊ အံ့ဖွယ်ဝင်သည့်၊ ဘုရားရှင် သာသနာတော်၌၊ မမ၊ 'ဝါယာမ'ဟု၊ နာမသမုတ်၊ အကျွန်ုပ်၏။ ယောအာစေရော၊ အကြင်သို့ သဘောရှိသော ကျေးဇူးတော်ရှင်၊ အရှင်ကျောင်းဘော်ရာ၊ ဆွေကျော် ဆရာတော်ဘုရားကြီးသည်။ နက္ခတ္တမာလိကော၊ အံ့ခြင်းဘွယ်၊ သန်းကြွယ်တောက်ပြောင်၊ အရောင်ပြက်သန်း၊ နက္ခတ်ပန်းတို့ဖြင့်၊ ဝန်းရံမပြတ်၊ အထပ်ထပ် ခြံရံခြင်းရှိသော။ မာဝ၊ အရှေ့ကျွန်းမှ၊ ဝန်းဝန်း စက်စက်၊ ပေါ်ထွန်းထွက်လာ၊ သော်တာယုန်နန်း၊ လပြည့်ဝန်းကြီးကဲ့သို့။ သိဿာနံ၊ လူရှင်ရဟန်း၊ တပည့်တပန်း အပေါင်းတို့၏။ ပိဋကေသု၊ သိတာရေချမ်း၊ သွန်းပက်ဖျန်းက၊ ရွှင်လန်းကြာရုံ၊ ပမာပုံသို့၊ ကြုံတွေ့သူတိုင်

ညွတ်ကိုင်းနှစ်သိမ့်ခြင်းကိုလည်း ပြုတော်မူပေ၏။ ရံသိမာလာဟိ၊ ဗိမ်း,ဈွ,နီ,ဝါ၊ ပြု,ပြာ, မဲမှောင်၊ အထောင်မကသော ရောင်ခြည်ပန်းတို့ဖြင့်။ သောဘဏော၊ ကောင်းကင်အလုံး၊ ဗိတ်ဖုံးပြိုးပြက်၊ နှစ်သက်စဘွယ်၊ လွန်တင့်တယ်သော။ သူရော၀၊ အရှေ့ကျွန်းမှ ပေါ်ထွန်းထွက်ပြူ၊ ဦးဒည်မူသော နေမင်းကြီးကဲ့သို့။ သိဿာနံ၊ လူရှင်ရဟန်း၊ တပည့်တပန်း အပေါင်းတို့၏၊ စက္ခုကာရကော၊ အသိအလိမ္မာ၊ ဉာဏ်ပညာ တည်းဟူသော မျက်စိကိုလည်း ပြုတော်မူပေ၏။ ပထဝိဝ လေးသောင်း,နှစ်သိန်း၊ တွက်ကိန်းယူဇနာ၊ သချာပွားစီး၊ မြေကြီးအပြင်ကဲ့သို့ငှင်း။ အဏ္ဏဝေ၊ကမ်းလမ်းမမြင်၊ ရေပြင်အရပ်၊ သမုဒ်နက်ကျယ်၊ပင်လယ်အလယ်၌။ နာဝါ၊ စက်,ရွက် အစုံ၊ လောက်လုံပြည့်ဝ၊ရာထောင်မကသော သင်္ဘောစီး, ခရီးသည်တို့၏၊ တည်မှီ, ခိုကိုးရာ သင်္ဘောကြီး ပမာကဲ့သို့ ငှင်း။ ဗ္ဗုဓေ၊ဤသုံးလူ့ထွတ်တင်၊အံ့ပွဲဝင်သည့်၊ ဘုရားရှင် သာသနာတော်၌။ သိဿာနံ၊ လူ, ရှင်, ရဟန်း၊ တပည့်, တပန်း အပေါင်းတို့၏။ ပတိဋ္ဌာစ၊ တည်ရာ,မှီရာလည်းဖြစ်ပေ၏။မံ၊ ‘ဝါယာသမ’ ဟု၊ နာမသမုတ်၊ အကျွန်ုပ်ကို။ သမ္ဗုဒ္ဓါယ၊ လောကုတ်, လောကီ၊ နှစ်လီတိုးပွား၊ ‘သမ္ဗုဒ္ဓါ’ တရားနှင့် ပြည့်စုံစေခြင်း အကျိုးငှါ။ အနုသာသကော၊ ယော်စဉ်,က စ၊ ယနေ့ကျအောင်၊ တ,နုပ့်ပြင်၊ သွန်သင်ဆုံးမတော်မူပေ၏။ သောအာစေရော၊ ထိုသို့ သဘော ရှိသော ကျေးဇူးတော်ရှင်၊ အရှင့် ကျောင်းတော်ရာ၊ ဇွဲကျင် ဆရာတော်ဘုရားကြီးသည်။မမ၊ ‘ဝါယာသမ’ ဟု၊ နာမသမုတ်၊ အကျွန်ုပ်၏။ သီသေ၊ ဦးခေါင်းရတနာ၊ မြတ်အင်္ဂါ၌။ ဌာတု၊ မကောင်းမြစ်တား၊ ကောင်းရာကြွားလျက်၊ မားမားမတ်မတ်၊ ရပ်တန့်တည်လာပါစေသတည်း။

ဤ ဂါထာ၌ ‘မမာစေရော’ ကို ‘မမံအာစေရော’ ဟူ၍ ငှင်း၊ ‘မမအာစေရော’ ဟူ၍ ငှင်း၊ ပုဒ်နှစ်မျိုး ဖြတ်၍၊ အနက် နှစ်မျိုး သမ္ဗန်အပ်၏။ ဤဂါထာ သည်လည်း၊ အလင်္ကာဒေါသတို့မှ ကင်းလွတ်၍။ ဥဒ္ဒါရ ဂုဏ်, ကန္တိ ဂုဏ် စသော အလင်္ကာ

ဂုဏ်တို့နှင့် ပြည့်စုံသည့်ပြင်၊ ဥပမာအလင်္ကာ၊အာသိအလင်္ကာ စသော အလင်္ကာဂုဏ်တို့ဖြင့်လည်း၊တန်ဆာဆင်ယင်အပ်သော ဂါထာဖြစ်၍၊ ဂါထာဗန္ဓ စီကုံးနှုန်း ဖွဲ့လိုသော ပုဂ္ဂိုလ်တို့၊ နှစ်သက်လေးမူ၊နည်းယူမှတ်သားရန် ကောင်းလှပေ၏။ ။ဤဂါထာ၌ 'သမ္ဗဒါယ' ဟု၊ဣတ္ထိလိင်အဖြစ်ဖြင့် ဆိုခြင်းသည်၊ ပါဠိတော်ကျမ်းရင်း၌ 'သမ္ဗဒါ' ဟူ၍ ဣတ္ထိလိင်အဖြစ်ဖြင့် ဟောတော်မူသည်ကို သိစေလိုရင်းပင် ဖြစ်၏။ ။ဤ၌ တရားတော်မြတ်၏ ဂုဏ်ကို 'သမ္ဗဒါ' ဟူသော တပုဒ်တည်းဖြင့် ပြ၍၊ဆရာ၏ ဂုဏ်ကို နှစ်ဂါထာဖြင့် ပြဆိုခြင်းသည်၊သာသနာတော်၌၊ မိမိအား အလွန်အကျိုး အထူးသဖြင့်၊ ကျေးဇူးများရကား၊ ထိုဆရာ၏ အဆုံးမ သြဝါဒကို၊ များစွာရုံမက်၊ နှစ်သက် မြတ်နိုးသည့် အဖြစ်ကို ပြလိုသောကြောင့်ပင် ဖြစ်၏။

ဤ ပြဆိုလတ္တံ့သော 'သမ္ဗဒါ' ကို၊ ။သမ္ပဇ္ဇတိ ယာယာတိ သမ္ဗဒါ။ ။ဟူ၍ ဝိဂြိုဟ်၊ဝစနတ္ထ ပြုလုပ်အပ်၏။ ။ယာယ၊ အကြင်တရားဖြင့်။ သမ္ပဇ္ဇတိ၊ အလိုရှိသမျှ၊ ပြည့်ဝစုံလင်စေတတ်၏။ ဣတိ၊ထိုကြောင့်။သာ၊ထိုတရားသည်။သမ္ဗဒါ၊'သမ္ဗဒါ' မည်၏။ ။ ဤသို့ ပြဆိုအပ်သော ဝိဂြိုဟ်၊ ဝစနတ္ထ အလိုအားဖြင့်၊ မနောမယ ပတ္တမြားကြီးကဲ့သို့၊ အလိုရှိသမျှကို အလိုရှိတိုင်း ပြည့်စုံစေတတ်သောစိတ္တုပ္ပါဒ်ကို ရ၏။

ထိုကြောင့်၊ ဤလောကကြီးထည်း၌၊ တည်နေကြ ကုန်သော သတ္တဝါ ဟူသမျှတို့သည်၊ လှုပ်လှုပ်ရွရွနှင့် မည်သူမျှ အငြိမ်မနေရဘဲ၊ အားခဲ၍ လုပ်ကိုင်နေကြရခြင်း၏၊ လိုရင်းပဓာန ဖြစ်သော အကြောင်းကို ရှာလျှင် အခြားမဟုတ်ချေ၊ ပစ္စုပ္ပန်၊တမလွန်တို့၌၊ အလိုရှိသမျှ တို့ကို အလိုရှိတိုင်း ပြည့်စုံ ချမ်းသာ ကြလိုသောကြောင့်ပင် ဖြစ်ချေသည်။ ရှင်တော်ဘုရား ဟောကြား မိန့်မှာတော်မူအပ်သော 'သမ္ဗဒါ' တရားသည်ကား၊ ထိုပစ္စုပ္ပန်၊တမလွန်တို့၌၊အလိုရှိသမျှတို့ကို အလိုရှိတိုင်း ပြည့်စုံစေတတ်သော တရားပင်ဖြစ်၏။ ထိုကြောင့်၊ ထို 'သမ္ဗဒါ' တရားနှင့် ပြည့်စုံသော သူတို့

သည်၊ ယခုမျက်မှောက်၌ရင်း၊ နောင်တမလွန်၌ရင်း၊ အလိုရှိအပ်သော အရာဟူသမျှတို့ကို၊ အလိုရှိတိုင်း ပြည့်စုံ ကြပေလိမ့်မည်၊ ထို 'သမ္ပဒါ' နှင့် မပြည့်စုံသော သူတို့သည်ကား၊ မည်ကဲ့သို့ပင် အပင်ပန်းခံ၍၊ လုံ့လကြီးစွာ အားထုတ်စေကာမူ၊ လမ်းလွှဲလမ်းမှားသို့ လိုက်သွားသော သူသည်၊ ခြေလှမ်းတိုင်း, ခြေလှမ်းတိုင်း ချမ်းသာသုခနှင့် ဝေးကွာခြင်းသို့ ရောက်ရသကဲ့သို့၊ အားထုတ်တိုင်း, အားထုတ်တိုင်း ချမ်းသာသုခနှင့်၊ ဝေးကွာ၍ သွားလေ၏။ ။ ထို့ကြောင့်၊ 'သမ္ပဒါ' တရားနှင့် မပြည့်စုံကြသည့်အတွက်၊ ကိုယ်စိတ်ညှိုးနွမ်း၊ ပင်ပန်းဆင်းရဲခြင်းသို့ ရောက်ကြကုန်သော မြန်မာပြည်ဖွား– တိုင်းရင်းသားတို့သည်၊ ပွင့်သစ်စ ပန်း၊ ဆန်းသစ်စ လဝန်း၊ ရေသွန်းလောင်းအပ်သော ပန်းကဲ့သို့၊ နှလုံးစိတ်ဝမ်း၊ ရွှင်လန်းချမ်းသာခြင်းသို့ ရောက်ကြစေခြင်းငှါ၊ ရှင်တော်ဘုရား ဟောကြားတော်မူအပ်သော 'သမ္ပဒါ' တရားနှင့် ပြည့်စုံကြရအောင်၊ အထူးသတိဆောင်ကြကုန်ရာ၏။

## သမ္ပဒါကို ဟောခြင်းအကြောင်း။

ဤ 'သမ္ပဒါ' တရားကို မည်သည့် အရပ်ဒေသ၌၊ မည်သူအား မည်ကဲ့သို့သော အကျိုးကို မြော်ကိုးတော်မူ၍ ဟောပြတော်မူပါသနည်းဟူမူ၊ ။ဘုရားအခါ သုံးလူ့ထွတ်သား၊ ရှင်တော်ဘုရားသည်၊ သောဠသဇနပုဒ်၊ မဇ္ဈိမတိုက် အဝင်အပါဖြစ်သော 'ကောလိယ' တိုင်း၊ 'ကက္ကရပတ္တ' မည်သော နိဂုံး၌၊ သီတင်းသုံးနေထိုင်တော်မူစဉ်၊ ရှည်သော ခြေသလုံးရှိသော ကောလိယ တိုင်းရင်းသား၊ အမည်အားဖြင့် 'ဗျဂ္ဃပဇ္ဇ' ဟူ၍ ထင်ရှားရှိသည့် လိမ္မာရေးခြားသော ယောက်ျား လုလင် တဦးသည်၊ ရှင်တော်ဘုရား သီတင်းသုံးတော်မူရာ အရပ်သို့ ချဉ်းကပ်ပြီးနောက် ရှေ့, နောက်, မြင့်ရာ, လေညာ, ဝေး, နီး ဟူသောအပြစ်ခြောက်ပါးမှ၊ ကင်းစင်သော အရပ်၌ ရိုသေစွာထိုင်လျက်၊ နှစ်သက်မြတ်နိုး ရှိခိုး ပူဇော်ပြီးလျှင်၊ 'သုံးလူ့ထွတ်တင်- ရှင်တော်ဘုရား၊ တပည့်တော်

တို့ အိမ်ရာတည်ထောင်၊ လူ့ဘုံ၌ ကာမဂုဏ် ချမ်းသာကို၊ ခံစားကာ နေကြရသော ဒါယကာ,ဒါယိကာမတို့သည်ကား၊ သား, မယား မွေးမြူ၍ နေရသည့် တွက်တာကြောင့်၊ ရဟန်းတော် အရှင်မြတ်များကဲ့သို့၊ ကုသိုလ် ကောင်းမှုကို ပြုခွင့်ရသဖြင့်၊ ကျဉ်းမြောင်း ကြပ်တည်းစွာ နေကြရပါသည်ဘုရား၊ 'ကာသိ' တိုင်းဖြစ်၊ နှစ်သက်ဘွယ်သော အဝတ်ပုဆိုးတို့ကို ဝတ်ရုံခြင်း၊ စန္ဒကူးနံ့သာ စသော အမွှေးအထုံတို့ကို လိမ်းကျံခြင်းတို့မှလည်း မကင်းနိုင်ကြပါဘုရား၊ ။ကာမဂုဏ်ချမ်းသာတို့ကို ခံစားခွင့်၊ အလှူဒါန ပြုလုပ်နိုင်ခွင့်၊ ဥပုသ်သီတင်း စောင့်နိုင်ခွင့်မှ စ၍၊ ဤလောက၌ လွန်စွာမှ အသုံးကျသော ရွှေ,ငွေ စသော ရတနာတို့ကိုလည်း၊ ရအောင် ရှာမှီး, ရဆောင်းရပါသည်ဘုရား၊

## အပြစ်ခြောက်ပါးလင်္ကာ။

နိုးဝေးမြင့်ရာ၊ထက်လေညာ၊ရှေ့ဘာ နောက်တူရှု၊ ။အပြစ်ခြောက်ပါး၊ဤတရား၊မှတ်သား-လေတော့ ဟလူ။

ဤသို့သော အကြောင်းများကြောင့်၊ အကြွင်းအခြင်းအရာဖြင့်၊ ခေတ်ကာလအားလျော်စွာ၊ သူတကာထက် အောက်ကျ,နောက်ကျ မရှိရဘဲ မျက်မှောက် ဒိဋ္ဌ လက်ငင်း အလိုရှိအပ်သော အကျိုးကိုလည်း ရနိုင်၏။ နောင်တမလွန် ဘဝ၌လည်း၊ သူတကာထက် အောက်မကျ,နောက်မကျဘဲ၊ တောက်ပသော ကြက်သရေ ဂုဏ်သိန်နှင့်၊ အရှိန်အဝါကြီးမားလျက်၊ စီးပွားချမ်းသာနှင့် တကွ အလိုရှိအပ်သော အကျိုးကို ရနိုင်၏။ ထိုကဲ့သို့သဘောရှိသော တရားတို့ကို ဟောကြားတော်မူပါဘုရား' ဟု လျှောက်ထားတောင်းပန်သော 'ဗျဂ္ဃပဇ္ဇ' မည်သော ဒါယကာယောက်ျားအား၊ သနားတော်မူလှ၍၊ နံ့သာဖြူကြွက်နှင့် တမူ၊ တူလှသော ခံတွင်းတော်မှ ထုတ်ဟာမြွက်ပေါ် ဟောတော်မူအပ်လေ၏။

ထိုသို့ ဟောတော်မူအပ်သော 'သမ္ဗုဒ္ဓါ' တရားတို့သည်၊ ခေတ်ကာလအား လျော်စွာ၊ သူတကာတို့ထက်၊ အောက်ကျ,နောက်ကျ

ခြင်းမရှိရဘဲလျက်၊ အထက်တန်းကျ၍ မျက်မှောက် ဒိဋ္ဌ ချက်ခြင်း လက်ငင်း၊ အကျိုးရစေခြင်းငှါ ဟောတော်မူအပ်သော 'သမ္ပဒါ' တရားလေးပါး။ နောက်တမလွန်ဘဝ၌လည်း သုတကာတို့ထက် အောက်ကျ,နောက်ကျ မရှိရဘဲလျက်၊ အထက်တန်းကျပြီးလျှင်၊ တမလွန်အကျိုးကို ရစေခြင်းငှါ ဟောတော်မူအပ်သော 'သမ္ပဒါ' တရားလေးပါး။ ဤသို့ အားဖြင့် ရှစ်ပါး အပြားရှိ၏။

ထိုတွင်၊ တမလွန် အကျိုးအတွက်၊ ဟောတော် မူအပ်သော 'သမ္ပဒါ' တရားတို့ကို ထိုထိုသော ဆရာတော် ဘုရားကြီးများ၊ အကျယ် ဝိတ္ထာရ အားဖြင့်၊ ရေးသား အပ်ကြကုန်ပြီး ဖြစ်သည် တကြောင်း။ ငါတို့ မြန်မာပြည်ဘွား တိုင်းရင်းသား တို့မှာ၊ တမလွန်အကျိုးကို ရအောင် ဆည်းဘူး အားထုတ်သည့် အရာ၀ယ်၊ တကမ္ဘာလုံးရှိ လူမျိုးများထက်၊ အထက်တန်းစားသို့ ရောက်နေပြီး ဖြစ်သောကြောင့် တကြောင်း။ တမလွန်အကျိုးအတွက် ဟောတော်မူအပ်သော တရားတို့ကို၊ အကျယ်ချဲ့ထွင်၍ ပြဆိုရန် မလိုတော့ပြီဟု သဘောရပေသည်။ ထိုတမလွန် အကျိုးအတွက်ကိုသာ၊ နှစ်သက်စွာ လိုက်စားကြသဖြင့်၊ တကမ္ဘာလုံးကပင် ချီးမွမ်းခြင်းခံကြရသော မြန်မာပြည်ဘွား တိုင်းရင်းသားတို့မှာ၊ ပစ္စုပ္ပန် အကျိုးကို၊ အားမကိုး အလေးမပြု ဂရုမထားဘဲ အမှုမဲ့, အမှတ်မဲ့ နေလာကြ၍၊ အနည်းငယ်မျှသော ပစ္စည်း ဥစ္စာနှင့် ရောင့်ရဲ,တင်းတိမ်တတ်ခြင်း၊ အနိစ္စ, သံဝေဂ သဘောတရားတို့ကို ရှေ့ရှုလျက် ကြီးပွားသည့်ထက်၊ ကြီးပွားလေအောင် ကြံဆောင် အားမထုတ်ခြင်း၊ လက်ငင်း ချက်ခြင်း၊ ယခုမျက်မှောက်၌ ရလတ္တံ့သော အကျိုးကို၊ များစွာ မမြော်ကိုးကြခြင်းတို့ကြောင့်၊ ပစ္စုပ္ပန် အကျိုးကိုသာ တဘက်သတ် အားထုတ်ကြကုန်သော 'နိုင်ငံခြား' သားတို့နှင့် အတူတကွ နေကြရသော မြန်မာပြည်ဘွား၊ တိုင်းရင်းသားတို့မှာ၊ တနေ့တခြား ရေနည်းငါးကဲ့သို့၊ အားငယ်ပိန်ချုံး၊ နှလုံးစိတ်ဝမ်း၊ ညှိုးနွမ်းကြုံလှီခြင်းသို့ ရောက်နေကြရလေပြီ။ တမလွန်အကျိုးရရန်မှာလည်း၊ ပစ္စုပ္ပန်အကျိုးနှင့် ဆက်သွယ်လျက် ရှိနေခြင်းကြောင့်၊

ပစ္စုပ္ပန်အကျိုး ပြည့်စုံမှသာ၊ တမလွန်အကျိုးကို ရနိုင်ကြကုန်ရာ သည်။

ထို့ကြောင့်၊ ငါတို့ ရှင်တော်ဘုရားနှင့် တကွ၊ ရှင်သာရိပုတြာ၊ ရှင်မဟာမောဂ္ဂလာန်၊ ရှင်မဟာကဿပ၊ ရှင်အာနန္ဒာ အစရှိသော သားတော်ကြီး၊ ခေမာ၊ဥပ္ပလဝဏ် စသော သမီးတော်ကြီး၊ အနာထပိဏ်၊ စိတ္တသူကြွယ်၊ ဟတ္ထာဠဝကမင်းသား စသော ဥပါသကာ ယောကျ်ား၊ ဝိသာခါ၊ သုပ္ပိယာ၊ သာမာဝတီ စသော ဥပါသိကာမတို့ သည်ကား၊ ပစ္စုပ္ပန် အကျိုးနှင့် ပြည့်စုံပြီး သူတို့သာ ဖြစ်ကြချေ သည်။ ထို့နောက်ပါးလည်း၊ အသီးသီးကျွတ်တန်းသို့ ပါဝင်ကြရ သော သူတို့မှာ၊ ပစ္စုပ္ပန်အကျိုးပြည့်စုံပြီး သူတို့သာ များကြကုန် ၏။ ထိုစဉ်ခါက၊ ပစ္စုပ္ပန်အကျိုး မပြည့်စုံ၍ သူတပါးတို့၏ ဝမ်းရေးကိုသာ ငဲ့ကိုက်နေကြရသည့် အတွက်၊ ကျွတ်တန်းသို့ ပါ ဝင်ရသူ နည်းပါးလှ၏၊ အထူးအားဖြင့် စဉ်းစားရန်မှာ၊ သာဝတ္ထိ ပြည်သူ၊ ပြည်သားတို့သည်၊ အရေအတွက်အားဖြင့်၊ ၇-ကုဋေ ရှိ၏။ ၎င်းတွင် ၅-ကုဋေသော သူတို့သည် 'အရိယာ' သာ ဖြစ်ကြ ကုန်၏၊ ထို 'အရိယာ' တို့သည်ကား၊ ပစ္စုပ္ပန်အကျိုးနှင့် ပြည့်စုံ ကြသော သူများဖြစ်ကြ၍၊ ဝမ်းရေးအတွက် ပူပန်ခြင်းကင်းကြ ကုန်လျက်၊ နံနက်အခါ၌ 'သံဃာ'တော်တို့အား၊ ဆွမ်းကွမ်းလှူဒါန်း ကြပြီးလျှင်၊ ညနေချမ်းအခါ၌ ပန်း နံ့သာလက်စွဲကြကုန်လျက်၊ ဇေတ ဝန်ကျောင်းသို့ သွားပြီးလျှင်၊ တရားတော်ကို နာကြရကြောင်းကို၊ ထိုထိုသော အဋ္ဌကထာတို့၌ မိန့်ဆိုတော်မူကြကုန်၏။

တဒါ သာဝတ္ထိယံ သတ္တမနုဿကောဋိယော ဝသန္တိ။ တေသု သတ္ထု ဓမ္မကထံ သုတွာ ပဉ္စကောဋိမတ္တာ မနုဿာ အရိယသာဝကာ ဇာတာ။ ဒွေ ကောဋိမတ္တာ မနုဿာ ပုထုဇ္ဇနာ။ တေသု အရိယသာဝကာနံ ဒွေယေဝ ကိစ္စာနိ အဟေသုံ။ ပုရေဘတ္တံ ဒါနံ ဒေန္တိ၊ ပစ္ဆာဘတ္တံ ဂန္ဓမာလာဒိဟတ္ထာ ဝတ္ထ ဘေသဇ္ဇပါနကာဒီနိ ဂါဟာပေတွာ ဓမ္မသဝနတ္ထာယ ဂစ္ဆန္တိ။

(ဓမ္မပဒအဋ္ဌကထာ။)

ထိုရှင်တော်ဘုရား သက်တော်ထင်ရှား ရှိတော်မူသော အခါ၌၊ သာဝတ္ထိပြည်၌၊ ခုနစ်ကုဋေသော လူတို့သည် နေကြကုန်၏၊ ထိုလူတို့တွင်၊ ငါးကုဋေမျှလောက်ကုန်သော လူတို့သည်၊ ရှင်တော်ဘုရား၏ တရားစကားကို ကြားနာရ၍၊ အရိယာ သာဝကတို့သည် ဖြစ်ကြကုန်ပြီ။ နှစ်ကုဋေမျှလောက်ကုန်သော လူတို့သည်၊ ပုထုဇ္ဇန်တို့သည် ဖြစ်ကြကုန်ပြီ။ ထိုလူတို့တွင် အရိယာသာဝကတို့၏ ပြုဘွယ်ကိစ္စတို့သည်၊ နှစ်ပါးတို့သည်သာလျှင် ဖြစ်ကြကုန်ပြီ။ နံနက်အခါ၌ ဆွမ်း,ကွမ်း စသော အလှူကို၊ ပေးလှူကြကုန်၏။ ညနေချမ်းအခါ၌၊ ပန်း,နံ့သာ စသည်တို့ကို လက်စွဲကြကုန်လျက်၊ အဝတ်,သင်္ကန်း, ဆေး,အဖျော် စသည်တို့ကို၊ယူစေ၍ တရားတော်ကို နာကြားခြင်းငှါ သွားကြကုန်၏။ ဤသို့ နှစ်ပါးသော ကိစ္စတို့သည်သာလျှင် ဖြစ်ကြကုန်၏။

ဤသို့လျှင် ပစ္စုပ္ပန်အကျိုး ပြည့်စုံမှ၊ တမလွန်အကျိုး ပြည့်စုံခြင်းဖြစ်သည့် အတွက်၊ ရှေးအခါက-စားရေး,သောက်ရေး, ဝတ်ဆင်ရေး ဟူသော ပစ္စုပ္ပန်အကျိုးနှင့် ပြည့်စုံကြသော မြန်မာပြည်ဘွား တိုင်းရင်းသားတို့မှာ၊ ပစ္စုပ္ပန်အကျိုးအတွက် ပင်ပန်းကြီးစွာ ရှာဖွေလုပ်ကိုင်ရခြင်းတို့ကို မပြုကြရမူ၍၊ ဘုရားသွားခြင်း, ကျောင်းတက်ခြင်း, ဘုရားဖူးသွားခြင်း စသော တမလွန်အကျိုးအတွက် ဖြစ်သော တရားတို့ကိုသာ အားထုတ်၍ နေနိုင်ကြကုန်၏။ ယခုအခါ၌မူကား၊ ထိုပစ္စုပ္ပန် အကျိုးက မပြည့်စုံကြသည့် အတွက်၊ ပစ္စုပ္ပန်အကျိုးကိုသာ အားထုတ်နေကြရသဖြင့်၊ ဘုရားသွားခြင်း, ကျောင်းတက်ခြင်း ကိစ္စတို့ကို များစွာ ပြုလုပ်ခွင့် ရကြတော့သည် မဟုတ်ချေ။ ထို့ကြောင့်၊ ကျောင်းဒါယကာ အခေါ်ခံသူများပင်သော်လည်း၊ ကျောင်းသို့ အလာ,အသွား နည်းပါးကြကုန်သဖြင့်၊ အခြားသူတို့ကိုမူကား၊ အဘယ်မှာ ပြောဆိုဘွယ်ရာ ရှိတော့အံ့နည်း။ ။ထို့ကြောင့်၊ ပစ္စုပ္ပန်အကျိုးနှင့် ပြည့်စုံကြ၍၊ ဘုရားသွားခြင်း, ကျောင်းတက်ခြင်း, အလှူဒါနပေးကမ်းခြင်း စသော အားဖြင့်၊ တမလွန် အကျိုး အတွက်၊ အားထုတ်နိုင်

စေခြင်း၌ ရှင်တော်ဘုရား ဟောကြားတော်မူအပ်သော 'သမ္ဗဒါ' တရားတို့ကို၊ သိနားလည်အောင် ပြုလုပ်ကြပြီးလျှင်၊ နည်းနာကျကျ အားထုတ်ကြစေ ကုန်သတည်း။

ဤလောက၌၊ အချို့သော သူဘို့မှာ 'သမ္ဗဒါ' တရား တို့ကို၊ အားထုတ်ခြင်း မရှိမူ၍၊ ပြဿဒါးရွေးခြင်း, ရက်ရာဇာရွေးခြင်း, နတ်နေ, စက်နေ ရွေးခြင်း, မြေခံရွေးခြင်း, ဂြိုဟ်စာကျွေးခြင်း စသည်တို့ကို ပြုလုပ်ကြသည်မှာ လွန်စွာမှားပေ၏။ ထိုစကား မှန်၏။ ခိုးမှု,တိုက်မှု စသော 'အသမ္ဗဒါ' တရားတို့ကို၊ အားထုတ် ပြုလုပ်နေခဲ့လျှင်၊ ယခင် ပြဆိုအပ်ခဲ့ပြီးသော ပြဿဒါး, ရက်ရာဇာ စသည်တို့ကို ရွေးချယ်ငြားလည်း၊ အချည်းနှီး ဖြစ်ခဲ့ရာ၏။ အကယ်၍ 'သမ္ဗဒါ' တရားနှင့် ပြည့်စုံအောင် ပြုလုပ်သည် ဖြစ်အံ့။ ပြဿဒါး, ရက်ရာဇာ တို့ကို ရွေးချယ်ရန် လိုတော့မည် မဟုတ်ချေ။ ထိုအကြောင်းကို၊ ကံ,ဉာဏ်,ဝီရိယ အကျယ်လက်စွဲ၊ ကြီးပွားတိုးတက်ရေး 'မင်္ဂလာအဖွင့်အကျယ်လက်စွဲကျမ်း' ၌လည်း၊ အကျယ်ပြဆိုအပ်ခဲ့လေပြီ။ ။ထိုသမ္ဗဒါတရားတို့သည်၊-

(၁) ဥဋ္ဌာနသမ္ဗဒါ။ ။ဉာဏ်နှင့် ယှဉ်သဖြင့်၊ အကျိုးစီးပွားကြီးမားဖြစ်ထွန်းစေတတ်သော လုံ့လဝီရိယနှင့် ပြည့်စုံခြင်း။

(၂) အာရက္ခသမ္ဗဒါ။ ။ရရှိပြီးသော စည်းစိမ် ချမ်းသာ အရာရာတို့ကို၊ မပျက်မစီးရအောင်၊ စောင့်ရှောက်ခြင်းနှင့် ပြည့်စုံခြင်း။

(၃) သမဇီဝိတာ။ ။ဝင်ငွေအားနှင့် ချိန်ဆ၍ မျှတစွာ အသက် မွေးမြူခြင်း။

(၄) ကလျာဏမိတ္တတာ။ ။ကောင်းသော အဆွေခင်ပွန်းနှင့် ပေါင်းသင်းရခြင်း။ ။ဟူ၍ အကျဉ်းအားဖြင့်၊ လေးပါးအပြားရှိကုန်၏။ ဤ 'သမ္ဗဒါ' တရားတို့ကို အကျယ်ချဲ့၍ မပြသေးမီ၊ ယခုအခါ ထိုထို 'သမ္ဗဒါ' တရားတို့၏ ဆိုင်ရာ ဆိုင်ရာ အမျိုး,အပြား၊ သဘော လက္ခဏာများကို၊ အကျဉ်း ဆောင်ပုဒ် လင်္ကာဖြင့် ပြဦးအံ့။

## ဆောင်ပုဒ်လင်္ကာ။

ထကြွ,သိမ်းဆဲ၊ ဖျာသုံးစွဲ၊ပေါင်းမြဲ မိတ်ဆွေကောင်း။
ဤလေးပါးသာ၊လောကီမှာ၊မှန်စွာ ကြီးပွားကြောင်း။

(က) ဥဋ္ဌာနသမ္ပဒါ။ ။ပြုရန်ကိစ္စ၊ ဟူသမျှ၌၊ နှစ်ခြိုက်ခြိုးစား၊ စိတ်ထက်သန်၍၊ သေချာပိုင်ပိုင်၊ မှိုင်မှိုင်နှင်းနှင်း၊ စည်းမျဉ်းကျစွာ၊ တတ်လိမ္မာမှု၊ကံကောင်းရ၊မရချ ဥဋ္ဌာန၊။

(ခ) ဂစ္ဆိသမ္ပဒါ။ ။ထိုဒုမှတ်ကို၊ ပြုလုပ်ဘို့ရာ၊ သွားလာအခင်း၊ ရောင်းဝယ်ခင်း နှင့်၊ နေခင်း,ထိုင်ခင်း၊ လုပ်ကိုင်ခင်းမှ၊ နေရာကျလျက်၊ အချက်အလက်၊ အကွက်ကောင်းမှ၊ ကံကောင်းခဲ့၊မရချ ဥဋ္ဌာန၊။

(ဂ) ဥပဓိသမ္ပဒါ။ ။ဝှမ်း,ခိုင်မှု၊ ပြီးလွယ် မှုနှင့်၊ ပြုချက်စ္စ၊ အဝဝအား၊ ကျေးဇူးများရန်၊ တန်ဆာဘလာ၊ လွန်စွာ ကောင်းမှ၊ ကံကောင်းရ၊မရချ ဥဋ္ဌာန၊။

(ဃ) ကာလသမ္ပဒါ။ ။စောလွန်း, နောက်ကျ၊ မရှိခဲ့ဘဲ၊ မလွဲချိန်ခါ၊ တည့်မှန်စွာလျှင်။ အခါကောင်းမှ၊ ကံကောင်းချ၊ မရချ ဥဋ္ဌာန၊။

(င) ပယောဂသမ္ပဒါ။ ။အကျိုးမဲ့၊ ရှိရန်မှ-ည်၊ ပိတ်ကာရည်လျက်၊ နှစ်သက်ကြိုးကုတ်၊မဆုတ်နေစ်၊ အားသန်မြဲစွဲ ဖွဲ့ သည်းကောင်းမှ။ ကံကောင်းရ၊မရချ ဥဋ္ဌာန၊။ ။ဥဋ္ဌာနသမ္ပဒါ။ ဤငါးဖြာ၊ သေချာ မှတ်၍ထား။

(က) ရဇတာယအာရက္ခ။ ။ရုံ့ပြင်ကနှား၊ မသွားပယ်၌၊ ရာဇဝတ်မှု၊ မပြု ရှောင်ကွင်း၊ မင်းပြစ် ဟူသမျှ၊ ကင်းလွတ်ရအောင်၊ ဥါရှောင် ပြီးကာ၊ စောင့်ရှောက်ပါ၊ မှန်စွာ 'မင်းဘေးအာရက္ခ။'

(ခ) စောရဘာယအာရက္ခ။ ။ဆွ,ငွေ,ဥစ္စာ၊ အိမ်မှာ မသို၊ ဘဏ်ကို မှီထား၊ စသောအားဖြင့်၊ ထာပြ, ခိုးသူ၊ မယူ နိုင်ရန်၊ ဥာဏ်ဖန်၍သာ၊စောင့်ရှောက်ပါ၊မှန်စွာ 'စောရဘယအာရက္ခ။'

(ဂ) အင်္ဂါဘယအာရက္ခ။ ။လောင်လျှင် သတ်ရန်၊ တန်ဆာဗလာ၊ ကောင်းစွာ ဆောင်ထား၊ မီးကိုတားပါ၊ လောင်စာ ပယ်ရှား မီးပေါင်ထားမှု၊ ဤသို့ပြုကာ၊ စောင့်ရှောက်ပါ၊ မှန်စွာ 'မီးဘေး အာရက္ခ'

(ဃ) ဥဒကဘယအာရက္ခ။ ။ရေကို နိုင်ရန်၊ တန်ဆာဗလာ၊ ကောင်းစွာ ပြုလျက်၊ ရေထက် မြင့်စွာ၊ ပြုပါ ဆောက်ဦး၊ အထူး တပန်း၊ ရေပေါင်းမှု၊ ဤသို့ပြုကာ၊ စောင့်ရှောက်ပါ၊ မှန်စွာ 'ရေဘေး အာရက္ခ'

(င) အဒိယဒါယာဒဘယအာရက္ခ။ ။မကောင်း မြစ်တား၊ ညွှန်ကြား ကောင်းရာ၊ ပညာ သင်ပေး၊ ချိန်ရက် လေလျှင်၊ အမွေပေးပါ၊ သင့်ရာထိမ်းမြား၊ သားသမီးဝယ် ပြုဘွယ် ကိစ္စ၊ ပြုလုပ်ကြကာ၊ လိမ္မာမှု၊ ကြောင့်ကြ ပြုကာ၊ စောင့်ရှောက်ပါ၊ မှန်စွာ 'သားသမီးဆိုး ဘေးမှ အာရက္ခ'။ ။အာရက္ခ သဒ္ဒါ၊ ဤငါးဖြာ၊ သေချာ မှတ်၍ထား။

(က) ပျက်ထသ မပြင်၊ ပျောက်လျှင် မရှာ၊ ဗလဗွာ သုံး၊ ဉာဏ် တုံးသူအား၊ အမှုထား၊ လေးပါး ပျက်စီးကြောင်း။

(ခ) ပျက်သည်ကို ပြင်၊ ပျောက်လျှင် ရှာဖွေ၊ သုံးလေ မှုချုံ၊ ဉာဏ်ထုံသူအား၊ မှုမထား၊ လေးပါး ကြီးပွားကြောင်း။ ။သမ္ဗိဒိတ သဒ္ဒါ၊ ဤလေးဖြာ၊ သေချာ မှတ်၍ထား။

(က) ဘုရား,တရား၊ သံဃာအား၌၊ များစွာ သက်ဝင်၊ ခင်မင် ကြည်ညို၊ ရိုရိုသေသေ၊ ထက်သန်စွာ ကြား၊ ထိုသူအား၊ ပေါင်းထား 'မိတ္တ သဒ္ဒါ'။

(ခ) ကိုယ်ကျင့်သီလ၊ ပြည့်ဝလေကြား၊ ထိုသူအား၊ ပေါင်းထား 'မိတ္တ သဒ္ဒါ'။

(ဂ) နည်းများ မဟူ၊ ပေးလှူတတ်ကြား၊ ထိုသူအား၊ ပေါင်းထား 'မိတ္တ သဒ္ဒါ'။

(ဃ) ကာမဆန္ဒ၊ ဗျာပါဒနှင့်၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စကုက္ကုစ္စ တည်း၊ ဥဒ္ဓစ္စ ပါ၊ အဝိဇ္ဇာ တို့၊ လွန်စွာ နည်းပါး၊ ကြီးပွားပညာ၊ လိမ္မာ မြော်မြင်၊

ပည်ာရှင်အား၊ ပေါင်း၍ထား၊ မှတ်သား 'မိတ္တ သမ္ပဒါ'။ ။ကလျာ ဏမိတ္တ သမ္ပဒါ၊ ဤလေးဖြာ၊ သေချာ မှတ်၍ထား။

ဤကား ဒိဋ္ဌဓမ္မ အကျိုး ခံစားရမည် ဖြစ်သော 'ဒိဋ္ဌဓမ္မဟိတ သမ္ပဒါ' တရားလေးပါးတို့ကို၊ မကျဉ်း မကျယ်၊ အလွယ် မှတ်သား ရန်၊ စီကုံးဖွဲ့ဆိုအပ်သော လင်္ကာတည်း။

သမ္ပဒါ၏ အဓိပ္ပါယ်။ ။ဤအရာ၌ 'သမ္ပဒါ' တရား လေးပါး တို့ကို၊ အကျယ်ဆားဖြင့် မပြမီ၊ ပဥ္စပြုန် အကျိုး ဟူသော နောက် စကား၏ အဓိပ္ပါယ်ကို ပြဆိုဦးအံ့။ ။ပဥ္စပြုန် အကျိုး၌ လိုရင်း အချက်သည်ကား၊ အခြား မဟုတ်ချေ။ ရွှေ,ငွေ,ဘဏ္ဍာ,ဥစ္စာ ပစ္စည်း တို့ပင် ဖြစ်ချေသည်။ ထို ရွှေ,ငွေ,ဘဏ္ဍာ၊ ဥစ္စာပစ္စည်းတို့နှင့် ပြည့်စုံ စေရန်မှာလည်း၊ ယခင်က ပြဆိုအပ်ခဲ့ပြီးသော 'သမ္ပဒါ' တရား လေးပါးတို့သာ အကြောင်းရင်း ဖြစ်ချေသည်။ ထိုကြောင့်၊ ရွှေ,ငွေ, ဘဏ္ဍာ၊ ဥစ္စာ,ပစ္စည်း အပွားအစီး တို့ကို အလိုရှိသော သူသည်၊ ရှင်တော်ဘုရား ဟောကြားတော်မူအပ်သော 'သမ္ပဒါ' တရားနှင့် အညီ၊ ရွှေ,ငွေ,ဘဏ္ဍာ,ဥစ္စာ,ပစ္စည်း တို့ကို ရှာမှီး ရဆောင်း ရမည် ဟူ၏။ ။ထို့ကြောင့်၊ ဤလောက၌၊ ပစ္စည်း ဥစ္စာ ရတနာ ရွှေ ငွေ တို့ကို၊ ရှာမှီး ရဆောင်းလိုသော ပုဂ္ဂိုလ်တို့သည်၊ လက်မှန်မဆွ အစပကတူး ရှေးဦးစွာက ပစ္စည်းဥစ္စာ ရတနာတို့နှင့် ပြည့်စုံရခြင်း ၏ အကျိုး၊ ပစ္စည်းဥစ္စာ ရတနာ တို့နှင့် မပြည့်စုံရခြင်း၏ အပြစ် တို့ကို၊ သေချာ ကျနစွာ သိအပ်ရာ၏။

သမ္ပဒါနှင့် ပြည့်စုံကျိုး။ ။ထိုနှစ်ပါး တို့တွင်၊ ပစ္စည်း ဥစ္စာ ရတနာ ရွှေ ငွေ စသည့်တို့နှင့် ပြည့်စုံရခြင်း၏ အကျိုးကို ပြဦးအံ့။ ။ ဤလောက၌ မည်သူ မဆို၊ မိမိ၌ ပစ္စည်း ဥစ္စာ ရတနာတို့နှင့် ပြည့်စုံ ပါမူကား။

(၁) မိမိ၌ ပစ္စည်း ဥစ္စာ ရတနာ တို့နှင့် ပြည့်စုံ လုံလောက် သည့် အတွက်။ ဝတ်ဆင်ရေး, စားသောက် နေထိုင်ရေး စသော လူမှု ကိစ္စတို့ကို၊ အလိုရှိက အလွယ်တကူ ထုတ်ယူ သုံးစွဲနိုင်ခြင်း

ဌါ၊ ပစ္စည်း ဥစ္စာ ရတနာတို့နှင့် ပြည့်စုံသည် တကားဟု အားရဝမ်းသာ နှစ်ခြိုက်စိတ်ဝမ်း၊ ချမ်းမြေ့သာယာစွာ နေထိုင်ရခြင်း (အတ္ထိသုခ)

(၂) မိမိ၌ ပစ္စည်းဥစ္စာ ရတနာတို့နှင့် ပြည့်စုံလုံလောက်သည့်အတွက်၊ အလိုရှိအပ်သောအဝတ်,အရုံ၊ အသုံး,အဆောင်၊ အစားအသောက်တို့ကို၊ အလိုရှိတိုင်း ဝတ်ရုံ သုံးဆောင် စားသောက်နိုင်ခြင်း။ အလိုရှိသမျှသော အာရုံတို့ကို အလိုရှိတိုင်း သုံးဆောင်ခံစားနိုင်ခြင်း၊ အလိုရှိသော အလှူဒါနတို့ကို၊ အလိုရှိတိုင်း ပြုလုပ်လှူဒါန်း ပေးကမ်းစွန့်ကြဲနိုင်ခြင်း။ (ဘောဂသုခ)

(၃) ထိုသို့ ပစ္စည်းဥစ္စာ ရတနာတို့နှင့် ပြည့်စုံသည့်အတွက်၊ ကုသိုလ်ဖြစ်ကြောင်းဝယ်မှ စသော တရုံတရသော ဆမ္ပတ္တိတို့ကို ဆောင်ရွက်လိုသော အခါ၊ လွယ်ကူစွာ ဆောင်ရွက်နိုင်သဖြင့်၊ သူတကာတို့၏ အထံမှာ မျက်နှာကို အောက်ချလျက်၊ ခယ, ဝတ္တားပြီးကာ အသပြာ ကြေးငွေတို့ကို မချေး၄ါး, မယူငင်ရဘဲ နေနိုင်သဖြင့်၊ ကြွေးမြီမှ လွတ်ကင်းလျက်၊ ကြွေးမြီ အတွက် စိတ်စက်မပူပန်ရမူ၍၊ အေးချမ်း သာယာစွာ နေနိုင်ခြင်း။ (အနဏသုခ)

(၄) မိမိ၌ ပစ္စည်းဥစ္စာရတနာတို့နှင့် ပြည့်စုံ လုံလောက်သည့်အတွက် 'မိစ္ဆာဇီဝ' မတရားသော ရောင်းဝယ် ပေါက်ကားခြင်း၊ တငါ, မုဆိုးပြုလုပ်ခြင်း၊ခိုးမှု,တိုက်မှုတို့ကို ပြုလုပ်၍ အသက်မွေးမြူခြင်းတို့ကို၊မပြုလုပ်ရဘဲ 'သမ္မာအာဇီဝ' ကောင်းသောရောင်းဝယ်ပေါက်ကားမှု စသည်တို့ကို၊ ပြုလုပ်၍ အသက် မွေးမြူ နေထိုင်နိုင်သဖြင့်၊ ပစ္စည်းအတွက် မတရားသဖြင့် ရဘို့ရာ ရှာကြံမှုတို့ကို ပယ်ရှား၍ တရားသဖြင့် ရအပ်သော ပစ္စည်းတို့ဖြင့်၊ တင်းတိမ်ရောင့်ရဲကာ နေခြင်း၄ါ စွမ်းနိုင်ရကား၊ အကုသိုလ် ဒုစရိုက်မှုတည်းဟူသော အပြစ်တို့မှကင်းလွတ်ရခြင်း။ (အနဝဇ္ဇသုခ)။ ဤသို့လျှင် 'စဆုက အင်္ဂုတ္တိုရ်' ပါဠိတော်လာ၊ လေးဖြာသော ချမ်းသာ သုခတို့နှင့် ပြည့်စုံနိုင်ကုန်၏။

စတ္တာရီမာနိ ဂဟပတိ သုခါနိ ဒုးဓိဂမနီယာနိ၊ ဝိဟိနာ ကာမဘောဂိနာ ကာလေန ကာလံ သမယေန သမယံ ဥပါဒါယ၊ ကတမာနိ စတ္တာရိ၊ အတ္ထိသုခံ ဘောဂသုခံ အနဏသုခံ အနဝဇ္ဇသုခံ၊

သူဌေးကြီး၊ ကာမချမ်းသာကို သုံးဆောင်ခံစားသော အိမ်၌ နေသူ လူများအားပါင်းသည်၊ အခါဖြင့် အခါကို၊ အချိန်ဖြင့် အချိန်ကို စွဲ၍၊ လေးပါးကုန်သော ချမ်းသာတို့ကိုရအပ်ကုန်၏။ အဘယ် လေးပါးတို့နည်း ဟူမူကား။ ပစ္စည်း ဥစ္စာ ရတနာတို့နှင့် ပြည့်စုံစွာ ရှိခြင်းကြောင့် ဖြစ်သော ချမ်းသာရင်း၊ အလိုရှိတိုင်း လှူဒါန်းစွန့်ကြဲ သုံးစွဲ နိုင်ခြင်းကြောင့် ဖြစ်သော ချမ်းသာရင်း၊ ကြွေးမြီ ကင်းလွတ်၍ သူတပါး၏ ကြွေးမြီမတင်၊ သန့်ရှင်း စင်ကြယ်စွာ နေရခြင်းကြောင့် ဖြစ်သော ချမ်းသာရင်း၊ ဒုစရိုက် ပြစ်ကင်းခြင်းကြောင့် ဖြစ်သော ချမ်းသာရင်း၊ ဤလေးပါးတို့တည်း။

(၁) တနည်းကား။ ။မိမိ၏ လုံ့လဝီရိယဖြင့်၊ ချွေးဒီးဒီး ယိုစီးအောင် ပင်ပန်းကြီးစွာ ရှာမှီး ရဆောင်းအပ်သော ပစ္စည်း ဥစ္စာ ရတနာတို့ဖြင့် မိမိ၏ ခန္ဓာကိုယ်ကို ဆင်းရဲခြင်း ကင်းကွာ စေလျက် ချမ်းသာသုခကို ဖြစ်စေခြင်း၊ နှလုံးစိတ်ဝမ်း၊ ချမ်းမြေ့ ကြည်လင် ရွှင်လန်း ဝမ်းမြောက်စေခြင်း၊ မိခင်၊ ဖခင် ကျေးဇူးရှင်နှင့်၊ အိမ်ရှင်ဇနီး၊ သမီးသားနှင့် မိမိထံပါး၌ ခစားဆည်းကပ်ကြကုန်သော ကျေးကျွန် လုပ်သား၊ သူရင်းငှားအမှုလုပ်တို့ကို၊ ဆင်းရဲခြင်း ကင်းကွာစေလျက်၊ ချမ်းသာသုခကို ရစေခြင်း၊ နှလုံးစိတ်ဝမ်း ချမ်းမြေ့ ကြည်လင် ရွှင်လန်း နှစ်သိမ့်စေခြင်းအကျိုး တပါး။

(၂) မိမိ၏ လုံ့လ ဝီရိယဖြင့်၊ ချွေးဒီးဒီး ယိုစီးအောင် ပင်ပန်း ကြီးစွာ ရှာမှီ ရဆောင်းမှ ရအပ်သော ပစ္စည်း ဥစ္စာ ရတနာတို့ဖြင့်၊ အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သော သူတို့ကို ဆင်းရဲခြင်း ကင်းကွာ စေလျက်၊ ချမ်းသာသုခကို ရစေခြင်းအကျိုး တပါး။

(၃) ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်အပ်သော အမွေခံ သားဆိုး၊ သမီးဆိုး ဟုဆိုအပ်သော ဘေးငါးပါးတို့တွင် တပါးပါး

သော ဘေးရန်ဖြစ်ပေါ်လာသော ကာလ၊ ထိုဘေးရန် ဟူသမျှတို့ကို၊ မိမိ၏ လှုံ့လဝီရိယဖြင့်၊ ချွေးဒီးဒီးယိုစီးအောင် ပင်ပန်းကြီးစွာ ရှာမှီးစုဆောင်း၍ ထားအပ်သော ပစ္စည်းဥစ္စာ ရတနာတို့ဖြင့်၊ ကွယ်ကာ ပယ်ဖျောက်နိုင်ခြင်း အကျိုး တပါး။

(၄) မိမိ၏ လုံ့လဝီရိယဖြင့် ချွေးဒီးဒီးယိုစီးအောင် ပင်ပန်းကြီးစွာ ရှာမှီးစုဆောင်း၍ ထားအပ်သော ပစ္စည်းဥစ္စာ ရတနာတို့ဖြင့်၊ အဆွေ အမျိုးတို့အား အထိုက်အလျောက် ထောက်ပံ့ချီးမြှင့်နိုင်ခြင်း၊ မိမိအိမ်သို့ ရောက်လာလော ဧည့်သည်တို့အား ဝတ်ဘရား ကြေပြွန်အောင် ကျွေးမွေးပေးကမ်း ပြုစုရွက်ဆောင်နိုင်ခြင်း၊ ရှေးက သေလွန်လေပြီးသော မိဘ,ဘိုးဘွား၊ ဆွေမျိုးတို့အား ရည်မှန်း၍ အလှူဒါနပြုလုပ်ပြီးလျှင် ရေစက်သွန်းချ အမျှပေးဝေနိုင်ခြင်း၊ မင်းဘို့အား ပေးထိုက်သော အခွန်ဘဏ္ဍာတို့ကို ကြေပြွန်စွာပေးခြင်း၊ ဘာရာ့သဖြင့် စောင့်ရှောက်ကြကုန်သော နတ်ကောင်း,နတ်မြတ်တို့အား၊ အထိုက်အလျောက် ပူဇော်ပသခြင်း ဟု ဆိုအပ်သော အမှုကိစ္စတို့ကို ပြုလုပ်နိုင်ခြင်း အကျိုးတပါး။

(၅) မိမိ၏ လုံ့လဝီရိယဖြင့်၊ ချွေးဒီးဒီး ယိုစီးအောင် ပင်ပန်းကြီးစွာ၊ ရှာမှီးစုဆောင်း၍ ထားအပ်သော ပစ္စည်းဥစ္စာ ရတနာတို့ဖြင့်၊ သည်းခံခြင်းတရားနှင့် မွေ့လျော်ခြင်းသဘော ရှိကြကုန်သည် ဖြစ်၍၊ မိမိတို့ ကိုယ်ကို ကိလေသာမီး ငြိမ်းရန်၊ ကြိုးစားအားထုတ်ကာ နေကြကုန်သော ရဟန်းသံဃာတော်၊သူတော်,သူမြတ်တို့အား နတ်ရွာနိဗ္ဗာန်သို့ ရောက်ကြောင်း၊ ကောင်းမြတ်သော အလှူဒါနတို့ကို ပေးလှူနိုင်ခြင်းအကျိုး တပါး။ ။ဤသို့အားဖြင့်၊ ပဉ္စအင်္ဂါတို့ရှိလာ၊ ငါးဖြာသော အကျိုးတို့ကို ခံစားရ ကုန်၏။ ။ဤသို့လျှင် ကိုးပါးသော အကျိုး အာနိသံသတို့ကို ဒိဋ္ဌ ခံစားရကုန်၏။

ဘုဏ္ဍာ ဘောဂါ ဘာတာ ဘဏ္ဍာ၊ ဝိတိဏ္ဏာ အာပဒါသု မေ၊
ဥဒ္ဓဂ္ဂါ ဒက္ခိဏာ ဒိန္နာ၊ အထော ပဉ္စဗလီ ကတာ၊ ။
ဥပဋ္ဌိတာ သီလဝန္တော၊ သညတာ ဗြဟ္မစာရိယော၊
ယဒတ္ထံ ဘောဂံ ဣစ္ဆေယျ၊ ပဏ္ဍိတော ဃရမာဝသံ။
သော မေ အတ္ထော အနုပ္ပတ္တော၊ ကတံ အနနုတာပိယံ။
ဧတံ အနုဿရံ မစ္စော၊ အရိယဓမ္မေ ဌိတော နရော။ ။
ဣဓေဝ နံ ပသံသန္တိ၊ ပေစ္စ သဂ္ဂေ ပမောဒတိ။ (ပဉ္စအင်္ဂုတ္တိုရ်
ပါဠိတော်။)

ငါသည်၊ စည်းစိမ်ချမ်းသာတို့ကို ခံစားသုံးဆောင် အပ်ကုန်ပြီ၊ ကျွန်အမှုလုပ်တို့ကိုလည်း၊ ကျွေးမွေးအပ်ကုန်ပြီ၊ ဘေးရန်တို့ကို လွှန်မြောက်စေအပ်ကုန်ပြီ။ အထက်ဖြစ်သော နတ်၊ ရွာ၊ နိဗ္ဗာန်သို့ ရောက်စေတတ်သော အလှူကို ပေးလှူအပ်ပြီ။ ထို့မှတပါး၊ ငါးပါးသော ပူဇော်ခြင်းကို ပြုအပ်ပြီ၊ ။ကိုယ်၊ နှုတ်၊ နှလုံးကို စောင့်သုံးကုန်သော မြတ်သော အကျင့်ကို ကျင့်ကြကုန်သော၊ လဇ္ဇီအမွန် သီလဝန္တ အရှင်ကောင်း၊ အရှင်မြတ်တို့ကို ပူဇော် လုပ်ကျွေးအပ် ကုန်ပြီ၊ အိမ်၌နေသော ပညာရှိသည်၊ အကြင် အကျိုးငှါ၊ စည်းစိမ ဥစ္စာ ရတနာကို အလိုရှိရာ၏။ ထိုအကျိုးသည်၊ ငါ့အား အစဉ်ရောက်လာပေပြီ၊ ။မပူပန်စေနိုင်သော အမှုကို ပြုလုပ်အပ်ပြီ၊ ဤသို့ အောက်မေ့သော လူဖြစ်သော သူသည်၊ အရိယာ ပုဂ္ဂိုလ်တို့၏ တရား၌ တည်သည် မည်၏၊ ထိုသူကို ဤပစ္စုပ္ပန်ဘဝ၌ပင်လျှင်၊ ချီးမွမ်းကြကုန်၏၊ တမလွန်ဘဝ၌ နတ်ပြည်၌ မွေ့လျော်ရ၏၊ ။ဤကား ပစ္စည်း ဥစ္စာ ရတနာတို့နှင့် ပြည့်စုံခြင်း၏ အကျိုးကို ပြဆိုအပ်သော စကား ရပ်တည်း။

**သမ္ပဒါနှင့်မပြည့်စုံခြင်းအပြစ်။** ။ထို့မှ တပါးလည်း၊ ပစ္စည်း ဥစ္စာ ရတနာတို့နှင့် မပြည့်စုံခြင်း၏ အပြစ်ကို ပြဆိုဦးအံ့၊ ။ဤ လောက၌ ပစ္စည်းဥစ္စာ ရတနာတို့နှင့် မပြည့်စုံသော သူအား၊ ယခင် ပြဆိုအပ်ခဲ့ပြီးသော အကျိုးကိုးပါးမှ ပြန်သော အားဖြင့်၊

(၁) မိမိ၌ ပစ္စည်း ဥစ္စာ ရတနာတို့နှင့် မပြည့်စုံသည့်အတွက် ဝတ်ရေး၊ ဆင်ရေး၊ စားသောက် နေထိုင်ရေး စသော လူမှုကိစ္စတို့ကို အလိုရှိက အလွယ်တကူ ထုတ်ယူ သုံးစွဲနိုင်ခြင်း၌၊ ပစ္စည်း ဥစ္စာ ရတနာတို့နှင့် မပြည့်စုံပါတကားဟု များစွာဆင်းရဲခြင်း (နတ္ထိဒုက္ခ)။

(၂) မိမိ၌ ပစ္စည်း ဥစ္စာ ရတနာတို့နှင့် မပြည့်စုံသည့်အတွက် အလိုရှိအပ်သော အဝတ်အရုံ၊ အသုံးအဆောင်၊ အစားအသောက်တို့ကို အလိုရှိတိုင်း မဝတ်ရုံ၊ မသုံးဆောင်၊ မစားသောက်နိုင်ခြင်း စသောအားဖြင့် အလိုရှိသမျှသော အာရုံတို့ကို အလိုရှိတိုင်း မသုံးဆောင်၊ မခံစားနိုင်ခြင်း၊ အလိုရှိသမျှသော အလှူဒါနတို့ကို အလိုရှိတိုင်း၊ ပြုလုပ် မလှူဒါန်း၊ မပေးကမ်း၊ မစွန့်ကြဲနိုင်ခြင်း။ (အဘောဂဒုက္ခ။)

(၃) မိမိ၌ ပစ္စည်းဥစ္စာ ရတနာတို့နှင့် မပြည့်စုံသည့် အတွက် ကူးသန်းရောင်းဝယ်မှု စသော တစုံတခုသော အမှု ကိစ္စတို့ကို ဆောင်ရွက်လိုသောအခါ၊ လွယ်ကူစွာ မဆောင်ရွက် နိုင်သဖြင့် သူတကာတို့ အထံမှာ၊ မျက်နှာ အောက်ချလျက်၊ ခယ ဝတ်တွားပြီးကာ အသပြာငွေတို့ကို ချေးငှါး ယူငင်ရသဖြင့်၊ ကြွေးမြီမှ မလွတ်ကင်းသည့်အတွက်၊ စိတ်စက် ပူပင်ဆင်းရဲ၍ ချမ်းသာစွာ မနေရခြင်း။ (အဏဒုက္ခ။)

(၄) မိမိ၌ ပစ္စည်း ဥစ္စာ ရတနာတို့နှင့် မပြည့်စုံသည့် အတွက် မတရားသဖြင့် ရောင်းဝယ်မိတတ်ခြင်း၊ တငါ၊ မုဆိုး ပြုလုပ်တတ်မိခြင်း၊ ခိုးမှု၊ တိုက်မှုတို့ကို ပြုလုပ်မိတတ်ခြင်း၊ လိမ်လည် လှည့်စား တတ်မိခြင်း စသည်ဖြင့်၊ မတရားသဖြင့် ရာဇကြီးမှုတို့ကို ပြုလုပ် မိတတ်သဖြင့်၊ အကုသိုလ် ဒုစရိုက်အပြစ်တို့မှ မလွတ်မကင်းခြင်း။ (သာဝဇ္ဇဒုက္ခ။)

(၅) မိမိ၌ ပစ္စည်း ဥစ္စာ ရတနာတို့နှင့် မပြည့်စုံသည့် အတွက် မိမိကိုယ်ကို ဆင်းရဲကင်းကွာစေ၍ ချမ်းသာကို မဖြစ်စေနိုင်ခြင်း၊ နှလုံးစိတ်ဝမ်း ချမ်းမြေ့ကြည်လင် ရွှင်လန်း ဝမ်းမြောက်စေခြင်းကို

မရ၊ စိတ်နှလုံး ဆင်းရဲရခြင်း၊ မိခင်,ဖခင် ကျေးဇူးရှင်နှင့်၊ အိမ်ရှင်ဇနီး၊ သွီးနှင့်သား၊ မိမိထံပါး၌ ခစားဆည်းကပ်ကြကုန်သော၊ ကျေးကျွန် လုပ်သား စာရင်း၌ါ အမှုလုပ်တို့ကို ဆင်းရဲ ကင်းကွာ၍၊ ချမ်းသာစေနိုင်ခွင့်မရ၊ စိတ်နှလုံးဆင်းရဲစေကြရခြင်း။

(၆) မိမိ၌ ပစ္စည်း ဥစ္စာ ရတနာတို့နှင့် မပြည့်စုံသည့် အတွက် အဆွေ ခင်ပွန်းချစ်ကျွမ်းဝင်သော သူတို့ကို၊ ဆင်းရဲ ကင်းကွာ၍၊ ချမ်းသာစေနိုင်ခွင့်မရ၊ စိတ်နှလုံးဆင်းရဲစေရခြင်း၊

(၇) မိမိ၌ ပစ္စည်း ဥစ္စာရတနာတို့နှင့် မပြည့်စုံသည့် အတွက် ရေ,မီး, မင်း, ခိုးသူ, သားဆိုး, သွီးဆိုးဟု ဆိုအပ်သော၊ ရန်သူမျိုး ငါးပါးတို့တွင်၊တပါးပါးသော ဘေးရန်ဖြစ်ပေါ်လာက၊ထိုဘေးရန်ဟူသမျှတို့ကို မတားမဆီး မကွယ်ကာနိုင်ခြင်း။

(၈) မိမိ၌ ပစ္စည်း ဥစ္စာ ရတနာတို့နှင့် မပြည့်စုံသည့် အတွက် (က) အဆွေအမျိုးတို့အား၊ အထိုက်အလျောက် ထောက်ပံ့ချီးမြှင့်ခြင်း၌ါ မစွမ်းနိုင်ခြင်း။ (ခ) မိမိအိမ်သို့ ရောက်လာသော ဧည့်သည်တို့အား၊ ဧည့်ဝတ်ကြေအောင် ကျွေးမွေး ပေးကမ်း ပြုရ ဆောင်ရွက်ခြင်း၌ါ မစွမ်းနိုင်ခြင်း၊ (ဂ) ရှေးက သေလွန်ပြီးသော မိဘ, ဘိုးဘွား, ဆွေမျိုးတို့အား ရည်မှန်း၍ အလှူဒါန ပြုလုပ်ပြီး လျှင်၊ရေစက်သွန်းချ အမျှပေးဝေခြင်း၌ါ မစွမ်းနိုင်ခြင်း၊ (ဃ) မင်းတို့အား ပေးထိုက်သော အခွန်, ဘဏ္ဍာတို့ကို ကြေပြွန်စွာ မပေးနိုင်ခြင်း။ (င) တရားသဖြင့် ရှောင်စောက်သော နတ်ကောင်း,နတ်မြတ်တို့အား၊ အထိုက် အလျောက် မပူဇော်, မပသ နိုင်ခြင်း၊ ဤငါးပါးသော အမှုတို့ကို မပြုနိုင်သဖြင့် စိတ်ဆင်းရဲရခြင်း။

(၉) မိမိ၌ ပစ္စည်း ဥစ္စာ ရတနာတို့နှင့် မပြည့်စုံသည့် အတွက် သည်းခံခြင်း တရားနှင့် မွေ့လျော်ခြင်း သဘော ရှိကုန်သည် ဖြစ်၍၊ မိမိတို့ ကိုယ်ကို၊ ကိလေသာ မီးငြိမ်းရန် ကြိုးစား အားထုတ်ကာ နေကြကုန်သော ရဟန်းသူတော်,သူမြတ်တို့အား၊နတ်ရွာ,နိဗ္ဗာန်သို့ ရောက်ကြောင်း ကောင်းမြတ်သော အလှူဒါနတို့ကို၊ မပေး မလှူနိုင်၍ စိတ်ဆင်းရဲရခြင်း၊ ။ဤကိုးပါးသော အပြစ် တို့သည်၊

ဖြစ်ပေါ်လာကြကုန်၏။ ။ထိုမှတပါးလည်း၊ ပစ္စည်း ဥစ္စာ ရတနာ တို့နှင့် မပြည့်စုံသော သူအား။

(၁) ပစ္စည်း ဥစ္စာ ရတနာ တို့နှင့် မပြည့်စုံသည့်အတွက်၊ အစား, အသောက်၊ အဝတ်, အရုံ၊ အသုံး အဆောင်တို့ကို၊ သူတပါး နည်းတူ မစား မသောက်, မဝတ် မရုံ, မသုံးဆောင်နိုင်ခြင်း၊ သူတပါး နည်းတူ၊ ကုးသန်း,ရောင်းဝယ်မှုတို့ကို မပြုလုပ်နိုင်ခြင်း၊ သူတပါး နည်းတူ၊အလှူဒါန, သိတင်းသီလတို့ကို မပြုမလုပ်နိုင်ခြင်း စသော အားဖြင့်၊ အစစ,အရာရာမှာ လွန်စွာ ပူပန် ဆင်းရဲရခြင်း၊ (ဒလိဒ္ဒ ဒုက္ခ။)

(၂) ထိုသို့ ပစ္စည်း ဥစ္စာ ရတနာတို့နှင့် မပြည့်စုံသည့် အတွက်၊စားသောက် ဝတ်ရုံ နေထိုင်ရန်ကိစ္စ၊ ကုးသန်း, ရောင်းဝယ် ရန်ကိစ္စ၊ မိမိအား ပေါ်ပေါက်လာသော ဘေးရန်တို့ကို ကွယ်ကာ ရန်ကိစ္စမှ စ၍၊ထိုထိုသော ပြုလုပ်ဘွယ်ကိစ္စ,အဝဝတို့၌၊ အလွယ် တကူ ပြုမူဆောင်ရွက်နိုင်စေခြင်းငှါ၊ မျက်နှာကို အောက်ထား လျက်၊ ငွေရှင်,ကြေးရှင်တို့၏ အထံသို့ သွားပြီးလျှင်၊ ခခ, ယယ ပြုလုပ်၍ မိုက်ဆံ, ကြေးငွေတို့ကို ချေးငှါးရခြင်း၊ (ဣဏာဒါန ဒုက္ခ။)

(၃) ထိုသို့ ချေးငှါးသော အခါ၊ ငွေ ၁ ဝိ-တရာလျှင်၊ မည် ရွေ့ မည်မျှသော အတိုးကို ပေးပါမည် ဟူ၍ ကြီးစွာသော အတိုး ကို ဝန်ခံရခြင်း၊ ထိုသို့ ဝန်ခံရသည့်အား လျော်စွာ၊ နေ့ရက်ကြာ ရှည်တိုင်း အတိုး,အပွား တက်လာသဖြင့်၊ လွန်စွာ ဆင်းရဲပူပန်ရ ခြင်း၊(ဝုဍ္ဎိဒုက္ခ။)

(၄) ထိုသို့ အတိုးအပွား များစွာ တက်သတ်သည် ရှိသော်၊ မိမိ ချေးငှါး၍ ထားအပ်သော ကြွေးမြီတို့ကို မဆပ်ပေးနိုင်သဖြင့်၊ ကြွေးမြီရှင်တို့က ခဏမကြာ လာ၍ရောက်ကြပြီးကား၊လွန်စွာ တောင်း ယပ်ကြသဖြင့်၊ နှလုံး မသက်သာ လွန်စွာ ဆင်းရဲ ပူပန်ရခြင်း၊ (စောဒနာဒုက္ခ။)

(၅) ထိုသို့ပင် အကြိမ်ကြိမ် အဖန်ဖန် တောင်း ဆိုသော်

လည်း၊ ပေးဆပ်ဘို့ရန် ပိုက်ဆံ ကြေးငွေ မရှိရကား၊ ကြွေးမြီရှင်များနှင့် လွတ်ကင်းရာ အရပ်သို့ ရှောင်ရှား၍ နေပါပြီးသော်လည်း၊ မိမိရှိရာ အရပ်သို့ လိုက်လံဖမ်းဆီးခြင်းကို ခံရခြင်းကြောင့် ဆင်းရဲမှု -နှိပ်စက်ခံရခြင်း၊ အနုဗန္ဓဒုက္ခ။)

(၆) ထိုသို့ လိုက်လံဖမ်းဆီးပြီးကာ၊ ထောင်တန်း၌ ချထားခြင်းကို ခံရ၍၊ ဆင်းရဲမှုပန် ခံရခြင်း၊ (ဗန္ဓနဒုက္ခ။)။ ။ဤသို့အားဖြင့်၊ 'ဆက္ကအင်္ဂုတ္တိုရ်' ပါဠိတော်လာ၊ ခြောက်ဖြာသော ဆင်းရဲဒုက္ခတို့ကို ခံစားရခြင်းတည်းဟူသော အပြစ်တို့ကို ရကုန်၏။

ဒလိဒ္ဒိယံ ဒုက္ခံ လောကေ၊ ဣဏာဒါနဉ္စ ဝဍ္ဎတိ။
ဒလိဒ္ဒေါ ဣဏမာဒါယ၊ ဘုဉ္ဇမာနော ဝိဟညတိ။ ။
တတော အနုစရန္တိနံ၊ ဗန္ဓနံပိ နိဂစ္ဆတိ။
ဧတံ ဟိ ဗန္ဓနံ ဒုက္ခံ ကာမလာဘာဘိဇပ္ပိနံ၊ ။

(ဆက္ကအင်္ဂုတ္တိုရ်ပါဠိတော်။)

သံသရာဝဋ်၊ ဘဝညွတ်မှ၊ လွတ်ထွက်လိုလား၊ အို ချစ်သားတို့၊ ဖြစ်လေရာရာ သံသရာ လောကကြီးထဲ၌၊ လူမွဲ လူဆင်းရဲ၏ အဖြစ်သည် မသက်မသာ ပူဗျာလှိုက်လှဲ ဆင်းရဲဖွယ်ခေ၏၊ ကြွေးမြီးချေးငှါးခြင်းကိုလည်း၊ မျက်နှာ အောက်တွန့်၍ ကြောက်ရွံ့ ဆင်းရဲဖွယ် ဟူ၍ ဆိုအပ်၏။ လူမွဲ လူဆင်းရဲသည် ကြွေးမြီကို ချေးငှါးယူငင်၍ စားသောက်ရသည် ဖြစ်၍ ပင်ပန်းဆင်းရဲ၏၊ ။ထိုနောက်မှ ထိုလူမွဲ လူဆင်းရဲကို လိုက်၍ ဘမ်းကြကုန်၏၊ ထိုလူမွဲ လူဆင်းရဲသည် ထောင်၌ ချထားခြင်း စသော အနှောင်အဖွဲ့သို့သည်း ရောက်ရ၏။ ထိုထောင်တန်းချထားခြင်း စသော အနှောင်အဖွဲ့ကို ခံရခြင်းသာလျှင် ကာမဂုဏ်ကို ရခြင်းငှါ၊ လွန်စွာ တောင်းတသော သူတို့၏ လွန်လွန်မင်းမင်း ဆင်းရဲခြင်းသည် ဖြစ်၏၊ ။ဤကား ဘုရားဟောဒေသနာလာ၊ ပဏ္ဍိတ ဥက္ကာ ရတနာတို့နှင့် မပြည့်စုံခြင်းကြောင့် လူမွဲ လူဆင်းရဲတို့ ရအပ်သော အပြစ်တို့ကို ပြဆိုအပ်သော စကားရပ်တည်း၊

ဥစ္စာရှိကျိုး။ ။ထိုမှတပါးလည်း 'ဟိတောပဒေသ' ကျမ်းလာ ပစ္စည်းဥစ္စာ ရတနာနှင့် ပြည့်စုံခြင်း, မပြည့်စုံခြင်း တို့၏ အကျိုးအပြစ်တို့ကို စိစစ်၍ ပြဦးအံ့။ ။ဤလောက၌ ပစ္စည်းဥစ္စာ ရတနာတို့နှင့် ပြည့်စုံလုံးလောက်သော သူသည် မည်သည့်အရပ်မှာပင် ဖြစ်စေ၊ မည်သည့်အခါမှာပင် ဖြစ်စေ၊ လွန်မင်းစွာ အသရေရှိ၏။ ဤလောက၌၊ ရေ,မြေသေဋ္ဌေးနှင့် ပြည့်ရှင်မင်းတို့၏ လူတို့ကို အစိုးရခြင်းသည်လည်း၊ ပစ္စည်းဥစ္စာ ရတနာတို့နှင့် ပြည့်စုံခြင်းသည်သာလျှင် အကြောင်းရင်း ရှိပေ၏။

ဓနဝါ ဗလဝါ လောကေ၊ သဗ္ဗော သဗ္ဗတြ သဗ္ဗဒါ။
ပဘုတ္တံ ဓနမူလံ ဟိ၊ ရညမပိ ဥပဇာယတေ။

လောက၌ ခပ်သိမ်းသော အရပ်၌၊ အခါခပ်သိမ်း အလုံးစုံသော ပစ္စည်းဥစ္စာ ရတနာတို့နှင့် ပြည့်စုံသော သူသည်၊ ခွန်အားဗလနှင့် ပြည့်စုံ၍။ မင်းတို့၏ အာဏာလွှမ်းမိုး၊ အမျိုးမျိုးဖြင့်၊ အုပ်စိုးပိုင်သ၊ အစိုးရခြင်းသည်လည်း ပစ္စည်းဥစ္စာ ရတနာသာလျှင် အကြောင်းရင်း ရှိသည် ဖြစ်၍ ဖြစ်၏။

ဤလောက၌၊ ကာယဗလ, ဉာဏဗလ တည်းဟူသော ခွန်အားဗလနှင့် မပြည့်စုံသော သူပင် ဖြစ်သင့်ကစား၊ ပစ္စည်းဥစ္စာ ရတနာတို့နှင့် ပြည့်စုံ၍ လာသော အခါ၊ ရှေးအခါတပါးထက် ခွန်အားဗလ ကြီးမား၍ လာ၏။ အသိ, အလိမ္မာ ဉာဏ်ပညာ နည်းပါးသော သူပင် ဖြစ်လင့်ကစား၊ အသိ,အလိမ္မာ ဉာဏ်ပညာတရား ကြီးမား၍ လာ၏၊ အဆွေခင်ပွန်း၊ ချစ်ကျွမ်းဝင်လိုသော သူတို့သည်လည်း လွန်စွာ ပေါများ၍ လာကုန်၏။ အဆွေ အမျိုး တော်စပ်လိုသော သူတို့သည်လည်း၊ လွန်စွာ ပေါများ၍ လာကုန်၏။ ပစ္စည်းဥစ္စာ ရတနာတို့နှင့် မပြည့်စုံမီက၊ ယောကျ်ား မပြီသ ဟူ၍ အပြောအဆို ခံရသော သူပင် ဖြစ်သင့်ကစား၊ ပစ္စည်း ဥစ္စာ ရတနာတို့နှင့် ပြည့်စုံ၍ လာသော အခါ၊ 'ယောကျ်ား' ကောင်း ပြီသပါပေသည် တကား ဟူ၍ ချီးကျူးခြင်းကို ခံရ၏။

ဓနံနံ ဗလဝါ လောကေ၊ ဓနံ ဘဝတိ ပဏ္ဍိတော၊
ယဿတ္ထာ တဿ မိတ္တာနိ၊ ယဿတ္ထာ တဿ ဗန္ဓဝါ၊
ယဿတ္ထာ သ ပုမာ လောကေ၊ ယဿတ္ထာ သ ဟိ ပဏ္ဍိတော၊

လူများ အပေါင်းသည် ပစ္စည်း ဥစ္စာ ရတနာကြောင့်၊ အားအင် ဗလနှင့် ပြည့်စုံခြင်းသို့ ရောက်ရ၏၊ ပစ္စည်း ဥစ္စာ ရတနာကြောင့်၊ ကြောင်းကျိုး မြင်သိ၊ ပညာ ရှိသည် ဖြစ်၏၊ အကြင်သူအား ပစ္စည်း ဥစ္စာ ရတနာတို့သည် ရှိကြကုန်၏၊ ထိုသူအား အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သော သူတို့သည် ရှိကြကုန်၏။ အကြင်သူအား ပစ္စည်း ဥစ္စာ ရတနာတို့သည် ရှိကြကုန်၏၊ ထိုသူအား ဘ,မိ, ဆက်သွယ် မျိုးနွယ်သားခြင်း၊ ဆွေမျိုးရင်းတို့သည် ရှိကြကုန်၏၊ လောက၌ အကြင်သူအား ပစ္စည်း ဥစ္စာ ရတနာတို့သည် ရှိကြကုန်၏၊ ထိုသူ သည် လူရည် ထူးခြား၊ မင်းယောကျ်ား မည်၏။ အကြင်သူအား ပစ္စည်း ဥစ္စာ ရတနာတို့သည် ရှိကြကုန်၏၊ ထိုသူသည်သာလျှင် ပညာဉာဏ်ရှိ ကဝိသုခမ်း မည်၏၊ ။ဤကား ပစ္စည်း ဥစ္စာ ရတနာ တို့နှင့် ပြည့်စုံခြင်း၏ အကျိုးတို့တည်း။

ရှင်းအဖြေ။ ။ပစ္စည်း ဥစ္စာ ရတနာ တို့နှင့် မပြည့်စုံသော သူ တို့မှာ၊ လမျိုး, နေမျိုးမှ ဖြစ်လာကြသော မင်းညီ, မင်းသားတို့ပင် ဖြစ်စေကာမူ၊ မည်သူမှ အလေးမပြု၊ ဂရုမထား ကြသည်ကိုသာ စံကြရကုန်၏။ အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သော သူ၊ သား,မယား ဆွေမျိုး, ဉာတကာတို့သည်လည်း၊ စွန့်ခွာ၍ သွားကြကုန်၏၊ ထိုသူ၏ ပြုမူ ပြောဆိုအပ်သော အရာ ဟူသမျှ တို့ကိုလည်း၊ မည် သူကမှ အလေးမပြု ဂရုမစိုက်ဘဲ ကဲ့ရဲ့ ပြစ်တင်ခြင်းကိုသာ ပြုကြ ကုန်၏။ ။ဤလောက၌၊ ပစ္စည်း ဥစ္စာ ရတနာတို့မှာ အလိုရှိရာကို ပေးနိုင်သော 'မဒေသာ' ပင်ကြီးနှင့် တူလှသဖြင့် ပစ္စည်း ဥစ္စာ ရတနာတို့နှင့် မပြည့်စုံသော သူတို့မှာ၊ သူတကာတို့နှင့် လူနှင့် လူချင်းပင် တူမျှသော်လည်း၊ အနေ အထိုင်, အဝတ်အရုံတို့မှ စ၍၊ မည်သည့် အမှုကိစ္စကိုမျှ၊ သူတကာတို့နှင့် တန်းတူ မပြုမလုပ်နိုင်

သဖြင့်၊ ပွဲလမ်းသဘင် ပျော်ရွှင်ရေးသို့ မဝင်နိုင်ရကား 'ရှူ' ဟူ၍ ခေါ်ခြင်းကို ခံရရုံမျှသာ ရှိသဖြင့်၊ လူမွဲ၊ လူဆင်းရဲဖြစ်၍ နေရသည်ထက် သေရသည်ကပင် မြတ်ချေသေး၏။

ဒလိဒ္ဒံ မရဏာ ဝါပိ၊ ဒလိဒ္ဒမဝရံ ဘဝေ၊
အပ္ပကြွံသနံ မရဏံ၊ ဒလိဒ္ဒံ အတိဒုဿဟံ။

လူမွဲ၊ လူဆင်းရဲ၏ အဖြစ်သည်လည်း ရှိ၏၊ ဗုတေ မနေ၊ သေရခြင်းသည်လည်း ရှိ၏၊ ထိုဆင်းရဲတတွေ၊ သေခြင်းတခြား၊ ထိုနှစ်ပါးတို့တွင်၊ လူမွဲ၊ လူဆင်းရဲ၏ အဖြစ်သည်၊ လွန်စွာ စက်ဆုပ်ယုတ်ညံ့သည် ဖြစ်၏။အနည်းငယ် ပင်ပန်းကာမျှဖြင့်၊(ဝါ)အနည်းငယ် နာကျင်ကိုက်ခဲ၊ လူးလဲ ပင်ပန်းကာမျှဖြင့်၊ ခန္ဓာ ပြတ်ကြွေ၊ သေလွန်ရခြင်းသည်၊ မြတ်သည် ဖြစ်၏။ လူမွဲ၊လူဆင်းရဲ၏ အဖြစ်သည် အခွန်ရှည်စွာ ဆင်းရဲပါသဖြင့်၊ အလွန်တရာ သည်းမခံနိုင်ဘွယ်ရာသည် ဖြစ်၏။

ထိုမှာပါးလည်း၊ ပစ္စည်း ဥစ္စာ ရတနာတို့နှင့် မပြည့်စုံ၍၊ စားရမဲ့၊ သောက်ရမဲ့ ဖြစ်နေသော သူမှာ၊ မိမိအသက်ထက်ဖြင့် သူတပါး အသက်ကို မနှမြောနိုင်ပါဘူး ဟူ၍၎င်း၊ အသက်ထက် အရှက်ကို မငဲ့နိုင်ပါဘူး ဟူ၍၎င်း နှလုံးထားပြီးလျှင်၊ မဆိုး၊ တငါမှ စသော မကောင်းမှု ပြုရမှာကိုသည်း မကြောက်။ခိုးမှု၊တိုက်မှု ပြုရမှာကိုလည်း မကြော။ မှသားပြောဆိုရမှာကိုလည်း မကြော၊ဤသို့အားဖြင့် မည်သည့် မကောင်းမှုကိုမှ ပြုဘို့ရာ ဝန်မလေးရကား၊ ပစ္စည်း ဥစ္စာ ရတနာတို့နှင့် မပြည့်စုံသော လူမွဲ၊လူဆင်းရဲ၏ အဖြစ်သည် လွန်စွာ စက်ဆုပ်ငြီးငွေ့ဘွယ် ကောင်းလှချေ၏။

ထိုကြောင့်၊မြင့်မြတ်သော စိတ်နှလုံးနှင့် ပြည့်စုံသောသူတို့သည်၊ 'ဓိး' တို့သည်၊ ငြိမ်းအေးခြင်းသို့ ရောက်သော်လည်း ရောက်ရာ၏။ 'ချမ်းအေး' သော သဘောသို့မူကား၊ မည်သည့်အခါမှ မရောက်သကဲ့သို့၊ ထို့အတူ၊ အသက်သော်လည်း အသေခံရာ၏။လူမွဲ၊လူဆင်းရဲ၏ အဖြစ်သို့မူကား၊ မည်သည့်အခါမှ ရောက်မည် မဟုတ်ပေ။

မနုဿေ မိယတေ ကာ´မံ၊ ဘာဂုပ္ပဇ္ဇံ နံ တု ဂစ္ဆတိ။
အပိ နိဗ္ဗာနမာယာတိ၊ နာနလော ယာတိ သီတတံ။

ကြီးကျယ်မြင့်မြတ်၊ စိတ်ဓာတ် သဘော ရှိသော သူသည်၊ အကယ်၍ သေသော်လည်း သေရာ၏၊ အပေါ်မဒိုး၊ ကိုယ်ထိးကျန် သော လူမွဲ,လူဆင်းရဲ၏ အဖြစ်သို့ မရောက်ရလို။ 'ဓိး'သည် ငြိမ်း ချုပ်ခြင်းသို့ ရောက်သော်လည်း ရောက်ရာ၏။ချမ်းအေးသော အဖြစ် သို့ မရောက်၊

တနည်းအားဖြင့်လည်း၊ ပန်းပွင့်,ပန်းခိုင် တို့မည်သည်၊ လူတို့၏ ဦးခေါင်း ထိပ်ထက်သို့သော်လည်း ရောက်ရာ၏။ သို့မဟုတ်လျှင် ပန်းချုံ,ပန်းပင်အောက်တွင် သွေ့ခြောက်,နွမ်းညှိုး၊ အကျိုးမဲ့တည် နေသကဲ့သို့၊ ထို့အတူ၊ ကြီးကျယ်မြင့်မြတ်သော စိတ်နှလုံးရှိသော သူတို့သည်ကား၊ သူတပါးတို့၏ ထိပ်ထက်၌သော်လည်း တည် ကုန်ရာ၏။ ထိုသို့တည်ခြင်းငှါ မစွမ်းနိုင်ပါလျှင်၊လူ,သူမမြင်၊တော မြိုင်ခွင်၌၊ သမင်သစ်ကျား၊ တောတွင်းသားသို့၊ တပါးမှော၊ ကိုယ် ထိးသာလျှင်၊ စွန့်ပစ်ဖဲခွါ၍ နေကြရာ၏။ (လူရှင်ရဟန်း၊ ဈေးပွဲမ်း ပြည့်ကျပ်သည့်၊ပရိသတ်စုံ ဗိုလ်ပုံအလယ်၌၊မနေနိုင်တော့ဟူလို၊)

ကုသုမထဝကသောဝ၊ ဒွေ ဗုတ္တံ တု မနုဿေနော။
သဗ္ဗြသံ မုဋ္ဌိ ဝါ တိဋ္ဌေ၊ ဝိသဇ္ဇေသ ဝနေထဝါ။

ပန်းပွင့်, ပန်းခိုင်၏ ကဲ့သို့၊ ကြီးကျယ်မြင့်မြတ်သော စိတ်နှလုံးရှိ သော သူ၏ ဖြစ်ခြင်းတို့သည် နှစ်ပါးတို့ဘည်း။ အဘယ်နှစ်ပါးတို့ နည်းဟူမူကား၊အလုံးစုံသော သူတို့၏ ဦးခေါင်း ထိပ်ထက်၌သော် လည်း တည်ရာ၏၊ ထိုမြို့၊ လူသူမနီး၊ တောမြိုင်ကြီး၌၊ လူ,ရှင် မသုံး၊ ဆုံးရှုံး စွန့်ပစ်သော်လည်း စွန့်ပစ်ရာ၏၊ ။ဤကား ပစ္စည်းဥစ္စာ ရတနာတို့နှင့် မပြည့်စုံခြင်း၏ အပြစ်ကို ပြဆိုအပ်သော စကား တရပ် အပြီးသတ်တည်း။

ဥမ္မဒ္ဒဝနသန္ထဂါကိုပြဆိုခြင်း။ ။ယာခုအခါ၌ ပစ္စည်းဥစ္စာ ရတနာ

တို့နှင့် ပြည့်စုံခြင်း၊ မပြည့် စုံခြင်း၏ အကျိုး အပြစ် တို့ကို ပြဆိုပြီး၍၊ ပစ္စည်းဥစ္စာ ရတနာတို့ကို ရရန် ရှာကြံအားထုတ်နည်းကို ~~မြဲဆိုရိုးအရ၊~~ ၊ပစ္စည်းဥစ္စာ ရတနာတို့ကို ရှာမှီးရုံးဆောင်းရာ၌၊ 'ကံ, ဉာဏ်, ဝီရိယ' ဟူ၍ သုံးပါးရှိသည့် အနက်၊ 'ကံ' ကောင်းသည်၊မကောင်းသည်ကို သာမာန်ပုဂ္ဂိုလ်တို့ နေရာတကျ သိခြင်း၌ မစွမ်းနိုင်ကြသည့် အတွက်၊ အတိတ်'ကံ'ကို အပပြု ပယ်ထားပြီးလျှင်၊ ယခုအခါတွင်၊ ပြုလုပ်အပ်သော မကောင်း, ကောင်းကြောင်း၊ ထပ်လောင်း,တဖန်၊ စိမ့်ဖန်တီးပြီးကာ ဉာဏ်နှင့် ယှဉ်သော 'ဝီရိယ' ဖြင့် အားထုတ်ရာ၏။ ၊ထိုစကား မှန်၏။ အကြင်သူသည် လယ်ထွန်ခြင်းဖြင့်ရင်း၊ ကုန်ကူးသန်း,ရောင်းဝယ်ခြင်းဖြင့်ရင်း၊ နွားမွေးခြင်းဖြင့်ရင်း၊ လေး,မြှား စသော အတတ်ပညာဖြင့်ရင်း၊ ပန်းတိမ်, ပန်းပဲ, ပန်းပု, ပန်းရန် စသော တစုံတခုသော အတတ်ပညာ ဖြင့်ရင်း၊ အကြင် အမှုအလုပ်ဖြင့် လုပ်ကိုင်စားသောက် အသက်မွေး၏၊ ထိုအလုပ်နှင့် စပ်၍ သိသင့်,သိထိုက်သော အရာဟူသမျှတို့ကို၊ ကောင်းစွာ သိနားလည်စေရန် အဖန်ဖန်ဆင်ခြင်စဉ်းစားခြင်း၊ မေးမြန်း စုံစမ်းခြင်းတို့ကို ပြုလုပ်၍၊ မိမိကိုယ်တိုင် လုပ်ကိုင်ခြင်း၊ သူတပါးတို့ကို စေခိုင်း၍ လုပ်ကိုင်စေခြင်း၊ ပျင်းရိခြင်း မရှိဘဲ မနေမနား ကြိုးစားအားထုတ်၊ လုပ်ကိုင်သော အားဖြင့်'ဥဋ္ဌာနသမ္ပဒါ' တရားနှင့် ပြည့်စုံစေရာ၏။

ကတမာ ဗျဂ္ဃပဇ္ဇ ဥဋ္ဌာနသမ္ပဒါ။ ဣဓ ဗျဂ္ဃပဇ္ဇ ကုလပုတ္တော ယေန ကမ္မဋ္ဌာနေန ဇီဝိတံ ကပ္ပေတိ။ ယဒိ ကသိယာ၊ ယဒိ ဝါဏိဇ္ဇာယ၊ ယဒိ ဂေါရက္ခေန၊ ယဒိ ဣဿတ္ထေန၊ ယဒိ ရာဇပေါရိသေန၊ ယဒိ သိပ္ပညတရေန၊ တတ္ထ ဒက္ခော ဟောတိ အနလသော၊တတြုပါယာယ ဝီမံသာယ သမန္နာဂတော၊ အလံ ကာတုံ အလံ သံဝိဓာတုံ။ အယံ ဝုစ္စတိ ဗျဂ္ဃပဇ္ဇ ဥဋ္ဌာနသမ္ပဒါ။ ၊(အဋ္ဌကင်္ဂုတ္တိုရ်ပါဠိတော်။)

ဗျဂ္ဃပဇ္ဇမည်သော ဒါယကာ၊ ဥဋ္ဌာနသမ္ပဒါသည်၊ (ဝါ)ထကြွလုံ့လ၊ ဝီရိယနှင့် ပြည့်စုံခြင်းသည် အဘယ်နည်း။ ဗျဂ္ဃပဇ္ဇမည်သော ဒါယကာ။ ဤလောက၌၊အမျိုးသားသည် အကယ်၍ လယ်ထွန်ခြင်းဖြင့်ရင်း၊ အကယ်၍ ကုန်သွယ်ခြင်းဖြင့် ရင်း၊ အကယ်၍ နွားမွေး, နွားကျောင်းခြင်းဖြင့်ရင်း။ အကယ်၍ လေး,မြှား အတတ်ဖြင့်ရင်း။ အကယ်၍ မင်းခစားခြင်းဖြင့်ရင်း၊ အကြင် အမှု အလုပ်ဖြင့် အသက်ကို မွေးမြူသည် ဖြစ်အံ့။ ထိုအမှုအလုပ်၌ သိနားလည်သည်၊ပျင်းရိခြင်း မရှိသည်၊ ထိုအမှုအလုပ်၏ အကြောင်းဖြစ်သော စုံစမ်းတတ်သော ပညာနှင့် ပြည့်စုံသည် ဖြစ်၍၊ မိမိကိုယ်တိုင် ပြုလုပ်ခြင်းငှါ စွမ်းနိုင်၏၊ စီမံခန့်ခွဲခြင်းငှါ စွမ်းနိုင်၏၊ ဗျဂ္ဃပဇ္ဇမည်သော ဒါယကာ၊ ဤပြည့်စုံခြင်းကို 'ဥဋ္ဌာနသမ္ပဒါ'ဟူ၍ (ဝါ) ထကြွလုံ့လ၊ဝီရိယနှင့် ပြည့်စုံခြင်း ဟူ၍ ဆိုအပ်၏။

ဤပါဠိတော်၌ ဆိုလိုရင်း အကျဉ်းချုပ်အဓိပ္ပါယ်မှာ'မိမိပြုလုပ်အပ်သော အလုပ်၏ သဘောကို၊ သေချာကျနစွာ သိနားလည်အောင် သင်ကြားခြင်း၊ မေးမြန်း,စုံစမ်းခြင်းတို့ကို ပြုလုပ်၍၊ ပျင်းရိခြင်းကင်းလျက်၊ မနေမနား အားထုတ် လုပ်ကိုင်ရမည်' ဟူ၍ ဟောတော်မူအပ်၏၊ ၊ထိုသို့ ပြုလုပ်အားထုတ်မှသာ ပစ္စည်းဥစ္စာ ရတနာတို့နှင့် ပြည့်စုံပေလိမ့်မည်။ ၊'အလုပ်ကို မလုပ်မကိုင်ဘဲ၊'ကံ' ကောင်းထောက်မငြိုးလျှင်၊ အလိုအလျောက်၊ မြင့်မြတ်ကြီးပွားခြင်းသို့ ရောက်လာရသည်၊' ဟူ၍ ဟောတော်မမူချေ။ ။ထိုကြောင့်၊ ပစ္စည်း ဥစ္စာ ရတနာတို့ကို အလိုရှိသော သူသည်၊ ရှင်တော်ဘုရား ဟောကြားတော် မူအပ်သော 'ဥဋ္ဌာနသမ္ပဒါ' ဂုဏ်နှင့် ပြည့်စုံအောင် အားထုတ်လုပ်ကိုင်ရာ၏။

ထိုစကားကို အလွယ်တကူ သိနားလည်နိုင်ပ်သောငှါ၊ ချဲ့ထွင်၍ ပြဦးအံ့။ ။ဤလောက၌၊တစုံတယောက်သောသူသည်၊ တစုံတခုသော အမှုအလုပ်ကို အားထုတ်သည် ဖြစ်အံ့။ ။ထိုအမှုအလုပ်ကို ပါဠိဘာသာအားဖြင့် 'ကမ္မ'ဟူ၍ ခေါ်ဆိုအပ်၏၊ ထို 'ကမ္မ'ကို တိုင်းရင်းသူ, တိုင်းရင်းသားတို့၏ ဘာသာစကား၊ မြန်

မာ အားဖြင့်'အမှုအလုပ်'ဟူ၍ ခေါ်ဆိုအပ်၏။ ထိုအမှုအလုပ်ကို ပင်၊ ပစ္စုပ္ပန်'ကံ'ဟူ၍ ခေါ်အပ်၏၊ ထိုပစ္စုပ္ပန်'ကံ'ဟု ဆိုအပ်သော ဉီမိ အမှု အလုပ်ကို ကောင်းစွာ အကျိုး ဖြစ်ထွန်းစေခြင်း၌၊ ။ (၁) ဉာဏသမ္ပတ္တိ။ ။(၂)ဂတိသမ္ပတ္တိ။ ။(၃)ဥပဓိသမ္ပတ္တိ။ ။ (၄) ကာလသမ္ပတ္တိ။ ။(၅) ပယောဂသမ္ပတ္တိ ဟု ဆိုအပ်သော သမ္ပတ္တိငါးပါးနှင့် ပြည့်စုံစေရာ၏။

(၁) ဉာဏသမ္ပတ္တိဟူသည်ကား။ ။ထိုအလုပ်နှင့် စပ်၍၊ သိအပ်, တတ်အပ်, နားလည်အပ်သော အရာဟူသမျှတို့ကို တစ မကျန် သိရှိနားလည်စေ၍၊ ထိုအလုပ်ကို ငါမိ နိုင်နင်းစွာ လုပ်နိုင်, မလုပ်နိုင်၊ ထိုအလုပ်ကို လုပ်နိုင်လောက်သော ဒွန်အားဗလ ရှိ,မရှိ၊ ထိုအလုပ်ကို လုပ်ခြင်းကြောင့်၊ အကျိုး ဖြစ်, မဖြစ်ကို နှိုင်းချိန်၍ ထိုအလုပ်ကို လုပ်နိုင်သော ကာယဗလ 'ကိုယ်အား'၊ ။စေ နဗလ'ပစ္စည်းအား'၊ ။ဉာဏဗလ,'အသိအလိမ္မာအား'နှင့် ပြည့်စုံ ခြင်း မရှိကျိန်းသေ အကျိုးဖြစ်ထွန်းလိမ့်မည်ဟု သိခြင်း၊ အကယ် ၍အကျိုးမဖြစ်ထွန်းသည်တိုင်အောင်လည်း၊ ဘယ်နည်းနှင့်မှ အကျိုး မပျက်စီးနိုင်ဟု သိရှိခြင်း။ ထိုအလုပ်ကို နိုင်နင်းစွာ လုပ်ကိုင် နိုင် မည်ဟု သိရှိခြင်း။ ထိုအလုပ်ကို ကျင်လည်စွာ တတ်မြောက်ခြင်း၊ 'ရုံပုံ'ငွေအပိုအမိုရှိခြင်း၊ ဤသို့ အားဖြင့် ထိုအလုပ်ကို ကောင်းစွာ တတ်မြောက် သိနားလည်ခြင်း ရှိစေရမည် ဟူ၏။ သို့အင်္ဂါတို့နှင့် ပြည့်စုံသော ကာလမှ၊ ထိုအလုပ်ကို လုပ်ကိုင်ဘို့ရာ ဆုံးဖြတ်ကြ ကုန်ရာ၏၊

ဤအရာ၌၊ များစွာသော 'နိုင်ငံခြား' သားတို့သည်၊ ကောင်း စွာ လိုက်နာကြလျက်။ တစုံတခုသော အလုပ်ကို လုပ်ကိုင်မည် ကြံသျှင်၊ အဆောတလျင် မလုပ်ကိုင်ကြမူ၍၊ ထိုအလုပ်ကို သိနား လည်အောင် သင်ကြား တတ်မြောက်ပြီးမှ၊ အသေအချာ တွက် ချက်၍၊ ကျိန်းသေပုံရမှ 'ရုံပုံ' ငွေနှင့် တကွ လုပ်ကိုင်ကြသဖြင့်၊ ထိုသူတို့ လုပ်ကိုင်ကြသော အလုပ်ဟူသမျှတို့မှာ၊ ပျက်စီးဆုံးရှုံး သော အရာအလွန်နည်းပါး၍၊ အကျိုး များစွာ ဖြစ်ထွန်း ကြီးပွား

သည် တို့ကိုသာ ကောင်းစွာ တွေ့မြင်ရကြကုန်၏။ ။အချို့သော 'ဝဒိုင်းရေဒီးသား' လူမျိုးတို့မှာမူကား၊ ထိုအရာကို လိုက်နာခြင်း မရှိကြကုန်မူ၍၊ အလုပ်ကို နားလည်ခြင်း မရှိကြဘဲ၊ 'ကံ' ကိုသာ အားကိုး၍ လုပ်တတ်ကြကုန်၏။ ထို့ကြောင့်၊ ထိုသူတို့ လုပ်အပ်သော အလုပ်တို့သည်၊ ပျက်စီးသော အရာကသာ များကုန်၏၊ အချို့သော သူတို့သည်လည်း၊ သူတကာ လုပ်ကိုင်၍ အကျိုးကျေးဇူးဖြစ်ထွန်း, ကြီးပွားသည်ကို မြင်လျှင်၊ မိမိတို့သည်လည်း၊ ထိုကဲ့သို့ အကျိုးကျေးဇူး ရှိလိမ့်မည်။ ကြီးပွား ဖြစ်ထွန်းလိမ့်မည်ဟု ထင်၍၊ အဆောတလျင် ပြုလုပ်တတ်ကုန်၏။ ထိုသို့ လုပ်ကိုင်ခြင်းအားဖြင့်၊ များစွာ ပျက်စီးတတ်ကုန်၏။ အချို့သော သူတို့သည်လည်း၊ တယောက်ပြုလုပ်၍ အကျိုးရှိသော အလုပ်ကိုသာ၊ ပိုင်းခွဲကာ လုပ်ကိုင်တတ်ကုန်၏။ ထိုသို့ လုပ်ကိုင်သော အားဖြင့်၊ ပထမ လုပ်ကိုင်သော သူ၌လည်း အကျိုး ပျက်ပြား၊ နောက်ထပ်၍ လုပ်ကိုင်သော သူ၌လည်း အကျိုး မခံစားရဘဲ၊ အားလုံး ပျက်စီးခြင်းသို့ ရောက်ကြကုန်၏။ အချို့သော သူတို့မှာမူကား၊ အလုပ်ကို နားလည်ငြားလည်း 'ရင်းနှီး' ငွေ မထားမိကြသည့် အတွက် 'ကံ' မကောင်း အကြောင်း မသင့်သဖြင့်၊ တရံတခါ ချွတ်ယွင်း သွားသောအခါ၊ နောက်ထပ် ဖြည့်ဆိုက်ရန် ငွေမရှိသည့် အတွက်၊ အလုပ် အကိုင် ပျက်စီးကြ၍ မိမိ အကျိုး မခံစားရဘဲ သူတပါး အကျိုး ခံစားဘို့ လုပ်ပေးရသကဲ့သို့ ဖြစ်ကြကုန်၏။

ဤသို့လျှင် 'ဥာဏအာသမ္ပတ္တိ' အသိ, အလိမ္မာ ဥာဏ်ပညာ မရှိသော သူတို့ ပြုလုပ်အပ်သော အရာတို့သည်၊ ပျက်စီးကန်း လမ်းသွားသည့် အခါ၊ တရံတခါ ခရီးလမ်း သင့်ငြားလည်း၊ မကြာမီ လမ်းပေါ်မှ ချော်ကျသွားသည့် ပမာ၊ မကြာမီ ဆုံးရှုံး ပျက်စီးတတ်ကုန်၏။ ထို့ကြောင့်၊ များသောအားဖြင့်၊ တိုင်းရင်းသားတို့မှာ မည်သူ၌ စီးပွား, ဥစ္စာ များစွာ တိုးတက်လာလည်ဟု ကြားရပါသည်း၊ များမကြာမီ ပျက်စီးသည် ဟု ကြားရတတ် ကုန်၏။ မိမိ လက်ထက်မှာ၊ အကယ်၍ မပျက်ပြားလည်း၊ မိမိတို့ သား,မြေး

လက်ထက်၌ ပျက်ပြားခြင်းသို့ ရောက်ကြကုန်၏။ ထိုကြောင့်၊ အသိ အလိမ္မာနှင့် ပြည့်စုံခြင်း 'ဥဿာသမ္ပဒါ' ကို အထူး လိုလားအပ် ပေ၏၊

ယထာပိ နာမ ဇစ္စန္ဓော၊ နရော အပရိနာယကော၊
ဧကဒါ ယာတိ မဂ္ဂေန၊ ကုမဂ္ဂေနာပိ ဧကဒါ။
ဝံ ကမ္ဗုဘရံ လောကော၊ ဗာလော အပရိနာယကော၊
ကရောတိ ဧကဒါ အတ္တံ၊ အနတ္တမ္ပိ ဝ ဧကဒါ။

(နေတ္တိဂါထာရစနာ)

ဥပမာခန့်သည်ကား။ လမ်းကောင်း, လမ်းမှန်၊ သွားရောက် တို့ရန်၊ ခေါင်းလမ်းညွှန် မရှိသော၊ အမိဝမ်းမှ ကန်း၍လာသော သူ သည်၊ တရံတခါ ကောင်းသော လမ်းဖြင့် သွားရသကဲ့သို့၊ တရံ တခါ လမ်းမဟုတ် သဖြင့် သွားရသကဲ့သို့၊ ထိုအတူ၊ အသိ အလိမ္မာ, ဉာဏ်, ပညာကင်းသော အသိ, အလိမ္မာ, ဉာဏ်,ပညာ တည်းဟူသော ခေါင်းလမ်းညွှန် မရှိသော။ (ဝါ) အသိ, အလိမ္မာ, ဉာဏ် ပညာနှင့် ပြည့်စုံသော မိတ်ဆွေ ကောင်းတည်း ဟူသော ခေါင်းလမ်းညွှန် မရှိသော၊ အလုပ်, အကိုင်, အကြံအစည်ကို ပြုလုပ် သော လူများအပေါင်းသည်၊ တရံ တခါ အကျိုးစီးပွားကို ပြု၏၊ တရံ တခါ အကျိုးစီးပွားမဲ့ကို ပြု၏။ ။ဤကား ဥဿာသမ္ပဒါ ပြဆိုခဏ်းပြီး၏၊

—=:o:=—

(၂) ဂဝါသမ္ပဒါဟူသည်ကား။ ။ထိုအလုပ်, အကိုင် တို့ကို လုပ်ကိုင်ခြင်းငှါ သင့်တင့်လျောက်ပတ်၍၊ ထိုအလုပ်အား၊ ကျေး ဇူးများမည့် ဖြစ်သော အကွက်ကောင်း, နေရာကောင်းတို့ကို ရွေး ချယ်ရမည် ဟူ၏။ ။ဥပမာ၊ အဝတ်မရှိသော သူတို့၏ နေရာ၌၊ အဝတ်ကို ဖွတ်လျှော်ကာ အသက်မွေးသော 'ခဝါသည်' နေခြင်းငှါ မသင့်လျော်သကဲ့သို့၊ မိမိတို့ အလုပ်အကိုင်,အကြံအစည်,အရောင်း အဝယ်နှင့် သင့်တင့်ထိုက်တန်သော နေရာ မဟုတ်ချေက၊ နေခြင်း

၌ မသင့်သျော်ပေ။ ထို့ကြောင့်၊ မိမိတို့နှင့် သင့်တင့်ထိုက်တန်၍၊ လျင်မြန်စွာ ကြီးပွားစေနိုင်သော အကွက်ကောင်း၊ နေရာကောင်း တို့ကို ရွေးချယ် နေထိုင်ရမည်။ မိမိတို့ ‘စိတ်ပျော်ရာ၌ မနေရ၊ တော်ရာ၌သာ နေရမည်။’ ဆိုသော အဆုံးမ ဩဝါဒစကားမျိုး သည်၊ ဤအရာမျိုး၌ အသုံးပြုရန် ဆိုရင်းစကား ဖြစ်ချေသည်။

ဤအရာ၌ ‘နိုင်ငံခြား’ သားတို့သည်၊ မိမိတို့ အလုပ်အား ကျေးဇူးများစေတတ်သော အကွက်ကောင်း၊ နေရာကောင်း တို့ကို၊ လွန်စွာ နားလည်ကြသည်အား လျော်စွာ၊ မြို့ကိုင်း၊ ရွာတိုင်းတို့မှာပင်၊ ထိုအကွက်ကောင်း၊ နေရာကောင်းဟူသမျှတို့၌၊ ထိုသူတို့ဖြင့်သာ ပြည့်နက်လျက် ရှိနေလေ၏။ ။ဗုဒ္ဓဘာသာ မွန်မြန်မာ လူမျိုးတို့မှာ မူကား၊ ထိုကဲ့သို့ အကွက်ကောင်း၊ နေရာကောင်းတို့ကို သိနားလည်ခြင်း မရှိသည့်အတွက်၊ တနေ့တခြား အစွန်အဖျားသို့သာ ထွက်ခွါသွားကြရကုန်၏။ ။ဤသို့ အားဖြင့် ‘ဂတိသမ္ပတ္တိ’ နှင့် ပြည့်စုံသော ‘နိုင်ငံခြား’ သားတို့၌ လွန်စွာ အကျိုးဖြစ်ထွန်းကြ၍၊ ‘ဂတိသမ္ပတ္တိ’ နှင့် မပြည့်စုံသော ‘နိုင်ငံရင်း’ သား၊ ဗုဒ္ဓဘာသာ မွန်မြန်မာလူမျိုးများ၌၊ တနေ့တခြား ရေနည်းငါးကဲ့သို့၊ များစွာ အကျိုးပျက်စီးကြကုန်၏။ ။ဤ၌ ‘ဂတိသမ္ပတ္တိ’ ဟု ဆိုအပ်သော နေရာကောင်း၊ အကွက်ကောင်းသည်၊ မိမိတို့ ပြုလုပ် အားထုတ်အပ်သော အမှုအလုပ်အား လွန်စွာ ကျေးဇူးများ၏။ ထိုစကား မှန်၏။ ရေအိုင်တည်းဟူသော နေရာကောင်း ‘ဂတိသမ္ပတ္တိ’ နှင့် ပြည့်စုံသော ‘ဖါး’ သူငယ်သည်၊ တောသုံးထောင်ကို အစိုးရသော ‘ခြင်္သေ့’ မင်းကိုလျက် ဘက်ပြိုင်နိုင်သကဲ့သို့ရင်း။ နွားခြေရာခွက် တည်းဟူသော နေရာကောင်း ‘ဂတိသမ္ပတ္တိ’ နှင့် ပြည့်စုံသော ‘ဘီလုံး’ ငှက်ငယ်သည် ‘သိန်းစွန်’ ကိုလျက် ဘက်ပြိုင် နိုင်သကဲ့ သို့ရင်း ဖြစ်၏။

ထိုမှတပါးလည်း၊ လောကထွတ်ထား၊ ရှင်တော်ဘုရားတို့ပင် သော်လည်း၊ မိမိတရားကို သိနားလည်ခြင်း၌ မစွမ်းနိုင်သော ‘ပစ္စန္တရာဇ်’ အရပ်ဒေသ၌ ပွင့်တော် မမူကြ၍၊ မိမိတရားကို

ကောင်းစွာ သိနားလည်ကြမည့် ဖြစ်စင်သော အကျင့်ရှိသော သူတို့ ၏ နေရာ 'မဇ္ဈိမ' ဒေသ၌သာ ပွင့်တော်မူကြရကုန်၏။ အကယ်၍ မိမိဘာရေးကို သိနားလည်နိုင်သော ဉာဏ်ပညာ မရှိသော သူတို့၏ နေရာ 'ပစ္စန္တရာဇ်' ဒေသ၌ ပွင့်တော်မူကြကုန်ငြားအံ့။ အဝတ် မဝတ်သော သူတို့၏ အရပ်ဒေသ၌ 'ခဝါသည်' နေခြင်းသည် အကျိုး မရှိသကဲ့သို့ ဖြစ်ခဲ့ရာ၏။

ကိံ ကရိဿန္တိ ဝတ္ထာရော၊ သောတာ ယတ္ထ န ဝိဇ္ဇတေ။
နဂ္ဂက္ခပဏကေ ဒေသေ၊ ရဇကော ကိံ ကရိဿတိ၊

(စာန်ကျနီတိ)

အကြွင်အရပ်၌ ကြားနာဘတ်သော သူသည် မရှိ၊ ထိုအရပ်၌ ပြောဟောတတ်သော သူတို့သည်၊ မည်သည့် အမှုကိစ္စကို ရွက် ဆောင်ကြကုန်အံ့နည်း၊ အဝတ် မဝတ်သောသူ, အရှက် မရှိသော သူတို့၏ နေရာအရပ်၌ 'ခဝါသည်'သည် မည်သည့် အမှုကိစ္စကို ပြု လုပ်အံ့နည်း။ ။ဤ၌ ဂတိသမ္ပတ္တိပြဆိုခဲ့ပြီး၏။

(၃) ဥပဓိသမ္ပတ္တိ ဟူသည်ကား။ ။ထို အမှု အလုပ်အား၊ ကျေးဇူးများလတ္တံ့သော အဆောက်အဦး, အသွင်အပြင်၊ လက် နက် ကြိယာတို့နှင့် ပြည့်စုံစေရမည် ဟူ၏။ ။ဥပမာ။ လက် သမားလုပ်သော သူဖြစ်အံ့။ ထိုအလုပ်အား ကျေးဇူးများသော ရူး, ဆောက်, ရွှေဘော်,လွှ စသော ကြိယာတန်ဆာဗလာတို့ကို ပြည့် စုံစေရာ၏။ ပန်းပဲ လုပ်သော သူဖြစ်အံ့။ မို,ပေ,တူ စသော ကြိယာ တန်ဆာ ဗလာတို့ကို၊ ကောင်းစွာ ပြည့်စုံစေရာ၏။ လှေဖြင့် ကုန် သွယ်သော သူဖြစ်အံ့၊ ထိုးဝါး, ခတ်တက်,ရွက်, ရွက်တိုင်, ရွက် လက်, ရွက်ကြိုး,တက်မ, ကျောက်, ကျောက်ကြိုး စသော ကြိယာ တန်ဆာ ဗလာတို့ကို ပြည့်စုံစေရာ၏။ ။ဤအရာ၌၊ 'နိုင်ငံခြား' သား လူမျိုးတို့သည် မည်သည့် အမှုကိစ္စကို ပြုလုပ်ရာ၌ မဆို၊ မိမိ တို့ ပြုလုပ်အပ်သော အမှုကိစ္စတို့၌၊ ကြိယာ တန်ဆာ ဗလာ တို့ ကို၊ အလွန် ကောင်းမွန်စေခြင်း ဟူသော 'ဥပဓိသမ္ပတ္တိ' နှင့် ပြည့်စုံ အောင် လုပ်ကိုင်ကြသည့် အတွက်၊ အခြားသူများ တနှစ်လောက်

လုပ်ရမည့် အလုပ်ကို၊ ထိုသူတို့ တလ,နှစ်လနှင့် လုပ်ကိုင်ပြီးစီးကြ ကုန်၏။ အခြားသူများ တလ,နှစ်လ သွားရမည့် ခရီးကို၊ ထိုသူတို့ လေး,ငါး ရက်ဖြင့် ရောက်အောင် သွားကြကုန်၏။ အခြား သူများ လုပ်၍၊ လေး, ငါး, ဆယ်ရှစ် ပြီးနိုင်သော အလုပ်ကို၊ ထိုသူတို့ တရာ,တထောင် ရအောင် လုပ်နိုင်ကြကုန်၏၊ ထို့ကြောင့်၊ထိုသူတို့ လုပ်ကိုင်အပ်သော အမှုအလုပ် ဟူသမျှတို့သည်၊ လွန်စွာ တွင် ကျယ်ကြကုန်၏၊

ငါတို့ ဗုဒ္ဓဘာသာ မွန်မြန်မာလူမျိုးတို့မှာမူကား၊ ထိုကဲ့သို့ ပြဆို ခဲ့ပြီးသော 'ဥပဓိသမ္ပတ္တိ' နှင့် မပြည့်စုံကြသည့် အတွက်၊ လက်ဖြင့် လုပ်ကိုင်စားရသော အလုပ် ဟူသမျှတို့သည်၊ ကောင်းစွာ အကျိုး ဖြစ်ထွန်းသည် ဟူ၍ မရှိဘဲ၊ စားရ, သောက်ရ ရုံမျှသာ ရှိကြကုန် ၏။ ။ထို 'ဥပဓိသမ္ပတ္တိ' နှင့် ပြည့်စုံအောင် လုပ်ကိုင်နိုင်ကြ ကုန် သော 'နိုင်ငံခြား'သားတို့သည်ကား၊ အဝတ် အထည် ယက်သော စက်ကြီးများဖြင့်၊ တနေ့ချင်းတွင် အဝတ်အထည်ပေါင်း များစွာ တို့ကို ပြီးစေနိုင်ကြကုန်၏။ ထို 'ဥပဓိသမ္ပတ္တိ' နှင့် ပြည့်စုံ၍၊ အထည် အထိုင်တို့ကို စက်ယက်ကန်းတို့ဖြင့်၊ ယက်လုပ်၍ ရောင်းချကြ သည့် အတွက် 'ဥပဓိသမ္ပတ္တိ' နှင့် ပြည့်စုံစွာ မလုပ်ဆောင်နိုင်ကြ ကုန်သော မွန်မြန်မာလူမျိုး တိုင်းရင်းသားတို့မှာ၊ မိမိတို့ လက်ဖြင့် ယက်လုပ်မြဲ ဖြစ်သော ယက်ကန်း များကို စွန့်ပစ်၍ ထားကြရ သဖြင့်၊ ယက်ကန်းများ ကွယ်ပျောက်လှုခမန်း ရှိချေပြီ။ ။ထိုမှ တပါးလည်း၊ ရှေးအခါက၊ အိမ်တိုင်း, အိမ်တိုင်းမှာ ကြိတ်ကြ, ထောင်းကြသော ကြိတ်နှင့် မောင်းဆုံ တို့မှာလည်း 'ဥပဓိသမ္ပတ္တိ' နှင့် ပြည့်စုံစွာ၊ကြိတ်ကြ,ဖွတ်ကြသော စပါးစက်တို့ ပေါ်လာသည့် အတွက်ကြောင့်၊ ကွယ်ပျောက်ခြင်းသို့ ရောက်ကြကုန်ပြီ။ ယင်းသို့ ဖြစ်သောကြောင့်၊ ယခုအခါ၌၊ ထိုအကြောင်းကို သိကြကုန်သော- 'အသင်းသူ အသင်းသား'တို့က၊ 'ဥပဓိသမ္ပတ္တိ' နှင့် ပြည့်စုံစွာ အ ထည်အထိုင် တို့ကို၊ ယက်လုပ်နိုင်စေခြင်းငှါလည်း၊ထို မောင်း,ကြိတ် တို့ကိုလည်း၊ မကွယ်, မပျောက်စေ၍၊ 'ဥပဓိသမ္ပတ္တိ'နှင့် ပြည့်စုံစွာ

အိမ်တိုင်း, အိမ်တိုင်းတို့၌၊ ပြုလုပ်ကြစေခြင်းငှါရင်း အားပေးကြသည်မှာ၊ လွန်စွာ ဝမ်းမြောက်ဘို့ ကောင်းပေ၏။

တနည်းကား။ 'ဥပဓိသမ္ပဒ်'ဟူသည်၊ ။မိမိတို့ လုပ်ကိုင်အပ်သော အရာဟူသမျှတို့ကို၊ သူတကာတို့ မြင်က လိုချင် နှစ်သက်ဘွယ် ရှိအောင် ဟပ တင့်တယ်စွာ လုပ်ကိုင်၍ 'ဥပဓိသမ္ပဒ်' နှင့် ပြည့်စုံစေရမည် ဟူ၏။ ဥပမာ။ အိမ် ဆောက်မည် ဆိုလျှင်၊ ထိုအိမ်ကို ဟပတင့်တယ် ရှုကြည့်စဘွယ် ရှိအောင် လုပ်ဆောင်ရာ၏၊ ခုင်္ဂတိုက် တည်လုပ်မည် ဆိုလျှင်လည်း၊ ထို ခုင်္ဂတိုက်ကို ဟပတင့်တယ် ရှုကြည့်စဘွယ် ရှိအောင် လုပ်ဆောင်ရာ၏၊ ။အိုး,ခွက် စသည်ကို လုပ်မည်ဆိုလျှင်လည်း၊ ထိုအိုး,ထိုခွက် စသည်တို့ကို ဟပတင့်တယ် ရှုကြည့်စဘွယ် ရှိအောင် လုပ်ဆောင်ရာ၏။ ဤသို့လျှင် အကြင် အကြင် အမှု အလုပ်ကို ပြုလုပ်၏၊ ထိုထိုသော အမှု အလုပ်တို့ကို၊ သူတကာ မြင်က ရှုကြည့်စဘွယ် တင့်တယ် ကောင်းမွန်စွာ ရှိအောင် ပြုလုပ်၍၊ 'ဥပဓိသမ္ပဒ်' နှင့် ပြည့်စုံစေရာ၏။ ။ဤအရာမျိုး၌ 'နိုင်ငံခြား'သား တို့မှာ၊ မိမိတို့ လုပ်ကိုင်အပ်သော အလုပ်အကိုင် ဟူသမျှတို့ကို၊ လွန်စွာ ဟပတင့်တယ် ရှုကြည့်စဘွယ်ရှိအောင် အားထုတ် လုပ်ဆောင်၍ 'ဥပဓိသမ္ပဒ်' နှင့် ပြည့်စုံကြစေကုန်၏၊ အယုတ်သဖြင့် စားဘွယ်, သောက်ဘွယ် တို့ကိုပင်၊ လွန်စွာ ဟပတင့်တယ် ရှုကြည့်စဘွယ် ရှိအောင် ပြုလုပ်၍ ထားကြကုန်၏။ ။ထို့ကြောင့်၊ ထိုသူတို့ လုပ်ဆောင်ကြသော အထည်အလိပ်, အဝတ်အရုံ,စားဘွယ်,သောက်ဘွယ်, အသုံး အဆောင်, အိမ်ထောင်ပရိဘောဂတို့ကို၊ အမြတ်တနိုး ဝယ်ယူသုံးဆောင် စားသောက် ဝတ်ရုံကြကုန်၏။

'ဗုဒ္ဓဘာသာ' ပွန်မြန်မာ လူမျိုးတို့မှာ မူကား၊ မိမိတို့ လုပ်အပ်သော အမှု အလုပ်တို့ကို 'ဥပဓိသမ္ပဒ်' နှင့် ပြည့်စုံစွာ၊ ဟပ တင့်တယ် ရှုကြည့်စဘွယ် ရှိအောင် ပြုလုပ်ခြင်း မရှိသည့် အတွက်၊ သူတကာတို့ နှစ်သက်စွာ ဝယ်ယူ သုံးစွဲခြင်း နည်းပါးသဖြင့်၊ တွင်ကျယ်အောင် လုပ်ဆောင်ခြင်းငှါ မစွမ်းနိုင်ကြကုန်၊ ။တနည်း

လည်း 'ဥပဓိသမ္ပတ္တိ' ဟူသည်၊ မိမိတို့ လုပ်ကိုင်အပ်သော အထည်ဝတ္ထုတို့၏၊ တာရှည် ခိုင်ခံ့ခြင်းကို ယူရမည်။ ထို့ကြောင့်၊ မိမိတို့ လုပ်ကိုင်အပ်သော အထည် ဝတ္ထု တို့ကို တာရှည် ခိုင်ခံ့အောင် လုပ်ဆောင်နိုင်သော သူတို့၏ အလုပ်မှာ၊ လွန်စွာ တွင်ကျယ်ကြကုန်၏။ ထိုသို့ တာရှည် ခိုင်ခံ့အောင် လုပ်ဆောင်ခြင်းတည်း ဟူသော 'ဥပဓိသမ္ပတ္တိ' နှင့် မပြည့်စုံသော အထည်ဝတ္ထု ဟူသမျှတို့ကို ဝယ်ယူ သုံးစွဲခြင်း မပြုလိုကြသဖြင့်၊ များစွာ တွင်ကျယ်ခြင်း မရှိကြကုန်။

ဥပမာ။ ။ထီး၊ ဘိနပ် လုပ်သည် ဖြစ်အံ့။ ထိုသူတို့ လုပ်အပ်သော ထီး ဘိနပ် မဆောင်းရမီ၊ မစီးရမီ ကပင်၊ ပျက်လွှာခမန်း ဖြစ်၍ နေ၏။ ဤကဲ့သို့လျှင် ပြဆိုအပ်ပြီးသော ဥပဓိသမ္ပတ္တိ နှင့် မပြည့်စုံချေက၊ မည်သည့် အမှုကိစ္စမျိုး၌ အကျိုး မခံစားရ ဖြစ်၏။ ။ဤအရာ၌ 'ဥပဓိ' သဒ္ဒါသည်၊ အထည် ဝတ္ထု ဒြဗ်ကို ဟောသောကြောင့် မိမိတို့ လုပ်ကိုင်အပ်သော အလုပ်အကိုင် တို့ကို လျင်မြန်စွာ ပြီးစေခြင်း၊ လွယ်ကူစွာ လုပ်ဆောင်နိုင်ခြင်း အားဖြင့်၊ များစွာ ကျေးဇူး ရှိသော ကြိယာ တန်ဆာ ဗလာတို့နှင့် ပြည့်စုံခြင်း။ ပြုလုပ်အပ်သော အရောင်းဝတ္ထု ဟူသမျှတို့၏ လှပ တင့်တယ် ရှုကြည့်ဖွယ် ရှိခြင်း၊ တာရှည်စွာ ခိုင်ခံ့ခြင်းကို 'ဥပဓိသမ္ပတ္တိ' ဟူ၍ ယူရမည်။ ထို 'ဥပဓိသမ္ပတ္တိ' နှင့် ပြည့်စုံမှ အကျိုး ခံစားရမည်။ မပြည့်စုံချေက အကျိုး မခံစားရ ဟု ဆိုလို၏။ ထို့ကြောင့်၊ ပြဆိုအပ်ခဲ့ပြီးသော 'ဥပဓိသမ္ပတ္တိ' နှင့် ပြည့်စုံအောင်၊ အထူး သတိ ဆောင်ကြကုန်ရာ၏။ ။ဤ၌ ဥပဓိသမ္ပတ္တိ ပြဆိုချက် ပြီး၏။

—=o=—

(၄) ကာလသမ္ပတ္တိ ဟူသည်ကား။ ။အလုပ် အကိုင် ကို လုပ်ကိုင်တို့ရန် သင့်လျော်သော အချိန် ကာလကို၊ ရွေးချယ် စီစစ်ရမည် ဟူ၏။ ။ဥပမာ။ ။လယ်ကို လုပ်ကိုင်သော သူဖြစ်အံ့။ မိုးဥတုသည် ထိုအလုပ်၏ 'ကာလ သမ္ပတ္တိ' မည်၏။ နွေဥတု၊ ဆောင်း ဥတု တို့သည် ထိုအလုပ်၏ 'ကာလဝိပတ္တိ' မည်ကုန်၏။ ။

'ကိုင်း' လုပ်လိုသော သူဖြစ်အံ့။ ဆောင်းဥတုသည် ထိုအလုပ်၏ 'ကာလသမ္ပတ္တိ' မည်၏၊ နွေဥတု, မိုးဥတုတို့သည် ထိုအလုပ်၏ 'ကာလဝိပတ္တိ' မည်ကုန်၏၊ ။ညဉ့်အခါသည် ညဉ့်၌ ကျက်စားသော ခင်ပုပ်ငှက် စသော သတ္တဝါတို့၏ 'ကာလသမ္ပတ္တိ' မည်၏။ နေ့အခါသည် ၎င်းတို့၏ 'ကာလဝိပတ္တိ' မည်၏။ ။နေ့အခါသည် ကျီးစသော နေ့၌ ကျက်စားသော သတ္တဝါတို့၏ 'ကာလသမ္ပတ္တိ' မည်၏၊ ဤသို့ စသောအားဖြင့်၊မည်သည့် အမှုအလုပ်ကို ပြုလုပ်ဆောင်ရွက်ရာ၌ မဆို။အကြောင်း-အကြောင်းသို့သော အခါသည် ထိုအမှုအလုပ်အား ကျေးဇူးများ၏၊ ထိုထိုအခါသည် ထိုအမှုအလုပ်၏ 'ကာလသမ္ပတ္တိ' မည်၏၊ ကျေးဇူးမများသော အခါသည် 'ကာလဝိပတ္တိ' မည်၏။

မည်သည့် အမှုကိစ္စကို ရွက်ဆောင်ရာ၌ မဆို၊ ဤ 'ကာလသမ္ပတ္တိ' ကို များစွာ အလိုရှိအပ်၏။ ထိုစကားမှန်၏၊ မည်သည့် အမှုကိစ္စ၌ မဆို၊ 'ကာလသမ္ပတ္တိ' အချိန်ကောင်းနှင့် ကြုံကြိုက်သောအခါ၊လွန်စွာ အကျိုးဖြစ်ထွန်း၏။ 'ကာလဝိပတ္တိ' နှင့် တွေ့ကြုံသောအခါ၊ လွန်စွာ အကျိုးစီးပွား ပျက်ပြားဆုံးရှုံးတတ်ကုန်၏၊ ထို့ကြောင့်၊ လူဆိုး,မင်းဆိုးနှင့် သူခိုး,ဓားပြတို့ပေါများသော အခါကာလ၊ အသက် အလွန်တိုသော ဆယ်နှစ်တန်း အခါ ကာလ စသော 'ကာလဝိပတ္တိ' နှင့် ကြုံကြိုက် တိုက်ဆိုင်နေသော အခါတို့၌၊ အလုံးစုံသော သတ္တဝါဟူသမျှတို့၌ပင်၊ အကျိုးမဖြစ်ထွန်းကြမူ၍၊ လူကောင်း, မင်းကောင်းတို့ ဖြစ်ထွန်းသော အခါကာလ၊ အသက်ရှည်သော အခါကာလ စသော 'ကာလသမ္ပတ္တိ' နှင့် ကြုံကြိုက်တိုက်ဆိုင်နေသော အခါတို့၌မူကား၊ လွန်စွာ အကျိုးဖြစ်ထွန်းကြကုန်၏။

လူမင်း, နတ်မင်း စသော မင်းအပေါင်းတို့၏ အုပ်ချုပ်စိုးမိုးခြင်းနှင့် တကွ၊ လောဘ, ဒေါသ စသော အကုသိုလ်ကရောတို့၏ အုပ်ချုပ်စိုးမိုးခြင်းမှ လွတ်ကင်းရာ နိဗ္ဗာန်ချမ်းသာကို လိုလား၍၊ တရားကို အားထုတ်လိုသော သတ္တဝါဟူသမျှတို့သည်လည်း၊

အလုံးစုံသော၊ တရားတို့ကို သိတော်မူသော ရှင်တော်ဘုရားတို့၊ ဖြစ်ထွန်း ပွင့်ပေါ်လာသော 'ဗုဒ္ဓုပ္ပါဒ' အခါကောင်းနှင့် ကြုံကြိုက် တိုက်ဆိုင်မှသာလျှင်၊ တရားကို အားထုတ်ခွင့် ရကုန်၏။ ထိုမှတပါး သော အခါကာလတို့မှကား၊ တရားကို အားထုတ်ခွင့် ရသော အခါကာလတို့ မဟုတ်ကြပေ။

လူ့သုံးပါးတို့၏ အထွတ် အထိပ် ဖြစ်တော်မူသော ရှင်တော် ဘုရားတို့ပင်သော်သည်း၊ အသက်တသိန်းတန်း၏ အထက် အ သက်တရာတန်း၏ အောက်၌ ပွင့်တော် မမူကြမူ၍၊ အသက်တသိန်း တန်း၏ အောက်၊ အသက်တရာတန်း၏ အထက်ဖြစ်သော အခါ ကာလတို့၌သာ ပွင့်တော်မူကြကုန်၏။ ဆုတ်ကပ်, တက်ကပ် နှစ် ပါးတို့တွင်လည်း၊ တက်ကပ်၌ ပွင့်တော်မမူကြဘဲ၊ ဆုတ်ကပ်၌သာ ပွင့်တော်မူကြလေကုန်၏။ ဤသို့အားဖြင့်၊ အချိန်ကာလသည် လွန် စွာ အတိုးဆိုက်တန်ရကား 'လသာတုန်း ဗိုင်းငင်၊ နေရှိတုန်းစပါး လှန်း၊ မိုးရွာနိမှ ထွန်ချ မဖြစ်ကြစေနှင့်' စသော အားဖြင့်၊ဆုံးမ ဩ ဝါဒ ပေးကြသည့် အတိုင်း၊ ကောင်းသော အချိန်ကာလကို၊မကုန် လွန်စေရအောင် အားထုတ်ကြကုန်ရာ၏။ အကယ်၍ ကောင်း သော အချိန်ကာလကို ကုန်လွန်၍ သွားစေမိငြားအံ့။ များစွာ ဆုံးရှုံး နစ်နာခြင်းသို့ ရောက်တတ်၏။ ယခုကာလ၌လည်း၊ ထိုကဲ့သို့ အချိန် နောက်ကျမှ၊ အလုပ်-လုပ်ကိုင်ကြသဖြင့်၊ အကျိုးမခံစားရသော သူတို့ကို၊ အခြားဝေးပုံပြင်လုပ်၍၊ ထုတ်ပြပြောဆိုရန် မလို။ ငါတို့ ပွဲမြန်မာလူမျိုး၌ပင်လျှင်၊ အချိန်ကောင်းစဉ်က ပေါ့ပေါ့ ဆဆ သတိမရကြမူ၍၊ ယခုမှဥ်၍ 'မည်မျှလောက်ပင်ဟု မပြောပြနိုင် အောင်၊အကျိုးစီးပွား ပျက်ပြားဆုံးရှုံး နစ်နာလျက်ရှိသည့် အရာ သည်၊ ကိုယ်တွေ့မျက်မြင် ပုံပြင်ဝေးပင်တည်းဟု ဆိုချေသော် လွဲမည် မဟုတ်တော့ချေ။

အာဒေယျဿ ပဒေယျဿ၊ ကတ္တဗ္ဗဿ စ ကမ္မုနော၊
ခိပ္ပမကြိယမာနဿ၊ ကာလော ပိဝတိ တံ ရသံ။ ။
(ဟိတောပဒေသ။)

ယူ အပ်သော အရာကို လျှင်စွာ မယူသော သူ၏ ငင်း၊ ပေးအပ်သော အရာကို လျှင်စွာ မပေးသောသူ၏ ငင်း၊ ပြုလုပ်အပ်သော အမှုကိစ္စကို လျှင်မြန်သောစွာ မပြုလုပ်သောသူ၏ ငင်း၊ အချိန်အခါသည်၊ ထိုအမှုအလုပ်၏ ပြီးစီးဖြစ်မြောက်ခြင်း ဟူသော အဆီအနှစ်ကို သုံးဆောင် စားသောက်လေ၏။

အချိန်မကျမီ လုပ်၍ ပျက်စီးပုံ။ ။အချိန်ကာလကို၊ ကုန်လွန်မှ ပြုလုပ်ခြင်းသာ အကျိုးစီးပွါးပျက်ပြားဆုတ်ယုတ်သည် မဟုတ်၊ အချိန်ကာလသို့ မတိုင်ရောက်မီ၊ ပြုလုပ်ခြင်းတို့သည်လည်း၊ လွန်စွာ အကျိုးစီးပွါး ပျက်ပြားဆုတ်ယုတ်စေကုန်၏၊ ထိုစကားသည် မှန်၏၊ ဤလောက၌ ကြီးပွါးမြင့်မြတ်ခြင်းသို့ မရောက်နိုင်ကြသော သူတို့သည် များသောအားဖြင့် မိမိတို့ ကြီးပွါးမြင့်မြတ် လောက်သောအချိန်,အရွယ် အခါသို့ မတိုင်မရောက်မီ၊ အလုပ်အကိုင်တို့ကို၊ လုပ်ကိုင်ကြသောကြောင့်ပင် ဖြစ်ကြကုန်၏၊ ထိုစကားကို ထင်စွာ ပြဦးအံ့။ ။ဤလောက၌၊ အချို့သော သူတို့သည်၊ မိမိတို့၌ အိမ်ရာ တည်ထောင်ဘက်ပြုရန် အချိန်အရွယ်အခါသို့ မတိုင်ရောက်မီငင်း၊ သားမယား မွေးမြူနိုင်လောက်သော အသိအလိမ္မာ ဉာဏ်ပညာနှင့် တကွ၊ ဥစ္စာပစ္စည်းတို့ကို ရှာမှီးစုဆောင်းခြင်းတို့ကို မပြုရမီငင်း အိမ်ရာတည်ထောင်နေထိုင်ကြကုန်၏။ ထိုသူတို့သည် ကြီးပွါးသန့်ရှင်းခြင်းသို့ မရောက်သေးသော သစ်ပင်ငယ်ကို၊ ခေါင်ညွန့်က ရှိ၍ ချိုးပစ်လိုက်သည် ပမာ၊ ဘယ်ခါမှ ကြီးပွါးနိုင်တော့မည် မဟုတ်ချေ။ ဥပမာဆိုမူ၊ ‘ငါးပိဿာ’ မျှဝန်ကိုသာ ထမ်းဆောင်နိုင်သော သူသည်၊ ခွက်တဆယ်ဝန်ကို ထမ်းဆောင်သော ကာလ၊ ထိုနေရာမှ မထကြွနိုင်သကဲ့သို့၊ မိမိတို့၌ လုပ်ကိုင်နိုင်သော ပစ္စည်းဥစ္စာ အင်အား၊ အသိအလိမ္မာ ဉာဏ်ပညာ အင်အား မရှိမီ၊ ထိုထိုသော အလုပ်အကိုင်ကြီးတို့ကို၊ စတင်လုပ်ကိုင်ကြသော သူတို့သည်၊ များစွာ ပျက်စီးဆုတ်ယုတ်ခြင်းသို့ ရောက်ကြကုန်၏၊ ထိုကြောင့်၊ ‘ငှက်’ များသည် အဝေးသို့ ပျံသန်းသွားလာနိုင်သော ခွန်အားဗလ မရှိမီ၊ မိမိတို့ ‘အသိုက်’ အနီးအပါး၌သာ

ပျံသန်းသွားလာကြ၍၊ အဝေးသို့ ပျံသန်းသွားလာနိုင်သော အချိန်အရွယ်သို့ ရောက်မှသာ လိုရာ,လိုရပ်သို့ ပျံသန်းသွားလာကြသည့် ပမာ မိမိတို့ အချိန်အရွယ်သို့ မကျရောက်မီ၊ မိမိတို့နှင့် မသင့်တင့်သော အလုပ်အကိုင် အကြီးအစည်တို့ကို ပြုလုပ်ကြရန်မှ၍၊ အချိန်အခါ အရွယ်သို့ ရောက်မှသာလျှင်၊ မိမိတို့နှင့် ထိုက်တန်သက်ဆိုင်၍ နိုင်နင်းသော အလုပ်အကိုင် အကြီးအစည်တို့ကို လုပ်ကိုင်ကြကုန်ရာ၏၊

ယခုကာလ၌၊ ရဟန်းရှင်လူ၊ ခပ်သိမ်းသော သူတို့သည် မိမိတို့၌ လုပ်ကိုင်နိုင်သော ခွန်အားဗလ အစွမ်းသတ္တိနှင့် မပြည့်စုံမီကသာ၊ အလုပ်အကိုင်တို့ကို လုပ်ကိုင်ခြင်း၌ အလိုရှိကြသဖြင့်၊ ထိုသူတို့ လုပ်အပ်သော အလုပ်များသည်၊ကြီးပွားခြင်းသို့ မရောက်မူ၍၊ ပျက်ပြားဆုတ်ယုတ်ခြင်းသို့သာ ရောက်ကုန်၏။ ထိုစကားမှန်၏။ ယခုခေတ်အခါသည် လောဘပြင်းထန်၊ စိတ်အားသန်သော ခေတ်အခါဖြစ်၍၊ အချိန်တိုင်ရောက်အောင် စောင့်ဆိုင်း၍၊ အချိန်ကျမှ အလုပ်-လုပ်လိုသော သူသည် အလွန်ရှား၏။ အချိန်ရောက်အောင် မစောင့်ဆိုင်းနိုင်ဘဲ အလုပ်-လုပ်ကြသော သူတို့သာ များကုန်၏။ ထိုသူတို့သည် 'မည်ကဲ့သို့ မိမိအသက်ကို မွေးမြူရမည်။ မည်ကဲ့သို့ ပစ္စည်း ဥစ္စာကို ရှာမှီးရ၊ဆောင်း သိမ်းဆည်းရမည်။မည်ကဲ့သို့ သားမယားကို မွေးမြူရမည်။ မည်ကဲ့သို့ ကိုယ်ခန္ဓာ ကျန်းမာရေးကို၊ အလေးပြုသင့်သည်' စသည်ဖြင့်၊ လူမှုကိစ္စကို နားမလည်မီက၊ အိမ်ရာတည်ထောင်ကြသဖြင့်၊ ထိုသူတို့သည် လောကရိပ်ငြိမ်၊စည်းစိမ်ဥစ္စာ ရတနာတို့နှင့်တကွ၊ အသက်ခန္ဓာကိုယ်ပင်၊ကြီးပွားခြင်းသို့ မရောက်ဘဲ၊ တခါတည်း သေဆုံးရသည်တိုင်အောင်၊ ဆင်းရဲကွင်းမှ မထွက်မြောက်နိုင်ဘဲ ရှိတတ်ကြကုန်၏။

အချို့သော သူတို့မှာမူလည်း၊အကြီးအကျယ် ကူးသန်းရောင်းဝယ်နိုင်သော အသိအလိမ္မာ တည်းဟူသော ဉာဏ် 'ပညာ'အားအကြောင်းမသင့် အခွင့်မသာ၍ မတော်တဆ တိမ်းပါးသည် ရှိသော်၊ နောက်ထပ် ထူထောင်နိုင်ခြင်း တည်းဟူသော'ဥစ္စာ'

အားနှင့် ပြည့်စုံခြင်း ဟု ဆိုအပ်သော အချိန်ကာလသို့ ရောက်အောင် မစောင့်ဆိုင်းနိုင်သော လောဘ ရမက်ဖြင့်၊ အကြီးအကျယ် ကျူးသန်း ရောင်းဝယ်ခြင်း အမှုကို ပြုကြကုန်၏၊ ထိုသူတို့ ပြုလုပ်အပ်သော အမှုအလုပ်တို့သည်လည်း၊ မကြာမီ ပျက်စီး ဆုံးရှုံးခြင်းသို့သာ ရောက်တတ်ကုန်၏၊

အချိန်မကျဘဲ လုပ်၍ ပျက်စီးပုံ သာသနာနည်း။ ။လောကီဘက်ဆိုင်ရာ လူများ၌သာ မဟုတ်ချေ၊ သာသနာတော် ဝန်ထမ်း၊ ရဟန်း ပုဂ္ဂိုလ် အချို့တို့သည်လည်း၊ မိမိတို့၌ ပရိယတ္တိခမ္မ မှီချ သင်ကြားနိုင်အောင်၊ စာပေ ကျမ်းဂန် တတ်သိထိုးခြင်း၊ ဘုရားရှင် ခွင့်ပြုတော်မူအပ်သော ကျောင်းထိုင် ရဟန်း ပုဂ္ဂိုလ်တို့ အင်္ဂါနှင့် ပြည့်စုံခြင်း။ အသက်သိက္ခာ ဝါ ကြီးရင့်၍၊ သမာဓိဂုဏ်နှင့် ပြည့်စုံ လုံလောက်စွာ ရှိခြင်း စသော အချိန်ကာလသို့ မတိုင်ရောက်မီ၊ ကျောင်းထိုင် ပုဂ္ဂိုလ် ပြုလုပ်နေထိုင်ကြကုန်၏၊ အနယ်နယ်, အရပ်ရပ်သို့ လှည့်ပတ်၍ တရားဟော ဓမ္မကထိက ပုဂ္ဂိုလ် ပြုလုပ်နေကြကုန်၏။ ။ထိုရဟန်း ပုဂ္ဂိုလ်တို့သည်၊ မိမိတို့၌ အကျိုးမဖြစ်။ ။ပွန်းညစ်သော အဖြစ်၊ အမြဲ ဖြစ်လျက် ရှိနေရုံမျှ မက၊ မိမိတို့ ထံမှောက်၊ ကပ်ရောက် ကိုးကွယ်သော တပည့် ဒါယကာ, ဒါယိကာမတို့၏ အကျိုး စီးပွားကိုပင်၊ ပျက်ပြား ဆုံးရှုံး နစ်နာပေရာ ရောက်သဖြင့်၊ မိမိတို့အတွက်၊ အများ မပျက်စီးလေရန် များစွာ သတိပြုသင့်ပေ၏။

အချို့သော စာသင်သား ပုဂ္ဂိုလ်တို့သည်လည်း 'စာသင်သားတန်း' ခေါ်သော ပုဂ္ဂိုလ်တို့ အခြေအနေနှင့် မျှတ ရောင့်ရဲစွာ နေထိုင်ပြီးလျှင်၊ ပိဋကတ် အခြေပြု ကျမ်းတို့ကို၊ ပိဋကတ် တတ်မြောက်သည့် ဆရာသမားတို့ထံ၌ နည်းနာရရ၊ အသားကျအောင် သင်ကြားနာယူ၍၊ သုတ်, ဝိနည်း, အဘိဓမ္မာ, ပါဠိတော်, အဋ္ဌကထာ တို့ကို သင်ယူနိုင်သော အားအင် အခြေအနေနှင့် ပြည့်စုံခြင်း ဟူသော အချိန် ကာလသို့ မတိုင်ရောက်မီ၊ ထိုထိုသော ပိဋကတ်ကျမ်းငယ်ကြီးတို့ကို 'စာ' တတ်မြောက်လိုသော လောဘ ရမက်ဖြင့်၊ တိုးတက် သင်ကြားကြကုန်၏၊ ထိုစာသင်သား ပုဂ္ဂိုလ်တို့

သည်လည်း 'ရိုးသားတွင်၍၊ ရွှေဦးကို မသိသောသူ'ကဲ့သို့ သင်
ကြားဘတ်ဆံ ပေါက်ရောက်ဘူးသော ပိဋကတ်ကျမ်း 'စာ'စောင်
ဦးရေများသော်လည်း၊ အောက်တန်း ဒ-ခြေပြု သင်ရိုးကျမ်းစာတို့
၌၊ နည်းနာ ကျကျ ဒ-ဓိပ္ပါယ်ထွက် မရရှိခြင်းတို့ကြောင့်၊ အထက်
တန်း သင်ရိုးပိဋကတ် ကျမ်းကြီးတို့၌၊ ပါဠိတော်, အဋ္ဌကထာ,
ဋီကာဝါကျသွားနည်း, သွားပုံ၊ ဖွဲ့ပြနည်း, ဖွင့်ပြပုံတို့ကို၊ အရေး
ကုန်ကုန် ရုံစုံစေ့ စေ့ နာ.လည် တတ်မြောက်ခြင်း မရှိကြချေ။ ဤပြ
ဆိုအပ်ခဲ့ပြီးသည့် အတိုင်း၊ ပါဠိတော်,အဋ္ဌကထာ, ဋီကာတို့၌ ရှေး
နောက် စကား အချိတ်အဆက်၊ ဝါကျသွားပုံ၊ ဝါကျသိမ်းပုံ၊ ပုဒ်ဖွင့်၊
ခတ်ဖွင့်၊ အဓိပ္ပါယ်ဖွင့်၊ ဝိဂြိုဟ်ပြ၊ အကျဉ်းချုံးပုံ၊ အကျယ်ချဲ့ပုံ
စသည်တို့ကို 'ပါဠိ' မြင်ရုံမျှနှင့် နားလည် တတ်မြောက်ခြင်း မရှိခဲ့
လျှင်၊ 'သင်ရိုး' ကျမ်းစာ ပေါက်ရောက်အောင် သင်ကြားဘူးခြင်း
သည်၊ အကျိုးထူး များစွာ မခံစားရချေ။

ထိုကဲ့သို့ အဆိုပါ စကားမျိုးတို့ကို တတ်မြောက် နားလည်ရန်
မှာလည်း၊ 'သင်ရိုး' ကျမ်းစာ ပေါက်ရောက်အောင် သင်ကြားဘူး
ခြင်းနှင့် များစွာ မသက်ဆိုင်ချေ။ ။စင်စစ်မှာမူ၊ ပိဋကတ် အခြေ
ပြု ကျမ်းစာ ဖြစ်သော 'သဒ္ဒါ, အဘိဓာန်,ဆန်း,အလင်္ကာ' တို့ကို၊
ဆရာကောင်း ထံ၊ နည်းနာ၍ သင်အံလေ့ကျက် တတ်မြောက်ပြီး
နောက်၊ အဋ္ဌကထာကျမ်း တခုခုကို စွဲစွဲမြဲမြဲ အဓိပ္ပါယ် နာယူသင်
ကြားရလျှင်ပင်၊ အဆိုပါ စကားတို့ကို တတ်မြောက် နားလည်နိုင်
ချေသည်။ ။ယင်းကဲ့သို့ နားလည် တတ်မြောက်ခဲ့လျှင်၊ နောက်
ထပ် 'စာချ' ဆရာ အထူးလိုက်၍ ရှာဘွယ် မရှိ။ မိမိ ကိုယ်တိုင်
'ပါဠိ'မြင်ရုံမျှနှင့် အနက်ထင်၍၊ ဒ-ဓိပ္ပါယ် သိမြင်နိုင်ပေပြီ။ အကယ်
၍၊ အနက် မထင်ပြန်လျှင်လည်း၊ 'နိဿယ' နှင့် တိုက်ဆိုင်၍ ကြည့်
ရှုနိုင်ခြင်း။ 'နိဿယ' အဆိုနှင့် အဋ္ဌကထာ, ဋီကာတို့ ဖွင့်ပြပုံ ညီ မညီ
စိစစ် သိမြင်နိုင်ခြင်းတို့ဖြင့်၊ ပြည့်စုံ လုံလောက်ပြီ ဖြစ်၍၊ ရှေးအဘို့
ကို တိုးတက်ကြည့်ရှု သင်ကြား ဖို့ချပါများလျှင်၊ မိမိသည်ပင်

ကျမ်းပြု ဆရာတားယောက် ဖြစ်မြောက် လိမ္မာနိုင်လောက်ပေပြီ။ သို့ရာတွင်၊ယခုခေတ်မှာ ပိဋကတ်သင်ကြားရေး၌၊ အခြေခံ အားရှိ အောင် အချိန်စောင့်ဆိုင်း သင်ကြားခြင်း မရှိကြမှု၍၊ ပိဋကတ်နှင့် မသိုက်တန် ပိဋကတ် မနိုင်နင်းဘဲလျက်၊ ကြီးကျယ် ခက်ခဲ, နက် နဲသော အနက်အဓိပ္ပါယ် ပါရှိသော ပိဋကတ် ကျမ်းစာကြီးတို့ကို၊ ပေါက်ရောက်အောင် သင်ကြားကြသူတို့သာ များသဖြင့်၊ ဆထက် အဆိုပါ စကားတို့ကို၊ နားမလည်, မဘတ်မြောက်သော ပုဂ္ဂိုလ် တို့သည်၊ တရာလျှင် ကိုးဆယ်ခန့်မျှ ရှိပေလိမ့်မည်။

ဤအရာ၌၊ စဉ်းစားဘွယ် အချက်ကို ဆက်လက်၍ အမြွက်မျှ ပြဦးအံ့။ ဤကဲ့သို့ 'ပရိယတ္တိ'သင်ကြားရေးဘက် ဆိုင်ရာ၌၊ တနှစ် အောက် တနှစ်၊တပါးအောက် တပါး၊ အားသေးဆုတ်ယုတ်၍ လာ ခဲ့ရကား၊ 'ပရိယတ္တိ' သာသနာတော် နေ့ထမ်း၊ရဟန်းပုဂ္ဂိုလ် စာ ရင်းကို၊ 'တရာ'လျှင် ကိုးဆယ် ပျောက်၍ 'တဆယ်' ခန့်မျှ ရွေး ကောက် တင်မြောက်ခြင်းသည်၊ ထို သာသနာတော်မြတ်ကြီး၏ တန်းခိုး အရှိန် ညှိုးမှိန်သေးငယ်၍ လာသည့် အရာကို၊ ထင်ရှားစွာ မပြလိုပြဖြင့်၊ ဖိုမိုခန့်မှန်း ရေတွက်ရခြင်းမျှ ဖြစ်ချေသည်၊ စင်စစ် အားဖြင့်၊ ထိုမျှသောက် အရေအတွက် မရနိုင်ကြောင်းကို၊ ထိုထို- မြို့ရွာ ပြည်ရွာတို့၌၊ တိုက်တာ ဖွဲ့စည်း တည်ထောင်၍၊ 'ပရိယတ္တိ' သာသနာတော်မြတ်ကြီး၏ တာဝန်ကို၊ အားသွန် ကြိုးပမ်း ထမ်း ဆောင် သည်ပိုးလျက် ရှိနေကြသည့် ပုဂ္ဂိုလ်တို့ကပင်၊ ရဲချင့်စွာ ဝန်ခံနိုင်ကြပေလိမ့်မည်။

ယင်းကဲ့သို့ ပျက်ပြား ဆုတ်ယုတ်နေဆဲတွင်၊ သာသနာတော် မြတ်ကြီး၏၊ စည်ပင် ထွန်းကား ကြီးပွားရာ, ကြီးပွားကြောင်းကို နည်းကောင်းလမ်းညွှန် သွန်သင်ပြလျက်၊ချီ မြှင့် ထောက်ပံ့နိုင် သော 'သဒ္ဒါဝံသ, ဥဘာဝံသ,ဓိရိယဝံသ' စသော အရည့်အချင်း နှင့် ပြည့်စုံသုံးလောက်သော ပုဂ္ဂိုလ်ဘို့ကလည်း၊ မိမိတို့ တာဝန်မ ဟုတ်သကဲ့သို့၊ အကြောင်း အခွင့်အား လျော်စွာ၊ ဆလေး မပြု ဂရု

မပိုက် ထိုက်သလို မျက်နှာ လွှဲ၍ လျစ်လျူ ရှုပြီးလျှင်၊ ထိုကဲ့သို့ အခြေအနေ အရည်အချင်းမျိုးနှင့် မပြည့်စုံသော ပုဂ္ဂိုလ်တို့အား၊ ထိုသာသနာတော်မြတ်ကြီး၏ တာဝန်ကို၊ လွှဲပုံ အပ်နှံ၍ ထားခဲ့ကြသည့် ဖြစ်အံ့၊ ။ကာသလ မင်းကြီး၏ အိပ်မက်ခန်း အဓိပ္ပါယ်အရ၊ ။"နွားငယ်ကို ဝန်ဆောင် ထားလို့၊ နွားကြီးကိုတော့ ပြင်က ရုံး။ ။မရုန်းနိုင် ပစ်ခါ ထားတယ်၊ သွားတဲ့ ဖြစ်ဟန်။ ။မှုမျိုးမှန်၊ ချေ,ငံ, သိကြား။ ။လူကြီးကို ပစ်ခွါလို့၊ လူငယ်မှာ နိုင်ငံရေးကို၊ ပေးအင်လို့ထား"။ ။ဟူသော စကားကဲ့သို့၊ တာဝန်ကို ထမ်းဆောင်နိုင်သူ တို့ကလည်း၊ ထိုတာဝန်ကို မထမ်းယူ၊ ငယ်ရွယ်သူတို့ကလည်း၊ ထိုတာဝန်ကို မထမ်းဆောင်နိုင်၍၊ စွန့်ပစ်ထွက်ခွါသွားကြသည် ဖြစ်အံ့။ နောက် အနာဂတ် ကာလ၌၊ ထို 'ပရိယတ္တိဓမ္မ' ပို့ချ သင်ကြားရေး သည့် မည်မျှလောက် အားသေး ဆုတ်ယုတ်၍ လာလိမ့်မည်ကို မပြောပြနိုင်ချေ။ ။ယင်းကဲ့သို့၊ 'ပရိယတ္တိဓမ္မ' ပို့ချ သင်ကြားရေးက၊ တဖြည်းဖြည်း အားသေး, ညှိုးငယ်ခိုက်၊ ခေတ်ကာလ အလိုက်၊ လောကီဘက် ဆိုင်ရာ သတင်းစာ,မဂ္ဂဇင်း ကြည့်ရှုခြင်းအလေ့ အကျင့်ကလည်း တနေ့တခြား တိုးတက်ကြီးပွား၍ လာသဖြင့်၊ နောင်တဖန် 'ပရိယတ္တိဓမ္မ' ပို့ချ သင်ကြားရေးဘက်သို့၊ မိမိတို့ စိတ်, စေတနာ, သဒ္ဓါတရားကို ပင်၊ ပြုပြင် ပြောင်းလွှဲရန် အရေးသည်၊ ဝန်လေးခဲခက်လျက် ရှိကြပေချိမ့်မည်။

ဘုန်းခြောက်ပါးရှင်၊ ဘုရားသခင်၏၊ အဆုံးမ ဩဝါဒ ဖြစ်သော သာသနာတော် သုံးရပ်တို့တွင်၊ အကျင့်, သီလ, အာစာရနှင့် ပြည့်စုံခြင်း ဟူသော 'ပဋိပတ္တိ' သာသနာတော်။ ။မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန် တိုင်ရောက်၊ မျက်မှောက် ပြုနိုင်ခြင်း ဟူသော 'ပဋိဝေဓ' သာသနာတော်မြတ်ကြီး နှစ်ပါးသည် 'ဓမ္မက္ခန္ဓာ' ပေါင်း၊ ရှစ်သောင်း, လေးထောင် ကျမ်း အစောင်စောင် တို့ကို၊ ဆောင်ယူ ပို့ချ ပြသ သင်ကြားခြင်း ဟူသော 'ပရိယတ္တိ' သာသနာတော် မြတ်ကြီးသည် သာလျှင်၊ မှီရာ, တည်ရာ, အားထား အခြေပြုရာ ဖြစ်သဖြင့်၊ ထို 'ပရိယတ္တိ' သာသနာတော်မြတ်

ကြီးသည်၊ တနေ့သက် တနေ့၊ တရွေ့ရွေ့အားဖြင့်၊ ရေ့သွေ့ခန်းခြောက်သော 'ဇနိုင်' ကြီးကဲ့သို့၊ ပျက်စီးဆုတ်ယုတ်၍ လာချေက အထက် ဇဆိုပါ သာသနာတော် မြတ်ကြီး ရှစ်ပါးသည်လည်း၊ ဇမည် သညာမျှပင် ကြွင်းကျန် ရစ်တို့ မျှားစွာ ခဲယဉ်း နိုင့်မည်။ ။သို့အခါသို့ တိုင်ရောက်က လူနေရာ ရှင်ပါ၊ များစွာသော သတ္တဝါတို့၏ သန္တာန်၌၊ ယုတ်မာ့ဆိုးတောင်း၊ မကောင်းသော အကုသလစေ့၊ ပါ၂ ညစ်ဆုံး၊ တရားမျိုးဘို့သည်၊ လွှမ်းမိုး ဘ်စီး နှိပ်စက်၍ လာသဖြင့်၊ ဤလောကကြီးအားလုံးသည် ဇမိုက်မှောင်တုံး, မှောင်ခဲကြီးပမာ၊ ဖြစ်ရာရှိမည့် အရေးကိုလည်း၊ တွေးတော ဆင်ခြင် သမ္မဇဉ်ဖြင့်၊ ထင်မြင်အောင် ကြည့်ရှု သင့်ကြပေသည်။

သို့ရာတွင်၊ တနည်းအားဖြင့်၊ မြော်လင့်ဘွယ်ရှိသည်မှာ၊ ယခုခေတ်အလိုက်၊ သာသနာတော်ဝန်ထမ်း၊ ရဟန်းပုဂ္ဂိုလ်တို့သည်၊ စိတ်တူ ကိုယ်မျှ စည်းလုံးညီညွတ်ခြင်း၊ ဆွေးနွေး တိုင်ပင်ခြင်း, စသော တရားများသည်၊ကြီးပွားရာ,ကြီးပွားကြောင်း လမ်းမှန်အစစ် ဖြစ်သည်ဟူသော 'အပရိဟာနိယ' တရားကို၊ အားကိုး အားထားပြုလျက်၊မိမိတို့ အချင်းချင်း ပေါင်းသင်းဆက်ဆံခြင်း 'သံဃာသာမဂ္ဂီ'ပွဲ အစည်း ပြုလုပ်လျက်၊မိမိတို့ နယ်ပယ် အသီးအသီးတို့၌၊ နှီးနှောဖလှယ်ချင်းချင်း၊ ဆွေးနွေးတိုင်ပင်ပြီးလျှင်၊ 'ဝိနည်း'စာပြန်ပွဲ ပြုလုပ်ခြင်း၊ ထို 'ဝိနည်း' စာပြန်ပွဲနှင့် တွဲဘက်၍ 'ပါဠိစာမေးပွဲ' ပြုလုပ်ခြင်း၊တရားဟောပွဲပြုလုပ်ခြင်း၊ ထို 'ဝိနည်း'စာပြန်ပွဲသို့ ပြောပလောက်သော အကြောင်းထူး မရှိဘဲလျက်၊မလာ မရောက် မပြန် ဆိုဘဲ နေသော ပုဂ္ဂိုလ်၊ အကြောင်း ရှိချက် လည်း၊ အကြောင်းအား လျော်စွာ ခွင့်ပန်လျှောက်ထားခြင်း မရှိသော ပုဂ္ဂိုလ်များကို၊ ပိပြားနှိမ့်နှားအောင် သဲဒဏ်, ရေဒဏ် ပေး၍ ထမ်းကြစတမ်းဟု ကတိကဝတ်ပြု၍ 'ဝိနည်း' ပြန်ဆိုကြခြင်း။ ။လူဘက်ဆိုင်ရာ ဒါယကာ,ဒါယိကာမ 'အသင်းသူ-အသင်းသား' တို့ကလည်း၊ မိမိတို့ မြို့ရွာနယ်ပယ်၌၊ ပြုလုပ် ကျင်းပအပ်သော ထို

'ဗိနည်း' စာပြန်ပွဲဝင်၊ သံဃာတော် အရှင်မြတ်တို့အား၊ ဆွမ်း, ကွမ်း, ကျွေးမွေးခြင်း စသော လှူဒါန်းဘွယ်ဝတ္ထု အရပ်ရပ်တို့ကို၊ ပြုရလှူဒါန်း ချီးမြှင့်ကြခြင်း၊ တရားပွဲခင်းကျင်း၍ တရားနာခြင်း စသော အားဖြင့်၊ သာသနာတော်ထမ်း ရဟန်းပုဂ္ဂိုလ်တို့နှင့်၊ လူဘက်ဆိုင်ရာ ဒါယကာ, ဒါယိကာမတို့သည်၊ မိမိတို့ အချင်းချင်း စိတ်ရင်း,ကိုယ်ရင်း၊ ပေါင်းသင်းဆက်ဆံသျှက်၊ တဦးကို တဦးက အားကိုး, အားထား မှီခိုချ ပြုကြပြီးလျှင်၊ဘုရားရှင် သာသနာတော်ရောင်၊တောက်ပြောင်ထိန်ဝင်း၊ ထွန်းလင်းကြီးပွားစေခြင်း အကျိုး၌၊ အားထုတ် ဆောင်ရွက် ပြုရကြခြင်းသည်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံယူတော်မူပြီးသည့် နောက်၊ လေးလမြောက်တွင်၊ ရာဇဂြိုဟ်ပြည့်ရှင်၊ ဘုရင်အဇာတသတ်မင်းကို အမှူပြု၍၊ ထိုမင်းနှင့် တိုင်ပင်ပြီးလျှင်၊ အရှင်ဥပါလိ, အရှင်မဟာကဿပတို့ 'သင်္ဂါယနာ' တင်ကြသော ဘုံနှင့်၊ တန္တုန်းတည်း အလားတူ ဖြစ်ခကား၊ "တောင်ထိပ်ကြာပေါက်၊အနောက် နေထွက်၊ ပြိုအက် မြင်းမိုရ်၊ မီးကို မပူ၊ ချမ်းသော ဟူ၏။" ဆိုသကဲ့သို့၊ ကလိယုဂ် ခေတ်ဆိုး, ခေတ်ယုတ်ကြီးအတွင်း၌၊ ထင်ထင်, လင်းလင်း၊ ပွင့်ပွင့်, ကားကား 'ဗိနည်း' တရားပြန်ဆိုကြသော 'ဗိနည်း' စာပြန်ပွဲကြီးများကို၊ အမြှိုမြှို အနယ်နယ်၌၊ စိမ့် ခင်းကျင်းကြသော အခြေ အနေကို ထောက်ချင့်ပြန်သော်၊ နောင် အနာဂတ်ကာလ၌၊ ဘုရားရှင်သာသနာတော်ရောင်သည်၊ နေ, အထောင်၊ လ, အထောင်၊တောက်ပြောင်ထိန်ဝင်း၊ထွန်းလင်းသကဲ့သို့၊ စည်ပင်ထွန်းကား၊ ကြီးပွားတိုးတက်ပေထိမ့်ဦးမည်ဟုလည်း၊ များစွာ မြော်လင့် အားတက်ဘွယ် ရှိပေသေး၏။

ထိုအကြောင်းကို 'မင်္ဂလာဖွင့် အကျယ်သက်ခွဲကျမ်း။ ဝိနယောစ,သုသိက္ခိတော' ဟူသော မင်္ဂလာအရ "လူ, ရှင်, ကျင့်စရာ၊ အာစာပညတ်၊ ဝိနည်းမြတ်၊ သင်လတ်, ကျင့်လတ်, မင်္ဂလာ" ဟူသော သံပေါက်လင်္ကာ စာပိုဒ်၌၊ အကျယ် ရေးသားလျက် ရှိ၏။ ။ ထို့ကြောင့်၊ သာသနာတော်ဝန်ထမ်း၊ ရဟန်းပုဂ္ဂိုလ်တို့ကလည်း၊

မိမိ ဘို အချင်းချင်း စည်းလုံးညီညွတ်ခြင်း 'သံဃာသာမဂ္ဂီ' အသင်းများကို၊ တိုးပွားသည်ထက် တိုးပွားလေအောင်၊ ဖွဲ့စည်းတည်ထောင်၍ 'စိနည်း' ပြန်ဆိုကြခြင်း။ ။လူဘက်ဆိုင်ရာ ဒါယကာ, ဒါယိကာမတို့က လည်း၊ မိမိတို့ အချင်းချင်း၊ ပေါင်းသင်းဆက်ဆံသည့် 'အသင်း'များ ဖွဲ့စည်းကြပြီးလျှင်၊ သာသနာတော်မြတ်ကြီးကို 'မနုဿယာနုဂ္ဂဟာ' ဖြင့်၊ ထောက်မ, ကူညီကြစေရန်၊ အထူးအားပေး တိုက်တွန်း သင့်လှပေ၏။ ။ဤသည်လျှင် အချိန်ကျအောင် စောင့်ဆိုင်းနေခြင်း မရှိဘဲ အလုပ်သုပ်ကြ၍၊ ပျက်စီးရသော ပုဂ္ဂိုလ်တို့နှင့် စပ်လျဉ်း၍၊ သာသနာတော်ကြီး၏ အားနည်း,အားသေး ညှိုးငယ်ပုံ၊ တဆင့်ထက် တဆင့် မြင့်မြတ်ကြီးပွားလာစေရန်၊ကြံစည်ပုံဘို့ကို ပြဆိုအပ်သော စကားရပ်တည်း။

ယခုကာလ၌၊ အချိန်မကျမီ ပြုလုပ်၍ ပျက်စီးသူ၊ အချိန်လွန်မှ ပြုလုပ်၍ ပျက်စီးသူနှစ်ပါးတို့တွင်၊ အချိန်မကျမီ ပြုလုပ်သဖြင့်၊ ပျက်စီးသော သူတို့၏ အတိတ်ပတ္ထုတခုကို ပြဦးအံ့။ ။ရှေးက ဖြစ်ဘူးသည်ကား။ ပုဏ္ဏားတယောက်အား၊ မယား နှစ်ယောက် ရှိ၏၊ ထိုနှစ်ယောက်တို့တွင်၊ တယောက်သော မယား၌ 'သား' တယောက် ဖွား၏။ ထိုသားငယ်သည် ၁၂-နှစ်သား အရွယ်သို့ ရောက်သော အခါကာလ၊အဘပုဏ္ဏားကြီး သေဆုံး၍ သွားလေ၏၊ ထိုအခါ၊ တယောက်သော မယား၌၊ ကိုယ်ဝန် အရင့်, အမာနှင့် ကျန်၍ နေရစ်ခဲ့၏၊(ပုဏ္ဏားလူမျိုးများ၌၊ သား သာလျှင် အမွေဆိုင်သည်၊သမီးများ အမွေမဆိုင်) ထိုအခါကာလ၊မိမိ၏ မိထွေးအား၊ "အိုအရှင်မ၊ ကျွန်ုပ်အဘ၏ ရွှေ, ငွေ, ဘဏ္ဍာ, ဥစ္စာ, အမွေ အနှစ်တို့ကို၊ ကျွန်ုပ်သား အပ်နှံပါလော"ဟု အခါခါတောင်းဆို၏။ထိုအခါ၊ မိထွေး ဖြစ်သော ပုဏ္ဏားမက၊ 'အို အမောင်၊ ငါ မွေးဖွားသည် တိုင်အောင် ဆိုင်းငံ့ပါဦး။ အကယ်၍ သားယောကျ်ား မွေးဖွားသည် ဖြစ်အံ့၊ထိုသူငယ်အတွက် အဘို့ကိုလည်း ပေးရဦးမည် ဖြစ်သည်၊ အကယ်၍ သို့ မိန်းမ မွေးဖွားခဲ့သည် ဖြစ်အံ့၊သင်နှင့် ထိမ်းမြား လက်ထပ် ပါမည်'ဟု အခါခါ တောင်းပန်၏၊ ထိုသို့

တောင်းပန်သော်လည်း မရ၊ အကြိမ်ကြိမ်တောင်းဆိုသဖြင့်၊ သားယောကျ်ား ဖွားမည်လေလော။ သ္မီးမိန်းမ ဖွားမည်လေလော ဟု သိလိုသော ဆန္ဒအားကြီးလှသဖြင့်၊ မွေးဖွားချိန် မကျမီ 'သားလိုး ထား'ကို ယူပြီးလျှင်၊ တိုက်ခန်းတွင်းသို့ ဝင်၍ သားယောကျ်ားဖွားမည်။ သ္မီးမိန်းမဖွားမည်ကို အတည်တကျ သိရစေခြင်းငှါ၊ ဝမ်းကို 'သားလိုး'ထားဖြင့် ခွဲလေ၏။ ။ထိုသို့ခွဲသည့် အတွက်၊ အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်ရလေ၏။ ။ဤဝတ္ထုကို 'သုတ်ပါထေယျ ပါဠိတော်၊ ရာဇည' မင်းကြီး ဝတ္ထု၌၊ ရှင်ကုမာရ ကဿပ ဟောတော်မူ၏။ ။ဤဝတ္ထုဖြင့်၊ အချိန်ကျအောင် မဆိုင်းငံ့နိုင်သည့် အတွက်၊ ပျက်စီးခြင်းသို့ ရောက်ရသည်ကို ပြဆို၏။ ထို့ကြောင့်၊မည်သည့် အမှုကိစ္စတို့ကို ပြုလုပ်ရာ၌ မဆို၊အချိန်ကျ-မကျကို ကြပ်ကြပ် ဆင်ခြင် စဉ်းစားပြီးလျှင်၊ အချိန် မကျခင် အလုပ် မလုပ်မိကြအောင်၊အထူး သတိဆောင်ကြကုန်ရာ၏။

ထိုစကားကိုပင် ထင်ရှားအောင် ဝတ္ထုသက်သေတခု ထပ်၍ပြဦးအံ့။ ။လွန်လေပြီးသောအခါ၊ တက္ကသိုလ်ပြည်၊ ဒိသာပါမောက္ခ ဆရာကြီးထံ၌ အချိန်မှန်စွာ တွန်တတ်သော 'ကြက်' တကောင် ရှိ၏။တရံရောအခါ၊ ထိုကြက်သည် သေဆုံး၍ သွားသဖြင့်၊အခြားသော ကြက်တကောင်ကို ယူ၍ မွေးထားပြန် ကုန်၏။ထိုကြက်သည်ကား၊အချိန်ကို ကောင်းစွာ မသိသဖြင့်၊ ရံခါ စောစောတွန်၍၊ ရံခါ နေမြင့်မှ တွန်၏။ထိုဆရာကြီး၏ တပည့်တို့သည်လည်း ထိုကြက်ကို ပမာဏထား၍၊ ကြက်တွန်သော အချိန်၌သာ ဗေဒင်ရွတ်ဘတ်သရဇ္ဈာယ်ခြင်းကို ပြုကြသဖြင့်၊ ရံခါ ရံခါ အချိန် စောစော ထ၍ ရွတ်ဘတ်ကြရသဖြင့်၊အအိပ်ပျက်၏။ရံခါရံခါ နေမြင့်မှ ထ၍ ရွတ်ဘတ်ကြသဖြင့်၊ ရွတ်ဘတ်ဘို့ အချိန်မရ ဖြစ်ကြကုန်၏။ ။ဤသို့လျှင် အချိန်မတိုင်မီ အိပ်ရာမှ ထရခြင်း၊နောက်ကျမှ ထရခြင်းအားဖြင့်၊ မိမိတို့ သင်ကြား ရွတ်ဘတ်အပ်သော 'ဗေဒင်'တို့သည် ရှေ့သို့ မတိုးတက်သည့်အပြင်၊ ရပြီး, သိပြီး,တတ်ပြီး, ဗေဒင်များပင် ပျောက်ကွယ်၍ သွားကြကုန်၏။ ထို့ကြောင့်၊ အချိန် မကျခင်

အလုပ် လုပ်ခြင်း၊အချိန်လွန်မှ အလုပ်လုပ်ခြင်းတို့သည်၊လွန်စွာ အကျိုးစီးပွား၊ပျက်ပြားဆုတ်ယုတ်ကုန်၏၊ ထိုအကြောင်းကို ပြတော်မူလိုသော သုံးလူ့ဆွတ်ထား၊ ဘုရားမြတ်စွာသည်၊ 'ကောနိပါတ်' ပါဠိတော်၌၊ဤသို့ဟောတော်မူ၏။

အမာတာ ပိတရသံဝဍ္ဎေါ၊ အနာဝေရကုလေ ဝသံ၊

နာယံ ကာလံ ဝိကာလံ ဝါ၊ အဘိဇာနာတိ ကုက္ကုဋော။

ဤကြက်သည်၊ မိမိအား သင်ကြားပြသမည့် ဆရာမရှိသော အမျိုး၌ နေရသည်ဖြစ်၍၊ အမိ၊အဘနှင့် အတူတကွ မကြီးပွားခဲ့ရချေ။ ထို့ကြောင့်၊ အချိန်ကာလကိုရင်း အချိန်ကာလ မဟုတ်သည့်ကိုရင်း၊ကောင်းစွာပိုင်ပိုင် မသိနိုင်ချေ။ ။ဤကား ကာလသမ္ပတ္တိ၊ ကာလဝိပတ္တိ နှစ်ပါးကို ပြဆိုခဲ့ပြီး၏။

(၅) ပယောဂသမ္ပတ္တိဟူသည်ကား။ ။ဤသမ္ပတ္တိ၌၊ ကောင်းသော ဉာဏ်နှင့်ယှဉ်သော-လုံ့လ, ပယောဂနှင့် ပြည့်စုံခြင်းကို ပင်ယူရမည် ဟူ၏။ထိုလုံ့လ, ပယောဂကို၊ "ကံ၊ ဉာဏ်, ဝီရိယ, အကျယ်သက်စွဲကျမ်း၌ 'ဝီရိယ' "ဟူသော အမည်ဖြင့်၊ ပြဆိုခဲ့ပြီးဖြစ်သော်လည်း၊ထိုကျမ်းစာ၌ အဆိုမပါ။ ကြွင်းကျန်သော အရာအဓိပ္ပါယ်တို့ကို ပြဆိုဦးအံ့၊ ။ဤသမ္ပတ္တိ၌၊ အားထုတ်အပ်သည်ကို အားထုတ်ခြင်း၊ အားမထုတ်အပ်သည့်ကို အားမထုတ်ဘဲ နေခြင်းသည် 'ပယောဂသမ္ပတ္တိ'. မည်၏။ ထို ပယောဂသမ္ပတ္တိ နှင့်ပြည့်စုံသော သူတို့သည်၊ နှမ်းကို ဆီကြိတ်က၊ ဆီရသကဲ့သို့ရင်း၊ သရက်ပင် စိုက်က၊သရက်သီး စားရသကဲ့သို့ရင်း၊ အကျိုးစီးပွားကို ကြီးမားစွာ ဖြစ်ထွန်းစေကုန်၏။ အားထုတ်အပ်သည်ကို အားမထုတ်ခြင်း၊ အား မထုတ်အပ် သည်ကို အား ထုတ်ခြင်း သည် 'ပယောဂဝိပတ္တိ' မည်၏။ ထိုပယောဂဝိပတ္တိနှင့် ပြည့်စုံသော သူတို့၌၊ ကျောက်ခဲကို ဆီကြိတ်သောသူကဲ့သို့ရင်း၊ အဆိပ်ကို မျိုမိသောသူကဲ့သို့ရင်း၊ များစွာ အကျိုးစီးပွား ပျက်ပြား ဆုတ်ယုတ်ကုန်၏။

တနည်းကား။ ။မိမိအင်အားနှင့် ထိုက်တန်သော အလုပ်ကို လုပ်ခြင်း။မိမိအင်အားနှင့် မထိုက်တန်သော အလုပ်ကို မလုပ်ခြင်းသည် 'ပယောဂသမ္ပတ္တိ' မည်၏။ ။မိမိအင်အားနှင့် ထိုက်တန်သော အလုပ်ကို မလုပ်ခြင်း၊ မိမိအင်အားနှင့် မထိုက်တန်သော အလုပ်ကို လုပ်ခြင်းသည် 'ပယောဂဝိပတ္တိ' မည်၏။ ။တနည်းကား။ မိမိနှင့် ဆိုင်သောအလုပ်၊ မိမိတာဝန်ဖြစ်သော အလုပ်ကို ရွက်ဆောင်ခြင်း၊ မိမိနှင့် မဆိုင်သော အလုပ်၊ မိမိတာဝန်မဟုတ်သော အလုပ်တို့ကို မရွက်ဆောင်ခြင်း သည် 'ပယောဂသမ္ပတ္တိ' မည်၏။ ။မိမိနှင့် ဆိုင်သော အလုပ်၊ မိမိတာဝန်ဖြစ်သော အလုပ်ကို မလုပ်ခြင်း၊ မိမိနှင့် မဆိုင်သော အလုပ်၊ မိမိတာဝန် မဟုတ်သော အလုပ်ကို လုပ်ခြင်းသည် 'ပယောပသမ္ပတ္တိ' မည်၏။

ထိုစကားကို ထင်ရှားစေဦးအံ့။ လူ ဖြစ်အံ့၊ လူတို့ပြုအပ်သော ကုန်သွယ်ခြင်း,လယ်လုပ်ခြင်း, နွားမွေးခြင်း စသော လောကီဘက်ဆိုင်ရာ အသက်မွေးမှုတို့ကို ပြုလုပ်ခြင်း၊ ငါးပါးသီလ, ရှစ်ပါးသီလ, ဆယ်ပါးသီလ တို့ကို စောင့်သုံးခြင်း၊ ဆွမ်းတော်, ရေချမ်းတော်,ပန်းတော် ကပ်လှူခြင်း၊ ဆွမ်းလောင်းခြင်း၊ရေတွင်း, ရေကန် တူးခြင်း၊ တံတားခင်းခြင်း၊ ကျောင်းဆောက်ခြင်း၊ စရပ်, တန်ဆောင်း ဆောက်ခြင်း စသော လောကုတ္တရာဘက်ဆိုင်ရာ အလုပ်တို့ကို လုပ်ခြင်းသည် 'ပယောဂသမ္ပတ္တိ' မည်၏။ ။မိမိတို့နှင့် မဆိုင်သော ဖဲရိုက်ခြင်း၊ ကြက်တိုက်ခြင်း၊ နွားပြိုင်ခြင်း၊ မြင်းပြိုင်ခြင်း၊ဘိန်းစားခြင်း၊ အရက်သောက်ခြင်း၊ သူတပါး သားမျိုး, သမီးမျိုးတို့ကို ဖျက်ဆီးခြင်း၊ အပျော်အပါးကြူးခြင်း၊ ထိုအရာတို့ကို အားပေးခြင်း စသော မိမိတို့ ပျက်စီးရာ, ပျက်စီးကြောင်း တို့ကို ပြုလုပ်ခြင်းသည်ကား 'ပယောဂဝိပတ္တိ' မည်၏။

ရဟန်းဖြစ်အံ့။ စာပေကျမ်းဂန် သင်အံပို့ချခြင်း၊ စတုပါရိသုဒ္ဓိသီလ လေးပါးကို လုံခြုံအောင် စောင့်သုံးခြင်း၊ ဓုတင် အကျင့်တို့ကို တတ်စွမ်းနိုင်သမျှ ကျင့်ဆောင်ခြင်း၊သံဃာတို့၏ အမှုကြီးငယ်တို့ကို ရွက်ဆောင်ခြင်း၊ ခေါင်းရိတ်ခြင်း၊ သင်္ကန်း ဖွပ်ခြင်း၊

သင်္ကန်းချုပ်ခြင်း၊ သင်္ကန်းဆိုးခြင်း၊ သပိတ် ဖုတ်ခြင်း၊ သေနာသနဝတ်ပြုခြင်း၊ ဆရာဝတ်, တပည့်ဝတ်ကိုပြုခြင်း စသော အားဖြင့်၊ ရဟန်းတို့နှင့် ဆိုင်သော အလုပ် တို့ကို လုပ်ခြင်း သည် 'ပယောဂသမ္မတ္တိ' မည်၏။ ။ရဟန်းတို့နှင့် မဆိုင်သော 'အနနုလောမိ ကောပဝီ ဇီဟိ သံသဋ္ဌဝိ သံသဋ္ဌေ ဟောဘိ' ဟူသော ပါဠိတော်နှင့် ညီစွာ၊ ဒါယကာတို့နှင့် သဟာသောက်, သဟာနန္ဒီဖြစ်ပြီးလျှင်၊မိမိကိုယ်တိုင် ဒါယကာ, ဒါယိကာမတို့၏၊ ရှေ့ဆောင်, ရှေ့ရွက် ပြုလုပ်ပြီးလျှင်၊ ဘုရားဖူးဘွဲ့လည့်သွားလာခြင်း၊ ဈေးနာလိုက်၍ ဝယ်ခြမ်းပေးခြင်း၊ မြို့ကြီး,ပြကြီး, တိုက်ဆိုင်ကြီးတို့သို့ လိုက်ပြခြင်း စသော အားဖြင့်၊ လောကီဘက်ဆိုင်ရာ လူ့မှုကိစ္စတို့ကို ရှေ့ဆောင်,ရှေ့ရွက်ပြုလုပ်ပြီးလျှင်၊ ကိုယ်တိုင် လိုက်ပါဆောင်ရွက်ခြင်း၊ ဗေဒင်ဟောခြင်း၊ ဆေးကုခြင်း၊ယတြာချေခြင်း၊ နွားမွေးခြင်း စသော ရဟန်းတို့နှင့် မဆိုင်သော အလုပ်တို့ကို လုပ်ခြင်း သည် 'ပယောဂဝိပတ္တိ' မည်၏။

**တနည်းကား**။ ကျန်သွယ်၍ အသက် မွေးမြူသောသူ ဖြစ်အံ့။ ကျန်သည်တို့ တတ်သင့်, တတ်ထိုက်သော အတတ်တို့ကို သင်ကြားခြင်း၊တတ်မြောက်သည်အား လျော်စွာ၊ ကျန်သည်တို့ ပြုသင့်, ပြုထိုက်သော ဝတ်တရားတို့ကို၊ ကြေပြွန်စွာ ပြုလုပ်ခြင်းသည် 'ပယောဂသမ္ပတ္တိ' မည်၏။ ။ကုန်သည်တို့နှင့် မဆိုင်သော အလုပ်ကို ပြုလုပ်ခြင်းသည် 'ပယောဂဝိပတ္တိ, မည်၏။ ထိုကုန်သည် ဘက်ဆိုင်ရာ အလုပ်ကို လုပ်ကိုင်ရာ၌လည်း၊ မိမိငွေအား, ကြေးအား, အသိအလိမ္မာအားနှင့် တန်ရုံ၊ မိမိကျွမ်းကျင် လိမ္မာသော အလုပ်၊ မိမိ နိုင်နိုင်နင်းနင်းလုပ်နိုင်သော အလုပ်၊ ကျိန်းသေ အကျိုးဖြစ်ထွန်းတတ်သော အလုပ်မျိုးကို လုပ်ခြင်းသည် 'ပယောဂသမ္ပတ္တိ'၊ မည်၏။ ။မိမိ ငွေအား, ကြေးအား, အတတ်ပညာအားနှင့် မတန်သော အလုပ်၊ မိမိကျွမ်းကျင် မနိုင်နင်းသော အလုပ်၊ 'ကံ' ကောင်းမှ အကျိုးဖြစ်ထွန်းတတ်သော အလုပ်ကို လုပ်ခြင်းသည် 'ပယောဂဝိပတ္တိ'၊ မည်၏။ လယ်ဖြင့် အသက်မွေးသူ၊ နွား

မွေး၍ အသက်မွေးသူ ဧသော သူတို့မှာလည်း၊ ထိုနည်းအတူ၊ ဓိဓိ တို့ ဆိုင်ရာ အသက်မွေး ဝမ်းကြောင်းဖြစ်သော အတတ်ပညာတို့ ကို သင်ကြားခြင်း ပြုလုပ်ခြင်းတို့သည် 'ပယောဂသမ္ပတ္တိ' မည်၏။ ဓိဓိတို့နှင့် မဆိုင်သော အတတ်ပညာကို သင်ခြင်း, ပြုလုပ်ခြင်းတို့ သည်' ပယောဂဝိပ္ပတ္တိ' မည်၏။

ဤ 'ပယောဂသမ္ပတ္တိ၊ ပယောဂဝိပ္ပတ္တိ' နှစ်ပါး တို့တွင်၊ 'ပယောဂသမ္ပတ္တိ' ၏ အကျိုးစီးပွား၊ ကြီးမားစွာ ဖြစ်ထွန်းသော ပုံဝတ္ထုကို၊ 'ကံ,ဥာဏ်,ဝီရိယ'အကျယ်လက်စွဲကျမ်း' ၌ ပြဆိုအပ် သော အသက် ၇-ရက်သာ နေရမည့် 'ကံ' ပါသော်လည်း၊ 'ပယောဂသမ္ပတ္တိ' အတွက်၊အသက် ၁၂၀-နေရသော 'အဘယ ဝဆုန' သတို့သားဝတ္ထု။ ။စစ်ရှုံးမည် ဟု သိကြားမင်းကပင် ပြော သော်လည်း၊ 'ပယောဂသမ္ပတ္တိ' အတွက်၊ စစ်အောင်မြင်ရသော 'အသက' မင်းကြီးဝတ္ထုတို့ဖြင့် သိအပ်၏။ ။'ပယောဂဝိပ္ပတ္တိ' ကြောင့်၊အကျိုးစီးပွား ပျက်ပြားဆုံးရှုံးသော ပုံဝတ္ထုကို မူကား၊ ဘုရားအလောင်း 'ဒင်ကျီး' ငှက်ကို အတုလိုက်၍ ရေ၌ ငုပ်ပြီးကာ၊ ငါးကို ရှာသဖြင့်၊ရေတွင် ပျက်စီးရသော ဒေဝဒတ် 'ကျီး' ဝတ္ထု။ ဘုရားအလောင်း 'ခေါက်ရှာ' ငှက်၊ ယခုကာလခေါ် 'သစ်တောက် ငှက်' ကို အတုလိုက်၍ ရှားနှစ်ကို နှုတ်သီးဖြင့် ခေါက်မိသည့်အ တွက်၊ နှုတ်သီးကျိုးပြီးလျှင် သေကြေပျက်စီးရသော ဒေဝဒတ်အ လောင်း 'ကျီး' ဝတ္ထု။ ။ဘုရားအလောင်း 'ခြသေ့' မင်းကို အတု ပြု၍၊ ဆင်ပြောင်ကြီးကို သတ်ဖြတ်၍ အသွေးအသားကို စားမျို မည်ဟု အားထုတ်သည့် အတွက်၊ဆင်ပြောင်ကြီး၏ လက်ချက်ဖြင့် အသက်သေဆုံးရသော ဒေဝဒတ်အလောင်း 'မြေခွေး' ဝတ္ထု။ ။ 'ပဋိစ္ဆယမန္တန်' ကို ရသဖြင့်၊တောသုံးထောင်ကို အစိုးရရုံမျှနှင့် အားမရ တင်းမတိမ်နိုင်ဘဲ၊ ဗာရာဏသီပြည်ကြီးကို ထီးပိုင်, နန်း ပိုင် ပြုလုပ်လို၍၊မိမိစီးလာသော ခြသေ့ကိုပင် အဟောက်ခိုင်းရာ၊ ခြသေ့၏ အသံကို လွန်စွာကြောက်လန့်ခြင်း၊ ထိတ်လန့်ခြင်း ဖြစ်၍၊ ဘဝမ်းဘတာ ဦးတည့်ရာပြေးကြသဖြင့်၊ တကောင်ကို တကောင်

နင်းမိ တိုက်မိ၍၊ သေဆုံးကြရာတွင်၊ အပါအဝင် ဖြစ်၍ သေဆုံးရသော ဓေဝဒတ် အလောင်း 'မြေခွေး' ဝတ္ထုတို့ဖြင့် ဆိုအပ်၏။ ။ ဤသို့မှုတို့ကြောင့်၊ ရှေ့ 'ကျီး' ဝတ္ထု၊ နှစ်ခုတို့ဖြင့်၊ မိမိတို့ မနိုင်သော အလုပ်၊ မိမိတို့နှင့် မဆိုင်သော အလုပ်၊ မိမိတို့ မကျွမ်းကျင်သော အလုပ်၊ ကျိန်းမသေသော အလုပ် တို့ကို လုပ်မိ၍၊ ပျက်စီးရပုံကို ပြဆို၏၊ 'မြေခွေး' ဝတ္ထု၊ နှစ်ခုဖြင့်၊ မိမိတို့နှင့် မထိုက် မတန်သော အလုပ်တို့ကို လုပ်မိသည့် အတွက်၊ ပျက်စီးရပုံကို ပြဆို၏။

ထို့ကြောင့်၊ ဤလောက၌ ချမ်းသာ စီးပွားနှင့် ကြီးမား ပြည့်စုံကြသော သူတို့သည် 'ပယောဂသမ္ပတ္တိ' နှင့် ပြည့်စုံ၍၊ ချမ်းသာ ကြီးပွားကြသူသာ များကုန်၏။ 'ကံ' သက်သက် အတွက်၊ ချမ်းသာ ကြီးပွားသော သူကား၊ တထောင်မှာ တယောက် လောက်သာ ရှိကောင်း ရှိချေမည်၊ ။မြတ်စွာဘုရား ကိုယ်တော် မြတ်ကမူလည်း၊ လူ့ဘုံ,ကမ္ဘာ၌ နိမ္မာနရတိ နတ်ပြည် တိုင်အောင် သော သူတို့ကို 'ကမ္မဖလ ဥပဇီဝိတ' အဘိတ် 'ကံ' ပင့်ပြန် 'ကံ' နှစ်တန်သော 'ကံ'၏ အကျိုးကို မှီ၍ အသက်မွေးမြူသော သူ၊ ။'ဥဋ္ဌာနဖလ ဥပဇီဝိတ' ထကြွ လုံ့လ, ဝီရိယ၏ အကျိုး ကို မှီ၍၊ အသက် မွေးမြူသော သူတို့ဟူ၍'ပုဂ္ဂလပညတ်'ပါဠိတော် ၌၊ ဟောတော်မူအပ်၏။ ။ထို့ကြောင့်၊ ဤလောက၌၊ 'ကံ' မ ကောင်း၍၊ ဆင်းရဲကြသော သူတို့သည်၊ တထောင်လျှင် တယောက် လောက်သာ ရှိချေမည်။ ။ဤနောက်က ပြဆိုအပ်ခဲ့ပြီးသော နည်း အားဖြင့်၊ အလုပ်ကို နားမလည်ခြင်း၊နားမလည်သော်လည်း မိမိတို့ တာဝန်ကို ကြေပြွန်အောင် မလုပ်ခြင်း၊ မိမိတို့ မနိုင်သော အလုပ်၊ မကျွမ်းကျင် မထိုက်တန်သော အလုပ်တို့ကို ပြုလုပ်ခြင်း တို့ကြောင့်၊ ဆင်းရဲရသော သူတို့သာ များလှချေ၏။

ထို့ကြောင့်၊ ယခုအခါ၌၊ ဆင်းရဲကြ, မချမ်းသာကြသော သူတို့ ၏ ပြုလုပ် နေထိုင်ကြပုံကို၊ ဉာဏ်ဖြင့် ဆင်ခြင်ကြည့်လျှင်၊ ဆင်းရဲ ရသည့်အရာ, ပင်ပန်းရသည့် အရာ ပင် နည်းပါးသေးသည်။ ယခု

ထက် တိုး၍ အမျိုးမျိုး ဆင်းရဲ, ပင်ပန်း သင့်သေးသည်ဟုပင် ဆို ရန် ရှိချေမည်၊ထိုစကား မှန်၏၊အကြောင်းမူကား၊အချို့က ဖြစ်မြောက် နိုင်မည်၊မဖြစ်မြောက်နိုင်မည် ဟူ၍ရင်း၊ လုပ်သင့်သော အလုပ်၊ မ လုပ်သင့်သော အလုပ် ဟူ၍ရင်း၊ စဉ်းစား ဆင်ခြင်ခြင်း မရှိမူ၍ 'မဟာဇနက'မင်းသားသည်ပင် ကမ်းလမ်း မမြင်၊ ပင်လယ်ပြင် ကြီး၌၊ လက်ပစ် ကူးသေးရကား၊ အဘယ်ကြောင့်၊အားမထုတ်ဘဲ နေရမည်နည်း ဟူ၍၊ အားထုတ်ခြင်းကိုသာ တိုက်တွန်းကြကုန်၏၊ ထိုစကားသည် မှား၏၊ 'မဟာဇနက' မင်းသားမှာမူ၊ ဖြစ်မြောက် မည် ဖြစ်စေ၊ မဖြစ်မြောက်မည် ဖြစ်စေ၊ ပြုလုပ်ရမည့် အရာ ဖြစ်၍ ပြုလုပ်ရသည်ကို 'သတိ' မူသင့်၏၊ ။အသေးသတိပြုရန်မှာ— မည်သူ မဆို ပင်လယ်တွင်း၌၊ သင်္ဘော ဖျော်ဘောင် ပျက်က အား အစွမ်း ရှိသမျှ ကူးရမြဲ ဝတ်တရား ရှိ၏။ ထို ဝတ်တရားကို မပြုလုပ် သော သူကို 'ယောကျ်ား' ကောင်း တို့၏ အားလုံ့လနှင့် ပြည့်စုံ သောသူ၊ လူလိမ္မာ,ပညာရှိဟု မဆိုနိုင်ပေ။ ထို့ကြောင့်၊ 'မဟာဇ နက' မင်းသားက ပင်၊ ငါ၏ ဝတ်တရား ကျေပွန်အောင် ကူးရ ကြောင်း စသည်ကို 'မဏိမေခလာ' နတ်သမီးအား ပြန်ကြား ပြော ဆိုသည့် စကားကို၊ စဉ်းစားကြဘို့ ကောင်း၏၊ ။ဤနေရာ၌ အ သေင်းတော် 'မဟာဇနက မင်းသားနှင့် မဏိမေခလာ' နတ်သမီး တို့၊ အချင်းချင်း မေးမြန်း ဖြေဆိုအပ်သော 'မဟာဇနကဇာတ်' လာ ပါဠိဂါထာများကို၊ ဗဟုသုတ တိုးပွား၍၊ အကျိုးများစိမ့် သောငှါ၊ ထည့်သွင်း ဘော်ပြလိုက်ပါသတည်း။

မဏိမေခလာ နတ်သမီးဆို။

ကောယံ မဇ္ဈေ သမုဒ္ဒသ္မိံ၊ အပဿံ တီရမာယုဟေ။
ကံ တွံ အတ္ထဝသံ ဉတွာ၊ ဧဝံ ဝါယာမသေ ဘုသံ။

(၁) နှံ့သြဘွယ်ပါတကား။ အမှတ် မထင်၊ အကြင်သူသည် လွန်စွာ ကျယ်ဟွမ်း၊ မြေပြင်ကမ်းကို၊ မျက်မှောက် ထင်ထင်၊ မမြင် မတွေ့ရပါဘဲလျက်၊ ရေပြင်နက်ကျယ်၊ ပင်လယ် အလယ်ခေါင် တည်း၌ လုံ့လ ကြီးကုတ်၊ အားထုတ်ဘိ၏ တကား၊ ဤသူသည်

ကား၊ ဘယ်သူ့နွယ်ရိုး၊ ဘယ်အမျိုးပေနည်း။ သင်သည် ဘယ်နည်းဘယ်ပုံ၊ ဘယ်တုံ့ရည်ဖူး၊ ဘယ်ကဲ့သို့သော အကျိုးထူး တရားကို၊ စိတ်ကူးမြော်ဆ၊ သိမြင်ရ၍၊ ဤသို့ ကြံ့ခိုးစား၊ စိတ်အားထက်သန်၊ ပြင်းထန်စွဲမြဲစွာ၊ လှူလကြိုးကုတ်၊ အားထုတ်သိ သနည်း။

မဟာဇနကမင်းသားဆို။

နိသမ္မ ဝတ္တံ လောကဿ၊ ဝါယာမဿ စ ဒေဝတေ။
တသ္မာ မ. ႏ္တ သမုဒ္ဒသ္မိံ၊ အပဿံ တီရမာယုဟေ။

(၂) ရေဇလာနွံ၊ တေဇာလွှမ်းရှို၊ နတ်ဘုံပျော်မှီး၊အို နတ်သွီး၊ ဇနကဟု၊ နာမထင်ရှား၊ ငါမင်းသားသည်၊ လောကခေတ်တွင်၊ အစဉ်ဖြစ်ပွား၊ လူများအပေါင်း၏၊ ပင်လယ်,ချောင်း,မြစ်၊ ရေဝယ်နစ်က၊ အားသစ်သည်းပူး၊ ကူးရမည့် ဝတ်တရားကိုရင်း။ အား ထုတ်ကြိုးပမ်း၊ ကိုယ်ညွှီးနွမ်းအောင်၊ ပင်ပန်းစွာပြုရသော လှူလ တရား၏၊ ဝိရိယခေတ်၊ မပြတ်စွဲငြိ၊ လက်ကိုင်မိက၊ ရရှိခံစားရ သော အကျိုးတရား ကိုရင်း၊ မဆုတ်ဆိုင်းဘဲ၊ ဟုတ်တိုင်းမှန်စွာ၊ သိရပါသောကြောင့်၊ မြေပြင်အထု၊ အားပြုတက်လှမ်း၊ တဘက် ကမ်းကို၊ ဘယ်ဆီ,ဘယ်လမ်း၊ဘယ်စခန်းဟု၊ မြော်မှန်းလှည့်ကာ၊ ရှုကြည့်ပါလည်း၊ ဘယ်ခါမှ မမြင်မသိရ ပါဘဲလျက်၊ ရေပြင်အ ရပ်၊ သမုဒ်နက်ကျယ်၊ ပင်လယ်အလယ်၌၊ လှူလအကျိုး၊ လွန် အားကိုးလျက်၊ ကြိုးပမ်းစွာ ကူးရလေ၏။

မဏိမေခလာ နတ်သမီးဆို။

ဂမ္ဘီရေ အပ္ပမေယျသ္မိံ၊ တီရံ ယဿ န ဒိဿတိ။
မောဃော တေ ပုရိသဝါယာမော၊ အပတွာဝ မရိဿသိ။

(၃) ဇိုရ်ရေနစ်ယောကျ်ား၊ အမောင့်သား။ ရေပြင် အရပ်၊ သမုဒ်နက်ကျယ်၊ အကြွင်ပင်လယ်၏၊ မြေပြင်ကမ်းသည်၊ မျက် မှောက်ထင်ထင်၊ မမြင်မတွေ့ရချေ။ အောက်သို့ ချင့်ထောက်၊ မ

နှင်းလောက်အောင်၊ အစောက်အားဖြင့် နက်စွာထသော၊ ခွက်ဖြင့် ချင့်နှိုင်း၊ အတိုင်းမသိ၊ ပေါ်များသော နေရှိသော ရေပြင်နက်ကျယ်၊ ထိုပင်လယ် အလယ်၌၊ သင်၏‘ယောကျ်ားမြတ်တို့’ ပြုအပ်ကြီးစွာ၊ လုံ့လတရားသည်၊ အကျိုးမပြီး၊ အချည်းနှီးသာတည်း၊ မြေပြင်ကမ်းသို့၊ ရှေ့ရှုတိုက်ရိုက်၊ မဆိုက်ရောက်မီသာလျှင်၊ ခန္ဓာပြောင်းကြွေ၊ သေလွန်ရလတ္တံ့ပေတည်း၊

မဟာဇနက မင်းသားဆို။

အဏဏော ဉာတိနံ ဟောတိ၊ ဒေဝါနံ ပိတုနဉ္စ သော၊
ကရံ ပုရိသကိစ္စာနိ၊ န စ ပစ္ဆာနုတပ္ပတိ။

(၄) နတ်တို့အရောင်၊ တောက်ပြောင် ထိန်ညီး၊ အို နတ်သမီး၊ အကြင်သူသည်၊ ‘ယောကျ်ား’ မည်တွင်၊ ဇာနည်ရှင်တို့၊ တည်ထွင်ပြုသင့်၊ ပြုခွင့်ပြုရာ၊ များစွာသော အမှုကိစ္စ၊ အလုပ် အကိုင်တို့ကို၊ သတိသမ္ပဇဉ်၊ ဉာဏ်နှင့်ယှဉ်၍၊ အစဉ်အမြဲ ပြုလုပ်သည်ဖြစ်၏။ ထိုသည့် ယောကျ်ား၊ လူများအပေါင်းသည်၊ ဘ,မိ ဆက်နွယ်၊ သွယ်သွယ်ရပုံ၊ ဆွေမျိုးရုံဘို့၊ မြီရင်း၊ ဝတ်နှံနှင်းခွင်၊ ကြွေးမြင်၌၊ ဆန်းသွင်ထွေပြား၊ နတ်အများတို့မြီရင်း၊ အဆင်းအရောင်၊ ဝင်းဝင်းပြောင်၍၊ တောက်လောင်ပြိုးလျှံ၊ မိုးရေပ် ဖြဟ္မာတို့၏ ရင်း၊ ပိုင်းကာစုဒုံ။ မိတ်ပုံအလယ်၌၊ ‘ယောကျ်ား’ မဟုတ်၊ ရုတ်နှင်ညှို့ဖျင်း၊ လှုံ့လကင်းသည့်၊ လူပျင်း,လူနှ၊ လူဗာလဟု၊ ရှုတ်ချစောင်းမဲ့၊ ကဲ့ရဲ့ပြောဆိုခြင်းဟူသော ကြွေးမြီခတင်သည် ဖြစ်၏၊ အချိန်, အခွယ်၊ နှစ်သွယ်လွန်မှ၊ နောက်ကာလ၌လည်း၊ မေ့လျော့လေခြင်း၊ လူညံ့ဖျင်းဟု၊ ပြင်းစွာ မပူပန်ရချေ။

မဏိမေခလာနတ်သမီးဆို။

အပါရေယျံ ယံ ကမ္မံ၊ အဖလံ ကိလမထုဒ္ဒယံ။
တတ္ထ ကော ဝါယာမေနတ္ထော၊ မစ္စု ယဿာဘိနိပ္ပတံ။

(၅) အို ရေနစ်ယောကျ်ား၊ အမောင့်သား။ အမှတ် မထင်၊ အကြင်သို့ သဘောရှိသော အမှု,အလုပ်မျိုးသည်၊ အားအင်ထုတ်၍

ပြုလုပ် ကြိုးပမ်း၊ ကိုယ်ညွှန်းနွမ်းလည်း၊ ဆုံးခန်း တိုင်မြောက်၊ အဆ ပြီးသို့ မရောက်နိုင်ခဲ့ချေ။ ကိစ္စ မပြီး၊ အချည်းနှီးပင်၊ အကျိုး မထင် ခဲ့ချေ။ ကိုယ်စိတ် ညွှန်းနွမ်း၊ ပင်ပန်း ဆင်းရဲခြင်း တိုးပွားရုံမျှသာ ဖြစ် ခဲ့ချေ၏။ အမှတ်မထင်၊ အကြင် အမှု အလုပ်ကို အားထုတ်သော အကြင်သူ၏ လုံ့လ ကြိုးပမ်း၊ ကိုယ် ညွှန်းနွမ်း၍၊ မချမ်းမသာ၊ ခန္ဓာ ပြတ်ကြွေ၊ သေလွန်ရခြင်းသည်သာလျှင်၊ စင်စစ်မသွေ၊ ဖြစ်ခဲပေ တော့အံ့သတည်း။ ထိုအမှုလုပ်မျိုး၌၊ လုံ့လ ကြိုးကုတ်၊ အားထုတ် ခြင်းဖြင့်၊ အဘယ်မှာလျှင် အကျိုးထင်တော့အံ့နည်း။

## မဟာဇနက မင်းသားဆို။

အပါရနေယျမစ္စတ္တံ၊ ယော ဝိဒိတွာန ဒေဝတေ၊

နရက္ခေ အတ္တနော ပါဏံ၊ ဇညာ သော ယဒိ ဟာပယေ။

(၆) အိုနတ်သမီး။ အမှတ်မထင်၊ အကြင်သို့ သဘော ရှိသော သူသည် အမှန်အားဖြင့်၊ အားအင်ထုတ်၍ ပြုလုပ် ကြိုးပမ်း ကိုယ် ညွှန်းနွမ်းလည်း၊ ဆုံးခန်း တိုင်မြောက်၊ ကမ်းသို့ မရောက်နိုင်သည့် ကို၊ တပ်အပ် ထင်ထင်၊ သိမြင်ရခြင်းကြောင့်၊ မိမိ၏ ရှင်နာမ် နှစ်ချက် ပေါင်းဆုံရက်သည့်၊ အသက် ခန္ဓာကို၊ သတိသမ္ပဇဉ်၊ ဉာဏ်နှင့် ယှဉ်၍၊ အစဉ် မစောင့်ရှောက်သည် ဖြစ်အံ့။ ထိုကဲ့သို့ သဘောရှိ သော သူသည်၊ ဥက္ကဋ္ဌဇာနည်၊ ဉာဏ်ရည် ထူးချွန်၊ လုတ်ခွန်တို့၊ တာဝန် စွဲမှတ် 'ဝီရိယ' ဓာတ်ကို၊ လက်ကိုင် မသုံး၊ ဆုံးရှုံး ပျက် ပြားစေသည် မည်၏။ ဤသို့ သိရလေ၏။

အဓိပ္ပါယဖလံ ဧကေ၊ အသ္မိံ လောကမှိ ဒေဝတေ၊

ပယောဇယန္တိ ကမ္မာနိ၊ တာနိ ဇုဇ္ဈန္တိ ဝါ နဝါ။

(၇) နတ်တို့ အရှေင်၊ တောက်လောင် ဖြိုးကြွယ်၊ မျိုးနွယ်သန့် စင်၊ အို နတ်မိခင်။ မြေပြင်၊ ရေပြင်၊ ကောင်းကင် ပတ်ဝိုက်၊ ဤလောက ဓာတ် တိုက် အားလုံး၌ အချို့ကုန်သော သူတို့သည်၊ မိမိ စိတ်အကြံ ဖြင့်၊ မိဋ္ဌာန် မြော်ကိုး၊ အလိုရှိအပ်သော အကျိုးကို၊ ကောင်းစွာ ဆင်

ခြင်၊ သမ္မာဝဥ်ဖြင့်၊ မြှောင်မြင် ဆိုရှိကြကုန်သည် ဖြစ်၍၊ အကြင်သို့ သဘော ရှိသော ကိုယ်,နှုတ်,စိတ်မှု၊ သုံးခု ပိုင်းခြား၊ အလုပ်အကိုင် များတို့ကို၊ လှုံ့လ ကြိုးကုတ်၊ နောက် မဆုတ်ဘဲ၊ အားခဲ လုပ်ကိုင်ကြကုန်၏။ ထိုသို့ သဘော ရှိသော အလုပ် အကိုင် မျိုးတို့သည်၊ ထမြောက် ကုံလုံ၊ ပြည့်စုံ ပြီးစီးသည်လည်း ရှိကုန်၏။ လှုံ့လ ထန် သည်း၊ ပြုဖန်တီးလည်း၊ မပြီးစီးဘဲ ရှိကြကုန်၏၊ ထိုကဲ့သို့ ပြီး,မပြီး၊ နှစ်နည်း နှစ်ဖုံ တွေ့ကြုံ ဖြစ်ပျက်ရသော်လည်း၊ ထိုကဲ့သို့သော အမှု အလုပ်မျိုးတို့ကို၊ စိတ်အား ကြောက်ရွံ့၊ နောက် မတွန့်ဘဲ၊ သက်စွန့် ကြိုးပမ်း၊ ကိုယ် ညွှိုးနွမ်း အောင်၊ ဖြည့်စွမ်း လုပ်ကိုင်ကြရာ သတည်း။

သန္တိဋ္ဌိကံ ကမ္မဖလံ၊ နုနု ပဿထိ ဓေဝတော၊

သန္တာ အညေ တရေမှာလံ၊ တဥ္စ ပဿာမိ သန္တိကေ၊

(၇) နတ်တို့အရောင်၊ တောက်ပြောင် ထိန်ညီး၊ အိုနတ်သွီး၊ သင်၏ မျက်မှောက်၊ ယခုရောက်၍၊ ဖြစ်မြဲ ပြီးစီးလျက် ရှိနေသော မဆုတ် မနစ်၊ အားသစ် သည်ပိုး၊ ပစ္စုပ္ပန် 'ကံ' ဟူသော' ဓိရိယ' အကျိုးကို၊ သင် နတ်သွီးသည်၊ သရုပ်ဖွဲ့ပြင်၊ ရေအယဉ်၌၊ အရှင် လတ်လတ်၊ တပ်အပ် လက်ငင်း၊ ချက်ခြင်း တွေ့မြင်ရပြီ မဟုတ်ပါ တုံလော။ ကျွန်ုပ်အပြင်၊ အားအင်လှုံ့လ၊ ချို့တဲ့ကြသူ၊ လူအများ အ ပေါင်းတို့သည်၊ ရေပြင် အစုတ်၊ လှိုင်းလေ ပုတ်၍၊ နစ်မြုပ်ကြလေ ကုန်ပြီ မဟုတ်တုံပါလော၊ သင်နှင့် အတူ၊ ကြည်ဖြူ ဘက်ပြိုင်၊ စကားနိုင် ပြောဆိုလျက်ပင်ရှိသော ကျွန်ုပ်သည်သာလျှင်၊ မသေရ သေး၊ တဖြည်းဖြည်းပင်၊ ဘခင် စံမြန်း၊ 'မိထိ' နန်းသို့၊ စိတ်မှန်း ရည့် ရူး၊ ကူးလျက်နေရပေသေးသည် မဟုတ်တုံလော။ အားပြု လက် ဖွမ်း၊ ဘက်ရမ်း ပွေ့ချီ၊ မှီနိုင်လောက်ငြား၊ ကျွန်ုပ် အနီးအပါး၌၊ ကွယ်ကာ မပြု၊ ရှေ့ရှု တည်လာသော၊ ရှုထိုမငြီး၊ သင်'နတ်သွီး' ကို လည်း၊ ဥာဏ်ထုတ် ကြိုးစား၊ လှုံ့လအားကြောင့်၊ လူသား စဥ့်လျက်၊ မျက်မြင် မိဥ္ဆ၊ တွေ့မြင် ရှုကြည့်ရသည် မဟုတ်ပါတုံလော၊

သော အဟံ ဝါယာမိဿာမိ၊ ယာထာ သတ္တိ ယာထာဗလံ။
ဂန္တွ ပါရံ သမုဒ္ဒဿ၊ ကာဿံ ပုရိသကာရိယံ။

(၉) လုဘ္ဘိစကျွ၊ ရှုထိုမငြီး၊ အို နတ်သွီး၊ ဘိုး,ဘေး ဓနက်၊ ဘ, ဓနက် ဟု၊ နွယ်ဆက် ထင်ရှား၊ ငါ 'မင်းသား' သည်၊ လုံ့လ ကြီး ပမ်း၊ ကိုယ်ညှိုးနွမ်းလည်း၊ စွမ်းအား ရှိသမျှ၊ ကိုယ်ဖြင့် ကြိုးစား၊ ခွန် အား ရှိသမျှ၊ မဆုတ်မနစ်၊ အားသစ် လုံ့လ ပြုပေတော့အံ့၊ ရေပြင်အ ရပ်၊ သမုဒ် နက်ကျယ်၊ ရေပင်လယ်ကြီး၏၊ ဘခင် စံရာ၊ 'မိထီလာ' ဟု၊ သညာ ခေါ်မှန်း၊ တဘက်ကမ်းကို၊ လှိုင်းလေ ဘေးဘျမ်း၊ လွှန်စွာ ကြမ်းလျက်၊ မချမ်းမသာ ကူးသန်းသွားလာသည့်ဖြစ်၍၊ 'ယောကျ်ား' မည်တွင်၊ 'ဓာနည်ရှင်'တို့၊ တည်ထွင် ပြုသင့်၊ ပြုခွင့် ပြုရာ၊ များစွာ ဥဿုံ အလုံးရုံသော အမှုကိစ္စအလုပ် အကိုင်မျိုးကို၊ အားအင် ခဲ၍၊ စိတ်'ဖွဲ့'ကောင်းစွာ၊ ပြုလုပ်လိုက်ပါတော့အံ့သတည်း။

## မဏိမေခလာ နတ်သမီးဆို။

ယော တွံ ဧဝံ ဂတေ ဩဃေ၊ အပ္ပမေယျေ မဟဏ္ဏဝေ၊
ဓမ္မဝါယာမသမ္ပန္နော၊ ကမ္မုနာ နာဝသီဒတိ၊
သော တွံ တတ္ထေဝ ဂစ္ဆာဟိ၊ ယတ္ထ တေ နိရတော မနော။

(၁၀) အို ရေနစ် ယောကျ်ား၊ အမောင့် သား၊ လုံ့လ အား ကိုး၊ 'ကံ'မရိုးဘဲ၊ ကြိုးစား ပြုပြင်၊ အကြင်သို့ သဘောရှိသော သင် သည်၊ ဤသို့ နက်ကျယ်၊ အံ့ဘွယ်သရဲ၊ လွန်ထူးကဲသော သဘောရှိ သော၊ လှိုင်းလေ အပြင်၊ အယဉ်သန်စွာ ထသော၊ ဘယ်ရွေ့ ဘယ်မျှ၊ ဂဏန်းချ၍၊ မှန်းဆ ချင့်ချိန်၊ အတိုင်း မသိသော ရေရှိသော သမုဒ္ဒရာ၌၊ အသိ အလိမ္မာ၊ ဉာဏ်ပညာနှင့် တကွ၊ အင်္ဂါ လေးလီ၊ အညီဖြည့် ပွား၊ တရားတည်း ဟူသော လုံ့လ 'ဝီရိယ' နှင့် ပြည့်ရုံသည် ဖြစ်၍၊ မိမိ ကိုယ်တိုင်၊ ကြံခိုင် စွဲမြဲ၊ အားခဲ လုံ့လ၊ 'ဝီရိယ'ဟူသော ပစ္စုပ္ပန် 'ကံ' ကြောင့်၊ ရေယဉ် အရက်၊ လှိုင်းလေ ပုတ်ထည်း၊ မနစ်မြုပ်ရ ပေ၊ ထိုသို့ သဘောရှိသော သင် မင်းသားသည်၊ အမှတ် မထင်၊

အကြင်အရပ်၌၊သင်မင်းသား၏ စိတ်နှလုံးသည် ကြည်လင်နှစ်မြိုက်၊ ပျော်ပိုက်မွေ့လျော်၏။ ထိုအရပ်၌သာလျှင် သွားပေတော့၊

ဤသို့လျှင်၊ 'ပယောဂသမ္ပတ္တိ' ၏ အကျိုးစီးပွား ကြီးမားဖြစ်ထွန်းဖို့ 'ပယောဂဝိပတ္တိ' ၏ အကျိုးစီးပွား ပျက်ပြား ဆုတ်ယုတ်ပုံတို့ကို ထောက်ဆ၍၊ မိမိနှင့် မသက်ဆိုင်သော အလုပ်၊ မထိုက်တန်သော အလုပ်၊ မကျွမ်းကျင် မလိမ္မာသော အလုပ်တို့ကို ပယ်ရှား၍၊ မိမိနှင့် သက်ဆိုင် ထိုက်တန်၍၊ ကျွမ်းကျင် လိမ္မာပြီးသော အလုပ်အကိုင် တို့ကိုသာ လုပ်ကိုင်မိကြရအောင်၊ အထူး သတိ သောင်ကြကုန်ရာ၏။

အကတံ ဒုက္ကဋံ သေယျော၊ ပစ္ဆာ တပ္ပတိ ဒုက္ကဋံ။
ကတဉ္စ သုကတံ သေယျော၊ ယံ ကတွာ နာနုတပ္ပတိ။

(ဒေဝတာ သံယုတ်ပါဠိတော်။)

အကြင် မကောင်းသော သဘောရှိသော၊ မိမိနှင့် မသက်ဆိုင်သော အလုပ်၊မိမိ မနိုင်နင်းသော အလုပ်၊မိမိနှင့် မထိုက်တန်သော အလုပ်ကို ပြုလုပ်မိ၍ နောက်၌နောင်တ,တဖန်ပူပန်ရ၏။ထိုမကောင်းသော အလုပ်ကို မပြုမလုပ်ဘဲ နေရခြင်းသည် မြတ်ပါသေး၏၊ အကြင်ကောင်းသော သဘောရှိသော မိမိနှင့် သက်ဆိုင်သောအလုပ်၊ မိမိနိုင်နင်းသော အလုပ်၊ မိမိနှင့် ထိုက်တန်သော အလုပ်ကို ပြုလုပ်၍၊နောင်တ,တဖန် မပူပန်ရ၊ထိုကောင်းသောအလုပ်ကို ပြုလုပ်ခြင်းသည် ချီးမွမ်းအပ်၍၊ မြတ်လှပေ၏။ ၊ဤကား ပယောဂသမ္ပတ္တိ, ပယောဂဝိပတ္တိ နှစ်ပါးကို ပြဆိုအပ်သော စကားတည်း။ ဤသည်လျှင် 'ဥဋ္ဌာနသမ္ပဒါ' ပြခန်းပြီး၏။

—=:o:=—

ယခုအခါ၌ 'အာရက္ခသမ္ပဒါ' ကို ပြဆိုပေဦးအံ့။ ။ကတမာ စ ဗျဂ္ဃပဇ္ဇ အာရက္ခသမ္ပဒါ။ ဣဓ ဗျဂ္ဃပဇ္ဇ ကုလပုတ္တဿ ဘောဂါ ဟောန္တိ။ ဥဋ္ဌာနဝီရိယာဓိဂတာ ဗာဟာ ဗလပရိစိတာ သေဒါဝက္ခိတ္တာ ဓမ္မိကာ ဓမ္မလဒ္ဓါ၊ တေ အာရက္ခေန ဂုတ္တိယာ သမ္ပါဒေတိ။ ကိန္တိ မေ ဣမေ ဘောဂေ နေဝ ရာဇာနော ဟရေယျုံ၊ န စောရာ ဟရေယျုံ၊ န အဂ္ဂိ ဍဟေယျ၊ န ဥဒကံ ဝဟေယျ၊ န အပ္ပိယာ ဒါယာဒါ ဟရေယျုန္တိ။ အယံ ဝုစ္စတိ ဗျဂ္ဃပဇ္ဇ အာရက္ခသမ္ပဒါ။ ။{အင်္ဂုတ္တိုရ် ပါဠိတော် ဂေါတမီဝဂ်။}

ဗျဂ္ဃပဇ္ဇမည်သော ဒါယကာ။ အစောင့်အရှောက်နှင့် ပြည့်စုံခြင်းသည် အဘယ်နည်း။ ဗျဂ္ဃပဇ္ဇမည်သော ဒါယကာ၊ ဤလောက၌ အမျိုးသား၏ 'ကံ' ကောင်း၍ မဟုတ်၊ 'ဝီရိယ' ကို အားထုတ်ခြင်းကြောင့်၊ ရအပ်ကုန်သော 'ကံ' ကို မကိုးစားဘဲ၊ လက်ရုံးအားဖြင့် ဆည်းဘူးအပ်ကုန်သော 'ကံ' ကို မယုံ၊ 'ဝီရိယ' လွှဲပုံ၍၊ အားကုန်ထုတ်ပြီး၊ ချွေးဒီးဒီး ယိုစီးအောင် ပြုလုပ်မှ ရအပ်ကုန်သော တရားနှင့် သင့်ကုန်သော၊ တရားသဖြင့် ရအပ်ကုန်သော၊ စည်းစိမ်ဥစ္စာတို့သည် ရှိကြကုန်၏။ ထိုစည်းစိမ်ဥစ္စာတို့ကို ငါ၏ ဤစည်းစိမ်ဥစ္စာတို့ကို၊ မည်ကဲ့သို့ ပြုလုပ်မှ 'မင်း' တို့သည် မယူနိုင်ဘဲ ရှိကုန်အံ့နည်း၊ 'သူခိုးထားပြ' တို့သည် မယူနိုင်ဘဲ ရှိကုန်အံ့နည်း။ မီး သည် မလောင်ကျွမ်း, မဖျက်ဆီးနိုင်ဘဲ ရှိအံ့နည်း။ ရေ သည် မမျှော, မဖျက်ဆီးဘဲ ရှိအံ့နည်း။ အမွေခံ'သားဆိုး,သမီးဆိုး'တို့သည် မယူနိုင်ဘဲ ရှိကုန်အံ့နည်း၊ ဤသို့ ကြံစည်၍၊ စောင့်ရှောက်ခြင်း၊ လုံခြုံစေခြင်းတို့နှင့် ပြည့်စုံစေ၏ ဗျဂ္ဃပဇ္ဇ မည်သော ဒါယကာ။ ဤကဲ့သို့ လုံခြုံအောင် စောင့်ရှောက်ခြင်းကို 'အာရက္ခသမ္ပဒါ' ဟူ၍ ဆိုအပ်၏။

(က) မင်းဘေးအကျယ်။ ။နေဝ ရာဇာ နော ဟရေယျုံ၊ ဟူသော ပါဠိတော်၏ အဓိပ္ပါယ်မှာ၊ ခိုးမှု,တိုက်မှု, လောင်းတ... စားမှု ဝသော ရာဇဝတ်မင်းဒဏ် မကင်းသော အမှုတို့ကို ...

ကိုယ်တိုင် မပြုမိအောင် ရှောင်ကြဉ်ခြင်း၊ ပြုလုပ်တတ်သော သူတို့နှင့် ပေါင်းသင်းဆက်ဆံခြင်း၊မရှိမူ၍ ကင်းရှင်းစွာနေခြင်း၊ငွေကုန်၊ ကြေးကျ ဖြစ်စေတတ်သော 'အမွေလေ့မှု' သူပိုင်သင့်, ငါပိုင်သင့် စသည်ဖြင့် 'တရားတွေ့မှု' စသော အမှုမျိုးတို့မှ၊ ကင်းလွတ်အောင် ရှောင်ရှား၍၊ အကြင်အခြင်းအရာဖြင့်၊ ရုံး ပြင်ကနားသို့ သွားလာရခြင်း စသော အားဖြင့်၊ မင်း နှင့် စပ်သည့် အတွက်၊ ငွေကုန်ကြေးကျဖြစ်၍ ပျက်စီးတတ်၏၊ ထိုအခြင်းအရာဖြင့်၊ ကင်းလွတ်အောင် စောင့်ရှောက်ခြင်းသည် 'မင်းဘေး'မှ ကင်းလွတ်အောင် စောင့်ရှောက်ခြင်းမည်၏။

ဤလောက၌၊ အချို့သောသူတို့သည်၊'ရာဇဘောဂ' ဟူသော ပါဠိတော်အရ'မင်း'ကို ရန်သူဟူ၍ ထင်ကြကုန်၏။ ထိုသို့ ထင်ကြခြင်းသည် အကြောင်းမဲ့ ထင်မည် မဟုတ်ချေ။ အကြောင်း မူကား၊ အချို့သော မင်းမှုထမ်း, လခစားတို့သည် မိမိတို့ကိုယ်ကို၊ မိမိတို့ 'မင်း'ဟူသော အမှတ်ဖြင့် 'ရာဇဂုဏ်' ရောက်၊ စိတ်အထင်မောက်ပြီးလျှင်၊ ရပ်သူရွာသားတို့ကို အသက်'အရွယ်ကြီး'သောသူ ဟူ၍ငင်း။ သီလ,သိက္ခာ'ဂုဏ်ကြီး'သောသူ ဟူ၍ငင်း၊ အလေးမပြု၊ ဂရုမစိုက်မူ၍၊ အော်အင်ငေါက်ငမ်း၊ ကြမ်းထမ်းစွာ ဆဲရေးတိုင်းထွာတတ်ခြင်း၊ 'တံမိုး' လက်ဆောင်စား၍ 'မတရား' စီရင်တတ်ခြင်း။ ဘုရားလူးမှ, နှိုးမှ ကြိုက် နှစ်သက်တတ်ခြင်း၊ မပြောက်မစား၊ ရိုးသားဖြောင့်မတ်စွာ၊ ဘုရားမလူးသူ, ရှိမခိုးသူ တို့ကို၊ အော်အင်ငေါက်ငမ်း၊ ကြမ်းထမ်းစွာ ဆဲဆို မောင်းမဲ့တတ်ခြင်း စသဖြင့်၊ 'မတရား' ပြုကျင့်တတ်သော အချို့သော 'အစိုးရအမှုထမ်း' အရာရှိများကို တွေ့မြင်ဘူးကြသောကြောင့် ဖြစ်ပေလိမ့်မည်။ ယင်းကဲ့သို့ ပြုကျင့်သည့်အတွက်၊ အောက်မေ့မှတ်ထင်ခဲ့လျှင်၊ ထိုကဲ့သို့သော သူတို့ကို အစွဲပြု၍၊ အထက် အထက် အစိုးရ အရာရှိကြီးများကိုပင်၊ အကြည်ညိုပျက်ကွက်ပြီးလျှင် 'မင်း'ဟူက၊မိမိတို့ 'ရန်သူ' ဟူ၍ အထင်အမှတ် လွဲကြပေလိမ့်မည်။

ထို့ကြောင့်။ အထက် အစိုးရ အရာရှိကြီး များက၊ ထိုကဲ့သို့

သႏၲာရှိသော သူများကို 'စုံဆောက်' များထား၍ သေချာစွာမိအောင် ဖမ်းပြီးလျှင် 'နှိပ်ကွပ်' ဘို့ကောင်းပေသည်။ ။ဆိုကဲ့သို့ပြုမှသာလျှင်၊ ဗုိလ်ရဲဒဲ့မှုသမ်းအရာရှိများသည်၊ င တို့၏ အကျိုးစီးပွားရှက်ဆောင်သော လူများပါပေတကားဟု များစွာ ကြည်ညိုခြင်းဖြစ်ပေလိမ့်မည်။

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော နည်းအားဖြင့်၊ တိုင်းပြည်ကို အုပ်ချုပ်သော 'အစိုးရ' တို့သည်၊ မိမိတို့ အုပ်ချုပ်စိုးမိုးခြင်းကို ခံရသော တိုင်းသူပြည်သားတို့၊ အသင်အမှတ် မှားယွင်းခြင်းကို မခံရစေဘဲ၊ မတရားပြုကျင့်သော အမှုတို့ ပပျောက်အောင်၊ ဝိရိယစိုက်ထုတ်၍ နှိပ်ကွပ်ပြီးလျှင်၊ တိုင်းသူပြည်သားတို့ကို၊ မိမိတို့ သားသမီးကဲ့သို့ ချစ်ခင်လေးမြတ်၍၊ ထိုသူတို့၏ အကျိုးကို သည်ပိုးရွက်ဆောင်ကြမိစေရန်၊ တိုက်တွန်းနှိုးဆော် ပညတ်အပ်သင့်လေ၏။ ။ယင်းကဲ့သို့ မဟုတ်မူ၍ 'မတရား' မှု အားကြီးသော မင်းညီ, မင်းသားနှင့် တကွ၊ မတရားသော အမှုထမ်း, အရာရှိတို့မှုကား၊ မိမိတို့ 'ရန်သူစင်စစ်' ဖြစ်ကြကုန်၏။ ။ထို့ကြောင့်၊ မိမိတို့၏ ရန်သူအစစ်ဖြစ်သော 'မြွေပွေး, မြွေဟောက်' များကို၊ အနားသို့ မချဉ်းမကပ် ဝေးသော အရပ်မှ ရှောင်ရှား၍ သွားဘိသကဲ့သို့၊ ထိုသို့ သဘောရှိသော သူများကိုလည်း၊ ရှောင်ရှားနိုင်သမျှ ရှောင်ကွင်း၍ 'ရာဇဝတ်' မင်းဒဏ် သင့်ရောက်ခြင်းနှင့် တကွ၊ 'အဓမ္မ' မှု စသော 'တရားမ' မှု များကို မဖြစ်ပွားစေရအောင် အထူးသဖြင့် ရှောင်၍ မိမိတို့ စည်းစိမ်ကို 'မင်း' ဘေးမှ လုံခြုံအောင် 'စောင့်ရှောက်' ကြကုန်ရာ၏။

မင်းဘေးမှလွတ်ပုံ။ ။မင်း ဟူသည် တရားစောင့်သော မင်းပင်ဖြစ်စေကာမူ၊ ထိုသူတို့၏ ဘေးရန်ဟု ဆိုအပ်သော ရာဇဝတ်အပြစ်ဒဏ်မှ ကင်းလွတ်အောင် ရှောင်ရှားရာ၏။ ။ရှောင်ရှားပုံကား။ အချင်းခပ်သိမ်း သတ်မှု, ခိုးမှု, တိုက်ဖျက်လုယူမှု စသော အမှုတို့ကို မပြုမိအောင် ရှောင်ကြဉ်ရမည်။ အကယ်၍ 'ပုထုဇဉ်' အလျောက်၊ မတော်တဆ မိမိနှင့် မကင်းနိုင်သူတို့ ပြုမိ

ပြားအံ့။ ချက်ခြင်းပင် ဥစ္စာရှင်များထံ ကြေချမ်း၍၊ ရုံးပြင် ကနားသို့ မသွားရအောင် တောင်းပန် ခယမ်း ခြင်း။ လျော်ကြေး ပေးခြင်းတို့ကို ပြုလျက် တဦးနှင့် တဦးလည်း ခိုက်ရန်ဒေါသ မဖြစ်ရအောင် အထူးရှောင်ကြဉ်ရမည်။ ၊အကယ်၍ မကောင်းနိုင်သူ သားသမီးတို့အတွက် ဖြစ်ပြန်ခဲ့မူလည်း၊ မိမိကိုယ်တိုင် တောင်းပန် ဝန်ချခြင်း၊ အများနှင့် ပိုင်းဝန်း၍ တောင်းပန်ခြင်း။ မိမိအား တပါးသူက တောင်းပန် ဝန်ချပြန်လျှင်လည်း၊ ဒေါသမထွက်၊ ခန္တီ ဘက်၍၊ အမျက်ပြေသိမ်း၊ ကြေငြိမ်းအေးချမ်းခြင်းဖြစ်စေရမည် ဟူ၏။

တရေးမ မှုနှင့်စပ်၍၊ မင်းဘေးမှ ကင်းလွတ်အောင် ရှောင်ရှားပုံကို ပြဆိုဦးအံ့။ ။လယ်ယာ,ကိုင်းကျွန်း,လုပ်သူ ဖြစ်အံ့။ထိုလယ်ယာကိုင်းကျွန်းအတွက်၊ အစိုးရသို့ ပေးဆောင်ရမည့် အခွန်တော်ငွေကို အခြားအရာထက် ဂရုစိုက်၍ ရှာမှီး စုဆောင်း ထားရမည်။ ထိုနည်းတူစွာ၊ မြေခွန်, လူခွန်မှ စ၍ အခွန်တော်ငွေ ပြေလည်အောင် ပေးနိုင်ဘို့ရာ၊ အထူး အားထုတ်ရာ၏။ သူ့ဘပါးနှင့် သူ့ဟာ, ငါ့ဟာ စသည်ဖြင့်၊ ညင်းခုံဘို့ရာ မရှိအောင်၊ သူတပါးနှင့် ဆက်ဆံသည့် အရာမှာလည်း၊ မိမိက သူတပါးထံမှ ကြွေးမြီ ချေးငှါး ဝယ်ယူသော အခါမှာ ဖြစ်စေ၊ သူတပါးက မိမိတံမှကြွေးမြီ ချေးငှါး ဝယ်ယူသော အခါမှာ ဖြစ်စေ။ ‘အရှုပ်အထွေး’ မရှိစေရအောင်၊ ‘စာချုပ်စာတမ်း’အသိသက်သေ အာမခံ,အာပေါင်ခံ, ခိုင်လုံခြင်းနှင့် တကွ အသေအချာ ပြုလုပ်ရာ၏။အကယ်၍‘အမှုမဲ့,အမှတ်မဲ့’ဖြစ်၍ ရှုပ်ထွေးသွားခဲ့သည် ဖြစ်အံ့၊ ရုံး ပြင်ကနားသို့ မသွားဘဲ၊ လူကြီးများကို ခုံတင်၍ ဆုံးဖြတ်ခံကြရာ၏။ အနည်းငယ်ခန့် မပြေပလော်သော အရာများကို ရုံးပြင်ကနားသို့ မသွားရောက်စေခြင်းငှါ၊ မိမိကပင် အနာခံရာ၏။ အကယ်၍ မိဘ သေဆုံးသွား၍ အမွေ ပေးရန်ကိစ္စရှိသော အခါလည်း မိမိတို့ အချင်းချင်းသဘောတူ တိုင်ပင်၍ ညီအစ်ကို မောင်နှမ သုံးယောက်ရှိက သုံးပုံ-ပုံ၊ လေးယောက်ရှိက လေးပုံ-ပုံ၊ ငါးယောက်ရှိက ငါးပုံ-ပုံ၍ ‘ကံ’ ဆိုး ‘ကံ’ ကောင်း မဲချ၍ ဝေယူလိုက်ကြရာ၏၊ အမွေပစ္စည်းက ‘တရား’ တန်လော်သော

ရမည်ဖြစ်လျှင်၊ တဆယ်, နှစ်ဆယ်ကို အနာခံဘို့ရန် အသင့်ပြင်ထားရမည်။ 'တထောင်' တန်လောက် ရဘို့ရှိလျှင်၊ 'တရာ၊ နှစ်ရာ' ကို အနာခံဘို့ရန် အသင့်ပြင်ထားကြရမည်။ တသောင်းတန်ဆိုလျှင်၊ 'တထောင်တန်' ကို အနာခံနိုင်ကြရမည်။ ။ဤသို့စသည်ဖြင့်၊ အမှုအခင်း အကြောင်းအရာ၏၊ ကြီး,ငယ် ပစ္စည်းဝတ္ထု၏၊အနည်း,အများကို လိုက်၍၊အချင်းချင်းတို့ အပေါ်၌၊ထော်ထားငဲ့ညှာနိုင်သမျှ ခွင့်ပြုညှာတာခြင်း ဖြစ်ကြချေက၊ ပစ္စည်းဥစ္စာလည်း အကုန်အကျ သက်သာ၍၊ အချင်းချင်းသည်း မေတ္တာမပျက်၊ ဆက်လက် ပေါင်းသင်း နေနိုင်၏။

အကယ်၍ ပြဆိုအပ်ခဲ့ပြီးသော နည်းအားဖြင့်၊ ရာဇဝတ်မင်းဒဏ်မှ ကင်းလွတ်အောင် မနေပြားအံ့။ မိမိတို့ နှစ်ရှည်လများ ပင်ပန်းကြီးစွာ ရှာမှီ့ရဆောင်း၍ ထားအပ်သော ဥစ္စာပစ္စည်းတို့သည်၊ တခါတည်း ပျက်စီးပြုန်းတီးခြင်းသို့ ရောက်တတ်ကုန်၏။ အချင်းချင်းလည်း၊ မေတ္တာမသက်၊ ဒေါသထွက်၍၊ အချက်ပေါင်းများစွာ ပျက်စီးဘို့ရာ ရှိချေ၏။

အချို့မှာမူ၊ ဥစ္စာပစ္စည်းတွင်မျှ မက၊ အသက်ပါ ဆုံးရှုံးပျက်စီးခြင်းသို့ ရောက်ရ၏။ ယင်းသို့ဖြစ်ခြင်းကြောင့်၊ဤသို့နောက်၌ ပြဆိုအပ်သော နည်းအမျိုးမျိုးတို့တွင်၊ အကြင်အခြင်းအရာဖြင့်၊ ရာဇဝတ် မင်းဘေး, မင်းဒဏ်သင့်ရောက်ဘို့ ရှိ၏။ ထိုအခြင်းအရာဖြင့် မင်းဘေး,မင်းဒဏ် မသင့်အောင် နေခြင်းသည်၊ မင်းဘေးမှ လုံခြုံအောင် စောင့်ရှောက်ခြင်း မည်၏။

ဖျံဝတ္ထု။ ။ထိုစကားသည် မှန်၏။ သူရသင့်သည်၊ ငါရသင့်သည်၊သူများသည်၊ငါနည်းသည် စသည်ဖြင့် ငြင်းခုံ၍၊တရားတွေ့ကြသော 'ဂန္ဓီရစာရီ' မည်သော ဖျံနှင့်၊ 'အနုတီရစာရီ' မည်သော ဖျံနှစ်ကောင်တို့ ပိုင်ဆိုင်သော 'ငါးကြင်း'သူဆူ အလယ်ပိုင်းကို 'ဒဗ္ဗပုပ္ဖ' မည်သော တရားသူကြီး 'မြေခွေး' က၊ ငါသည် 'ခုံသမာဓိ' လုပ်၍ ဆုံးဖြတ်ရသည့် အတွက်၊ ငါရထိုက်သည်ဟု ပြောဆိုလျက်၊ ကိုက်ချီသွားသော အခါမှ၊ ငြင်းခုံခြင်းကို ပြေမိကြ

သော ဖျံနှစ်ကောင်တို့ယူကျုံးမရဖြစ်ကြပြီးလျှင်၊'ဒို့အဆွေ၊ငါတို့နှစ်ဦးသည်၊ အကယ်၍ မငြင်း မခုံကြမူ၍၊ သင့်တင့်စွာ ဝေယူကြပါမူကား၊ ဤငါးကြင်းကြီးတကောင်လုံးကို၊ တာရှည်စွာ စားသုံးရမည့် ဖြစ်သည်။ ယခု ငြင်းခုံမိကြသည့် အတွက်၊ အကောင်းဆုံးဖြစ်သော ငါးကြင်းသား အလယ်ပိုင်းကို 'တရားသူကြီး' ဖြစ်သော 'မြေခွေး' ယူဆောင်သွားချေပြီတကား' ဟု များစွာ ယူကျုံးမရဖြစ်ရှာကြလေ၏။

အနုတီရစာရီ နင်္ဂုဋ္ဌံ၊သိသံ ဂမ္ဘီရစာရိနော။
အထာယံ ဣတရော ခဏ္ဍော၊ မဗ္ဘဒ္ဒသာ ဘဝိဿတိ။
ဝိရံ ဘက္ခော အဘာဝိဿာ၊ သစေ ဝိဝါဒါမသေ၊
အသီသကံ အနင်္ဂုဋ္ဌံ၊ သိင်္ဂါလော ဟရတိ ရောဟိတံ

(သတ္တနိပါတ် ဒဗ္ဘပုပ္ဖဇာတ်)

ရေတိမ်မှာ ကျက်စားသောကြောင့်၊ 'အနုတီရစာရီ' မည်သောဖျံသည်၊ အမြီးပိုင်းကို ယူပါလေလော့။ရေနက်၌ ကျက်စားသဖြင့် 'ဂမ္ဘီရစာရီ' မည်သော ဖျံအား၊ ခေါင်းပိုင်းသည် ဖြစ်ပါစေသတည်း။ စင်စစ်သော်ကား ဤအလယ်ပိုင်းသည် တရားသူကြီးဖြစ်သော ငါ'မြေခွေး'အား ဖြစ်စေအံ့သတည်း။ ။ငါတို့ ဖျံနှစ်ကောင်တို့သည် အကယ်၍ မငြင်းခုံကြကုန်သည် ဖြစ်အံ့။ နေ့ရက်ရှည်စွာ စားဘို့ရာသည် ဖြစ်ရာပြီ။ ခေါင်းလည်း မရှိသော အမြီးလည်း မရှိသော 'ငါးကြင်း' သူသူ အလယ်ပိုင်းကို တရားသူကြီး ဖြစ်သော 'မြေခွေး' သည် ယူဆောင်သွားလေပြီ။ ။

ထို့ကြောင့်။ သူရသင့်၊ငါရသင့် စသော တရားမမှုများကို၊ ရုံးသို့ မသွားကြဘဲ မိမိတို့ အချင်းချင်း၊ အတော်အတန် အနာခံပြီးလျှင် ဝေဘန်၍ ယူကြကုန်ရာ၏။ အကယ်၍ ရုံးပြင်ကနားသို့ သွားမိကြသည် ဖြစ်အံ့။ ပစ္စည်း၏ အနည်းအများလိုက်၍၊ တံဆိပ်တော်ခေါင်းကပ်ဘို့ ခေါင်းဘိုးပေးရ၊ ရှေ့နေခ ပေးရ၊ သက်သေခ ပေးရ၊ ငွေစားတတ်သော တရားသူကြီးကို ငွေထိုးရ၊ခဏခဏ ရုံးသွားရ

သည့် အတွက် အလုပ်အကိုင် ပျက်ရ၊ ခရီးစရိတ် ကုန်ရခြင်း ဝ
သော အားဖြင့်၊ မိမိတို့ ရတိုက်မှ မရကြသဲ ဖြစ်၏၊ ထို့ကြောင့်၊ရုံး
ပြင်ကနားသို့ မသွား မရောက်မိကြရအောင်၊ အထူး သတိဆောင်
ကြကုန်ရာ၏၊

ဝိဝါဒေန ကိသာ ဟောတိ၊ ဝိဝါဒေန ဓနက္ခယာ၊
ဇိနာ ဥဒ္ဒါ ဝိဝါဒေန၊ ဝိဝါဒံ မာ ကရောထ ဝေါ။
ဝေမေဝ မနုဿာသု၊ ဝိဝါဒေါ ယတ္ထ ဇာယတိ၊
ဓမ္မဋ္ဌံ ပဋိဓာဝန္တိ၊ သော ဟိ နေသံ ဝိနာယကော၊
ဓနာပိ တတ္ထ ဇိယျန္တိ၊ ရာဇကောသော ပဝဍ္ဎတိ၊

(သတ္တနိပါတ် ဒဗ္ဗပုပ္ဖဇာတ်)

ပထမဂါထာ၌၊ စကားဥပမ'အနုသာသနီ'။ ။ငြင်းခုံ ရန်ပွား၊
တရားတဘောင် တွေ့ခြင်းကြောင့်၊ နှလုံး စိတ်ဝမ်း၊ ပင်ပန်း ညှိုး
ကြုံသည် ဖြစ်၏၊ငြင်းခုံ ဖြစ်ပွား တရားတဘောင် တွေ့ရခြင်းကြောင့်၊
ပစ္စည်း ဥစ္စာ၊ များစွာ ကုန်ကျသည် ဖြစ်၏။ ငြင်းခုံ ဖြစ်ပွား၊တရား
တွေ့ရခြင်းကြောင့် ဖျံ နှစ်ကောင်တို့သည် ငါးကြင်း တကောင်လုံး၊
ဆုံးရှုံးခြင်းသို့ ရောက်ကြကုန်၏။ ထို့ကြောင့်၊ မျိုးတူ,မျိုးခြား၊ အို
ဆင်းရဲသား အပေါင်းတို့၊သင် ဆင်းရဲသား အပေါင်းတို့သည် ငြင်း
ခုံ ဖြစ်ပွား၊ တရားတွေ့ခြင်းကို မပြုကြကုန်လင့်၊ ဤအတူသည်သာ
လျှင် လူပြည်တို့တွင် အကြင် အရပ်၌ ခြင်းခုံဖြစ်ပွား၊ တရားတွေ့
ခြင်းသည် ဖြစ်၏။ ရုံးပြင်ကနား၊တရားသူကြီး ရှိရာ အရပ်သို့ သွား
ကြကုန်၏၊ ထိုတရားသူကြီးသည် ထိုသူတို့၏၊ အကြီးအမှူး၊ ဦးစီး
နာယကသည် ဖြစ်၏။ ထိုငြင်းခုံ ဖြစ်ပွား၊ တရား တွေ့ရာ၌ ရွှေ,ငွေ,
ဘဏ္ဍာ ဥစ္စာ ပစ္စည်းတို့သည်လည်း၊ ပျက်စီး ပြုန်းတီးကြ ကုန်၏။
မင်း၏ ဘဏ္ဍာကျီဘိုက်သာလျှင် တိုးပွား၏၊

မင်းက မိတ်ဆွေဖြစ်ပုံ။ ။'ရာဇကောဝေါ' ဟူသောပါဠိ၌ အ
ရ 'မင်း'ကို ရန်သူဆိုရာ၌၊ တရားမစောင့်သော မင်းများသာလျှင်၊
ရန်သူ ဖြစ်ပေသည်။ မင်းကျင့်တရား ဆယ်ပါးနှင့် အညီ၊ မင်းပြု

သော မင်းတို့မှာ မူကား၊ ရန်သူ မဟုတ်ကြဘဲ၊ မိတ်ဆွေ အစစ် ဖြစ်ကြပေသည်။ ထိုမင်းများကို အမှီပြု၍၊ တိုင်းသူ ပြည်သား သတ္တဝါအများတို့သည်၊ ချမ်းသာ သုခကို ရကြပေသည်။ ထို့ကြောင့်၊ ငါတို့ဘုရားရှင် အလောင်းတော်များမှာ၊ ဖြစ်လေရာရာ ဘဝ၌၊ 'ခွေးမင်း, ကျီးမင်း, ဟင်္သာမင်း ဆင်မင်း' စသည်ဖြင့်၊ မင်း အဖြစ်၌သာ များစွာ ဖြစ်ပေသည်။ ထိုဘုရားရှင် အလောင်းတော်ဖြစ်သော မင်းကောင်း,မင်းမြတ်တို့၊ အုပ်စိုးခြင်းကို ခံကြရသော သတ္တဝါတို့မှာ၊ များစွာသော ဘေးဒုက္ခမှ ကင်းလွတ်၍၊ ချမ်းသာ သုခကို ရကြလေ၏။

ထို့ကြောင့်၊ မြို့ရွာ, တိုင်းပြည် တည်ထောင်ကြသော သူတို့မှာ၊ မင်း မရှိလျှင် မင်းမဲ့ တိုင်းပြည် ဖြစ်၍၊ ဒုစရိုက် တရားကို လွန်စွာ ပွါးများကြပြီးလျှင်၊ ကြီးနိုင်,ငယ် ညှဉ်းဆဲ သဘောထားအားဖြင့်၊ ကြီးသောသူ၊ အားရှိ နိုင်နင်းသော သူတို့က မတရားသဖြင့် နှိပ်စက်ညှဉ်းဆဲခြင်းကို ခံကြရမည်ကို၊ ကြောက်ရွံ့ စိုးရိမ်ရခြင်းကြောင့် မိမိတို့၏ အလုပ်ကိုပင် ကောင်းမွန်စွာ လုပ်ကိုင် စားသောက်ရတော့မည် မဟုတ်ပေ။ ထိုသို့ မဖြစ်စေခြင်းငှါ မကောင်းမှု ဒုစရိုက်ပြုလုပ်တတ်သော သူတို့ကို နှိပ်နင်း၍၊ မကောင်းမှု ဒုစရိုက်မှ ကင်းသော သူတို့သည်၊ မိမိတို့ အသက်မွေး ဝမ်းကြောင်း ဖြစ်သော အလုပ်,အကိုင် တို့ကို၊ ချမ်းသာစွာ လုပ်ကိုင် စားသောက် နေထိုင်နိုင်စေခြင်း အကျိုးငှါ ရှေးဦးစွာ တရားသဖြင့်၊ မင်းလုပ်မည့်သူကို ရှာရာ၏၊ ထိုနောက်မှ၊ သား,မယား,ဥစ္စာပစ္စည်းတို့ကို ရှာမှီးရာ၏။

ရာဇာနံ ပဌမံ ဝိန္ဒေ၊ တတော ဘရိယံ တတော ဓနံ။

ရဇ္ဇိန္နသတိ လောကသ္မိံ၊ ကုတော ဘရိယံ ကုတော ဓနံ။

(ဟိတောပဒေသ။)

တရားသဖြင့် စောင့်ရှောက်တတ်သော 'မင်း'ကို၊ ရှေးဦးစွာ ရစေရာ၏။ ထိုနောက်မှ၊ 'မယား'ကိုရင်း။ ထိုနောက်မှ 'ဥစ္စာ'ကိုရင်း ရစေရာ၏။ တရားသဖြင့် စောင့်ရှောက်တတ်သော မင်းသည်၊ မရှိ

သည့် ရှိသော်၊ ဤလောက၌ မယားသည် အဘယ်မှာ ရှိတော့အံ့နည်း။ ရွှေ၊ ငွေ၊ ဘဏ္ဍာ၊ ဥစ္စာ၊ ပစ္စည်းသည် အဘယ်မှာ ရတော့အံ့နည်း။

ထိုသို့ မိတ်ဆွေအစစ်ဖြစ်သော မင်းကိုပင် သော်လည်း၊ မထိလေးစား မပြုရာ၊ ဤလောက၌ အဆိပ်ပြင်းထန်သော 'မြွေ၊ မီး'၊ အမြဲ အရံနှင့် ပြည့်စုံသော 'မင်း'၊ သီလရှိသော 'ရဟန်း'၊ ဤလေးပါးသော အရာတို့ကို၊ အရောတဝင် 'မထိလေးစား' မပြုမိကြရအောင် အထူး သတိဆောင်ကြကုန်ရာ၏။ ၊အကယ်၍၊ မထိလေးစား ပြုမိခဲ့ငြားအံ့၊ ဤဘဝတွင်ပင် စည်းစိမ် ဥစ္စာ ပျက်စီးဆုံးရှုံးခြင်းသို့ ရောက်တတ်၏။

ဘုဇင်္ဂံ ပါဝကဉ္စ၊ ခတ္တိယဉ္စ ယသဿိနံ၊
ဘိက္ခုဉ္စ သီလသမ္ပန္နံ၊ သမ္မာဒေဝ သမာစရေ။

အဆိပ်ပြင်းထန်သော မြွေကိုရင်း၊ မည်သည့် အရာကိုမျှ မရှောင်မူ၍၊ အကုန်လောင်တတ်သော မီးကိုရင်း၊ အခြံအရံနှင့် ပြည့်စုံသော တိုင်းပြည်ကို လွှမ်းမိုးသော မင်းစိုးရာဇာကိုရင်း၊ အကျင့်သီလနှင့် ပြည့်စုံသော ရဟန်းကိုရင်း၊ ကောင်းစွာသာလျှင် ကျင့်ရာ၏။

ယထာ ဘူပါ န ဟာရေယျုံ၊ ပါလေယျုံ အတ္တနော ဓနံ၊
ရညော ဂဏှန္တေ သောစန္တိ၊ အသေကာ ရက္ခိတုံ ဓနာ။

(အနုသာသနိဂါထာသစ်။)

အကြင် အခြင်းအရာအားဖြင့်၊ မင်းတို့သည် မိမိ၏ ဥစ္စာကို မယူနိုင်ကုန်။ ထိုအခြင်းအရာဖြင့် စောင့်ရှောက်ကြကုန်ရာ၏။ မင်းသည် ယူလတ်သည် ရှိသော်၊ မင်းမယူနိုင်အောင် စောင့်ရှောက်ခြင်းငှါ မထိမ္ဗာကုန်သော လူတို့သည် ပိုးရိမ်ကြောင့်ကြရကုန်၏။ ၊ ဤကား။ 'နေဝရာဇာနေဟာရေယျုံ' ဟူသော ပါဠိတော်အရ၊ မင်းဘေးမှ လွတ်အောင် ကွယ်ကာ စောင့်ရှောက် တားမြစ်ပုံ ပြဆိုအပ်သော စကားရပ်တည်း။

(၁) ခိုးသူဘေး။ ။နေစောစောဟာရေမျိုး။ ။ဟူသော ပါဠိတော်၏ အဓိပ္ပါယ်ကား၊ အကြွင်းအခြင်းအရာဖြင့်၊ ခိုးသူတို့သည် ယူခြင်းငှါ မစွမ်းနိုင်ကုန်။ ထိုအခြင်းအရာဖြင့် စောင့်ရှောက်ရမည် ဟူ၏။ ။ထိုစကားကို ထင်ရှားစေဦးအံ့။ ။သတ္တဝါတို့ မည်သည် ဝတ္ထု အာရုံအတွေ့ကို ရှောင်နိုင်သူ အလွန်ရှား၏။အလွယ်တကူ တွေ့ငြားက၊ ရှောင်ရှားလိုသော စိတ်ဖြစ်ပေါ်ဖို့ရာ လွန်စွာခဲယဉ်း၏။ထို့ကြောင့်၊မိမိတို့ ဥစ္စာပစ္စည်းတို့ကို၊ ခိုးသူ,ထားပြတို့ အလွယ်တကူ မယူနိုင်ချန် ကြံဖန်၍ သိမ်းထိန်းသိမ်းအပ်၏။

ထိုစကားမှန်၏။ မိမိတို့၌ ဖြစ်ပေါ်လာသော ဥစ္စာပစ္စည်းတို့ကို၊ မိမိတို့ သုံးစွဲ စားသောက်လောက်ရုံ အနည်းငယ်မျှ ထား၍၊ ပိုမိုသော ဥစ္စာပစ္စည်းတို့ကို ခိုးသူ,ထားပြတို့ တိုက်ခိုက်၍ မယူနိုင်သော၊ လယ်ယာ, ကိုင်း, ကျွန်း, ခြံ, ဥယျာဉ်, အိမ်, ဖွဲ့, လဲ့ စသော ဝတ္ထုတို့ကို ဝယ်ခြမ်း၍ ထားရာ၏။ ။သို့သို့ မထားလိုကလည်း ပိုမိုသော ဥစ္စာပစ္စည်းတို့ကို လုံခြုံ စိတ်ချရသော 'ဘဏ်' မှာ အပ်နှံ၍၊မိမိတို့ အသုံးမှုကား၊ စားသောက် ဝတ်ရုံ လောက်ရုံမျှ ထားရာ၏။ ထိုသို့ ထားခြင်းငှါ အလိုမရှိလျှင်လည်း သူခိုး မခိုးယူနိုင်ပြီ ဟု ယုံကြည်စိတ်ချရသော 'သံသေတ္တာ' ၌ ထားခြင်း၊ အိမ်တို့ကို လည်း၊သူခိုး,ထားပြတို့ လွယ်ကူစွာ မဝင်နိုင်စေခြင်းငှါ၊ လုံခြုံစွာ ဆောက်လုပ်၍ ထားခြင်း၊သူခိုး,တားပြတို့ ဝင်လာက၊ လွယ်ကူစွာ သိနိုင်ရန်၊ သို့မဟုတ်၊ အလွယ်တကူ ခုခံနိုင်ရန်၊ ကြိုးသာတန်းဆာ တို့ကို ပြုလုပ်၍ ထားခြင်း၊သို့မဟုတ် ထွက်ပြေးဖို့ရန်၊ အပေါက်, ဥမင် စသည်တို့ကို ပြုလုပ်၍ ထားခြင်း၊ ညဉ့်အခါကို မအိပ်ခြင်း၊ ယုံကြည်စိတ်ချရသော ဒရဝမ်ကုလားထားခြင်းအားဖြင့်၊ အကြွင် အခြင်းအရာဖြင့်၊ ခိုးသူ,ထားပြတို့ ဘေးရန်မှ လုံခြုံ၏။ ထိုအခြင်း အရာဖြင့်၊ဥာဏ်ထုတ်၍ စောင့်ရှောက်ရာ၏။

အလူးမှာ 'အညှာရှိလျှင် ယင်ခုံသည်' ဆိုသော ရှေးပညာ ရှိတို့၏ စကားပုံအတိုင်း၊ မိမိတို့ အိမ်မှာ ငွေရှိမှန်း သိလျှင်၊ သူခိုး, ထားပြတို့က၊နေ့ရှိသမျှ ခိုးရ,တိုက်ရအောင် ကြံဆောင်ကြ ပေလိမ့်

မည်။ မိမိတို့ကလည်း၊ ထိုငွေရှိသည့် အတွက်၊ တကြောင့်ကြကြ နေရပေလိမ့်မည်။ ထို့ကြောင့်၊ မိမိတို့အိမ်မှာ 'ငွေ' ဟူ၍ စားလောက်,သောက်လောက်ရုံသာ ထား၍၊ နောက်က ပြဆိုအပ်သော နည်းအားဖြင့်၊ ယုံကြည် စိတ်ချရသော 'ဘဏ်'မှာ အပ်နှံ၍ ထားခြင်း၊ သူခိုး,ထားပြ မယူနိုင်သော လယ်ယာ ကိုင်း ကျွန်း ခြံ ဥယျာဉ် အိမ် စသည်တို့ကို ဝယ်၍ ထားခြင်း သာလျှင်၊ အကောင်းဆုံး နည်းဖြစ်သည်ကို၊ အထူးသတိ ပြုကြကုန်ရာ၏၊

ထိုနည်းတို့ သတိပြုကြသော အခြားသော လူမျိုးများမှာ၊ မိမိတို့အိမ်၌ 'ငွေ'ဟူ၍ များစွာ မထားကြသဖြင့်၊ 'သူခိုး' ခိုးခံရသည်၊ 'ထားပြ'အတိုက် ခံရသည်ဟူ၍၊ မကြားရဘူးသလောက်ပင် ရှိ၏ချ၏။ ။ထိုသို့ ထားဘို့ရန် မတတ်သော တိုင်းရင်းသား လူမျိုးများကိုမူကား၊ 'မည်သူ့ကို ထားပြတိုက်ပြန်ပြီ၊ မည်သူ့အိမ်ကို သူခိုးခိုးသွားပြန်ပြီ'စသော အားဖြင့်၊ မကြာ မကြာ ကြားသိ ရပေသည်။

**မြတ်စွာဘုရား သခင်ကမူ။** သင်တို့၏ ဥစ္စာ ပစ္စည်း များကို၊ ထားချင် သလို ထားကြ။ ကံ ကောင်းလျှင် လုံခြုံလိမ့်မည်ဟူ၍ ဟောတော်မမူချေ။ **နစေသရာဟ ခေယျံ။ သူခိုး မခိုးယူနိုင်ရန် ဥာဏ်ထုတ်၍ စောင့်ရှောက်ရမည် ဟူ၍သာ ဟောတော်မူသည်။** ထို့ကြောင့်၊သူခိုး ခိုးမခံရ။ထားပြ အတိုက် မခံရ၊ ခါးပိုက်နှိုက် မခံရ၊ ရွှေလိမ်, အင်္ဂလိမ်, ဖဲလိမ်,ကြိုးလိမ် စသော အလိမ် မခံရအောင် ကြံဆောင်၍ သိမ်းဆည်းရာ၏။

ဤစကားရပ်၌၊ ရွှေလိမ်, အင်္ဂလိမ်, ဖဲလိမ်, ကြိုးလိမ် စသည်တို့ကို ခံရသော သူတို့မှာ၊ လောဘ၏ အစွမ်းအားဖြင့်၊သူတပါးတို့၏ ဥစ္စာပစ္စည်းများကို မတရားလိုချင်တတ်သော သူများဖြစ်ပေသည်။ ထို့ကြောင့်၊ သူတပါးတို့၏ ဥစ္စာပစ္စည်းတို့ကို အလွယ် တကူနှင့် မတော်မတရား မလိုချင်မိအောင် အထူးသတိဆောင်ကြကုန်ရာ၏။ ထိုသို့ သတိထား၍ လောဘတရားကို သိမ်းဆည်းသော သူတို့အား၊ မည်သည့် ရွှေလိမ်, အင်္ဂလိမ်, ဖဲလိမ်,ကြိုးလိမ် မှ လိမ်ယူနိုင်မည် မဟုတ်ပေ။

ဤနေရာ၌။ စဉ်းစားချက်ထုတ်ရန်မှာ။ "မိမိနှင့် တရံတခါ မျှသာ တွေ့ကြုံဘူးသော သူတယောက်က၊ မိမိ၏ အကျိုးစီးပွားကို၊ ရွက်ဆောင် လိုသည်ဟု ပြော လာသော အခါ၊ မယုံကြည် မိအောင် သတိပြု ရာ၏။" သူ၏ အပေါ်၌၊ မိမိက တစုံတခုသော ကျေးဇူးကိုမှ မပြုဘူးပါဘဲလျက်၊ မိမိအား ကျေးဇူး ပြုလိုသည် ဆိုလျှင်၊ စင်စစ် ထိုသူသည် မိမိအထံမှ တစုံတခုကို ရလို, ယူလိုသောကြောင့် ဖြစ်ပေလိမ့်မည်ဟု ဆင်ခြင် စဉ်းစား သတိထားအပ်၏။ ထိုသို့ ဆင်ခြင် စဉ်းစား သတိထားခြင်းကို မပြုသော သူတို့သည်၊ လောဘကြီးသော ခရီးသွား ယောကျ်ားသည်၊ 'ကျားအိုကြီး' ဖျည့်ဖြားရ၍၊ ကိုက်စားသည်ကို ခံယူရသကဲ့သို့၊ သူတပါးတို့ လိမ်သည် ဖျည့်ဖြားခြင်းကို ခံယူရတတ်ကြကုန်၏။

ကျားဝတ္ထု။ ။ထိုစကားကို ထင်ရှားစေဦးအံ့။ မာဂဓတိုင်း 'ဒက္ခိဏာ' မည်သော တောအုပ်၌၊ 'ကျားအိုကြီး' တကောင်သည် ရေချိုးပြီးလျှင်၊ သမန်းမြက်ကို လက်စွဲလျက်၊ တခုသော ရေအိုင်ကြီး၏ ကမ်းထက်၌ နေ၍၊ ခရီးသည် ယောကျ်ား တယောက်ကို၊ 'အို ခရီးသည် ယောကျ်ား၊ ဤ'ရွှေလက်ကောက်'ကို ယူပါလော'ဟု ပြောကြား၏။ ထိုအခါ လောဘကြီးသော ယောကျ်ားသည် ဤသို့ ဆို၏။

အလို မရှိအပ်သော ကျားသတ္တဝါ ဟူသော ဝတ္ထုမှ၊ အလိုရှိအပ်သော ရွှေလက်ကောက် ဟူသော ဝတ္ထုကို မြင်ရသော်လည်း၊ တင့်တယ် ကောင်းမြတ်သည် မဟုတ်နိုင်ရာ။ "အဆိပ်နှင့် ရောသော ဆေးကို စားလျှင်၊ မုချပင် သေခြင်းသို့ ရောက်ရ သကဲ့သို့" ဖြစ် ပေ လိမ့်မည်ဟု၊ မှန်ကန်သော သဘော အတိုင်း ကြံပြီးလျှင်၊ နောက် တဖန် လောဘ၏ အစွမ်းအားဖြင့်၊ ဤသို့ ကြံပြန်၏။ ။သတ္တဝါတို့ မည်သည်မှာ၊ ယုံမှား သံသယသို့ မရောက်ကြဘဲ၊ မည်သည့် အာရုံကောင်းကိုမျှ၊ တွေ့ရသည် မဟုတ်ပေ။ မိမိ အသက်ပင် သေရတော့မည်လားဟု၊ ယုံမှား သံသယသို့ ရောက်ပြီးမှ၊ အသက် ရှည်၍ ချမ်းသာ သုခကို ရမြဲ ဓမ္မတာ ဖြစ်ပေသည် ဟု အောက်မေ့၍

‘ရွှေလက်ကောက်’ကို ကြည့်လိုသော ဆန္ဒဖြင့်၊သင်၏ လက်ကော် အဘယ်မှာနည်း’ဟု မေးလေ၏။ ။ထိုအခါ ‘ကျား’သည် လက်ကို ဖြန့်၍ ပြ၏။ဒိမိ၏ အသက်ကို စားတတ်သော‘ကျား’နှင့် မည်ကဲ့သို့ အကျွမ်း ဝင်နိုင်ပါမည်နည်း ဟု ခရီးသွား ယောက်ျားက ဆိုလေ၏၊ ထိုအခါ၊ ကျားအိုကြီးက ‘အို ခရီးသွား ယောက်ျား၊ အမောင်သား။ နားထောင်ဦးလော့၊ ငါသည် ငယ်ရွယ်စဉ် အခါကမူ၊ များစွာသော ကျွဲ, နွား, လူသူ တို့ကို သတ်ဖြတ် စားသောက်သည်ကား မှန်ပေ၏၊ ယခုမူကား၊ သားမယားတို့လည်း သေဆုံးခဲ့၏။ တဦးသော တရားဟော ဓမ္မကထိက ဆရာကြီးကလည်း ဟောကြား ပြသသည်ပြင်၊သွားနှင့် တကွ၊ ခြေသည်း,လက်သည်းတို့ကလည်း၊ကျိုးပျက်ကုန်ပြီ ဖြစ်ရကား၊ တရားကိုသာ ကျင့်၍နေပြီ ဖြစ်၍၊ အဘယ်မှာ ကျွန်ုပ်နှင့် အကျွမ်းမဝင်ဘဲ နေခြင်း၌ သင့်ပါအံ့နည်း။ ထိုတရားကို သင့်အား ငါ ဟောဦးအံ့။

စာပေ ကျမ်းဂန် သင်အံ ရွတ်ဖတ်ခြင်း,အလှူဒါန ပြုခြင်း, တရားကို ကျင့်ခြင်း, မှန်သော စကားကို ဆိုခြင်း, ခြိုးခြံခြင်း,သည်းခံခြင်း, လောဘ နည်းခြင်း ဟူ၍ ကျင့်အပ်သော တရားသည် ၈ပါး ရှိ၏။ ငါ၏ စိတ်မှာလည်း၊လောဘ၌ အပြစ်ကို များစွာ မြင်၏။ ထို့ကြောင့်၊ ငါ၏ လက်၌ ရှိသော‘ရွှေလက်ကောက်’ကို အလိုရှိသူ မည်သူ တစုံတယောက်ကို မဆို။ပေးလှူလိုသော စိတ် ရှိ၏။ သို့သော်ငြားလည်း ‘ကျား’ သတ္တဝါတို့သည်၊ လူကို ကိုက်စားတတ်၏ ဟူသော လောက စကားကို ပယ်ရှားဘို့ရာ လွန်စွာ ခဲယဉ်း၏။ လူတို့မည်သည် ရှေးလူ သွားသော လမ်းကို နောက်လူတို့က အစဉ်တစိုက် လိုက်တတ်ကြကုန်၏။ ထို့ကြောင့်၊ အမျိုး ယုတ်သော သူသည်၊ မည်မျှလောက်ပင်၊ အကျင့် သီလ, အာစာရနှင့် ပြည့်စုံငြားသော်လည်း နွားသတ်သော ပုဏ္ဏားတို့ကဲ့သို့၊ မည်သူမျှ အလေးအမြတ် ပြုကြမည် မဟုတ်ပေ။

ငါသည် တရား ကျမ်းဂန်တို့၌ များစွာ လိမ္မာ၏၊ အို အလှူ့ရှင်တို့၊ မိုးလုံးကို ကုန်းပေါ်မှာ ရွာမှ အကျိုး ရှိသကဲ့သို့၊ ဆာလောင်

ဆာသော သူအား၊ အစားကို ပေးပါလော့။ ဆင်းရဲသော သူတို့အား များစွာသော ဥစ္စာတို့ကို ပေးပါလော့။ ခပ်သိမ်းသော သတ္တဝါတို့သည်၊ မိမိ အသက်ကို ချစ်ခင် စုံမက်သကဲ့သို့၊ သတ္တဝါတို့၌ သနားခြင်းကို ပြုပါလော့။ အကြင်သူသည် သူတပါး မယားကို မိမိ၏ အမိကဲ့သို့ရင်း၊ သူတပါး ပစ္စည်းဥစ္စာကို၊ တံတွေးကဲ့သို့ရင်း၊ အလုံးစုံသော သတ္တဝါတို့ကို မိမိကိုယ်ကဲ့သို့ရင်း ရှုကြည့်၏။ ထိုသူသည် 'ပညာရှိ'မည်၏။ ။ဤသို့ စသော များစွာသော တရားတို့ကို ပြောဆို၏။ထိုအခါကာလ၊ လောဘဖြင့် နှိပ်စက်သော 'ခရီးသွား'သည် ကျား'၏ စကားကို ယုံကြည်၍၊ ရွှေလက်ကောက်ကို ယူအံ့သောငှါ၊ ရေချိုးလိုသော ဆန္ဒဖြင့်၊ ရေအိုင်သို့ သက်ဆင်းလေလျှင်၊ ညွန်တည်းတွင် နစ်၍ နေလေ၏။ထိုအခါကာလ၊'ကျားအိုကြီး'က၊ဖြေးညှဉ်း သက်သာစွာ သွား၍၊'သင့်အား ငါ ကယ်မည်'ဟု ဆိုပြီးကာ ကိုက်သတ်ကာ စားလေ၏။ ။'ဤဝတ္ထုဖြင့်' လောဘ ရမက်ဖြင့်၊ အသက်ကို သတ်တတ်သော 'ကျား'၏ စကားကိုပင်လျက်လည်း နားချ၍ ယုံကြည်မိသည့်အတွက်၊ အသက် သေရသည်ကို ပြ၏။ ။ဤအတူ၊လူ မရှိသော တောတည်း၌၊ အကြောင်းမဲ့ သက်သက် ကြံဖြန့်ထားအပ်သော ဆန်ကွဲတို့ကို၊ စားလိုသော လောဘကြောင့်၊ ပိုက်ကွန်မှာ မိရသော 'ငှက်' အပေါင်းတို့၏ ဝတ္ထု စသည် များကိုလည်း မှတ်သားအပ်၏ဟု 'ဟိတောပဒေသ' ၌ ဆိုအပ်၏။

ကင်္ကဏဿ တု လောဘေန၊ မဂ္ဂေါ ပင်္ကေ သုဒုတ္တရေ၊
ဝုဍ္ဎဗျဂ္ဃေန သံပတ္တော၊ ပထိကော သမ္မတော ယထာ၊

(ဟိတောပဒေသ)

အကြောင်းသော်ကား၊ ရတနာ ရွှေလက်ကောက်ကို အဖိုသော ရမက်၊တပ်နှစ်သက်ခြင်းကြောင့်၊ အလွန် ကူးမြောက်နိုင်ခက်သော ရွှံ့ညွန်ဗွက်၌ ကျွံနစ်သော လောဘ ကြီးမား၊ ခရီးသွား ယောကျ်ားသည်၊ ကောက် ညစ်ဆိုးဝါး၊ နှုတ်ချိုပျားဖြင့်၊ ဖြားယောင်းတတ်သော ကျားအိုကြီးသည်၊ ကယ်တင် ယုတ်မည်၊ နှုတ်ပထိဖြင့်၊

ဝစီသံချို၊ ညွှင်းညွှင်းဆို၍၊ အလိုလိုက်လတ်၊ ကိုက်သတ် အပ်သည့် ဖြစ်၍၊ရတနာဖွေစင်၊ ဝါလွှင်လွှင်ကို၊ မမြင်ရဘဲ၊ဖိညှာဥ္စုံ၍၊သေဘွဲ့ကြီး ဝင်ရသကဲ့သို့ ပေတည်း။

**မထိမ်နိုင်အောင်လုပ်နည်း။** ။ဤသို့ ပြဆိုအပ်ခဲ့ပြီးသောနည်းကို မှီ၍၊မိမိဥစ္စာပစ္စည်းတို့ကို၊ ရောင်းချသော အခါ၌ဖြစ်စေ၊ သူတပါး ဥစ္စာပစ္စည်းကို ဝယ်ခြမ်းသော အခါ၌ ဖြစ်စေ၊ မိမိကလည်း သူတပါးအပေါ်၌ လိမ်လည်၍ မယူမိအောင်၊ သူတပါးကလည်း၊ မိမိအပေါ်၌ လိမ်လည်၍ မယူနိုင်အောင် အထူးသတိဆောင်ကြကုန်ရာ၏၊ ထိုသို့ ကြံဆောင်နိုင်ကြ ကုန်သော နိုင်ငံခြားသားတို့သည်ကား၊ မိုင်ပေါင်း '၇-ထောင်၊ ၈-ထောင်' ကွာခြားသော နေရာ တနေရာက နေ၍၊ရောင်းဝယ် ပေါက်ကားခြင်းအမှုကို ပြုနိုင်သဖြင့်၊'ကြွယ်ဝချမ်းသာခြင်း'သို့ ရောက်ကြလေ၏၊ ။အာမခံကို လုံလောက်အောင် တောင်းသော နည်းသည် မထိမ်နိုင်အောင် လုပ်သော နည်းတို့တွင်၊ အကောင်းဆုံးသော နည်းဖြစ်၏၊ ထို့ကြောင့်၊ ၎င်းနည်းကို ၎င်းတို့ အထူး လိုက်နာကြကုန်၏။မိမိတို့လည်း အထူး လိုက်နာကြကုန်ရာ၏။ ။တိုင်းရင်းသား လူမျိုးများမှာမူကား၊ မိမိအပေါ်၌ သူတပါး မလိမ်လည်၊မလှည့်ဖြားနိုင်အောင် ရောင်းဝယ်ခြင်း၌ မတတ်ကြသဖြင့်၊ ကြီးပွားခြင်းသို့ မရောက်ကြမူ၍၊'ပျက်ပြားဆုတ်ယုတ်ခြင်း'သို့ သာ ရောက်တတ်ကြကုန်၏၊ ။ယခုကာလ၌ ပွန်မြန်မာလူမျိုးများက၊ မိမိတို့ အမျိုးသားဆိုင်မှာ ဝယ်ကြပါဟု လွန်စွာ တိုက်တွန်းကြ၏၊ထိုသို့ တိုက်တွန်းသည်အားလျော်စွာ ဝယ်ယူကြပေ၏။ ထိုသို့ ပြုလုပ်ကြခြင်းသည် 'ဝံသာနုရက္ခိတ' တရားကို စောင့်ရှောက်သည် မည့်ရကား၊ လွန်စွာ အားရဘွယ် ကောင်း၏၊သို့သော်လည်း ရောင်းသော သူများက အမျိုးသား စောင့်ရှောက်သော အားဖြင့်၊ လူမျိုးခြားတို့၏ဆိုင်များထက် အတိုးချိုခြင်း၊အပြောအဆို ချိုသာခြင်း၊ မိမိရောင်းအပ်သော ဝတ္ထုတို့ကို ခိုင်သည်ထက် ခိုင်အောင် လုပ်ကိုင်ခြင်းစသည်ဖြင့်၊ အမျိုးသားများကို စောင့်ရှောက်ကြပေသည် ဟူ၍

ကြားသိခြင်းမှာ လွန်စွာ နည်းပါးတော့၏။ ထို့ကြောင့်၊ ရောင်းသော သူကလည်း၊ မိမိရောင်းအပ်သော ပစ္စည်းကို 'နိုင်ငံခြား' သားများ ထက် ကောင်းကြောင်း၊ ဈေးနည်းကြောင်း၊ အပြောအဆို ချိုသာခြင်း စသည့်ဖြင့်၊ မိမိတို့ ကြီးပွားရေးကို အလေးပြုကြကုန်ရာ၏၊

မိမိက သူတပါးအထံမှာ အခစားလုပ်ခြင်း၊ သူတပါးက မိမိ အထံမှာ အခဖြင့် လုပ်ခြင်း စသော အရာ၌လည်း၊ မိမိက သူတပါး ကို လိမ်လည်ခြင်း မပြုမူ၍၊ မိမိအပေါ် ၌လည်း သူတပါး လိမ် လည်ခြင်းတို့ကို မပြုနိုင်အောင် အထူး သတိဆောင်ကြကုန်ရာ၏၊ ထိုအရာ၌ 'နိုင်ငံခြား' သား လူမျိုးတို့မှာ တရုတ်ခသော အလုပ် ကို၊ မိမိက သူတပါးကို ငှါးရမ်းတို့ရန် ကိစ္စရှိသော အခါ၌ ဖြစ်စေ၊ မိမိကို သူတပါးက ငှါးရမ်းတို့ရန်ကိစ္စရှိသော အခါ၌ ဖြစ်စေ၊မိမိကို သူတပါးက မလိမ်နိုင်ရန် လုပ်ရမည့် လုပ်ငန်းကို မှတ်သား၍၊ စာ ချုပ်,စာတမ်းနှင့် အသေအချာ ပြုလုပ်လေ့ ရှိကြ၏။ထို့ကြောင့်၊ထို သူတို့ လုပ်အပ်သော အမှုကိစ္စတို့မှာ၊ ရှုပ်ထွေးခြင်း ကင်းသည့် သာ များကြကုန်၏၊

တိုင်းရင်းသားတို့မှာမူကား၊ ။စာချုပ်,စာတမ်း မရှိဘဲ၊'အခ မှုမဲ့, အမှတ်မဲ့'မသေမချာ ပြုလုပ်တတ်ကြကုန်၏၊ ။ထို့ကြောင့်၊ ထိုအလုပ်နှင့် စပ်၍၊ မကြာ မကြာ စကားများတတ်ကြကုန်၏၊ အ ခြားလူမျိုးများသည် မိမိတို့ အပေါ်ကို မလိမ်နိုင်အောင်၊ မည်၍ မည်မျှ ကြံဆောင်ကြသည်ကို၊ မီးရထား,မီးသင်္ဘောကို စီးလိုသော သူတို့သည်၊မစီးရမီက ငွေကို အရင် ပေး၍ လက်မှတ်ကို ဝယ်ယူ ကြရသည်။အကယ်၍ ငွေကို အရင် ပေး၍ လက်မှတ်ကို ဝယ်ယူ ခြင်းမရှိသော သူတို့ကိုမူကား၊ စီးနင်းသိုက်ပါခြင်းငှါအခွင့် မပြုကြ ကုန်၊အလိုရှိရာ အရပ်သို့ ဆိုက်ရောက်သော အခါမှ ပေးပါမည်ဟု ဆိုသော်လည်း မရပေ။ထိုသို့ [illegible]ဆောင်တတ်ကြသည့် အတွက်၊ ထိုသူတို့၏ လုပ်ငန်းများမှာ [illegible] ပြားသည် ဟူ၍ မရှိသလောက် အမြဲကြီးပွား တိုးတက်၍ လာကြကုန်၏၊ ။ထိုကဲ့သို့ ဥာဏ်ထုတ်

ခြင်းမရှိသော သူတို့သည်ကား၊ ခရီးသွားသော သူတို့နှင့် မကြာ မကြာ စကားများကြရကုန်၏၊ ထိုစကားကို ထင်ရှားစေဦးအံ့၊

ကူးတို့သူကြီးဝတ္ထု။ ။လွန်လေပြီးသော အခါ၊ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးသည် မင်းပြုလတ်သော အခါ၊ ငါတို့ ဘုရားရှင် အလောင်းတော်သည် ပုဏ္ဏားမျိုး၌ ဖြစ်၍၊ အရွယ် သို့ရောက်သော အခါ အတတ်ပညာတို့ကို သင်ကြားတတ်မြောက် စေပြီးလျှင် တောသို့ ဝင်၍၊ ရသေ့ရဟန်းပြုလုပ်၍၊ ဟိမဝန္တာတော၌ သင်းသုံးလျက် နေရာ၊ တရံသော အခါ၊ ဆား၊ ချဉ်သီး မှီဝဲခြင်း အလို့ငှါ ဗာရာဏသီပြည်သို့ လာရာ၊ ပြည့်ရှင်မင်းကြီးက၊ ခင်မင်ကြည်ညို ၍၊ မိမိဥယျာဉ်၌ သီတင်းသုံးနေရန် ခွင့်တောင်း လျှောက်ထားသဖြင့်၊ ထိုဗာရာဏသီပြည်၏ အနီးဥယျာဉ်မှာပင်၊ ၁၂-နှစ်ပတ်လုံး နေထိုင်ပြီးမှ၊ ခရီးဒေသစာရီ ကြွချီလိုသော ဆန္ဒဖြင့်၊ ဗာရာဏသီပြည်မှ ထွက်၍ လာခဲ့ရာ၊ ဂင်္ဂါမြစ်ဆိပ်သို့ ရောက်လေ၏၊ ထိုမြစ်ဆိပ်၌လည်း 'အဝါရိယ' မည်သော 'ကူးတို့သူကြီး' တယောက်သည်၊ ခရီးသည်တို့ကို မြစ်တဘက်သို့ ပို့ပြီးမှ ကူးတို့ခ တောင်းယူလေ့ရှိခကား၊ ကူးတို့ခကို ကြေပြွန်အောင် မပေးသော သူများနှင့် မကြာ မကြာ ခိုက်ရန်ဖြစ်ပွား အချင်းများတတ်သော အလေ့ရှိ၏။ဂုဏ်ရှိသောသူတို့၏ ဂုဏ်ကျေးဇူးကို မသိတတ်ရကား၊ စည်းစိမ်ဥစ္စာတို့လည်း၊ တိုးပွားခြင်း မရှိဖြစ်၏။ ငါတို့ ဘုရားအလောင်းတော် ရှင်ရသေ့သည်လည်း၊ ထိုကူးတို့ သူကြီးအနီးသို့ ချဉ်းကပ်၍၊ ငါ့အားမြစ်တဘက်သို ပို့ပါလော့ဟု ဆိုလျှင်၊ သင်အားကူးတို့ခ ပေးဘို့ရာ ရှိပါ၏လော ဟု မေးမြန်းလေရာ၊ ငါသည် စည်းစိမ်ဥစ္စာ တိုးပွားကြောင်း တရားကို ပြောကြားမည်ဟု ဆိုက၊ ငါ့အား တစုံတခုသော ပစ္စည်းဝတ္ထုကို ရလိမ့်မည် ဟူသော အမှတ်ဖြင့်၊ ကမ်းတဘက်သို့ ပို့ပြီးလျှင်၊ အသင်ရသေ့၊ ငါ့အား ကူးတို့ခကို ပေးလောဟု ဆို၏။ ထိုအခါကာလ၊ ကောင်းပါပြီဟု ဆိုပြီးလျှင် အသင် ကူးတို့သူကြီး၊ ကူးတို့စီးသော သူတို့တို့ မြစ်တဘက်ကမ်းသို့ ကူးတို့ မပို့မီက၊ တင်ကြို၍ 'ကူးတို့ခ' တောင်းယူပါလေလော့၊

မြစ်တဘက်သို့ မကူးရမီက၊ စိတ်တမျိုးဖြစ်၍၊ မြစ်တဘက်သို့ ကူးပြီးသော အခါ၊ စိတ်တမျိုး ဖြစ်တတ်၏။ ထိုမှတပါးလည်း၊ တောနှင့်ဖြစ်စေ၊ ရွာနှင့် ဖြစ်စေ၊ ချိုင့်ဝှမ်းသော အရပ်နှင့် ဖြစ်စေ၊ မြင့်မောက်သော အရပ်နှင့် ဖြစ်စေ၊ ခပ်သိမ်းသော နေရာတို့နှင့် အမျက်ဒေါသကို မဖြစ်ပွားစေနှင့် ဟူ၍ တရားစကား ဟောကြားလေ၏။ ထိုအခါ 'အင်္ဂါရိယ' နာမတွင်သီး၊ 'ကူးတို့သူကြီး'၊ ငမိုက်ထီးက၊ သင်၏ 'ကူးတို့ခ' သည်ကား၊ ဤစကားမျှလောက်ပင်လော ဟု ဆိုချေက ဤမျှပင်ဟု ဆိုလျှင်၊ သင်၏ 'ကူးတို့ခ' ကို ငါအလိုမရှိ ဆို၍၊ မျက်နှာကို လက်သီးဖြင့် ထိုးလေ၏။ ထိုခဏတွင် 'ခင်ပွန်းမ' သည် ထမင်းနှိုသာရာ မြင်သဖြင့်၊ အရှင်ယောက်ျား၊ ဤရသေ့ကား ဗာရာဏသီ ပြည့်ရှင် မင်းမြတ် ကိုးကွယ်အပ်သော 'ရသေ့' ဖြစ်ပါသည်။ ဤသို့ မပြုပါလင့်ဟု တားမြစ်ရာ၊ လွန်စွာအမျက်ဒေါသထွက်၍ မိမိခင်ပွန်းအား၊ တဖန် ပုတ်ခတ်ပြန်၏။ ထိုအခါ၊ ယူဆောင်လာသော 'ထမင်းပွဲ' လည်း ကွဲလျက်၊ 'ကိုယ်ဝန်' လည်း ပျက်၍၊ မြေထက်၌ ကျရကား၊ 'လူသတ်မှု' နှင့် တရားစွဲအံ့သောငှါ ပိုင်းဝန်း၍ ဖမ်းကြကုန်၏။

ထို အကြောင်းကို ပြတော်မူလိုသော မြတ်စွာ ဘုရားသည် 'ဆက္ကနိပါတ်၊ အင်္ဂါရိယဇာတ်၌' ဤသို့ ဟောတော်မူအပ်၏။

ဘတ္တံ ဘိန္နံ ဟတာ ဘရိယာ၊ ဂဗ္ဘော စ ပတိတော ဆမာ,။
မိဂေါဝ ဇာတရူပေန၊ န တေနတ္ထံ အဗန္ဓိသု။

'ကူးတို့သူကြီး' ငမိုက်ထီးအလို့ငှါ၊ ယူဆောင်၍ လာအပ်သော 'ထမင်းပွဲ' သည်လည်း မစားရဘဲ ကွဲပျက်ခဲ့ချေပြီ။ တရားသဖြင့်၊ ပြောပြသည့် 'ခင်ပွန်းမ' ကိုလည်း၊ ရိုက်နှက် ပုတ်ခတ်အပ်လေပြီ။ မကြာမတင်၊ ဖွားမြင်လတံ့သော 'ကိုယ်ဝန်' သည်လည်း မြေနှင့်ကျသျက် ပျက်စီးချေပြီ။ "မြက်ကို စားသော တော သမင်သည်၊ အဘိုးထိုက်လှစွာသော ရွှေ, ငွေ, အသပြာဖြင့်၊ မိမိအကျိုးစီးပွားကို မဖွဲ့ မစည်းနိုင်သကဲ့သို့" 'အင်္ဂါရိယ' နာမတွင်သီး၊ ထိုကူးတို့သူကြီး၊ ငမိုက်ထီးသည်၊ ထိုရသေ့ဆုံးမအပ်သော အဘိုးမဖြတ်ထိုက်သော 'အဆုံး

မဒြဝါဒ'ဖြင့် မိမိ အလိုရှိအပ်သော အကျိုးစီးပွားကို မဖွဲ့ မငြည်း နိုင်ချေ၊

'ဤစဍ္ဍုဖြန့်'မိမိအား အတိုး အတိုင်းမသိ ထိုက်သော အသိအာလိမ္မာ ဉာဏ်ပညာကို ပေးပြောသည်၊ သား'သမင်'သည့် ရွှေ့ငွေကို 'မြက်'မျှသောက် မခင်မင်၊ မနှစ်သက်သကဲ့သို့ ပြုသည်ကို ပြဆို၏၊ ယခုကာလ၌လည်း၊ အတိုးမပြတ်နိုင်အောင် ထိုက်တန်သော နည်းနာ အသိ အလိမ္မာ တို့ကို တိုးပွားစေတတ်သော'ကျမ်းစာ'တို့ကို၊ အပျော်ဘတ်ရန် ရေးသားသည့် ဇာတ်ဝတ္ထု'စာစုပ်'များလောက်မျှ မနှစ်သက်သော သူများကဲ့သို့ မဖြစ်ကြရန် 'သတိ'ပြုတို့ ကောင်း၏၊

ဗုဒ္ဓဘာသာ မွန်မြန်မာ လူမျိုးများမှာ၊ မိမိတို့၏ ရှင်တော်ဘုရား ဟောကြားတော်မူအပ်သော 'နှ စောရေ မာရေယျံ' ဟူသော ဒေသနာကို အပပြုကာ ပယ်ထား၍၊ သူခိုး,ထားပြ,လူလိမ်,လူကောက်တို့၊ မခိုး မလိမ်နိုင်အောင် ကြံဆောင်ခြင်း မရှိကြမူ၍၊ 'ကံ' ကိုသာ အဆိုးချကြသည်မှာ 'ဤဒေသနာ'ကို ပယ်ရာ ရောက်ချေ၏။ အခြား လူမျိုးတို့မှာ မူကား၊ မိမိတို့ ဥစ္စာ ပစ္စည်းကို သူခိုး, ထားပြ, လူလိမ်, လူကောက်, ခါးပိုက်နှိုက် စသော သူတို့ မယူနိုင်အောင်၊ လွန်စွာ ကြံဆောင်ကြကုန်၏။ ထိုသူတို့ ဉာဏ်ထုတ်၍၊ ' ဘဏ် ' တိုက်၌ ထားခြင်း၊ 'ငွေစက္ကူ'ထားခြင်း၊ ဘဏ်တိုက်၌ ငွေကို အပ်နှံခြင်း၊ 'ချက်'လက်မှတ်ဖြင့် သုံးစွဲခြင်းတို့မှာ၊ ခိုးသူ ဘေး, ထားပြဘေးတို့မှ၊ ဧးချမ်း လွတ်ကင်းအောင် ကွယ်ကာသော နည်းကောင်း အစစ်ဖြစ်၏။ မိမိတို့ ဥစ္စာပစ္စည်းကို သူခိုးခိုး ခံရသော အခါ၊ ခါးပိုက်နှိုက် ခံရသော အခါ၊ အလေးခိုး, တင်းခိုး, ချိန်ခိုးကို ခံရသော အခါ စသည်တို့၌၊ ငါ၊ 'ကံ'မကောင်း၍ ဖြစ်သည်ဟု သဘော မထားကြမူ၍၊ ငါ ပြုလုပ်ပုံမှာ သတိ, ဝီရိယ, ပေါ့လျော့ခြင်း၊ ပျင်းယိ ထိုင်းမှိုင်းခြင်း၊ အထား, အသို မလိမ္မာခြင်း စသည် တို့ကြောင့်သာ ဖြစ်ပေလိမ့်မည်။ နောက်နောင်ကို ဤကဲ့သို့ မဖြစ်ရအောင် အထူး သတိပြုမည် ဟူ၍၊ နှလုံးသွင်းပြီးလျှင်၊ အကြင် အခြင်းအရာဖြင့် သူခိုး စသည် မ

ယူနိုင်၊ထိုအခြင်းအရာဖြင့် ဘုရားဟော ဒေသနာ၊လာသည့် နည်း အတိုင်း လုံခြုံအောင် စောင့်ရှောက်ကြ ကုန်ရာ၏၊

ယထာ စောရာ န ဟာရေယျုံ၊ ပါလေယျုံ အဂ္ဂိနော ဓနံ၊
စောရေ ဂဏှန္တေ သောစန္တိ၊အသေကာ ရက္ခိတုံ ဓနာ၊

(အနုသာသနီ ဂါထာသစ်)

ခိုးသူတို့သည် အကြောင်းအခြင်းအရာအားဖြင့် မခိုးမယူနိုင်ကုန်၊ ထိုအခြင်းအရာအားဖြင့် မိမိ၏ ရွှေ, ငွေ, ဘဏ္ဍာ, ဥစ္စာပစ္စည်း ကို၊ စောင့်ရှောက်ကုန်ရာ၏။ ခိုးသူတို့သည် ယူဆောင်၍ သွားသည် ရှိသော်၊ စောင့်ရှောက်ခြင်းငှါ မထိမ်းသိမ်းကြကုန်သော လူတို့သည်၊စိုးရိမ် ပူဆွေးကြကုန်၏၊ ၊ဤကား ‘နစောရာ ဟာရေယျုံ’ ဟူသော ပါဠိတော်၏ အဓိပ္ပါယ်တည်း၊

(၈) မီးဘေး။ ။နအဂ္ဂိဟာရေယျ။ ။ဟူသော ပါဠိတော် ၏ အဓိပ္ပါယ်ကား၊အကြောင်းအခြင်းအရာဖြင့် မိမိတို့၏ ရွှေ,ငွေ,ဘဏ္ဍာ ဥစ္စာပစ္စည်းတို့သည်၊ ‘မီး’ဖြင့် ပျက်စီးခြင်းသို့ မရောက်နိုင်ကုန်ရာ။ ထိုအခြင်းအရာဖြင့်၊ စောင့်ရှောက်ရမည် ဟူ၏။ ။ဤအရာ၌ မီး ရန်သူကို ကွယ်ကာသော နည်း အကောင်းဆုံးကား၊ မီးအာမခံ ကုမ္ပဏီ တို့ထံ၌ ‘မီးပေါ်ငွေ’ ပေးထားခြင်း သည် အကောင်းဆုံး သော နည်းဖြစ်၏၊ ထိုနည်းဖြင့် ပြုလုပ်ထားချေက မည်မျှပင် မီး လောင်၍ ပျက်စီး သွားသော်လည်း၊ မိမိ၏ ပျက်စီးသော ပစ္စည်း ဥစ္စာများ အတွက်၊ မီးအာမခံ ကုမ္ပဏီက၊ ပေးလျော် ပေလိမ့် မည်။ ။အကယ်၍ မီးပေါ်ငွေ မပေးနိုင်ခဲ့လျှင်၊မီးလောင်၍ မပျက် စီးနိုင်သော ‘မီးခံသေတ္တာ’ ထည်းမှာ ထည့်၍ ထားခြင်း၊ မိမိ အိမ်အောက်မှာ မြေတိုက်ပြုလုပ်၍ ထားခြင်း၊ သွတ်, သံ, အုန့်, ကျောက် စသော မီးမလောင်နိုင်သော အရာတို့ဖြင့် ပြုလုပ်ထား ခြင်း၊အကယ်၍ မီးလောင်ပြန်က၊ မီးကို အလွယ်တကူနှင့် သတ် နိုင်သော မီးငြိမ်းရေစက် စသော ကြိယာတန်ဆာတို့ကို၊ အလွယ် တကူ ထားခြင်း၊ မိမိ အိမ်,မိမိ အလုပ်ရုံတို့၌၊ မီးခြစ်ဘားခြင်း၊

ဆေးထိပ် သောက်ရှုခြင်း စသော မီးလောင်တတ်သော အရာတို့ကို မပြုခြင်း စသော အားဖြင့်၊ အကြင် အခြင်းအရာဖြင့်၊ မီးကြောင့် မပျက်စီးနိုင်ကုန်ရာ၊ ထိုအခြင်းအရာဖြင့်၊ ကွယ်ကာ စောင့်ရှောက် ရမည် ဟူ၏။

ငါတို့ ဗုဒ္ဓဘာသာ လူမျိုးများမှာ မူကား၊ 'န အဂ္ဂိ ဒဟေယျ' ဟူသော ပါဠိတော်ကို၊ သတိ မထားကြမူ၍ မီးလောင်သော အခါ လည်း၊ 'ကံ' မကောင်း၍ မီးလောင်သည်ဟု 'ကံ' ကိုသာ အဆိုးချ ကြခြင်းသည်၊ ဤပါဠိတော်ကို ပယ်ရာ ရောက်ချေ၏။ အခြားသော လူမျိုးတို့မှာ မူကား၊ 'ကံ' ကို မရိုး၊ ဤပါဠိတော်သာ၊ အဓိပ္ပါယ်မျိုး ကို အားကိုး၍ မီးလောင်၍ မပျက်စီးစေခြင်းငှါ၊ မိမိ အလုပ်ရုံများ ကို မီးမလောင်နိုင်သော ဝတ္ထု တို့ဖြင့် သာ ဆောက်လုပ် ခြင်း၊ မီး အာမခံ ထားခြင်း၊ မီးငြိမ်း ရေစက်တို့ကို အသင့် ပြင်ဆင်ထား ခြင်း စသော အားဖြင့်၊ မီး မလောင်နိုင်အောင် ကြံဆောင် အား ထုတ်၍ စောင့်ရှောက် ကြကုန်၏။ ထို့ကြောင့်၊ ရှေးအခါက၊ 'ရန်ကုန်မြို့' ကြီးမှာ၊ မကြာ မကြာ မီး အကြီးအကျယ် လောင်၍၊ များစွာ ပျက်စီး ဆုံးရှုံးကြသော်လည်း၊ ယခုအခါ၌ ထိုကဲ့သို့ ပျက် စီးသော စကားကို၊ မကြားဘူးသလောက် ဖြစ်ချေ၏။ ထို့ကြောင့်၊ ရှေး 'ကံ' ကိုသာ အား မကိုး၊ အားမထားကြမူ၍၊ ဤဒေသနာတော် အရ၊ တတ်စွမ်းနိုင်သမျှ ကြိုးစား၍ 'မီး' မလောင်ရန် အားထုတ် စောင့်ရှောက်ကြ ကုန်ရာ၏။ ။အကယ်၍ မီးကို မစောင့်ရှောက် မူ၍၊ အမှုမဲ့၊ အမှတ်မဲ့ မေ့လျော့ ပေါ့တန်စွာ နေခဲ့ကြအံ့။ 'အလင်း ရောင်' ကို ဖြစ်စေခြင်း၊ 'ထမင်း ဟင်း' စသည်တို့ကိုချက်ပြုတ်ချခြင်း 'အချမ်း' ကို ပယ်ဖျောက်နိုင်ခြင်း၊ မီးရထား၊ မီးသင်္ဘော၊ မော်တော် ကား၊ လေယာဉ်ပျံ၊ ပိုင်ယာလက် နှင့်တကွ စက်ဘက်ဆိုင်ရာ ဟူ သမျှတို့၌၊ လွန်စွာ အသုံးကျသဖြင့်၊ ကိုးကွယ်ရာ အစစ်ပင် ဖြစ် သော်ထည်း၊ သနား ညှာတာခြင်း ရှိလိမ့်မည် ဟု မမှတ်ထင်ရာ၊ လောင်စာ ရှိသမျှကို အကုန် လောင်ကျွမ်းစေလိမ့်မည်။ ထိုအခါ တိုင်ရောက်မှ၊ မီးကို အလေး မပြု ဂရုမထား၍၊ မီးလောင် ခံရသော

'ဗာရာဏသီ' ပြည်သား ကဲ့သို့၊ မညည်းတွားမိကြစေအောင် အထူး သတိဆောင်ကြကုန်ရာ၏။

ယေန ဘတ္တာနိ ပစန္တိ၊ သီတံ ယေန ဝိဟညတိ၊
သော မံ ဒယှတိ ဂတ္တာနိ၊ ဇာတံ သရဏတော ဘယံ။

(နဝနိပါတ်၊ ပဒကုသလမာဏဝဇာတ်။)

အကြင် မီးဖြင့် ထမင်းတို့ကို ချက်ကြရကုန်၏၊ အကြင် မီးဖြင့် အချမ်းကို ပယ်ဖျောက်နိုင်၏။ ထိုမီးသည် ငါ၏ ကိုယ်တို့ကို လောင်ခဲ့၏။ ကိုးကွယ်ရာ ဖြစ်သော မီးမှ ကြောက်မက်ဖွယ် ဘေးကြီး စွာသည် ဖြစ်ပေါ်လာလေပြီ။

ယထာ တေဇော န ဒဟေယျ၊ ရက္ခေယျ အတ္တနော ဓနံ။
တေဇေ ဒဟန္တေ သောစန္တိ၊ အဆေကာ ရက္ခိတုံ ဓနာ။

(အနုသာသနီ ဂါထာသစ်)

မီးသည် အကြင် အခြင်းအရာဖြင့် မိမိ၏ ရွှေ,ငွေ,ဘဏ္ဍာ ဥစ္စာ ပစ္စည်းကို မလောင်ကျွမ်း,မပျက်ဆီးရာ၊ ထိုအခြင်းအရာဖြင့်၊ မိမိ၏ ပစ္စည်းဥစ္စာကို လုံခြုံအောင် စောင့်ရှောက်ရာ၏။ မီးသည် လောင်ကျွမ်း ဖျက်ဆီးသည် ရှိသော် မီးမလောင်အောင် စောင့်ရှောက်ခြင်း၌ မလိမ္မာကြကုန်သော လူတို့သည်၊ စိုးရိမ်ပူဆွေးကြရကုန်၏။ ၊ဤကား'န အဂ္ဂိ ဒဟေယျ'ဟူသော ပါဠိတော်၏ အဓိပ္ပါယ်တည်း။

(ဃ) ရေဘေး။ ။န ဥဒကံ ဝဟေယျ။ ။ဟူသော ပါဠိတော်၏ အဓိပ္ပါယ်ကား၊ အကြင် အခြင်းအရာဖြင့်၊ မိမိ၏ ဥစ္စာပစ္စည်းသည် 'ရေ' ကြောင့် မပျက်နိုင်ကုန်ရာ၊ ထိုအခြင်းအရာဖြင့်၊ ရှေးအတိတ်ကာလကို အားမကိုး၊ ပစ္စုပ္ပန်ကိုလည်း အဆိုး မချဘဲ၊ အမျိုးမျိုး ဉာဏ်ထုတ်၍ စောင့်ရှောက်ရမည် ဟူ၏။ ထိုစကားကို ထင်ရှားစေဦးအံ့။ ရေနှင့် မကင်းနိုင်၍၊ ရေဖြင့် အသက်မွေးရကုန်သော လှေသူကြီး, သင်္ဘောသူကြီးတို့၏ 'လှေ,တံကင်း, သမ္ဗန်,

အခေါ်ဘ'တို့သည် ရေထည်း၌ မကြာ မကြာ သွားလာနေရသည့် အတွက်၊'အသက်'ရှိသော သတ္တဝါတို့သည် 'တနေ့နေ့'၌ အသက် စည်းစိမ် ပျက်စီးခြေ ဖြစ်ကုန်သကဲ့သို့၊ တနေ့နေ့၌ ပျက်စီးချမည် အမှန် ဖြစ်ချေသည်၊ ။သို့ကြောင့်၊ ထိုသို့ မပျက်စီးနိုင်စေခြင်းငှါ 'ရေအခမခံကုမ္ပဏီ'တို့ထံ၌၊ 'ရေပေါင်'ပေး၍ ထားခြင်းသည်၊ ရေ ဘေးကို ကာကွယ်ရန်၌၊ အကောင်းဆုံးသော နည်းဖြစ်သည်။

ထိုနည်းအားဖြင့်၊ မကာကွယ်နိုင်သော သူတို့သည်၊ မိမိတို့ 'လှေ၊တုံကင်း၊သမ္ဗန်၊သဘော်'တို့ကို 'လှိုင်းပုတ်'၍၎င်း၊ 'သောင တင်'၍၎င်း၊ မပျက်စီးနိုင်ခန် မကြာ မကြာ ကြည့်ရှု၍၊ မခိုင်၊ခိုင် အောင် သတိထား၍ ပြုပြင်ကြကုန်ရာ၏၊ ။မိမိ လုပ်သားတို့ကို လည်း၊ လှိုင်း၊လေ ကြီး၍ စိတ်ချရပုံ မပေါ်သော အခါ၊ အသွား၊ အလာ မရှိစေဘဲ၊ လှိုင်းလေ ငြိမ်၍ စိုးရိမ်ဖွယ်ရပုံ မမြင်သော အခါမှ သွားလာ စေရာ၏၊ စည်းတိမ်၊ သောင်တိမ် ရှိသော အရပ်သို့ သွား သော အခါ၌လည်း၊ အမှုမဲ့၊အမှတ်မဲ့ မသွားဘဲ၊ ရေကို စမ်းသပ် လျက်၊ တဖြည်းဖြည်းသာ သွားစေရာ၏။ အကြင်အခါ၌ လှိုင်းလေ စည်းတိမ်၊သောင်တိမ်ကြောင့် ဖြစ်စေ၊'နှင်းကျ'၍ ဖြစ်စေ၊ 'မှောင်'၍ ဖြစ်စေ၊ 'ရေ'အတွက် စိုးရိမ်ရပုံပေါ်၏၊ ထိုအခါ၊မသွား၊မလာဘဲ၊ ရှောင်ကြဉ်သော အားဖြင့်၊ ရေဘေးမှ ကင်းအောင်၊ ရှောင်ကြဉ် ရမည် ဟူ၏။

ထိုမှတပါးလည်း၊ ရေစိုသဖြင့် ပျက်စီးတတ်သော ဆန်၊စပါး၊ သကြား၊ ထန်းလျက်၊ ဆား၊အထည်၊အလိပ်၊ စားဘွယ်၊သောက် ဘွယ်၊ ဆေး၊ ကွမ်းသီး၊ ငြုတ်သီး၊ ကြက်သွန် စသော ဝတ္ထုမှ စ၍ အကြင် အကြင်သို့သော ဝတ္ထုတို့သည်၊ 'ရေစို၊ရေထိ' သဖြင့်၊ ပျက်စီးတတ်၏၊ ထိုသို ဝတ္ထုတို့ကို ရေ မစို၊ ရေ မထိရအောင် အထူးသဖြင့် စောင့်ရှောက်ရမည် ဟူ၏။ ။'ရေကြီး'တတ်သော အရပ်၌၊ နေရသော သူ ဖြစ်အံ့။ နှစ်တိုင်း၊ နှစ်တိုင်း အကြီးဆုံး ဖြစ် သော ရေထက် မြင့်၍၊ 'အိမ်'စသော အဆောက်အဦးတို့ကို ဆောက် လုပ်ရာ၏၊ ။'လယ်'လုပ်သော သူ ဖြစ်အံ့။ မိမိလယ်ကို ရေကြီး

သော အခါ၊ ရေ မလွှမ်းနိုင်ရန် 'တမံဆည်းခြင်း'များသော ရေတို့ကို ပေါက်၍ ထုတ်နိုင်အောင် 'ရေမြောင်းတူးခြင်း' အစရှိသည်တို့ကို ပြုလုပ်ရာ၏။ ဤသို့လျှင် အကြောင်း အခြင်းအရာ အားဖြင့်၊ မိမိ ပစ္စည်းဥစ္စာ တို့သည် ရေလွှမ်းမိုး၍ မပျက်စီးနိုင်ကုန်၊ ထိုအခြင်းအရာဖြင့်၊ 'ဥာဏ်ထုတ်၍' ရေဘေးမှ ကင်းအောင် ကာကွယ် ရမည်၊ 'ကံ'ကို အားမကိုးရ၊ 'ကံ'ကို အဆိုးမချရ ဟူလို။

ရေဘေးမှကွယ်ကာပုံ၊ ။ငါတို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများသည် 'နု ဥဒကံ ဝပေယျ'ဟူ၍ ဟောတော်မူအပ်သော ဒေသနာကို သတိမပြုကြဘဲ 'ကံ'ကိုသာ အားကိုးကြ၊ 'ကံ' ကိုသာ အဆိုးချကြခြင်းသည်ကား၊ အလျဉ်းပင် မသင့်လျော်ချေ။ 'နိုင်ငံခြား' သားတို့မှာ မူကား၊ ထိုသို့ ဟောတော်မူအပ်သော မြတ်စွာဘုရားစကား၊ အဓိပ္ပါယ်သွားကို အားထား၍ ကြံစည်ကြသဖြင့်၊ 'ရေ' ကြောင့် မပျက်စီးနိုင်သော 'ရေအာမခံနည်း' ကို တွေ့ကြလေပြီ၊ ထိုကြောင့်၊ 'ကမ္ဘာစစ်ကြီး' အတွင်းက၊ 'ဥရောပ'တိုက်သား ကုန်သည်များ၏ သင်္ဘောတို့သည်၊ နေ့စဉ် အနှံ့အများ ပျက်ကြသော်လည်း၊ 'ရေပေါ်င်'ခံထားကြသည့် အတွက်၊ ပျက်တိုင်း အစား ထိုးနိုင်ကြ၍၊ 'စစ်ကြီးနှင့် အနိုင်'ရကြကုန်သည်။ ။'ဝိုမှတ(ပါ)လည်း'ရောဝတီ မြစ်ရိုး တလျှောက်၌၊ ရေကာတာ,တမံ တာရိုးကြီးတို့ကို ခိုင်ခံ့စွာ ဆည်း၍ ထားသဖြင့်၊ ရေ လွှမ်းမိုး၍ လယ် မလုပ်ရသော အရပ်ဒေသများတို့၌၊ လယ်ဧက သိန်း သန်း မက လုပ်ကိုင်ရချေပြီ။ 'ရေကြောင့်ပျက်စီးခြင်း'မှာ၊ ရေလွှမ်းမိုး၍ ပျက်စီးခြင်း၊ ရေမရှိခြင်းကြောင့် ပျက်စီးခြင်းဟူ၍၊ အမျိုးမျိုးရှိ၏၊ ထိုအမျိုးမျိုးတို့တွင်၊ ရေလွှမ်းမိုး၍ မပျက်စီးနိုင်အောင် ရေကာတာ တာဖို့ခြင်း၊ တူးမြောင်း တူးခြင်း၊ ရေအာမခံထားခြင်းဖြင့် ကွယ်ကာကြကုန်၏။

ရေးအခါက၊ 'ဥရောပ' တိုက်မှ၊ 'အိန္ဒိယ' နိုင်ငံသို့ လာကြသော သင်္ဘောတို့မှာ၊ 'အာဖရိကာ' တိုက်ကြီးကို ကွေ့၍၊ 'အတ္တလန္တိတ်' သမုဒ္ဒရာကြီးကို ကျော်ဖြတ်၍ လာရသဖြင့်၊ လှိုင်း, လေ, စသော 'ဘေးရန်'တို့ကြောင့် ပျက်စီးကြသော သင်္ဘောတို့ကသာ၊

များချေသည့်ပြင်၊ ရက်, လ လည်း၊ အတော်ကြာမှ ချောက်ချေသည်။ ၊ယခုအခါမူ 'အင်ဖရိက' တိုက်နှင့် 'အာရှ' တိုက်ကြီးကို ဖြတ်သန်းလျက် 'မြေထဲ' ပင်လယ်နှင့် 'ပင်လယ်နီ' ကို ဆက်သွယ်၍ 'ဗူဇက်' ခေါ်တူးမြောင်းကြီး ကို တူးပေါ်ပြီးသည်က စ၍၊ ထိုလမ်းဖြင့် သွားလာကြသော သင်္ဘောကြီးငယ်တို့မှာ၊ အမျက်အစီးလည်း မရှိကြသည့်ပြင်၊ ရက်, လ မကြာမီလည်း ရောက်ကြသဖြင့်၊ ထို 'တူးမြောင်းကြီး' အတွက်၊ ချမ်းသာစွာ သွားလာနိုင်ကြပေသည်၊ ၊လယ် လုပ်သူတို့ ရေ မရှိ၍၊ လယ်တို့ကို လုပ်ကိုင်စားသောက်ခွင့် မရအောင် ပျက်စီးခြင်းတို့ကို၊ တူးမြောင်း တူး၍ပေးခြင်း၊ သောက်ရေ,သုံးရေ မရှိခြင်းကြောင့်၊ ပျက်စီးသူတို့ကိုလည်း၊ ရေတွင်း, ရေကန် တူးပေါ်၍ ပေးခြင်း 'အဝီစိတွင်း' တူး၍ပေးခြင်း စသည် တို့ဖြင့်၊ တားမြစ်စောင့်ရှောက်ကြကုန်၏။

ဤသို့သျှင် အကြင်းခြင်းအရာဖြင့် 'ရေ' ကြောင့် ပျက်စီးခြင်းတို့မှ ကင်းလွတ်နိုင်ကြကုန်၏။ ထိုသို့သော အခြင်းအရာဖြင့် 'ကံ' ကို ပုံ၍၊ ယုံကြည်စိတ်ချ အားထားခြင်း မရှိဘဲ၊ 'ဥာဏ်ဝီရိယ' တို့ဖြင့်၊တားမြစ်စောင့်ရှောက်ရမည်ဟု ဆိုလို၏။

ဤ ရေသည် အပြစ်အကြေးဟူကို ဆေးလျှော်ခြင်း၊ အပူကို ပယ်ဖျောက်ခြင်း၊ ရေနွေးငွေ့ဖြင့် အသုံးအစွဲပြုကြသော 'မီးရထား,မီးသင်္ဘော'စသော အရာတို့၌၊ လွန်စွာ အသုံးကျခြင်း၊ လယ်ယာစိုက်ပျိုးခြင်းအားဖြင့်၊ လူတို့၏ 'ချမ်းသာစီးပွား' ကို ပြုတတ်သောကြောင့်၊ လူတို့၏ ကိုးကွယ်ရာ အစစ်ဖြစ်ချေသည်။ ၊ထိုသို့ပင်ဖြစ်သော်လည်း၊ အကယ်၍ ထိုရေကို အလေးမပြု, ဂရုမစိုက်ချေက၊ရေကို မလေးစားဘဲ 'ခေါင်းကိုက်' လျက်၊ ဂင်္ဂါမြစ်ဘက်သို့ ကူးသွားသည့် အတွက်၊မြစ်လယ်၌ နစ်မြုပ်ပျက်စီးသော အခါကိုးကွယ်ရာ ဖြစ်သော ရေမှ ဘေးကြီးစွာ ရောက်လာပြီတကား ဟုညည်းတွား ပူပန်ရသော 'ဟိုင်ဒသီ' မည်သော 'ကချေသည်' ယောက်ျားကဲ့သို့ ညည်းတွားပူပန်ခြင်း မဖြင်ရအောင် အထူးသတိဆောင်ကြရာ၏။

ယောနသိဋ္ဌန္တိ ဒုက္ခိတံ၊ ယောနသိဋ္ဌန္တိ အာတုရံ၊
တာသ မစ္ဆေ မရိဿာမိ၊ ဇာတံ သရဏာတော ဘယံ။

(နဝနိပါတ်၊ ပဒကုသလမာဏဝဇာတ်။)

အကြင် ရေဖြင့် နှလုံး ညှိုးနွမ်း ပင်ပန်း ဆင်းရဲသော သူကို နှလုံးစိတ်ဝမ်း၊ အေးချမ်းစေကြောင်း၊ သွန်းလောင်း ဖျန်းပက်ကြကုန်၏။ အကြင်ရေဖြင့် ကျင်နာကိုက်ခဲ၊ ဝဲ,အိုင်းအမာ စသော အနာအပေါင်းကို အနာပျောက်ကြောင်း၊ သွန်းလောင်း ဆေးကြောကြကုန်၏။ ငါသည် ထိုရေ၏ အလယ်၌ သေရတော့အံ့။ ကိုးကွယ်ရာဖြစ်သော ရေမှ ကြောက်ဖွယ် ထိတ်စရာ ဘေးကြီးစွာသည် ဖြစ်ပေါ်လာခဲ့ချေပြီ။

ယထာ ဒကံ န ဝဟေယျ၊ ရက္ခေယျ အတ္တနော ဓနံ၊
ဧဝံ ဝဟန္တေ သောစန္တိ၊ အသောကာ ရက္ခိတံ ဓနံ။

(အနုသာသနီ ဂါထာသစ်)

အကြင် အခြင်းအရာအားဖြင့်၊ ရေသည် မိမိ၏ ရွှေ,ငွေ,ဘဏ္ဍာ၊ ဥစ္စာပစ္စည်း ဟူသမျှကို မမျော,မပျောက်၊ မပျက်စီးစေရာ။ ထိုအခြင်းအရာအားဖြင့်၊ စောင့်ရှောက်ရာ၏။ ရေသည် ယူဆောင်၍ သွားသည် ရှိသော်၊ စောင့်ရှောက်ခြင်း၌ မလိမ္မာကြကုန်သော လူတို့သည် ပိုးရိမ် ပူဆွေးကြရကုန်၏။ ။ဤကား 'န ဥဒကံ ဝဟေယျ' ဟူသော ပါဠိတော်၏ အဓိပ္ပါယ်တည်း။

(င) သားသမီးဘေး။ ။န အဗ္ဗယဒါယာဒါ ဟရေယျုံ။ ။ ဟူသော ပါဠိတော်၏ အဓိပ္ပါယ်ကား။ ။အမိအဘတို့၏ အဆုံးမကို မနာခံ၊ တော်လှန်၍ 'သေသောက်ကြူး'သော သူ၊ 'အနကြူး' သော သူ၊ 'မိန်းမကြူး' သောသူ၊ ပွဲလမ်းသဘင် 'အပျော်ရှင်များ' သော သူတို့နှင့်သာ ပေါင်းသင်းဆက်ဆံပြီးလျှင်၊ မိဘတို့ အိမ်တွင် ရှိသမျှသော ရွှေ,ငွေ တို့ကို တိတ်တဆိတ် ယူငင်ပြီးကာ ဖြုန်းတီး၍သာ ပစ်တတ်ကြသဖြင့်၊ မိဘတို့၌ မကြာခင် မွဲပြာကျစေတတ်

ကျန်သော '**သားမိုက်-သားဆိုး**' တို့သည် ရှိကြကုန်၏။ ထိုကဲ့သို့ သဘောရှိသော သားမိုက်, သားဆိုးတို့သည် တိတ်တဆိတ် မယုံနိုင်အောင်၊ မိမိတို့ ဥစ္စာပစ္စည်းကို လုံခြုံစွာ ထားရမည် ဟူ၏။ ။ ထိုမှတပါးလည်း၊ ထိုကဲ့သို့ သဘောရှိသော သားဆိုး သားမိုက်တို့ကို၊ အကြီးအမှူးအရာ၌ လွှဲထားခြင်း မပြုဘဲ၊ ရှောင်ကြဉ်ခြင်း အားဖြင့်လည်း၊ သားဆိုး၏ ဘေးရန်မှ ကင်းလွတ်အောင် စောင့်ရှောက်ရာ၏။ ။**တနည်းလည်း**။ ။ထိုသို့ သဘော ရှိသော သားဆိုးတို့ကို၊တရားသဖြင့် ဆုံးမခြင်း၊ ကြိမ်နှင့် ရိုက်နှက်၍ ဖြစ်စေ၊ ပုလိပ်သားများကို တိုင်တန်း၍ ထောင်ချခြင်းဖြင့် ဖြစ်စေ၊ အကြမ်းနည်းအားဖြင့် ဆုံးမခြင်း၊ အနု,အကြမ်း နှစ်ပါးလုံးသော ဆုံးမခြင်းနည်းအားဖြင့်၊ လိမ္မာယဉ်ကျေးသော အဖြစ်သို့ ရောက်စေရမည်။ထိုသုံးပါးသော နည်းတို့ဖြင့်၊ ဆုံးမ၍ မရလျှင်၊တရားရုံးတော်သို့ သွား၍၊ သားအရာမှ ထုတ်ပယ်လိုက်ရာ၏။ ဤပြဆိုအပ်သော နည်းဖြင့်၊ သားဆိုး၏ ဘေးရန်မှ၊ ကင်းလွတ်အောင် စောင့်ရှောက်ရာ၏။ ။**တနည်းကား**။ ။ထိုကဲ့သို့ ဆိုးစွမ်းသော သားမိုက်တို့အား၊အမွေကို ပေးသော်ငြားလည်း၊ အချည်းနှီး ဖြုန်းတီး၍ ပစ်လိုက်မည် ဖြစ်လေသောကြောင့်၊ သာသနာတော်ဘက်၌ ငင်း၊အမျိုးသား ကြီးပွားရေးဘက်၌ငင်း စွန့်ကြဲလိုက်ရာ၏။ ။**တနည်းကား**။ ။မိမိ ဥစ္စာပစ္စည်းတို့ကို ယုံကြည်ရသော '**အစိုးရဘဏ်**'စသည် တို့၌၊အပ်နှံပြီးလျှင် မိမိသားအား '**အတိုးအညွန့်**' တို့ကိုသာ လစဉ်ပေးကမ်းဘို့ရန်၊ '**စာချုပ်**' ရေးသား၍ အပ်နှံထားခဲ့ရာ၏။

**သားသမီးဘေးမှ ကာကွယ်နည်း**။ ။ထိုကဲ့သို့ '**သားဆိုး**' ဖြစ်ပေါ်လာရခြင်းမှာ၊ ငယ်စဉ်အခါက အမိ အဘ လုပ်သူတို့ အမှုမဲ့ အမှတ်မဲ့ နေမိခြင်း၊ အဆုံးမညံ့ဖျင်းခြင်းကြောင့်သာ ဖြစ်ချေ၏။ ထို့ကြောင့်၊ ထိုကဲ့သို့သော သားဆိုး ဘေးရန်ကို ကွယ်ကာနည်း အကောင်းဆုံးမှာ'ငယ်စဉ်'က ငြိမ်ခြင်းပြုလုပ်သော သူကာ၊ဆဲရေးတိုင်းထွာခြင်း စသော မကောင်းသော အရာတို့ကို မြစ်တား၍

ဘုရား ဂုဏ်တော်၊ တရား ဂုဏ်တော်၊ သံဃာ ဂုဏ်တော်၊ အမိ အဘ ဂုဏ်ကျေးဇူး။ ဆရာသမား ဂုဏ်ကျေးဇူးတို့ကို သင်ကြား၍ "မိဘစကား၊ နားမထောင်လျှင်၊ အိုအောင် ဆင်းရဲရသည်။" "မိဘစကား၊ နားထောင်ကြားက၊ သံပြား ကျောက်စောင်း၊ ကျိုးသော် ပြောင်းရသည်။" စသည်ဖြင့်၊ မိဘစကား နားမထောင်သည့် အတွက် ဆင်ရန်းစက်မှာ ခံရသော 'မိတ္တဝိန္ဒက' ဝတ္ထု။ မိဘတို့ကို လုပ်ကျွေး မွေးမြူလိုမှုသဖြင့်၊ ဇမ္ဗူဒိပ်ကျွန်း၌ ထီးဆောင်းမင်း တရာ့ဘပါးတို့နှင့် တကွ၊ ဤနောင်တော်အား အမိ အဘ တို့ကို လုပ်ကျွေးရန် ဘောင်းပန်သော 'နန္ဒရသေ့' ဝတ္ထုတို့ကို ပြောကြား၍၊ ငယ်စဉ်က သားဆိုး၊ သွီးဆိုး မဖြစ်ရအောင် သွန်သင်ဆုံးမရာ၏။ ။မွေးဖွားပြီးနောက် စကား နားလည်နိုင်လောက်သည့် အရွယ်က စ၍၊ ကျောင်းထားသို့အချိန် မတိုင်မီ အတွင်းမှာ၊ စကား မှန်မှန်ကန်ကန် ပြောဆိုစေရန်ငှင်း၊ သူ့အသက်ကို မသတ်ဖြတ်ရန်၊ သူ့ဥစ္စာကို မခိုးယူရန်ငှင်း၊ မကောင်းမှုကို မပြုလိုသော စိတ်၊ ကောင်းမှုကို ပြုလိုသော စိတ်များ ပေါ်ပေါက်လာစေရန်ငှင်း၊ သွန်သင် ဆုံးမရာ၏။ ထိုသို့ သွန်သင်သောအားဖြင့်၊ သားဆိုး, သားမိုက် အဖြစ်မှ လွတ်လျက်၊ သားကောင်း, သားလိမ္မာ ဖြစ်သဖြင့်၊ မိမိ ဥစ္စာငွေစည်းတို့ကို ဖြုန်းတီးဖျက်ဆီးမှာကို ကြောက်ရသော 'အပ္ပိယဒါယာဒ' အမွေခံဆိုး မဖြစ်မူ၍ 'အမွေခံဆိုး' ဘေးရန်မှ ကင်းလွတ်ရပေလိမ့်မည်။

ကျောင်းထားချိန်ဘန်သော အခါ၌လည်း၊ အချိန်အခါ မရှိ၊ အရမ်းမဲ့ စားသောက် သွားလာ နေထိုင်ခွင့် မပြုဘဲ၊ အချိန်ကာလနှင့် 'ခည်းကမ်းစနစ်' ကျကျ နန သွားလာ စားသောက်ဘို့ရန်၊ သွန်သင်ဆုံးမရာ၏။ 'ပိုက်ဆံကိုမပေး' ဘဲ၊ မုံ့ပဲသရေစာ အစားအသောက်တို့ကို၊ မိဘတို့က ဝယ်ခြမ်း၍ အချိန်မှန်မှန် ပေးကမ်းရာ၏။ အဝတ်, အရုံ အင်္ကျီ, ပုဆိုး, ဘိနပ်, ထီး တို့ကိုလည်း၊ သူတို့နှင့် တန်အောင် မိခင်ဘခင်တို့က ဝယ်ခြမ်းပေးရာ၏။ သူတို့ သဘော အတိုင်း၊ ဝယ်ခြမ်း, စားသောက်, ဝတ်ရုံခြင်း စသည် ပြုခွင့်ရအောင် ပိုက်ဆံကို မပေးကြရာ။

ဈေးနှင့် ယခု နှိုင်းယှဉ်ပုံ။ ။ ရှေ့ မြန်မာမင်း လက်ထက်က၊ မိဘတို့သည် ဤအတိုင်း ဆုံးမ သွန်သင်ကြသဖြင့်၊ သားဆိုး, သမီးဆိုး ဟူ၍ မရှိကြသလောက် နည်းပါး၍၊ လိမ္မာသော သားသမီးတို့သာ ရှိကြသဖြင့်၊အမွေခံ သားဆိုး, သမီးဆိုး ဘေးရန်မှ ကင်းလွတ်ကြကုန်၏။ 'ယခုကာလမှာမူကား'ဥစ္စာ စည်းစိမ်နှင့် ပြည့်စုံသော သူတို့၏ သားသမီး မှန်က၊ ဆယ်ယောက် လျှင် ၆-ယောက် ၇-ယောက်တို့မှာ၊ ဥစ္စာပစ္စည်းကို ဖြုန်းတီး, ဖျက်ဆီးမည့် အမွေခံ သားဆိုး, သမီးဆိုးသာ ဖြစ်တတ်ကုန်၏။ ထိုသို့ ဖြစ်ရခြင်းမှာလည်း၊ မိဘတို့၏ အပြစ်ပင် ဖြစ်ပေသည်။ ဤသို့ ပြဆိုအပ်ခဲ့ပြီးသော နည်းဖြင့်၊ သွန်သင်,ဆုံးမ တတ်သော သူများ၏ သားသမီး ဖြစ်ဘူးသူနှင့် မဖြစ်ဘူးသူတို့မှာ လွန်စွာ ကွာခြားလေသည်။ ထိုနောက်၊ ကိုယ်ကျင့် သီလနှင့် ပြည့်စုံ၍၊အတတ်ပညာ သင်ကြား ပြသရာ၌လည်း၊ 'စည်းစနစ် ကျနသော'ဆရာကောင်းထံ၌ အပ်နှံ၍ ပညာ သင်ကြားစေရာ၏၊ ထိုသို့သင်ကြားစေရာ၌သည်း၊ ပညာကို သင်စေသလောက် 'တိုးပွား' သည်၊ 'မတိုးပွား'သည် ကိုရင်း၊ အနေ အထိုင် အကျင့် စာရိတ္တ ကောင်းသည် မကောင်းသည်ကို ၎င်း၊ 'စုံစမ်း၍' ပညာ အတတ်တိုး၍ အကျင့် စာရိတ္တ စသည် ကောင်းလျှင် ဝမ်းသာ၍၊ မကောင်းလျှင် အနူ အကြမ်း အားဖြင့် ဆုံးမရာ၏။ ထိုပြင်လည်း၊ မိတ်ဆွေကောင်းနှင့် ပေါင်းသင်းသည်, မပေါင်းသင်းသည်တို့ကို ရုံစမ်း၍၊ မိတ်ဆွေဖျင်းနှင့် မပေါင်းသင်းမူ၍ မိတ်ဆွေကောင်းနှင့် ပေါင်းသင်းမိအောင် အနူအကြမ်း အားဖြင့် ဆုံးမရာ၏၊ အကယ်၍ အကြောင်း မညီညွတ်၍ 'ရပ်ဝေး' သို့ ပို့ထားရလျှင်လည်း၊ မိမိ သား၏ လက်ထည်းသို့ ငွေမအပ်မူ၍၊ ယုံကြည် စိတ်ချ လောက်သော'မိတ်ဆွေ'ထံ၌ ဖြစ်စေ၊'ကျောင်းဆရာ' ထံ၌ ဖြစ်စေ၊ အပ်၍ ပေးပို့ရာ၏၊ပိုက်ဆံ ငွေကိုလည်း၊ တောင်းဆိုတိုင်း မပေးဘဲ၊ ဆင်ခြင် စဉ်းစား၊ စူးစမ်း မေးမြန်း၍ ပေးသင့်မှ ပေးရာ၏၊အကယ်၍ 'စာ' ကို မသင်,မကြားဘဲ၊ လည်ပတ်နေသည် အဖြစ်ကို သိလျှင်၊ ချက်ခြင်း ပြန်၍ ခေါ်ရာ၏၊ ဤသို့ စသော အားဖြင့်၊အမွေခံ သားဆိုး

သွီးဆိုး၍ ဘေးမှ ကင်းလွတ်အောင် စောင့်ရှောက်ရာ၏။ ။ထိုကဲ့သို့ စောင့်ရှောက် ကွယ်ကာရန် နည်းမျိုးတို့တွင်၊ နောက်ဆုံးပြဆိုအပ်သော နည်းသည်၊ အကောင်းဆုံးဖြစ်၍၊ ထိုနည်းကို အသုံးပြုကုန်ရာ၏။ ထို့မှတပါးလည်း၊ လိမ္မာရေးခြားသော သားသွီးတို့အားလည်း၊ မိမိတို့ မသေမီ မိမိတို့ အတို့ဟူ၍ အဘယ်အရာမှ ချန်မထားဘဲ၊ အကုန် အမွေခွဲဝေ၍၊ မပေးလိုက်မိအောင် သတိဆောင်ကြရမည်၊

ထို့မှတပါးလည်း။ ဥစ္စာ ပစ္စည်း ရှိသော သူတို့၏ သားသွီးများမှာ မိဘတို့ သေဆုံးသော အခါ၊ အမွေလုကြ,တရား တွေ့ကြသဖြင့်၊ မိဘတို့ ပင်ပန်းကြီးစွာ ရှာဘွေ ရဆောင်း ထားခဲ့သော အမွေအနှစ် ဥစ္စာ ပစ္စည်း တို့မှာ ပျက်စီးခြင်းသို့သာ ရောက်ကြ လေ၏။ အခြား လူမျိုးများမှာ ဆွေမျိုး ၇-ဆက် တိုင်အောင်၊ ကြွယ်ဝ ချမ်းသာသောသူ အလွန်များ၏။ ။'မြန်မာလူမျိုးတို့မှာ၊' ဤကဲ့သို့ ဆွေမျိုး ၇-ဆက် တိုင်အောင် ချမ်းသာ ကြွယ်ဝသော သူ ဟူ၍ မရှိသလောက် ရှားပါး၏။ ။ယခုခေတ်၌ ဆွေမျိုး နှစ်ဆက်, သုံးဆက်မျှ ချမ်းသာသော သူများပင် အတော် ရှားပါး၏။သို့ကြောင့်၊ အသက် ၆၀, ၇၀-ရှိသော အခါ၌ ဖြစ်စေ၊ သေရနီးပါး၊ ကြီးမားသော ရောဂါဝေဒနာ ရောက်သော အခါ၌ ဖြစ်စေ၊မိမိတို့ မသေမီကပင်၊ မိမိအတွက် စားသောက် လှူဒါန်းဘို့ရန်၊ အတော် အသင့် ချန်ထား၍၊ မိမိတို့ သားသွီးများ၊ နောင်သော အခါ၊အငြင်းအခုံ မရှိစေခြင်းငှါ ခွဲခြမ်း ဝေဘန်၍ ပေးကမ်း ချီးမြှင့်ခြင်းအားဖြင့်လည်း အမွေခံ သားဆိုး, သွီးဆိုးတို့ ဘေးရန်မှ လွတ်ကင်းအောင် စောင့်ရှောက်ကြကုန်ရာ၏။ ။ဤသို့ ပြဆို အပ်ပြီး သော ဘုရားဟောနည်းကို 'အခြားသောလူမျိုး'တို့မှာ၊ လိုက်နာကြသည့် အတွက်၊ ထိုသူတို့အား ထိုကဲ့သို့ သဘော ရှိသော 'သားဆိုး,သွီးဆိုး' တို့၊ နှိပ်စက် ပျက်ဆီး၍ ပျက်စီးရသည် ဟု မကြားရဘူး သလောက် ရှိချေ၏၊

သားကြောင့်ချမ်းသာပုံ။ ။အကယ်၍ ပြဆို အပ်ခဲ့ပြီးသော နည်းတို့ဖြင့် ကွယ်ကာ၍၊ ယဉ်ကျေးလိမ္မာသော သားကောင်းဖြစ်၍၊မိဘတို့အား ပြုရမည့် ဝတ္တရားကို ကြေပြွန်အောင် ပြုခဲ့မူကား မိဘတို့မှာ လောကီဘက်ဆိုင်ရာ အမှုကိစ္စတို့ကို၊ မရှုက်ဆောင် မကြောင့်ကြရမူ၍၊ အေးချမ်းသာယာစွာ နေရသည့် အတွက်၊ယခုမျက်မှောက်၌ ကိုယ်စိတ်,နှစ်ဖြာ ချမ်းသာသုခနှင့်ပြည့်စုံကြကုန်၏၊ ဤလောက၌ 'ချမ်းသာသုခ' ရှိသည့် ဟူ၍၊ ဆိုအပ်သော တရားတို့သည်ကား၊ ငါးပါးရှိကုန်၏။ ။ငါးပါးဟူသော်ကား။ (၁) အလိုရှိအပ်သော စည်းစိမ်ဥစ္စာ ရတနာတို့နှင့် ပြည့်စုံခြင်း။ ။(၂) အနာရောဂါကင်းရှင်းခြင်း။ ။(၃) ချစ်ဘွယ်သော စကားကို ဆို၍ မိမိအလိုသို့ လိုက်တတ်ရကား၊ များစွာ ချစ်နှစ်သက် အပ်သော တရားနှင့် ပြည့်စုံခြင်း။ ။(၄) အသိ,အလိမ္မာရှိသော သားသမီးနှင့် ပြည့်စုံခြင်း။ ။(၅) အကျိုးစီးပွားကို ရွက်ဆောင် တတ်သော အတတ်ပညာနှင့် ပြည့်စုံခြင်း၊ ဤသို့အားဖြင့် ငါးပါးသော အရာတို့ကို ချမ်းသာသည်ဟု 'ဟိတောပဒေသ' ကျမ်း၌ ဆိုအပ်ကုန်ရကား၊ ယဉ်ကျေး လိမ္မာသော သားသမီးတို့နှင့် ပြည့်စုံခြင်းသည်လည်း၊ချမ်းသာသုခနှင့် ပြည့်စုံခြင်းတပါးပင် ဖြစ်ပေ၏၊

ထိုကဲ့သို့ အကျိုးကျေးဇူး၊ ပွားလူးဖြစ်ထွန်းစေတတ်သော သားသမီးတို့ကို အလေးဂရုပြု၍ သွန်သင်ဆုံးမခြင်းကို မပြုမူ၍၊ အမှုမဲ့, အမှတ်မဲ့ ထားခဲ့ငြားအံ့။အမွေခံ သားဆိုး,သားမိုက်ကြီး ဖြစ်ကြပြီးလျှင်၊ မြင်တိုင်း,မြင်တိုင်း စိတ်နှလုံး ဆင်းရဲကြရ၏။ ချစ်လှစွာသော သားတယောက်ကို အလိုလိုက်မှား၍ သားဆိုး, သားမိုက်ကြီး ဖြစ်ပြီးလျှင်၊မိမိကို 'အိမ်ခေါ်မှနှင်ချ၍' အိမ်ပေါ်မှ ဆင်းသွားရသော အခါမှ၊ ကိုးကွယ် အားထားရာဖြစ်သော သားမှ၊ ဘေးရောက်၍ လာပါပြီ တကား ဟူ၍ ညည်းတွားရသော'မာရေဏာသီ'ပြည်သား 'ပုဏ္ဏားအဘိုးကြီး' ကဲ့သို့၊ မဖြစ်ကြရအောင် အထူး သတိဆောင်ကြကုန်ရာ၏၊

ယေန ဇာတေန နန္ဒိဿံ၊ ယာဿ ပန ဘဝမိဿိဿံ၊
သော မံ ဗလာ ဝိနဲ့ဘုဇာတိ၊ ဇာတံ သရဏတော ဘယံ။

(နဝနိပါတ်၊ ပဒကုသလမာဏဝဇာတ်။)

မွေးဖွားသော အကြင်သားကြောင့်၊ နှစ်သက် ဝမ်းမြောက်ခဲ့ပါ၏။ အကြင်သား၏ တနေ့တခြား ကြီးပွားခြင်းကို အလိုရှိပါ၏။ ထိုသားသည် ငါ့ကို အိမ်မှ မခင်မင်ဘဲ၊ ဆဲဆို နှင်ထုတ်၏။ ငါ့အား ကိုးကွယ်ရာဖြစ်သော သားမှ ကြောက်ရွံ့ဘွယ်ရာ ဘေးများစွာသည် ဖြစ်ပေါ်လာချေပြီ။

ယထာ ပုတ္တာ နဲ့ ဟာရေယျုံ၊ ရက္ခေယျုံ အတ္တနော ဓနံ။
ပုတ္တော ဟာရန္တော သောစန္တိ၊ အဆေကာ ရက္ခိတုံ ဇနာ၊

( အနုသာသနိဂါထာသစ်။ )

မိမိ၏ ပစ္စည်းဥစ္စာကို အကြင် အခြင်းအရာဖြင့် အမွေခံ သားဆိုး၊ သားမိုက်တို့သည်၊ မဖျက်ဆီး မဆောင်ယူနိုင်ကုန်။ ထိုအခြင်းအရာအားဖြင့်၊ ကံကို မပုံဘဲ 'ဥဂ္ဂဏ်ဝီရိယ' ကို ယုံပြီးလျှင်၊ လုံခြုံအောင် စောင့်ရှောက်ကြကုန်ရာ၏။ အမွေခံ သားဆိုး၊ သမီးဆိုး၊ သားမိုက်၊ သမီးမိုက်သည်၊ ဖျက်ဆီး ယူဆောင်၍ သွားသည် ရှိသော်၊ ဉာဏ်ဝီရိယကို မယုံဘဲ၊ ကံကိုသာ ပုံပြီးလျှင်၊ လုံခြုံအောင် စောင့်ရှောက်ခြင်းငှါ မလိမ္မာကြကုန်သော လူတို့သည် စိုးရိမ် ပူဆွေးကြရကုန်၏။ ။ဤကား 'န အဒ္ဒိယာဒါယာဒါ ဟာရေယျုံ' ဟူသော ပါဠိတော်၏ အဓိပ္ပါယ်တည်း။ ။ဤကား မြန်မာလူမျိုးများ နှုတ်ဖျားတွင်၊ မကြာ မကြာ ရွတ်ဆိုလေ့ရှိသော 'မင်း၊ မိုး၊ သူ၊ မီး၊ ရေ၊ အမွေခံဆိုး' ဟူသော ရန်သူမျိုး ငါးပါးတို့ကြောင့်၊ မပျက်စီးနိုင်အောင် စောင့်ရှောက်ပုံကို ပြဆိုအပ်သော စကားတရပ်၊ အပြီးသတ်တည်း။ ။ဤပြဆိုအပ်ပြီးသော ရန်သူတို့ကား၊ ဗဟိဒ္ဓအပမှ ဖြစ်သော ရန်သူတို့တည်း။

ရန်သူမျိုးငါးပါးကို ကွယ်ကာပုံ။ ။ယခု ပြအပ်ခဲ့ပြီးသော ကွယ်ကာနည်းကို သတိ မထားကြမူ၍၊ ထို'ရန်သူမျိုးငါးပါး'တို့

သည် 'ကံ' မကောင်းသော သူများကိုသာ နှိပ်စက်တတ်သည်၊ 'ကံ' ကောင်းသော သူကိုမူကား၊ မနှိပ်စက်နိုင် ဟူ၍ ယူပြီးလျှင်၊ ရန်သူမျိုးငါးပါးပျက်ဆီးက၊ အဘယ်မှာ တတ်နိုင်မည်နည်း ဟူ၍ နှလုံးပြုပြီးလျှင်၊ ထိုရန်သူမျိုးဘေးမှ အေးမြကင်းလွတ်ရန် ဥာဏ်ထုတ်၍ မကြံမစည်ကြသော 'မြန်မာလူမျိုးများ' မှာ၊ မည်သူသည် မည်ကဲ့သို့ ဥစ္စာပစ္စည်းနှင့် ပြည့်စုံသည်, တိုးတက်သည် စသည်ဖြင့်၊ ကြားရ,မြင်ရသော်လည်း၊ မကြာမီ ရန်သူမျိုးငါးပါးအတွက် ပျက်စီးခြင်းသို့ ရောက်သည်ကိုသာ တွေ့ရပေ၏။

'အခြားလူမျိုး' များမှာမူကား၊ ဘုရားဟောတော်မူသော နည်းအတိုင်း ကြံစည်ကြ၍၊ ရန်သူမျိုးဘေးရန်မှ ကင်းလွတ်အောင် စောင့်ရှောက်ကြသည့် အတွက်၊ ထိုသူတို့ လုပ်အပ်သော အလုပ်တို့မှာ များသော အားဖြင့်၊ ရန်သူမျိုးငါးပါး ဟူ၍ မရှိသကဲ့သို့၊ အမြဲ 'သားစဉ်မြေးဆက်' တည်တန့်၍ နေကြကုန်၏၊ ယခုလက်ငင်း၊ မျက်မြင်အားဖြင့် ပြရမူ 'ဗိုးရထားကုမ္ပဏီ၊ ဧရာဝတီဖလိုတီလာကုမ္ပဏီ, ရိုးကုမ္ပဏီ, ဗိုဆူဇာ ဆေးတိုက်ကုမ္ပဏီ။ ။စသော ထိုထိုသော ကုမ္ပဏီကြီးဘဏ်မှာ၊ 'သားစဉ်မြေးဆက်' ရန်သူမျိုးငါးပါး မနှိပ်စက်ဘဲ၊ အမြဲတည်ကြမည်ကဲ့သို့ ထင်မှတ်ဘွယ် ရှိ၏။

'ကံ၏ အကျိုးကို တားမြစ်နိုင်ပုံ'။ ။ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့က 'ကမ္မဝိပါကောနာမ ကောနုစိ ပဋိဗာဟိတုံ န သက္ကောတိ' ကမ္မဝိပါကောနာမ၊ 'ကံ'၏ အကျိုးမည်သည်ကို။ ကောနုစိ၊ တစုံတခုသောနည်းဖြင့်။ ။ဝါ၊ တစုံတယောက်သော သူသည်၊ ပဋိဗာဟိတုံ၊ ထိုးပစ်တွန်းလှန် ခုခံတားဆီးခြင်းငှါ။ နသက္ကောတိ၊ မတတ်နိုင်ရာပေ။ ။ဟူသော 'ပါဠိကိုအားကိုး၍' 'ကံ'၏ အကျိုးကို အဘယ်သူမှ မတားဆီးနိုင် ဟူ၍ ပြောကြကုန်၏၊ ထိုစကားသည်လည်း၊ အားသေးသော 'ဒုဗ္ဗလ' ကံ၊ အားကြီးသော 'ဗလဝ' ကံ၊ နှစ်ပါးတို့တွင်၊ အားကြီးသော 'ဗလဝ' ကံကိုသာ ယူရမည်၊ အားသေးသော 'ဒုဗ္ဗလ' ကံကိုမူကား၊ မိမိတို့ ကိုယ်တိုင် တားမြစ်နိုင်ပေသည်။ ။

'ထိုစကားကို ထင်ရှားစေဦးအံ့။ ။ဤလောက၌၊ ရေဇဝတ်မင်း

ဗဏ်သင့်သော သူများမှာ၊ အလွန်တရာ ထင်ရှား၍၊ အလွန်တရာ ကြီးသော အမှုများကိုသာ မပျောက်ပျက်နိုင်သည်။ အားတော်အသင့် အမှုများကိုမူကား၊ တံစိုးလက်ဆောင်ပေးသော အားဖြင့်၊ ကင်းလွတ်နိုင်၏။ ထိုအတူ သေးငယ်သော 'ဒုဗ္ဘုသ' ကံ၏ အကျိုးကိုကား၊ 'ဥဒဇ်ဇီဒိုယဖြင့်' တားမြစ်နိုင်၏၊ 'ယင်းသို့ တားမြစ်ပုံကား' 'နေပူ' သွားသော သူသည်၊ 'ထီး' ကို မဆောင်းသည် ဖြစ်က၊ နေရောင်ဖြင့် မိမိကိုယ်ကို ထိခိုက်သည့် အတွက်၊ အကုသိုလ်ကံ၏ အကျိုးဖြစ်သော အကုသလဝိပါက် ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်တို့သည် ဖြစ်ပေါ်လာကုန်၏။ 'ထီး' ကို ဆောင်းလိုက်သော အခါ၊ ထိုအကုသလဝိပါက်တို့သည် ပျောက်ပျက်၍ သွားကြကုန်၏။

'မိုးယံရွာ' တည်းသို့သွားသောအခါတို့၌လည်း၊ 'ထီး' မဆောင်းသော အခါ၊ မိုးရေစွတ်သဖြင့်၊ အချမ်းကြောင့် အကုသလဝိပါက် ဒုက္ခဝေဒနာတို့သည် ဖြစ်ပေါ်လာကုန်၏။ 'ထီး' ကို ဖွင့်၍ ဆောင်းလိုက်သော အခါ၊ ထိုဒုက္ခဝေဒနာတို့သည် ကင်းပျောက်ကုန်၏။ 'ထို့ကြောင့်' ရဟန်းတော်များ ကျောင်း,သင်္ကန်းဘို့ကို၊ သုံးဆောင်သော အခါ၊ ဤကျောင်းကို ဤသင်္ကန်းကို အချမ်းကို ပျောက်ခြင်းငှါရင်း၊ အပူကို ပျောက်ခြင်းငှါရင်း၊ မှက်,ခြင်,ယင်,လေ, နေပူ, မြွေ,ပျား,ကင်း,သန်းတို့၏ ကိုက်ခဲခြင်း အတွေ့တို့ကို၊ ပယ်ဖျောက်ခြင်းငှါရင်း၊ ဝတ်ရုံပါ၏။ နေထိုင်ပါ၏ ဟူ၍ ဆင်ခြင်ရ၏။ ထိုသို့ ဆင်ခြင်သည်ကို ထောက်လျှင်၊ ထိုကျောင်းသင်္ကန်းတို့က၊ အချမ်း,အပူ စသော အကုသိုလ်ကံ၏ အကျိုးကို ပယ်ဖျောက်နိုင်ကြောင်းကား အလွန် ထင်ရှား၏။ ။'ကမ္မဝိပါကောနာမ ကောနုစိ ပဋိဗာဟိတုံ နသက္ကောတိ' ဟူသော ပါဠိကို အရေးရာတိုင်း၌ အသုံးပြုလျက်၊ အရာရာမှာ ကံကိုသာ အဆုံး မချဘဲ၊ ဘုရားဟော ဒေသနာနည်းအားဖြင့်၊ ရန်သူမျိုးငါးပါးမှ ကင်းလွတ်အောင် အထူးသတိ ဆောင်ကြကုန်ရာ၏။

နိုင်ငံခြားသားများ ရန်သူမျိုးငါးပါးမှ ကွယ်ကာကြပုံ။ ။

ဤရန်သူမျိုး ငါးပါးကို စောင့်ရှောက်ရာ၌ 'နိုင်ငံခြား' သားတို့မှာ လွန်စွာ လိုက်နာကြကုန်၏။ ထို့ကြောင့်၊ထိုသူတို့မှာ မီးဘေးကြောင့် ပျက်စီးခြင်းမရှိစေရန် 'မီးအာမခံ' ပြုလုပ်၍ ထားခြင်း၊ ရေဘေးကြောင့် မပျက်စီးနိုင်ရန် 'ရေအာမခံ' ပြုလုပ်၍ ထားခြင်း၊ ခိုးသူ, ထားပြတို့ တိုက်ခိုက် ခိုးဝှက်၍မယူနိုင်ရန်'ဘဏ်တိုက်' မှာ အပ်နှံ၍ ထားခြင်း မင်းဘေး မနှိပ်စက်နိုင်ရန် မင်းအစိုးရတို့ ပညတ်၍ ထားအပ်သော 'ဥပဒေ' တို့ကို ကြေပြွန်စွာ တတ်မြောက်စေ၍၊ ထိုမင်းတို့ ပညတ်၍ ထားအပ်သော ဥပဒေနှင့် လွတ်အောင် ရှောင်ကြဉ်ခြင်း၊ သားဆိုး,သမီးဆိုးဘေးမှ ကင်းလွတ်ရန်၊ သားသမီးတို့ ပြုအပ်သော ကျင့်ဝတ်နှင့် ပြည့်စုံစေခြင်း၊ 'သေတမ်း'စာကို အတည်ပြုခြင်း စသော အားဖြင့်၊ အရာ အထောင် မကသော နည်းနာနယတို့ဖြင့် စောင့်ရှောက်ကြကုန်၏။ ။'အထူးအားဖြင့်'၊မြန်မာလူမျိုးများမှာ မိမိတို့ အသက်သေသွားလျှင်၊သား,မယား စသည်တို့မှာ၊ ခိုကိုးရာမဲ့ဖြစ်လျက်၊ ပျက်စီးဆုံးရှုံးပြီးလျှင် ဒုက္ခရောက်ကြရကုန်ငြားသော်လည်း၊ ထိုသူတို့မှာ ထိုကဲ့သို့ မဖြစ်စေခြင်းငှါ မိမိအသက်ကို 'အသက်အာမခံကုမ္ပဏီ' များထံ၌ ပေါင်နှံ၍ ထားကြကုန်၏။ ။မိမိတို့ အသက်ကိုသာ မဟုတ်မူ၍၊မိမိတို့နှင့် ဘက်စပ်၍ အသက်မွေး ဝမ်းကြောင်းတို့ရာ ဥစ္စာပစ္စည်းတို့ကို ရှာဖွေရန် မိမိတို့အား ကျေးဇူးများသော ဆင်, မြင်း, မျောက်,ဝန် စသော သတ္တဝါတို့၏၊ အသက်ကိုပင် 'အသက်အာမခံကုမ္ပဏီ' တို့၏ အထံ၌ ပေါင်နှံ၍ ထားကြကုန်၏။ ။ထိုမှတပါးလည်း၊လက်နှင့် အလုပ် လုပ်-စားသောက်သူ ဖြစ်အံ့၊ထိုလက်ကျိုး၍ သွားငြားသော်လည်း၊ပျက်စီး၍ မသွားစေရန် မိမိလက်ကို ပေါင်နှံ၍စောင့်ရှောက်တတ်ကုန်၏။ ။သီချင်းဆိုလျက် အသံဖြင့်၊ အသက်မွေးသော သူဖြစ်အံ့၊ထိုအသံဝင်ခြင်း, အသံပြာခြင်း စသည်တို့ကြောင့် သီချင်းသီဆိုခြင်းငှါ မစွမ်းနိုင်ငြားသော်လည်း၊ ပျက်စီး၍ မသွားစေရန်၊ အသံကိုပင် ပေါင်နှံ၍ စောင့်ရှောက်တတ်ကုန်၏။

ဤသို့ ပြဆိုအပ်သော နည်းတို့ကို မှတ်သားပြီးလျှင်၊မိမိတို့သည်

လည်း၊ ရန်သူမျိုး ငါးပါးတို့ကြောင့် ပစ္စည်းဥစ္စာ ရတနာတို့နှင့် တကွ၊ ကိုယ် အသက်နှင့် လက်,ခြေ'အသံတို့ပါ၊ မပျက်စီးစေရန် 'ဉာဏ်ဝီရိယ' တို့ဖြင့်၊ စောင့်ရှောက်ကြကုန်ရာ၏။ ။ထိုကဲ့သို့ စောင့်ရှောက်သည့် အတွက်၊ စည်းစိမ် အသက် မပျက်စီးဘဲ၊ တည်တန့် နိုင်ဘူးကြောင်း ထုံးဟောင်း သက်သေ ဝတ္ထုများကို၊ 'ကံ,ဉာဏ်,ဝီရိယ,အကျယ်လက်စွဲကျမ်း'၌ များစွာ ဆိုခဲ့လေပြီ။

ယထာ ဝေရာ န ဟရေယျုံ၊ ရက္ခေယျုံ အတ္တနော ဓနံ။
ဝေရေ ဟရန္တေ သောစန္တိ၊ အသောကာ ရက္ခိတုံ ဓနာ။

(အနုသာသနီ ဂါထာသစ်)

မိမိ၏ ဥစ္စာပစ္စည်းကို ရန်သူမျိုးငါးပါးတို့သည် အကြောင်းအခြင်း အရာဖြင့် မဖျက်ဆီး မဆောင်ယူနိုင်ကုန်။ ထိုအခြင်းအရာဖြင့်၊ 'ကံ'ကို မချဘဲ ဉာဏ်ဝီရိယ' ဖြင့် လုံခြုံအောင် စောင့်ရှောက်ကုန်ရာ၏။ ရန်သူမျိုးငါးပါးသည်၊ ဆောင်ယူသွားသည် ရှိသော်၊ 'ကံ' ကိုသာ ပုံ၍ 'ဉာဏ်ဝီရိယ' ကို မယုံသဖြင့် လုံခြုံအောင် စောင့်ရှောက်ခြင်းငှါ မလိမ္မာကြကုန်သော လူတို့သည်၊ စိုးရိမ် ပူဆွေးကြကုန်၏။ ။ဤကား ရန်သူမျိုး ငါးပါးမှ ကာကွယ်နည်းကို ပြဆိုအပ်သော စကားရပ်တည်း။

အတွင်းရန်သူ။ ။ဤသို့ ပြဆိုအပ်ခဲ့ပြီးသော ရန်သူတို့သည်။ ဗဟိဒ္ဓ အပရန်သူတို့တည်း။ ထိုမှတပါးလည်း၊ အဇ္ဈတ္တိကအတွင်း ရန်သူများလည်း ရှိကြသေး၏။ ထိုရန်သူတို့ကို ပြဆိုဦးအံ့။

ဧဝံ သမုပ္ပန္နာနံ ဗျဂ္ဃပဇ္ဇ ဘောဂါနံ၊ စတ္တာရိ အပါယမုခါနိ
ဟောန္တိ။ ဣတ္ထိဓုတ္တော သုရာဓုတ္တော အက္ခဓုတ္တော ပါပ
မိတ္တော ပါပသဟာယော ပါပသမ္ပဝင်္ကော။

(အင်္ဂုတ္တရပါဠိတော်)

ဗျဂ္ဃပဇ္ဇမည်သော ဒါယကာ။ ဤသို့ ဥပ္ပါဒနသမ္ပဒါဖြင့် ကောင်းစွာဆည်းပူး၍ ရအပ်ကုန်သော စည်းစိမ် တို့၏ ပျက်စီးခြင်း၏

အကြောင်းတို့သည်၊ လေးပါးတို့သည် ဖြစ်ကြကုန်၏။ မိန်းမ ငါးဦး၏၊ သေကြူး၏။ အနံ့ကြူး၏၊ မကောင်းသော အဆွေခင်ပွန်း ရှိ၏၊ မကောင်းသော အပေါင်းအပေါ် ရှိ၏။ မကောင်းသော သူ၏ အထံ သို့သာ အခါခါ ကပ်ရောက်တတ်၏၊

(က) 'မိန်းမကြူးပုံ'။ ။'ဆုသြိဉ်ခုဇွန်'။ ။ဟူသော ပါဠိတော်၏ အဓိပ္ပါယ်မှာ၊ အချို့သော သူတို့သည်၊ မိမိ၌ 'သားကြီး မယားကြီး' ရှိလျက်နှင့်၊ မိမိသားကြီး, မယားကြီးတို့နှင့်မျှ၊ တင်းတိမ် 'ရောင့်ရဲခြင်းမရှိဘဲ၊ 'ရာဂ' တည်းဟူသော 'အိလူး'သည် ပူးဝင်နှိပ်စက်အပ်သည် ဖြစ်၍၊ မိမိ ဂုဏ်ကြက်သရေနှင့် အသက် အရွယ်ကိုလည်း မငဲ့ကွက်၊ အရှက်အကြောက် ဟူ၍လည်း မဆင်ခြင်၊ ထင်မိထင်ရာ ပြုလုပ်တတ်သော 'ရာဂန္ဓဇ္ဈကာ' ရောဂါဖြစ်ပြီးလျှင်၊ သူတပါးတို့၏ 'သားသမီး' တို့ကို၊ ဥဿုပစ္စည်းတို့ဖြင့် ဖြားယောင်းသွေးဆောင်၍ 'ဖျက်ဆီး' ကြကုန်၏။ ထိုသူတို့မှာ မိမိတို့ နှစ်ရှည်,လများ ပင်ပန်းကြီးစွာ ရှာမှီးရဆောင်း၍ ထားအပ်ကုန်သော ပစ္စည်းဥဿုတို့သည် မကြာမီ ပျက်စီးကုန်ခန်းခြင်းသို့ ရောက်ကြ၍၊ မွဲပြာကျရုံမျှ မက 'ဒုစရိုက်ကံကြီး' ပင် ထိုက်သင့်ပြီးလျှင်၊ သေသည့် အခြားမဲ့၌ 'ငရဲ' သို့ ကျရောက်၍ ငရဲမှ လွတ်ပြန်ပါသော်လည်း၊ 'နပုံပဏ္ဍုက်' စသည်၏ အဖြစ်သို့သာရောက်ကြရလေကုန်၏။ ။'အချို့သော သူတို့မှာမူ' မိမိတို့ အသက်အရွယ်နှင့် မမျှ၊ 'သမီးအရွယ်, မြေးအရွယ်' ငယ်လှသော သတို့သမီးတို့ကို ငွေစွာ ပစ္စည်း အနည်းနည်းဖြင့်၊ 'ဇနီးကြင်ရာ' ပြုမူရာသို့ လိုက်ပါလေအောင်၊ သွေးဆောင်,ဖြားယောင်း သိမ်းဆည်းယူငင်တတ်ကြကုန်သေး၏၊ ထိုအခါ၌ 'မာဂဓမ' တို့မည်သည်မှာ၊ 'အချမ်း' ဖြင့် နှိပ်စက်အပ်သော သူသည်၊ အေးမြကြည်လင်သော 'လ' ရောင်၌ 'မပျော်မွေ့'နိုင်သကဲ့သို့ရင်း။' အပူဖြင့် နှိပ်စက်အပ်သော သူသည်၊ အလျှံထိန်းပြောင်၊ ဝင်းဝင်းလောင်သည့်၊ 'နေရောင်' အလင်း၌၊ 'မပျော်မွေ့' နိုင်သကဲ့သို့ရင်း၊ အသက် 'အရွယ်ကြီးရင့်' သဖြင့်၊

မျက်စိသိမ်မှိုင်း၊ နားပါးထိုင်းလျက်၊ ခါးကိုင်း,ဆံဖြူ၊ 'လူအို ယောကျ်ားကြီး' များကို၊ အနည်းငယ်မျှ နှစ်သက်ခင်မင် ကြင်နာ လေးမြတ်ခြင်း ရှိကြမည် မဟုတ်ပေ။ ။ထိုအဓိပ္ပါယ်ကို 'ဟိတော ပဒေသကျမ်း' ၌ ဤသို့ဆို၏။

သသိနိ၀ ဟိမတ္တာနံ၊ ဃမ္မတ္တာနံ ရဝိမ္ဗိ၀။
မနော န ရမတေ ထီနံ၊ ဇရာ ဇိဏ္ဏဗြိယော ၀ယေ။

သိတခါတ်အစွမ်း အအေးလွှမ်း၍၊ အချမ်းဖြင့် နှိပ်စက်အပ်ကုန် သော သူတို့၏ စိတ်သည်၊နှလုံးစိတ်ဝမ်း၊ ရွှင်လန်း အေးမြစေတတ် သော 'လ' ရောင်၌ အချမ်းတိုး၍၊ နှမ်းညှိုးပင်ပန်း၊ ရွှင်လန်းပျော် မွေ့ခြင်းကို မရသကဲ့သို့ရင်း၊'ဥတု,ဂိမ္ဟ၊ နွေနေပူတို့ဖြင့် နှိပ်စက် အပ်ကုန်သော သူတို့၏ စိတ်သည် တေဇောဓာတ်ကို တလျှပ်လျှပ် ဆောင်၊ပူပြင်းလောင်သည့် 'နေ' ရောင်အလင်း၌ အပူတိုး၍၊ နွမ်း ညှိုးပင်ပန်း၊ ရွှင်လန်း ပျော်မွေ့ခြင်းကို မရသကဲ့သို့ရင်း၊ 'အသက် အရွယ် နုနယ် နွန်းစို ခိုနှဲးမျိုတစ်တွေ့၏ 'ရာဂ' ဘီလူး၊ ဖမ်းစဉ် မူး၍ ရွှင်းမြူးပျော်ပါးလိုသော စိတ်သည်' မျက်စိသိမ်မှိုင်း၊ နား ပါးထိုင်း၍၊ ခါးကိုင်း ယိုယွင်း၊ အိုမင်းလေပြီးသော 'လင်အို ယောကျ်ားကြီး' များ၌၊ မိမိစိတ်၌ မချစ်ကြိုက်၍၊ 'နှစ်ခြိုက်ပျော် မွေ့'ခြင်း မရှိတော့ချေ။

'တနည်းသော်ကား' လောကီအမှု 'လူသားတို့ဓမ္မတာ' မှာ၊ မိမိတို့နှင့် အသက် 'အရွယ်တူမျှသော' သူတို့ ချင်းချင်းသာ ခုံမင် နှစ်သက်ခြင်း ရှိကြမြဲဖြစ်ရကား၊ အသက်အရွယ် နုနယ် ပျိုလွင် သော 'သတို့သမီး' တို့သည်၊ မိမိတို့၌ တရုံတခု အားပြု,အားထား ရာ ဖြစ်သော 'အကြောင်း ချိုတဲ့၍' သော်ရင်း၊ မိမိတို့ အပေါ်၌၊ 'အာဏာတနီးနီး' လွှမ်းမိုးစိုးရင်နိုင်သောသူ တဦး တယောက်က၊ မိမိ၏ အကျိုး မြှော်ကိုးတောင့်တ 'နားချဖြားယောင်း' တိုက်တွန်း နှိုးဆော်၍ သော်ရင်း၊ အရွယ်လွန်ပြီး 'လူအိုကြီး' များ၏ 'ဇနီးကြင် ရာ' ပြုမှုရာသို့၊လိုက်ပါ နေထိုင်ရခြင်းများသည် 'ဥပမာ'ဆိုသော်

အနာသိုး၊ရောဂါဆိုး၊ဖွွမ်းရိုး နှိပ်စက်၍၊ စိတ်လက် မကြည့် မသာ ရှိနေသော ရောဂါရှင် တဦးသည်၊ထိုအနာဆိုးမှ လွတ်ကင်းပျောက် ငြိမ်းရန် အတွက်၊ နှလုံးစိတ်စက် မသက်မသာဘဲလျက်၊ 'ဆေးမှူ ဆေးခါး' ကြီးများကို၊ 'သည်းခံ' ၍ကြိတ်၊ 'မျက်စိမှိတ်၍ မျိုသိပ် စားသုံး' ရသကဲ့သို့၊ အရာရာမှာ စိတ်တိုင်းမကျ သဘောမမှျဖြစ် လျက်နှင့်သာ 'မိမိ၏အဖြစ်သနစ်' ကို၊ ဖွင့်ဟ်စ် မပြောမဆိုဝံ့ဘဲ၊ အောင့်အည်းသည်းခံ၍၊ ကျပ်တည်းဆင်းရဲစွာ နေထိုင်ရလေသည်။ ဤသို့အားဖြင့်၊ အသက်အရွယ် ပျိုနုနယ်သည့်၊ သတို့သမီးငယ်တို့ သည် အရွယ်လွန်ပြီး၊ လုအိုယောကျ်ားကြီးများနှင့် 'သားလင် ခင်ပွန်း' အဖြစ်ဖြင့်၊ နှစ်,လ ရှည်ကြာ၊ အခါလေးမြင့်၊ အခွင့်အား ထျော်စွာ နေရှိသော်ငြားလည်း 'လူ ကိုယ်ကား၊ စိတ်အားနှစ်သက် စုံမက်မြတ်နိုး ကြင်နာခြင်း မရှိသည့်အတွက် 'အဇ္ဈောသိတသမ္ဘ ယောဂ' ဒုက္ခတချက်၊ အခြားတပါး ယောကျ်ားချစ်သူနှင့် အတူ မနေ၊ကွေကွင်းဝေးကွာရသည့် အတွက်၊ ချစ်ကြွေးတက်၍ စိတ် စက်မဖြောင့်၊ 'စနောင့်စနင်း' ချစ်ခြင်းမပြေ၊ ဖြစ်ရ လေသည့်၊ 'ပိယေဟိဝိပ္ပယောဂ' ဒုက္ခ တချက်၊ ယင်း နှစ်ချက်သော ဒုက္ခတို့ တွင်၊ မိမိစိတ်၌ ချစ်ကြိုက်တံလျက်၊ စုံမက်မြတ်နိုးသူနှင့် အတူ မတွဲ၊ ရှင်ကွဲ,ကွဲကွာနေရခြင်းဟူသော ချစ်ကြွေးတင်ခြင်း' သည် သာလျှင်၊ ဥစ္စာကြေးငွေ၊ ကြွေးမြေတင်ခြင်းထက်၊ ဆထက်တပိုး၊ ဆင်းရဲတိုး၍၊ခွမ်းညှိုးပိန်ချုံး၊ယူကျုံးမရ၊ဖြစ်ကြရမြဲပေတည်း။ ။

'ထို့ကြောင့်'။ ။''လူ့ရွှာမှတ်ရေး၊ ဥစ္စာကြွေးထက်၊ ချစ်ကြွေးတင်ချက်၊ ဆင်းရဲနက်ဟု၊ စဉ်ဆက်ထိုမျှ၊ ဆိုကုန်ကြ၏။'' ဟူ၍ 'မဃဒေဝလင်္ကာ သစ်' ၌၊ မန်လည်ဆရာတော်ဘုရားကြီး ရေးသားစပ်ဆို မိန့်မှာ တော်မူလေသည်။ ။'ထိုစကားသည်မှန်၏။' 'မာတုဂါမ' တို့သည် မိမိတို့ 'အာဝါဟ'အားလျော်စွာ၊ နှစ်ခြိုက်ရှိ၍ ခုံမင်နှစ်သက်၊ တပ် မက်သာယာတတ်ခြင်း၊ လှပတင့်တယ်၊ ဘွယ်ရာသမှု၊ ပြုဗလို သားတတ်ခြင်း စသော တရားများသည်၊ 'ယောကျ်ား' သားထက် ပွင်၊ ' ပိုမိုလိုလား' တတ်ကြရကား။ ယခု ပြဆိုအပ်သော အ

ကြောင်းတို့ဖြင့်၊ အဘယ်မှာလျှင် စိတ်စက်ရွှင်းပြုံး၊ နှလုံးနှစ်သိမ့်နိုင်ပါတော့အံ့နည်း။ ။ထိုအဓိပ္ပါယ်ကို ရည်၍၊ အောက်၌ ပါသော ဂါထာကို 'ဟိတောပဒေသကျမ်း' ၌၊မိန့်ဆိုအင်၏။

ပလိတော့သွပိ ဒိဗ္ဗေသု၊ဘဗ္ဗု ကာ နာမ ကာမိတာ။

ဘောသဇ္ဇမိဝ မညန္တေ၊တဗ္ဗညမနသာ ထိယော၊

လင်အိုယောကျ်ားကြီး၏ သေမင်းတမန် အောင်လံပိုက်ထူ၊ ဆံဖြူပင်တို့ကို မျက်မှောက်ထင်ထင် နေ့စဉ်မြင်ရ၊တွေ့မြင်အပ်ရန်သည့် ရှိသော် 'ရာဂ' စုံဘက်၊နှစ်သက်ခုံမင်၊ ချစ်ခင်ခြင်း သဘောတရားသည့် အဘယ်မှာလျှင် အစဉ်တပိုက်၊ ဖြစ်ထိုက်နိုင်ပါတော့အံ့နည်း။ သက်ရွယ်ပျိုနု မိန်းမတရတို့သည်၊ ထိုသို့ အရွယ်လွန်ပြီး၊ လင်အိုယောကျ်ားကြီးကို၊ နှလုံးမငြိမ်၊ မမြိန်မရှက်၊ ပျို့အန်ထွက်သည့်၊သက်သက် 'ဆေးပု,ဆေးခါး' ကြီးကို သောက်စား, ဝါးမျိုရသကဲ့သို့ အမြဲမပြတ်၊ မှတ်ထင်၍ နေကြကုန်၏။ ထိုလင်အိုယောကျ်ားကြီးမှ တသီးတခြား၊ 'ငယ်ချစ်' များအား လွင့်ပါးစိတ်ရောက်၍သာ နေကြလေကုန်၏။

ဤသို့လျှင် အသက်အရွယ် နုနယ် ရွန်းပို၊ မိန်းမပျိုတို့သည်၊ လင်အိုယောကျ်ားကြီးများနှင့် နေထိုင်ရပုံ သဘောမျိုးကို 'သဒ္ဒနီတိကျမ်း' တို့၌ ဆိုသည့်အတိုင်း၊ 'ကြေးငွေ' ကို ခုံမက်၍၊ စုံဘက်နေကြရာ 'လူ' ကို မုကား၊ များစွာ နှစ်သက် ခင်မင်ခြင်းမရှိသည့် အတွက်၊ အချို့ကား၊ လင်အို ယောကျ်ားကြီးများ၏ 'အကျိုးမဲ့' ကိုသာ အခါခပ်သိမ်း ကြံစည်တတ်၏။မျက်ကွယ်၌ လင်အိုယောကျ်ားကြီးတို့၏ အတင်းစကား,အဖျင်းစကားတို့ကို များစွာ ပြောဆိုတတ်ကြကုန်၏။ ။အချို့ကား၊ ဥစ္စာပစ္စည်းတို့ကို'ကဲ့ဌက်ခိုးယူ'တတ်၏။ ထို့ကြောင့်၊ အရွယ်လွန်မှ သတို့သမီးပျိုတို့ကို ယူငင်သိမ်းပိုက်ကြသော သူတို့မှာ၊ လောက,သံသရာ နှစ်ဖြာလုံး အဘို့တို့၌၊ များစွာဆုံးရှုံးပျက်စီးခြင်းသို့ ရောက်တတ်ကုန်၏၊ ။အချို့သော သတို့သမီးငယ်တို့မှာ၊ ခင်ပွန်းယောကျ်ားတို့၌၊ ပြုလုပ်အပ်သော ဝတ်တာ

ရား နှင့် အညီ ပြည့်စုံအောင် ရွက်ဆောင်လိုသော စိတ်, စေတနာ, 'သဒ္ဓါ'ဆန္ဒ ရှိပါသော်လည်း၊ 'ဒါနိနဒါနိဓိချင်း' တို့က ပြုရခြင်း၊ မြှောက်ပင့်၍ ပေးခြင်းအားဖြင့်၊ လင်အိုကြီးများ အပေါ်၌ လွန်စွာ ဆိုးကြဲ့ရွဲ့မူယူကြသဖြင့်၊ ထိုလင်အို ယောကျ်ားကြီးများကလည်း၊ ထိုသတို့ သမီးငယ်တို့၏ အလိုဆန္ဒ ပြည့်ဝေပုံလင်၍၊ ခံ့ခင် နှစ်သက်စေရန် အတွက်၊ အစစအရာရာ အလိုလိုက်၍ ဂရုစိုက်ရသဖြင့်၊ ကိုယ်,စိတ် ဆင်းရဲ ဖြစ်ပြီးလျှင်၊ မကြာမီ သေကြေပျက်စီးခြင်းသို့ ရောက်ရ၏။

ထိုစကားကို ထင်ရှားစေဦးအံ့။ ။ဇူဇကာဝတ္ထု။ ။လွန်လေပြီးသော အခါ၊ 'ကလိင်္ဂ'တိုင်း 'ဒုန္နိဝိဋ္ဌ'မည်သော ရွာ၌ 'ဇူဇကာ'မည်သော 'ပုဏ္ဏားအိုကြီး'သည်၊ မြေး အရွယ်မျှသာ ရှိသော 'အမိတ္တတာပန, အမိတ္တာပုနိ' မည်သော သတို့သမီးငယ်ကို၊ 'ဇနီးမိန်းမ' အဖြစ်ဖြင့်၊ သိမ်းပိုက် ယူငင်၍ ထားလေ၏။ ထိုသတို့ သမီးငယ်သည်၊ ခင်ပွန်း ယောကျ်ားတို့၌ ပြုအပ်သော ဝတ်တရား အတိုင်း၊ မြစ်ဆိပ်သို့ သွား၍၊ ရေများကို ခပ်သယ်ရာ များစွာသော သတို့သမီးငယ်၊ အရွယ်တူ အမျိုးပေါ် အပေါင်းတို့သည်၊ သောင်းသောင်း ဒုဘ်အာ၊ဝိုင်းအုံကာ ဆဲရေးကြကုန်၏။ ။အဘယ်ကဲ့သို့ ဆဲရေးကြသနည်းဟူမူကား။ ။'အို ညီမငယ်၊'အရွယ်သို့ မရောက်သေးသော သင် ညီမငယ်ကို၊ အရွယ်လွန်ပြီး၊'ပုဏ္ဏားအိုကြီး' အား ပေးစား အပ်နှံလိုက်ကြသော သင်၏ မိခင်, ဘခင်, ညီမ, အစ်မ, ဆွေမျိုးတို့သည်ကား။ သင်၏ ငြိုးသူ 'ရန်ဘက်'များ ဖြစ်ကြလေ ယောင်တကား။ ။အို ညီမငယ်၊ အသက် အရွယ် နုနယ် ပျိုမျစ်သော သင် ညီမငယ်သည် အရွယ်မတူ ဆံဖြူ သွားကျိုး၊ အမြင် ဆိုးလျက်၊နွမ်းညှိုးသော ပုဏ္ဏားအိုကြီးနှင့် မနှစ်သက်ဘဲ၊ ယှဉ်တွဲ ပေါင်းဘက်ကာ နေရခြင်းထက်၊အသက်'သေရခြင်း'ကပင် 'မြတ်' ပေသေး၏။ ။အို ညီမငယ်၊ အရွယ်တူမျှသော သတို့သားကိုမျှ ရှာ၍ မရလေ ယောင်တကား။ ။အို ညီမငယ်၊ သင်တမူကား၊ ရုပ်ရည်သဏ္ဌာန်၊ ပုံဟန် သင့်မြတ်၊နုဖတ် ရွှန်းစိုလျက်၊နဂိုရ်အလေ့

အလာဖြင့်၊ သိမ်းမွေ့ပြေပြစ်၊ ချစ်နှစ်သက်ဘွယ်သော သဘောရှိသူ တဦး ဖြစ်လျက်၊ အရွယ်လွန်ပြီး၊ ပုဏ္ဏားအို ယောက်ျားကြီးနှင့် အတူတကွ နေ့ရခြင်း ဒုက္ခသည်၊ အဆိပ်အတောက် ထန်ပြင်းသော 'မြွေဗွေးမြွေဟောက်' တို့၏ အကိုက်ခံရသည့် ဒုက္ခထက်ဝင်း၊ အသွား နှစ်ဘက် မြမြထက်သည့် 'သံချွန်,လှံမကြီး'ဖြင့်၊ နှလုံး ရင်ဝကို၊ ထိုးဆွ ဘိနှိပ်ခြင်း ခံရသည့် ဒုက္ခထက်ဝင်း၊ အဆ အရာမက ဆင်းရဲလှချေ၏။ ။အို ညီမငယ်၊ ဤ လင်ယောက်ျားအို ပုဏ္ဏားကြီးနှင့် မွေ့လျော် ပျော်ပါးရခြင်း၊ ချစ် နှစ်သက်ဘွယ်သော စကားတို့ကို၊ ပြောကြား တိုင်ပင်ရခြင်းများ သည် နှလုံးပြိုင်၍ မြိန်ရှက် နှစ်သက်စရာ မရှိနိုင်ပေ။ ။အို ညီမငယ်၊ လောကီအမှု၊ လူသားတို့ဝဋ္ဋဘာမှာ အသက် အရွယ်တူ ကြည်ဖြူ ချစ်ခင်ကြသော 'အမျိုးခင်ပွန်း' နှစ်ယောက်တို့သည်၊ အချင်းချင်း 'ချစ်တင်းစကား' ပြောကြား တိုင်ပင်၍ နေရသော အခါ၊ ကိုယ်တွင်း, ကိုယ်ပ ရှိရှိသမျှသော 'ဆင်းရဲဒုက္ခ' အရပ်တို့သည်၊ အကုန်အစင် 'ချုပ်ငြိမ်း'ကွယ်ပျောက်၍ သွားလေကုန်၏။ ။ထိုကြောင့်၊ သင် ညီမငယ်သည် အရွယ် မတူ ဆံပင်ဖြူ၍ ငယ်မူ ယိုယွင်း အိုမင်းလေပြီးသော လင်အိုယောက်ျားကြီးကို စွန့်၍၊ လှပ တင့်တယ် စင်ကြယ် သန့်ပြန့်သော အရွယ်တူ လင်ယောက်ျားကို ပင် ယူလျှင် ရနိုင်ပါသေးသည့် တကား စသည်ဖြင့်၊ များစွာ ကြံမံ:ဝါး ဆဲဆို ကြလေကုန်၏။ ။ဆိုကဲ့သို့ ရေရွတ်သော ဂါထာများကို၊ ဤ အခဏ်း၌ 'မဟာသုတ' အလို၌ အနည်းငယ်မျှ ထည့်သွင်း ဘော်ပြပါအံ့။ ။ အကျယ်ကို 'ဝေဿန္တရာဇာတ်'ပါဠိတော်၌ ကြည့်ကြပါကုန်။

န ဒုက္ခံ အဟိနာ ဒဋ္ဌံ၊ န ဒုက္ခံ သတ္တိယာ ဟတံ။

တဉ္စ ဒုက္ခဉ္စ တိဗ္ဗဉ္စ၊ ယံ ပဿေ ဇိဏ္ဏကံ ပတိံ။

အဆိပ် ပြင်းတောက် 'မြွေဟောက်,မြွေဗွေး'သည်၊ အားကုန် လွှတ်တိုက်၊ စွယ်ဖျားစိုက်၍၊ ကိုက်အပ်သော ဆင်းရဲသည် ကိုယ်ပ,ကိုယ်တွင်း၊ ထန်ပြင်း ပူပန်၊ မခံမရပ်နိုင်သော ဆင်းရဲ မဟုတ်ခဲ့

ချေပါ။ အသွားနှစ်ဘက်၊ မြမြထက်သည့်၊ သံချွန် လှံမကြီးဖြင့်၊ နှ လုံးရင်ဝကို ထိုးဆွ အင်သော အရာသည်၊ ရင်ဝ ကွဲအက်၊ သည်း အူ ထွက်လည်း၊ ခံခက် ငြိုငြင်သော ဆင်းရဲ မဟုတ်ခဲ့ချေပါ။ အား အင် ယိုယွင်း အိုမင်းသော လင် ယောကျ်ားကြီးကို၊ အကြင် ကြောင့် နေ့ရက်အစဉ် တွေ့မြင်ရ၏၊ ထိုသို့ သားရေရွတ်ယို လင်အို ယောကျ်ားကြီးကို တွေ့မြင်ရခြင်း ဆင်းရဲသည်သာလျှင် လွန်လွန် မင်းမင်း၊ ပြင်းပြင်း ထန်ထန် ပူပန်လှသော ဆင်းရဲ မည်သည်သာ လျှင်တည်း၊

နတ္ထိ ခိဍ္ဍာ နတ္ထိ ရတိ၊ ဇိဏ္ဏေန ပတိနာ သဟ။
နတ္ထိ အလ္လာပ သလ္လာပေါ၊ ဇဂ္ဃိတုံပိ န သောဘတိ။

သားရေ ရွတ်ယို၊ လင်အို ယောကျ်ားကြီးနှင့် အတူတကွ ကိုယ်စိတ် ကြည်နူး၊ ရွှင်မြူး မွေ့လျော် ရခြင်းသည်၊ နှလုံးငြိမ်၍ မြိန်ရှက် နှစ်သက်စရာ မရှိချေ။ ရွယ်တူအလား စကား'ချစ်တင်း' ပြောကြားခြင်းသည်လည်း သာယာဘွယ် တစိ၊ မရှိနိုင်တော့ချေ၊ သွားသည့် မကွေ၊ နေလည်းအတူ၊ 'ကလူပျော်ပါး၊ကစားမြူးတူး ခြင်း' ဌါလည်း၊ သေရပါနီး၊ လင်အိုကြီးနှင့်၊ ငြီးငွေ့စဘွယ်၊ မ တင့်တယ်နိုင်ခဲ့လေ၊

ယဒါ စ ဒဟရော ဒဟရာ၊ မန္တယိံသု ရဟောဂတာ၊
သဗ္ဗာ သောကာ ဝိနဿန္တိ၊ ယေကေစိ ဟဒယဿိတာ။

အမှတ်မထင်၊ အကြင်အခါ၌ကား၊ အသက်အရွယ်၊ နုနယ် ပျိုလွင်သော ယောကျ်ားသည်၎င်း၊ အသက်အရွယ်၊ နုနယ် ရွှန်း စို၊ မိန်းမပျို သတို့သမီးသည်၎င်း၊ နှစ်ယောက်ကုန်သော သမီး မောင် နှံ့ ရုံတ္ထိသည်၊ဆိတ်ကွယ်ရာသို့ ချဉ်းကပ်ကြကုန်လျက်၊ အတူပေါင်း သင်း 'ချစ်တင်း' စကား ပြောကြား တိုင်ပင်ကြကုန်၏။ ထိုကဲ့သို့ တဦး တဦး ချစ်ကြည်နူး၍ ရွှင်မြူးဝမ်းသာ ပြောဆို တိုင်ပင်ကြသော အခါ၌ နှလုံး၌ မှီ၍ ဖြစ်ကုန်သော အမှတ်မထင်၊ အကြင်သို့သော

ဝိုးရိမ် ပူပန်ခြင်းတို့သည် ထင်ရှားပကတိ ရှိကြကုန်၏။ ထိုအလုံးစုံသော ဝိုးရိမ် ပူပန်ခြင်းတို့သည်၊ မပေါ်လာဘဲ သွေ့ခြောက်လွင့်၍ ပျောက်စဲ ကင်းပကြကုန်၏။

ဤကဲ့သို့ စသည်ဖြင့် 'အဓိဋ္ဌာတာပနာ၊ အဓိဋ္ဌာဝုန်' မည်သော ထိုသူငယ်မသည်၊ အတူနေ ရွာသူ သတို့သမီးတို့ 'နင့်သီးရိုင်းပြစ္စာ' ဆဲရေး ကြိမ်းဝါးကြသော စကားကို၊ နား မခံနိုင်သဖြင့်၊ ရေခပ်ဆိပ်မှ ပြန်လာပြီးလျှင်၊ ထင်အိုရ ပုဏ္ဏားကြီးအား ဤသို့ စကား ပြောကြားသေ၏။ အဘယ်သို့ ပြောကြားသနည်းဟူမူ။ ။ 'အသင်ပုဏ္ဏား၊ လင်အိုကြီး ဖြစ်သော သင်ပုဏ္ဏားကြောင့် ငါ့အား ဆဲရေး'ကြကုန်၏။ယနေ့မှ စ၍၊ ငါသည် အိမ်ပ၌ ပြုလုပ်အပ်သော အမှု အလုပ် တို့ကို၊ မပြု မလုပ်လိုတော့ပြီ'ဟု ငိုမြည် တမ်းလျက် ပြောကြား၏။ ထိုအခါ၊ 'ဇူဇကာ'ပုဏ္ဏားအိုကြီးက၊ 'အို အိမ်ရှင်မ၊ သင်သည် မည်သည့် အလုပ်ကိုမှ မလုပ် မကိုင်ပါလင့်။ သင့်အား နှလုံးအလို ပြည့်ဝစေလို၏။ငါကိုယ်တိုင် လုပ်ကိုင် ရှာဖွေ ကျွေးမွေး ပါမည်'ဟု ပြောလေ၏။'အသင် ပုဏ္ဏားအို၊ လင်ယောကျ်ား၏ လုပ်ကိုင် ရှာဖွေ ကျွေးမွေးခြင်းကိုလည်း မခံစားလိုပါ။ ကျွန်ုပ်အား ခိုင်းစေဖို့ရာ ကျွန်ယောကျ်ား၊ ကျွန် မိန်းမကို ရအောင် ရှာမပေးလျှင်၊ သင့်အိမ်မှ ထွက်ခွါ သွားတော့မည်'ဟု ပြောဆိုသော အခါ၊ 'အို အိမ်ရှင်မ၊ ငါ့အား ရွှေ၊ ငွေ၊ ဘဏ္ဍာ ဥစ္စာပစ္စည်းလည်း မရှိ။အတတ်ပညာ ဟူ၍လည်း အနည်းငယ်မျှ မရှိသဖြင့်၊အဘယ်မှာလျှင် ကျွန်ယောကျ်ား၊ ကျွန်မိန်းမ တို့ကို ရအောင် ရှာနိုင်ပါမည်နည်း။ စိတ်လည်း မဆိုး၊ စိတ်လည်း မတိုပါလေလင့်။ အသင့်အား ငါကိုယ်တိုင် လုပ်ကိုင် ရှာဖွေ ကျွေးမွေးပါမည်'ဟု ဆိုပြန်လျှင်၊ 'အသင်ပုဏ္ဏား၊ 'ဝင်္ကပါ' တောင်ခြေမှာ နေသော 'ဝေဿန္တရာ' မင်းကြီးထံသို့ သွား၍၊ ကျွန်ယောကျ်ား၊ ကျွန်မိန်းမ တို့ကို တောင်းပါချေလော'ဟု ဆို၏။ ။'အို အိမ်ရှင်မ၊ငါ့မှာမူကား၊ အရွယ်ကလည်း ကြီး၊ ခရီးကလည်း ဝေးကွာလှရကား၊ သွားခြင်းငှါ မတတ်နိုင်ပါ၊ သင်မည်သည့်အရာကိုမှ မပူပန်ဘဲ အေးချမ်း သာယာစွာ နေပါ။အ

စစအရာရာ၊ငါကိုယ်တိုင်လုပ်ကိုင်၍ ရှာဖွေကျွေး မွေးပါမည်’ဟု တဖန်ဆိုပြန်လျှင်၊“အသင်ပုဏ္ဏားအို၊ သင်သည် စစ်မြေပြင်သို့ လိုက်၍၊ စစ်မတိုက်ရမီက၊ အရှုံးပေးသော ယောက်ျားပမာ၊ မသွားရမီက၊ မသွားနိုင်ပါ ဟူသော စကားကို ပြောဆိုဘိ၏။ အကယ်၍ သင်ပုဏ္ဏားသည် ငါ့အား ကျွန်ယောက်ျား, ကျွန်မိန်းမကို အလိုငြဲ့သွံ့ဝအောင် ကြိုးဆောင်ရှာဖွေ မပေးခဲ့၍၊သင့်အိမ်၌ ငါမနေဗြားအံ့။ သင်သည် များစွာ ဒုက္ခရောက်ချေလိမ့်မည်။ နက္ခတ်ပွဲသဘင်၊ ပျော်ရွှင်ဘွယ်ရာ ရှိသော အခါ၌၊ငါသည် တမူကား၊ သက်ရွယ်တူမျှ၊ လှပတင့်တယ်သော သတို့သားနှင့် အတူတကွ၊ ဆင်ယင် ဝတ်စား၊ ပျော်ပါး သွားလာ၍ နေသည်ကို သင်ကိုယ်တိုင် မြင်ရပေလိမ့်မည်။ ။ထိုသို့ မြင်ရသည့် အတွက်၊ နှစ်သက်ရွှင်ပြုံး၊ နှလုံး မကြည်မသာမှု၍ ငိုယိုတမ်းတလျက် ရှိနေရလိမ့်မည်။ သင်သည် အသက် အရွယ်အိုမင်း၍ ကျောက်ကုန်းညွတ်ရာတွင်၊ ထပ်၍ပင် ညွတ်ခွေလျက်၊ မြေနှင့် ထိလုခမန်း ရှိလိမ့်မည်။အသင်၏ ဆံပင်များသည် ဝါဂွမ်းပမာ တခေါင်းလုံးထပ်၍ ဖြူဖွေးခဲ့ရာ၏”ဟု ပြောဆိုသော အခါကာလ မိန်းမငယ်၏ အလိုဆန္ဒကို ပြည့်ဝစေခြင်းငှါ၊‘စေတသန္တရာ’ မင်းကြီးထံသို့ သွား၍၊ သားငယ်, သမီးငယ်တို့ကို ကျွန်အလို့ငှါ တောင်းခံ၍၊မိမိနေရင်းရပ်ထံ၊ တိုင်းနိုင်ငံသို့ ပြန်လာရာ ‘ဇေတုတ္တရာ’သို့ ရောက်သွားပြီး နောက်၊များမကြာမီ စားပိုးနှင့် ၍သေခြင်းသို့ ရောက်ရလေ၏။

ဤ၀တ္ထုဖြင့်၊မိန်းမငယ်၏ အလိုဆန္ဒ ပြည့်ဝစေခြင်းငှါ၊အစစ, အရာရာ အလိုလိုက်၍ ဂရုစိုက်ရသည့် အတွက်၊ များစွာသော ဒုက္ခအဖုံဖုံတို့နှင့် တွေ့ကြုံဆင်းရဲလျက် အသက်သေရသည်ကို ပြဆို၏။ ။‘ထို့ကြောင့် မိမိသားကြီး, မယားကြီး’ရှိလျက်၊ သူတပါး သားမျိုး,သမီးမျိုး တို့ကို ဖျက်ဆီးခြင်း၊ အပျော်အပါး သွားလာခြင်း၊အသက်အရွယ် လွန်စွာငယ်သော သတို့သမီးပျိုတို့ကို၊ သိမ်းပိုက်ယူငင်ခြင်း၊ သူတပါး သားမယားတို့၌ သွားလာလွန်ကျူးခြင်းတို့သည်ကား၊ လောကီ,လောကုတ္တရာ၊ နှစ်ဖြာအကျိုး မတိုးမပွား

ပျက်ပြားကြောင်း တရားတို့ပါတကားဟု နဖူးလက်တင် ဆင်ခြင်စဉ်းစား၍ ဝေးစွာ ရှောင်ကြဉ်ကြကုန်ရာ၏၊

သေဟိ ဒါရေဟိ ျသန္တုဋ္ဌော၊ ဝေသိယာသု ပဒိဿတိ။
ဒိဿတိ ပရဒါရေသု၊ တံ ပရာဘဝတော မုခံ။
အတိတယောဗ္ဗနော ပေါသော၊ အာနေတိ တိမ္ဗရုတ္ထနိံ၊
တဿာ ဣဿာ န သုပတိ၊ တံ ပရာဘဝတော မုခံ၊

(ပရာဘဝသုတ်။)

မိမိ သားကြီး, မယားကြီးတို့နှင့်မျှ ရောင့်ရဲခြင်း မရှိသည် ဖြစ်၍၊ ပြည့်တန်ဆာမတို့၌ သွားလာလွန်ကြူးသည့် အရာ၊ လွန်စွာ ထင်ရှား၏၊ အသက်ပမာ ချစ်ခင်လှစွာသော သူတပါးတို့၏ သားမယားတို့၌ သွားလာလွန်ကြူးသည့် အရာ၊ လွန်စွာထင်ရှား၏။ ထိုကဲ့သို့ တယောက်နှင့်မျှ အားမရဘဲ မြင်သမျှကြိုက်၊ စိတ်လိုက်ဖြစ်မှား၊ များစွာသော မိန်းမတို့၌၊ သွားလာ လွန်ကြူးခြင်း သည်လောကီ, လောကုတ္တရာ နှစ်ဖြာအကျိုး၊ မတိုးမပွါး၊ ပျက်ပြားဆုတ်ယုတ်ခြင်း၏ အကြောင်းရင်းပေတည်း။

၇၀-လွန် ဂဝ-ကျွဲ၍၊ လွန်သော အရွယ် ရှိသော မျက်စိသိမ္မိုင်း၊ နားပါးထိုင်း၍၊ ခါးကိုင်းယိုယွင်း၊ အိုမင်း ရင့်ရော်လေပြီးသော အသက် ကြီးသည်၊ တည်သီး ပမာဏ၊ ငယ်လျှသော ကိုယ်အင်္ဂါရှိသော သတို့သမီးကို၊ အိမ်ထောင်ဘက်ပြု၊ ယုယမွေးမြူ၊ ယူဆောင်ကာ ထား၏။ ထိုသတို့သမီးငယ်၏ မကြည့်မသာ လွန်စွာ ငြူစူခြင်းကြောင့်၊ စိတ်ချ,လက်ချ ကောင်းစွာ မအိပ်ရချေ။ ၊ တနည်းကား။ ။ထိုသတို့သမီးငယ်အား မိမိအပြင် ချစ်ခင်သူနှင့် ကလူပျော်ပါး၊ ကစားအံ့သည်ကို ငြူစူသဖြင့်၊ ထိုသတို့သမီးငယ်ကို မိမိမျက်မှောက်၊ ကွယ်မပျောက်အောင်၊ တကောက်ကောက်ဖြင့်၊ နောက်တော်ထံပါး၊ လိုက်သွား စောင့်ရှောက်ရသည် ဖြစ်၍၊ အိပ်ချိန်အိပ်လွှဲ၊ အိပ်ဖန်မွဲ၍၊ မှိုင်တွဲကာ မနေရချေ၊ ။ထိုကဲ့သို့ အရွယ်လွန်မှ၊ ငယ်လှစွာသော သတို့သမီးကို ဆောင်ယူခြင်းသည်၊ လော

ကီ,လောကုတ္တရာ၊ နှစ်ဖြာ အကျိုး၊ မတိုး,မပွား၊ ပျက်ပြား ဆုတ်ယုတ်ခြင်း၏ အကြောင်းရင်းပေတည်း။

ဤကား 'ဈာဏ္ဍိရက္ခော' ဟူသော ပါဠိတော်၏အဓိပ္ပါယ်တည်း။ ဤအရာ၌ 'ယောကျ်ားများ ကိုသာ ပဓာန' အားဖြင့်၊ ပြအပ်သော်လည်း၊ 'မိန်းမများ'သည်လည်း မိမိတို့ သားလင် ခင်ပွန်းတို့၌ ပြုအပ်သော ဝတ်ကို ချွတ်ယွင်းစေခြား၊က၊ ဤလောက၌လည်း စည်းစိမ်ဥစ္စာ ပျက်ပြား၊ သေသည်၏ အခြားမဲ့၌လည်း အပါယ်လေးပါးသို့ လားတတ်ရကား၊ လင်ယောကျ်ားတို့၌ ပြုအပ်သော ဝတ်ကို မချွတ်မယွင်း ပြုမိကြရအောင်၊ 'အသူးသာသင်ဆောင်ကြ' ကုန်ရာ၏။ ဤ ကျင့်ဝတ် တရားများကို 'မင်္ဂလာဖွင့် အကျယ် လက်ခွဲကျမ်း ပုတ္တဒါရသင်္ဂဟော။ ။ဟူသော မင်္ဂလာ တရားတော်အရ၊ 'သားမယားအား၊ ထောက်ပံ့ခြား၊မှတ်သား မင်္ဂလာ"။ ။ဟူသော သံပေါက်လင်္ကာ စာပိုဒ်၌၊အကျယ် ပြအပ်လေပြီ။

(ခ) အရက်ကြူးမှု။ ။သုရာဓုတ္တော။ ။ဟူသော ပါဠိတော်၏ အဓိပ္ပါယ်ကား၊ ။'သေအရက်' ကို သောက်စားခြင်းသည်၊ မိမိပင်ပန်းကြီးစွာ ရှာမှီးရသော ဥစ္စာပစ္စည်းတို့၏ ပျက်စီးပြုန်းတီးခြင်း၏ အကြောင်းဖြစ်သော့ကြောင့်၊ ထိုသေသောက်ကြူးခြင်းအမှုတို့ကို ပယ်ရှားရမည် ဟူ၏။ ။ဆိုစကား မှန်၏၊ သေသောက်ခြင်း၏ အပြစ်ဘို့မှာ၊ လွန်စွာ များကုန်၏။ ထိုစကားကို ချဲ့ဦးအံ့၊ ။အကြင်သူသည် ထိုသေရည်ကို သောက်မိသည် ဖြစ်အံ့၊ မိမိစိတ်ကိုမှ မိမိအစိုးမရသည် ဖြစ်၍၊ 'အရူး' ကဲ့သို့ ဖွည့်ထည့်သွားလာတတ်၏။ ရာဇဝတ်မင်းဒဏ် သင့်စေတတ်သော အမှုတို့ကို ပြုလုပ်တတ်၏၊ အမိ, အဘ, အစ်ကိုကြီး, အစ်မကြီး စသော ရှိသေထိုက်သော သူတို့နှင့် တကွ၊ ရဟန်း သူတော်, သူမြတ်တို့ကိုလည်း၊'ရိုသေမြှန်းမသိဘဲ'ဆဲရေးပုတ်ခတ်တတ်၏။ ။ထိုသေအရက်ကို သောက်မိသော ကာလ၊'အရှက်အကြောက်'ဟူ၍ လည်းမရှိတော့ဘဲ၊သူ့အသက်ကို သတ်ခြင်း၊ ခိုးယူခြင်း၊ တိုက်ခိုက်ခြင်း၊ သူတပါး သား,မယားတို့ကို ဖျက်ဆီးခြင်း၊ မုသား ပြောဆိုခြင်း၊ပြု

အပ်သော အမှု၊ မပြုအပ်သော အမှု၊ ပြောအပ်သော စကား၊ မပြောအပ်သော စကားဟူ၍လည်း မသိသဖြင့်၊ မပြုသင့်သော အမှုတို့ကို ပြုမိခြင်း၊ ပြုသင့်သော အမှုတို့ကို မပြုမိခြင်း၊ ပြောသင့်သော စကားတို့ကို မပြော၊ မပြောသင့်သော စကားတို့ကို ပြောမိခြင်း ဝသည် ဖြစ်တတ်၏။

အရက်မူးနေသော အခါကာလ၊ မည်သည့် အရာကိုမျှ သတိမရသဖြင့်၊ မိမိသားကိုပင် 'အမဲ' ထင်မှတ်၍ သတ်ဖြတ်ဘူးသော 'အရှင်သာရိပုတ္တရာ' မထေရ် အလောင်းတော် 'သေသောက်ကြူးစဥ္စု' သက်သေသာဓကရှိ၏။ ။ထိုအကြောင်းဝတ္ထုကို 'တိံသနိပါတ်၊ ဓမ္မဓဇ' ဇာတ်၌ ဟောတော်မူအပ်၏။ ။ဤကျမ်း၌မူ၊ အကျဉ်းချုံး၍၊ နိပါတ် အမည်၊ ဇာတ်အမည်မျှ ပြပေသတည်း။

ဤသို့လျှင် အရက်သောက်ခြင်း၏ အပြစ်မှာ၊ ပြောမဆုံးနိုင်အောင် အပြစ်များ၏။ အသူရာတို့ နတ်ပြည်မှ လျှောကျကြရသည့်မှာလည်း၊ အရက်,သေစာသောက်စားခြင်းကြောင့်ပင် ဖြစ်ချေ၏။ ။ ထိုမှ တပါးလည်း ယခုကာလ၌ပင်လျှင် အရက် သောက်ခြင်း၏ အပြစ်တို့မှာ လွန်စွာ ထင်ရှား၏။ ထိုကြောင့်၊ ထိုအရက်ကို ရုံမှက်စွာ သောက်တတ်ကြသော ဥရောပတိုက်သား၊ အမေရိကံ ပြည်သားတို့ပင် ထိုအရက်၏ အပြစ်ကို မြင်ကြ၍၊ အရက်မသောက်ကြစေခြင်းငှါ လွန်စွာ တားမြစ်ကြဘုန်၏။ ။အမေရိကံ ပြည်သားတို့မှုကား၊ အရက်သောက်ခြင်းကို အလျဉ်း စွန့်ပစ်ပြီးရကား၊ မိမိတို့ ပြည်၌ အရက်သေစာ ရောင်းချ၍ မစားရအောင်၊ ဥပဒေနှင့် တားမြစ်ကြကုန်၏။

ငါတို့ 'မြန်မာပြည်' မှာ၊ 'ရှေ့,ဗုဒ္ဓဘာသာမြန်မာ,ဘုရင်မင်းမြတ်' တို့လက်ထက်က၊ အရက်,သေစာ သောက်သော သူ၊ ရောင်းစားသော သူတို့ကို ကြပ်တည်းစွာ တားမြစ် ရကား၊ အရက် သေစာ သောက်စားဝံ့သောသူ ဟူ၍ပင် မရှိသလောက် ဖြစ်၏။ 'ယခုကာလ' ၌မူကား၊ မြို့ကြီး, ရွာကြီး ပမှုသာမျှတို့၌၊ 'အနှံ့အပြား' အရက်သေစာတို့ကို ရောင်းစားဘို့ရာ 'ခွင့်ပြု' ၍ ထားရကား၊ အရက်သေ

ဝ၁ 'မသောက်စားတတ်သောသူ' ဟူ၍ပင် အလွန်ရှားဖေါ်၊ ၊အထူးအားဖြင့်၊ 'ပွဲလမ်း' သဘင် ရှိသော အခါ 'အသုဘ' မင်္ဂလာရှိသော အခါတို့၌၊ လူငယ် တစုတို့မှာကား၊ 'မသောက်မစားသောသူ' ဟူ၍ မရှိသလောက်ပင် ဖြစ်၏။

ထို အရက် သေစာတို့ကို သောက်စားကြသည့် အတွက်၊ တနှစ်ထက် တနှစ် ရာဇဝတ်မှုလည်း တိုးပွား၍ လာကြကုန်၏။ တိုင်းသူ,ပြည်သားတို့မှာလည်း၊ တနေ့တခြား လူမွဲများ၍၊ လွန်စွာ ဆင်းရဲသော အဖြစ်သို့ ရောက်ကြကုန်သော မိမိတို့ အမျိုးသားတို့ကို မြင်ရသဖြင့်၊ ကရုဏာတရား ကြီးမားလှကုန်သော ရဟန်းပညာရှိ,လူပညာရှိတို့က၊ အရက်သေစာ, ဘိန်း,ဘင်း,ကဖော်, ဟော်ဇာ, ဆေးခြောက်တို့ကို၊ မသောက်,မစား၊ မဝါး,မမျိုကြစေခြင်း၄၅၊ အမြွှမြွှ, အရွာရွာ၌ တရား ဟောခြင်း။ 'သုစရိတဓမ္မ' အသင်း တည်ထောင်ခြင်းတို့ကို ပြုကြသည်မှာ၊ အမျိုး ဘာသာ သာသနာ ကြီးပွားကြောင်း ဖြစ်ရကား၊ ထိုအသင်းမျိုးကို ရဟန်း ရှင်လူ ခပ်သိမ်းသူတို့က၊ဝိုင်းဝန်း အားပေးကြဘို့ ကောင်း၏။ မည်သည့် ပြည်ပိုင် အစိုးရမင်းတို့ မဆို၊ အရက်ဆိုင်, ဘိန်းဆိုင် စသော ယစ်မျိုးတို့ကို ရောင်းစားဘို့ရန်၊ မိမိတို့ တိုင်းနိုင်ငံ အတွင်း၌ အလျှဉ်း ခွင့် မပြုဘဲ ထားကြဘို့ ကောင်း၏။

ထိုသို့ ကောင်းသည့်အား လျော်စွာ၊ လိမ္မာရေးခြား ရှိကြကုန်သော အသင်းသူ, အသင်းသား၊ လူကြီး,လူကောင်းများကလည်း ထိုထို အစိုးရကြီးများကို၊ အရက်ဆိုင်,ဘိန်းဆိုင် မထားရအောင် သသင်းစာ၌ ထည့်သွင်း ရေးသား သတိ ပေးခြင်း၊ ကိုယ်တိုင် တောင်းဆိုခြင်း ပြုပါငြားလည်း၊ အခွင့် မရသဖြင့်၊ ထိုသူတို့၏ အသိ အလိမ္မာ ဉာဏ်ပညာနှင့် လုံ့လ, ဝီရိယများသည် 'အချည်းနှီး အလဟဿ' ပင် ဖြစ်ပေ၏။ ။ထိုသို့ အရက်သေစာ သောက်စား မှုးယစ်ကြသည်က စ၍၊ တနှစ်ထက် တနှစ် ရာဇဝတ်မှု ကြူးလွန်သူများ တိုးပွား၍ လာသဖြင့်၊ 'တိုင်းသူပြည်သား' များလည်း၊ 'ပျက်ပြား' ဆုတ်ယုတ်၍ လာချေပြီ။

ဥါတို့သဘောမှာမူကား၊ အရက်သေစာ, ဘိန်းဘင်, ကဇော် စသော ယစ်မျိုးကို၊ သောက်စား မူးယစ်သောသူ၊ အရက်သေစာ, ဘိန်း, ဘင်, ကဇော် စသော ယစ်မျိုးကို ရောင်းစားသော သူကို၊ အပြစ် ကြီးစွာ ပေး၍၊ 'မြန်မာမင်း'လက်ထက်က ကဲ့သို့၊ တားမြစ် ပါက၊ နိုင်နင်းလိမ့်မည် ဟု သဘော ရ၏။ အကယ်၍ အကုန်ပင် မပ ပျောက်ငြားသော်လည်း၊ ယစ်မျိုး သောက်စား မူးယစ်သူတို့မှ ကား၊ လွန်စွာ ရှား၍၊ ရာဇဝတ်မှုတို့လည်း နည်းပါး၍ 'အစိုးရမင်း' တို့၌သည်း 'ကိစ္စမများဘဲ' ရှိမည်ကို ကား 'ယုံမှားဘွယ်'မရှိချေ ဟု သဘော ရ၏။

ထို့ကြောင့်၊ ယစ်မျိုး သောက်စားသောသူ၊ ရောင်းစားသော သူတို့ကို၊ အစိုးရများကလည်း တားမြစ်ကြရမည်၊ ရဟန်း,ရှင်လူ တိုင်းသူ ပြည်သားတို့ကလည်း တရားသဖြင့် တားမြစ် ဟောပြော ကြ၍၊ မိမိတို့ ကိုယ်တိုင်ကလည်း ရှောင်ကြဉ်ကြကုန်ရာ၏။ ထိုအ ကြောင်းကို 'မင်္ဂလာဖွင့် အကျယ်လောက်ခွဲကျမ်း' မဇ္ဇ ပါနာ စ သံယ မော။ ။ဟူသော မင်္ဂလာအရ 'အရက်တည်း၊ ဘိန်းဘင်း, ကဇော်၊ လော်ဇာ, ဆေးခြောက်၊ မသောက် မစား၊ ရှောင်ကြဉ်ငြား၊မှတ်သား မင်္ဂလာ' ဟူသော လင်္ကာစာပိုဒ်၌ အကျယ်ပါရှိပြီ၊

မဇ္ဇော ကိစ္စ န ဇာနာတိ၊ ပုတ္တမ္ပိသံပိ ခါဒတိ။
တသ္မာ သူရံ န ပိဝေယျ၊ ဝဇ္ဇေယျ ဓနနာသကံ၊

(အနုသာသနီ ဂါထာသစ်)

ယစ်မျိုး သောက်စားသဖြင့်၊ များစွာ ယစ်မူးသော သူသည် ယုတ်မြတ် ဆိုးကောင်း၊ မည်သည့် အကြောင်း အကျိုးမျိုးကိုမျှ၊ မ သိတတ်။ မိမိသား၏ အသားကိုသော်လည်း စားတတ်၏၊ ထို့ ကြောင့်၊ ဥစ္စာပစ္စည်း ပြုန်းတီး ပျက်စီးခြင်းကို ပြုတတ်သော အရက် ကို မသောက်မစားရာ။ 'မြှေပွေး, မြွေဟောက်' ပမာ၊ ကောင်းစွာ ရှောင်ကြဉ်ရာ၏၊

ဤကား 'သူရာခုဋ္ဌောဘ' ဟူသော ပါဠိတော်၏ အဓိပ္ပါယ်ကို ပြဆိုအပ်သော စကားရပ်တည်း။

(၈) 'အနိကြူးပုံ။' ။'အက္ခဓုတ္တော' ဟူသော ပါဠိတော်၏ အဓိပ္ပါယ်ကား။ ။ဖဲရိုက်ခြင်း၊ မျောက်ပန်းလှန်ခြင်း၊ အနီထောင် ထိုးခြင်း၊ ထီ ထိုးခြင်း၊ မြင်းပြိုင်ခြင်း၊ နွားပြိုင်ခြင်း၊ ကျဲဘိုက်ခြင်း၊ နွားတိုက်ခြင်း၊ ကြက်တိုက်ခြင်း စသော လောင်းတမ်းကစားမှုတို့ သည် ရှိကြကုန်၏။ ထိုလောင်းတမ်းကစားမှုတို့သည် ဥစ္စာပစ္စည်း ပျက်စီးပြုန်းတီးခြင်း၏ အကြောင်း ဖြစ်ကြကုန်၏။ ထို့ကြောင့်၊ ထို လောင်းတမ်း ကစားကြူးမှုတို့ကို ပယ်ရှားကြရမည် ဟူ၏။ ။ ထိုစကားကို ထင်ရှားစေဦးအံ့၊ ။လောင်းတမ်းကစားကြူးခြင်း၌ 'အပြစ်ခြောက်ပါး' ရှိ၏။ ။၆-ပါးဟူသော်ကား။

(၁) ဇယံဝေရံပသဝတိ။ ။မိမိက နိုင်သော ကာလ၊ ပစ္စည်း ဥစ္စာဆုံးရှုံးခြင်းကို ခံရသော သူတို့က၊ စိတ်ကြေချမ်းခြင်း မရှိကြသ ဖြင့်၊ ဤသူကို ငါတို့ ဘယ်အခါမှ နိုင်ရပါမည်နည်း ဟူ၍၊ အမြဲ အောက်မေ့လျက် မိမိတို့က တဖန်ပြန်နိုင်ဘို့၊ မိမိဥစ္စာကို ပြန်ရဘို့ ကိုသာ စိတ်ကူးတတ်ကြကုန်၏။ ရံခါရံခါ၊ အခွင့်သာသော ကာလ၊ နိုင်သမျှသော ဥစ္စာတို့ကို လုယူတတ်ခြင်း၊ အသက်ကိုပင် သတ်ပစ်တတ်ခြင်း၊ လူသတ်မှု ဖြစ်ပွားတတ်ခြင်း၊ သူရသင့်၊ ငါရ သင့်၊ သူနိုင်သင့်၊ ငါနိုင်သင့် အားဖြင့် စကားများကြ၊ ငြင်းခုံခိုက် ရန်ဖြစ်ကြခြင်း၊ တရားတွေ့ကြခြင်း စသော အားဖြင့်၊ လွန်စွာ ရန်ပွား တတ်၏။

(၂) ဇိနော ဝိတ္တမနုသောစတိ။ ။မိမိက ရှုံးသောအခါ မိမိ ပင်ပန်းကြီးစွာ ရှာမှီး၍ ထားအပ်သော ဥစ္စာပစ္စည်းတို့ကို၊ လွန် စွာ နှမြောဖွယ်သဖြင့် ပြင်းစွာ ပိုးရိမ်ပူပန်ရ၏။ ။'ကောရဗျမင်း ကြီး' သည် 'ပုဏ္ဏက ဘီလူး' နှင့် 'ကြွေအန်' ကစားကြရာတွင်၊ မိမိ က ရှုံးသဖြင့်၊ မင်းသား၊ မင်းသမီးနှင့်တကွ တိုင်းပြည် တပြည်လုံးက ချစ်ခင် ကြည်ညိုဖွယ်သော 'ဝိဓုရ' အမတ်ကိုပင် 'ပုဏ္ဏက' ဘီလူး ၏ လက်တွင်းသို့ အပ်နှင်းထည့်လိုက်ရသော အခါ၊ ကြွေအန်ကစား ကြူးမိသည့် အတွက်၊ တိုင်းပြည် တပြည်လုံးနှင့် တကွ၊ ကောရဗျ မင်းကြီးပါ အရှုံ အသည်းကြွေကျတော့မည် ပမာ၊ လွန်စွာပိုး ရိမ်

ရ၏၊ 'ယခုကာလမှာလည်း ဖဲရှုံး'၍ ပိုးရိမ်ရသူ၊ 'မြင်းရှုံး'၍ ပိုးရိမ်ရသူတို့မှာလည်း စာပြော မလို၊ 'ကိုယ်တွေ့' ပင်ဖြစ်ပေလိမ့်မည်၊ ထို့ကြောင့်၊မိမိက ရှုံးသောအခါမှာ၊ လွန်စွာ ပိုးရိမ်ပူပန်ရ၏၊

(၃) 'သန္တုဋ္ဌိကာ ခနေဇာနီ'။ ။လောင်းတမ်းကစားကြူးသော သူ ဟူသမျှတို့သည် ဘယ်သူတယောက်မှ ဥစ္စာပစ္စည်းနှင့် ပြည့်စုံသော သူဟူ၍ မရှိကြဘဲ၊ ကစားသမား,မြင်းလောင်းသမား တရာရှိလျှင် တရာလုံး 'လူမွဲ' ဖြစ်တတ်၏၊ တထောင်ရှိလျှင် တထောင်လုံး 'လူမွဲ' ဖြစ်တတ်ကြ၏။ ကစားသမား, မြင်းလောင်းသမား ဟူသမျှတို့၊ ထိုကဲ့သို့ ဖြစ်ကြရသည့်မှာ 'အံ့ဩဖွယ်ရာ' ကြီးတခုပင်ဖြစ်၏။ ကစားတတ်လျှင် အရက်ကိုလည်း သောက်တတ်ကြကုန်၏၊ ထိုသို့ အရက်ကို သောက်ပြီး ကစားသော သူတို့မှာ ဆုံးရှုံးချက် သာ၍ပင် နစ်နာ၏။ ထိုကဲ့သို့သော 'ကစားသမား' တို့ကိုမူကား 'သခြား'မင်းကိုယ်တိုင် မ,စ,ချီးမြှင့်၍မှ မရနိုင်အောင် ရှိတတ်ကုန်၏။

(၄) 'သဘာဝယေ ဓာသသ ဝစနံ နရူဟာဝဒိ'။ ။တစုံတခုသော အစည်းအဝေး၌သော်၎င်း၊ ရုံးပြင်ကနားသို့ ရောက်သော အခါ၌၎င်း၊ထိုကစားကြူးသော သူ၏ စကားကို၊ စည်သူမှ စကားအရာသို့ မသွင်းကြကုန်၊ကစားသမား၏ စကားဟူ၍ ရုံးမင်းများကလည်း ယုံကြည်ခြင်း မရှိကြကုန်။ အိမ်နားနီးချင်း, အမျိုးအဆွေ,ညီအစ်ကို, မောင်နှမတို့ကပင်၊ ကစားကြူးသော သူ၏ စကားကို ယုံကြည်ခြင်း တရား မရှိကုန်။ အဘယ်ကြောင့်နည်း လွန်စွာ ကြီးများသည့် အတွက်၊ အဘိုးတန်သော စကားကို ပြောဆိုငြားလည်း အသုံးမကျသကဲ့သို့ မှတ်ထင်တတ်ကြကုန်၏၊ မဖေါက်မပြန် မှန်ကန်သော သစ္စာစကားကို ပြောဆိုငြားလည်း၊ လိမ်လည်လှည့်ဖြားသည် ဟူ၍ပင် ထင်တတ်ကြကုန်၏၊ ထို့ကြောင့်၊ ထိုကစားကြူးသော သူတို့ စကားမှာ၊ အရာ မရောက် ဖြစ်တတ်၏။

(၅) မိတ္တာမစ္စာနံ ပရိဘူတော ဟောတိ။ ။လောင်းတမ်းကစားမကြူးမီ၊ရှေ့အခါကာလ၊ အပေါင်းအဖော် ချစ်ခင်စွာ ပေါင်းသင်းဆက်ဆံကြသော အပေါင်းအပွန်း, ချစ်ကျွမ်းဝင်သော သူတို့

ကလည်း၊ ရှေ့ကကဲ့သို့ ပေါင်းသင်းဆက်ဆံခြင်း၌ အလိုမရှိကြမူ ၍၊ ဤသူကား ကစားကြူးသော သူပေတကားဟု မထီလေးစားခြင်းကို ပြုတတ်ကြကုန်၏၊

(၆) အာဝါဟဝိဝါဟာ နံ၊ အပစ္စိဘော ဟောတိ။ *

အက္ခဓုတ္တော အယံ ပုရိသော၊ နာလံ ဒါရဘရဏာယာတိ။

ဤယောက်ျားသည်၊ ကစားကြူးသော သူပေတကား၊ သား 'မယားမွေးမြူ' ခြင်း၌ စွမ်းနိုင်မှာ မဟုတ်ဟူ၍၊ မိမိတို့၏ 'သမီး'များနှင့်၊ 'ထိမ်းမြား' လက်ထပ်ခြင်း၌ 'အလိုမရှိ' ကြကုန်။ ။ဤသို့အားဖြင့်၊ 'ခြောက်ပါးသောအပြစ်' တို့မှာ၊ ထင်ရှားစွာ ဖြစ်ပေါ်၍ လာကြကုန်၏၊

ဤပြဆိုအပ်ပြီးသော အပြစ်နှင့် ပြည့်စုံသော လောင်းတမ်းကစားကြူးလွန်မှုမှာ၊ ရှေ့မြန်မာမင်း လက်ထက် အခါက၊ လွန်စွာရှား၏။ ကစားမြူးတူးသော အရာဟူသမျှတို့မှာလည်း၊ ပိုက်ဆံကြေးငွေ ကုန်ကျခြင်း မရှိကြကုန်သော ဖန်ခုံခြင်း၊ ထုတ်ဆည်းခြင်း၊ တွတ်တွတ်ထိုးခြင်း၊ ခြင်းခတ်ခြင်း စသော ကစားမျိုးတို့ကိုသာ လေ့လာ၍ ကစားကြကုန်၏။ ယိုကစားမျိုးတို့ကိုသာ လေ့လာကြသဖြင့်၊ ကျန်းမာခြင်း၊ သန်စွမ်းခြင်း၊ အပင်အပန်းခံနိုင်ခြင်း၊ အလုပ်အကိုင်တို့ကို ကောင်းစွာ လုပ်ကိုင်နိုင်ခြင်း၊ စားသောက် ဝင်ခြင်း၊ စိတ်နှလုံးရွှင်ပျခြင်း၊ အားအင် တိုးတက်ခြင်း၊ အခက်အခဲနှင့် တွေ့ကြုံသော အခါ၌၊ လွယ်ကူစွာ ထိုအခက်အခဲမှ လွန်မြောက်စေနိုင်ခြင်း၊ ရန်သူတို့ကို ခုခံနိုင်ခြင်း၊ မိမိကိုယ်ကို ကာကွယ်စေနိုင်ခြင်း၊ အနာကင်းခြင်း၊ အသက်ရှည်ခြင်း၊ ရာဇဝတ်မှုကို လွန်ကြူးလိုခြင်းမှ ကင်းခြင်း၊ စိတ်ကောင်းရခြင်း စသော အကျိုးတို့သည် ဖြစ်ပေါ်လာကြကုန်၏။ ယခုအခါ ကာလ၌မူကား၊ ထိုကဲ့သို့ ကစားမျိုးတို့သည် ကွယ်ပျောက်၍ ဖဲရိုက်ခြင်း၊ မျောက်ပန်းလှန်ခြင်း၊ ကာကြက်ထွဲခြင်း၊ မြင်းလောင်းခြင်း စသော လောင်းတမ်း ကစားခြင်းတို့ကိုသာ လွန်စွာ အားထုတ်ကြကုန်၏။ 'ရွာတိုင်း,ရပ်တိုင်းမှာ-ဖဲမကော

စားတတ်သော'သူဟူ၍၊ အလွန်ရှားပြီးလျှင်၊ ထို ကစားမျိုးတို့ကို သာ လေ့လာကြသဖြင့် အညောင်းစွဲခြင်း၊ မကျန်းမာခြင်း၊ ခွန် အားဗလ လျော့ပါးခြင်း၊ အပင်အပန်းမခံနိုင်ခြင်း၊ အခက်အခဲနှင့် တွေ့ကြုံကြရာမရ ဖြစ်တတ်ခြင်း၊ ဝိုက်ဆံကြေးငွေ ကုန်ကျခြင်း၊ ကိလေသာ ထူပြောခြင်း၊ အနာရောဂါ များခြင်း၊ အသက်တိုခြင်း၊ ရာဇဝတ်မှု လွန်ကြူးလိုခြင်း စသော အားဖြင့်၊လောင်းတမ်းကစား ကြူးသည့် အတွက်၊ ဖြစ်ပေါ်လာသော အပြစ်တို့မှာ လွန်စွာများ ကုန်၏။

ယခုအခါ၌၊ ထိုလောင်းတမ်း ကစားမှုသည်ကား၊ တိုင်းပြည် စည်ကား ကြီးပွားခြင်း၏ အကြောင်းမဟုတ်၊ဆုတ်ယုတ်ပျက်ပြား ခြင်း၏ အကြောင်းရင်းဟူ၍ ကောင်းစွာ ဆင်ခြင်စဉ်းစားမိကြသော 'အသင်းသူ၊အသင်းသား' တို့က၊ အသင်းအပင်းများ ဖွဲ့ပြီးလျှင်၊ လောင်းတမ်းကစားမှုကို၊ မပြုကြစတမ်း ဟူ၍ စည်းကမ်း သတ် လျက်၊ မိမိတို့လည်း လောင်းတမ်းကစားမှုကို မပြု၊ သူတပါးတို့ အားလည်း တရားဓမ္မ ဟောပြောပြသလျက်၊ တာဝန်ကြသည်မှာ 'နအကွှခုဇွေ' ဟူသော ဒေသနာတော်နှင့် ညီညွတ်သာ သဖြင့်၊ ရဟန်းရှင်လူ၊ ခပ်သိမ်းသူတို့က၊ အားပေးကြတို့ ကောင်း၏။ ဤ လောင်းတမ်းကစားမှု ကင်းပျောက်သွားလျှင်၊မကြာမီ တိုင်းပြည် နိုင်ငံ စည်ပင်ပြန့်ပွားခြင်းသို့ ရောက်ပေလိမ့်မည်။

နေခင်းဆုံးစကားမူး ဖြန့်မနိုင်ငံ ပျက်ပြားခြင်းမှာ၊ ထိ ထိုး ခြင်းဟု ဆိုအပ်သော ကစားမှုက စ၍ ဖြစ်သည်ဟု ဆိုချေက လွဲ နိုင်ဘွယ်ရာ မရှိချေ၊ 'မှင်ခင်း' နှန့်ကျခြင်းမှာလည်း၊ ထိုကစားမျိုး ကို လိုက်စားခြင်းကြောင့်ပင်ဟု ဆိုရချေမည်၊ ထို့ကြောင့်၊ ထိုက စားမျိုးများကို ပယ်ရှားနိုင်အောင်၊ အထူးသတိ ဆောင်ကြကုန် ရာ၏၊ သတ္တဝါတို့မည်သည် အာရုံနှင့် ကင်း၍ မနေနိုင်ရကား၊ အ လုပ်အားသော သူတို့မှာ၊ အလကားနေခြင်းငှါ မစွမ်းနိုင်သည့် အ တွက်၊ ထိုလောင်းတမ်း ကစားမှုများကို လိုက်စားခြင်း မရှိကြရ

စေခြင်းငှါ၊ ကောင်းသော ကစားနည်းတို့ကို ပြသပေးအံ့ရန် သင့်လျော်လိမ့်မည်ဟု သဘောရ၏။ ။'ထိုမှတပါးလည်း'၊ ဘတ်ကြည့်ဘွယ် ကောင်းသော စာအုပ်များကိုလည်း စီရင်၍ ပေးကြအံ့ကောင်း၏။ ထိုစာအုပ်များကိုလည်း 'ဘီဒီသေသာခရာဂပွားစေ' တတ်သော စာအုပ်မျိုး မဖြစ်စေဘဲ၊ စိတ်အားထက်သန် အကြံ,အစည်အလုပ်အကိုင် လုပ်ကိုင်ဆောင်ရွက်၍၊ ကြီးပွား တိုးတက်လာပုံမှ စ၍၊ 'ဗဟုသုတ' တိုးပွားစေသော စာအုပ်ဖြစ်စေမှ အကျိုးရှိပေမည်။ စာရေးဆရာများကလည်း၊ ရာဂနည်းကြောင်း၊ ဒေါသနည်းကြောင်း ကောင်းသော တရားစာတို့ကို ရေးသားလျှင်၊ အကျိုးများစွာ ရှိသကဲ့သို့၊ ရာဂ,ဒေါသ တိုးပွားကြောင်း၊ မကောင်းသော စာကို ရေးသားသျှင်လည်း များစွာသော 'အကျိုး ယုတ်' ချေသည့် အရာများကိုလည်း 'ဆင်ခြင်မှု' သူတို့ ဝတ်တရားအတိုင်း 'သတိ' ထားကြရမည်။

ဓာတုဩဇာ သုခဩဇာ၊ အက္ခရာဩဇာ စ ယော နရော၊
လဒ္ဓံ လဒ္ဓံ ဝိနာသေတိ၊ တံ ပရာဘဝတော မုခံ၊

(ပရာဘဝသုတ်ပါဠိတော်)

အမှတ်မသင် အကြောင်းသုံသည်၊ ရာဂမြိုက် စိတ်လိုလိုက်၍၊ နှစ်ခြိုက် ရွှင်မြူးမိန်းမကြူးသည်လည်း ဖြစ်၏၊ သောက်စားယစ်မူးသေရည်သေရက် ကြူးသည်လည်း ဖြစ်၏၊ လောင်းတမ်းကစား၊ ပျော်ပါးရွှင်မြူး အနိုင်ကစား ကြူးသည်လည်း ဖြစ်၏၊ ရတိုင်း ရတိုင်းသော ဥစ္စာပစ္စည်းကို၊ 'ဝါ'၊ ကိုယ်စိတ်သို့နှပ်း၊ ပင်ပန်းကြီးစွာ သည်းခံ ရှာဘွေစုဆောင်းနိုင်မှ၊ အနိုင်နိုင်ရအပ်သော ဥစ္စာပစ္စည်း အသီးသီးကို တရားနည်းလမ်း၊ စည်းကမ်းချိုးဖောက်၊ အကျိုးမဲ့ ပျက်ဆီးစေ၏။ ထိုသို့ သဘောရှိသော သူ၏၊ ထိုသို့ ဆိုသတ်ပြ အပ်ပြီးသော တရား အပေါင်းသည်၊ နှစ်ဖြာ အကျိုး မတိုးမပွား ပျက်ပြား ဆုံးရှုံးခြင်း၏ အကြောင်းရင်းပေတည်း။

နိဒ္ဒါသီလီ သဘာသီလီ၊ အနုဋ္ဌာတာ စ ယော နရော။
အလသော ကောဓပညာဏော၊ တံ ပရာဘဝတော မုခံ။

(ပရာဘဝသုတ် ပါဠိတော်။)

အမှတ်မထင်၊ အကြွင်သူသည်၊ အတိုင်းအရှည်ကင်းမဲ့လျက်၊ အအိပ်ကြူးသည်လည်း ဖြစ်၏။ သဘင်ပွဲလမ်း၊ ပျော်ရွှင်ခန်း၌၊ ဆန်းပြားထွေထူး၊ အလှန်ကြူးသည်လည်း ဖြစ်၏၊ ပြုဘွယ်ကိစ္စ ဟူသမျှ၌၊ ထကြွလုံ့လ 'ဝီရိယ' ဓာတ်မှ ကင်းသည်သည်း ဖြစ်၏။ လုံ့လည့်ပျင်း၊ ပျင်းရိထိုင်းမှိုင်းသော သဘောရှိသည်လည်း ဖြစ်၏၊ ဒေါသအတွက်၊ ပြင်းသို့ထွက်သော အမျက်တည်းဟူသော တံခွန်ရှိသည်လည်း ဖြစ်၏။ ထိုသို့သဘောရှိသော သူ၏၊ ထိုသို့ဆိုလတ်ပြအပ်ပြီးသော တရားအပေါင်းသည်၊ နှစ်ဖြာအကျိုး၊ မတိုးမပွား၊ ပျက်ပြားဆုံးရှုံးခြင်း၏ အကြောင်းရင်းပေတည်း။

ဇယံ ဝေရံ ပသဝတိ၊ ဒုက္ခံ သေတိ ပရာဇိတော။
သန္ဒိဋ္ဌိကော ဓနာနာသော၊ သဘာဂေဟိ ဝဒါန်ကော။
ဂဝေ နသဿ သဒ္ဒဟန္တိ၊ နိဿိဿိ စ ပိဝါဟိတံ။

(အနုသာသနီ ဂါထာသစ်)

နိုင်သော သူသည်၊ ရန်ကို တိုးပွားစေ၏။ ရှုံးသော သူသည်၊ ဆင်းရဲစွာ နေရ၏။ မျက်မှောက်၌ ဖြစ်သော ဥစ္စာပျက်စီးခြင်းသည်လည်း ဖြစ်၏။ အသွေ ခင်ပွန်းတို့ကလည်း၊ လေးစားသမှု ဂရု မပြုအပ်၊ အယုတ်အားဖြင့် သိအပ်သည် ဖြစ်၏။ ထိုသူ၏ စကားကို မယုံကြည်ကြကုန်။ သို့ပေးသော အားဖြင့်၊ ထိမ်းမြား လက်ထပ်ခြင်း၌လည်း အလိုမရှိကြကုန်။ ။ဤကား 'နအက္ခရုဏ္ဍော' ဟူသော ပါဠိတော်၏ အဓိပ္ပါယ်တည်း။

(ဃ) ခင်ပွန်းယုတ်ရှိပုံ။ ။'ပါပမိတ္တော၊ ပါပသဟာယော၊ ပါပသမ္ပဝင်္ကော' ဟူသော ပါဠိတော်၏ အဓိပ္ပါယ်ကား။ ။ဤလောက၌၊ မကောင်းသော အပေါင်းခင်ပွန်းတို့နှင့်၊ ပေါင်းပေါ်ခြင်း

သည်၊ စည်းစိမ်ဥစ္စာ ပျက်စီးရာ ပျက်စီးကြောင်း ဖြစ်သောကြောင့်၊ ထိုကဲ့သို့ သဘောရှိသော အဆွေခင်ပွန်းတို့နှင့် ပေါင်းဖော် မှီဝဲခြင်းကို မပြုရ ဟူ၏။ ။'ထိုစကားကို ထင်ရှားစေဦးအံ့' ဤလောက၌ မကောင်းသော အဆွေခင်ပွန်းရှိသော သူတို့သည်၊မိမိအား ကောင်းရာ, တိုက်တွန်း ညွှန်ကြားတတ်သော သူများကို၊ အားကိုး အားထား မပြုမလုပ်ကြမူ၍၊ မိမိအား မကောင်းရာ,မကောင်းကြောင်းတို့ကို၊တိုက်တွန်း နှိုးဆော် ညွှန်ကြားတတ်သော သူတို့နှင့်သာ၊အခါခါ ပေါင်းသင်း ဆက်ဆံပြီးကာ မကောင်းသော အမှုတို့ကိုသာ ပြုလုပ်တတ်ကြကုန်၏။ ။'ထိုစကား မှန်၏။' အကြင် သူတို့သည် 'သေကြူး' တတ်၊ 'မိန်းမကြူး'တတ်၊ လောင်းတမ်း 'ကစားကြူး' တတ်ကုန်၏။ ထိုသူတို့နှင့် 'ပေါင်းဖော်'ပြီးလျှင်၊ ထိုသေသောက်ကြူးခြင်း၊ မိန်းမကြူးခြင်း၊ လောင်းကစားကြူးခြင်းတို့ကို ပြုတတ်ကုန်၏။ထိုသို့ ပြုတတ်သဖြင့်၊ နောက်က ပြဆိုအပ်သော အပြစ်တို့ကို ခံစားရတတ်ကုန်၏။ ။ထိုမှတပါးလည်း၊ မကောင်းသော အဆွေခင်ပွန်းတို့နှင့် ပေါင်းပြီးလျှင်၊ ပွဲလမ်းသဘင်၊ အပျော်အရွှင် လိုက်စားခြင်း၊အချိန် အခါမဲ့ လမ်းသွားခြင်းတို့ကိုလည်း ပြုတတ်ကုန်၏။

ထိုနှစ်ပါးတို့တွင်၊ အချိန်မဲ့ လမ်းသွားခြင်း၏ အပြစ်တို့သည်ကား ခြောက်ပါး အပြားရှိကုန်၏၊

အခါမဲ့ လမ်းသွားပြစ်။ ။(၁) မိမိအား ရန်သူ တို့က၊ မကောင်း ကြံစွင့်ခြင်း၊ မိမိအကျိုးမဲ့ကို ပြုလုပ်နိုင်ခြင်းအားဖြင့်၊ မိမိကိုယ်တိုင်လည်း ပျက်စီးခြင်းသို့ ရောက်တတ်၏။ ။ယခုကာလ၌၊ ထိုကဲ့သို့ အချိန် အခါမဲ့ သွားရာတွင်၊ ရန်သူတို့၏ လက်နက်ဖြင့်၊ အသက် သေဆုံးကြရသည်ကို ကိုယ်တိုင်ပင် တွေ့မြင်ဘူးကြပေလိမ့်မည် ဖြစ်ရကား၊ အထူး ချဲ့ထွင်၍ ရေးသားရန် လိုတော့မည် မဟုတ်ပေ။ (၂) အိမ်၌ လူကြီး မရှိရကား၊မိမိသား,မယားတို့အား ခိုးသူ,ထားပြတို့ နှိပ်စက် ဖျက်ဆီးသည်ကို ခံရခြင်း။ (၃) မိမိ၏ ရွှေ,ငွေ, ဘဏ္ဍာ, ဥစ္စာ ပစ္စည်းဘို့၏ ပျောက်ပျက် ပြုန်းတီးခြင်း။ (၄) ဤသူသည် ဤမည်သော အမှုတို့ကို ပြုလေသလောလု တွေး

တောခြင်းကို ခံရတတ်ခြင်း။ (၅) သူခိုး,ဓားပြ ဖြစ်သည် စသောအားဖြင့်၊ မဟုတ် မတရား အပွပ်အစွဲ ခံရ၍၊ ထောင်တန်းသို့ ကျတတ်ခြင်း။ (၆) ထို့ပြင်တပါးလည်း၊ များစွာ ဘေးဒုက္ခတို့ကို တွေ့ကြုံရတတ်ခြင်း။ဤသို့အားဖြင့် ခြောက်ပါးသော အပြစ်တို့မှာ ယုတ်မာသော အဆွေခင်ပွန်းတို့နှင့် ပေါင်းပေါ်ပြီးကာ အခါမဲ့ လှည့်လည်ခြင်း၏ အပြစ်တို့တည်း။

ပွဲအပြစ်။ ။ထို့ပြင်တပါးလည်း၊ မကောင်းသော အဆွေခင်ပွန်းနှင့် ပေါင်းပေါ်ပြီးလျှင်၊ ပွဲသဘင်၊ အပျော်အရွှင် လိုက်စားခြင်းမှာ များစွာ အပြစ် ရှိ၏။ ။သို့ကား မှန်၏။ ပွဲသဘင်၊ အပျော်အရွှင် လိုက်စားသော သူတို့သည်၊ မိမိတို့၏ အသက်မွေး ဝမ်းကြောင်း၊ ကောင်းသော အလုပ်,အကိုင်တို့ကို လုပ်ကိုင်ခြင်း မရှိဘဲ၊ ပျော်ပွဲသို့သာ လိုက်စား၍ နေသဖြင့်၊ ဝတ်ရုံ စားသောက်ဘို့ရာ ဥစ္စာပစ္စည်းဘို့ ပျက်စီး ပြုန်းတီး ပြီးကာ လွန်မင်းစွာ ဆင်းရဲခြင်းသို့ ရောက်တတ်၏။ ။ပွဲသဘင်တို့ကို ရှေးအခါက၊ အခမဲ့ သက်သက် ကြည့်ရှုကြရသော်လည်း၊ ယခုအခါကာလ၌၊ ဝိုက်ဆံ ကြေးငွေ ကုန်ကျမှ ကြည့်ရှုကြရကုန်၏။ ထို့ကြောင့်၊ ပွဲသဘင် အပျော်အရွှင် လိုက်စားကြခြင်းတို့မှာ၊ ရှေးအခါကာလတို့ထက်၊ ယခုကာလ၌ သာ၍ အကျိုးစီးပွား ဆုတ်ယုတ်၏။ အကျိုးဆုတ်ယုတ်ပုံမှာ၊ အအိပ်ပျက်ခြင်း၊ အစား,အသောက် ပျက်ခြင်း၊ အနာရောဂါ ကပ်ရောက်တတ်ခြင်း၊ လူဆိုး,သူဆိုးတို့ လုယူ တိုက်ခိုက်မည်ကို ကြောက်လန့်ရခြင်း၊ အိမ်ရှိ ဥစ္စာပစ္စည်းတို့ ပြုန်းတီးပျက်စီးတတ်ခြင်း၊အလုပ်,အကိုင် ပျက်ခြင်း၊ ထိုပွဲသဘင် အပျော်အရွှင်တို့ကို လိုက်စားမိခြင်းကြောင့်၊ ထိုသို့ လိုက်စားမှု၏ အခြေအရံ ဖြစ်သော အမွေး,အကြိုင် တို့ကို ထုံမွှမ်း လိမ်းချယ်လိုခြင်း၊ ကောင်းသော အစား,အစာ၊အဝတ်,အရုံ ဘို့ကိုသာ စားသောက်ဝတ်ရုံလိုခြင်း၊ ထိုသို့ သဘောရှိသော အရုံတို့ကို အလွယ်တကူ မရရှိသော အခါ၊ သူတပါးတို့၏ ပစ္စည်း ဥစ္စာကို ခိုးယူ,တိုက်ခိုက်ခြင်း စသည်တို့ကြောင့်၊ ရာဇဝတ် မင်းဒဏ်တို့ သင့်ရောက်ခြင်း စ

သော ဒုက္ခတို့ကို တွေ့ကြုံရခြင်းမှာလည်း၊ ထိုမကောင်းသော အဆွေခင်ပွန်းသာလျှင် ပဓာနဖြစ်၏။ ထို့ကြောင့်၊ မကောင်းသော အဆွေခင်ပွန်းတို့ကို ပယ်ရှား၍၊ အပျော်အပါးလိုက်စားခြင်းမှ လွတ်ကင်းအောင် အထူး သတိဆောင်ကြကုန်ရာ၏။

ထိုမကောင်းသော အဆွေခင်ပွန်းနှင့် ပေါင်းသင်း ဆက်ဆံရခြင်းသည်၊ ဥစ္စာပစ္စည်း ပြုန်းတီးဆုံးရှုံးရုံမျှ မက၊ အသက်ပင်သေဆုံးခြင်းသို့ ရောက်ရသော ဝတ္ထုသက်သေ များစွာရှိ၏။ ။သို့စကားမှန်၏။ ‘ကျီး’နှင့် အတူတကွ နေခြင်းကြောင့် ‘ဟင်္သာ’ သည် သေခြင်းသို့ ရောက်ရဘူး၏၊ ‘ကျီး’နှင့်အတူတကွ သွားခြင်းကြောင့် ‘ငုံး’ သည်လည်း သေခြင်းသို့ ရောက်ရဘူး၏။ ။ထိုစကားကို ထင်ရှားစေဦးအံ့။

‘ဟင်္သာဝတ္ထု’။ ။လွန်လေပြီးသောအခါ၊ ‘ဥဇ္ဇေနီမြို့’သို့သွားရာ လမ်းနံဘေး၌ ‘ညောင်ကြီး’ပင် တပင်ရှိ၏၊ ထိုညောင်ကြီးပင်၌ ‘ကျီး’နှင့် ‘ဟင်္သာ’ တို့သည် နေကြကုန်၏။ တရံရောအခါ၊ ‘နွေဥတု’၌ ခရီးပင်ပန်းသော ခရီးသည် တဦးသည် သစ်ပင်ရင်း၌ ‘လေးကိုင်း’ ကို ထား၍ အိပ်လေ၏၊ ထိုသို့အိပ်၍ မကြာမီပင်၊ ညောင်ပင်ရိပ်သည် ရွေ့ရှား၍ သွားသဖြင့်၊ ထိုသူ၏မျက်နှာဝသို့ နေရောင်သည် ကျရောက်၏၊ ဖြူစင်သော သဘော၊ မကောင်းမှုမှ ကြဉ်ရှောင်လိုသော သဘောရှိသော ‘ဟင်္သာမင်း’ သည်၊ အတောင်တို့ကို ဖြန့်ကြက်ပြီးလျှင်၊ ထိုသူ၏ မျက်နှာပြင်၌ အရိပ်ကို ဖြစ်စေ၏။ ထိုအခါ ကောင်းမွန်စွာ အိပ်ရသဖြင့်၊ ခံတွင်းကို ဖွင့်ဟလျက် အိပ်ပြန်၏။ ထိုအခါကာလ၊ ‘သဘာဝအားဖြင့်’ သူတပါး ချမ်းသာသည်ကို မနှစ်သက်သော ‘ကျီး’ သည် ထိုယောကျ်ား၏ ‘ခံတွင်း’ တည်းသို့ ‘မစင်’ ကို စွန့်ချ၍ ပြေးလေ၏၊ ခရီးသွားယောကျ်ားလည်း လျင်မြန်စွာ ထလျက် သစ်ပင်ထက်၌ မော်၍ ကြည့်သောအခါ၊ ‘ဟင်္သာ’ကို တွေ့ရကား၊ ‘မြား’ ဖြင့် ပစ်ခတ်၍ သတ်ဖြတ်လိုက်၏။ ။‘ဤဝတ္ထု ဖြင့်၊ ယုတ်မာသော ‘ကျီး’ နှင့် အတူတကွ နေသောကြောင့်၊ အသက်သေရသည်ကို ပြဆို၏။

'ထိုမှာဘပါ၊ လည်း၊' ယုတ်မာသော သူနှင့် အတူ သွားသဖြင့်၊ အသက်သေရသည်ကို ပြဦးအံ့။

'ငုံးဝတ္ထု'။ ။တခုသော 'သစ်ပင်' ၌ 'ကျီး' တကောင်သည် အိပ်၏၊ 'ငုံး' တကောင်သည်ကား၊ ထိုသစ်ပင်၏ အောက်ခြေဖြစ်သော မြေပေါ်မှာ အိပ်၏၊ တရံရောအခါ၊ 'ဂဠုန်မင်း' ကြွလာမည်ကို စိုးရိမ်ကြသဖြင့်၊ 'ငှက်' ဟူသမျှ အလုံးစုံတို့သည်၊ 'သမုဒ္ဒရာ' ကမ်းနားသို့သာ ပျံ၍သာ သွားကြကုန်၏။ ထိုသို့ သွားကြရာတွင် 'ငုံး' သည်လည်း 'ကျီး' နှင့် အတူတကွ သွား၏။ ထိုသို့ သွားကြရာ 'ကျီး' သည်၊ 'နို့ခမ်းအိုး' ကို ရွက်၍ သွားသော 'နွားကျောင်းသား' ၏၊ နို့ခမ်းအိုးကို ခဏ ခဏ နှိုက်၍ စား၏။ ထိုအခါ 'နွားကျောင်းသား' လည်း၊ နို့ခမ်းအိုးကို ချ၍ အထက်သို့ မော်၍ ကြည့်သောအခါ၊ ကျီးသည်ကား လျင်မြန်စွာ ပျံသွား၏၊ မိမိအား အပြစ်မရှိသည့် အတွက်၊ ဖြည်းဖြည်းသွားသော 'ငုံး' သည်ကား၊ နွားကျောင်းသား၏ 'ခဲချက်' ဖြင့်၊ အသက်သေခံရ၏၊ 'ဤဝတ္ထုဖြင့်' ယုတ်မာသော 'ကျီး' နှင့် အတူတကွ သွားသောကြောင့်၊ အသက်သေရသည်ကို ပြဆို၏၊ ထို့ကြောင့်၊ ဤဝတ္ထုနှစ်ခုကို ပြဆိုသော 'ဟိတောပဒေသ' သရာသည် ဤဂါထာကို ဆို၏။

န ဌာတဗ္ဗံ န ဂန္တဗ္ဗံ ဒုဇ္ဇနေန သမံ ကွစိ။
ကာကသင်္ဂါ ဟတော ဟံသော၊ တိဋ္ဌံ ဂစ္ဆံ စ ဝဋ္ဋကော။

ယုတ်မာဆိုးတောင်း၊ မကောင်းသော အဆွေခင်ပွန်းနှင့် အတူတကွ၊ တစုံတခုသော နေရာ၌ မရပ်တည်အပ်။ သွားလည်း မသွားအပ်။ ကျီး နှင့် ပေါင်းသင်းခြင်းကြောင့် အတူတကွ ရပ်တည်နေသော ဟင်္သာကိုရင်း၊ အတူတကွ သွားသော ငုံးကိုရင်း သတ်အပ်လေပြီ၊

ယခုကာလမှာ၊ ယင်မျိုး အသောက်အစား မကြူး။ အပျော်အပါး မကြူး၊ လောင်းတမ်းကစား မကြူး၊ ပွဲလမ်းသဘင် အပျော်အရှုင် မကြူးသော အဆွေ 'ခင်ပွန်းကောင်း ရ' ကိုတွေ့ရာ 'အသွန်

ရှားဓါ၊ ရွာတိုင်း, ရပ်တိုင်း, မြို့တိုင်း’ မှာ၊ ထိုသို့ သဘော ရှိသော အဆွေ ‘ခင်ပွန်းယုတ်’ တို့သာ ပေါများ သဖြင့်၊ ထိုရပ်, ထိုရွာ၌ မွေးဖွားကြကုန်သော နောက်သား, နောင်လာ များသည် ထိုသူတို့နှင့် ပေါင်းသင်း ဆက်ဆံခွင့်များသဖြင့်၊ယစ်မျိုး အသောက်, အစား ကြီးခြင်း၊ ပွဲလမ်းသဘင် အပျော်အရွှင် ကြီးခြင်းဟု ဆိုအပ်သော ပျက်စီးရာ, ပျက်စီးကြောင်း တရားတို့ကိုသာ လိုက်စားသူများကြကုန်၏။

ထိုကြောင့်၊ထိုကဲ့သို့သဘောရှိသော ပျက်စီးရာ,ပျက်စီးကြောင်း မကောင်းသော တရားများ ကွယ်ပျောက် ကင်းလွတ် စေခြင်းငှါ၊ ရပ်တိုင်း, ရွာတိုင်း ‘အသင်းဖွဲ့’ စည်းပြီးလျှင် ထိုကဲ့သို့ သဘောရှိသော မကောင်းသော အဆွေ ခင်ပွန်းယုတ်တို့ကို မပေါင်းသင်း မဆက်ဆံကြရအောင် တားမြစ်ကြခြင်းမှာ လွန်စွာ သင့်လျော်ပေရကား၊ ထိုကဲ့သို့ သဘောရှိသော ‘အသင်း’များကို၊ တိုးပွားနိုင်သမျှ တိုးပွားလေအောင်၊ ဖွဲ့စည်း တည်ထောင်ကြဘို့ရန် ကောင်းသှပေ၏။

ပါပသဂ်တိ စာရိတ်၊ ဗိုဃာမန္တါနသော၀တိ။
အဒ္ဒေဿနေန ပါပါနံ၊နိဗ္ဗုမေ၀ သုခီ သိယာ။

(ဓမ္မပဒ)

မကောင်းသော ခင်ပွန်းတို့နှင့်,ပေါင်းပေါ်ရခြင်းကြောင့်၊ ရှည်မြင့်စွာသော အခါကာလ ပတ်လုံး စိတ်လက် မအေး၊ ပူဆွေး ငိုးရိမ်ရ၏၊ ယုတ်မာသော အဆွေခင်ပွန်းတို့ကို၊ မမြင် မတွေ့ရခြင်းဖြင့်၊အမြဲသာ သျှင် ကိုယ်စိတ် မပန်း၊ ရွှင်လန်း ချမ်းသာသည် ဖြစ်ရာ၏။

ငွေ‘တဆောင်’ရဘို့ရန် မြင်သော သူသည်၊ ငွေ‘တဆယ်’ကို မမက်သကဲ့သို့ရှင်း။ ‘တသက်သုံး’ ချမ်းသာဘို့ အတွက်၊ မပျက်စီးစေခြင်းငှါ အပျော်ကြူးခြင်း၊ ယစ်မျိုး အသောက်အစား ကြူးခြင်း၊ လောင်းတမ်း ကစား ကြူးခြင်း၊ ခင်ပွန်းယုတ်တို့နှင့် ပေါင်းသင်း ‘ဆက်ဆံခြင်း’အမှုတို့ကို မပြုဘဲ၊‘ပယ်ရှား’လိုက်ကြကုန်ရာ၏။ ။

‘ကန်ဦးမဲ’ ။ ။တနည်းကား၊တခုသော တဘက်ဆည်း ကန်ကြီး

မှာ၊ရေဝင်ဘို့ရာ အပေါက် လေးပေါက်၊ရေထွက်ဘို့ရာ အပေါက် လေးပေါက်ရှိသည် ဖြစ်အံ့။ ။ထိုရှစ်ပေါက်တို့တွင်၊ ရေဝင်ဘို့ရာ အပေါက် လေးပေါက်ကို ပိတ်၍၊ရေထွက်ဘို့ရာ အပေါက်လေးပေါက်ကိုသာ ဖွင့်ထားသည် ဖြစ်အံ့၊ မိုးကလည်း မရွာဘဲ၊ ဖြတ်စဲသည် ဖြစ်အံ့။ မကြာမီ ထိုတဘက် ဆည်း ကန်ကြီးသည် ခန်းခြောက်ခြင်းသို့ ရောက်ရာသကဲ့သို့၊ထို့အတူ၊ နောက်က ပြဆိုအပ်ပြီးသော စည်းစိမ် ပျက်စီးကြောင်း လေးပါးတို့ကို လိုက်စားခဲ့သည် ဖြစ်အံ့။မကြာမီ ပျက်စီး ဆုံးရှုံးခြင်းသို့ ရောက်ရာ၏။

အကယ်၍၊ ရေထွက်ရာ အပေါက် လေးပေါက်တို့ကို ပိတ်၍၊ ရေဝင်ရာ အပေါက်လေးပေါက်တို့ကိုသာ ဖွင့်ထားခဲ့ငြားအံ့၊မိုးကလည်း မပြတ် ရွာသွန်းသည် ဖြစ်အံ့၊ထိုတဘက် ဆည်း ကန်ကြီးသည် မကြာမီ ပြည့်ခြင်းသို့ ရောက်ဘိသကဲ့သို့၊ ထိုအတူ၊ လေးပါးသော စည်းစိမ် ပျက်ကြောင်းတရားတို့ကို ပယ်ရှားသည် ဖြစ်ပါက မကြာမီ ကြီးပွား မြင့်မြတ်ခြင်းသို့ ရောက်ရာ၏။ ။ဤကား စည်းစိမ် ပျက်စီးကြောင်း ဖြစ်သော 'အတွင်းရန်သူ' လေးပါး တို့ကို ပြဆိုအပ်သော စကားရပ်တည်း။ ။ဤသည်ကား 'ပါပမိတ္တော၊ ပါပသဟာယော၊ ပါပသမ္ပဝင်္ကော' ဟူသော ပါဠိတော်၏ အဓိပ္ပါယ်ရပ်တည်း။ ။ဤသည်လျှင် 'အာရက္ခသမ္ပဒါ' ပြခဏ်း ပြီး၏။

**မိတ်ကောင်းရှိပုံ။** ။ယခုအခါ၌ ကလျာဏမိတ္တတာ သမ္ပဒါကို ပြဆိုပေအံ့။

ကတမာ စ ဗျဂ္ဃပဇ္ဇ ကလျာဏမိတ္တတာ။ ဣဓ ဗျဂ္ဃပဇ္ဇ ကုလပုတ္တော ယသ္မိံ ဂါမေ ဝါ နိဂါမေ ဝါ ပဋိဝသတိ။ တတ္ထ ယေ တေ ဟောန္တိ ဂဟပတီ ဝါ၊ ဂဟပတိပုတ္တာ ဝါ ဒဟရာ ဝါ ဝုဒ္ဓသီလိနော၊ဝုဒ္ဓဝါ ဝုဒ္ဓ သီလိနော၊ သဒ္ဓါသမ္ပန္နာ၊သီလသမ္ပန္နာ၊ စာဂသမ္ပန္နာ၊ ပညာသမ္ပန္နာ၊ တေဟိ သဒ္ဓိံ သန္တိဋ္ဌတိ သလ္လပတိ၊ သာကစ္ဆံ သမာပဇ္ဇတိ။ ယထာ ရူပါနံ သဒ္ဓါသမ္ပန္နာနံ သဒ္ဓါသမ္ပဒံ အနုသိက္ခတိ၊သီလသမ္ပန္နာနံ သီလသမ္ပဒံ အနုသိက္ခတိ၊ စာဂသမ္ပန္နာနံ စာဂသမ္ပဒံ အနုသိက္ခတိ။ ပညာသမ္ပန္နာနံ ပညာသမ္ပဒံ အနုသိက္ခတိ။ အယံ ဝုစ္စတိ၊ ဗျဂ္ဃပဇ္ဇ ကလျာဏမိတ္တတာ။ ။**(အဋ္ဌကအင်္ဂုတ္တရပါဠိတော်)**

ဗျဿပဗ္ဗမည့်သော ဒါယကာ၊ အသွေးခင်ပွန်းကောင်း ရှိသော အဖြစ်သည် အဘယ်နည်း။ ဗျဿပဗ္ဗမည့်သော ဒါယကာ၊ ဤလော ကန္တ၊ အမျိုးသားသည် အကြင်ရွာ၌ရင်း၊ အကြင် နိဂုမ်း၌ရင်း နေ ၏၊ ထိုရွာနိဂုမ်း၌ အကြင် သူကြွယ်တို့ သည့်ရင်း၊ အကြင်သူ ကြွယ်သားတို့သည်ရင်း ရှိကြကုန်၏။ ငယ်ကုန်သော်လည်း ကြီး ပွါးသော အလေ့ အကျင့် ရှိကြကုန်၏၊ ကြီးပွါး ကုန်သော်လည်း ကြီးပွါးသော အလေ့ရှိကုန်၏၊ သဒ္ဓါတရားနှင့် ပြည့်စုံကုန်၏၊ ကိုယ် ကျင့်သီလနှင့် ပြည့်စုံကုန်၏။ စွန့်ကြဲခြင်းနှင့် ပြည့်စုံ ကြကုန်၏၊ ပညာနှင့် ပြည့်စုံကြကုန်၏။ ထိုသူတို့နှင့်တကွ အတူ ထိုင်၏၊ အတူ တကွ စကားပြော၏၊ ဆွေးနွေးခြင်းသို့ ရောက်၏။ အကြင်သို့ သ ဘော ရှိကုန်သော သဒ္ဓါတရားနှင့် ပြည့်စုံသော သူတို့၏ သဒ္ဓါ တရားနှင့် ပြည့်စုံခြင်းကို အတုလိုက်၍ ကျင့်၏၊ ငါးပါး သီလ နှင့် ပြည့်စုံသော သူတို့၏ သီလနှင့် ပြည့်စုံခြင်းကို အတုလိုက်၍ ကျင့်၏။ စွန့်ကြဲခြင်းနှင့် ပြည့်စုံသော သူတို့၏ စွန့်ကြဲခြင်းနှင့် ပြည့် စုံခြင်းကို အတုလိုက်၍ ကျင့်၏၊ ပညာနှင့် ပြည့်စုံသောသူတို့၏၊ ပညာနှင့် ပြည့်စုံခြင်းကို အတုလိုက်၍ ကျင့်၏၊ ဗျဿပဗ္ဗ မည်သော ဒါယကာ။ ဤကဲ့သို့ ပြည့်စုံခြင်းကို 'ကလျာဏမိတ္တတာ သမ္ပဒါ' ဟူ၍ ဆိုအပ်၏၊

ထိုပါဠိတော်၏ အဓိပ္ပါယ်ကား၊ အကြင် 'အမျိုးသား' သည်၊ အ ကြင်'ရွာ'၌ရင်း၊ အကြင် 'နိဂုမ်း'၌ရင်း နေသည် ဖြစ်အံ့။ ထိုရွာနိ ဂုမ်း၌၊ အကြင်သူကြွယ်တို့သည်ရင်း၊ အကြင် သူကြွယ် သားတို့ သည်ရင်း ရှိကြကုန်၏။ 'ငယ်'ကုန် သော်လည်း ကြီးပွါး လတ္တံ့ သော အလေ့အကျင့် ရှိကြကုန်၏။ 'ကြီး' ကုန်သော်လည်း ကြီးပွါး လတ္တံ့သော အလေ့အကျင့် ရှိကြကုန်၏၊ သဒ္ဓါ တရားနှင့် ပြည့်စုံ ကြကုန်၏။ 'ငါးပါးသီလ' နှင့်ပြည့်စုံကြကုန်၏။ 'စွန့်ကြဲခြင်း' နှင့်ပြည့် စုံကြကုန်၏။ 'ပညာ' နှင့် ပြည့်စုံကြကုန်၏၊ ထိုသူတို့နှင့် အတူတကွ ထိုင်၏။ အတူတကွ စကားပြော၏။ အတူ တကွ ဆွေးနွေးတိုင်ပင် ၏၊ အကြင်သို့ သဘောရှိကုန်သော သဒ္ဓါတရားနှင့် ပြည့်စုံကုန်သော

သူတို့၏ သဒ္ဓါနှင့် ပြည့်စုံခြင်းကို အတုလိုက်၍ ကျင့်၏။ အကြင်သို့ သဘောရှိကုန်သော သီလနှင့် ပြည့်စုံသော သူတို့၏ သီလနှင့် ပြည့်စုံခြင်းကို အတုလိုက်၍ ကျင့်၏။ အကြင်သို့ သဘော ရှိကုန်သော စွန့်ကြဲခြင်းနှင့် ပြည့်စုံသော သူတို့၏၊ စွန့်ကြဲခြင်းနှင့် ပြည့်စုံခြင်းကို အတု လိုက်၍ ကျင့်၏။ အကြင်သို့ သဘော ရှိကုန်သော ပညာနှင့် ပြည့်စုံသော သူတို့၏ ပညာနှင့် ပြည့်စုံခြင်းကို အတုလိုက်၍ ကျင့်၏။ ဤကား အဆွေ 'ခင်ပွန်းကောင်း' နှင့် ပြည့်စုံခြင်းတည်း။

ဤပြဆိုအပ်ခဲ့ပြီးသော အဆွေ ခင်ပွန်းနှင့် ပြည့်စုံ ခြင်းသည်၊ စည်းစိမ် ဥစ္စာ ရတနာ အဖြာဖြာတို့၊ ယခုလောကီမှာပင် တိုးပွား ကြောင်း ဖြစ်၏။ 'ထိုစကားမှန်၏။' ယခု ပြဆိုအပ်ခဲ့ပြီးသော သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ ဟု ဆိုအပ်သော လေးဖြာသော ဂုဏ်အင်္ဂါ နှင့် ပြည့်စုံသော အဆွေခင်ပွန်းနှင့် ပေါင်းသင်း ဆက်ဆံသော သူ သည်၊ မိမိလည်း ထိုအဆွေခင်ပွန်းတို့၏ အတုသို့ လိုက်၍၊ 'သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ' ဟု ဆိုအပ်သော လေးဖြာသော တရားနှင့် ပြည့်စုံ၍ လာ၏။ ထိုတရားနှင့် ပြည့်စုံသည့်နောက်၊ ယခင် ပြဆိုအပ် ခဲ့ပြီးသော 'ဥဋ္ဌိရက္ခ၊ သုရက္ခ၊ အက္ခရက္ခ၊ မါပသဟာယ' ဟူသော ပျက်စီးရာ, ပျက်စီးကြောင်း တရား လေးပါးတို့နှင့် ကင်း လွတ် နိုင်ကြမှသာလျှင် တိုင်းပြည် နိုင်ငံနှင့် တကွ၊ အမျိုးသားတို့ ၏အကျိုး၊ တိုးတက် ကြီးပွားခြင်းသို့ ရောက်နိုင်ချေမည်။

ထိုမှတပါးလည်း 'ကလျာဏမိတ္တတာ' သမ္ပဒါအရ၊ မိတ်ဆွေ ခင်ပွန်းကောင်းနှင့် 'ပေါင်းသင်း' နေထိုင်ရသည့် အတွက်၊ လောကီ ကျေးဇူး, လောကုတ္တရာ ကျေးဇူး၊ အထူး ခံစားရသော ဝတ္ထု သက်သေကို ပြဆိုဦးအံ့။

မိတ်ကောင်းရှိသော ဝတ္ထု။ ။ငါတို့ 'မြတ်စွာဘုရား' သက်တော် ထင်ရှား ရှိတော်မူစဉ်က၊ 'သာဝတ္ထိ' ပြည်တွင် ဥစ္စာ ပစ္စည်း ချို့တဲ့သော တခုသော အမျိုး၏ 'သတို့သား' တယောက်သည်၊ မိမိ ၏ မိတ်ဆွေတယောက်ကို မိမိချစ်ကြိုက် နှစ်သက်သော 'သတို့သမီး'

ငယ်တယောက်အား၊ မိမိနှင့် 'ထိမ်းမြားလက်ထပ်' မင်္ဂလာပြုဘို့ရန် စေ့စပ်ပြောဆိုစေ၏၊ ထိုအခါ၊ သတို့သမီးဖြစ်သူက 'အသင်' ထိုသူ၌ မိတ်ဆွေခင်ပွန်းကောင်း ပေါင်းသင်းဆက်ဆံဘူးသော သူများရှိပါ၏လော်ဟု မေးမြန်းရာ၊ မိတ်ဆွေခင်ပွန်း ပေါင်းသင်းပြီးသူ မရှိသေးကြောင်း ပြန်ကြား ပြောဆိုရာ၊ မိတ်ဆွေ 'ခင်ပွန်းကောင်း'ကို၊ပေါင်းသင်းဘို့ရာ'ရှာပါဦး'လော၊မိတ်ဆွေကောင်းနှင့် ပေါင်းသင်းပြီး ရှိမှသာလျှင်၊ ထိမ်းမြား'လက်ထပ်မင်္ဂလာ' ပြုပါအံ့ဟု ပြောဆိုပြန်ကြားလိုက်လေ၏၊

ထိုသတို့သမီး၏ စကားဖြင့်၊ ရှေးဦးစွာ 'တံခါးစောင့်'လေးဦးနှင့် မိတ်ဆွေဖွဲ့၏။ ထိုနောက် အစဉ်အတိုင်း၊ 'မြို့စောင့်၊မြို့သူကြီး' မှစ၍၊အဆင့်အဆင့်တက်ပြီးလျှင် 'အမတ်ကြီး' တို့နှင့် မိတ်ဆွေ ဖြစ်၏၊ထိုနောက် 'စစ်သူကြီး၊အိမ်ရှေ့မင်းသား'နှင့် မိတ်ဆွေဖွဲ့၏။ ထိုနောက်၊'ပြည့်ရှင်မင်း'ကြီးနှင့် ခင်မင်သော မိတ်ဆွေ ဖြစ်ပြန်၏၊ ထိုနောက် 'ရဟန်းငယ်'က စ၍၊ရှစ်ကျိပ်သော 'မဟာသာဝက'တို့နှင့် ၎င်း၊ 'အရှင်အာနန္ဒာ' မထေရ်နှင့်၎င်း၊ အသိအကျွမ်း ဖြစ်ပြီးလျှင် 'ရှင်တော်ဘုရား'နှင့်ပင် အသိ အကျွမ်းဖြစ်၍၊ 'သရဏ ဂုံသီလ' တို့ကို ဆောက်တည်၏၊ မင်းကြီးလည်း ထိုသူအား 'အစိုးရ'သော ဌာနတခုကို ပေးသနားတော်မူ၏၊ ထိုနောင်မှ ထိုသူအား အိမ်ကြီးတလုံး ဆောက်စေပြီးလျှင်၊ ထိုသူ ချစ်ခင်သော 'သတို့သမီး' နှင့် ထိမ်းမြားလက်ထပ်၏၊ ထို'လက်ထပ်ပွဲ'မှာ၊မင်းကြီးမှ စ၍ များစွာသော သူတို့က၊လက်ဆောင် 'ပဏ္ဏာ' ပေးလာကြရန်၏။ ထိုသူ၏ 'ခင်ပွန်းမ'သည်ကား၊မင်းကြီးက ပို့သော လက်ဆောင်ကို အိမ်ရှေ့မင်း၊အိမ်ရှေ့မင်းက ပို့သော လက်ဆောင်ကို အမတ်ကြီး စသောအားဖြင့်၊ များစွာသော သူတို့အား လက်ဆောင်တုံ့ပြန်ပေး၍၊ အဆွေခင်ပွန်းဖွဲ့လိုက်ပြန်၏၊ ၇-ရက်မြောက်သော နေ့၌၊ကြီးစွာသော ပူဇော်သက္ကာရကို ပြုလျက်၊ မြတ်စွာဘုရားအမှူးရှိသော 'သံဃာ ငါးရာ'အား 'ဆွမ်း' လုပ်ကျွေး၏။ ။'ဤဥစ္စာ၊ဖြင့်' အဆွေ ခင်ပွန်းကောင်းနှင့် ပေါင်းဘော် ရသည့် အတွက်၊ လောကီအကျိုး

တွင်မှမ သာ၊ လောကုတ္တရာ အကျိုးပါ ပြီးမြောက် ရသည့်ကို ပြဆို၏၊

အဆွေခင်ပွန်းယုတ်တို့နှင့် ပေါင်းဘော်၍၊ အကျိုး ဆုတ်ယုတ်ရပုံ၊ အဆွေခင်ပွန်းကောင်းနှင့် ပေါင်းဘော်ရ၍၊ အကျိုးဖြစ်ပုံတို့ကို ပြပြီး၍၊ ယခုအခါ၌ အဆွေ ခင်ပွန်းယုတ်, အဆွေ ခင်ပွန်းကောင်းတို့၏ လက္ခဏာကို ပြဆိုဦးအံ့။

(၁) ခင်ပွန်းယုတ်လေးယောက်။ ။မိမိက၊ တရံ တခုသောဝတ္ထုကို ပေးလိုသော စိတ် အနည်းငယ်မျှ မရှိမူ၍၊ ယူလိုသောစိတ်ကိုသာ အမြဲထားပြီးလျှင်၊ ချစ်ခင်သည့် ပမာဖြင့်၊ မကြာမကြာ လက်ချည်းသာ လာလတ်ပြီးကာ၊ ရရာပစ္စည်းကို နည်းများမဟူ ဆောင်ယူ တတ်ခြင်း။ ။(၂) မပြောပဘွယ်၊ အနယ်းငယ်မျှသော မိမိ၏ ပစ္စည်းကို ပေးကမ်းပြီးလျှင်၊ မိမိပေး သမျှသော ပစ္စည်းတို့ထက်၊ နှစ်ဆ,သုံးဆ,မျှခက လိုချင်တတ်ခြင်း။ ။(၃) ဘေးအခါကမူ၊ တရံတခါမျှ သတိမရမူ၍၊ မိမိအား ဘေးရောက်သော ကာလမှ၊ အခြား၌ ခိုကိုးရာ မရသဖြင့်၊ခိုကိုးရာ ရစေခြင်းငှါ၊ ပြုဘွယ်ရာ ကိစ္စတို့ကို ပြုလုပ်လို တတ်ခြင်း။ ။(၄) အဆွေခင်ပွန်း၏ အကျိုးကို အနည်းငယ်မျှမမြော်ကိုးဘဲ၊ မိမိအကျိုးကိုသာ မြော်ကိုးတောင့်တ၍ သည်းကပ်တတ်ခြင်း။ ။ဤအင်္ဂါလေးပါးနှင့် ပြည့်စုံသော အဆွေခင်ပွန်းအကျိုးကို မြော်ကိုးတောင့်တခြင်း မရှိ၊ မိမိအကျိုးကိုသာ မြော်ကိုး တောင့်တသော အဆွေ'ခင်ပွန်းဟာ' မဟုတ်။ အဆွေ 'ခင်ပွန်းယောင်' မျှသာ ဖြစ်သော 'အညဒတ္ထုစာ'ရ 'အဆွေခင်ပွန်းယုတ် တယောက်။

(၁) မနေ့က, တမြန်နေ့က၊မည်သည့် ခဲဘွယ်ဘောဇဉ်၊ မည်သည့် အသုံးအဆောင်ကို သင့်အလို့ငှါ ထား၍ သင့်အား မျှော်လင့်နေပါသော်လည်း သင်မလာသည့် အရာကြောင့်၊ မည့်သို့ မည်ပုံ ပြုလုပ်လိုက်ရပါသည့် စသောအားဖြင့်၊ လွန်လေပြီးသော အကျိုးစီးပွားဖြင့်၊ စကားအစေ့အငပ် ပြုတတ်ခြင်း ။(၂) မည့်သည့် နေ့ရက်၊မည့်သည့် လကျလျှင် မည့်သည့် ပစ္စည်းဝတ္ထုကို သင်အား

ပေးမည်၊မည်သည့် အရာကို သင့်အား ပေးမည်။သင့်ကို မည့်ကဲ့သို့ မစ,ချီးမြှင့်မည် စသော အားဖြင့်၊ လာလတ္တံ့သော အကျိုးစီးပွား ဖြင့်၊ စကားအစေ့အစပ် ပြုဘတ်ခြင်း။ ။(၃) မြင်းစီးလာသော အခါ၊'လာလော၊ သူငယ်ချင်း၊ မြင်းပေါ်သို့ တက်လော' စသော အားဖြင့်၊ အလဟာသအချည်းနှီး အကျိုးမရှိသော စကားဖြင့်၊ အကျိုးလိုယောင် ဟန်ဆောင်သော အားဖြင့်၊ စကားအစေ့အစပ်ပြု တတ်ခြင်း။ ။(၄) ပစ္စုပ္ပန်ကာလ၊ တရုံတခုသော ပြုဘွယ် ကိစ္စ ရှိသော အခါ၊မည်သို့, မည်ညာ စသော အားဖြင့်၊လွှဲဖယ်ရှောင်ရှား၍ နေတတ်ခြင်း။ ။ဤအင်္ဂါလေးပါးနှင့် ပြည့်စုံသော နှုတ်ဖြင့်သာ အကျိုးလိုဟန် ကြံဖန် 'လည်ဆယ်သွယ်ခိုက်'၍၊အစေ့အစပ်ပြုတတ် သော အဆွေ 'ခင်ပွန်းစစ်' မဟုတ်၊ အဆွေ 'ခင်ပွန်းယောင်' သာ ဖြစ်သော 'ဝစီပရမ' အဆွေပွန်းယုတ် တယောက်။

(၁) မကောင်းမှုကို ပြုလို၍၊ ကောင်း,မကောင်းကို ပြောဆိုဘို့ ရာ တိုင်ပင် နှီးနှောလာသော အခါကာလ၌လည်း၊ ကောင်းလှပေ သည်ဟု ပြောဆိုကာကောင်းစွာ အခွင့်ပြုတတ်ခြင်း။ ။(၂) ဒါန, သီလ စသောကောင်းမှုကို ပြုလုပ်လို၍၊ ကောင်း,မကောင်းကို ပြော ဆိုဘို့ရာ တိုင်ပင် နှီးနှောသော ကာလ၌လည်း၊ အကျိုးအကြောင်း ကို မပြ၊ကောင်းလှပါသည်ဟု ဆိုပြီးကာ၊ကောင်းစွာ အခွင့်ပြုတတ် ခြင်း။ ။(၃) ရှေ့တွင်မျက်မှောက်၌မူကား၊ များစွာသော ဂုဏ် ကျေးဇူးတို့ကို ပြောဆို မြှောက်ပင့် တတ်ခြင်း။ ။(၄) မမြင် ကွယ်ရာ အခြားသော သူတို့၏ အထဲမှာမူကား၊ ဤသူ-ဤသူကား၊ ဤသို့၊ဤသို့သော အပြစ်ကို ပြုမူတတ်သည် စသောအားဖြင့်၊များ စွာ အပြစ် ပြောတတ်ခြင်း။ ။ဤအင်္ဂါလေးပါးနှင့် ပြည့်စုံသော မြှောက်ပင့်'လိုက်လျောကာသာ နေတတ်သောအဆွေ'ခင်ပွန်းစစ်' မဟုတ်၊ အဆွေ 'ခင်ပွန်းယောင်' သာ ဖြစ်သော'အနုပိယဘာဏီ' မည်သော အဆွေခင်ပွန်းယုတ် တယောက်။

(၁) သေအရက် စသော ယစ်မျိုးတို့ကို၊ သောက်မျိုခြင်း၌ သာ၊ အခါခါ တိုက်တွန်းခေါ်ငင် သွေးဆောင်တတ်ခြင်း။ ။(၂)

အချိန်မရှိ၊ ညဉ့်နက်သန်းခေါင်၌သာ လှည့်လည် သွားလာဘို့ရာ များစွာ သွေးဆောင် တတ်ခြင်း။ ။(၃) ရုပ်သေးပွဲ, ရုပ်ရှင်ပွဲ, ဇာတ်ပွဲ, ဘောလုံးပွဲ, လက်ဝှေ့ပွဲ, လှေပွဲ, မြင်းပွဲ စသော ပွဲလမ်းသဘင် အပျော်အရွှင် တို့ကိုသာ လိုက်စားဘို့ရာ အခါခါ တိုက်တွန်းဘတ်ခြင်း။ ။(၄) ကြွေး, ဖဲ, အနိုင်ထောင်, ခြောက်ကောင်, မျောက်ပန်း စသော လောင်းတမ်းကစားမှုကို ပြုလုပ်ဘို့သာ အခါခါ တိုက်တွန်းနှိုးဆော်တတ်ခြင်း။ ။ဤအင်္ဂါလေးပါးနှင့် ပြည့်စုံသော အဆွေ'ခင်ပွန်းစစ်'မဟုတ်၊ အဆွေ'ခင်ပွန်းယောင်' သာ ဖြစ်သော 'အပါယသဟာယ' မည်သော အဆွေ ခင်ပွန်းယုတ် တယောက်။ ။ဤသို့အားဖြင့်၊ 'လေးပါး'သော အဆွေ 'ခင်ပွန်းယုတ်' တို့ကို ဘေးရှိသော ခရီးလမ်းမကြီးပမာ ကောင်းစွာ 'ရှောင်ကြဉ်' ရမည် ဟူ၏။

အညဒတ္ထုဟရော မိတ္တော၊ ယော စ မိတ္တော ပရီပရမော။
အနုပိယဉ္စ ယော အာဟ၊ အပါယေသု စ ယော သခါ။
ဧတေ အမိတ္တေ စတ္တာရော၊ ဣတိ ဝိညာယ ပဏ္ဍိတော။
အာရကာ ပရိဝဇ္ဇေယျ၊ မဂ္ဂံ ပဋိဘယံ ယထာ။

(သိင်္ဂါလသုတ်။)

အကြင် အဆွေ ခင်ပွန်းယုတ်သည် ကိုယ်ဘို့ အတွက်တာဖြင့်၊ ယူသာ ယူတတ်၏။ အကြင်အဆွေခင်ပွန်းယုတ်သည်လည်း၊ နှုတ်ဖြင့်သာ အစေ့အစပ်ပြုတတ်၏။ အကြင် အဆွေခင်ပွန်းယုတ်သည်လည်း၊ ချစ်ခင်ဘွယ်ယောင် ဟန်ဆောင် စကားကိုသာလျှင် ပြောကြားတတ်၏။ အကြင်အဆွေခင်ပွန်း ယုတ်သည်လည်း ပျက်စီးရာ ပျက်စီးကြောင်းတို့၌ တိုက်တွန်းတတ်၏။ ဤသို့ လေးယောက်ကုန်သော ထိုအဆွေခင်ပွန်းယုတ်တို့ကို ဧကန်တိတိ၊ ပိုင်းခြားသိသည် ဖြစ်၍၊ ကြောင်းကျိုးမြင်သိ ပညာရှိသည် ဘေးဘျမ်းရှိသော လမ်းခရီးကို ဝေးစွာ ဝေးဝေးကပင်၊ ရှောင်ကြဉ် ဖဲခွါချဘိ သကဲ့သို့၊ ထိုအဘူ အဝေးမှ ရှောင်ကြဉ်ရာ၏။

ဤယခုပြဆိုအပ်ခဲ့သော 'အဆွေခင်ပွန်းတု' တို့သည်၊ 'ရွှေတု' ငွေတု' တို့ကို၊ 'ရွှေစစ်,ငွေစစ်' တို့နှင့် ခွဲခြား၍၊လူသာမန်တို့ သိခြင်းငှါ ခဲယဉ်းသကဲ့သို့၊ ထို့အတူ၊ 'လူသာမန်'တို့၊ သိတို့ရာ ခဲယဉ်း၏၊ ထို့ကြောင့်၊ ထိုကဲ့သို့ အဆွေခင်ပွန်း တုကိုသာ အဆွေခင်ပွန်း အစစ်ထင်၍၊ ပေါင်းသင်း ဆက်ဆံတတ်ကြသောကြောင့်၊ များမကြာမီ ပျက်စီး,ဆုံးရှုံးခြင်းသို့ ရောက်ဟတ်ကုန်၏၊ ။ထိုလေးပါးတို့တွင်၊ ။'အညဒတ္ထုဟာရ' ယူသာ ယူတတ်သော အဆွေခင်ပွန်းတုမည်သည်မှာ၊ ယခုကာလ၌၊ ကြွေးမြီချေး၍ စားတတ်သော ငွေရှင်ဖြစ်သူ၊ အချို့သော 'ချစ်တီး' နှင့် အချို့သော 'မြန်မာ' တို့နှင့်တူကြကုန်၏။ ထိုစကား မှန်၏။ ထိုငွေရှင်များသည် မိမိတို့ထံ၌၊ 'လယ်ယာ' တို့ကိုဒင်း၊'ရွှေ,စိန်' တို့ကိုဒင်း၊ 'အပေါင်အနှံ' လာကြသော သူတို့၏ လယ်,ရွှေ, စိန်တို့ကို 'မရွေးယူ' နိုင်စေခြင်းငှါသာ များစွာ ကြံစည်တတ်ကုန်၏၊အချို့သော သူတို့ကား'စာချုပ်'ကိုလိမ်၍ ချုပ်တတ်၏၊အချို့သော သူတို့ကား၊ 'အတိုးကြီးစွာ' အဆမတန် ယူတတ်၏၊ အချို့သော သူတို့ကား၊ ကြွေးဆပ်လာသော အခါတော်ရာသို့ ရှောင်၍ နေတတ်၏။ဤသို့သော နည်းအားဖြင့်၊ပေါင်နှံ၍ ထားသော လယ်,ယာ,ရွှေ,စိန်တို့ကို ပြန်၍ မရွေးနိုင်စေခြင်းငှါ ကြံစည်တတ်ကုန်၏။

ထိုသို့ သဘောရှိသော ကိုယ်ဘို့သာ ကြည့်သော၊ အဆွေခင်ပွန်းယုတ်တို့နှင့် ပေါင်းဘော် ကြရကုန်သော၊ လယ်သမား စသော မြို့ရှင်တို့မှာ၊ ထို 'မသမာ' သော ခင်ပွန်းယုတ်တို့နှင့် ပေါင်းဘော်ရသည့် အတွက်၊ပေါင်နှံထားသော လယ်,ယာ,ရွှေ,စိန်တို့ကို မရွေးနိုင်ဘဲ၊ သူတပါး လက်ထည်း၌သာ တထောင်တန်က ၅၀၀–စသောအားဖြင့်၊'မတန်,အတန်'နှင့် ပေးလိုက်ကြရ၍ မွဲပြာကျပြီးလျှင် မည်သည့်အခါမှ 'လူစဉ်မမှီ' နိုင်အောင် ရှိကြကုန်၏၊ တနည်းလည်း၊ ယခုကာလ၌ ခေါ်ဝေါ်ကြသော 'အတ္တဟိတ' ကိုယ်ကောင်းကြံသော သူတို့နှင့် တူကုန်၏၊ တနည်းလည်း၊ ယခုကာလပြောဆိုကြသော၊'ဝံသာနုရက္ခိတ' ဟူသော စကားကို 'အမြဲသုံး'

ပြီးလျှင်၊မကောင်းသော အထည်,အလိပ်,အစား,အသောက် စသော ကုန်တို့ကို၊ မတန်နဲ့အတန် ပြောဆို၍ ရောင်းစားတတ်သော 'ကုန်သည်' အချို့နှင့် တူ၏။ ထိုအဆွေခင်ပွန်းယုတ်တို့နှင့် ပေါင်းသင်းဆက်ဆံရသော သူတို့မှာ၊မကြာမီ ပျက်စီး ဆုံးရှုံးခြင်းသို့ ရောက်ကြပေလိမ့်မည်။ ထို့ကြောင့်၊ ထိုအဆွေခင်ပွန်း တို့ကို အထူးသဖြင့် ရှောင်ကွင်း၍၊မိမိတို့ ကိုယ်တိုင်ကလည်း၊ ထိုကဲ့သို့ သဘောရှိသော အဆွေခင်ပွန်းယုတ် မဖြစ်ကြရအောင်၊အထူး သတိဆောင်ကြကုန်ရာ၏။

'ဝစီပရမ'။ ။အဆွေခင်ပွန်းယုတ် ဟူသည်မှာလည်း၊ စိတ်က မပါ၊ နှုတ်ကသာ ပြောဆိုတတ်သော အဆွေခင်ပွန်းယုတ်ကို ဆိုလို၏။ ထိုလူတို့သည် မည်သည့်အခါ၊ မည်ကဲ့သို့ အကျိုးကို ဆောင်ရွက်လိုက်တော့မည့် အဟန်အားဖြင့်၊ သူတပါး အားရအောင် ပြောတတ်ကြကုန်၏။ ယခုကာလ၌၊ အချို့သော 'ခေါင်းဆောင်လူကြီး' များနှင့် တူ၏။အချို့သော ခေါင်းဆောင်သူကြီးများသည်၊လူ 'ပရိသတ်အလယ်' သို့ ရောက်သော ကာလ၊အားရ ဝမ်းသာရှိကြရလေအောင်၊ 'ကျွန်ုပ်က' မည်သည့် ကိစ္စကို မည့်ကဲ့သို့ ဆောင်ရွက်လိုက်မည်။ငွေမည်မျှ ထည့်မည် စသည်ဖြင့် ပြောသောအခါ၊ ပရိသတ်များစွာတို့က ယုံကြည်အားထားကြသဖြင့် 'လက်ခုပ်လက်ဝါး' တီး၍၊ကောင်းကြီး 'ဩဘာ' ပေးလျက် လွန်စွာ ဝမ်းမြောက်ကြကုန်၏။နောက် တကယ့်တကယ် ပြုဘွယ်ကိစ္စသို့ ရောက်သော ကာလ၊ 'အစအန' ကိုမျှ ရှာဖွေ၍ မရအောင် ရှိကြကုန်၏။
"စစ်ပွဲသို့ မရောက်မီ၊ လွန်စွာ ကြုံးဝါးခြားသော်လည်း၊ စစ်ပွဲသို့ ရောက်က၊ လွန်စွာ ကြောက်လှသော 'အီမသေန' စစ်သူကြီးနှင့် တူကုန်၏"။

ဥပမာ။ ။ လယ်လုပ်လိုသော ယောက်ျား တယောက်သည် ငွေရှင် ဖြစ်သော မိမိ မိတ်ဆွေအား 'အဆွေ' ကျွန်ုပ် လယ်ကို လုပ်လိုပါသည်။မျိုးစပါးနှင့် ကျွဲ,နွား,ကို ချေးမြှင့် မစပါဟု ဆိုသော ကာလ၊ကောင်းပြီ အဆွေ၊ ရပါစေမည်၊ မိုးလင်းကျ၍ လယ်ထွန်ခါ နီးမှ လာခဲ့ပါဟု မှာထား၍၊ နောင် မိုးလင်းကျ၍ 'လယ်ထွန်ချိန်' နီး

သောကာလ၊ ထိုသူ အထံသို့ သွားသော အခါ၊ ဓားင်လိုလို, မြောက်လိုလို လုပ်တတ်၏၊ ထိုအခါ၊ အချိန်က နောက်ကျနေပြီး ဖြစ်သဖြင့်၊ သူတပါး အထံမှလည်း ရနိုင်ဘွယ်ရာ မရှိရကား၊ အကျိုးမဲ့ ပျက်စီးရလေ၏၊ ‘ဤသို့သောနည်းအားဖြင့်’၊ အဆွေခင်ပွန်းယုတ် များနှင့် ပေါင်းသင်းဘွယ်ရာ လွန်စွာ ကြောက်ဘွယ် ကောင်း၏၊ ထို့ ကြောင့်၊ ထိုကဲ့သို့သော အဆွေခင်ပွန်းများကိုလည်း၊ အဝေးကြီး က ရှောင်ရှားကြ၍၊ မိမိတို့ ကိုယ်တိုင်ကလည်း ထိုသို့ သဘောရှိ သော နှုတ်ဖြင့်သာ ပြောကြားတတ်သော ‘ဝစီပရမ’ အဆွေခင်ပွန်း ယုတ် မဖြစ်စေမိအောင် အထူးသတိ ဆောင်ကြ ကုန်ရာ၏။

‘အနုပ္ပိယဘာဏီ’ အဆွေခင်ပွန်းယုတ် မည်သည်မှာ၊ ဘု ရင်‘ကေရာဇ်’၏အနားမှာ နေသော၊ ‘အမတ်ကြီး’၊ ‘ဆရာသွား’အ နီးမှာ နေသော ‘တပည့်ကြီး’ စသော အားဖြင့်၊ ထိုထိုသောအကြီး အမှူးတို့၏ အနားမှာ နေပြီးကာ၊ ရှေ့ ‘မျက်မှောက်’ မှာ မှုကား၊ ‘ကောင်းလှပါပြီ’၊ ‘ဟုတ်လှပါပြီ’ ဟု ပြောဆိုပြီးလျှင်၊ ‘မျက်ကွယ်’ တွင် ‘ကဲ့ရဲ့’ပြီးကာ ကောင်းသည့် အရာကိုပင် ဖြစ်စေ၊ မကောင်း သည့် အရာကိုပင် ဖြစ်စေ၊ ‘မျက်နှာလို့,မျက်နှာရ’ လိုက်လျောပြော ဆိုတတ်သော အချို့သော ‘လက်အောက်ငယ်သား’ များနှင့်တူ၏၊ အကြီး အမှူးဖြစ်သော သူများကလည်း ထိုကဲ့သို့ မိမိသဘောနှင့် လိုက်လျောစွာ မိမိ လုပ်ကိုင်သမျှ အရာကို ကောင်းပါသည်၊ ဟုတ်ပါသည်၊ သင့်ပါသည်ဟု ပြောဆိုနေတတ်သော လူငယ် သား မျက်နှာသာ ပေး၍၊ အရေးယူတတ်ကုန်၏၊ ‘ခင်စစ်အမှန်ဆို မူ’၊ ထိုသို့ သဘောရှိသော လက်အောက်‘လူငယ်များ’ကို များများ ကြီး ‘ကြောက်’ဘွယ် ကောင်း၏၊ ထိုကဲ့သို့ သူများကို အထူးရှောင်ရှား ၍၊ မိမိက တိုင်ပင်သော အခါ မိမိပြုလုပ်လတ္တံ့သော အလုပ်၏အ ကျိုးအပြစ်ကိုစိစစ်ကာပြောဆိုတတ်သော လက်အောက်ငယ်သား တို့ကို အထူးအားသား,အားကိုးကြကုန်ရာ၏၊ ‘ထို့ကြောင့်ပညာ ရှိတို့က’ “ချီးမွမ်းသူ တပည့်၊ ကဲ့ရဲ့သူ ဆရာ” ဟူ၍ မိန့်မှာတော် မူကြ ကုန်၏၊ ။သိုစကားကို ထင်ရှားစွာ ပြဦးအံ့။

'ရှဋ္ဌနီမြူပဏ္ဍဒတ်မင်းကြီး' သည်၊ 'ဝိဒေဟာရာဇ်'မင်းကြီးအား 'မိမိသို့' တော်ဖြင့်၊ ဖြားယောင်း လှည့်ပတ်လို၍၊ မိမိ သွီးတော်နှင့် ထိမ်းမြားလက်ထပ်ခြင်းငှါ 'ပဉ္စာလရာဇ်' တိုင်းသို့၊ ကြွရောက်ပါမည့် အကြောင်းနှင့် လျှောက်ကြားဘို့ရန် 'သံတမန်' အဖြစ်နှင့် 'ကေဝဋ်' ပုဏ္ဏားကြီးကို စေလွှတ်လိုက်သောအခါ၊ "ကေဝဋ်" ပုဏ္ဏားကြီးကလည်း၊ 'ဝိဒေဟာရာဇ်မင်းကြီး' ထံသို့ သွားပြီးလျှင်၊ အကျိုးအကြောင်းကို လျှောက်တင်ရာ ဝိဒေဟာရာဇ်မင်းကြီးက လွန်စွာ အားရတော်မူလှသဖြင့်၊ 'မဟောသဓာ' စသော 'သုခမိန်၅ယောက်' တို့ကို၊ ပဉ္စာလရာဇ်တိုင်းသို့ သွားဘို့ရန် သင့် မသင့် တိုင်ပင်သော ကာလ၊ 'သေနက' စသော သုခမိန်လေးယောက်တို့ကမူ၊ ကြွရော်ဘို့ရန် သင့်ကြောင်းကို လျှောက်ဆိုကြသော ကာလ၊ အလွန်နှစ်သက်အားရ၍ 'ငါ့သားမဟောသဓာ' ကမူ၊ မည်ကဲ့သို့ သဘောရ သနည်းဟု မြွက်ဟမိန့်ကြားတော်မူရာ၊ မဟောသဓာ သုခမိန်ကမူ ကြွရောက်ဘို့ရာ မသင့်ကြောင်း။ အကယ်၍ ကြွရောက်တော်မူပါက 'သမင်မ' ဖြင့် ထောင်သော 'သမင်ဖို' သည် 'မုဆိုး' လက်၌ အသက်ကုန်သကဲ့သို့ ဖြစ်ရပါလိမ့်မည့် အကြောင်းနှင့်၊ မသင့်မလျော်ကြောင်း တင်လျှောက်သော ကာလ၊ 'အလိုတော်မကျ' သဖြင့်၊ 'ရာဇမာန်ရှ' တော်မူဘူးသော ထုံးဟောင်းစကား ရှိ၏။

၅၅ဝစ္ဆူဖြင့်၊ မိမိအား တိုင်ပင် နှီးနှောကာလ၊ ကောင်းလျှင်လည်း ကောင်းကြောင်း၊ မကောင်းလျှင်လည်း မကောင်းကြောင်း ကို ပြောဆိုရမည်။ ကောင်းသည့် အရာကိုဖြစ်စေ၊ မကောင်းသည့် အရာကိုပင် ဖြစ်စေ၊ ကောင်းပါသည် ဟူ၍သာ လိုက်လျော မပြော မဆိုရ ဟူ၏။ တိုင်ပင်သောသူကလည်း၊ 'ဝိဒေဟာရာဇ်မင်းကြီး' ကဲ့သို့၊ မိမိအကြိုက်အစည်မကောင်းကြောင်း ပြောဆိုသူကို စိတ်မဆိုးမူ၍ ကျေးဇူးတင်ရမည် ဟူ၏။

''ဤလောက၌၊ သတ္တဝါတို့ သဘောမည်သည်မှာ၊ မည်သူမဆို မိမိ အလိုကို လိုက်မှ၊ ကြိုက်နှစ်သက်တတ်သူ များ၏။'' လူကြီး လုပ်သော သူ တို့ က လည်း၊ မိမိလုပ်သော အလုပ်၏ အကျိုးအပြစ်တို့ကို၊ စိစစ်၍ ပြော

ကြားသော သူငယ်များနှင့်မှုကား၊ မသင့်တင့်တတ်မှု၍၊ မိမိကို မျက်မှောက်တွင် မြှောက်ပင့်ပြောသော လူငယ်များနှင့်သာ သင့်တတ်ကြကုန်၏။ လူငယ်လုပ်သော သူတို့ကလည်း၊ မိမိအား မကောင်းမြစ်တား၊ ကောင်းရာ တိုက်တွန်းတတ်သော လူကြီးများနှင့် မသင့်တင့်မှု၍၊ မိမိကို 'မြှောက်ပင့်ချော့မြှူ' ပေါင်းသော 'လူကြီး' များနှင့်သာ သင့်တတ်ကြကုန်၏၊ ထို့ကြောင့်၊ မိမိတို့ကိုလည်း၊ ထိုကဲ့သို့သော အဆွေခင်ပွန်းယုတ် မဖြစ်စေမိအောင်၊ အထူး သတိဆောင်ကြကုန်ရာ၏။

"အပါယသဟာယ" ဟူသည်မှာလည်း၊ ယခုကာလ၌၊ အရက်သောက်ရန်၊ ဘိန်းရှုရန်၊ ပွဲလမ်းသဘင် ပျော်ရွှင်လိုက်စားရန်၊ အချိန်မဲ့လမ်းရှောက်ရန်၊ လောင်းတမ်းကစားရန်၊အတန်တန် တိုက်တွန်း နှိုးဆော်တတ်သော အလုပ်အကိုင်မရှိသော လူလေ, လူလွင့်, လူဘော်ကြော့များနှင့် တူသော၊ထိုသူများနှင့် ပေါင်းသင်းသည့် အတွက်၊ပျက်စီးရပုံကို နောက်က ပြဆိုခဲ့လေပြီ။ဤလောက၌ သတ္တဝါတို့မည်သည်၊ ဤကဲ့သို့ အဆွေခင်ပွန်းယုတ်ကိုသာလျှင် 'ကျေးဇူးရှင်ကြီး' ထင်တတ်၍၊ ထိုကဲ့သို့သော အမှုကို၊ မပြုမကျင့်ရန် တိုက်တွန်းနှိုးဆော် တားမြစ်တတ်သော အဆွေ 'ခင်ပွန်းစစ်' ကိုမူကား၊ များစွာ 'မုန်းထား' တတ်ကြကုန်၏၊ ထို့ကြောင့်၊ထိုကဲ့သို့ မဖြစ်စေမူ၍၊ မိမိကိုယ်တိုင်ကလည်း၊ ထိုသို့ သဘောရှိသော 'အပါယသဟာယ' ပျက်စီးအောင် တိုက်တွန်း တတ်သော အဆွေခင်ပွန်းယုတ် မဖြစ်စေရအောင်၊ အထူး သတိ ဆောင်ကြကုန်ရာ၏။ ။ဤကား အဆွေ 'ခင်ပွန်းတု' တို့၏ လက္ခဏာနှင့် တကွ၊ အကျိုး အပြစ်တို့ကို စိစစ်၍ ပြဆိုအပ်သော စကားတည်း။

ခင်ပွန်းကောင်း ၄ ယောက်။ ။ယခု အခါ၌ အဆွေခင်ပွန်းစစ်တို့၏ လက္ခဏာကို ပြဦးအံ့။

(၁) တစုံတခုသော အကြောင်းကြောင့်၊ မေ့လျော့ ပေါ့တန်၍ နေသော အဆွေခင်ပွန်းကို၊ ရန်သူများ မညှဉ်းဆဲမိမ့် သော်၌၊ ကောင်းစွာ စောင့်ရှောက်တတ်ခြင်း။ ။(၂) မေ့လျော့ပေါ့တန်

၍ နေသော အဆွေခင်ပွန်း၏ စည်းစိမ်ဥစ္စာတို့ကို၊ ရန်သူများ မဖျက် ဆီး နိုင် စိမ့်သော၄ါ၊ ကောင်းစွာ စောင့်ရှောက် တတ်ခြင်း။ ။(၃) တရံတခုသော ဘေးရန်ကြောင့်၊ လွန်စွာ ကြောက်ရွံ့ထိတ်လန့်သော အဆွေခင်ပွန်းကို မကြောက်မရွံ့ မထိတ်လန့်စိမ့်သော၄ါ၊ကောင်းစွာ အားပေးပြီးကာ ထိုအဆွေခင်ပွန်း၏ ကိုးကွယ်ရာ ဖြစ်ခြင်း၊ ။(၄) ပြုဘွယ်ကိစ္စ၊ ဟူသမျှတို့၌၊ အလိုရှိသည့်ထက်၊ နှစ်ဆ,သုံးဆ ပိုရို၍ ရွက်ဆောင်ခြင်း။ ။ဤအင်္ဂါ လေးပါးနှင့် ပြည့်စုံ၍ ကျေးဇူးများသော၊ 'ဥပကာရ' မည်သော အဆွေခင်ပွန်းစစ် တယောက်၊

(၁) မိမိလျှို့ဝှက်အပ်သော စကားတို့ကို၊ အကုန်အစင်ပြောကြားတတ်ခြင်း။ ။(၂) အဆွေ ခင်ပွန်း၏၊ ဖြစ်ပျက် သမျှတို့တွင်၊ လျှို့ဝှက်အပ်သော အရာဟူသမျှတို့ကို၊ မည်သူ့အားမျှ မပြောကြားဘဲ များစွာ မျိုသိပ်လျက် လျှို့ဝှက်ကာ ထားတတ်ခြင်း။ (၃) ဘေးရန် ရောက်သော အခါတို့၌ တကိုယ်ကောင်း ကြံလျက်၊ စွန့်ထွက်၍ မသွားတတ်ခြင်း။ ။(၄) အဆွေခင်ပွန်း၏ အတွက် အသက်ကိုပင် စွန့်လွှတ်နိုင်ခြင်း။ ။ဤအင်္ဂါလေးပါးနှင့် ပြည့်စုံ၍ 'သမာနသုခဒုက္ခ' မည်သော အေးလျှင်အတူ၊ ပူလျှင်အမျှ ဖြစ်သော အဆွေခင်ပွန်းစစ် တယောက်။

(၁) မကောင်းမှုကို မပြုရအောင် တားမြစ်တတ်ခြင်း။ ။(၂) ကောင်းမှုကုသိုလ်တို့ကို ပြုလုပ်ရန် အဖန်ဖန် တိုက်တွန်းနှိုးဆော်တတ်ခြင်း။ ။(၃) မကြားဘူး သေးသော တရားစကားတို့ကို ပြောကြားတတ်ခြင်း။ ။(၄) နတ်ရွာ, နိဗ္ဗာန်သို့ ရောက်ကြောင်း ကောင်းသော တရားစကားကို ပြောကြားတတ်ခြင်း။ ။ဤအင်္ဂါ လေးပါးနှင့် ပြည့်စုံ၍၊ 'အတ္ထက္ခာယီ' မည်သော အကျိုးစီးပွါးကိုသာ အခါခပ်သိမ်း ပြောဆိုတိုက်တွန်း နှိုးဆော်တတ်သော အဆွေခင်ပွန်းစစ် တယောက်။

(၁) စည်းစိမ်ဥစ္စာ ပျက်စီးသည်ကို တွေ့မြင်ရသော အခါ၊ လွန်စွာ ဝမ်းနည်းတတ်ခြင်း၊ ။(၂) စည်းစိမ်ဥစ္စာ တိုးတက်

ကြီးပွားး၍ လာသည်ကို မြင်ရသော အခါ၊ လွန်စွာ ဝမ်းမြောက်တတ်ခြင်း။ ။(၃) ဂုဏ်ကျေးဇူးမဲ့ကို ပြောဆိုလာသော သူအား၊ တားမြစ် ပိတ်ပင်တတ်ခြင်း။ ။(၄) ဂုဏ်ကျေးဇူး စကား၊ ပြောဆိုသည်ကို ကြားရသော အခါ၊ လွန်စွာ ဝမ်းမြောက်တတ်ခြင်း။ ။ ဤအင်္ဂါလေးပါးနှင့် ပြည့်စုံ၍ 'အနုကမ္ပက' မည်သော အဆွေခင်ပွန်းစစ် တယောက်။ ။ဤသို့ အားဖြင့်၊ လေးယောက်သော အဆွေခင်ပွန်းစစ်တို့ကို သေချာစွာ သိအောင် ပြုလျက်၊ မိမိသည်လည်း ဤပြဆိုအပ်ပြီးသော အဆွေခင်ပွန်းစစ် လက္ခဏာနှင့် ပြည့်စုံ ညီညွတ်စေပြီးလျှင်၊ အချင်းချင်း တို့သည် အမိသည် သားကို ချဉ်းကပ်သကဲ့သို့၊ မေတ္တာစေတ်ဖြင့် မပြတ်စွဲမြဲ အားခဲ ချဉ်းကပ်ကြကုန်ရာ၏။

ဥပကာရော စ ယော မိတ္တော၊ သုခဒုက္ခော စ ယော သခါ။ အတ္ထက္ခာယီ စ ယော မိတ္တော၊ ယော စ မိတ္တော အနုကမ္ပကော။ ဧတေပိ မိတ္တေ စတ္တာရော၊ ဣတိ ဝိညာယ ပဏ္ဍိတော။ ။သက္ကစ္စံ ပယိရုပါသေယျ၊ မာတာ ပုတ္တံဝ ဩရသံ။

အကြင် အဆွေခင်ပွန်းသည်လည်း၊ ကျေးဇူးကို ပြုတတ်၏။ အကြင် အဆွေခင်ပွန်းသည်လည်း ချမ်းသာ မကွဲ ဆင်းရဲ အတူ ရှိသည် ဖြစ်၏။ အကြင် အဆွေခင်ပွန်းသည်လည်း အကျိုးစီးပွားကို ပြောကြားတတ်၏၊ အကြင် အဆွေခင်ပွန်းသည်လည်း လွန်စွာ ချစ်ခင်တတ်၏။ ဤသို့ လေးယောက်ကုန်သော ထို အဆွေခင်ပွန်းတို့ကိုလည်း ဘေန်တိတိ၊ပိုင်းခြား သိသည် ဖြစ်၍ ကြောင်းကျိုး မြင်သိ၊ ပညာရှိသည်၊ အမိသည် ရင်၌ ဖြစ်သော သားကို ချဉ်းကပ်သကဲ့သို့၊ ထိုအတူ ရိုသေစွာ ချဉ်းကပ်ရာ၏။

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော အဆွေခင်ပွန်းစစ်တို့ကို မှတ်သား၍၊ အမိသည် သားကို ချဉ်းကပ်သကဲ့သို့၊ ရိုသေစွာ ချဉ်းကပ်ရမည် ဟူ၏။ ။ဤစကားရပ်၌၊ အခြားသူသည် မိမိ၏ အဆွေခင်ပွန်းစစ် ဖြစ်ဘို့ထက်၊မိမိသည် မေ့လျော့သော သူကို စောင့်ရှောက်ခြင်း၊ထိုသူ၏ ဥစ္စာကို စောင့်ရှောက်ခြင်း၊ကြောက်သော အခါ ကိုးကွယ်ရာ ဖြစ်ခြင်း၊ ပြုဘွယ် ကိစ္စတို့၌ ဆထက်ပြုခြင်း အားဖြင့်၊ မိမိ

ကိုယ်တိုင် 'ဥပကာရ' အဆွေခင်ပွန်းစစ် ဖြစ်ဘို့ရာ၊ လွန်စွာ ခဲယဉ်းလေ၏။ ။ယခုကာလ၌မူ၊ သူတပါးကိုရင်း၊ သူတပါး၏ ဥစ္စာ ပစ္စည်းကိုရင်း၊ စောင့်ရှောက်ဘို့ရန်ကို မသိထားဘဲ၊ မိမိ ကိုယ်ကိုရင်း၊ မိမိ၏ ဥစ္စာပစ္စည်းကိုရင်း၊ စောင့်ရှောက်ခြင်း ကင်း ကြသူတို့သာ များကြကုန်၏။ ။တစုံတခုသော အကြောင်းဖြင့်၊ ဘေးရန်နှင့် တွေ့၍ ကြောက်ရွံ့သော အခါတို့၌လည်း စောင့်ရှောက် အားပေးဘော် မရသည့်ပြင်၊ မိမိတို့ကပင် ဝိုင်းအုံ၍ ကြောက်တတ်၊ ချောက်လှန့်တတ်ကုန်၏။ ပြုလုပ်ဘွယ် ကိစ္စတို့၌လည်း၊ ကူညီ ထောက်ပံ့ဘော် မရသည့်ပြင်၊ မိမိတို့ကပင် ပျော်ရွှင်စွာ ဝိုင်းအုံ၍ စားသောက်တတ်ကြသဖြင့်၊ 'မသာ' အသုဘ ရှိသော အခါ၊ အား ပေးခြင်း, ကူညီခြင်းကို မပြုကြမူ၍၊ ပျော်ပျော် ပါးပါး ဝိုင်းအုံကာ စားကြရကား၊ ဥစ္စာပစ္စည်းတို့ ပင် ကုန်ခန်းခြင်းသို့ ရောက်ရချေ သေး၏၊

မိမိ၏ လျှို့ဝှက်အပ်သော စကားကို၊ အဆွေခင်ပွန်းအား ပြော ကြားခြင်း၊ အဆွေခင်ပွန်း၏ လျှို့ဝှက်အပ်သော စကားကို မျိုသိပ် ၍ ထားခြင်း၊ ဘေးရန် ရောက်သော အခါကာလ၊ စွန့်ပစ်၍ မသွား ခြင်း၊ အဆွေခင်ပွန်းအတွက် အသက်ကို စွန့်ခြင်းအားဖြင့်၊ လေး ပါးသော အင်္ဂါနှင့် ပြည့်စုံသော 'သမာနသုခဒုက္ခ' အဆွေခင်ပွန်း စစ်ကို ရဘို့ရာထက်၊ မိမိကိုယ်တိုင်က 'သမာနသုခဒုက္ခ' အဆွေ ခင်ပွန်းစစ် ဖြစ်ဘို့ရာ လွန်စွာ ခဲယဉ်း၏။ ယင်းသို့ ဖြစ်ရကား၊ 'ဓတရဋ္ဌ' ဟင်္သာမင်းကို ကျော့ကွင်း မိသော အခါ၊ စစ်သူကြီး ဖြစ်သော 'သုမုခ' မည်သော ဟင်္သာမင်းက၊ အရှင်ဖြစ်သော 'ဓတရဋ္ဌ' ဟင်္သာမင်းကို စွန့်ပစ် မသွားမူ၍၊ အသက်ကိုပင် ခင် မင် ငဲ့ကွက်ခြင်း မရှိဘဲ၊ မုဆိုး လက်တွင်း၌ အဖမ်းခံသကဲ့သို့ရင်း။ ။ 'ရောဟဏ' ရွှေသမင်မင်း ဇာတ်၌၊ 'ရောဟဏ' ရွှေသမင်မင်းကို ကျော့ကွင်း မိသော အခါ၊ လွတ်ရာသို့ စွန့်ခွါ မသွားမူ၍၊ အသက် ကိုပင် မသနားဘဲ၊ မောင်တော် ဖြစ်သော 'ရောဟဏ' သမင်မင်း အနီး၌ပင် နေသော 'နန္ဒိမ' ငယ် သမင်မကဲ့သို့ရင်း၊ မိမိတို့ ကိုယ်

တိုင်ကပင် 'သမာဒနသုစရိက္ခ'မည်သော ငါး အတု၊ ပုအဖျ ဖြစ်သော အဆွေခင်ပွန်းစစ် ဖြစ်စေခြင်း၌၊ ကောင်းစွာ သတိမူကြကုန်ရာ၏။

မကောင်းမှုကို တားမြစ်ခြင်း၊ ကောင်းမှုကို တိုက်တွန်းခြင်း၊ မကြားဘူးသော တရားစကားကို ဟောကြားခြင်း၊နတ်ပြည့်,နိဗ္ဗာန် ရောက်ကြောင်း နည်းလမ်းကို ညွှန်ကြားခြင်း အားဖြင့်၊ လေးပါးသော အင်္ဂါနှင့် ပြည့်စုံသော 'အတ္တက္ခာယီ' မည်သော အကျိုး စီးပွားရှိသော စကားကို ပြောကြားတတ်သော၊ အဆွေခင်ပွန်းစစ်ကို ရအပ်လှလည်း၊ လွန်စွာ ခဲယဉ်း၏၊ အဘယ်ကြောင့်နည်းဟူမူ၊ ။ မည်သူ မဆို 'သူ့သဘောကို၊ လိုက်လျောညီစွာ၊ သိတတ်စေရာ၏' ဟူ သောပရိဘာသာကိုရွတ်ကာ ရွတ်ကာ သူ့ဘာပေါ်း အလိုသို့သာ လိုက် လျောကာ ပြောဆိုတတ်သော သူတို့သာ များကြကုန်၏။ လမ်းမှား သော သူအား၊ လမ်းမှန်,လမ်းကောင်းကို မပြောကြားမူ၍၊ မှား သည့် လမ်းကိုပင် ထပ်မံ ညွှန်ကြား လိုက်သကဲ့သို့သာ၊ ပြုတတ် ကြကုန်၏၊ ယင်းသို့ဖြစ်၍၊ မိမိတို့က မူကား 'အတ္တက္ခာယီ'အဆွေ ခင်ပွန်းစစ် ဖြစ်အောင် အထူး သတိဆောင်ကြကုန်ရာ၏။

ဆုတ်ယုတ်လျှင် ဝမ်းနည်း၍ ကြီးပွားလျှင် ဝမ်းသာ၊ ကဲ့ရဲ့လာ လျှင် မြစ်တား၊ ချီးမွမ်းသူအား နှစ်သက်တတ်ခြင်းအားဖြင့်၊ အင်္ဂါ လေးပါးနှင့် ပြည့်စုံသော 'အနုကမ္ပက' မည်သော အဆွေခင်ပွန်း အစစ်ကိုလည်း၊ ရအပ်လှ လွန်စွာ ခဲယဉ်း၏။ 'ချစ်သည်၊ ခင်မင်သည်၊ ကြင်နာ မြတ်နိုးသည်၊ လေးမြတ်သည်' ဟု ပြောဆိုကြသော်လည်း အား ကိုး ယုံကြည်ရသူ အလွန် ရှား၍၊ 'မျက်မှောက် တသွယ်၊ မျက် ကွယ်တမျိုး၊ အတွင်းဆိုး ပြုလုပ်တတ်သော သူတို့သာ' များကြ ကုန်၏။ ။ထို့ကြောင့်၊ မိမိတို့ ကိုယ်တိုင်က 'အနုကမ္ပက' အ ဆွေခင်ပွန်းစစ် ဖြစ်အပ်ရာ ကောင်းစွာ သတိဆောင်ကြကုန်ရာ၏။ ။ ဤကား လေးပါးသော အဆွေခင်ပွန်းယုတ်၊ လေးပါးသော အဆွေ ခင်ပွန်းစစ်တို့၏ သရုပ်သဘောနှင့် တကွ အဓိပ္ပါယ်ကို ပြဆိုအပ် သော စကားရပ်တည်း။

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော အဆွေခင်ပွန်းယုတ်၊ အဆွေခင်ပွန်း

မြတ်တို့ကို၊ သေချာစွာ သိရှိပြီးလျှင်၊ အဆွေးခင်ပွန်းယုတ်ကို ရှောင်ကြဉ်၊ အဆွေခင်ပွန်းမြတ်ကို ယှဉ်စေပြီးကာ၊ 'ကလျာဏမိတ္တတာ' ဟူသော သမ္ပဒါတရားနှင့် ပြည့်စုံအောင် အားထုတ် လုပ်ဆောင်သော သူအား၊ မကောင်းသော အဆွေခင်ပွန်း အတွက်၊ ပျက်စီး ဆုံးရှုံး နစ်နာဘွယ်ရန် ရှိမည် မဟုတ်ကြတော့ဘဲ၊ အဆွေ ခင်ပွန်းကောင်းအတွက်၊ ဥစ္စာစီးပွား 'ကြီးပွားတိုးတက်'ဘွယ်ရာသာ ရှိချေ၏။

နိုင်ငံခြားသားများ ခင်ပွန်းကောင်းရှိပုံ။ ။'နိုင်ငံခြား' သားကုန်သည်ကြီးတို့မှာမူကား 'ကလျာဏမိတ္တတာ'ဟူသော 'သမ္ပဒါ' တရား နှင့် ပြည့်စုံသည့် အတွက်၊ အလုပ် အကိုင်ကြီး တို့ကို ကြီးကျယ် သည်ထက် ကြီးကျယ်အောင်၊ ချဲ့ထွင် လုပ်ဆောင်နိုင်ကြကုန်၏၊ ထို့ကြောင့်၊ တနယ် ရပ်ခြား တိုင်းတပါး ဖြစ်၍၊ ဝေးလံလှစွာသော ဥရောပတိုက်, အမေရိကတိုက်မှ နေ၍၊ အင်္ဂလိကတိုက်, ရှေ့တိုက် စသော ထိုထိုသော တိုက်ကြီးတို့၌၊ ကိုယ်စားလည် ထားကြပြီးကာ'တကာ္ဘသုံး'နှင့် 'ကူးသန်း ရောင်းဝယ်မှုကို ပြုလုပ်နိုင်ကြကုန်၏။ ။'မြန်မာ'လူမျိုးများတို့မှာ မူကား၊ ထိုကဲ့သို့သော အဆွေခင်ပွန်း များကို မရနိုင်ကြသောကြောင့်၊ အလုပ် အကိုင်ကြီးတို့ကို ကြီးပွားသည် ထက် ကြီးပွားလေအောင်၊ မချဲ့မထွင်နိုင်ရုံမျှ မက၊ အိမ်အနီး၌ရှိသော အလုပ်ကိုပင် ချဲ့ထွင် လုပ်ကိုင်ဘွယ်ရာ လွန်စွာ ခဲယဉ်းကြရကား၊'နိုင်ငံခြား'သားများနှင့် ယှဉ်ပြိုင်၍၊ မသွားနိုင်ကြအောင် ရှိကြလေ၏။ ။နိုင်ငံခြားသား တို့မှာမူကား 'ကလျာဏမိတ္တတာ' သမ္ပဒါ တရားတို့ကို အားထား ကြ၍ မိတ်ဆွေကောင်း ရရန် ဥဿာဟ်ထုတ် တတ်ကြ ကုန်ရကား၊ သူတပါးတို့ အပေါ်မှာ၊ မတော် မတရား လိမ်လည်လှည့်ဖြား၍၊ အကျိုးပျက်ပြားအောင် လုပ်ဆောင်နိုင်သည်ပြားလည်း၊ မိမိတို့အား၊ အကျိုးစီးပွား ပျက်ပြားအောင် လိမ်လည်လှည့်ဖြား၊ မတရား ပြုလုပ်ခြင်း ငှါ စွမ်းနိုင်သူ မရှိ ဖြစ်ကြရကား၊ တနေ့တခြား ကြီးပွားသည် ထက် ကြီးပွား၍ လာကုန်၏။ 'မြန်မာလူမျိုးတို့မှာမူကား' ထို ကလျာဏ မိတ္တတာ 'သမ္ပဒါ' တရားကို အလေးမပြု 'ဂရုမထား'

ကြသည့်အတွက်၊ နိုင်ငံခြားသ သူတပါးတို့ အပေါ်၌ မတော် မတရား မပြု မလုပ်တတ်သော ရိုး,လုဖြောင့်တို့ပင် ဖြစ်စေကာမူ မိမိချင်းချင်း မှုကား၊ မတော်မဆေး ပြုလုပ်တတ်ကြခကား၊ မိမိတို့ဖွဲ့စည်းအပ်သော 'ကုမ္ပဏီ၊ အစုစပ်' တို့မှာလည်း၊ မကြာမီ ပျက်စီးခြင်းသို့ ရောက်ကြသည် များကြကုန်၏။

မြန်မာလူမျိုးတို့သည် မိမိတို့ဘာသာ၌၊ လောက ကြီးပွါးရေးကို၊ အားပေးလမ်းပြသော ကျမ်းစာ မရှိဟူ၍ အယူအမှတ် များကြပြီးလျှင် 'ကလျာဏမိတ္တတာ' သမ္ဗဒ္ဓါတရားကို သိရှိကြဟန် လက္ခဏာဖြင့်၊ ယခုအခါ၌ 'သမ္ဗဒ္ဓါ' တရားနှင့် ပြည့်စုံစေခြင်း၄ါ 'ဝံသာနု ရက္ခိတ' အမျိုးအနွယ်ကို စောင့်ရှောက်ခြင်း ဟူသော စကားလုံးကို၊ များများကြီး သုံးစွဲပြောဆိုပြီးကာ ရွာတိုင်း,မြို့တိုင်း 'ဝိုင်အမ်ဘီအေ အသင်း၊ ဝိုင်ဇလျူ ဘီအေ အသင်း၊ ကုမ္မာရီအသင်း၊ မဟာဝတီ အသင်း' မည်သည့် အသင်း စသည်ဖြင့်၊ အသင်း အပင်း ဖွဲ့စည်းကြခြင်း၊ 'ဓာကြည့် ငွေကတ်'တိုက် တည်ထောင် ဖွင့်လှစ်ကြခြင်း၊ 'ကုမ္ပဏီလီမိတက်' ကြီးတို့ကို ဖွဲ့စည်းကြခြင်းအားဖြင့်၊ မကောင်းသော နည်းစနစ်တို့ကို၊ စွန့်ပစ်ကြပြီးလျှင်၊ ကောင်းသော နည်းစနစ်တို့ကိုသာ ရှာဖွေပြီးကာ 'ကလျာဏမိတ္တတာ' ဟူသော သမ္ဗဒ္ဓါတရားကို၊ ထွန်းကား တိုးပွါး ကြစေသည့် အရာမှာ၊ 'ကမ္ဘာ့ယောင်း' ကိုစွန့်ပစ်၍၊ 'ကမ္ဘာ့သစ်' သို့ ကူးပြောင်း၍ လာသကဲ့သို့ ဖြစ်ပေရကား၊ များစွာ အားရ နှစ်သက်ဘွယ် ရှိပေစွ။ ။ ဤကား 'ကလျာဏမိတ္တတာ' ဟူသော သမ္ဗဒ္ဓါ တရားကို၊ အစိတ်အစိတ် ခွဲခြမ်းဝေဘန်၍၊ အကျယ် ပြဆို အပ်သော စကားရပ်တည်း။

ယခု အခါ 'ကလျာဏမိတ္တတာ' သမ္ဗဒ္ဓါ တရားကို အကျဉ်းအားဖြင့်၊ သိမ်းရုံး၍ ပြဆိုဦးအံ့။ အကြင်သူတို့သည် မိမိနှင့် ပေါင်းသင်းဆက်ဆံ၏။ ထိုသူတို့သည် မိမိ၏ အဆွေခင်ပွန်းဟုတ်သည်၊ မဟုတ်သည်ကို၊ သိနားလည်ရန် အကြောင်းတို့သည် အသီး အ

သီး တဆဲ့ခြောက်ပါးစီ ရှိကြကုန်၏၊ ထိုနှစ်မျိုးတို့တွင် မိမိ၏ အဆွေခင်ပွန်း မဟုတ်သူတို့၏ လက္ခဏာ ၁၆ ပါးကို ရှေးဦးစွာ ပြဆိုဦးအံ့။

(၁) ခင်ပွန်း မစစ်သော လက္ခဏာ။ ။တယောက်နှင့် တယောက် တွေ့ဆုံကြသော အခါ၊ ရွှင်လန်းဝမ်းမြောက်သော အခြင်းအရာဖြင့်၊ ပြုံးရယ်ခြင်းကိုမျှ မပြုတတ်ခြင်း။ ။(၂) စကားပြောဆိုသော ကာလ၊ နှစ်သက်သော အခြင်းအရာကို မပြခြင်း။ ။(၃) မိမိက ကြည့်သော်လည်း မိမိအား ပြန်၍ မကြည့်ခြင်း။ ။(၄)မိမိ ပြောဆိုအပ်သော စကားနှင့် ဆန့်ကျင်ဘက်ကိုသာ ရှာ၍ ပြောတတ်ခြင်း။ ။(၅) မိမိ၏ ရန်သူဖြစ်သော သူတို့နှင့်သာ၊ အခါခပ်သိမ်း ပေါင်းသင်းဆက်ဆံ ထွက်ဝင်သွားလာတတ်ခြင်း။ ။(၆) မိမိ၏ မိတ်ဆွေခင်ပွန်းတို့နှင့် သွားလာထွက်ဝင် ပေါင်းသင်းဆက်ဆံ မရှိခြင်း။ ။(၇) မိမိ၏ ဂုဏ်ကျေးဇူးကို ပြောဆိုသော သူအားတားမြစ်ကန့်ကွက်တတ်ခြင်း။ ။(၈) မိမိအပြစ်ကို ပြောဆိုသဲ ရေးသော သူအား၊ များစွာ ချီးမွမ်း တတ်ခြင်း။ ။(၉)လျှို့ဝှက်အပ်သော စကားကို၊ မိမိအား မပြောကြားတတ်ခြင်း။ ။(၁၀) မိမိက ယုံကြည်သဖြင့် ပြောကြားအပ်သော လျှို့ဝှက်ဘွယ် စကားတို့ကို၊ သူတပါးတို့အား ပြောကြားတတ်ခြင်း။ ။(၁၁) မိမိပြုလုပ်အပ်သော အလုပ်အကိုင် ဟူသမျှတို့ကို မချီးမွမ်းတတ်ခြင်း။ ။(၁၂) မိမိ၏ အသိအလိမ္မာ ဉာဏ် ပညာတို့ကို မချီးမွမ်းတတ်ခြင်း။ ။(၁၃) မိမိ၌ ပျက်စီး ဆုတ်ယုတ်သော ကာလ၊ လွန်စွာအားရတတ်ခြင်း။ ။(၁၄) မိမိ၏ ကြီးပွါး တိုးတက်သည်ကို နှစ်လို ဝမ်းသာ မရှိတတ်ခြင်း။ ။(၁၅) ကောင်းမြတ်သော စားဘွယ်, ခဲဘွယ်တို့ကို ရသော ကာလတို့၌ သတိမရခြင်း။ ။(၁၆) မိမိအား ချစ်နှစ်သက်ခြင်း မရှိသဖြင့်၊ ထိုသူ၏ အထံမှ ရွှင်လန်းနှစ်သက်ဘွယ် တခုံတခုကိုမျှ မရခြင်း။ ။ဤ ၁၆-ပါး တို့သည် ဓါဒသနိပါတ်၊ မိတ္တာမိတ္တ ဇာတ်၌ လာသော အဆွေ ခင်ပွန်း မဟုတ်သူ၊ ရန်သူဖြစ်သော သူ၏ အခြင်းအရာတို့တည်း။ ။ထို

ကြောင့်၊ ၁၆-ပါးသော အခြင်းအရာနှင့် ပြည့်စုံသောသူကို မြင်လျှင် ဤသူသည်ကား၊ ငါ့အား ချစ်ခင်သော အဆွေခင်ပွန်း မဟုတ်ပါ ပေတကား ဟူ၍ မှတ်သားသိရှိရမည်ဟူ၏။

နုစ္စေတေ သောဠသာကာရာ၊ အမိတ္တသ္မိံ ပတိဋ္ဌိတာ၊
ယေဟိ အမိတ္တံ ဇာနေယျ၊ ဒိသွာ သုတွာ စ ပဏ္ဍိတော။

( ဒွါဒသနိပါတ်၊ မိတ္တာမိတ္တဇာတ်။ )

ဤသို့ ထို ၁၆ ပါးသော အခြင်းအရာတို့သည် အဆွေခင်ပွန်း မဟုတ်သော သူ၌ တည်ကြကုန်၏။ အကြင်အကြောင်းတို့ဖြင့် မြင်၍ ၎င်း၊ကြား၍၎င်း၊ အဆွေခင်ပွန်း မဟုတ်သော အဖြစ်ကို ပညာရှိသည် သိရာ၏။ ။ဤသည်လျှင် အချစ်မျက်သော မိတ်ဆွေခင်ပွန်း၏ အင်္ဂါတို့ကို ပြဆိုအပ်သော စကားရပ်တည်း။

ယခု အခါ 'ဟိတောပဒေသ' ကျမ်းလာ၊ အချစ်ပျက်သော မိတ်ဆွေခင်ပွန်း၏ အင်္ဂါတို့ကို ပြဆိုဦးအံ့၊

(၁) ၎င်းတနည်း။ ။မကြည့်ရှုဘဲ မျက်နှာလွှဲ၍ နေတတ်ခြင်း။ ။(၂) ပြုဘူးသော ကျေးဇူးကို ချေဖျက် တတ်ခြင်း။ ။(၃) မထီမဲ့မြင် မခန့်မညား ပြုတတ်ခြင်း၊ ။(၄) သူတပါးတို့၏ အထံ၌၊ထိုသူ၏ အတင်းစကားကို ပြောကြားတတ်ခြင်း။ ။(၅) စကားစပ်မိသော်လည်း အမည်ကို မေ့လျော့၍ နေခြင်း။ ။ဤ ငါးပါးသော အင်္ဂါတို့သည်၊ 'အချစ်ပျက်' သော အဆွေခင်ပွန်း၏ လက္ခဏာတို့တည်း။

အဒိဋ္ဌိဒါနံ ကတပုဗ္ဗနာသနံ၊အဝမာနနံ ဒုစ္စရိတာနုကိတ္တနံ၊
ကထာပသင်္ဂေန စ နာမဝိသ္မရတိ၊ ဝိရတ္တဘာဝဿ ဇနဿ
လက္ခဏံ၊

(ဟိတောပဒေသ)

မကြည့်ရှုဘဲ မျက်နှာလွှဲ၍ နေတတ်ခြင်း၊ ပြုဘူးသော ကျေးဇူးကို ချေဖျက်တတ်ခြင်း၊မထီလေးစား ပြုတတ်ခြင်း၊ သူတပါး၏ အထံ၌ ထိုသူ၏ အတင်းစကားကို ပြောကြားတတ်ခြင်း၊ စကားစပ်မိ

သဖြင့်လည်း၊ထိုသူ၏ အမည်ကို ဖော်ပြ၍ နေတတ်ခြင်း။ ဤငါးပါးသည် အချစ်ပျက်သော အဆွေခင်ပွန်း၏ မှတ်ကြောင်းတည်း။ ။ ဤသည်လျှင် အချစ်ပျက်သော အဆွေခင်ပွန်း၏ လက္ခဏာကို ပြဆိုအပ်သော စကားရပ်တည်း၊

'ခင်ပွန်းစစ်လက္ခဏာ'။ ။အချစ်မပျက်သော အဆွေ ခင်ပွန်း၏ လက္ခဏာကို ပြဆိုဦးအံ့၊ ။(၁) ကွေကွင်း၍ နေသော အခါ၊ မကြာ မကြာ သတိရခြင်း။ ။(၂) မိမိထံသို့ လာသော ကာလ၊ လွန်စွာ နှစ်သက်တတ်ခြင်း။ ။(၃) ဟန်ဆောင်မလုပ်၊ အဟုတ်တကယ်ချစ်ခင်ခြင်း။ ။(၄) စကားပြောသော အခါ၌၊ လွန်စွာနှစ်သက်တတ်ခြင်း။ ။(၅) ထိုသူတို့၏ အဆွေခင်ပွန်းတို့နှင့်သာ ပေါင်းသင်းဆက်ဆံခြင်း။ ။(၆) ထိုသူတို့၏ ရန်သူတို့နှင့် ဆက်ဆံပေါင်းသင်း အကျွမ်းတဝင် မရှိခြင်း။ ။(၇) ထိုသူ၏ အတင်းစကားကို ပြောကြား ဆဲဆိုလာသော သူတို့အား၊ တားမြစ်ကန့်ကွက်တတ်ခြင်း။ ။(၈) ထိုသူတို့၏ ကျေးဇူးကို ပြောဆိုသော သူတို့အား၊ များစွာ ချီးမွမ်းတတ်ခြင်း။ ။(၉) လျှို့ဝှက်အပ်သော စကားတို့ကို ထိန်ချန်၍ မထားတတ်ခြင်း။ ။(၁၀) အဆွေခင်ပွန်း၏ လျှို့ဝှက်သင့်သော အရာဌာန ဟူသမျှတို့ကို မည်သူမျှ မသိရစေခြင်းငှါ၊ကောင်းစွာ လျှို့ဝှက်၍ ထားတတ်ခြင်း။ ။(၁၁) ထိုသူပြုအပ်သော အမှုအလုပ်တို့ကို များစွာ ချီးမွမ်းတတ်ခြင်း၊ ။(၁၂) ထိုသူတို့၏ အသိအလိမ္မာ ဥာဏ်ပညာတို့ကို ကောင်းစွာ ချီးမွမ်းတတ်ခြင်း။ ။(၁၃) စည်းစိမ် ဥစ္စာ တိုးပွားသောအခါ၌၊လွန်စွာ ဝမ်းမြောက်တတ်ခြင်း၊ ။(၁၄) စည်းစိမ် ဥစ္စာ ပျက်စီးသော အခါတို့၌လည်း၊ များစွာ ဝမ်းနည်းတတ်, မနှစ်သက်တတ်ခြင်း။ ။(၁၅) ထူးဆန်း ကောင်းမြတ်သော စားဘွယ်, ဆဲဘွယ်ကို ရသော အခါ၌၊လွန်စွာ သတိရခြင်း၊ ။(၁၆) မိမိအား ချစ်ခင်တာသဖြင့်၊ထိုသူ၏ အထံမှ ရွှင်လန်း ဝမ်းမြောက်ဘွယ် ရရှိခြင်း။ ။ဤ ၁၆–ပါးသော အချက်တို့သည် 'ဒွါဒသနိပါတ်၊ မိတ္တာမိတ္တ' ဇာတ်လာ၊'အချစ်မပျက်' သော အဆွေခင်ပွန်း၏ လက္ခ

လက္ခဏာတို့တည်း။ ။ထို့ကြောင့်၊ ဤ ၁၆-ပါးသော အခြင်းအရာနှင့် ပြည့်စုံသော သူကို မြင်လျှင်၊ ဤသူသည်ကား ငါ့အား မေတ္တာသက်ဝင်၊ ချစ်ခင်သော အဆွေခင်ပွန်းစစ် ဖြစ်ပေသည်တကားဟု မှတ်သားသိရှိရမည် ဟူ၏။

ဓာနုပ္ပတ္ထေ သောဋ္ဌသာကာရာ၊ မိတ္တသ္မိံ စ ပတိဋ္ဌိတာ၊
ယေဟိ မိတ္တံ သုဇာနေယျ၊ ဒိသွာ သုတွာ စ ပဏ္ဍိတော။

(ဋ္ဌါဒသနိပါတ်၊ မိတ္တာမိတ္တဇာတ်။)

ဤသို့ ထို ၁၆-ပါးသော အခြင်းအရာတို့သည်၊ အချစ်မပျက်သော အဆွေခင်ပွန်း၌ တည်ကြကုန်၏။ အကြင်အကြောင်းတို့ဖြင့် မြင်၍၎င်း၊ ကြား၍၎င်း ပညာရှိသည် အချစ်မပျက်သော အဆွေခင်ပွန်းကို ကောင်းစွာ သိရာ၏။ ။ဤသည်လျှင် အချစ်မပျက်သော အဆွေခင်ပွန်း၏ အင်္ဂါတို့ကို ပြဆိုအပ်သော စကားရပ်တည်း။

ၡင်းတနည်း။ ။'ဟိတောပဒေသ' ကျမ်းလာ၊ အချစ်မပျက်သော အဆွေခင်ပွန်းအင်္ဂါ ၆-ပါးကို ပြဦးအံ့။ ။(၁) တဦးနှင့်တဦး တွေ့မြင်သော အခါ၊ မျက်စိ၊ မျက်နှာ အနေကြည်လင် ရွှင်လန်းခြင်း။ ။(၂) ကြည်ကြည်လင်လင် ရွှင်ရွှင်လန်းလန်း မမှိတ်သော မျက်စိဖြင့် ရှုကြည့်ခြင်း။ ။(၃) စကားပြောဆိုသော အခါ၊ လေးလေးမြဘ်မြတ် နာယူမှတ်သားခြင်း။ ။(၄) စကားမိန့်မြွက်၊ နှုတ်ထွက်ချိုသာ၊ သာယာနာပျော်ဘွယ်ရှိခြင်း။ ။(၅) ထူးထူးချွန်ချွန်၊ လွန်လွန်ကဲကဲ၊ စွဲမြဲချစ်ခင်တတ်ခြင်း။ ။(၆) ထိုသူ၏ မျက်နှာကိုသာ အခါခါမော်၍ မော်၍ ကြည့်ရှုနေတတ်ခြင်း။ ။ဤ ၆-ပါးတို့သည်ကား 'ဟိတောပဒေသ' ကျမ်းလာ၊ အချစ်မပျက်သော အဆွေခင်ပွန်း၏ အင်္ဂါတို့တည်း။

မုခံ ပသန္နံ ဝိမလာ စ ဒိဋ္ဌိ၊ ကထာနုရာဂေါ မဓုရာ စ ဝါဏီ၊
သေနဟော ဓိကော သမ္ဘမဒဿနဉ္စ၊ သဒါနုရတ္တဿ ဇနဿ လက္ခဏံ။

(ဟိတောပဒေသ)

မျက်နှာကြည်လင်၊ ရွှင်လန်းခြင်းရှိခြင်း၊ ကြည်လင်ရွှင်လန်း၊ ဝမ်းမြောက်ဝမ်းသာ ရှုကြည့်တတ်ခြင်းရှိခြင်း၊ စကားပြောသော အခါ လွန်စွာ နှစ်လိုခြင်းရှိခြင်း၊ ပြောဆိုသော အခါ ချိုသာသော စကားကိုသာ ပြောဆိုတတ်ခြင်းရှိခြင်း၊ လွန်ကဲသော ချစ်ခင်ခြင်းရှိခြင်း၊ မျက်နှာကိုသာ အခါခါ မော်၍ မော်၍ ကြည့်ရှုတတ်ခြင်းရှိခြင်း၊ ထို ၆-ပါးသော လက္ခဏာသည် အခါခပ်သိမ်း 'အချစ်' မပြယ်၊ တကယ်ချစ်သော အဆွေခင်ပွန်း၏ မှတ်ကြောင်းတည်း၊ ။ဤသည်လျှင် အချစ်မပျက်သော အဆွေခင်ပွန်း၏ လက္ခဏာကို ပြဆိုအပ်သော စကားရပ်တည်း၊

အချင်းချင်းဆက်ဆံပုံ။ ။ဤသို့ ပြဆိုအပ်ခဲ့ပြီးသော အချစ်ပျက်သော အဆွေခင်ပွန်း၏ လက္ခဏာ၊ အချစ်မပျက်သော အဆွေခင်ပွန်း၏ လက္ခဏာတို့ကို၊ ကောင်းစွာမှတ်သားပြီးကာ အချစ်ပျက်သော အဆွေခင်ပွန်းကို အချစ်မပျက်ရအောင် အားထုတ်ပြုလုပ်ရပေလိမ့်မည်၊ အချစ်မပျက်သော အဆွေခင်ပွန်းစစ်ကို မူကား၊ အချစ်ပျက်၍ မသွားစေရဘဲ ဆထက်တပိုး တိုး၍ တိုး၍ အမျိုးမျိုး ချစ်ခင်ကြင်နာစေခြင်းငှါ၊ ကောင်းစွာ ဆည်းကပ်ရာ၏။ ထိုစကားမှန်၏။မိမိ အထံသို့ လာသော သူ၏ အထံသို့၊ မိမိက သွားမိအောင် အထူး သတိဆောင်ရမည်။ မိမိ အထံသို့ မလာသော သူ၏ အထံသို့၊ မိမိက သွားသော သူမှာမူကား၊ သူတော်ကောင်းတို့၏ တရား၌ တည်သောသူ ဟူ၍ ဆိုရမည် မဟုတ်ချေ၊မိမိအထံသို့ လာသော သူ၏ အထံသို့မူကား၊ မိမိကလည်း သွားရပေမည်။ တပါးသော သူက၊ မိမိ၏ အထံသို့ ထွက်ဝင် သွားလာပါလျက်၊ မိမိက မထွက်ဝင် မသွားလာဘဲ နေခဲ့လျှင်၊သစ်ခက်တွင် နေသော'မျောက်' သတ္တဝါနှင့် ကောင်းစွာ တူပေလိမ့်မည်၊

ဘဇေ ဘဇန္တံ ပုရိသံ၊ အဘဇန္တံ န ဘဇယေ၊
အသပ္ပုရိသဓမ္မော သော၊ ယော ဘဇန္တံ န ဘဇတိ။

(ပဏ္ဏာသနိပါတ်၊မဟာဗောဓိဇာတ်)

မိမိ ထံသို့ ချဉ်းကပ်လာသော ယောကျ်ားသို့၊ မိမိကလည်း ထွက်ဝင် သွားလာ ချဉ်းကပ်ရာ၏၊ မိမိ၏အထံသို့ ထွက်ဝင် သွားလာ ချဉ်းကပ်ခြင်း ရှိသော သူကို၊ မိမိက ထွက်ဝင် သွား လာသော အားဖြင့် မချဉ်းကပ်ရ။ အကြင်သူသည်၊ မိမိထံသို့ ထွက်ဝင် သွားလာ ချဉ်းကပ်သော သူကို၊ မိမိက ထွက်ဝင်သွားလာ ချဉ်းကပ်ခြင်းကို မပြု၊ ထိုသူသည် မသူတော်၏ တရားနှင့် ပြည့်စုံသော သူ မည်၏။

**ခင်ပွန်းပျက်ကြောင်း။** ။ထိုမှတပါးလည်း၊မိမိတို့ အချင်းချင်း၊ အဆွေ ခင်ပွန်း အဖြစ်ဖြင့်၊ ပေါင်းသင်း ဆက်ဆံရာ၌၊ အဆွေ ခင်ပွန်း ပျက်တတ်သော အကြောင်းတို့သည်။ ။(၁) အမြဲမပြတ် ထွက်ဝင် သွားလာတတ်ခြင်း၊ ။(၂) မည်သည့် အခါမှ မသွား မလာဘဲ ဖြတ်၍ ထားတတ်ခြင်း၊ ။(၃) မတောင်းသင့် သော အခါ၌၊ မဆင်ခြင်ဘဲ တောင်းရမ်း တတ် ခြင်း ဟူ၍၊ သုံးပါး ရှိကြောင်းကို၊ 'ပဏ္ဏာသနိပါတ်၊ မဟာဗောဓိ' ဇာတ်၌ ပြဆိုအပ်၏၊ ဟိတောပဒေသကျမ်း၌လည်း၊ (၁) လျှို့ဝှက်အပ်သော အရာတို့ကို ပေါ်၍ ပြောကြားတတ်ခြင်း၊ (၂) မကြာ မကြာ တောင်းတတ်ခြင်း၊ 'သို့မဟုတ်' မပေးနိုင်သော အရာကို တောင်းတတ်ခြင်း၊ (၃) သနားကြင်နာခြင်း ကင်းမဲ့ခြင်း၊ (၄) ချစ်လွယ်၊ မုန်းလွယ် သော အားဖြင့်၊ စိတ်နှလုံး မတည်ကြည် တတ်ခြင်း၊ (၅) မကြာ မကြာ လွန်စွာ စိတ်ဆိုးတတ်ခြင်း၊ (၆) စကား မတည်၊ ပထိပလာ ပြော တတ်ခြင်း၊ (၇) လောင်းတမ်း ကစား ကြူးခြင်း အားဖြင့်၊ အဆွေ ခင်ပွန်း ပျက်စီးကြောင်း ၇-ပါးတို့ကို ပြဆိုပေ၏။

အစ္စာဘိက္ခဏသံ၀ါသာ၊ အသမောသရဏေန ၀ါ။
ဧတေဟိ မိတ္တာ ဇီရန္တိ၊ အာကာလယာစနေန ၀ါ။
ရဟဿ ဘေဒေါ ယာစနာ၊ နိဋ္ဌုရဟိရံ စလစိတ္တတာ၊
ကောဓော နိသစ္စဘာ၊ ဇူတမေတံမိတ္တဿ ဒူသနံ၊

(ရှေ့ဂါထာ၊ ပဏ္ဏာသနိပါတ်၊ နောက်ဂါထာ၊ ဟိတောပဒေသ)

အသွား အလာ လွန်စွာ များခြင်းအားဖြင့်၊ မကြာမကြာ ပေါင်းဆုံမိခြင်းရှင်း၊ ညသည့်အခါမှ မတွေ့ မဆုံကြဘဲ၊ တခါတည်း ဖြတ်စဲ၍ နေကြခြင်းကြောင့်ရှင်း၊ မတောင်းရန် သင့်သော အခါ၌၊ လွန်စွာ တောင်းတတ်ခြင်း ကြောင့်ရှင်း၊ ထိုသုံးပါးသော အကြောင်းတို့ကြောင့်၊ အဆွေခင်ပွန်းတို့သည် ပျက်စီးကုန်၏။

လျှို့ဝှက် အပ်သော အရာတို့ကို၊ ပေါ်၍ ပြတတ်ခြင်း ရှင်း မတောင်းသင့်သော အရာကို၊ တောင်းတတ်ခြင်းရှင်း၊ သနား ကရုဏာ ကြင်နာခြင်း ကင်းမဲ့ခြင်း ရှင်း၊ ချင်လွယ်, မုန်းလွယ် သောအားဖြင့်၊ တည်တန့်သော စိတ်နေ စိတ်ထား မရှိခြင်းရှင်း၊ စိတ်ဆိုးတတ်ခြင်းရှင်း၊ ထိမ်လည် ရှည်ဖြား၊အပြောများခြင်းရှင်း၊ အနှိုက်ကြူးခြင်းရှင်း။ ဤ ၇-ပါးသည်၊ အဆွေခင်ပွန်းကို ပျက်စေတတ်သော အကြောင်းပေတည်း။

မိတ် မပျက်အောင် လုပ်နည်း။ ။ ဤ ပြဆိုအပ်ခဲ့ပြီး သော မိတ်ဆွေ ပျက်ကြောင်းအင်္ဂါ သုံးပါးတို့တွင်၊'မင္တြာသနိပါတ်'လာ မိတ်ဆွေ ပျက်ကြောင်း အင်္ဂါ၌၊ ကြာမကြာ သွားလာ ဝင်ထွက်၍၊ အဆက်ဆံ အပေါင်းအသင်း အတွေ့ အကြုံများအားကြီး လျှင်၊ အိုးချင်း သား, အိုးချင်း ထိ၊ ကြိုးချင်း ဘား, ကြိုးချင်း ငြိ' ဆိုဘိသကဲ့သို့၊ တနေ့နေ့၌ မိတ်ဆွေ ပျက်တို့ အကြောင်း၊ တစုံတရာ ပေါ်ပေါက်၍ လာတတ်၏။ ညသည့် အခါမှ မသွား မလာဘဲ၊ ဖြတ်၍ ထားလိုက်ပြန်လျှင်လည်း၊ တယောက်၏ သဘောကို၊ တယောက် မသိကြသဖြင့်၊ တယောက်ကို တယောက် အထင် လွဲကြပြီးလျှင်၊ မကြာခင် ပျက်စီးတတ်၏။ မတောင်းသင့်သော အရာကို တောင်းခြင်းမှာလည်း၊ ရသော့ တပါးသည်၊မိမိအား လွန်စွာ ချစ်ခင်လှရကား၊ မပြတ် မပြတ် မိမိအိမ်သို့ လာသော နဂါးအား၊ မပေးနိုင်သော ပတ္တမြားကို တောင်းသည့် အတွက်၊မိတ်ဆွေ ပျက်၍ သွားသကဲ့သို့ ဖြစ်တတ်သည်။ ထို့ကြောင့်၊ ထိုသုံးပါးကို အထူးအားဖြင့် ရှောင်ကြဉ်ရမည် ဟူ၏။ ။ မဟီတောမဒေသ' ကျမ်းလာ၊ မိတ်ဆွေ ပျက်ကြောင်း အင်္ဂါ ၇-ပါး တို့တွင်လည်း၊ လျှို့ဝှက်အပ်သော စကား

တို၊ သူတပါးအား ပြောဆိုချက၊ ထိုသူကို ယုံကြည်ရသော အဆွေခင်ပွန်းဟု မဆိုရတော့ပြီ၊ တောင်းရမ်းခြင်း၊ သနားကြင်နာကင်းမဲ့တတ်ခြင်းတို့မှာ၊ လွန်စွာ ထင်ရှားသေပြီ၊ ချစ်လွယ်, မုန်းလွယ် သော သူကိုမူကား၊ ငါ၏ အဆွေခင်ပွန်း ဟူ၍၊ အမြဲ စိတ်ချပေါင်းသင်းရန် ခဲယဉ်း ပေသည်၊ စိတ်ဆိုးလွယ်သော သူအားလည်း၊ အဆွေခင်း ဟူ၍ နှလုံးသား၌ ပြောကြားလိုသော စကားကို၊ ပြောကြားရန် ခဲယဉ်းချေသည်၊ လိမ်လည်လှည့်ဖြား၍စကား ပြောဆိုတတ်သော သူကိုလည်း၊ ယုံကြည်ဘို့ရာ ခဲယဉ်းစေသည်၊ အနံကြူးသော သူမှာ၊ ပြောကြားဘွယ်ရာ မရှိတော့ပြီ၊ ထို့ကြောင့်၊ ထိုမိတ်ဆွေ ခင်ပွန်း ပျက်ခြင်းအင်္ဂါ ၇-ပါးတို့ကို၊ အထူးအားဖြင့် ရှောင်ကြဉ်ရမည် ဟူ၏။

မိတ်ဖြစ်ကြောင်း။ ။ယခု အခါ၌၊ မိတ်ဆွေ မြဲမြံရသော အကြောင်းတို့ကို ပြဆိုဦးအံ့၊ ။ထိုမိတ်ဆွေခင်ပွန်း မြဲမြံစွာ၊ တည်တန့်ဘို့ရာ အကြောင်း တို့ကား၊ ။(၁) မပြတ်မပြတ် သွားလာပေါင်းဆုံမှုကို၊ ဂရုပြု၍ ရှောင်ကြဉ်ခြင်း၊ ။(၂) မသွား, မလာ, မတွေ့ဆုံဘဲ၊ တခါတည်း ဖြတ်ထားခြင်းမှ ရှောင်ကြဉ်ရခြင်း၊ ။(၃) မတောင်းသင့်သော အရာကို၊ ဘယ်အခါမှ မတောင်းဘဲ နေရခြင်း၊ ။ဤကား၊ 'ပဉ္စသာသနီပါတ်' လာ၊ မိတ်ဆွေခင်ပွန်း မြဲမြံစွာ တည်တန့်ခြင်း၏ အင်္ဂါ ၃- ပါးတို့တည်း။

'ဟိတောပဒေသ' ကျမ်း၌ကား၊ ။(၁) ဖြောင့်မတ် တည်ကြည်ခြင်း၊ ။(၂) ဝတ္ထုခွဲခြမ်း ပေးကမ်း ချီးမြှင့်တတ်ခြင်း၊ ။(၃) အရာရာမှာ၊ လွန်စွာ သည်းခံတတ်ခြင်း၊ ။(၄) မိမိစည်းစိမ်အား လျော်စွာ၊ ဝတ္ထုခွဲခြမ်း၊ ပေးကမ်း ချီးမြှင့်လေ့ ရှိခြင်း၊ ။(၅) ဆန့်ကျင်ဘက် မပြုမလုပ်မူ၍၊ ညီညွတ် လိုက်လျောစွာ ပြုတတ်ခြင်း၊ ။(၆) ဟန်ဆောင် လှည့်၊ ဟောက်တကာယ ချ်ခြင်း၊ ။(၇) ယုံကြည် စိတ်ချရသော စကားကိုသာ၊ မှန်ကန်စွာ ပြောကြားတတ်ခြင်း၊ ။ထို ၇-ပါးတို့သည်၊ မိတ်ဆွေ ခင်ပွန်း မြဲမြံခိုင်ခံ့စွာ တည်ခြင်း အကြောင်းတို့တည်း။

**မိတ်မြဲအောင် လုပ်နည်း။** ထို ပြဆိုအပ်ခဲ့ပြီးသော အဆွေခင်ပွန်း မြဲမြံစွာ တည်တန့်ခြင်း၏ အကြောင်း တို့ကို၊ ကောင်းစွာ မှတ်သားပြီးကာ၊ ဖြစ်ပြီးသော မိတ်ဆွေ ခင်ပွန်း တို့ကို၊ မပျက်ရအောင်၊ အထူးသဖြင့် သည်းခံ၍ ပေါင်းသင်းကြရာ၏။ ။မိတ်ဆွေ တယောက်နှင့် တယောက်သည်၊ ပေါင်းသင်းကြသည့် အခါ၊ သူတပါး စပ်ကြားက နေ၍၊ 'ဂုန်းတိုက်စကား' မဝင်နိုင် အောင်၊ သတိ ဆောင်ပြီးလျှင်၊ သင့်ကို မည်သည့် မိတ်ဆွေက၊ မည်ကဲ့သို့ ပြောသည် ဟု၊ သူတပါးက ပြောကြားလာလျှင်၊ ဤသူသည်၊ ဤကဲ့သို့သော စကားမျိုးကို၊ မပြောကြားတန်ရာပေ။ ဤကဲ့သို့ သော စကားကို၊ အဘယ်အခါမှ ပြောကြားမည် မဟုတ်တန်ရာတကား ဟူ၍၊ အထူး ယုံကြည် အားထားပြီးလျှင်၊ 'သားငယ်သည်၊ အမိ ရင်ခွင်၌၊ ယုံမှားခြင်း ကင်းမဲ့စွာ၊ အိပ်စက် နေသည့် ပမာ' ကောင်းစွာ ပေါင်းသင်း ဆက်ဆံရာ၏။ ။(၁) သူတပါးတို့၏ စကားကို ယုံကြည်တတ်ခြင်း၊ ။(၂) နက်ဖြန်, ယနေ့၊ တနေ့နေ့မှာ၊ ဧကန်စွာ ကွဲပြားခြင်းသို့၊ ရောက်ကောင်း, ရောက်ကြချေပေလိမ့်မည် လားဟု၊ အမြဲ ယုံမှားတတ်ခြင်း၊ ။(၃) ပြောဆို လုပ်ကိုင်အပ်သော အမှုတို့၌၊ အပြစ်ကိုသာ ရှုတွေ့ရှိခြင်း။ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော မိတ်ဆွေ နှစ်ဦးတို့မှာ၊ မကြာမီ ကွဲပြားခြင်းသို့ ရောက်ပေလိမ့်မည်၊ ထိုအကြောင်းကို ပြတော်မူလိုသော မြတ်စွာ ဘုရားရှင် ကိုယ်တော်မြတ်သည်၊ 'ပဉ္စကနိပါတ်၊ ဝဏ္ဏာရောဟ'ဇာတ်၌၊ ဤဂါထာကို မိန့်မှာတော်မူအပ်၏။

ယောပရေသံ ဝစနာနိ၊ သဒ္ဒဟေယျ ယထာတထံ။
ဝိပ္ပံ ဘိန္ဒေထ မိတ္တသ္မိံ၊ ဝေရဉ္စ ပသဝေ ဗဟုံ။
နသော မိတ္တော ယောသဒါ အပ္ပမတ္တော၊
ဘေဒါသင်္ကီ ရန္ဓမေဝ နုပဿီ၊
ယသ္မိဉ္စ သေတိ ဥရသီဝ ပုတ္တော၊
သ ဝေ မိတ္တော ယော အဘေဇ္ဇော ပရေဟိ၊

အကြင်သူသည်၊ သူတပါးတို့၏ စကားတို့ကို၊ ဟုတ်ဟုတ်

ပြောင်ပြောင် ယုံကြည်ရာ၏၊ အဆွေခင်ပွန်းသည်၊ လျင်စွာ ပျက်ခဲ့ရာ၏၊ ရန်သည်လည်း များစွာ ပွားရာ၏၊ အကြင် အဆွေခင်ပွန်းသည် ကွဲပြားခြင်း၌ ယုံမှား မကောင်းသည့် ဖြစ်၍၊ အခါခပ်သိမ်း မငြေ့ မ ဝေျှာ့သည့် ဖြစ်၍၊ အပေါက် အပြစ်ကို သာလျှင်၊ အဖန်ဖန် ရှာလေ့ ရှိ၏၊ ထိုသူသည်၊ အဆွေ ခင်ပွန်းစစ် မဟုတ်ချေ၊ အကြင်သူ၌ လည်း၊ အမိ၏ ရင်ခွင်၌ သားသည်၊ အိပ်သကဲ့သို့ နေ၏၊ ထိုသူ သည်၊ သူတပါးတို့သည် မခွဲမပျက်နိုင်သော၊ အဆွေ ခင်ပွန်းစစ် မည်၏၊ ဤကား၊ အဆွေခင်ပွန်းချင်း၊ ပေါင်းသင်း ဆက်ဆံရာ၌၊ ကြာမြင့်စွာ တည်ခြင်းအကြောင်းနှင့်၊ ပျက်စီးတတ်သော အကြောင်း တို့ကို၊ ပြဆိုအပ်သော စကားတည်း။

ခင်ပွန်းကောင်းလက္ခဏာ ၇-ပါး။ ။ယခုအခါ၊ 'အင်္ဂုတ္တိုရ်' ပါဠိတော်လာ၊ အကောင်းဆုံးသော အဆွေ ခင်ပွန်းတို့ အင်္ဂါကို ပြပေဦးအံ့၊ ။(၁) ပေးနိုင်ခဲသော ဝတ္ထုကို ပေးနိုင်ခြင်း။ ။(၂) ပြုနိုင်ခဲသော အမှုကို ပြုနိုင်ခြင်း။ ။(၃) သည်းခံနိုင်ခဲသော အရာကို သည်းခံနိုင်ခြင်း။ ။(၄) လျှို့ဝှက်အပ်သော စကားကို၊ အဆွေခင်ပွန်းအား ပြောကြားတတ်ခြင်း။ ။(၅) အဆွေခင်ပွန်း၏ လျှို့ဝှက်အပ်သော အရာတို့ကို၊ လျှို့ဝှက်ကာ ထားတတ်ခြင်း။ ။(၆) ဘေးရောက်သောအခါတို့၌လည်း၊ မစွန့်ပစ်တတ်ခြင်း။ ။(၇) ဥစ္စာကုန်ခန်း၊ ကိုယ်စိတ်နွမ်း၍၊ ငပ်ပန်းဆင်းရဲသော အခါတို့၌ လည်း၊ မထီလေးစား၊ မခန့်မညား မပြုတတ်ခြင်း။ ဤအင်္ဂါ ၇-ပါး နှင့် ပြည့်စုံသော အဆွေခင်ပွန်းကို၊ မှီဝဲဆည်းကပ်ရမည် ဟူ၏။

ဒုဒ္ဒဒံ ဒဒါတိ မိတ္တော၊ ဒုက္ကရံစာပိ ကုဗ္ဗတိ။
အထောပိ ဿ ဒုရုတ္တာနိ၊ ခမတိ ဒုက္ခမာနိ စ။
ဂုယှဉ္စ တဿ အက္ခာတိ၊ ဂုယှဿ ပရိဂုယှတိ။
အာပါဒါသု နဇဟာတိ၊ ခီဏေ နာတိမညတိ။
ယမှိ ဌာနာနိ ဒိဿန္တိ၊ သံဝိဇ္ဇန္တိ စ ပုဂ္ဂလေ။
သော မိတ္တော မိတ္တကာမေန၊ ဘဇိတဗ္ဗော တထာဝိဓော၊
သတ္တအင်္ဂုတ္တိုရ်ပါဠိတော်။

အဆွေခင်ပွန်းစစ် ဖြစ်သော သူသည်၊ ပေးနိုင်ခဲသော ဝတ္ထုကို ပေးနိုင်၏၊ ပြုနိုင်ခဲသော အမှုကိုလည်း ပြုလုပ်တတ်၏၊ ထို့မှတပါးလည်း၊ ထိုသူ၏ သည်းမခံနိုင်ဘွယ်ကုန်သော မကောင်းသဖြင့် ဆိုအပ်သော စကားတို့ကို သည်းခံနိုင်၏။ ထိုအဆွေခင်ပွန်းအား လျှို့ဝှက်အပ်သော စကားကို ပြောကြား၏၊ ထိုအဆွေ ခင်ပွန်း၏ လျှို့ဝှက် အပ်သော အရာကို လျှို့ဝှက် တတ်၏၊ ဘေးရန်တို့ကြောင့် မစွန့်တတ်။ ပင်ပန်းဆင်းရဲသော အခါ၌၊ မထီမဲ့မြင် မပြုတတ်၊ ထို အကြောင်းတို့သည်၊ အကြင် ပုဂ္ဂိုလ်၌ ရှိကြကုန်၏။ သိုသို့ သဘောရှိသော၊ ထို အဆွေ ခင်ပွန်းကို၊ အဆွေခင်ပွန်းကို အလိုရှိသော သူသည်၊ မှီဝဲဆည်းကပ်အပ်၏။

ယခု ပြဆိုအပ်ခဲ့ပြီးသော အင်္ဂါ ၇-ပါးနှင့် ပြည့်စုံသော အဆွေခင်ပွန်းကို မှီဝဲ ဆည်းကပ်ရမည် ဟု ဆိုရာ၌၊ သူ့ဘပါးထက် မိမိကသိုအင်္ဂါ ၇-ပါးနှင့် ပြည့်စုံဘို့ရန်၊ သာ၍လွန်၍ အရေးကြီးလှချေ၏၊ ။ဤကား၊ 'လေးကဲ' ဘက်ဆိုင်ရာ၊ အဆွေ ခင်ပွန်းဖြစ်ပေသည်၊ ။လောကုတ္တရာဘက်နှင့် သက်ဆိုင်သော အဆွေခင်ပွန်းကောင်းကို ပြဆိုဦးအံ့၊

ဌင်းတနည်း။ ။(၁) သီလနှင့် ပြည့်စုံသောကြောင့်၊ ချစ်အပ်သော ဂုဏ်နှင့် ပြည့်စုံခြင်း။ ။(၂) သမာဓိနှင့် ပြည့်စုံ၍၊ အလေးအမြတ် ပြုအပ်သော ဂုဏ်နှင့် ပြည့်စုံခြင်း။ ။(၃) သီလ, သမာဓိ, ပညာ တရားနှင့် ပြည့်စုံ၍ ချီးမွမ်းအပ်သော ဂုဏ်နှင့် ပြည့်စုံခြင်း။ ။(၄) မသင့်မတော်သော အရာဌာနတို့ကို တွေ့မြင်က၊ လျစ်လျူမရှုဘဲ ပြောဆိုဆုံးမတတ်သော ဂုဏ်နှင့် ပြည့်စုံခြင်း။ ။(၅) မိမိအား သတိပေးစကား ပြောကြားလာသောသူကိုလည်း သည်းခံတတ်ခြင်း။ ။(၆) နက်နဲသော တရားစကားကို ပြောကြားတတ်ခြင်း။ ။(၇) မသင့်မလျော်သော အရာဌာန၌၊ တိုက်တွန်းနှိုးဆော်မရှိခြင်း။ ။ဤ ၇-ပါးသော အင်္ဂါနှင့် ပြည့်စုံသော အဆွေခင်ပွန်းကိုမူကား၊ နှင်ထုတ်၍ ပစ်သော်ငြားလည်း၊ ငွေနှင့်ခွါ၍ မသွားဘဲ၊ အမြဲဆည်းကပ် ရမည် ဟူ၏၊

ပိယော ဂရု ဘာဝနီယော၊ ဝတ္တာ စ ဝစနက္ခမော၊
ဂမ္ဘီရဉ္စ ကထံ ကတ္တာ၊ နော စ ဋ္ဌာနေ နိယောဇယေ၊
ယမှိ ဧတာနိ ဌာနာနိ၊ သံဝိဇ္ဇန္တိ စ ပုဂ္ဂလေ၊
သော မိတ္တော မိတ္တကာမေန၊ အတ္ထကာမာနုကမ္ပတော၊
အပိ နာသိယမာနေန၊ ဘဇိတဗ္ဗော တထာဝိဓော၊

(သတ္တအင်္ဂုတ္တရပါဠိတော်၊ ဒေဝတာဝဂ်)

သီလနှင့် ပြည့်စုံသည် ဖြစ်၍၊ ချစ်ခင်နှစ်လိုအပ်၏၊ သမာဓိနှင့် ပြည့်စုံသည် ဖြစ်၍၊ အလေးအမြတ်ပြုအပ်၏။ သီလ,သမာဓိ,ပညာ နှင့် ပြည့်စုံ၍ ချီးမွမ်းအပ်၏။ မသင့်မလျော်သော အရာကို၊ ကောင်းစွာ ပြောကြား ဆုံးမတတ်၏၊ မိမိအား သူတပါးက ပြောကြား လာလျှင်လည်း၊ ကောင်းစွာ သည်းခံတတ်၏။ နက်နဲသော တရား စကားကိုလည်း ဟောကြားတတ်၏ မသင့်သော အရာ၌၊ မတိုက် တွန်းတတ်၊ ထို ၇-ပါးသော အကြောင်းတို့သည်၊ အကြင်ပုဂ္ဂိုလ် ၌ ရှိကြကုန်၏။ အကျိုးစီးပွားကို အလွန်လိုလားသဖြင့်၊ အလွန်သနား တတ်သော၊ ထိုသို့သဘောရှိသော၊ ထိုအဆွေ ခင်ပွန်းကို၊ အဆွေ ခင်ပွန်းကို အလိုရှိသော သူသည် မနေနှင့်၊ သွားပေတော့ ဟု ပြောဆိုပြုလုပ်, နှင်ထုတ်သော်ငြား လည်း၊ ခြေကို ဆွဲ၍၊ မြဲမြဲကြီး ဆည်းကပ်အပ်၏၊ ဝါ၊ ခြေကိုဘက်လျှက်၊ နှစ်သက်စွာ ဆည်းကပ် ရာ၏၊ ဤသို့ ပြဆိုအပ်ခဲ့ပြီးသော အဆွေခင်ပွန်းကိုကား၊ သင်သည် ငါ၏ အထံ၌-မနေလင့်။ ငါ၏ အထံသို့ မလာလင့်၊ ငါ၏ အထံမှ သွားပါလေလောဟု၊ ပြောဆို နှင်ထုတ်ရုံနှင့်မျှ၊ မသွားသေးမူ၍၊ ခြေနှင့် ကန်လျှင်လည်း ခြေကိုဘက်၊ လက်နှင့် ရိုက်လျှင် လည်း၊ လက်ကို ဆွဲ၍၊ မြဲမြဲကြီး ဆည်းကပ်ရမည် ဟူ၏။ ။ဤသည်လျှင် 'ကလျာဏမိတ္တဘာဝ' သမ္ပဒါ ပြခဲ့ပြီး၏။

**သမဇီဝိတသမ္ပဒါ။** ။ယခုအခါ၌ 'သမဇီဝိတာ' သမ္ပဒါကို ပြဆိုပေအံ့၊

ကတမာ စ ဗျဂ္ဃပဇ္ဇ သမဇီဝိတာ၊ ဣဓ ဗျဂ္ဃပဇ္ဇ ကုလပုတ္တော အာယဉ္စ ဘောဂါနံ ဝိဒိတွာ ဝယဉ္စ, ဘောဂါနံ ဝိဒိတွာ, သမံ ဇီဝိတံ ကပ္ပေတိ၊ နစ္စောဂါဠှံ နာတိဟီနံ၊ ဧဝံ မေ အာယော ဝယံ ပရိယာဒါယ ဌဿတိ၊ န စ မေ ဝယော အာယံ ပရိယာဒါယ ဌဿတိ၊ သေယျထာပိ ဗျဂ္ဃပဇ္ဇ၊ တုလာဓာရော ဝါ၊ တုလာဓာရန္တေဝါသီ ဝါ၊ တုလံ ပဂ္ဂဟေတွာ ဇာနာတိ၊ ဧတ္တကေန ဝါ ဩနတံ၊ ဧတ္တကေန ဥန္နတန္တိ။

(အင်္ဂုတ္တရပါဠိတော်၊ဂေါတမီဝဂ်)

ဗျဂ္ဃပဇ္ဇမည်သော ဒါယကာ။ သမဇီဝိတ, သမ္ပဒါဟူသည် အဘယ်နည်း။ ဗျဂ္ဃပဇ္ဇ မည်သော ဒါယကာ၊ ဤလောက၌ အမျိုးသားသည်၊ စည်းစိမ်တို့၏ တိုးပွါးခြင်းကိုလည်း၊ သေချာစွာ သိ၍၊ စည်းစိမ်တို့၏ ကုန်ခန်းခြင်းကိုလည်း သေချာစွာသိ၍၊ ဤသို့ အသက်မွေးသည် ရှိသော်၊ ငါ၏ တိုးတက် သော ဥစ္စာပစ္စည်းသည်၊ ကုန်ခန်းသော ဥစ္စာပစ္စည်းကို ယူ၍၊ တည်တန့်နိုင် လတ္တံ့၊ ငါ၏ ကုန်ခန်းသော ဥစ္စာပစ္စည်းသည် တိုးပွါးသော ဥစ္စာပစ္စည်း ကို ယူ၍ မတည်လတ္တံ့၊ ဤသို့ နှလုံးပြု၍၊ မပိုလွန်းသော မယုတ် ညံ့လွန်းသော ညီမျှသော အသက်မွေးခြင်းကို ပြု၏။ ဗျဂ္ဃပဇ္ဇ မည် သော ဒါယကာ။ စဥ်းချိန်ဖြင့် ချိန်တတ်သော သူသည်၎င်း၊ဝါ၊ ဆွဲ ကိုင် ဆရာကြီးသည်၎င်း၊ စဥ်းချိန်ဖြင့် ချိန်တတ်သောသူ၏ တပည့် သည်၎င်း။ဝါ၊ ဆွဲကိုင်တပည့်သည်၎င်း၊ချိန်ကို မြှောက်၍ ချိန်သည် ရှိသော်၊ ဤမျှလောက်သော အချိန်ဖြင့်လည်း၊ အောက်သို့ ညွတ်၏။ ဤမျှလောက်သော အချိန်ဖြင့်လည်း၊ အထက်သို့ တက်၏။ ဤသို့ သိသကဲ့သို့တည်း။

အဓိပ္ပါယ်ကား။ အသင် 'ဗျဂ္ဃပဇ္ဇ' မည်သော ဒါယကာ၊ အသိ အလိမ္မာ၊ ဉာဏ်ပညာဖြင့်၊ နှိုင်းဆ၍ မျှတသော အသက်မွေးခြင်း ဟူသည် အဘယ်နည်းဟူမူ၊ 'ဗျဂ္ဃပဇ္ဇ' မည်သော ဒါယကာ၊ ဤ လောက၌ အမျိုးသားသည် စည်းစိမ် ဥစ္စာတို့၏ တိုးပွါးခြင်းကို လည်း သိ၍၊ စည်းစိမ်ဥစ္စာတို့၏ ကုန်ခန်းခြင်းကိုလည် းသိ၍ ဤသို့ အသက်မွေးသည် ရှိသော်၊ငါ၏ တိုးပွါးသော ဥစ္စာပစ္စည်းသည် ငါ

၏၊ ကုန်ကျသော ဥစ္စာ ပစ္စည်းကို တားမြစ်နိုင်လတ္တံ့။ ငါ၏ ကုန်ကျသော၊ ဥစ္စာ ပစ္စည်းသည် တိုးပွါးသော ဥစ္စာပစ္စည်းကို မယူနိုင်လတ္တံ့။ ဤသို့ နှလုံးပြု၍ များလွန်း မနည်းလွန်း မျှတခြင်း ဖြစ်သော အသက်မွေးခြင်းကို ပြု၏။ ဗျဂ္ဃပဇ္ဇမည်သော ဒါယကာ၊ 'ဥပမာ' ကား ချိန်ခွင်သော သူသည်ရင်း၊ ချိန်ခွင်သော သူ၏ တပည့်သည်ရင်း ချိန်ကို ဆွဲ၍ ချိန်သည် ရှိသော်၊ ဤမျှသောက်ဖြင့် အောက်သို့ ညွှတ်၏၊ ဤမျှသောက်ဖြင့် အထက်သို့ တက်၏ ဟူ၍ သိ၏၊ ဗျဂ္ဃပဇ္ဇမည်သော ဒါယကာ၊ ထို့အတူ၊ အမျိုးသားသည် စည်းစိမ်တို့၏ တိုးပွါးခြင်းကိုရင်း၊ စည်းစိမ်တို့၏ ဆုတ်ယုတ်ခြင်းကိုရင်း သိရှိ၍၊ ဤသို့ သုံးစွဲသည် ရှိသော်၊ ငါ၏ တိုးပွါးသော ပစ္စည်း ဥစ္စာသည် ငါ၏ ကုန်ခန်းသော ပစ္စည်း ဥစ္စာကို ယူ၍ တည်နိုင်လတ္တံ့။ ငါ၏ ကုန်ကျသော ပစ္စည်း ဥစ္စာသည် ငါ၏ တိုးပွါးသော ပစ္စည်း ဥစ္စာကို ယူ၍ မတည်နိုင်လတ္တံ့။ ဤသို့ နှလုံးသွင်း၍ 'မဝိုလွန်း' 'မချောလွန်း' မျှတသော အသက်မွေးခြင်းကို ပြု၏။

ဗျဂ္ဃပဇ္ဇမည်သော ဒါယကာ၊ ဤအမျိုးသားသည် တိုးပွါးသော ပစ္စည်း ဥစ္စာ နည်းပါးပါလျက်၊ မြတ်သော အသက်မွေးခြင်းကို အကယ်၍ မွေးမြူသည် ဖြစ်အံ့။ အမျိုးသားသည် 'ရေသဖန်းသီးကို စားသော သူသည် များစွာသော သဖန်းသီးတို့ကို လှုပ်ချွေပြီးကား အလိုရှိရာရာ၊ တလုံး နှစ်လုံးကိုသာ စား၍ သွားသော သူကဲ့သို့' ဥစ္စာ ပစ္စည်းတို့ကို စားသောက် သုံးစွဲ၏ ဟူ၍၊ ထိုသူကို ပြောကြကုန်၏၊ ဗျဂ္ဃပဇ္ဇမည်သော ဒါယကာ၊ များစွာ ချမ်းသာ တိုးပွါးခြင်း ရှိပါလျက်၊ ဆင်းရဲသော အသက်မွေးခြင်းကို၊ အကယ်၍ မွေးမြူသည် ဖြစ်အံ့၊ ဤအမျိုးသားသည် မမြတ်သော သေခြင်းကို သေရလိမ့်မည် ဟူ၍ ထိုသူကို ဆိုကြကုန်၏။ ဗျဂ္ဃပဇ္ဇမည်သော ဒါယကာ၊ အကြင့်ကြောင့်၊ အမျိုးသားသည် စည်းစိမ်တို့၏ တိုးပွါး ခြင်းကိုလည်း သိ၍၊ စည်းစိမ်တို့၏ ဆုတ်ယုတ်ကုန်ခန်းခြင်းကိုလည်း သိ၍၊ ဤသို့ သုံးစွဲသည် ရှိသော် ငါ၏ တိုးပွါးသော ဥစ္စာ ပစ္စည်းသည် ကုန်ခန်းသော ဥစ္စာ ပစ္စည်းကို ယူ၍ တည်နိုင်လတ္တံ့၊ ငါ၏ ကုန်ခန်းသော

ဥစ္စာ,ပစ္စည်းသည် တိုးပွါးသော ဥစ္စာ,ပစ္စည်းကို ကုန်ခန်း၍မတည်နိုင်လတ္တံ့ဟု နှလုံးပြု၍၊ မပိုလွန်း,မလျော့လွန်း မျှတသော အသက်မွေးမှုခြင်းကို ပြု၏။ ဗျဂ္ဃပဇ္ဇမည်သော ဒါယကာ၊ ဤကဲ့သို့ အသက်မွေးခြင်းကို 'သမဇီဝိတာ'မျှတသော အသက်မွေးခြင်းဟု ဆိုအပ်၏၊

ဤ'သမဇီဝိတာ'ဟူသော သမ္မာဒိဋ္ဌိတရား ဟူသည်မှာ'ဝန်နှင့်အား,မြားနှင့်လေး'ဆိုသကဲ့သို့၊ မိမိ၏ပစ္စည်းအင်အားနှင့် မျှတအောင်သုံးစွဲစားသောက်ခြင်းကို ဆိုလို၏။ 'ဥပမာ'ချိန်ခွင်ကိုင်သော အရာ၌၊ အလွန်လိမ္မာလှသော ချိန်သည်သည်ပင်း၊ ချိန်သည်၏ တပည့်သည်ပင်း၊ မိမိရောင်းဝယ်အပ်သော ပစ္စည်းဝတ္ထု တစုံတခုကို ချိန်ခွင်၌ တင်လျက်၊ချိန်စက်လိုက်သော အခါ၊ ဟိုဘက်,သည်ဘက်သို့ မသာ,မပို၊မလို,မလျော့ရအောင် ချိန်စက်ဘိသကဲ့သို့၊ ထိုအတူ မိမိရည်းစိမ်ဥစ္စာ,ပစ္စည်းအား၊လျော်စွာ၊မပို,မလျော့လွန်း,ဘဲ သုံးစွဲစားသောက်ရမည်ဟု ဆိုလို၏။

သမဇီဝိတသရုပ်။ ။ဤ'သမဇီဝိတာသမ္မာဒိဋ္ဌိ'မှာ မြတ်စွာဘုရား၏ အလိုတော်ကျအားဖြင့် မိမိ၌ ရှိသော ပစ္စည်းကို လေးပုံ,ပုံ၍၊ တပုံကို မိမိလည်း'စားသောက်'သုံးစွဲ၍၊ လက်ဦး,လက်ဖျားအလှူဒါနကို၊ ထိုက်သင့်သည်အား လျော်စွာ ပေးလှူရမည် ဟူ၏၊ ။နှစ်ပုံကို တိုးပွါးရန် အရင်းအနှီးပြုလုပ်ရင်းနှီးရမည် ဟူ၏၊ ကျန်ပစ္စည်းတပုံကိုမူကား မကုန်လျှင် မဖြစ်နိုင်သော အမှုတရုံတခု ကြုံကြိုက်လာမူ အလွယ်တကူ ထုတ်ယူသုံးစွဲနိုင်စေခြင်းငှါ ။'ရံပုံ'ငွေအဖြစ်ဖြင့် လုံခြုံသော နေရာမှာ သေချာစွာ သိမ်းဆည်းသိုမှီးမြှုပ်နှံ၍ ထားရမည် ဟူ၏၊

ဥပမာ။ ငွေလေးရာရှိသော သူသည် 'တရာ'ကို စားသောက်သုံးစွဲလှူဒါန်း ပေးကမ်းမှုတို့၌ အသုံးပြုရမည်၊ ။'နှစ်ရာ'ကို အရင်းအနှီး ပြုလုပ်ရမည်၊ ။'တရာ'ကို 'ရံပုံ'ငွေအလို့ငှါ၊ လုံခြုံစွာထားရမည် ဟူ၏၊ ။ဤနည်းအတိုင်း ငွေလေးထောင်ရှိလျှင် 'တ

ဆောင်'ကိုလှူဒါန်း,ပေကမ်း, စားသောက်သုံးစွဲ၍၊ 'နှစ်ဆောင်'ဖြင့် ရင်းနှီးချက် 'တဆောင်'ကို ရံပုံငွေအထို့ငှါ သိမ်းဆည်းမြှုပ်နှံထားရမည်။ဤနည်းအားဖြင့် ပြုလုပ်သော သူကို 'သမဇီဝိတာ'သမ္ဘဒါနှင့် ပြည့်စုံသော သူဟူ၍ ဆိုရချေ၏။

အကယ်၍ လခစားအလုပ်သမားဖြစ်၍ ရင်းနှီးဘို့ရန် မလိုသော သူတို့ ဖြစ်ခဲ့အံ့၊လခ ၄၀ ရသောသူ ဖြစ်သျှင်၊ လေးပုံသျှင် ၁ ပုံကျ ဖြစ်သော ငွေ ၁၀ ကို၊မကျန်းမာခြင်း စသောအားဖြင့် အခက်,အခဲ ကြုံ၍ မကုန်ဘဲ မနေနိုင်သော အခါတို့၌၊ လွယ်ကူစွာ ထုတ်ယူသုံးစွဲ နိုင်စေခြင်းငှါ လုံခြုံစွာ သိမ်းဆည်း၍ ထားရာ၏၊ လခ ၄၀၀ ရသူ ဖြစ်အံ့။ ၁၀၀၊ ၄ ထောင်ရသူ ဖြစ်အံ့။ ၁ ထောင်။ဤသို့သော နည်းအားဖြင့်၊၄ ပုံသျှင် ၁ ပုံကျကို 'ရံပုံ'ငွေအထို့ငှါ သိမ်းဆည်း၍ ထားရာ၏။ကျန် ၃ ပုံကိုသာ စားသောက်သုံးစွဲရမည် ဟူ၏။ ဥပမာ ယုတ်သဖြင့် လခ ၅ရသော သူပင်ဖြစ်လင့်ကစား၊မိမိအား,အင်နှင့် သင့်တန်ရုံ၊ငါးမူး,တမတ် စသည်ကို လစဉ် ကျန်အောင် သုံးစွဲစား,သောက်ရမည် ဟူ၏။ ။ဤအရာ၌ လခ ၅၀ ၁၀၀၊၂၀၀ ရကြသော်လည်း၊ 'သမဇီဝိတ'သမ္ဘဒါနှင့် မပြည့်စုံသော လခစား, 'စာရေး,စာချီ'တို့ သည် 'သမဇီဝိတာ'သမ္ဘဒါနှင့် ပြည့်စုံသော 'ဒရဝမ်' ကုလားတို့ ထံမှ၊ ငွေချေး ၌ါးကြရသည်ကို ထောက်ချင့်က 'သမဇီဝိတာ' သမ္ဘဒါနှင့် မပြည့်စုံခြင်း,ပြည့်စုံခြင်းတို့မှာ မည်မျှလောက် အကျိုး ပျက်သည်,အကျိုးရှိသည်ကို ကိုယ်တိုင် စဉ်းစား ဆင်ခြင် သင့်ပေ၏။

ဥစ္စာစုနည်း။ ။ထိုကြောင့် ဤ'သမဇီဝိတာ'သမ္ဘဒါကို လက်မှာ အမြဲဘိုင်စွဲ၍၊ထားကြပြီးကာလ ၁၅ ရသော သူဖြစ်လင့်စေကာမူ၊ ဘုရားဟော နည်းအတိုင်း၊ ရံပုံငွေ 'ခုဆောင်း' ထားက ခြ-ကောင်ကလေးများသည် တဖြည်းဖြည်း မြေဟောင်ပုံကြီးကို ဖြစ်စေကြ၍၊ ပျား ကောင်ကလေးတို့ကလည်း ကြီးမားသော ပျားအုံကြီးဘို ဖြစ်စေကြသည့် ပမာ ဥစ္စာ,ပစ္စည်းကို ဆည်းပူး စုဆောင်းမိသူ၊လူကြီး,လူကောင်း အဖြစ် သို့ စင်စစ် ရောက်ပေလိမ့်မည်၊ ထိုသို့ 'ဓနဓာတ' စုဆောင်းခြင်း

မရှိဘဲ၊ ရရသမျှ အကုန်သုံးစွဲပါက၊ အဘယ်အခါမှ လူစဉ်မှီနိုင်ဘဲ လူပွဲ,လူဆင်းရဲ၏ အဖြစ်က၊ လွတ်ကြရတော့မည် မဟုတ်ပေ။ မည်သူမဆို သုံးစွဲစားသောက်,ဝတ်ဆင်ယင်သည့် အရာမှာ၊ ဆင်ခြင်,တိုင်းထွာခြင်း မရှိက၊ အနည်းငယ်,အနည်းငယ်မျှ သုံးစွဲသည့် ဆိုစေကာမူ၊ မကြာခဏ,မကြာခဏ အနည်းငယ်,အနည်းငယ်မျှ သွေးအပ်,ခပ်အပ်သော 'အမွှေးတုံး' 'မျက်စဉ်းတောင့်'ပမာ၊ မကြာမီ ကုန်ခန်းခြင်းသို့ ရောက်တတ်ချေ၏။ ထို့ကြောင့်၊ ဤ သဇေီဝိတာ' သမ္မဒါကို၊ လက်မှာ ကိုင်ထား၍၊ တတ်အားသမျှ ချွေတာရဆောင်းကြကုန်ရာ၏၊

ဤပြဆိုအင်ပြီးသော အဓိပ္ပါယ်ကို ရည်၍၊ ။လောကသာရဆုံးမစာ၌'စေ့မြေ့သိပ်သည်း၊ ရွှေ့ရွှေ့ဆည်းသော်၊ စရည်းအိုးခွက်၊ ကြီးစွာလျက်လည်း၊ တံစက်ကျများ၊ ပြည့်သောလားသို့၊ ပျားအ်နည်းနှုန်း၊ မှတ်ကျင့်သုံး၍၊ ခြ,ပုန်းတောင်ပို့၊ ဖွံ့သည်ခြင်းရာ၊ လူလိမ္မာတို့၊ ဥစ္စာဆည်းထွေ၊ တတ်လှစေလော။ ကြွက်သေတခု၊ အရင်းပြု၍၊ ကြွယ်မှုတတ်ဆုံး၊ သူဌေးသုံးကို၊ နှလုံးယူလျက်၊ ကြိုးစည်နက်၍။ ။သူ့ထက်လွန်ကုန် ကြွယ်စေမင်း။' ဟူ၍ ရေးသား စပ်ဆို ဆုံးမတော်မူသည်။

ဤလက်ဘွဲ၊ ပိဏ္ဍာဏ္ဍဒ-မိပ္ပါယ် စကားပြေကား၊ ။သား,မယားနှင့် တကွ၊ အိုးအိမ်တည်ထောင်၍၊ လူဘောင်လောကဖွဲ နေကြကုန်သော သူတို့သည်၊ မိမိတို့၏ အသက်မွေး,ဝမ်းကြောင်း ဖြစ်သော အတတ်ပညာ စွာစီးပွါးဘို့ကို လုပ်ကိုင်ရှာဖွေ ရဆောင်းသိမ်းဆည်း ရာ၌၊ ရှေးပါရာဏ စကား 'စရည်း'ခေါ်သော 'အိုးခွက်'ကြီးဖြင့် တံစက်မြိတ်မှ ရေခံယူသော ထုံးကိုရင်း၊ သေးငယ်သော 'ပျား' ကောင်တို့၏ 'ပျားအုံ,ပျားလဘို့'ကြီးများကို ဖြစ်စေသော ထုံးကိုရင်း၊ သေးငယ်သော ခြ'ကောင်တို့၏ 'မြေဘောင်ပို့'ကြီးများကို ဖြစ်စေသော ထုံးကိုရင်း၊ ပုံနှုန်းစံမှီး၍ နည်းယူကြကုန်ရာ၏။ ၊အဘယ်ကဲ့သို့ နည်းယူရာသနည်းဟူမူ။ ။ကြီးစွာသော အိုးခွက်ကို တံစက်မြိတ်မှ ရေပေါက်သည့် တစက်,တစက်၊ တပေါက်တပေါက်၊ တခါ,တခါ ရွှေ့လျှော သက်ဆင်း

ကျလာရာ၊ ထိုရေပေါက်သည် မပြောပဘွယ်၊ အနည်းငယ်မျှ ပင်ဟု ဆိုရစေကာမူ၊ အခါခါ ကျဘန်များခြင်းကြောင့်ရင်း၊ ထိုသို့ ကျလျှောလာသော ရေသည်လည်း မပျောက်၊မပျက် အိုးခွက်အတွင်း၌ တည်နေခြင်းများကြောင့်ရင်း၊ နေ့ ရက်၊လ၊နှစ် များသဖြင့် ထိုကြီးစွာသော အိုး၌ ရေသည် ပြည့်လျှံခြင်းသို့ ရောက်ရသော ထုံးကိုရင်း၊

နှံနယ်သေးငယ်လှစွာသော ပျား ကောင်တို့သည် 'စည်းလုံးညီညွတ်စွာ' တောတောင်ဂနိုင်၊ ရုံမြိုင်ရိပ်ခြေ၊ အထွေထွေသော ပန်းသစ်ပင်အပေါင်း 'ပန်းဝတ်ရည်'ကို ကိုယ်စီ၊ကိုယ်ငှ၊ မိမိတို့ နှုတ်သီးဖျားဖြင့် အနည်းငယ်၊အနည်းငယ်မျှ ရုတ်ယူ သည်ပိုး၍၊တခုသော နေရာသို့ ယူဆောင်လာခဲ့ကြရာ၊ ထို 'ပန်းဝတ်ရည်' တို့ သည် မပြောပဘွယ်၊ အနည်းငယ်မျှပင်ဟု ဆိုရစေကာမူ၊ အခါခါ ယူဆောင်၍ လာဘန်များခြင်းကြောင့်ရင်း၊ ထိုသို့ ယူဆောင်၍ လာသော 'ပန်းဝတ်ရည်' တို့ကိုလည်း မသွေ့၊မခြောက်၊ မပျောက်၊မ ပျက်ရအောင် 'သိုမှီးသိမ်းဆည်း'ခြင်းများကြောင့်ရင်း၊ ထိုနေရာ၌ 'ပန်းဝတ်ရည်' တို့သည် ရပုံ၍ 'များစွာများလှသော' ကြီးကို ဖြစ်စေ၍၊ 'ပျားရည်' ဟူများဖြင့် သားငယ် 'ပျား' ကလေးတို့ကို သောက်စား စေသောထုံးကိုရင်း၊

ခွန်အားဗလ သေးငယ်စွာသော 'ခြ' ကောင်တို့သည်လည်း 'စည်းလုံးညီညွတ်စွာ' မိမိတို့ နှုတ်သီးဖျားဖြင့် အနည်းငယ်၊အ နည်းသော မြေမှုန့်တို့ကို သည်ပိုး၍ဆောင်၊ယူငင်၍၊ နေရာတခု၌ 'လောင်းမို့' ကြရာ ထိုမြေမှုန့်တို့သည် မပြောပဘွယ် အနည်းငယ်မျှပင်ဟု ဆိုရစေကာမူ၊ အခါခါ၊အခေါက်ခေါက် ယူဘန်များခြင်း ကြောင့်ရင်း၊ ထိုသို့ ယူဆောင်လာသော မြေမှုန့်တို့ကိုလည်း ဖရိဖရဲ၊ပြိုကွဲလွင့်စင်၊ တဖြင့်တပါး မသွားရအောင်၊ သိုမှီးသိမ်းဆည်း ထားခြင်းများကြောင့်ရင်း၊ ထိုနေရာ၌ 'ကြီးကျယ်' မြင့်မောက်သော 'မြေတောင်ပို့' ကြီးကို ဖြစ်စေ၍ မိမိတို့သည် မိုးမစွတ်၊နေမပူ၊ကြည် ဖြူချမ်းမြေ့စွာ အပေါင်းအသင်းနှင့် တကွ အိမ်ထောင်ဘက်ပြုခြင်း၊

## သမ္ဗုဒ္ဓါပွင့်အကျယ်ကျမ်း။

သား,သမီး ပေါက်ဖွါးခြင်း စသည်တို့ကို ပြုရသော ထုံးကိုရင်း၊ နှလုံးသွင်း နည်းယူ၍၊ ကုလပုတ္တ,အမျိုးကောင်းသား၊ ‘ယောက်ျား’ ဟူသမျှတို့သည် လောကီဘဏ္ဍာ၊ ဥစ္စာ,ပစ္စည်းတို့ဖြင့်၊ ‘ကြီးပွား မြင့်မြတ်ခြင်း’ကို အလိုရှိ၍ ရှာဖွေ စုဆောင်း,သိမ်းဆည်းရာ၌၊ ‘သမ္ဗုဒ္ဓါ’ တရားလေးပါးနှင့် အညီ၊ စည်းကမ်း စနစ်,ကျနသေဝပ်စွာ၊ စေ့စေ့ စပ်စပ်၊ သေသေ ချာချာ၊ တရွေ့,တရွေ့၊ တစ,တစ၊ ရှာမှီး သိမ်းဆည်းခြင်း၌၊ လိမ္မာတတ်မြောက် ကျွမ်းကျင် ကြစေ လော။

ရှေးက ထုံးဟောင်း၊ အကြောင်းတချက်မှာလည်း၊ ‘ကြွက်သေ တခု အရင်းပြု၍၊ လောကရိပ်ငြိမ်၊ စည်းစိမ်ကြွက်သရေ၊ အထွေ ထွေနှင့်၊ ရွှေ,ငွေ,ဘဏ္ဍာ၊ ဥစ္စာပစ္စည်းတို့ဖြင့်၊ ကြီးပွားပြည့်စုံ၊ကုံလုံ ကြွယ်ဝ၊ ချမ်းသာကြသော ငါတို့ မြတ်စွာဘုရား အလောင်းတော် ‘စူဠသေဋ္ဌိ’ သူဌေးကြီးနှင့် အရှင် စူဠပန်မထေရ် အလောင်း တော် ‘စူဠန္တေဝါသိက’ သူဌေးကြီးတို့၏ ထုံးကိုလည်း နှလုံး သွင်းနည်းယူလျက်။ ‘စီးပွါးဥစ္စာရှာဖွေရာ၌ ‘ကံ’ ခေါ်သော အလုပ် အကိုင် ကောင်းခြင်း၊ ‘ဉာဏ်’ ခေါ်သော အသိအလိမ္မာများခြင်း၊ ‘ဝီရိယ’ ခေါ်သော ထ ကြွလုံ့လရှိခြင်းများဖြင့်၊ သူတကာထက်၊ ဆထက်ကုံလုံ၊ ပြည့်စုံကြွယ်ဝချမ်းသာ ကြပါစေသတည်း ဟူလို။’

အပ္ပကေနာပိ မေဓာဝီ၊ ပါဘတေန ဝိစက္ခဏော၊
သမုဋ္ဌာပေတိ အတ္တာနံ၊ အဏုံ အဂ္ဂိံဝ သန္ဓမံ။
(ဧကနိပါတ်၊စူဠသေဋ္ဌိဇာတ်၊)

ကျိုးကြောင်းမြင်သိ၊ ပညာရှိသည်၊ မပြောပဘွယ်၊ အနည်း ငယ်သော မီးကို အားအင်ထုတ်ပြီး၊ နှုတ်သီးလေဖြင့် မှုတ်လျက်၊ အရောင်အရှိန်၊ တထိန်ထိန်ဖြင့်၊ အိမ်လုံး,ယာလုံးမျှ မက ကြီးမား သော အများခိုအုံ့၊ မီးပုံကြီးကို ပြုသကဲ့သို့၊ ကုန်ကူးသန်း,ရောင်း ဝယ်ခြင်း၌ လိမ္မာသော ကျိုးကြောင်း မြင်သိ၊ ပညာရှိသည်၊ မပြော ပဘွယ်၊ အနည်းငယ်လည်း ဖြစ်သော၊ ရင်းဆောင်း,ချွေတာ၊ ဥစ္စာအ

ရင်းအနှီးဖြင့်၊ ကြီးကျယ် များပြားသော ရွှေ,ငွေ,ဘဏ္ဍာ၊ ဥစ္စာပစ္စည်းတိုရင်း၊ သူဌေးကြီးဟု၊ ဝေးနီးကျော်ကြား၊ လူအများ၏၊ အားထား မှီခိုလာသော အခြံ,အရံကိုရင်း၊ နှစ်,လ ရှည်ကြာ၊ အခါမဝေး၊ ဆေးလ အတွင်း၊ ချက်ခြင်း ဖြစ်စေ၍၊ ထိုလောကရိပ်ငြိမ်၊ စည်းစိမ်ကြွက်သရေ အထွေထွေနှင့်၊ ငွေရွှေအခြံအရံနှင့်၊ မိမိကိုယ်ကို ကောင်းစွာ တည်နေစေ၏။ "ကြွက်သေတခု၊ အရင်းအနှီးပြု၍၊ ကုန်ကူးသန်း ရောင်းဝယ်ရာ၊ လေးလအတွင်းဝယ်၊ နှစ်သိန်းကြွယ်" ဟူသော စကားအရနှင့်။ "အပ္ပကေနာပိ မေဓာဝီ" ဟူသော ဂါထာကို ကေနိပါတ်၊ စူဠသေဋ္ဌိဇာတ်၊ အတိတ်ဝတ္ထု၌ ဟောတော်မူသည်။

ဤအရာ၌နန္ဒ၊ တလကို ၄၃ ရလျှင်၊ တနှစ်တွင် ၃၆ ရ၍၊ ၁၀နှစ်တိုင်က ၃၆၀ ရပြီးလျှင်၊ အနှစ်၅၀ကျသော အခါကာလ ငွေ ၁၅၀ ရမိကြကုန်၏၊ ငါတို့မြန်မာပြည်မှာ ငွေ ၁၅၀ ရှိသော သူမှာ ၁၀၀ လျှင် ၁၅ ယောက်မျှ နှံမှ ရှိပါမည်လားဟု ယုံမှားဘွယ် ရှိချေ၏၊ ငွေ ၁၅၀ ရှိလျှင်၊ စိတ်ပူပင်ကြောင့်ကြရခြင်း အတော်,အသင့် နည်းပါးရလေပြီ၊ ဤမြန်မာ ပြည်သားတို့မှာ ဆင်းရဲသော သူတို့သော်မှလည်း၊ ၁ လကို ၄၃ ကျ ချွေတာ,ရဆောင်းလိုက ရဆောင်းနိုင်ကြပေလိမ့်မည့်ဟု ထင်မိပေ၏။ အဘယ်ကြောင့်နည်းဟူမူ၊ အချို့လခ ၁၀၀၊ ၁၅သော ရသောကုလားများမှာမကြာ,မကြာ မိမိတို့'မိဘ,သားမယား'ထံသို့ တင်ပို့ နိုင်သည်ကို ကြားသိရသောကြောင့် ဖြစ်ပေသည်။

အကယ်၍ ၁ လ ၃ ရရသောသူ ဖြစ်အံ့။ တနှစ် ၁၅ ဆယ်နှစ်မှာ ၁၂၀။ အနှစ်၅၀မှာ ၆၀၀ ရမိ၏။ ဤသို့ ရဆောင်းမိသူတို့မှာလည်း လူတရာလျှင် ၃ ယောက်ကျမှ ရှိပါမည်လားဟု ယုံမှားဘွယ်ရာ ရှိချေ၏၊ တလ ၁၀ ရသောသူ ဖြစ်အံ့၊ ဘနှစ်ကို ၁၂၀၊ ဆယ်နှစ်ကို ၁၂၀၀၊ အနှစ် ၅၀ ကျသော ကာလ ၆ ထောင်မျှ ရမိ၏၊ ဤသို့အားဖြင့် တလလျှင် ၁၀၀ ရဆောင်းလျှင် အနှစ် ၅၀၊ ၆ သောင်း ရမိ၏၊ ယခုကာလ၌ ချမ်းသာသူခနှင့် ပြည့်စုံကြသောသူဟူသမျှဘို့မှာ 'သမဇီဝိတာ' သဓ္ဓါနှင့် ပြည့်စုံကြသော သူတို့ပေ

တည်း။ ထို့ကြောင့်၊ ထို'သမ္မောဓိဘာ'သုတ္တဒေါက်ရောကို လိုရင်းအချက်ကြီး ပေတကားဟု အထူးအားဖြင့် ဖော်ပြအပ်၏။ ထို'သမ္မောဓိဘာ'ဟူသော သုတ္တဒေါက်ရော၏ အဘိုးထိုက်တန် လေးနက်ပုံကို ယခုကာလ၌ ကြွယ်ချမ်းသာခြင်းသို့ ရောက်ကြကုန်သော နိုင်ငံခြားသားအချို့နှင့် မြန်မာလူမျိုး အချို့တို့ကို ကြည့်ရှုသောအားဖြင့် သိနိုင်ပေ၏။

ဘောဂေ သံဟရမာနဿ၊ ဘာမရဿေဝ ဣရိယတော၊
ဘောဂါ သန္နိစယာယန္တိ၊ ဝမ္မိကောဝုပစီယတိ၊
ဧဝံ ဘောဂေ သမာဟရိတွာ၊ အလမတ္တော ကုလေဂိဟီ၊
စတုဓာ ဝိဘဇေ ဘောဂေ၊ သ ဝေ မိတ္တာနိ ဂန္ထတိ၊
ဧကေန ဘောဂံ ဘုဉ္ဇေယျ၊ ဒွီဟိ ကမ္မံ ပယောဇယေ၊
စတုတ္ထဉ္စ နိဓာပေယျ၊ အာပဒါသု ဘဝိဿတိ၊

(သုတ်ပါထေယျပါဠိတော်၊ သိင်္ဂါလသုတ်။)

လောကရိပ်ငြိမ်၊ စည်းစိမ်ဥစ္စာတို့ကို၊ သေးငယ်နသားပျား၏ ပုံကဲ့သို့၊ သိမ်းဆည်းရုံးရသည့် ဖြစ်၍၊ လုံ့လကြီးကုတ်၊ အားထုတ်သော သူ၏ စည်းစိမ်ဥစ္စာတို့သည် ပုဆောင်းမိသည်၏ အဖြစ်သို့၊ ရောက်ကြကုန်၏။ တောင်ပို့ကဲ့သို့ ဆည်းဘူး၏။ အိမ်၌ နေသော သူသည် စည်းစိမ်ဥစ္စာတို့ကို ဤသို့ ရှာမှီးရုံးသည် ရှိသော်၊ အိမ်၌၊ ဝါ၊ လူ့ဘောင်၌ သားမယားနှင့် ပျော်ပါးစွာ နေခြင်းငှါ သင့်လျော်လျောက်ပတ်၊ ကောင်းမြတ်သော သဘောရှိ၏၊

စည်းစိမ်ဥစ္စာတို့ကို လေးဘို့အားဖြင့် ဝေဘန်၍ခွဲခြမ်းရာ၏။ ထိုသူသည် စင်စစ် အဆွေခင်ပွန်းတို့ကို ဖွဲ့နိုင်၏၊ တဘို့အားဖြင့် စည်းစိမ်ဥစ္စာတို့ကို သုံးဆောင်ရာ၏၊ နှစ်ဘို့တို့ဖြင့် အမှုအလုပ်တို့ကို ယှဉ်ရာ၏၊ လေးခုမြောက်သော အဘို့ကိုမူကား၊ ဘေးရန်တို့ကြောင့် သုံးစွဲရန်ဖြစ်လတ္တံ့၊ ဤသို့ နှင်ခြိုက် နှလုံးမိုက်၍၊ သိမ်းဆည်းသိုမှီး၍ ထားရာ၏၊

ခါရင်းလုပ်ပုံ။ ။'ဤသမ္မောဓိဘာ' သုတ္တဒေါဟုသည် တလ

အတွက် သို့မဟုတ်၊ 'တနှစ်' အတွက်မှာ၊ငါရသော ငွေက မည်မျှ ဖြစ်သည်၊ ကုန်ကျသော ငွေက မည်မျှဖြစ်သည် ဟူ၍၊ 'စာရင်း' အင်းသေချာစွာ ပြုလုပ်၍၊ပျက်သော အရာကို'ပြင်ဆင်'ခြင်း၊ပျောက်သော အသုံးအဆောင်ကို 'ရှာဖွေ' ခြင်း၊ မလိမ္မာသော သူတို့ကို အကြီး,အမှူးအရာ၌ 'မထား' ခြင်း၊ အသုံး,အစွဲ 'ချွေတာ' ခြင်း အားဖြင့်၊ ရသော ငွေထက်၊ ပိုမို၍ မကုန်, မကျခအောင် စည်းစနစ်' ကျနစွာနှင့် 'သုံးစွဲခြင်း'ကို ဆိုလိုသည်။ အကျဉ်းချုပ်အားဖြင့်၊ ယခုကာလ၌ 'စည်းစနစ်' ကောင်းသွှာသည် ဟူ၍ ခေါ်ဝေါ်ကြခြင်းကိုပင် ဆိုရပေမည်။ ဤသို့ 'စည်းစနစ်' ကောင်း၍၊ ဥစ္စာ,ပစ္စည်း ကြွယ်ဝသော သူတို့ကို ဆင်းရဲသော သူများက ဤသူသည် စည်းစနစ် ကြီးလွန်းသွှာသည် ဟူ၍ရင်း၊ ဆင်းရဲသားက သူဌေးဖြစ်၍ မိမိ ကိုယ်တိုင်၊ ပင်ပန်းဆင်းရဲပုံ၊ ကြုံတွေ့ခဲ့ရသဖြင့်၊ ဆင်းရဲသားကြေး တွက်သည့်ဘက်က၊ 'အောက်သက်ကြေ' သည်ဟူ၍ရင်း ကဲ့ရဲ့ ဖြစ်တင်တတ်ကုန်၏။ ထိုသူတို့သည် လောကသုံးပါးကို အကြွင်းမရှိ သိမြင်တော်မူ၍ 'လောကဝိဒူ' ဂုဏ်၊ လူနတ်တို့၏ ဆရာအစစ် ဖြစ်တော်မူ၍၊ 'သတ္တာဒေဝမနုဿာန' ဂုဏ်တို့ဖြင့် ထုံမွှမ်းချီးကျူးအပ်သော မြတ်စွာ ဘုရားသည်၊ 'သဏ္ဍဂေါ' အစားစားတို့အား ဟောကြားတော်မူအပ်သော 'ဒေသနာ' အရပ်ရပ်ဖြင့်၊ မပြတ်ဆုံးမ,ညွှန်ပြပေးတတ်သော'ဆရာ့သမား၊မိဘ'များ၏ အထံ၌၊ နည်းခံ၍'မကြီးမွှါး'ခဲ့ရကား၊မိမိတို့ ကြီးပွါးရာ,ကြီးပွါးကြောင်း ဖြစ်သော 'စည်းစနစ်' ကိုပင် 'မုန်း' သောသူနှင့် တူပေ၏။

လောကဓမ္မ,ရှစ်ဌာနတို့၌၊ နည်းနာကျကျ၊ဆုံးမပဲ့ပြင်၊ သွန်သင်ပြသလေ့ရှိသော ဆရာသွား, မိဘများ၏ အဆုံးမ၊ နည်းဥပဒေသကို မရရှိဘဲ၊ မိမိတို့ စိတ်၌ ထင်မိ,ထင်ရာ ပြုကျင့်ပြောဆိုအပ်သော အရာများသည် ပရိသတ်ခွင် ပွဲသဘင်အလယ်၌၊ ပျက်ရယ်ပြုဘွယ်ရာသာ ဖြစ်ချေသည်။ အချို့သော လူမွဲ, လူဆင်းရဲများကလည်း ငါတို့မှာ၊ သည်မျှလောက်နှင့် 'အတွက်မရှိ' ဟူသော စကားကို များများကြီး ပြောဆိုကြကုန်၏။ ထိုသို့ ပြောဆိုခြင်းမှာလည်း ငါ

တို့သည် အရက်သွား, ကစားသွားများ၊ လူရှုးများ၊သူငယ်များ ပမာ၊ဘယ်အရာကိုမျှ ဆင်ခြင်စဉ်းစား ဖြော်မြင်ခြင်းတရား မရှိသူ တို့ဟူ၍၊ တာဝန်ခံသူနှင့် တူပေ၏။ ထို့ကြောင့်၊ 'စည်းစနစ်ကြီးလှ သည်' ဟူသော စကား၊ 'အတွက်မရှိ' ဟူသော စကားတို့ကို မည်သည့်အခါမျှ မသုံးစွဲကြမူ၍၊ 'စည်းစနစ်' ကြီးမိကြရန်၊ 'အ တွက်' ကို များများကြီး 'တွက်'မိကြရန်၊ အဖန်ဖန် သတိမူကြ ကုန်ရာ၏။

ထို'သမဇီဝိတာ' ဟူသော သမ္မဒါတရားတော်၌။ ။(၃) နန္ဒံဂဝေသန္တိ။ ။ပျောက်သော အရာကို ရှာခြင်း။ ။(၂) ဇိဏ္ဏံ ပဋိသင်္ခရေန္တိ။ ။ဟောင်းနွမ်းပျက်စီးသော အရာကို ပြင်ဆင် ခြင်း။ ။(၄) ပရိမိတပါနဘောဇနာ ဓ ဟောန္တိ။ ။အတိုင်းအ ရှည်နှင့် သုံးဆောင်, စားသောက်ခြင်း။ ။(၄) သီလဝန္တံ ဣတ္ထိံ ဝါ ပုရိသံဝါ အဓိပစ္စေ ဌပေန္တိ။ ။သီလရှိသော မိန်းမကို ဇင်း၊ ယောကျ်ားကိုဇင်း အကြီး အမှူးနေရာ၌ ထားခြင်းဟူ၍ လေး ပါး အပြားရှိ၏။

ပျောက်သျှင်ရှာပုံ။ ။ထိုလေးပါးတို့တွင်။ ။(၁) နဋ္ဌံဂဝေ သန္တိ။ ။ဟူသော ပါဠိတော်၏ အဋ္ဌဂ္ဂါယ်ကား။ ။ပေါက်ဆိန်၊ ထားမ၊ ရေအိုး၊ ရေခွက်၊ စာအုပ်၊ခဲတံ၊မှင်အိုး၊ မှင်တံ၊ ဖျာ၊ ယိုင်၊ သင်ဖြူး၊ အဝတ်၊ ပုဆိုးမှ စ၍၊ ငါမိတို့ အမြဲသုံးဆောင်အပ်သော၊ အ သုံး,အဆောင်ဟူသမျှတို့ကို နေရာတကျ မထား,မသိုခြင်း၊ အထား, အသို နေရာမှားခြင်း၊ ကလေးသူငယ်တို့ ကိုင်တွယ် ကစားခြင်း၊ အိမ်နီးချင်းများ 'ခေတ္တဌါး'၍ ယူသွားခြင်း စသော အားဖြင့်၊ 'ပျောက်ရှ' ၍သွားသော အခါ၊ 'ရှာဘွေ' ခြင်းတို့ မပြုမူ၍၊အသစ်အ သစ်ကိုသာ'ဝယ်ယူ'ကာ သုံးစွဲပါက၊မကြာမီပျက်စီးခြင်းသို့ ရောက် ခဲ့ရာ၏။ထို့ကြောင့်၊ ငါမိတို့၏ အသုံး, အဆောင်ဟူသမျှတို့ကို စနစ် ကျနစွာ ထားသိုခြင်း၊ ကလေးသူငယ်တို့ ကိုင်တွယ် ခွင့်မရအောင် ထားသိုခြင်း၊ အိမ်နီးချင်းများ ဌါးယူ၍ သွားလည်း၊ လုပ်ဆောင်၍

ပြီးစီးလျှင်၊ 'မကြာမတင်' ပြန်တောင်းခြင်း၊ မမြင်,မတွေ့ ပျောက်ပျက်၍ သွားသော အခါလည်း၊ 'မရ,ရအောင်' ရှာဖွေခြင်းကို ပြုရမည် ဟူ၏။ ထိုသို့ မရှာမူ၍ ပျောက်တိုင်း အသစ်ကိုသာ ထုတ်ယူသုံးစွဲခဲ့လျှင်၊ 'ဓိႏြခ်' တလုံး, ခဲတံတချောင်းနှင့်ပင် 'မွဲပြာ' ကျဘို့ရာရှိချေသည်။ အကယ်၍ မပျောက်,မပျက်စေခြင်းငှါ၊ ရိုသေစွာထား၍၊ သုံးစွဲပါကလည်း၊ 'ဓိႏြခ်' တလုံးကိုပင် ၂-လ, ၃-လ 'ခဲတံ' တချောင်း၊ ၃-လ, ၄-လ, သုံးဆောင်ရကား၊ အကုန်, အကျနည်းပါးသဖြင့်၊ တနေ့ တခြား ဒိုရေလားသို့၊ 'တိုးပွါး' ဘို့ရာသာ ရှိချေသည်။ ထို့ကြောင့်၊ ရှင်တော်ဘုရားက 'ပျောက်ပျက်တတ်သော အရာဟူသမျှတို့ကို မရ,ရအောင် ရှာဖွေရမည်' ဟူ၍ ဟောတော်မူအပ်၏။

(၂) ပျက်လျှင် ပြင်ပုံ။ ။ဇီဏ္ဏံ,ပဋိသင်္ခရေန္တိ။ ။ဟူသော ပါဠိတော်၏ အဓိပ္ပါယ်မှာ မိမိတို့၏ အသုံးအဆောင်ဟူသမျှတို့ကို စည်းစနစ်ကျနစွာ မဟောင်း မနွမ်း, မပျက်စီးစေခြင်းငှါ၊ ရိုသေစွာ သုံးဆောင်ခြင်း မရှိပါက၊ မကြာ,မကြာ ဟောင်းနွမ်း, ပျက်စီးသော အသုံး,အဆောင်တို့ကို ဝယ်ခြမ်းရသည့် အတွက်၊ ပျက်စီးခြင်းသို့ ရောက်ခဲ့ရာ၏၊ အကယ်၍ ဟောင်းနွမ်းသော အဝတ်တို့ကို ဖွာလျှော်ခြင်း၊ စုတ်ပြတ်သော အရာတို့ကို ကောင်းစွာ 'ဖါထေး' ချုပ်စပ်ခြင်း၊ ပျက်စီး, ယိုယွင်းသော အရာတို့ကို ကောင်းစွာ 'ပြင်ဆင်' ခြင်း စသော အမှုတို့ကို ပြုလုပ်က၊ အကုန်, အကျနည်းပါးသဖြင့်၊ တနေ့တခြား၊ ဒိုရေလားသို့၊ 'တိုးပွါးကြီးမြင့်' ခြင်းသို့ရောက်,ခဲ့ရာ၏။ 'ဉာဏ်အရာ၌၊ ရှေ့လူကြီး' များ လွန်စွာ လိုက်နာကြ၍ 'ပုဆိုး' တထည်မျှကို၊ 'အနှစ်နှစ်အသယ်' ကာလပတ်လုံး၊ သုံးဆောင်,ဝတ်ရုံငြားလည်း ဟောင်းနွမ်း,ပျက်ပြားခြင်း မရှိ ဖြစ်ပေသည်။ ထိုသို့ ကျနသေသပ်စွာ ဝတ်ရုံသော လူကြီး, လူကောင်းများကို ကိုယ်တိုင် တွေ့မြင်လိုက်ဘူး၏။ 'ထို့ကြောင့်' မိမိတို့၏ အဝတ်, အစား၊ အသုံး, အဆောင်တို့ကို မဟောင်းမနွမ်း, မပျက် မစီးနိုင်အောင် သတိဆောင်၍ ဝတ်ရုံစွဲသုံးခြင်း၊ အကယ်၍ ပျက်စီး, ယိုယွင်း၊

ဟောင်းနွမ်းဆွေးမြေ့သော အခါ၌လည်း၊ ကောင်းစွာ ပြင်ဆင်, ပြု ပြင်လုပ်ကိုင်ခြင်းကို ပြုလုပ်ရမည် ဟူ၏။

(၃) မျှတစွာ သုံးဆောင်ပုံ။ ။ပရိမိတပါနဘောဇနာ စ ယောနိ့ဗ္ဗ။ ။ဟူသော ပါဠိတော်၏ အဓိပ္ပါယ်ကား၊ ယခင်ပြဆိုခဲ့ အပ်ပြီးသော နည်းအားဖြင့်၊ နေရာ 'အိမ်' နှင့် တကွ၊ ထိုအိမ်၏ 'အသုံးအဆောင်' ဟူသမျှတို့ကို အတိုင်းအရှည် မရှိဘဲ၊သုံးစွဲခြင်း ကို ပြုချေက၊မကြာမီ ပျက်စီးခြင်းသို့ ရောက်ရပေလိမ့်မည်။'ဥပမာ' လူနှစ်ယောက်, သုံးယောက်ရှိသော 'အိမ်ထောင်' တခုမှာ၊ လူ ၁၀-ယောက်၊ ၁၅-ယောက် ခန့် ဆန့်သော 'အိမ်ကြီး' ကို ဆောက်လုပ်၍ ထားခြင်း၊ မိမိတို့အား အသုံးများစွာ မကျသော 'ကိုယ်လုံးပေါ်မှန်ကြီး၊ စားပွဲခုံကြီး၊ နာရီကြီး' စသည်တို့ကို ဝယ် ခြမ်း၍ ထားခြင်း၊ လေးယောက်,ငါးယောက် စားဘို့ရာ အတွက်ကို ၁၀-ယောက်, ၁၅-ယောက်စာခန့် ချက်၍၊ 'အမို, အသွန်' ကို သွန်၍ ပစ်ခြင်း စသောအားဖြင့် မည်သည့် နေရာ၌ မဆို၊ပိုပို,မိုမိုပြု ခြင်းအားဖြင့် 'အတိုင်းအရှည်' မရှိဘဲ သုံးစွဲ, စားသောက်, ဝတ်ရုံ နေထိုင်ပါက၊မကြာမီ ပျက်စီးခြင်းသို့ ရောက်ရချေမည်။ ထို့ကြောင့် နေထိုင်ရန် အိမ်ကို ဆောက်လုပ်သော အရာ၌ ဖြစ်စေ၊ အိမ်ထောင် ပရိဘောဂ အသုံး,အဆောင်၌ ဖြစ်စေ၊ အဝတ်,အရုံ,အစား, အသောက် ၌ ဖြစ်စေ၊အတိုင်း,အရှည် မရှိ၊ သုံးဆောင်စားသောက်ခြင်းမှ အ လျဉ်း ရှောင်ကြဉ်ရမည်။ထိုသို့ ရှောင်ကြဉ်မှ ကြီးပွါးခြင်းသို့ ရောက် ရမည် ဟူ၏။ ။ 'မိတံ စညံ နိဓပေယျ၊မိတံဝ ပါစယေ ဃရေ။ ။မိတံ၊ မျှတရုံသော။ စညံ၊ စပါးကို။ နိဓပေယျ၊ ထားရာ၏။ ဃရေ၊ အိမ်၌။ မိတံဝ၊ မျှ တရုံသာ၊ ပါစယေ၊ ချက်စေရာ၏။'

(၄) အကြီးအမှူးထားပုံ။ ။သီလဝန္တံ ဇာတ္တံ ဝါ ပုရိသံ ဝါ အဓိပစ္စဋ္ဌာနေ ဌပေန္တိ။ ။ဟူသော ပါဠိတော်၏ အဓိပ္ပါယ် ကား။ ။ကိုယ်ကျင့်, သီလ မရှိ၍၊ 'စည်းစောင့်ခြင်း' မရှိသော 'မိန်းမ' ကိုဖြစ်စေ၊ 'ယောကျ်ား' ကို ဖြစ်စေ၊အကြီးအမှူး၊အစိုးတရ ပြုလုပ်ဘို့ရန် လွှဲအပ်ထားသည် ဖြစ်အံ့။ 'စည်းကမ်း' မရှိ ပြုမိ,ပြုရာ

ပြုလုပ် စီမံ ခန့်ခွဲခြင်းအားဖြင့် မကြာမီ ပျက်စီးခြင်းသို့ ရောက်ရာ၏။ 'ဥပမာ' မျောက် ကို 'ဥယျာဉ်မှူး' အရာ၌ ခန့်ထားဘိသကဲ့သို့ရင်း၊ သောက်စားမူးယစ်၊ဆိုးညစ် ,ညံ့ဖျင်း' သော သူကို၊ 'အကြီးအမှူး အရာ ဌာနန္တရ' ဖြင့်၊ချီးမြှောက်လွဲအပ်၍၊ တရုံတခုသော အရာကို ပေးအပ်မိသကဲ့သို့ရင်း ဖြစ်တတ်၏။ ထို့ကြောင့်၊ အကျင့် သီလ မကောင်းသောသူတို့ကို 'အသင်းအပင်း' ၌ ဖြစ်စေ၊ရပ်ရွာ၌ ဖြစ်စေ၊အကြီး,အမှူးအရာ၌ လွှဲအပ်၍ မထားဘဲ၊ ကိုယ်ကျင့် သီလနှင့် ပြည့်စုံသော 'မိန်းမ'ကိုရင်း၊'ယောကျ်ား'ကိုရင်း၊ 'အသင်းအပင်း' ၌ ဖြစ်စေ၊ ရပ်ရွာ၌ ဖြစ်စေ၊ အကြီး,အမှူး အရာ၌ လွှဲအပ်၍ ထားရမည် ဟူ၏။'ထိုစကားမှန်၏၊ ငါတို့ ရှင်တော်ဘုရား သက်တော်ထင်ရှား ရှိစဉ်၊ 'ဃောသက' သူဌေးကြီး အလှူပေးရာ၌၊ အစိ,အစဉ်ကို နေရာတကျ 'မစီမစဉ်' တတ်သော သူများအုပ်ချုပ်၍၊ လှူဒါန်း, ပေးကမ်း,ဝေငှစဉ်အခါက မူ၊'ရသူ ရ၊ မရသူ မရ။' တိုးဝှေကြ၊ လုယက်ကြနှင့်၊ အလွန်မှ ဒုက္ခရောက်ရလေသည်။ 'သာမာဝတီ' သတို့သမီး၊ကြီးမှူးကြပ်မ၍၊ ဝေဘန်ခွဲခြမ်း၊ ပေးကမ်းစွန့်ကြဲသောအခါ၌မူကား၊ အစီအစဉ်တို့ကို နေရာတကျ စီစဉ်၍ ပေးကမ်းလှူဒါန်းလေသောကြောင့်၊ 'သူမရ,ငါမရ'ဟူ၍ မရှိ။တိုးဝှေ့ခြင်း၊ လုယက်ခြင်းလည်း မရှိမူ၍၊ အလွန်တရာမှ 'စည်းကမ်းကျနု' ခြင်း ရှိပေသည်။ ။'ထို့ကြောင့်'၊သီလရှိသော မိန်းမကို ဖြစ်စေ၊ယောကျ်ားကို ဖြစ်စေ၊ အကြီးအမှူး နေရာ၌ ခန့်ထားရမည် ဟူပေ၏။

ယာနိ ကာနိစိ ဘိက္ခဝေ ကုလာနိ ဘောဂေ သုမဟတ္တံ ပတ္တာနိ န စိရဋ္ဌိတိကာနိ ဘဝန္တိ။ သဗ္ဗာနိ တာနိ စတူဟိ ဌာနေဟိ ဧတေသံ ဝါ အညတရေန။

ယာနိ ကာနိစိ ဘိက္ခဝေ ကုလာနိ ဘောဂေ သုမဟတ္တံ ပတ္တာနိ စိရဋ္ဌိတိကာနိ ဘဝန္တိ၊ သဗ္ဗာနိ တာနိ စတူဟိ ဌာနေဟိ၊ ဧတေသံ ဝါ အညတရေန။

(စတုအင်္ဂုတ္တရ ပါဠိတော်)

ချစ်သားတို့၊ အကြင် အလုံးစုံသော အမျိုးတို့သည် စည်းစိမ်တို့၌ မြတ်သော အဖြစ်သို့ ရောက်ကြကုန်သည် ဖြစ်၍၊ကြာမြင့်စွာ တည်ခြင်းသို့ မရောက်ကြကုန်သည် ဖြစ်ကုန်၏။ ထိုအလုံးစုံသော

အမျိုးတို့သည် ထိုလေးပါးသော အကြောင်းတို့ကြောင့်ရင်း၊ ထို လေးပါးသော အကြောင်းတို့ တွင်လည်း၊ တပါးပါးသော အ ကြောင်းကြောင့် ဖြစ်ကုန်၏၊

ချစ်သားကို၊ အကြင် အလုံးစုံသော အမျိုးတို့သည် စည်းစိမ် တို့၌၊ ကြီးမြတ်သော အဖြစ်သို့ ရောက်ကြကုန်သည် ဖြစ်၍၊ကြာမြင့် စွာ တည်ကြကုန်သည် ဖြစ်ကြကုန်၏၊ ထိုအလုံးစုံသော အမျိုးတို့ သည် ထိုလေးပါးသော အကြောင်းတို့ကြောင့်ရင်း၊ ထိုလေးပါး သော အကြောင်းတို့ တွင်လည်း၊ တပါးပါးသော အကြောင်း ကြောင့် ဖြစ်ကြကုန်၏။ ။ထိုပါဠိတော်၏ အဓိပ္ပါယ်ကို၊ လွယ်ကူ စွာ မှတ်သားစိမ့်သောငှါ၊ 'ပညာရှိ'တို့က၊ ။ 'ပျက်သည်ကို ပြင်၊ ပျောက်လျှင် ရှာဖွေ၊ သုံးလေ မျှရုံ၊ ဥာဏ်ထုံသူအား၊ မှူး မထား၊ လေးပါး ကြီးပွါးကြောင်း။ ။ပျက်ထာ မပြင်၊ ပျောက်လျှင် မရှာ၊ ဗလဗွာသုံး၊ ဉာဏ် တုံးသူအား၊ အမှူး ထား၊ လေးပါး ပျက်စီးကြောင်း' ။ ။ဟူ၍ မိန့်တော် မူကြကုန်၏။

နိုင်ငံခြားသားများ ဗဟုသုတ ရှာပုံ။ ။ဤအရာ၌၊ နိုင်ငံခြား သားတို့သည် ရှေး လူကြီး,လူကောင်းတို့ ပြုလုပ်၍ ထားခဲ့ကြကုန် သော 'အဆောက်အဦ' တို့ကို ရှာဖွေကြခြင်း၊ 'စာဟောင်း ပေ ဟောင်း' တို့ကို စုဆောင်းကြခြင်း၊'ကျောက်စာသံပိုင်း'တို့ကို ရှာ ဖွေ တူးဖေါ်ကြခြင်းအားဖြင့်၊ များစွာ လိုက်နာကြကုန်၏၊ ထိုသို့ လိုက်နာကြသည့် အတွက်လည်း၊ 'ရှေးပညာရှိ' တို့၏ 'နည်းနာ နိသျ'တို့ကို များစွာ ရကြကုန်၏။ ထိုသို့ ရခြင်းကြောင့်၊ ထိုသူတို့၏ 'ပညာဗဟုသုတ'တို့မှာ၊ တဆင့်ထက် တဆင့်၊ 'ကြီးမြင့်တိုးပွါး' ကြပြီးလျှင်၊ 'ကမ္ဘာ'ပေါ်မှာ၊ လွန်စွာ 'ကျော်စော' ထင်ရှားခြင်းသို့ ရောက်ကြကုန်၏။'ယခုအခါ'လူးဆန်းသော ပညာ အရပ်ရပ်တို့မှာ ရှေး ပညာရှိကြီးတို့၏ နည်းနာ နိဿျနှင့် 'ကင်းလွတ်' သော ပညာ ဟူ၍၊လွန်စွာ ရှားကြကုန်၏။ ။'ငါတို့မြန်မာ'လူမျိုးတို့သည်ကား၊ ထိုကဲ့သို့ ရှာဖွေခြင်းကို မပြုကြသည့်အတွက်၊ ရှေးရှေးက 'ရှိနှင့် ပြီး'သော၊ 'ပညာဗဟုသုတ'တို့ကို ရခြင်းမှ ကင်းကြကုန်၏။ ထို

ကြောင့်၊ အရာရာ၌ သုတကာတို့၏ ‚အနေက်ကျ‚နောက်ကျ’ အဖြစ်သို့သာ ကျရောက်ရကုန်၏။ ယခု အခါမှာ မူကား၊ အချို့ပညာရှိများက အတော်‚အတန် ‘သတိ’ ရကြသဖြင့်၊ရှေးအဟောင်း မှို‚ကဗျာ, လင်္ကာ, ချေင်း, ရာဇဝင်‚စာဟောင်း‚ပေဟောင်း စသည်တို့ကို ရှာဘွေခြင်း ပြုလုပ်ကြခြင်းတို့မှာ များစွာ ဝမ်းသာဘွယ် ကောင်းလှ၏။

ရှင်းတို့အပျက်ကို ပြင်ပုံ။ ။နိုင်ငံခြားသားတို့သည် ရှေး လူကြီး‚လူဟောင်းတို့ ပြုလုပ်၍ ထားအပ်သော အဆောက်‚အဦး၊ အပျက်‚အစီးတို့ကို ပြင်ဆင်လေ့ရှိကြသဖြင့်၊ ထိုသူတို့၏ နေရာ‚မြို့ရွာအချပ်ရပ်တို့၌၊ ‘ဘာဒသာ’နှင့် စပ်သော‘အဆောက်အဦး’တို့မှာ ကြီးကျယ်သည်ထက် သာ၊ ကြီးကျယ်ခြင်းသို့ ရောက်လာကြ ကုန်၏။ ငါတို့‘မြန်မာနိုင်ငံ’မှာသည်း ‘မင်း’ အဆက်ဆက်တို့ ထပ်ကာထပ်ကာ ပြင်ဆင်ကြခြင်းကို ခံယူကြရကုန်သော ‘ရွှေမှော်တော’ဘုရား၊ ‘ရွှေတိဂုမ်’ ဘုရား တို့မှာ မြန်မာနိုင်ငံ၏ ‘ကြက်သရေ’ ကို ဆောင်ကြလျက်၊ လွန်စွာမှ တင့်တယ်ခြင်းသို့ ရောက်ကြကုန်၏။ အခြားသော နေရာတို့မှာ မူကား၊ ထိုကဲ့သို့ ပြင်ဆင်ခြင်း မရှိဘဲ၊ အသစ်အသစ်တို့ကိုသာ ပြုလုပ်ကြကုန်ရကား၊ တနိုင်ငံလုံး နှံ့ပြား၍၊ဘုရားပျက်, ဘုရားမြို့, ဘုရားငုတ်တို’ တို့ဖြင့်သာ၊ ပြည့်နှက်လျက် ရှိချေ၏။ ‘စရပ်ပျက်‚ကျောင်းပျက်’ တို့မှာလည်း ‘ရွာတိုင်း, ရပ်တိုင်း’ လိုပင် ရှိချေ၏။

ဘဂဝတာ ခေါ် အာဂုသော ခဏ္ဍဖုလ္လပဋိသင်္ခရဏံ ဝဏ္ဏိတံ၊ ။

(ပါရာဇိကဏ် အဋ္ဌကထာ)

အာဂုသော၊ငါ့ရှင်တို့၊ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ခဏ္ဍဖုလ္လပဋိသင်္ခရဏံ၊ ကျိုးသည်, ပျက်သည်, ယိုယွင်းသည်ကို ပြုပြင်ခြင်းကို၊ ဝဏ္ဏိတံ၊ချီးမွမ်းအပ်၏။

ထို့မှတပါးလည်း ‘ဝသဘ’ မင်းကြီးအား၊ ‘ရဟန္တာ’ အရှင်မြတ်တို့ ဟောကြားတော် မူအပ်သော ‘အသက်ရှည်ခြင်း’ အကြောင်းတို့တွင်၊ တပါး အပါအဝင်ဖြစ်ပေသည်၊ ထို့ကြောင့်၊ အ

သစ်,အသစ်ကို ဆောက်လုပ်ခြင်းထက်၊ ဟောင်းမြည့်, ဆွေးမြည့် သည်တို့ကို အရေးတခု ပြုလုပ်,ပြင်ဆင်ကြဘို့ရာ ကောင်းပေသည်။ 'အတိုင်းအရှည်နှင့် သုံးဆောင်ရမည်'ဟူသော အရာ၌လည်း။ 'နိုင်ငံခြား'သားတို့သည် အိပ်ဘခုဆောက်လျှင် လူမည်မျှနေဘို့၊ အိပ်ကုံ မည်မျှလောက် ကျယ်ဝန်းစွာ ဆောက် ရမည်၊ 'ထုတ်' မည်မျှ၊ 'ချောက်'မည်မျှ၊ 'ဒိုင်း'မည်မျှ၊ 'မြွား'မည်မျှ၊ 'ခင်းရန်ပျဉ်' မည်မျှ၊ 'ကာရန်ပျဉ်'မည်မျှ၊ 'မိုးရန်' သွတ်မည်မျှ စသောအားဖြင့်၊ 'အသေ အချာ'တွက်ချက်၍၊ ဆောက်လုပ် ကြသဖြင့်၊ အပို,အမိ မကုန်ကျရ တော့ပေ။ ။'မြန်မာ' လူမျိုးတို့မှာကား၊ 'လက်သွား' ကလည်း မသိ။ 'အိမ်ရှင်'ကလည်း မသိ၊ ရမ်းမှန်း၍ ဝယ်ယူကြရာ အိမ်ဆောက် ပြီးသော အခါ၌၊ နှစ်ရာဘိုး,သုံးရာဘိုး ပိုမို၍ နေသည်များကို တွေ့ မြင်ကြဘူးလိမ့်မည်။

ငွေတို့စာရင်းလုပ်ပုံ။ ။နိုင်ငံခြားသား တို့သည် မည်သည့် အလုပ်အကိုင်၌ မဆို၊ စည်းကမ်းစနစ် ကျနစွာနှင့် အလုပ်, လုပ် ကိုင်ကြသဖြင့်၊ ဝင်ငွေက မည်မျှ၊ ကုန်ကျမည့် ငရိတ်ငွေက မည်မျှ ဟု နေရာတကျ သိရှိ၍၊ အဝင် နည်းလျှင်လည်း အသုံးနည်းစေ တတ်ရကား၊ ထိုသူတို့ အလုပ်များမှာ ပျက်ပြား ဆုတ်ယုတ်သည် ဟူ၍ မရှိသလောက်ပင် ဖြစ်ပေ၏။ ။မြန်မာလူမျိုး အချို့တို့မှာ မူ ကား ထိုကဲ့သို့ မပြုလုတ်တတ် ကြရကား၊ တဖြည်းဖြည်း ရှိရင်း ပစ္စည်း ပြုတ်၍၊ 'ငုတ်တုတ်နစ်'သော သူတို့သာ များကြကုန်၏။ ။ ထို့ကြောင့်၊ 'စာရင်းအင်း'ကို သေချာစွာပြုလုပ်ပြီးလျှင်၊ အထွက် အဝင်မျှတစေခြင်းငှါ၊ အရာရာမှာ, အတိုင်းအရှည့်နှင့် သာ သုံးစွဲ ကြကုန်ရာ၏။

ငွေတို့အကြီးအမှူးခန့်ပုံ။ ။အကြီးအမှူးခန့်ထားသော နေရာ ၌လည်း၊ 'နိုင်ငံခြား' သားတို့သည်၊ မိမိတို့၏ အကျိုးမဲ့ကို၊ အကယ် ၍ လုပ်လိုကလည်း၊ မလုပ်နိုင်အောင် ကြံဆောင်၍ မိမိတို့၏ အလုပ် ဌာန၌၊ အကြီးအမှူးကို ခန့်ထားတတ်ကြသဖြင့်၊ ထိုသူတို့ ကြီးမှူး ကြပ်မတ်၍ လုပ်အပ်သော 'ကုမ္ပဏီ' အဖုစပ်တို့မှာ၊ ပျက်စီးသည့်

အချက နည်းပါး၍ တိုးပွါးသော အချကသာ များချေသည်။ မြန်မာလူမျိုးတို့မှာမူကား၊ ထိုကဲ့သို့ ရိုးဖြောင့်သော သူကို၊ အကြီး,အမှူး အရာ၌ မထားတတ်ကြခြင်း၊ အကျိုးမဲ့ကို မသုပ်နိုင်အောင် မကြံဆောင် နိုင်ကြခြင်း တို့ကြောင့်၊ ပြုလုပ်အပ်သော အရပ်စပ်'ကုဋ္ဌကီ' ဟူသမျှတို့မှာ မကြာမီ ပျက်စီးတတ်ကုန်၏။ ယခုအခါ၌မူကား၊ မြတ်စွာဘုရား ဟောကြားသော ဒေသနာကို အဘော်,အသင့် အလေး, အမြတ် ပြုလာကြ၍၊ အသိ,အလိမ္မာ တိုးပွါးကြပြီဖြစ်ရကား၊ ထိုကဲ့သို့ သဘောရှိသော ကောက်ကျစ်,စဉ်းလဲသူတို့ကို၊ အကြီး,အမှူး အရာ၌ မထားလိုကြတော့ပြီ၊ ထိုကြောင့်၊ ထိုသူတို့ လုပ်အပ်သော အလုပ်တို့မှာ၊ ကြီးပွါးဖို့ရာ လမ်းပွင့်၍ လာချေပြီ။ ။ဤသို့လျှင် ပျောက်သည်ကို ရှာခြင်း၊ ပျက်သည်ကို ပြင်ဆင်ခြင်း၊ အတိုင်း,အရှည်နှင့် သုံးစွဲခြင်း၊ ကိုယ်ကျင့်သီလ ရှိသူကိုသာ အကြီးအမှူးအရာ၌ ခန့်ထားခြင်းဟု ဆိုအပ်သော 'သမဇီဝိတာ' သမ္ဗုဒ္ဓါတရားကို အထူးအားဖြင့် သတိမူကြကုန်ရာ၏။

ရှင်အာနန္ဒာဝတ္ထု။ ။ဤ'သမဇီဝိတာ'သမ္ဗုဒ္ဓါအရာ၌၊ နည်းနာယူကြဖို့ရန်၊'ကျမ်းဂန်ထွက်'စကားကို အမြွက်မျှ ရေးသားဦးအံ့။ ။ တရံရောအခါ၊သုံးလူ့ထွတ်ထား၊ ရှင်တော်ဘုရား၏၊ တရားဘဏ္ဍာစိုးဖြစ်သော'အရှင်အာနန္ဒာ' မထေရ်သည် 'ကောသမ္ဗီ'ပြည်သို့ ကြွသွားတော်မူပြီးလျှင်၊'ဥတေန'မင်းကြီး၏ ဥယျာဉ်နှင့် မဝေးမနီး တခုသော သစ်ပင်ကြီး၏ အရိပ်၌၊ နေ့သန့်ဘျက် နေတော်မူ၏။ ထိုအခါ 'ကောသမ္ဗီ'ပြည့်ရှင် ဘုရင် 'ဥတေန'မင်း၏ ကိုယ်လုပ်မောင်းမ ငါးရာမျှသော နန်းတွင်းသူမတို့သည်၊ တရားဘဏ္ဍာစိုးဖြစ်သော အရှင်အာနန္ဒာမထေရ် ကြွလာကြောင်း ကြားသိရလျှင်၊မိမိတို့ သခင် 'ကောသမ္ဗီ'ပြည့်ရှင်၊ ဘုရင် 'ဥဒေန'မင်းကြီး၏ အထံသို့ ကပ်ပြီးလျှင်၊အရှင်မင်းမြတ်၊ကျွန်ုပ်တို့၏ ဆရာ အရှင်အာနန္ဒာမထေရ်မြတ်၏ အထံသို့ ဆည်းကပ်ပြီးကာ၊ လျောက်ပတ်,သင့်တင့်သော တရားစကားကို ကြားနာဖို့ရာ ခွင့်သနားတော်မူပါမည့် အကြောင်းနှင့်

ခွင့်တောင်းပြီးကာ၊ အရှင်အာနန္ဒာမထေရ်မြတ်ထံသို့ ဆည်းကပ်ခစားကြကုန်၏။

ထိုအခါ၊အရှင်အာနန္ဒာမထေရ်မြတ်သည် မိမိအထံသို့ ဆည်းကပ်ကာ လာကြသော ငါးရာမျှသော နန်းတွင်းသူမ တို့အား တရားစကား ဟောကြားပြသ၊ဆုံးမပဲ့ပြင်၊သွန်သင်နည်းပေးခြင်းဖြင့်၊လေးမြတ်နှစ်သက်၊သဒ္ဓါထက်၍၊ကိုယ်ထက်၌ လွှမ်းခြုံအပ်သော အပေါ်ရုံတဘက်တို့ကို နှစ်သက်မြတ်နိုးစွာ အရှင်အာနန္ဒာ မထေရ်လက်သို့၊ဆက်သကပ်လှူဒါန်းပြီးကာ၊နေရာမှ ဖဲသွားကြကုန်၏။

ထိုအခါ၊ 'ကောသလ္လ'ပြည့်ရှင်၊ ဘုရင် 'ဥဒေန' မင်းကြီးသည် တရားဘဏ္ဍာစိုးဖြစ်သော အရှင် အာနန္ဒာမထေရ်၏ အထံမှ ပြန်၍ လာကြကုန်သော နန်းတွင်းသူမတို့အား သင်တို့၏ ဆရာ အရှင်အာနန္ဒာမထေရ်ကို ကြည်ညိုစွာ ဖူးမျှော်၍၊ ပူဇော်ဘွယ်ဝတ္ထုတခုခုကို ပူဇော်ခြင်း ပြုခဲ့ကြ ပါ၏လောဟု၊ စစ်ကြော မေးမြန်းသောအခါ၊ 'ငါးရာသော အပေါ်ရုံတဘက်' တို့ကို နှစ်သက်မြတ်နိုးစွာ လှူဒါန်းပူဇော်ခဲ့ပါကြောင်းကို၊ ပြန်ပြောင်း၍ လျှောက်ထားလေလျှင်၊ထိုအရှင် တပါးတည်း ဖြစ်လျက်၊ ငါးရာသော အပေါ်ရုံတဘက်တို့ကို အလှူခံရက်ပုံမှာ၊ ပုဆိုးကုန်ကူး လို၍ပင်လေလောဟု၊များစွာကဲ့ရဲ့ပြီးကာ အရှင်အာနန္ဒာမထေရ်မြတ်ထံသို့ ချဉ်းကပ်ခစားပြီးလျှင်၊ ရှင်လန်းဝမ်းမြောက် စေလျက် အသက်ထက်ဆုံး၊ မရုန်း,မခုနိုင်သော စကားတို့ကို ပြောဆိုပြီးသော အခါ၊ 'တပည့်တော်၏ မောင်းမ ငါးရာမျှသော နန်းတွင်းသူမတို့သည်၊ကြည်ဖြူစွာ ဆက်ကပ်အပ်သည့် အပေါ်ရုံတဘက်များကို အရှင်ဘုရား အဘယ်ကဲ့သို့ အသုံး ပြုလုပ်ပါသနည်း' ဟူ၍ လျှောက်ထား လေ၏။

ဒါယကာမင်းကြီး။ ဟောင်းနွမ်း, ပါးရှားသော သင်္ကန်း ရှိသော ရဟန်းတို့အား၊ ဝေ၍ သုံးဆောင်ရကြောင်းကို မိန့် ဆိုလေလျှင်၊'အရှင်ဘုရား၊ ထိုဟောင်းနွမ်းသော သင်္ကန်းများကို အဘယ်

သို့ အသုံးပြုပါသနည်း'ဟု၍ လျှောက်ပြန်ရာ၊ ဒါယကာ 'မင်းကြီး' ထိုသက်န်းများကို၊ 'ခတင်,ညှောင်ခေါင်း' တို့၌ ခင်းရန် အသုံးပြုကြောင်းကို မိန့်ဆိုပြန်လျှင် 'ထိုခင်းအပ်သော အခင်းဟောင်းတို့ကို အဘယ်သို့ အသုံးပြုပါသနည်း'ဟု၍ လျှောက်ထားပြန်ရာ ထိုခင်းနှီးအဟောင်းတို့ကို 'ဘုံလျှိုအလွှမ်း' ပြုလုပ်ရကြောင်းကို၊ မိန့်ဆိုတော်မူပြန်လျှင် 'အရှင်ဘုရား။ ရှေးက ရှိနှင့်ပြီးသော ဘုံလျှိုအလွှမ်းအဟောင်းများကို၊ အဘယ်သို့ ပြုလုပ်စီမံပါသနည်း' ဟု၍ လျှောက်ထားပြန်ရာ၊ ထို ဘုံလျှိုလွှမ်းတို့ကို၊ 'ကြမ်းခင်း' ပြုလုပ် ထားရကြောင်းကို မိန့်ဆိုပြန်လျှင်၊ 'အရှင်ဘုရား၊ ယခင်က ခင်းထားသော ကြမ်းအခင်းဟောင်းများကို အဘယ်သို့ အသုံးချပါသနည်း'ဟု လျှောက်ထားပြန်ရာ၊ ထိုကြမ်းခင်းနှီးတို့ကို၊ 'ခြေသုတ်ပုဆိုး'ပြုလုပ်၍ ထားကြောင်းကို မိန့်ဆိုတော်မူပြန်လျှင်၊ 'အရှင်ဘုရား၊ ယခင်က ပြုလုပ်၍ ထားအပ်သော ခြေသုတ်ပုဆိုးတို့ကို၊ အဘယ်သို့ အသုံးချပါသနည်း'ဟု၍ လျှောက်ထားပြန်ရာ၊ ထိုခြေသုတ်ပုဆိုးများကို 'မြူမှုန်' များကို ပုတ်ရန် ပြုလုပ်၍ ထားကြောင်းကို မိန့်ဆိုပြန်လျှင်၊ 'အရှင်ဘုရား၊ ယခင်က ရှိနှင့်သော 'ဖုန်ပုတ်'ပုဆိုးများကို အဘယ်သို့ အသုံးချပါသနည်း'ဟု၍ လျှောက်ထားပြန်ရာ၊ ထိုခြေသုတ်ပုဆိုးဟောင်းများကို 'ထားဖြင့်'ညက်စွာ စင်းလျက်၊ မြေညက်နှံ့တို့နှင့် ရောနယ်ပြီးလျှင်၊ 'မြေကြီး' ကို လိမ်းကျံရကြောင်းကို မိန့်ဆိုတော်မူသော အခါ၊ 'သာကီဝင်' မင်းသား 'ရဟန်းတော်' အရှင်များသည် ပစ္စည်း,ပရိက္ခရာတို့ကို သုံးစွဲသော အရာ၌၊ လွန်စွာ 'ချည်းကမ်းစနစ်ကျန' သေချာလှပေသည်တကားဟု၊ အားရနှစ်သက်စွာ ငါးရာသော အပေါ်ရုံပုဆိုးများကို ထပ်မံကာ လှူဒါန်း၍ နေရာမှ ပဲ သွားလေ၏။ ။ထိုအကြောင်းကို 'ဝိနည်းစူဠဝဂ္ဂပါဠိတော်'၌ ဟောကြားတော်မူအပ်၏။

ဤဝတ္ထုဖြင့်၊ အသုံး,အစွဲ သေချာကျစ်လစ်၍၊ 'သမဂ္ဂီဝိတာ' သမ္မဒါတရားနှင့် ပြည့်စုံသည်ကို ပြဆို၏၊ ထိုနည်းကို မှီးယူကြပြီးလျှင် စည်းကမ်းစနစ် ကျနသေချာစွာ မိမိတို့၏ ပစ္စည်း,ဘဏ္ဍာတို့

ကိုလည်း 'သမဇီဝိတာ' သမ္ပဒါတရားနှင့် ပြည့်စုံအောင် သုံးဆောင်ကြရမည် ဟူ၏။ ။ထို'သမဇီဝိတာ' သမ္ပဒါတရားတော် အလိုမှာ၊ 'အရေးရေး၌ ချွေတာ စစ်စီ ရမည်' ဟု ဆိုလိုသည် မဟုတ်၊ အကြောင်း မဟုတ်ရာ၌၊ မကုန်ခန်း,မလေ,မလွင့်ရအောင် 'ကျစ်လစ်', စွာ သုံးစွဲရမည်။ ကုန်ကျသင့်သော အရာဖြစ်က၊မည်မျှလောက်ပင် ကုန်ကျသည် ဖြစ်စေ၊ 'နှမြော စစ်စီ'ခြင်း မရှိရဟု ဆိုလို၏၊ ထို စကားအရ၊ နည်းနာကျနဘွယ်ရာကို ပြခင်ဦး အံ့။

သူဌေးကတော်ဝတ္ထု။ ။ငါတို့ ရှင်တော်ဘုရား သက်တော် ထင်ရှားရှိတော်မူစဉ်အခါက၊ 'တက္ကသ' လုံး၌ပင် တိကိစ္ဆကဟု၊ သိပ္ပအကျော်၊တော်တံဆိပ်ရ၊သမားတော် 'ဇီဝက'သည်၊ ခေါင်းခဲ ရောဂါ စွဲကပ်နေသော 'သူဌေးကတော်'မကြီး တဦးအား ဆေးဝါး ကုသရာ 'ထောပတ်' နှင့် ရောသော နှာကို နှာနှတ်လေရာ၊ နှာ ခေါင်းမှ ထွက်ကျသော 'ထောပတ်' အစက်များကို အလုပ်သမား တို့အား 'ဝါဂွမ်း' ဖြင့် တို့ထုတ် ယူ၍ ထားစေသည့် အရာကို၊ဆရာ 'ဇီဝက' မြင်လျှင် 'ဤအိမ်ရှင်သူဌေးကတော်'မကြီးမှာ လွန်စွာ 'ခြိုးလဲ' လေစွတကား။ အဘိုးထိုက်လှသော 'ဆေးဝါး'တို့ကို၊ အကုန်,အကျခံ၍ ကုရသော် ငြားလည်း၊ ငါ့အား 'အချည်းနှီး' ဖြစ်ယောင်တကားဟု၊ များစွာ နှလုံး မသာ၊ မျက်နှာ မလှသည့် ဖြစ်အင်ကို၊ သူဌေးကတော်မကြီး မြင်လေလျှင်၊ အသင်'ဇီဝက' သင်၏ ဆေးဘိုးမဓမှာကို ကြောင့်ကြခြင်း မရှိပါနှင့်၊ ရောဂါပျောက်ကင်း ချမ်းသာခြင်း ရှိအောင်သာ ကောင်းစွာ ကုသပါလေ၊ 'ငါတို့ လူများမှာ၊ မကုန်သင့်သော အရာ၌၊ မကုန်ရစေခြင်းငှာ၊ ရွက်ဆောင်အား သစ်၍၊ စည်းကမ်းစနစ် ကျနစွာ လုပ်ကိုင်နိုင်မှ သာလျှင်၊ 'ငွေရှင်,ရွှေရှင်' သူဌေးကြီး, သူကြွယ်ကြီး ဖြစ်နိုင်ပါသည်။' ထိုကြောင့်၊ 'အချည်းနှီး' အလဟဿ သက်သက် မကုန်မကျ သင့်သော ဤ 'ထောပတ်' အစက်ကလေးများကို သိမ်းယူ၍ ထားသော်လည်း ဆရာ'ဇီဝက' အား ပေးကမ်းဘွယ်ကိုမူကား၊ မငြို,မငြင်၊ လိုအင်ဆန္ဒ၊ ပြည့်ဝလေအောင်၊ ဆရာ 'ဇီဝက'၏ ကျေးဇူးကို ဆပ်ပါမည်ဟူ၍ ပြော

ဆိုပြီးကာ၊ အနာရောဂါပျောက်ကင်းလျှင်၊ မိမိကိုယ်တိုင် ကပင် 'အသပြာလေးဆောင်' သုချ၍၊ သား, ချွေးမ, သူဌေးကြီး တို့က လည်း၊ အသပြာလေးထောင်စီ သုချပြီးကာလ၊ ကျွန်မိန်းမ, ကျွန် ယောကျ်ား, မြင်းခထားတို့ပါ၊ ကောင်းစွာ ပူဇော်လိုက်ကြကုန်၏။

ကုန်သင့်,မသင့် ဆင်ခြင်ပုံ။ ။ဤဝတ္ထုဖြင့်၊ မကုန်သင့်သော အရာဖြစ်က၊ 'တချင်ရွေး'မျှ မကုန်ကျစေမူ၍၊ ကုန်ကျသင့်သော အရာ၌မူကား၊ နှမြောတွန့်တိုခြင်း မရှိ၍၊ လှူဒါန်းပေးကမ်းသည့် အ ရာကို ပြဆိုပေ၏။ ။ဤနည်းကို မှီ၍ မိမိတို့လည်း မကုန်သင့်သော အရာဖြစ်က၊တချင်ရွေးမျှ မကုန်, မကျရအောင်၊ အားထုတ်ကြ၍၊ ကုန်ကျသင့်သော အရာ၌ 'နှမြော'တွန့်တိုခြင်း မရှိမိအောင်၊အထူး သတိဆောင်ကြကုန်ရာ၏။ ။'ရှေးမြန်မာ' လူကြီး, လူဟောင်းတို့ မှာ၊ ဤနည်းကို လွန်စွာ လိုက်နာကြကုန်၏။ ။ယခုကာလ၌၊ ပွဲ လမ်းသဘင် လိုက်စားခြင်း၊ သေသောက်ကြူးခြင်း၊ လောင်းတမ်း ကစားကြူးခြင်း၊ အဝတ်အစား၌ လျှပ်ပေါ်ခြင်း စသော အားဖြင့်၊ အကျိုးမရှိဘဲ ကုန်ကျသော အရာသာ များကြသဖြင့်၊ တနေ့ထက် တနေ့မွဲ၍၊ 'ဆင်းရဲခြင်း'သို့သာ ရောက်ကြချေကုန်ပြီ၊ကုန်သင့်သော အရာသို့ ကျလျှင်လည်း အလွန် နှမြောတွန့်တိုကြကုန်၏၊အချို့ကား အလကားသက်သက် ငွေတရာကိုးဆယ်ကို ဖြုန်းနိုင်သော်လည်း၊ အဘိုးမဖြတ်နိုင်အောင် ထိုက်သော အသိအလိမ္မာတို့ကို တိုးပွါး စေတတ်သော ဝိ-တန်စာအုပ်ကို ဝယ်ကြည့်ရန် လွန်စွာ နှမြော ကြကုန်၏၊ တမူးတန်အတွက်၊ တထောင်တန်ပျက်သည်ကို ခံလို တတ်ကြကုန်၏။ ငါးမူးတန်, တကျပ်တန် မျှသော 'အိမ်သော့ခ လောက်' စသည်တို့ကို နှမြောသည့် အတွက်၊ တထောင်တန်ပျက် စီးသော သူကဲ့သို့ ဖြစ်တတ်၏။ အချို့သော သူတို့ကလည်း ကုန် သင့်သော အရာဟူ၍ရင်း၊ မကုန်သင့်သော အရာဟူ၍ရင်း၊ စဉ်း စားဆင်ခြင်ခြင်း မရှိဘဲ၊ အမြဲနှမြော ကြပြီးကာ၊ သူတကာအား လည်း မလှူဒါန်း။ မိမိလည်း မစား,မသောက်နိုင်၊ 'အာဂန္တုက' သူဌေးကြီးအလား၊ မိမိသေသွားသော ကာလ၊ မိမိ သား,မယား

နှင့် တကွ၊မိမိဥစ္စာပစ္စည်းဟူသမျှတို့ကို တပါးသူတို့ကသာ ခံစား ကြကုန်၏။

သူဌေးစဉ်းလဲဝဏ္ဏ။ ။ထိုစကားကို ချဲ့ဦးအံ့။ ငါတို့ သုံးလူ ထွတ်ထား၊ ရှင်တော်ဘုရား ရှိတော် မူစဉ်၊ 'သာဝတ္ထိ' ပြည်တွင် 'ရွှေဒင်္ဂါး' သက်သက်အားဖြင့်၊ 'သိန်းပေါင်း' ၈၀ ကြွယ်ဝ၍၊ 'ငွေဒင်္ဂါး'ဝယ် ရေတွက်၍ မရနိုင်ဘွယ်၊ကြွယ်ဝ,ပေါများလှသော 'အာဂန္တုက' သူဌေးကြီးသည် ကောင်းမွန် မြိန်မြတ်သော ခဲ ဘွယ်,ဘောဇဉ်ဟူသမျှကို အနည်းငယ်မျှ သုံးဆောင်ခြင်း မရှိမူ၍၊ 'ဆန်ကွဲထမင်း,ပုံးရည်ဟင်း' ကိုသာ အခါခပ်သိမ်း စားသောက် ၏၊ဝတ်ဆင်ယင်သည့် အရာမှာလည်း ပိုး,ဖဲ,ကတ္တီပါ,ကမ္ဗလာ စ သော ကောင်းမွန်သော အဝတ်တို့ကို၊ ဝတ်ဆင်ယင်ခြင်း မရှိမူ၍၊ ပိုက်ဆံ ချောင်မြှင် ဖြင့်သာ ရက်အပ်သော 'ငုံနီဒိတ်' ပမာ လွှန် စွာ ကြမ်းသော အဝတ်တို့ကိုသာ ဝတ်ရုံ၏၊ ရထားမှာလည်း ကောင်းမွန်သော ရထားကို မစီးမူ၍၊ သူတကာ စွန့်ပစ်၍ ထားသော ရထားဆွေး, 'ရထားဟောင်း' တို့ကို စီးလေ့ ရှိ၏။ထီးမှာလည်း၊ ကောင်းမွန်သော ထီးတို့ကို မဆောင်းမူ၍၊ 'သစ်ရွက်'ဖြင့် ပြုလုပ် အပ်သော ထီးကိုသာ ဆောင်းလေ့ ရှိ၏။ ။ထို'အာဂန္တုက' သူဌေးကြီးသည် ထိုပစ္စည်း, ဥစ္စာ တို့ကို မိမိကိုယ်တိုင်လည်း မ သုံးဆောင်၊ မိဘတို့ကိုလည်း လုပ်ကျွေးမွေး မြူခြင်းကို မပြု၊ သား,မ ယားတို့အားလည်း မကျွေးမွေး၊ ကျွန်အမှုလုပ်တို့ အား လည်း သုချ ပေးကမ်းခြင်း မရှိ၊ အဆွေခင်ပွန်း တို့အား ချီးမြှင့်, မစရန် လည်း နှလုံးမထား၊ ရဟန်း,သံဃာ တို့အားလည်း လှူဒါန်းခြင်းကို မပြု၊ ဗုဒ္ဓတ မနေ၊ သေလွန်၍ သွားသော ကာလ၊ အမွေခံ, အမွေ စား ဟူ၍ တယောက်မျှ မရှိသဖြင့် 'မင်းဘဏ္ဍာ' ဖြစ်ရလေ၏။

ရေအိုင်ဥပမာ။ ။'ဥပမာ' ဆိုသည် ရှိသော်၊ မြို့ရွာနိဂုမ်း နှင့် မနီးမဝေးသော အရပ်တွင်၊ ကြည်လင်, ကောင်းမြတ်သော 'ရေအိုင်' ကြီးတအိုင်သည် ရှိ၏။ ထိုရေအိုင်ကြီး၌ လူသားကို စား တတ်သော'ဘီလူးရက္ခိုသ်'တို့၊ ထိမ်းဆည်းစောင့်ရှောက်၍ နေရ

ကား၊လူအများတို့ သုံးစွဲခွင့် မရမူ၍၊အချည်းနှီးသက်သက်၊ ခန်းခြောက် ပျောက်ပျက်ခြင်းသို့ ရောက်ရသကဲ့သို့၊ ထိုအတူ၊ အလွန်တရာ စဉ်းလဲသော သူသည့် ဥစ္စာ,ပစ္စည်းတို့ကို ရဆောင်းမိသော အခါကာလ၊မိမိလည်း မသုံးဆောင်၊ သူဘပါးတို့အားလည်း ပေးကမ်း,စွန့်ကြဲခြင်းကို မပြုချေ။ပညာရှိသော ပုဂ္ဂိုလ်သည် ထိုကဲ့သို့ သဘောရှိသော ဥစ္စာ,ပစ္စည်းတို့ကို ရသောကာလ၊ မိမိလည်း သုံးဆောင်၊ သူတပါးကိုလည်း ပေးကမ်း,လှူဒါန်း,စွန့်ကြဲ၊ ဆွေမျိုးတို့အားလည်း ချီးမြှောက်,ထောက်ပံ့ခြင်းကို ပြု၍၊သူတပါးတို့ ကဲ့ရဲ့ ပြစ်ဘင်ခြင်းမှ ကင်းလွတ်ပြီးလျှင်၊သေသော အခါ နတ်ရွာသို့ လားရ,ရောက်ရ၏။

အမနုဿဌာနေ ဥဒကံ ဝ သီတံ၊ တဒပေယျမာနံ ပရိသောသမေတိ။
ဧဝံ ဓနံ ကာပုရိသော လဘိတွာ၊ နေဝတ္တနာ ပရိဘုဉ္ဇတိ န ဒဒါတိ။
ဓီရော စ ဝိညူ အဓိဂမ္မ ဘောဂေ၊ သော ဘုဉ္ဇတိ ကိစ္စကရော စ ဟောတိ။
သော ဉာတိသံဃံ နိယံ သဂေါ ကရိတွာ၊ အနိန္ဒိတော သဂ္ဂမုပေတိ ဌာနံ။

(ကောသလသံယုတ် ပါဠိတော်)

ဘီလူးရက္ခိုသ်တို့၏ နေရာ၌၊ မိုးဃ်းရွာ၍ ချအပ်သော ရေသည် ရှိ၏။ထိုရေသည် ချိုးသောက် သုံးဆောင်ခြင်းငှါ မရသည် ဖြစ်၍ ခြောက်သွေ့ခြင်းသို့ ရောက်၏။ ဤအတူ စဉ်းလဲသော (ဝါ) စီးနဲသော ယောကျ်ားသည် ဥစ္စာ,ပစ္စည်းကို ရ၍းမိမိသည် မသုံးဆောင်၊ သူတပါးတို့အား လှူဒါန်း,ပေးကမ်းခြင်းကို မပြု။ ပညာရှိသော အသျှဒါန၌ လွန်စွာ ရဲရင့်,ရက်ရော သူသည် စည်းစိမ်တို့ကို ရ၍ ထိုသူသည် မိမိလည်း စားသောက်,သုံးဆောင်၏။ပြုဘွယ်ကိစ္စ အဝဝတို့ကို ပြုလေ့ရှိသည်လည်း ဖြစ်၏။ ထိုပုဂ္ဂိုလ်သည် ဆွေမျိုးအပေါင်းကို အမြဲမပြတ် ချီးမြှောက်,ထောက်ပံ့ခြင်းကို ပြု၍ ကဲ့ရဲ့အပ်သော အပြစ်မှ ကင်းလွတ်သည် ဖြစ်၍ နတ်ပြည်သို့ ရောက်ရလေ၏။ ဤဝတ္ထုဖြင့် ပစ္စည်း,ဥစ္စာတို့ကို မသုံးစွဲမူ၍၊ အလွန်တရာ စဉ်းလဲခြင်း၏ အပြစ်ကို ပြဆို၏။ ။ဤကား သာသနာတော် ကျမ်းလာ

ဥစ္စာ,ပစ္စည်းတို့ကို စဉ်းလဲခြင်း၏ အပြစ်ကို ပြဆိုအပ်သော စကား ရပ်တည်း။

စဉ်းလဲခြင်းအပြစ်။ ။သိုမှတပါးဟိဘောပဒေသကျမ်းလာ၊ ဥစ္စာ,ပစ္စည်းတို့ကို၏ စဉ်းလဲခြင်း၏ အပြစ်ကို ပြဆိုဦးအံ့၊ ။ရေကန်တည်း၌ ရိုလျှံသော ရေတို့ကို၊ ထုတ်ပစ်သော မြောင်းသည်သာလျှင်၊တဘက်ဆည်းကန်၌ အဆမဘန် တည်နေကြသော ရေတို့ကို စောင့်ရှောက်ရာ ဖြစ်သကဲ့သို့၊ထိုအတူ စွန့်ကြဲ,ပေးကမ်းခြင်းသည် သာလျှင် ဆည်းဘူးအပ်ကုန်သော စည်းစိမ်,ဥစ္စာတို့၏တည်ရာ ဖြစ်၏၊

ဥပဇ္ဇိတာနံ ဝိတ္တာနံ၊ စာဂေါ ဧဝ ရက္ခဏံ။
တဋ္ဌာကောဒရသဏ္ဌာနံ၊ ပရိဝါဟော ဣဝ အမ္ဘုနံ။

အကြင့်ကြောင့် မြောင်းသည် တဘက်ဆည်းကန်၏ အတွင်း၌၊ တည်ကြကုန်သောရေတို့၏ စောင့်ရှောက်ရာ,စောင့်ရှောက်ကြောင်း ဖြစ်သကဲ့သို့၊ မိခင်,ဘခင်,အိမ်ရှင် ဇနီး,သို့းနှင့်သား,လုပ်သား မျိုးဆွေ,ထေရ်မှုန်ရဟန်း တို့အား၊ ပေးကမ်းလှူဒါန်း စွန့်ကြဲခြင်းသည် သာလျှင်၊ ဆည်းဘူးအပ်ကုန်သော ပစ္စည်းဥစ္စာ,ရတနာတို့၏ စောင့်ရှောက်ကြောင်းဖြစ်၏၊

စဉ်းလဲသော သူသည် အကြင်ဥစ္စာ,ပစ္စည်းတို့ကို နက်စွာတူးပြီးလျှင် အောက်မြေကြီးဘွင်မြှုပ်၍ ထား၏။ ထိုဥစ္စာတို့သည် နဂါးပြည်သို့ သွားရာ လမ်းခရီးမှာ တည်ရကား မည်သူအားမျှ အကျိုးမရှိချေ။

ယံဒဒါမေ ဒိတိ°ဝိတ္တံ၊ နိစခါန မိတမ္ဘဓော။
တဒဓော နိလယံ ဂန္တုံ၊ စက္ကေ ပန္ထာန မဂ္ဂတော။

စဉ်းလဲသော သူသည်မြေ၌ အောက်အောက်၌ အကြင်ဥစ္စာ, ပစ္စည်းကို မြှုပ်ထားအပ်ငြီ။ထိုဥစ္စာသည် အောက်နဂါးပြည်သို့ သွားခြင်း၅ါ လမ်းတို့၏ အစဖြစ်၏။

အကြွင်သူသည် မိမိ၏ ချမ်းသာကို တားမြစ်လျက်၊ဥစ္စာ,ပစ္စည်းတို့ကို ရှာမှီးရန် အလိုရှိ၏။ထိုသူသည် သူတပါး၏ ကျိုး၌ ဝန်ထုပ်, ဝန်ပိုးကို ထမ်းသော ကုလီဗမာ ဆင်းရဲခြင်း၏သာ တည်ရာ ဖြစ်ပေ၏။

နီဇသောချံ နိရုန္ဓာနော၊ ယော ခနဇ္ဇနမိန္ဒတိ။
ပရ ဣဿံ ဘာရဝါဟိ၀၊သ လွေသဿေ၀ ဘာဇနံ။

အကြွင်သူသည် မိမိ၏ ချမ်းသာကို ပိတ်ပင်လျက်၊ ဥစ္စာ,ပစ္စည်းကို ဆည်းဘူးရှာမှီးခြင်းကို အလိုရှိ၏။ ထိုသူသည် သူတပါး၏ အကျိုး၌ ဝန်ကို ထမ်း၍ လာသော ကုလီကဲ့သို့၊ပင်ပန်းဆင်းရဲခြင်း၏သာလျှင် တည်ရာသည် ဖြစ်၏။

အကယ်၍ ပေးကမ်း,လှူဒါန်းခြင်း၊သုံးဆောင်ခြင်းမှ ကင်းသော ဥစ္စာ,ပစ္စည်းတို့ဖြင့် ကြွယ်ဝချမ်းသာသောသူ မည်ခဲ့ချေငြားအံ့။ ထိုကဲ့သို့ သဘောရှိသော မသုံးစွဲ,မစားရဘဲ၊မြေတည်း၌ ရှိသော ဥစ္စာ,ပစ္စည်းတို့ဖြင့် ငါတို့လည်း အဘယ်မှာ ဥစ္စာရှင် မမည်ဘဲ ရှိနိုင်ပါကုန်အံ့နည်း။

ဒါနော ပဘောဂ ဟီနေန၊ ခနေန ခနိနော ယဒိ။
ဘ၀ါမ ကိံ န တေနေ၀၊ ခနေန ခနိနော မယံ။

ပေးကမ်း,လှူဒါန်းခြင်း၊ သုံးဆောင်ခံစားခြင်းမှ ကင်းသော ဥစ္စာ,ဖြင့် ဥစ္စာရှင် မည်ကြကုန်သည် အကယ်၍ ဖြစ်ကုန်ငြားအံ့။ထိုမသုံးစွဲရဘဲ မြေတည်း၌ ရှိသော ဥစ္စာမျိုးဖြင့် ငါတို့သည် ဥစ္စာရှင် တို့သည် အဘယ်မှာ မဖြစ်နိုင်ဘဲ ရှိကုန်အံ့နည်း။

အကြွင် ပုဂ္ဂိုလ်အား ပေးကမ်းလှူဒါန်းခြင်း၊ သုံးဆောင်,ခံစားခြင်း ကင်းကုန်သည် ဖြစ်၍၊နေ့တို့သည် စင်စစ် ကုန်ခန်း၍ သွားကုန်ငြားအံ့။ ထိုသူသည် ပန်းဘဲသွားတို့၏ ဖါးဖိုကဲ့သို့ ထွက်လေ,ဝင်လေတို့ကို ရှူရှိုက်၍ နေသော်လည်း အသက်မရှိသော ‘လူသေ’ပင် မည်၏။

ဒါနော ပဘောဂ ဟီနာ စ၊ ဒိ၀သာ ယဿ ယန္တိ ဝေ။
သ ကမ္မကာရ ဘသ္တဿေ၀၊ သသမပိ န ဇီ၀တိ။

အကြွင်သူအား ပေးကမ်းစွန့်ကြဲခြင်း၊ သုံးဆောင် ခံစားခြင်းမှ ကင်းကုန်သည် ဖြစ်၍၊ နေ့ဘို့သည့် စင်စစ် လွန်ကုန်၏။ ထိုသူသည် ပန်းဘဲသွားတို့ ဖါးဖို'ကဲ့သို့ ထွက်လေ,ဝင်လေတို့ကို ရှူရှိုက်၍ နေ သော်လည်း အသက်ရှင်သည့် မမည်။

အကြွင်သူသည် သူတပါးကိုလည်း မပေးကမ်း,မလှူဒါန်း။ မိမိ လည်း သုံးဆောင်,စားသောက်ခြင်းကို မပြု၊ထိုသူအား ဥစ္စာ ဖြင့် ဘယ် အကျိုးရှိအံ့နည်း။ အကြွင်သူသည့် မိမိရန်သူကို နှိပ်နင်းခြင်း ငှါ မစွမ်းနိုင်၊ထိုသူအား ခွန်အားဗလဖြင့် ဘယ်အကျိုး ရှိအံ့နည်း။ အကြွင် သူသည် တရားကို မကျင့်။ ထိုသူအား အကြား, အမြင် ပညာ ဗဟုသုတဖြင့်၊ ဘယ်အကျိုး ရှိအံ့နည်း။ အကြွင်သူသည် မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်ဟု ဆိုအပ်သော ဒွါရခြောက်ကို မ အောင်မြင်နိုင်။ ထိုသူအား ဤခန္ဓာကိုယ် ဖြင့် ဘယ်အကျိုးရှိအံ့ နည်း။

စနေန ကိံ ယော န ဒဒါတိ နာသ္နုတေ၊
ဗလေန ကိံ ယော စ ရိပုံ န ဗာဓတေ။
သုံတေန ကိံ ယော န စ ဓမ္မမာစရေ။
ကိံမတ္တနာ ယော န ဇိတိန္ဒြိယော ဘဝေ။

အကြွင်သူသည် ပေးကမ်းလှူဒါန်းခြင်းကိုလည်း မပြု၊ စား သောက်သုံးစွဲခြင်းကိုလည်း မပြု။ ထိုသူအား ဥစ္စာပစ္စည်းဖြင့် အ ဘယ်အကျိုး ရှိအံ့နည်း။ အကြွင်သူသည်လည်း ရန်သူကို မနှိမ်နင်း နိုင်။ထိုသူအား ခွန်အားဗလဖြင့် အဘယ်အကျိုးရှိအံ့နည်း။ အကြွင် သူသည်လည်း တရားကို မကျင့်။ ထိုသူအား အကြား, အမြင် ဗဟုသုတဖြင့် အဘယ်အကျိုး ရှိအံ့နည်း။ အကြွင် သူသည်လည်း မျက်စိ,နား,နှာ,လျှာ,ကိုယ်,စိတ်ဟု ဆိုအပ်သော ဒွါရခြောက် ပါးကို အောင်မြင် နိုင်ခြင်းရှိသည် မဖြစ်။ ထိုသူအား ဤခန္ဓာကိုယ်ကြီးဖြင့် အဘယ်အကျိုးရှိအံ့နည်း။

စဉ်းလဲသော သူ၏ ဥစ္စာ,ပစ္စည်းသည် ပေးကမ်း,လှူဒါန်းခြင်း၊ စားသောက်,သုံးစွဲခြင်း မရှိသဖြင့်၊ လူမွဲတို့နှင့်ပင် တူမျှပေ၏။ အ

ကယ်၍ ပျက်ပြား ဆုတ်ယုတ်သည် ရှိသော်၊ ဆင်းရဲခြင်းဖြင့်သာ ၎င်း ဥစ္စာကား ထိုသူ၏ ဥစ္စာ ဟူသော ခေါ်ဆိုရုံမျှသာ ရှိပေ၏။

အသမ္ဘောဂေန သာမန္တ၊ ကပဏဿ ဓနံ ပရေ။
အသေဒမိတိ သမ္ဗန္ဓော၊ ဟာနော ဒုက္ခေန ဂမျတေ။

စဉ်းသဲသော သူ၏ ဥစ္စာသည် မသုံးဆောင်, မစားသောက်ဘဲ နေခြင်းဖြင့် လူပွဲ,လူဆင်းရဲ ဘို့နှင့် တူမှုပေ၏။ ပျက်စီး, ဆုတ်ယုတ်ခဲ့ သည် ရှိသော်၊ ဆင်းရဲ ပင်ပန်းခြင်းဖြင့် ထိုလူစဉ်းလဲ၏ ဥစ္စာတည်း၊ ၎င်းသို့ စပ်သည် ဖြစ်၍ သိအပ်, မှတ်အပ်၏။

စဉ်းလဲသော သူ၏ ဥစ္စာသည် နတ်၏ အကျိုးငှါလည်း မဖြစ်၊ ရဟန်း,ပုဏ္ဏားတို့၏ အကျိုးငှါလည်း မဖြစ်။ ဆွေမျိုးတို့၏ အကျိုး ငှါလည်း မဖြစ်၊ မိမိအကျိုးငှါလည်း မဖြစ်။ စင်စစ်သော်ကား မီး ဘေး,ခိုးသူဘေး,မင်းဘေးတို့ဖြင့် ပျက်စီးခြင်းသို့ ရောက်ရ၏။

န ဒေဝါယ န ဝိပ္ပါယ၊ နဗန္ဓူနံ န အတ္တနော။
ကပဏဿ ဓနံ ယာတိ၊ အဂ္ဂိ တက္ကရပါထိဝေ။

စဉ်းလဲသော သူ၏ ဥစ္စာသည် နတ်အကျိုးငှါ မရောက်။ ဆွေမျိုး တို့၏ အကျိုးငှါ မရောက်၊ မိမိ၏ အကျိုးငှါ မရောက်။ မီးဘေး,ခိုးသူ ဘေး, မင်းဘေး တို့ဖြင့် ပျက်စီးခြင်းသို့ ရောက်၏။

ပေးကမ်း,စွန့်ကြဲ လှူဒါန်း၍ ကုန်ခန်းခြင်း၊ သုံးဆောင်,စားသော် ၍ ကုန်ခန်းခြင်း။ ပျက်စီး ၍ ကုန်ခန်းခြင်း ဟူ၍ ဥစ္စာ,ပစ္စည်း၏ ကုန် ခန်းခြင်းတို့သည် သုံးမျိုး ရှိကုန်၏၊ အကြင်သူသည် ပေးလှူခြင်းကို လည်း မပြု၊ သုံးဆောင်,စားသောက်ခြင်းကိုလည်း မပြုသည် ဖြစ်အံ့၊ နောက်ဆုံး တနေ့မှာ ပျက်စီးခြင်းသို့သာ ရောက်ရာ၏။

ဒါနံ ဘောဂေါ နာသော၊ ဂတိယော ဘဝန္တိ ဝိတ္တဿ။
ယော န ဒဒါတိ န ဘုဉ္ဇေ၊ တဿ တတိယာဂတိ ဘဝတိ။

အလှူပေးခြင်းငှင်း၊ သုံးဆောင်ခြင်းငှင်း၊ ပျက်စီးခြင်းငှင်း၊ ဥစ္စာ ပစ္စည်း၏ ဖြစ်ပုံတို့သည် သုံးပါးတို့သည် ဖြစ်ကြကုန်၏။ အကြင်သူ

သည့် မပေးလှူ, မသုံးဆောင်။ ထိုသူ၏ ထို ဥစ္စာ, ပစ္စည်း၏ သုံးရ မြောက်သော ပျက်စီးခြင်းဟု ဆိုအပ်သော အလားသည် ဖြစ်၏။

ချစ်ဖွယ်သော စကားနှင့် ယှဉ်သော အလှူဒါန။မာန်မူခြင်း ကင်းသော အသိ,အလိမ္မာ။သည်းခံခြင်း ရှိသော ရဲရင့်ခြင်း။ စွန့်ကြဲခြင်းနှင့် ယှဉ်သော ပစ္စည်း,ဥစ္စာ။ ဤလေးပါးသော ကောင်းခြင်းကိုအလွန်ပင် ရနိုင်ခဲ၏။

ဒါနံ ပိယဝါကျသဟိတံ၊ ဉာနမဂဗ္ဗံ ခမာန္ဒိတံ သောရဇ္ဇံ။
စာဂသဟိတံ စ ဝိတ္တံ၊ ဒုလ္လဘမေတံ စတုဗ္ဗိဓံ။

ချစ်ဖွယ်သော စကားနှင့် တကွ ဖြစ်သော အလှူဒါနရင်း၊ မာန်မူခြင်း ကင်းသော အသိ,အလိမ္မာ ဉာဏ်ပညာရင်း၊ သည်းခံခြင်းနှင့် ယှဉ်သော ရဲရင့်ခြင်းရင်း၊ စွန့်ကြဲခြင်းနှင့် တကွ ဖြစ်သော ဥစ္စာ ပစ္စည်းရင်း၊ ထိုလေးပါးသော ကောင်းခြင်းကို ရနိုင်ခဲ၏။

ဤကား 'ဟိတောပဒေသ' ကျမ်းလာ၊ ဥစ္စာ, ပစ္စည်း တို့ကို 'စဉ်းလဲ' နှမြောသော သူ၏ အပြစ်ကို ပြဆိုအပ်သော စကားရပ်တည်း။ ။ဤ 'ဟိတောပဒေသ'ကျမ်းလာ၊ ဂါထာတို့ကို အနက်ပေးရာ၌ရင်း၊ မဂဓ ပြန်ဆိုရာ၌ရင်း၊ အဓိပ္ပါယ်ကိုသာ ပမာဏ ပြုပေသည်။ သဒ္ဒါနည်းကိုကား ဤသို့လည်း ဖြစ်သင့်သေးသည် စသောအားဖြင့်၊ အပြစ်ကင်းသော နည်းများကိုသာ ကြံတော်မူကြပါကုန်၊

ဥစ္စာသုံးစွဲနည်း။ ။ယခုအခါ၊ 'ပဉ္စအင်္ဂုတ္တရ' ပါဠိတော်လာ ဥစ္စာ,ပစ္စည်း သုံးစွဲနည်းကို ပြဆိုဦးအံ့။ ။ဤလောက၌ ပိမိ၏ ပစ္စည်း ဥစ္စာတို့ကို နေရာတကျ သုံးစွဲနည်းတို့မှာ ငါးပါး အပြား ရှိကြကုန်၏၊ ။ငါးပါးတို့ ဟူသည် အဘယ်နည်း။

(၁) (က) ဤလောက၌၊ မြတ်စွာဘုရား၏ တပည့်သား ဖြစ်သောသူသည် 'ကံ' ကို မချမှု၍၊ လွန်ကဲသော လုံ့လ 'ဝီရိယ' ကို အားထုတ်မှ ရအပ်သော လက်ရုံး အားဖြင့် သာ ကောင်းစွာ ဆည်းဘူး အပ်သော ချွေး ဒီးဒီး ယိုစီးမှ ရအပ်သော တရားနှင့် ယှဉ်ကုန်သော၊ တရားသဖြင့် ရအပ်ကုန်သော ပစ္စည်း,ဥစ္စာတို့ဖြင့်

(က) မိမိကိုယ်ကို ချမ်းသာစေ၏။ နှစ်သိမ့်စေ၏။ ချမ်းသာကို ဆောင်၏။ (ခ) မိခင်,ဖခင် ဆွေးမျိုးဉာတိတို့ကို ချမ်းသာစေ၏။ နှစ်သိမ့်စေ၏။ ချမ်းသာစွာ ဆောင်၏။ ။(ဂ) သား, မယား, ကျွန်အမှုလုပ်တို့ကို ချမ်းသာစေ၏။ နှစ်သိမ့်စေ၏။ ချမ်းသာကို ဆောင်၏။ ။ ဤကား စည်းစိမ်ဥစ္စာတို့ကို သုံးဆောင်ရာ၌ 'ပဌမ' နည်းတည်း။

(၂) မြတ်စွာဘုရား၏ တပည့်သား ဖြစ်သောသူသည်၊ 'ကံ'ကို မချဘဲ၊ လွန်ကဲသော လုံ့လ 'ဝီရိယ' ကို အားထုတ်မှ ရအပ်၊ လက်ရုံးအားဖြင့်သာ ကောင်းစွာ ဆည်းပူးအပ်, ချွေးဒီးဒီး ယိုစီးမှ ရအပ်ကုန်သော တရားနှင့် ယှဉ်ကုန်သော တရားသဖြင့် ရအပ်ကုန်သော ပစ္စည်း,ဥစ္စာတို့ဖြင့် အဆွေခင်ပွန်း၊ ချစ်ကျွမ်းဝင်သော သူတို့ကို ချမ်းသာစေ၏၊ နှစ်သိမ့်စေ၏။ ချမ်းသာကို ဆောင်၏။ ။ ဤကား ပစ္စည်း,ဥစ္စာတို့ကို သုံးဆောင်ရာ၌ 'ဒုတိယ' နည်းတည်း။

(၃) မြတ်စွာဘုရား၏ တပည့်သားဖြစ်သော သူသည် 'ကံ'ကို မချမူ၍၊ လွန်ကဲသော လုံ့လ'ဝီရိယ'ကို အားထုတ်မှ ရအပ်၊ လက်ရုံးအားဖြင့် ဆည်းပူးမှ ရအပ်၊ ချွေးဒီးဒီးယိုစီးမှ ရအပ်ကုန်သော၊ တရားနှင့် ယှဉ်ကုန်သော၊ တရားသဖြင့် ရအပ်ကုန်သော ပစ္စည်း,ဥစ္စာတို့ဖြင့် 'မီး'ကြောင့်ဖြစ်ငြား၊ 'ရေ'ကြောင့်ဖြစ်ငြား၊ 'မင်း'ကြောင့်ဖြစ်ငြား၊ 'ခိုးသူ'ကြောင့်ဖြစ်ငြား၊ မချစ်အပ်သော 'အမွေခံဆိုး'ကြောင့်ဖြစ်ငြား၊ အကြင်ဘေးရန်တို့သည် ဖြစ်ပေါ်လာကြကုန်၏။ ထိုသို့ သဘောရှိသော 'ဘေးရန်'တို့ကို သုတ်သင်ခြင်းငှါ ဖြစ်၏။ မိမိကိုယ်ကို ချမ်းသာခြင်းကို ပြု၏။ ဤကား ပစ္စည်း, ဥစ္စာတို့ကို သုံးဆောင်ရာ၌ 'တတိယ' နည်းတည်း။

(၄) မြတ်စွာဘုရား၏ တပည့်သားဖြစ်သော သူသည် 'ကံ'ကို မချမူ၍၊ လွန်ကဲသော လုံ့လ 'ဝီရိယ'ကို အားထုတ်မှ ရအပ်, လက်ရုံးဖြင့် ဆည်းပူးအပ်, ချွေးဒီးဒီးယိုစီးမှ ရအပ်ကုန်သော၊ တရားနှင့် ယှဉ်ကုန်သော၊ တရားသဖြင့် ရအပ်ကုန်သော ပစ္စည်းဥစ္စာတို့ဖြင့် ငါးပါးသော ပူဇော်ခြင်းကို ပြု၏။ ။(၁) အဆွေ အမျိုးတို့အား အထိုက်,အလျောက် ပူဇော်ခြင်း။ ။(၂) အိမ်သို့ ရောက်

လာသော ဧည့်သည်တို့အား ဝတ်တရား ကြေပြွန်အောင် ပြုလုပ်ခြင်း။ ။(၃) ရှေးက သေလွန်လေပြီးသော ဆွေမျိုးတို့အား ရေစက်သွန်းချ၊ အမျှပေးဝေခြင်း။ ။(၄) မင်းအား ပေးသင့်ပေးထိုက်သော အခွန်အတုတ်တို့ကို ပေးခြင်း။ ။(၅) တရားသဖြင့် စောင့်ရှောက်သော နတ်တို့အား ပူဇော်ပသခြင်းအားဖြင့်။ ။ ဤငါးပါးသော ပူဇော်ခြင်းကို ပြု၏။ ။ဤကား ပစ္စည်းဥစ္စာတို့ကို သုံးစွဲရာ၌ 'စတုတ္ထ'နည်းတည်း။

(၅) အကြင် ရသေ့ ရဟန်းတို့သည် ယစ်ခြင်း, မေ့လျော့ခြင်းမှ ကင်းကုန်သည် ဖြစ်၍ သည်းခံခြင်း၊ ကောင်းမွန်စွာ မွေ့လျော်ခြင်း၌ သက်ဝင်ကြပြီးလျှင်၊ တယောက်တည်းသော မိမိကိုယ်ကို ဆုံးမကြကုန်၏။ တယောက်တည်းသော မိမိကိုယ်ကို ငြိမ်းအေးစေကုန်၏။ တယောက်တည်းသော မိမိကိုယ်ကို တဏှာမှ ထွက်မြောက်စေ၏၊ ထိုသို့ သဘောရှိကုန်သော ရသေ့ ရဟန်းတို့၌ အထက်၌ ဖြစ်စေတတ်သော၊ ချမ်းသာကို ဖြစ်စေတတ်သော၊ အကျိုးကို ပေးတတ်သော၊ နတ်ပြည်၌ ဖြစ်စေတတ်သော မြတ်သော အလှူကို လှူ၏။ ။ ဤကား ပစ္စည်းဥစ္စာတို့ကို သုံးစွဲရာ၌ 'ပဉ္စမ'နည်းတည်း။

ဤငါးပါးသော သုံးစွဲနည်းအတိုင်း တရားသဖြင့် သုံးစွဲသော မြတ်စွာဘုရား၏ တပည့်သား ဖြစ်သော သူအား၊ စည်းစိမ်ဥစ္စာတို့သည် အကယ်၍ ကုန်ခန်းခြင်းသို့ ရောက်ခဲ့သည် ဖြစ်အံ့။ ထိုမြတ်စွာဘုရားတပည့်သားအား ဤလောက၌ စည်းစိမ် ဥစ္စာတို့ကို အကြင်တရားသဖြင့် သုံးစွဲနည်းတို့သည် ရှိကုန်၏။ ထိုသုံးစွဲနည်း အတိုင်း ငါသည် သုံးစွဲ၏။ ထိုသို့ သုံးစွဲခြင်းကြောင့် ငါ၏ စည်းစိမ်တို့သည် ကုန်ခန်းခြင်းသို့ ရောက်ကုန်ပေပြီ ဟူ၍ အောက်မေ့ဆင်ခြင်သော အခါ၊ နှလုံးမသာယာခြင်း၊ နောင်တ တဖန် ပူပန်ခြင်းတို့သည် မဖြစ်ကုန်။

ဤငါးပါးသော သုံးစွဲနည်းအတိုင်း တရားသဖြင့် သုံးစွဲသော မြတ်စွာဘုရား၏ တပည့်သားဖြစ်သော သူအား စည်းစိမ်, ဥစ္စာတို့သည် အကယ်၍ တိုးပွါးလာသည် ဖြစ်အံ့၊ မြတ်စွာဘုရား တပည့်

သား ဖြစ်သော သူအား ဤလောက၌ စည်းစိမ် ဥစ္စာတို့ကို အကြင် တရားသဖြင့် သုံးစွဲနည်းတို့သည် ရှိကုန်၏။ ထိုသုံးစွဲနည်းအတိုင်း ငါ သည် သုံးစွဲ၏။ ထိုသို့ သုံးစွဲသော်လည်း ငါ၏ စည်းစိမ်တို့သည် တိုး ပွါးကြကုန်သည် သာလျှင်တည်း ဟူ၍ အောက်မေ့ ဆင်ခြင်သော အခါ၌ နှလုံးမသာယာခြင်း၊ နောင်တ,တဖန် ပူပန်ခြင်းတို့သည် မဖြစ် ကြကုန်။ ။ထို့ကြောင့်၊ယခု ပြဆိုအပ်ခဲ့ပြီးသော နည်းအားဖြင့်၊မိမိ ၏ ဥစ္စာ,ပစ္စည်းတို့ကို သုံးစွဲမိကြအောင် အထူးသဖြင့် သတိဆောင် ကြကုန်ရာ၏။ ။ထိုသုံးစွဲနည်း ငါးပါးကို ပဉ္စအင်္ဂုတ္တိုရ် ပါဠိတော် ၌ ဟောတော်မူ၏။ ။(သမဇီဝိတာ)

သမ္ဗုဒ္ဓါပြဆော်းပြီး၏။

—:o:—

အလေ့ပိုလေ့ပုံ။ ။ဤသို့အားဖြင့်၊ 'သမ္ဗုဒ္ဓါ' တရားလေးပါးတို့ ကို အစိတ်,အစိတ် အကျယ်ဝေဘန်ပြီး၍၊ယခုအခါ ထိုသမ္ဗုဒ္ဓါ၄ပါး တို့ကို ပေါင်း၍ လုပ်ကိုင်နည်းနှင့် တကွ ပြပေအံ့။ ။ထိုအလုပ်တို့ တွင် လယ်လုပ်ခြင်း၊ နွားမွေးခြင်း၊ ကုန်သွယ်ခြင်းဟု ဆိုအပ်သော ပဓာန အလုပ်ကြီး သုံးပါးကို မှူထား၍၊ကြွင်းသော အလုပ်များကို လည်း ထိုက်သင့်သည့်အား လျော်စွာ ပြပေဦးအံ့။ ။မည်သည့် အ လုပ်ကိုပင် လုပ်သည် ဖြစ်စေ။အလုပ်တခု၌။

(က) မိမိ၏ ကာယဗလ,ဉာဏဗလ,ဘောဂဗလကို၊ ချိန်ဆ၍ ထိုအလုပ်ကို မိမိကိုယ်တိုင် နိုင်နိုင်နင်းနင်း လုပ်နိုင်လိမ့်မည်ဟု သိ ရှိခြင်း၊ထိုအလုပ်ကို လုပ်ကိုင်ရက၊ ကံမကောင်းသော်လည်း နည်း များ မဆို၊အကျိုးကျေးဇူး ခံစားရလိမ့်မည်ဟု သိရှိခြင်း၊ ထိုအလုပ် နှင့် စပ်၍ သိသင့်,သိထိုက်သော အရာတို့ကို တတ်သိ,လိမ္မာအောင် သင်ကြားခြင်း၊မေးမြန်းခြင်း၊ စုံစမ်းခြင်း စသော အားဖြင့် ထိုအလုပ် နှင့် စပ်၍ တတ်သိ,လိမ္မာခြင်း၊'ဥဋ္ဌာနသမ္ဗုဒ္ဓါ'၊(ခ)ထိုအလုပ်ကိုလုပ် ကိုင်ခြင်းငှါ သင့်လျော်,လျောက်ပတ်သော မြို့ရွာဒေသ၊ ဌာနရပ် ကွက်၊ အကွက်ကောင်း,အချက်ကောင်း, နေရာကောင်းခြင်း 'ဂဓိ

သမ္ပတ္တိ'။ (ဂ) ထိုအလုပ်၌ ပြီးစီးရာ,ပြီးစီးကြောင်း၊ အထောက်အပံ့ ဖြစ်သော နေရာ အဆောက်အဦး၊ ကျွဲ,နွား, လုပ်သား, မျိုးရိက္ခာ, ကြိယာတန်းဆာဗလာ စသော ထိုအလုပ်အား၊ ကျေးဇူးများသော ဝတ္ထုဖြစ်ခြင်း၊ 'ဥပဓိသမ္ပတ္တိ'။ (ဃ) ထိုအလုပ်ကို လုပ်ကိုင်ရန် သင့်လျော်,လျောက်ပတ်သော အချိန်ကာလဖြစ်ခြင်း၊ 'ကာလသမ္ပတ္တိ'။ (င) ထိုအလုပ်ကို မပျင်းမယိ မဖြစ်,ဖြစ်အောင် မပြီးမြောက်,ပြီးမြောက်အောင် 'ဇွဲ'ကောင်းကောင်းစွဲမြဲ၍ လုပ်ဆောင်ခြင်း၊ 'ပယောဂသမ္ပတ္တိ'။ ။ဤသို့ ပြဆိုအပ်ခဲ့ပြီးသော 'သမ္ပတ္တိ' ၅ ပါးနှင့် ပြည့်စုံခြင်း ဟုဆိုအပ်သော ဥဋ္ဌာနသမ္ပဒါ'၊

ထိုအလုပ်ကို ပျက်စီးစေတတ်သော (၁) မင်း=ဘေး။ ။(၂)ခိုးသူ=ဘေး၊ (၃)မီး=ဘေး၊ ။(၄) ရေ=ဘေး။ ။(၅) အမွေခံသားဆိုးဘေး။ ။ဤဘေးရန်ငါးပါးနှင့်တကွ။ ။(၁) မိန်းမ အပျော်အပါးကြူးခြင်း။ ။(၂) ယစ်မျိုး အသောက်အစားကြူးခြင်း။ ။(၃) လောင်းတမ်းကစားကြူးခြင်း။ ။(၄) မကောင်းသော ခင်ပွန်းတို့နှင့် ပေါင်းသင်းခြင်း။ ။ဤလေးပါးသော ဘေးရန်တို့ကို ကွယ်ကာခြင်း ဟုဆိုအပ်သော 'အာရက္ခသမ္ပဒါ'၊

(၁)ယူသာ ယူတတ်သော 'အညဒတ္ထုဟာရ' ခင်ပွန်းယုတ်။ ။(၂) နှုတ်ဖြင့်သာ အစေ့အစပ် ပြုတတ်သော 'ဝစီပရမ' ခင်ပွန်းယုတ်။ ။(၃) မြှောက်ကာ,ပင့်ကာသာ ပေါင်း၍၊ချစ်ယောင်စကား ပြောကြားတတ်သော 'အနုပိယဘာဏီ'ခင်ပွန်းယုတ်။ ။(၄)ပျက်စီးရာ, ပျက်စီးကြောင်းကိုသာ သွေးဆောင်တတ်သော 'အပါယသဟာယ' ခင်ပွန်းယုတ်။ ။ဤခင်ပွန်းယုတ်လေးပါးကို ပယ်၍။ ။(၁) မိမိအား ကျေးဇူး ပြုတတ်သော 'ဥပကာရ'ခင်ပွန်းစစ်။ ။(၂) အေးအတူ,ပူအမျှ ဖြစ်သော 'သမာနသုခဒုက္ခ' ခင်ပွန်းစစ်။ ။(၃) အကျိုးကို ပြောကြားတတ်သော 'အတ္ထက္ခာယီ'ခင်ပွန်းစစ်။ ။(၄) အကျိုးစီးပွါးကို အလွန် လိုလားသော 'အနုကမ္ပက' ခင်ပွန်းစစ်။ ။ဤခင်ပွန်းစစ်လေးပါးကို ပေါင်းသင်းခြင်း၊ အကျဉ်းချုပ်

အားဖြင့် ထိုအလုပ်အား အကျိုးကျေးဇူး သုတ်ယုတ်စေတတ်သော အဆွေခင်ပွန်းအတု, အပတ္တိကို ပယ်၍၊ ထိုအလုပ်ကို ပြီးမြောက်အောင် အားပေးချီးမြှောက်, မစနိုင်သော အဆွေခင်ပွန်းစစ်တို့ကို ပေါင်းသင်းခြင်းဟု ဆိုအပ်သော 'ကလျာဏမိတ္တတာသမ္ဗဒါ'၊

(၁) ဟောင်းနွမ်း,ဆွေးမြေ့ ပျက်စီးယိုယွင်းသည်ကို ပြင်ဆင်ခြင်း။ ။(၂) ပျောက်သော အရာကို ရှာခြင်း၊ ။(၃) အတိုင်းအရှည်နှင့် သုံးစွဲခြင်း။ ။(၄) လိမ္မာရေးခြား နားလည်သောသူကို အကြီးအမှူး ခန့်ထားခြင်းဟု ဆိုအပ်သော 'သမဇီဝိတာသမ္ဗဒါ'၊ ဤသို့ ပြဆိုအပ်ခဲ့ပြီးသော သမ္ဗဒါတရားတို့နှင့် ပြည့်စုံအောင် ပြုလုပ်ပါလျှင်၊ 'မြေကြီးလက်ခတ်၊မချွတ်မလွဲ' သကဲ့သို့၊ အကျိုးစီးပွါးကြီးမားစွာ ဖြစ်ထွန်းလိမ့်မည်။

**လယ်လုပ်ပုံ။ ။ဥပမာကား။ ။လယ်လုပ်သောသူ ဖြစ်အံ့။ ။**

(၁) ထိုလယ်နှင့် စပ်၍ မိမိကိုယ်တိုင် တတ်သိလိမ္မာ နားလည်ထိုက်သော အရာဟူသမျှတို့ကို သင်ကြားခြင်း မေးမြန်း စုံစမ်းခြင်းအားဖြင့် တစမကျန် တတ်သိလိမ္မာ ကောင်းစွာ နားလည်ရခြင်း 'ဥဋ္ဌာနသမ္ပဒါ'။

(၂) နှစ်စဉ် 'သို့မဟုတ်' နှစ်ခြား 'ရေကြီး' ၍ ပျက်စီးတတ်ခြင်း၊ရေလို၍ ပျက်စီးတတ်ခြင်း၊ကျွဲ,နွားဖျက်စီးတတ်ခြင်း စသော ဘေးရန်ရှိခြင်း၊ 'ဆယ်' ယောက်လျှင် လေး, ငါးယောက်ခန့် 'အများ,အနာ' နှိပ်စက်တတ်ခြင်း၊ ဆယ်ယောက်လျှင် နှစ်ယောက်, သုံးယောက်ခန့် 'မြွေကိုက်'တတ်ခြင်း၊ အသွား,အလာ လွန်စွာ ခက်ခြင်း စသော မကောင်းသောနေရာတို့ကို ကြဉ်၍၊ သွားလမ်း, လာလမ်း ခံစားရတက်သော နေရာအကွက်ကောင်း, အချက်ကောင်းနှင့် ပြည့်စုံခြင်း၊ 'ဂတိသမ္ပတ္တိ'။

(၃) စားသောက်ရန် ရိက္ခာ မျိုးကောင်း မျိုးသန့်။ ကျန်းမာ, ဝပြိုးသော၊ကျွဲ,နွားနှင့် ပြည့်စုံစေခြင်း၊ 'ထွန်ထိုး, ထွန်တန်, ထွန်

ဘွား၊ ကြိုး, ထမ်းပိုး, ခမောက်’ စသည်တို့ကို ကိုယ်တိုင်လုပ်ကိုင်ပြီးမြေဩဇာခြင်း၊ ဝယ်ခြမ်းရမူလည်း အနည်းငယ်မျှသာ ဝယ်ခြမ်းရခြင်း အားဖြင့် ပြည့်စုံစေခြင်း၊ ဤသို့အားဖြင့် အကြွင်ဝတ္ထုသည် လယ်နှင့် စပ်၍ အသုံးဝင်၏၊ ထိုဝတ္ထု, ထိုအရာတို့ကို ပြည့်စုံစေခြင်း၊ ‘ဥပစိသမ္ပတ္တိ’၊

(၄) ထိုလယ်ကို လုပ်ကိုင်ရာ၌၊ အကျိုးကို ပျက်စီးစေတတ်သော စောလွန်းသော အချိန်ကာလ၊ နောက်ကျသော အချိန်ကာလတို့ကို ပယ်ရှား၍၊ အကျိုးများခြင်း ဖြစ်သော အချိန်ကာလနှင့် ပြည့်စုံစေခြင်း၊ ‘ကာလသမ္ပတ္တိ’။ ။လယ်ထွန်ခြင်း၊ ကိုင်းလုပ်ခြင်း၊ သစ်ပင်စိုက်ခြင်း၊ ဆေးကုခြင်းတို့၌ အင်္ဂလိပ်လကို မှတ်ရန်သင့်၏၊ ၎င်းတို့လည်း ရာသီနှင့် ကိုက်၏။

(၅) ထိုသမ္ပတ္တိတို့နှင့် ပြည့်စုံပြီးသည်၏ နောက်၌၊ ။ ‘အဋ္ဌင်္ဂသမန္နာဂတေ ဘိက္ခဝေ ခေတ္တေ ဗီဇံ ဝုတ္တံ မဟပ္ဖလံ ဟောတိ။ မဟာဿာဒံ ဖါတိသေယျန္တိ’ အစရှိသည်ဖြင့် ဟောကြားတော်မူအပ်သော ‘အဋ္ဌကအင်္ဂုတ္တရ’ ပါဠိတော်အရ။ ။

(၁) လယ်သုဒ်ပုံ။ ။‘မြေမြင့်’ ချောက်လျှင် ရေကောင်းစွာ တည်နိုင်ဘွယ်ရာ မရှိချေ။ ‘မြေနိမ့်’ နေခဲ့ပြန်လျှင်လည်း ရေများစွာ တည်၍ ရေလွှမ်းမည် ဖြစ်သည်။ ထို့ကြောင့်၊ထိုအပြစ်မှ လွတ်ကင်းစေ၍ ရေ ညီတူညီမျှ တည်စေခြင်းငှါ အမြင့်,အနိမ့် မရှိစေခြင်း၊ ‘အနုန္နာမိအနိန္နာမိအင်္ဂါ’။ ။(၂) ထွာကြိုး သန်စွမ်းခြင်းကို ဖျက်ဆီးတတ်သော ကျောက်ဖျာ, ကျောက်ခဲ, ကျောက်စရစ် တို့မှ ကင်းလွတ်စေခြင်း၊ ‘အပါသာဏသက္ခရိကအင်္ဂါ’။ ။(၃) စပါး၏ ဘေးအန္တရာယ်ကို ပြုတတ်သော ‘ဆားမြေ, ဆပ်ပြာမြေ’ မှ ကင်းလွတ်စေခြင်း ‘အနူသရအင်္ဂါ’။ ။(၄) သမန်း ကောင်းမှ ‘စပါး’ ကောင်းမည် ဖြစ်၍၊ ‘သမန်း’ ကောင်းကောင်း ရစေခြင်းငှါ ‘ထွန်ရေး, ထွန်ကြောင်း’ ကို နက်နက် ထွန်ခြင်း၊ ‘ဂမ္ဘီရသိတာအင်္ဂါ’၊ ။(၅) မိုးသည်းခေါင်၍ ရေလိုသော အခါ၊ ရေသွင်းဘို့ရာ လယ်ဦး,လယ်ထိပ်၌ ‘ရေတွင်း,ရေကန်’ တဘက်ဆည်းကန်၊ ‘ရေ

အိုင်'စသည် တစုံတခုရှိရခြင်း၊ 'အာယသမ္မနဲ့အင်္ဂါ'။ ။(၆)မိုးလွန်၍ မိုးမို များလွန်းသော ရေတို့ကို ထုတ်ပစ်ရန်၊ လယ်၏ အနိမ့်ဘက်၌ ရေထုတ်ပစ်ရန် နေရာရှိခြင်း၊'အပါယသမ္မနဲ့'အင်္ဂါ။ ။(၇) ရေလိုသော အခါ သွင်းရန် ရေမလိုသော အခါ ထုတ်ပစ်ရန်၊ ရေမြောင်းကြီး,ရေမြောင်းငယ်တို့နှင့် ပြည့်စုံစေခြင်း၊'မာတိကာသမ္မနဲ့' အင်္ဂါ။ ။(၈)ရေလိုသော အခါ ကာလ၊ရေတို့ကို သိုလှောင်ထားနိုင်စေခြင်း၄ါ ကန်သင်းအပိုင်းအခြားနှင့် ပြည့်စုံခြင်း၊ 'မရိယာဒသမ္မနဲ့' အင်္ဂါ၊၊ဤအင်္ဂါ ၈ ပါးနှင့် ပြည့်စုံအောင် အားထုတ်လုပ်ကိုင်ခြင်းဟု ဆိုအပ်သော'၊'ပယောဂသမ္ပတ္တိ'။

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော ဥဋ္ဌာသမ္ပတ္တိ၊ ဂတိသမ္ပတ္တိ၊ ဥပဓိသမ္ပတ္တိ၊ကာလသမ္ပတ္တိ၊ပယောဂသမ္ပတ္တိ၊ ၅-ပါးနှင့် ပြည့်စုံစွာလုပ်ကိုင်ခြင်းသည် 'ဥဋ္ဌာနသမ္ပဒါ'မည်၏၊'ထိုသမ္ပဒါနှင့်ပြည့်စုံအောင် လုပ်ကိုင်က အကျိုးမဖြစ် မရှိရ။ ကံမကောင်း မရှိရ။ အကျိုးဖြစ်ရမည် ကံကောင်းရမည်'။ ထို့ကြောင့်၊လယ်လုပ်ကိုင်ကြရာ၌၊ အမှတ်မဲ့မလုပ်ကိုင်ကြမူ၍၊ ယခုပြဆိုအပ်ခဲ့သော အင်္ဂါတို့နှင့် ပြည့်စုံသော လယ်ကို ရှာ၍ လုပ်ကိုင်ကြကုန်ရာ၏၊ ထိုသို့ ပြုကြငြားသော်လည်း ရှေးအတိတ်ကံ အားသေး၍ မရဖြစ်ခဲ့လျှင် မိမိတာဝန် မဟုတ်ပေ၊ ဤကဲ့သို့ မပြုမကြံမူ၍ အမှတ်မဲ့ လုပ်ကိုင်၍ ပျက်စီးလျှင် မိမိတာဝန် ဖြစ်ပေသည်၊ ထို့ကြောင့်၊မိမိတို့ တာဝန်ကင်းလွတ်ကြစေခြင်း၄ါ အထူးသတိ ပြုကြကုန်ရာ၏၊

(၂) ထိုလယ်ကို၊ ကျွဲ နွား၊ ဝက်၊ သမင်၊ စာကလေး၊ ကြွက်တူ ရွေး၊ ကြွက် စသော သတ္တဝါတို့၏ ဘေးရန်တို့ကို ဥဋ္ဌာထုတ်၍ တားမြစ်,စောင့်ရှောက်ခြင်း၊'တနည်း'ထိုလယ်မှ ရသော စပါး။ ထိုစပါးမှ ရသော အရာတို့ကို 'မင်း၊ ခိုးသူ၊ မီး၊ ရေ၊ အမွေခံဆိုး'ဟု ဆိုအပ်သော ရန်သူမျိုးတို့မှ ကင်းလွတ်အောင် စောင့်ရှောက်ခြင်း စသော အားဖြင့်၊အကြင် ဘေးရန်တို့သည် ဖြစ်ပေါ်လာတတ်ကုန်၏၊ ထိုဘေးရန်တို့ကို ကွယ်ကာ တားမြစ် စောင့်ရှောက်လုံခြုံစေခြင်းဟု ဆိုအပ်သော'အာရက္ခသမ္ပဒါ'နှင့် ပြည့်စုံစေရာ၏၊

ဤသမ္ဘဒါနှင့် ပြည့်စုံသည် ဖြစ်က၊ကံမကောင်း၍ ပျက်စီးသည်ဟူ၍ ရှိတော့မည် မဟုတ်ပေ။ထို့ကြောင့်၊ရှေးကံကို မချကြမူ၍ မိမိတို့ ဉာဏ်ရှိသမျှ အစွမ်းကုန်အားထုတ်စောင့်ရှောက်ကြကုန်ရာ၏။ ယင်းကဲ့သို့ အားထုတ်၍ မရမှသာ၊ရှေးကံကို ချကြကုန်ရာ၏။ နိုင်ငံခြားသားတို့မှာ ကံကို မချမူ၍၊ကွယ်ကာတို့ နည်းလမ်းကိုသာ ရှာကြ၍၊ထိုနည်းလမ်းအရ ပြုလုပ်အပ်သော အရေးဟူသမျှတို့မှာ၊ ပျက်စီးခြင်းမှ လွန်စွာခဲယဉ်းကြကုန်၏၊ ငါတို့ ဗုဒ္ဓဘာသာ မွန်မြန်မာ လူမျိုးတို့မှာမူကား၊ရှေးအတိတ်ကံကို ရိုးမယ်ဖွဲ့ပြီးကာ၊ အလုပ်လုပ်ရာ၌၊‘ကွယ်ကာနည်း’ကို မရှာကြံကြသည့် အတွက်၊ပျက်စီးခြင်းနှင့်သာ ကြုံကြရသူ များကုန်၏၊

(၃) ထိုလယ်လုပ် ကိုင်ရာ၌၊ မိမိအား ပျက်စီးရာ, ပျက်စီးကြောင်းကိုသာ ပြုလုပ်တတ်သော အဆွေ‘ခင်ပွန်းယုတ်’တို့ကို ပယ်ရှား၍ မိမိအား မျိုးရိက္ခာ,ထွန်းတုံး,ထွန်ဘန် စသော ကြီယာတန်ဆာဗလာ မှစ၍၊အစစ,အရေးရာ၌ စောင်မကြည့်ရှုတတ်သော အဆွေခင်ပွန်းကောင်းတို့ကို ပေါင်းဘော်ခြင်း၊ ‘ကလျာဏမိတ္တတာ’ သမ္ပဒါနှင့် ပြည့်စုံစေရာ၏။ ။ဤအရာ၌၊ မိမိလုပ်သားများနှင့် ကျွဲ,နွားတို့လည်း ပါဝင်၏၊ထို့ကြောင့်၊ထိုလယ်လုပ်သား များကိုလည်း တတ်အား သလောက် ပေးကမ်းခြင်း‘ဒါန’။ ။အော်အင်,ငေါက်ငန်း၊ကြမ်းထမ်းသော စကားကို ပြောဆိုခြင်း မရှိဘဲ၊ အမြဲ ချိုသာသော စကားကို ပြောဆိုခြင်း ‘ပေယျာဝဇ္ဇ’။ ။အကျိုးစီးပွါး များအောင် ဖြောင်းဖြသွန်သင်ခြင်း‘အတ္ထစရိယာ’။ ။ကျေးသား,ရင်သား၊ခွဲခြားမရှိခြင်း‘သမာနတ္တတာ’။ ။ဟူသောသင်္ဂဟတရားလေးပါးဘင်္ဂဖြင့် ချီးမြှောက် ထောက်ပံ့ခြင်းကို ပြုကြရာ၏၊ထိုပြင် ကျွဲ,နွားတို့ကိုလည်း လွှင်တီးခေါင်၌ မထားဘဲ ရိပ်း,လေ လုံသော တင်းကုပ်၌ ထားခြင်း၊ အစာ,ရေစာ ကောင်းစွာ ကျွေးမွေးခြင်း၊ ‘မှက်, ခြင်,ယင်ရဲ’တို့မှ ကင်းလွတ်အောင် ပြုလုပ်၍ ပေးခြင်း၊‘ဆေးဝါးကုသခြင်း’ စသော အားဖြင့်၊ နွားမွေးစားသော သူတို့ပြုထိုက်သော ဝတ်ကို မချွတ်အောင် ပြုရရာ၏၊

ဤ၌ 'သောဘာ'ကြီးသော သူသည် ချိုသာသော စကားဖြင့် အကျိုးလိုလားလေဟန် ကြံဖန်၍ လိမ်တတ်သော ခင်ပွန်းယုတ်နှင့် တွေ့တတ်လေသည်။ 'ဒေါသ'ကြီးသော သူဖြစ်ကလည်း အပြော, အဆို ကြမ်းကြုတ်,ခက်ထန်သည့် အတွက် မိတ်ပျက်တတ်သည်။ ထို့ကြောင့် 'သောဘာ,ဒေါသ' နည်းပါးစေလျက်၊ မိမိအား အကျိုးစီးပွား များစေသည့် ဖြစ်သော၊ အဆွေခင်ပွန်းတို့နှင့်သာ ပေါင်းသင်းဆက်ဆံ၍၊ 'ကလျာဏမိတ္တတာ'သမ္ပဒါနှင့် ပြည့်စုံကြစေကုန်ရာ၏။ ။ထိုသမ္ပဒါတရားနှင့် ပြည့်စုံစွာ အားထုတ်က အကျိုးခံစားရမည်။ ငါတို့ ရှင်တော်ဘုရား လက်ထက်တော် အခါက၊ မိုယ်းကောင်းမည်, မိုယ်းခေါင်မည်ကို သိတတ်သော 'ဘီလူးမ' ကြီးတည်းဟူသော အဆွေခင်ပွန်းကောင်းနှင့် ပေါင်းဘော်ရသည့် အတွက်၊ ဤနှစ် 'မိုယ်းခေါင်' လိမ့်မည်။ 'ချိုင့်ဝှမ်းရာ' အရပ်မှာ လုပ်။ ဤနှစ် 'မိုယ်းကောင်း' လိမ့်မည်၊ 'မြင့်ရာ' အရပ်မှာ လုပ်။ ဤသို့ စသော အားဖြင့် 'နည်းပေး လမ်းညွှန်' သည့် အတိုင်း၊ လိုက်နာ၍ လုပ်ကိုင်သဖြင့် ပျက်စီးခြင်း မရှိဘဲ၊ စီးပွားလမ်းအခွင့် သင့်သော 'သာဝတ္ထိ' ပြည်သူ 'မာတုဂါမ' တယောက်၏ ဝတ္ထုကို ထောက်ရှုသော အားဖြင့် 'ကလျာဏမိတ္တတာ' သမ္ပဒါတရားသည် မည်မျှလောက် အကျိုးစီးပွား များသည်ကို သိအပ်၏။

(၁) ထိုလယ်လုပ် ကြိယာ တန်းဆာဗလာ ဖြစ်သော အရာဟူသမျှတို့၊ ဟောင်းနွမ်း,ဆွေးမြေ့၊ ပျက်စီး,ယိုယွင်းလျှင် ပြင်ဆင်ခြင်း။ ပျက်စီး,ယိုယွင်းသော စပါးပင်တို့၏ နေရာ၌ ထပ်မံစိုက်ပျိုးခြင်း။ ပျက်စီးသော ကန်သင်း,ရေမြောင်းတို့ကို ပြင်ဆင်ခြင်း။ ရေသွင်းရာ,ရေထုတ်ရာ ဌာနတို့ကို ပြင်ဆင်ခြင်း စသောအားဖြင့် ပြင်ဆင်သင့်,ပြင်ဆင်ထိုက်သော အရာတို့ကို ပြင်ခြင်း။ ။ကျွဲ,နွားပျောက်လျှင် ရအောင် ရှာခြင်း၊ အထား,အသိုမှားခြင်း၊ မသေချာခြင်း၊ လယ်နီးပါးချင်းတို့ ခေတ္တငှါးရမ်း၍ ပြန်မပို့ခြင်း စသော တစုံတခုသော အကြောင်းကြောင့် ပျောက်ရှသော ကြိယာတန်းဆာဗလာ စသော အရာတို့ကို မရ,ရအောင် ရှာဘွေခြင်း။ ။(၂) ထိုလယ်

လုပ်ရာ 'ခေ့ဒေ့ရန်ရိက္ခာ' တို့ကို အဆမတန်ပေးကမ်းခြင်း၊ သုံးစွဲခြင်း စသော အားဖြင့် အစစ အရာရာတို့၌ စည်းကမ်း မရှိ၊ 'ဗလဗ္ဗာ' သုံးစွဲခြင်းတို့မှ ရှောင်ကြဉ်၍၊ အရာရာမှာ အတိုင်းအရှည်နှင့် မျှမျှ၊ တတ မကုန်တန် မကုန်ရ၊ မပျက်စီးတန် မပျက်စီးရအောင် 'စည်းကမ်းစနစ်' ကျကျ နနနှင့် သုံးစွဲခြင်း၊ ။(၄) ကိုယ်ကျင့် သီလ ကင်း၍၊ မရူ စမ်း မဆင်ခြင်၊ ထင်သလို ပြုလုပ်တတ်သော မိန်းမ ယောကျ်ားတို့ကို အကြီး အမှူး အရာ၌ လွှဲအပ်မထားဘဲ၊ 'ကိုယ်ကျင့်သီလ' နှင့် ပြည့်စုံ၍ အရာရာ၌ လိမ္မာရေးခြားရှိသော ယောကျ်ား မိန်းမတို့ကိုသာ အကြီး အမှူး အရာ၌ လွှဲအပ်၍ ထားခြင်း၊ 'ဤအင်္ဂါလေးပါး' နှင့် ပြည့်စုံသော 'သမဇီဝိတာ' သမ္ပဒါတရားနှင့် ပြည့်စုံစေရာ၏။

တနည်းကား။ ။ထိုလယ်မှ ရအပ်သော စည်းစိမ် ဥစ္စာတို့ကို သုံးစွဲရာ၌၊ ပျက်စီး ဟောင်းနွမ်းလျှင် ပြင်ဆင်ခြင်း၊ ပျောက်လျှင် ရအောင် ရှာခြင်း၊ ထိုလယ်မှ ရသော စည်းစိမ် ဥစ္စာနှင့် မျှတအောင် သုံးစွဲခြင်း၊ လျှပ်ပေါ်သဖြင့် ကိုယ်ကျင့် သီလကင်းသူကို ပယ်ရှား၍ လျှပ်ပေါ်ခြင်း မရှိ၊ တည့်ကြည်သော သဘောရှိသည် ဖြစ်၍ ကိုယ်ကျင့်သီလရှိသူကိုသာ အကြီး အမှူး အရာ၌ လွှဲအပ်၍ ထားခြင်း၊ ဤအင်္ဂါလေးပါးနှင့် ပြည့်စုံသော 'သမဇီဝိတာ' သမ္ပဒါတရားနှင့် ပြည့်စုံစေရာ၏။

ဤ၌ မျှတအောင် 'သုံးစွဲပုံ' ကို အနည်းငယ် ချဲ့၍ ပြဦးအံ့။ ။မိမိလယ်မှ ထွက်သမျှသော 'စပါး' တို့ကို ရောင်းချ၍၊ 'လယ်ခ၊ ကျွဲ၊ နွားခ၊ လူငှါးခ၊ စားစရိတ်၊ လယ်ခွန်တော်' မှ စ၍၊ အလုံး ကုန်ကျသမျှသော 'စရိတ်စက' တို့ကို နုတ်ပြီးသည်နောက်၊ ငွေအထောင်ကျန်သည် ဖြစ်အံ့။ ၂၅၀ ကို သုံးစွဲ စားသောက် ဝတ်ရုံရေး၌ ထားရာ၏၊ ကျန် ၂၅၀ ကို နောင်မသုံး မဖြစ်သော အရာများရှိသော အခါ၊ သုံးစွဲရအောင် ရံပုံအဖြစ်ဖြင့် သိမ်းဆည်း၍ ထားရာ၏၊ ကျန် ၅၀၀ သော ငွေတို့ကို လယ်လုပ်ရာ၌ ထပ်မံသုံးစွဲကုန်ကျစေရမည် ဟူ၏။ ဤ 'သမဇီဝိတာ' သမ္ပဒါကို ကောင်းစွာ နားမလည်ကြကုန်သော

လယ်ရှင်’တို့သည် ယခုအခါ၌၊ မိမိတို့ လယ်ကို ‘ချမ်းသား’ စသော သူတို့၏ အထံသို့သာ အပ်နှံကြရကုန်၏။ ‘ထိုစကား’ မှန်၏။ ‘ပဋ္ဌမ’ ကသာ ယခုပြဆိုအပ်ခဲ့သော နည်းအားဖြင့်၊ ‘ရိပုံငွေ’ နှစ်စဉ်ထား၍ သုံးစွဲကြလျှင်၊ ‘တရံတခါ’ကံ မကောင်း အကြောင်းမသင့်၍၊ပျက်စီးငြားသော်လည်း၊ ရံပုံငွေမှ ထုတ်နုတ်,သုံးစွဲနိုင်ကြသည့် အတွက် ပျက်စီ ခြင်းသို့ မရောက်နိုင်ကြပေ။ ထိုကဲ့သို့ ပြုခြင်း မရှိကြမှု၍၊ မိမိတို့ လယ်မှ ‘ရသမျှ’ အကုန်သုံးစွဲ တတ်ကြခြင်းကြောင့်၊ တရံတခါ၊ အကြောင်းချို့တဲ့လျှင်၊ ‘လူစဉ့်မမှီ’ ဖြစ်ကြ၍၊ တခါတည်း ‘ငွေရှင်’ များထံသို့ အပ်နှံလိုက်ကြရကုန်၏။ ထို့ကြောင့်၊ ဤ ‘သမဇီဝိတာ’ သမ္ဗဒါတရားနှင့် ပြည့်စုံကြရအောင် များများကြီး ‘သတိ’ဆောင်ကြကုန်ရာ၏။

ယခုအခါ၌ အစိုးရမင်းတို့က မြစ်ရေကြီး၍ ပျက်စီးတတ်သော နေရာတို့၌၊ ထိုရေဘေးရန်ကို ကွယ်ကာ,တားမြစ်ကြရန် ရေကာတာ,တာရိုးတို့ကို ဖို့၍ ပေးခြင်း၊ ရေရှားပါးသော အရပ်တို့၌ ရေရစေခြင်းငှါ တူးမြောင်းတာဘက်ဆည်းကန်တို့ကို တူးဖေါ်၍ပေးခြင်း၊ ‘သမဝါယာမ’ ငွေပု,ငွေချေးအသင်း တည့်ထောင်ပေးခြင်း၊ ကျွဲ,နွား အသက်အာမခံကုမ္ပဏီတို့ကို တည်ထောင်၍ ပေးခြင်း၊ တိရစ္ဆာန်ကု ဆရာဝန်ကို ခန့်ထားခြင်း စသော အားဖြင့်၊ လယ်လုပ်သားတို့အား ကူညီထောက်ပံ့ခြင်းမှာ ယခင် ပြဆိုအပ်ခဲ့ပြီးသော ‘သမ္ဗဒါ’ တရားတို့ကို အားပေးရာကျသောကြောင့် များစွာ ဝမ်းမြောက်ဘို့ ကောင်း၏။

ငါတို့ ‘မြန်မာ’ လူမျိုးများသည် ‘မိဘ, ဘိုးဘွား, ပဝေဏီ’ က စ၍၊ ‚လယ်ယာကိုင်းကျွန်း’ နှင့် အသက်မွေးကြသော သူသာ များချေသည်။ ယခုအခါ၌လည်း လူတရာလျှင် ၇၅-ယောက်၊ ၈၀-လောက်တို့မှာ လယ်ယာ, ကိုင်း,ကျွန်းကို မှီ၍ အသက်မွေးကြကုန်၏။ ‘မြန်မာဘုရင်’ မင်း အဆက်ဆက်တို့သည်လည်း ထို ‘လယ်လုပ်ခြင်း’ အမှုကို အားပေးသောအားဖြင့်၊ကိုယ်တော်တိုင် လယ်ထွန်ထွက်တော်မူပြီးကာ ‘လယ်ထွန်မင်္ဂလာ’ ပြုကြကုန်၏။ ။အ

ခွန်,အတုတ်တို့ကိုလည်း များစွာ မယူချေ။ ထိုကြောင့် လယ်, ယာကို လုပ်ကိုင်စားသောက်သော သူတို့မှာ ယခုအခါထက် များစွာ လွတ်လပ်ခွင့် ရကြကုန်၏။ ယခု 'အစိုးရမင်း' များ၏ လက်ထက်မှာ 'ဥပဒေ' နိုင်ငံဖြစ်၍ လွတ်လပ်ခွင့်ရသည်ဟု ပြောဆိုကြသော်လည်း 'လွတ်လပ်ခွင့်' ရသည် မထင်ချေ။ လယ်လုပ်သော သူတို့မှာ တနှစ်သက် တနှစ်၊ မြေဆီမြေသြဇာက ဆုတ်ယုတ်၍ လာခြင်း။ အခွန်တော် တဖြည်းဖြည်း တိုးတက်ခြင်းတို့ကြောင့် လယ်လုပ်သော သူတို့မှာ အကျိုး မဖြစ်ထွန်းကြသူကသာ များချေ၏။ ထို့ကြောင့် အစိုးရ မင်းများက လည်း 'သေယ်သွား'များ အစား, အသောက် ချောင်ချိအောင် 'အခွန်အတုတ်' များကို ရှေးမင်းကောင်း, မင်းမြတ်တို့ နည်းအတိုင်း ဆယ်ဘို့တဘို့ ယူဘို့ရာ လွန်စွာ ကောင်းလှ၏။

'သုဘိက္ခံ ကာသကေ နိစ္စံ။ ။လယ်သမား၌ အမြဲဝပြောသည်၊ ဟူ၍ 'ဓာနကျ' နီတိဆရာ မိန့်မှာသော ကြောင့်၎င်း၊ 'နတ္ထိ ဓညသမံ ဓနံ' အလုံးစုံသော ဥစ္စာတို့တွင် စပါးတည်းဟူသော ဥစ္စာနှင့် တူသော ဥစ္စာမရှိဟူ၍ 'သံယုတ်' ပါဠိတော်၌ ရှင်တော်ဘုရား ဟောကြားတော်မူသောကြောင့်၎င်း၊ မြတ်သော အလုပ်တွင် ပါဝင်လေသောကြောင့်၎င်း၊ ထိုလယ်လုပ်ခြင်း အမှု ကို အထူး အားပေးကြဘို့ရန် ကောင်း၏။ ထိုလယ်လုပ်သားတို့ 'ကြီးပွါး'မှသာ 'မြန်မာ'ပြည် ကြီးပွားခြင်းသို့ ရောက်ပေလိမ့်မည်။ ထိုအလုပ်ဖွံ့ဖြိုးကြီးပွါးခြင်း မရှိလျှင်၊ ထိုအလုပ်ကို မှီ၍ အသက် မွေးမြူကြရ ကုန်သော 'ကုန်သည်,လက်မှု' ပညာသည် 'နှုတ်မှု' ပညာသည်တို့မှာ ဖွံ့ဖွံ့ဖြိုးဖြိုးရှိကြတော့မည် မဟုတ်ချေ။ ငါတို့ 'မြန်မာ' လူမျိုးများသည် လယ်,ယာ,ကိုင်း,ကျွန်းကိုသာ အမြောက်အများ လုပ်ကိုင်ကြသည့်အတွက်၊အခြားတိုင်းပြည်နိုင်ငံတို့မှာ အကြီး,အကျယ် 'ငတ်မွတ်'ခေါင်းပါးသော်လည်း၊ ငါတို့ မြန်မာပြည်၌၊ အကြီး,အကျယ် ငတ်မွတ်ခေါင်းပါးခြင်း မဖြစ်ဘူးချေ။

အချို့သော သူတို့က 'မြန်မာ' လူမျိုးများကို အစစ, အရာရာ

ကျလိ အလုပ်မှာပင် ဝင်ရောက်၍ လုပ်ကိုင်ကြဘို့ရာ အားပေးကြခြင်းမှာ လယ်,ယာ,ကိုင်း,ကျွန်းကို ကိုယ်စီ,ကိုယ်ငှ လုပ်ကိုင်တို့ရာ တိုက်တွန်းအားပေးသည်ထက်၊ မှန်မြတ်မည် မဟုတ်ချေ။ ယခုအခါ၌ ထိုအလုပ်ကို မလုပ်သိဘဲ 'လခ'စားယောင်ယောင် ပုဂ္ဂိုလ်တို့များသည့် အတွက်၊ တိုင်းပြည်၌သည်း 'လူမွဲ,လူဆင်းရဲ'တွေသာ တနေ့တခြား များ၍ လာချေပြီ။ ထို့ကြောင့်၊ မိဘတို့ 'ဘိုးဘွား' ပဝေဏီက လုပ်ကိုင်လာသော 'လယ်ယာ,ကိုင်းကျွန်း' အလုပ်ကို ကောင်းမွန်စွာ 'သမ္မာဒိဋ္ဌိ' တရားနှင့် ပြည့်စုံအောင် လုပ်ဆောင် ကြကုန်ရာ၏။ ယခုအခါ၌၊ ထိုအနက်,အဓိပ္ပါယ်ကို သိကြကုန်သော 'အသင်းသူ,အသင်းသားတို့နှင့်,သတင်းစာ' ဆရာများက လယ်သမားတို့ အကျိုးစီးပွါး များစေခြင်းငှါ ကူညီ အားပေးကြ၊ နည်းလမ်းညွှန်ကြား ကြသည်မှာ ဗုဒ္ဓဒေသနာတော်နှင့် ညီညွတ် လှ၏။ 'မြန်မာပြည်မှာ လယ်သမားသာ အခြေခံဖြစ်၍၊ လယ်သမား ချမ်းသာမှ တိုင်းပြည်နိုင်ငံအတွင်း၌၊မင်းနှင့် ဆင်းရဲသားတို့ပါ ချမ်းသာမည်ကို မည်သူမှ ငြင်းဆိုနိုင်ကြမည် မဟုတ်ချေ။

သုဘိက္ခော ကဿကော ဟောတိ၊ ဒုဗ္ဘိက္ခော န သဒါ ဧသော။
မုဒ္ဒေဟိ ဝဏ္ဏိတော ဟောတိ၊ ဂေဟသာဓိ အနာကုလော။

လယ်သမားသည် အခါခပ်သိမ်း ဝပြောသည် ဖြစ်၏၊ ငတ်မွတ်ခေါင်းပါးသည် မဖြစ်။ မင်းစသော သူတို့ နှောက်ယှက်ခြင်းမှ ကင်းသည်လည်း ဖြစ်၏၊ စာရေး,စာချီ,မြို့အုပ်,ဝန်ထောက်များကဲ့သို့၊ သူတပါးအခိုင်းအစေခံ မဟုတ်မူ၍ မိမိအိမ်၌ မိမိပင် မင်းဖြစ်သည် ဖြစ်၏။ သုံးလူ့ထွတ်တင်၊ ရှင်တော်ဘုရားတို့ကသည်း အနာကုလာခကမ္မန္တာ ဟူ၍ မင်္ဂလာတရားဖြင့် များစွာ ချီးမွမ်းတော်မူအပ်သည် ဖြစ်၏၊

ဤကား 'သမ္မာဒိဋ္ဌိ' တရားနှင့် ပြည့်စုံစွာ 'အဋ္ဌကအင်္ဂုတ္တရ' ပါဠိတော်လာ၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော လယ်လုပ်နည်းကို ပြဆိုအပ်သော စကားရပ်တည်း။

ကျွဲနွားမွေးပုံ။ ။ယခုအခါ လယ်အလုပ်ကိုသာ များစွာ လုပ်

ကိုင်ကြကုန်သော မြန်မာလူမျိုးများသည် ကျွဲနွားနှင့် ကင်း၍ မဖြစ်နိုင်ကြသည့်အတွက်၊ ကျွဲ့နွား၊ မွေးမြူပုံတို့ကို မြတ်စွာဘုရားဟောကြားအပ်သော နည်းအားဖြင့် ပြဆိုပေဦးအံ့။ ။ကျွဲ့နွားတို့ကို မွေးမြူလိုသော သူသည်၊

(၁) ကျွဲနွားတို့ကို မွေးမြူစားသောက်လိုသော သူတို့ သိသင့်သိထိုက်သော အရေးဟူသမျှတို့ကို သင်ကြားခြင်း၊ မေးမြန်းစုံစမ်းခြင်းတို့ဖြင့် ကျွဲနွားမွေးမြူခြင်း ဆိုင်ရာ အတတ်၌ တစမကျန် လိမ္မာတတ်သိခြင်း'ဉာဏသမ္ပဒါ'။ ။(၂) ထိုကျွဲ့နွားတို့ကို မွေးမြူတို့ရန် ကောင်းသော အစာ,ရေစာပေါများသော နေရာစားကျက်ကောင်းခြင်း၊ 'ဂတိသမ္ပဒါ'။ ။(၃) ထိုကျွဲ့နွားတို့ကို ထားဘို့ရာ အဆောက်,အဦတဲကုပ်၊ နွားတို့ကို အစာ,ရေစာ ကျွေးမွေးရန်စသော ကြိယာတန်းဆာ ဗလာတို့ကို ပြည့်စုံစေခြင်း၊ 'ဥပဓိသမ္ပဒါ'။ ။(၄)ထိုနွားတို့ကို သွင်းရန်၊ ကျောင်းထိန်းရန်, အစာကျွေးရန်, ရေတိုက်ရန်, မီးခိုးထည့်ပေးရန် စသော အားဖြင့် ကျွဲ့နွားနှင့် စပ်၍ ပြုလုပ်သင့်, ပြုလုပ်ထိုက်သော အချိန်ကာလတို့ကို ရွေးချယ်စီစစ်ခြင်း 'ကာလသမ္ပဒါ' (၅)'ဧကာဒသဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတော ဂေါပါလကော ဘဗ္ဗော ဂေါဂဏံ ပရိဟရိတုံ ဖါတိကာတုံ၊' အစရှိသော အားဖြင့် ဟောတော်မူအပ်သော ဧကာဒသ အင်္ဂုတ္တရ ပါဠိတော်အရ၊

(၁) ရူပညူ။ ။ဖိမိ ထိန်းကျောင်းသော နွားတို့တွင် နွားဖြူမည်မျှ၊ နွားနီမည်မျှ စသော အားဖြင့်၊ နွားတို့၏ အနီ, အဖြူ, အကြောင်, အကျား စသော အဆင်းကို သိခြင်း။ ။(၂) လက္ခဏညူ။ ။ချိုထောင်မည်မျှ၊ ချိုကွေးမည်မျှ စသောအားဖြင့် နွားတို့၌ ရှိသော အမှတ်,အသားတို့ကို သိခြင်း။ ။(၃) အာသာဋိကံ ဟာရေတာ။ ။ယင်ဥ မကျ,မရောက်စေခြင်းငှါ ကွယ်ကာ, စောင့်ရှောက်ခြင်း၊ ကျရောက်လာသော ယင်ဥတို့ကို ပယ်ခွါတတ်ခြင်း၊ (၄) ဝဏံပဋိစ္ဆာဒေတာ။ ။နွားတို့၌ ကျရောက်သော အိုင်းအမာတို့ကို ဆေးကု ပေးခြင်း၊ ထိုမှတပါးလည်း နွားတို့၌ ဝမ်း

ရောဂါမကျမရောက်ရအောင် မြက်နုတို့ကို များစွာ မစားစေခြင်း၊ မကောင်းသော ရေတို့ကို မသောက်စေခြင်း အားဖြင့် ကွယ်ကာခြင်း၊ ကျရောက်သော ဝမ်းရောဂါတို့ကို မကူး,မစက်ရအောင် ပြုလုပ်ခြင်း၊ ကျောက်ရောဂါ,ခွါနာ,ရှာနာ မကျ,မရောက် ရအောင် မိုးဦးကျအခါကာလ၌၊ မိုးရေကို မစွတ်,မစိုရအောင် သတိထားခြင်း၊ မြက်နုတို့ကို အလိုရှိတိုင်း မစား,မသောက် စေခြင်း စသော အားဖြင့် ကွယ်ကာခြင်း၊ ဖြစ်ပေါ်ကျရောက်သော အနာတို့ကို မကူး,မစက်ရအောင် စောင့်ရှောက်ခြင်း၊ ဖြစ်ပေါ်ကျရောက်သော အနာတို့ကို ပျောက်ကင်းချမ်းသာအောင် ကုသခြင်း၊ ဤသို့အားဖြင့် မိမိမွေးမြူအပ်သော ကျွဲ,နွားတို့ကို အနာရောဂါမှ ကင်းအောင် ကုသရမည် ဟူ၏။ ။(၅)ရူမ်ကဇ္ဇာ။ ။ကျွဲ,နွားတို့ကို ချည်တိုင်,အိပ်ရာရောက်၍ အခိုးထည့်မပေးလျှင်၊ မှက်,ခြင်,ယင်ရဲတို့ နှိပ်စက်သဖြင့် ညဉ့်၌ ကောင်းစွာ မအိပ်ရ။ နေ့အခါမှ အိပ်ကြသဖြင့်၊ အစာ၆၀ ပိန်ချုံး၍ အနာရောဂါ ကျရောက်တတ်၏၊ ထိုသို့ မဖြစ်စေခြင်းငှါ အခိုးတို့ကို ထည့်ပေးခြင်း၊ ခြင်ထောင်,ထောင်ပေးခြင်းတို့ဖြင့် နွားတို့ကို မှက်,ခြင်,ယင်ရဲတို့ မကိုက်,မနှိပ်စက်ရအောင် ကွယ်ကာခြင်း။

(၆) တိတ္ထံဇာနာတိ။ ။ကျွဲ,နွားတို့ကို ထိန်းကျောင်းသောသူသည် တနေရာမှ တနေရာသို့ ရွှေ့ပြောင်း၍ ထိန်းကျောင်းရသဖြင့် ရံခါရံခါ မြစ်တဘက်သို့ ကူးသော အခါ၊ မိကျောင်း,ငါးမန်း စသော ဘေးရှိရာ ရေဆိပ်မှ ကူးသည် ဖြစ်က၊ နွားတို့သည် ပျက်စီးရာသည်ဖြစ်သောကြောင့်၊ ထိုသို့ ပျက်စီးခြင်း မရှိစေခြင်းငှါ၊ နွားတို့အား ဘေး,ဥပဒ်ကင်းသော ရေဆိပ်မှ ကူးရမည် ဟူ၏။ ။တနည်းကား။ ။နွားတို့ကို ရေတိုက်ရန်၊ မိကျောင်း, ငါးမန်း, ငါးဆင်မှ ကင်းသော ရေဆိပ်ကောင်းကို သိခြင်း။ ။(၇) ပီတံဇာနာတိ။ ။နွားတို့ကို ရေဆိပ်သို့ မောင်းနှင်ပြီးကာလ၊ ရေဆိပ်သို့ သွား၍ ရေတိုက်သော အခါ၊ အားကြီးသော နွားထီး,နွားမကြီးတို့က၊ အားနည်း,အားငယ်သော နွားတို့ကို၊ တိုးဝှေ၍ ရှေ့သို့ သွားပြီးလျှင်၊ မိမိ

ဝမ်းဗိုက်ထိအောင် ရေသို့ သက်ဆင်း၍၊ ရေကို သောက်ကြကုန်ရာ၏။ အားမရှိသော နွားအချို့မှာ ကမ်းနဖူး၌ပင် နေရ၍ ရေမသောက်ကြရကုန်၊ အချို့မှာ နောက် ကျသော ရေကိုသာ သောက်ကြရကုန်၏။ ဤသို့ဖြင့် အချို့နွား သောက်ပြီး၊ အချို့နွား မသောက်ရသေး-ဟူ၍၊ကောင်းစွာ မသိသော 'နွားကျောင်းသား'သည်၊ နွားတို့ကို အဖွဲ့တွဲမဲ့ မောင်းနှင်၍ သွားသော အခါ၊ ရေမသောက်ရသေးသော နွားတို့မှာ ရေငတ်ထိပ်သည့် အတွက်၊ မြက်ကို ကောင်းစွာ မစားနိုင်ကြသဖြင့် ရောဂါ ရကြကုန်၏၊ ထိုကဲ့သို့ မဖြစ်ရစေခြင်းငှါ သေသေချာချာ ကြည့်ရှု၍ ရေမသောက်ရသေးသော နွား၊ ရေမဝသေးသော နွားတို့ကို အညီအမျှ ရေဝအောင် တိုက်ရန် ဤနွားကား ရေသောက်ပြီး၊ ဤနွားကား ရေမသောက်ရသေး ဟူ၍ သိရခြင်း။

(၈) ဝီထိံ န ဇာနာတိ။ ။မိုက်သော နွားကျောင်းသားသည် ဤလမ်းသည်ကား နွားတို့အား ဘေးရန်ရှိ၏။ ဤလမ်းသည်ကား နွားတို့အားဘေးရန်မကင်း ဟူ၍ သိရှိခြင်းကြောင့်၊ဘေးရန်ကင်းသော လမ်းမှ မောင်းနှင်၍ သွားသော အခါ၊ 'ကျား,ခြင်္သေ့' စသော သတ္တဝါတို့၏ အနံ့ဖြင့်ရင်း၊ 'သူခိုး'တို့၏ ဘေးရန်ဖြင့်ရင်း ကြောက်လန့်၍ လည်တမော့မော့နှင့် နေပြီးလျှင်၊ မြက်,ရေတို့ကိုပင် ကောင်းစွာ မစားမသောက်ခြင်းကြောင့်၊ နွားတို့၌ အနာရောဂါကျ ရောက်တတ်ခြင်း၊ 'ကျား,ခြင်္သေ့'တို့ ဖျက်ဆီးသဖြင့် နွားတို့ သေကြေပျက်စီးခြင်းသို့ ရောက်ရခြင်း စသော ဘေး,ဥပါဒ်တို့သည် ဖြစ်ကြကုန်၏။ ထို့ကြောင့်၊ ထိုကဲ့သို့ မဖြစ်စိမ့်သောငှါ နွားတို့၏ ဘေးရန်ကင်းသော ခရီးလမ်းကို သိရခြင်း။

(၉) ဂေါစရေ ကုသလော။ ။မိုက်သော နွားကျောင်းသားသည် တနေရာတည်း၌ ထပ်ခါ,ထင်ခါ ထိန်းကျောင်းသဖြင့်၊ မြက်တို့သည် ကုန်ခန်းခြင်း၊ ရေတို့သည် နောက် ကျိခြင်း အားဖြင့် နွားတို့ စားတိုင်းရာ မြက်ကောင်း,ရေကောင်းကို ရေသဖြင့်၊ မကြာမီ နွားတို့သည် ပျက်စီးခြင်းသို့ ရောက်ရကုန်၏၊ ထိုကဲ့သို့ မဖြစ်စေခြင်းငှါ

လိမ္မာသော နွားကျောင်းသားသည် တနေ့ရာ, တနေ့ရာ၌ နေ့စဉ်မကျောင်းမူ၍ ၅-ရက် တဖန်၊ ၇-ရက်တဖန် အဖန်ကျ,အဖန်ကျ၊ မြက်,ရေတို့ ကြည်လင်,နူးညံ့သော အရပ်၊မှက်,ခြင်,ယင်ရဲ တို့ နည်းပါးသော အရပ်တို့၌သာ နွားတို့ကို ထိန်းကျောင်း ဘို့ရာ စားကျက်ကို သိရှိခြင်း။

(၁၀) သာဝသေသဒေါဟီ။ ။လိမ္မာသော နွားကျောင်းသားသည် နွားငယ်သောက်ဖို့ဘို့ရန် နို့ရည်ကို မချန်မူ၍ အကုန်ညှစ်ယူတတ်၏။ ထို့ကြောင့်၊နွားငယ် နို့ဆာ၍ အနာရောဂါရပြီးလျှင် သေတတ်၏။ နွားငယ် သေသော အခါကာလ၊ နွားမကြီးလည်း မိမိသားငယ်၏ သောကဖြင့်၊ မြက်,ရေတို့ကိုမှ စားသောက်ခြင်း၊ မပြုဘဲ နေတတ်၏။ ထိုသို့ မြက် ရေတို့ကို စားသောက်ခြင်း မရှိသော်၊ နို့ရည်မထွက်ရုံမျှမက အသက်ပါ သေဆုံးတတ်၏။ ထိုသို့ဖြစ်က နွားတို့သည် တနေ့ တခြား ပျက်ပြား,ဆုတ်ယုတ်ကုန်ရာ၏။ထိုသို့ ပျက်ပြားဆုတ်ယုတ်ခြင်း မရှိရအောင် နွားငယ်သောက်ဘို့ နွားနို့ကို ချန်၍ ညှစ်ယူရမည် ဟူ၏။

(၁၁) ယေတေ ဥသဘာဂေါပိတာစ ဂေါပရိနာယကာ တေအတိရေကပူဇာယ ပူဇေတာ ဟောတိ။ ။လိမ္မာသော နွားကျောင်းသားသည် အကြီး,အမှူး ဦးစီးနာယကဖြစ်သော ဒိုင်စီးနွားတို့ကို အထူးပြု၍ ပူဇော်ခြင်းကို မပြု၊ထိုသို့ ပူဇော်ခြင်းကို မပြုသည့် အတွက်၊ ဒိုင်စီးနွားကြီးသည် နွားအုပ်ကို စောင့်ရှောက်ခြင်း မပြုကြကုန်။ ထိုသို့ စောင့်ရှောက်ခြင်း မပြုကြသော အခါ ပျောက်ရှခြင်း၊ခြင်္သေ့, သစ်ကျားစားခြင်း စသော ဘေးရန်တို့ဖြင့် နွားအုပ်ကြီးသည် တဖြည်းဖြည်း ဆုတ်ယုတ်၍ လာတတ်၏။ ထိုကဲ့သို့ မဖြစ်ရစေခြင်းငှါ ဒိုင်စီးနွားကြီးတို့ကို ပိုလွန်၍ အစာကျွေးခြင်း၊နံ့သာလိမ်းကျံ၍ ပေးခြင်း၊ဦးချိုကို ရွှေပေါင်း,ငွေပေါင်းစွပ်၍ ပေးခြင်း၊ဆီမီးထွန်း၍ ပေးခြင်း၊ မျက်နှာကြက် ကြက်၍ ပေးခြင်း၊ နေရာကို သန့်သန့်ရှင်းရှင်း ပြုလုပ်၍ ပေးခြင်း စသော အားဖြင့် အထူးသဖြင့် ပူဇော်ခြင်း၊ ဤ ၁၁-ပါးသော အင်္ဂါနှင့် ပြည့်စုံအောင်

အားထုတ်ခြင်းဟူသော 'ပယောဂသမ္ပတ္တိ'။ ။ဤသို့ ပြဆိုအပ်ခဲ့ပြီးသော ဥဋ္ဌာနသမ္ပတ္တိ၊ ဂတိသမ္ပတ္တိ၊ ဥပဓိသမ္ပတ္တိ၊ ကာလသမ္ပတ္တိ၊ ပယောဂသမ္ပတ္တိဟု ဆိုအပ်သော သမ္ပတ္တိ ၅-ပါးတို့နှင့် ပြည့်စုံသော 'ဥဋ္ဌာနသမ္ပဒါ' တရားကို အားထုတ်ပြုလုပ်ရမည် ဟူ၏။ ။ဤဥဋ္ဌာနသမ္ပဒါနှင့် ပြည့်စုံအောင် ဥစ္စာတို့ကို မွေးမြူနိုင်ပါက 'ကံ' မကောင်း၊ ဟူ၍ မရှိရတော့ဘဲ၊ အကျိုး ကျေးဇူး ပွါးများဖြစ်ထွန်းပေလိမ့်မည်။ ထို့ကြောင့် ထို ဥဋ္ဌာန သမ္ပဒါ တရားနှင့် ပြည့်စုံစွာ ကဲ့သို့ ဥစ္စာတို့ကို မွေးမြူသိမ်းကျောင်းကြကုန်ရာ၏။

(၂) ထိုဥစ္စာတို့ကို ခြင်္သေ့၊ သစ်ကျား စသော ဘေးရန်မှ စောင့်ရှောက်ခြင်း၊ သူခိုး မခိုးရအောင် စောင့်ရှောက်ခြင်း၊ တောတည်း၌ ကွဲ၍ ကျန်မနေရစ်ရအောင် စောင့်ရှောက်ခြင်း စသောအားဖြင့် ဥစ္စာတို့အား ဖြစ်ပေါ်၍ လာတတ်သော ဘေးရန်တို့မှ စောင့်ရှောက်ခြင်း 'အာရက္ခသမ္ပဒါ' နှင့် ပြည့်စုံကြစေကုန်ရာ၏။ ။ထိုကဲ့သို့ ပြည့်စုံအောင် စောင့်ရှောက်နိုင်လျှင်လည်း ဖြစ်ပေါ် တိုးပွါးပြီးသော ဥစ္စာတို့သည် ဆုတ်ယုတ်ခြင်း ရှိတော့မည် မဟုတ်ချေ။ ။

(၃) ထိုဥစ္စာကို မွေးမြူရာ၌၊ မိမိ၏ အကျိုးမဲ့ကို ပြုတတ်သော ခင်ပွန်းယုတ်တို့ကို ပယ်ရှားပြီးလျှင်၊ မိမိအား တတ်သိလိမ္မာရန် သင်ကြားခြင်း၊ ငွေထုတ်ပေးခြင်း၊ အားပေးဘိုက်တွန်းခြင်း စသော အားဖြင့် ကျေးဇူး ဥပကာရများသော အဆွေခင်ပွန်းတို့နှင့် ပေါင်းဖေါ် ခြင်းဟု ဆိုအပ်သော 'ကလျာဏမိတ္တတာ' သမ္ပဒါနှင့် ပြည့်စုံကြစေကုန်ရာ၏။ ။(၄) ထိုကဲ့သို့ ဥစ္စာတို့ အဆောက်၊ အဦးများ ပျက်စီးယိုယွင်းဟောင်းနွမ်းသည်ကို ပြင်ဆင်ခြင်း၊ ပျောက်သည်ကို ရှာဖွေခြင်း၊ မျှတရုံ သုံးစွဲခြင်း၊ 'တနည်း' ဥစ္စာတို့ကို ဈေးချိုပေးခြင်း၊ အမွေးကို ဘိး၍ ပေးခြင်း စသောအားဖြင့် ဥစ္စာတို့ကို ပြုပြင်၍ ပေးခြင်း၊ ပျောက်သောဥစ္စာတို့ကို ရအောင် ရှာခြင်း၊ ထိုဥစ္စာတို့ကို စွဲ၍ ဖြစ်ပေါ်လာသော ရွှေ၊ ငွေတို့ကို မျှတစွာ သုံးစွဲခြင်း၊ ။ဥပမာ။ ငွေ ၄၀၀-အမြတ် အစွန်း ထွက်လျှင်၊ ၁၀၀-ကို စားသောက် သုံးစွဲ၍၊ ၂၀၀-ကို အရင်းထည်းသို့ ပြန်ထည့်၍၊ ကျန် ၁၀၀-ကို ရုံပုံ

အထို့ဌါ ကောင်းစွာ သိမ်းဆည်းထားရမည် ဟူ၏။ ။ထိုနွားတို့ကို ထိန်းကျောင်းရာ၌ မလိမ္မာသောသူ၊ ကိုယ်ကျင့်တရား မရှိသောသူတို့ကို အကြီး,အမှူး ခန့်ထားခြင်း မရှိမူ၍၊ လိမ္မာရေးခြားနားလည်လျက် ကိုယ်ကျင့်တရားရှိသော သူတို့ကိုသာ အကြီး,အမှူး ခန့်ထားခြင်းဟူသော ဤ'သမဇီဝိတာ'သမ္ဗဒါတရားကို ပြည့်စုံစေရာ၏။

ဤသို့လျှင် သမ္မဒါ တရားလေးပါးနှင့် ပြည့်စုံအောင် ကျွဲ,နွားတို့ကို မွေးမြူကြပါလျှင်၊ 'ကံ'မကောင်း မရှိရတော့ဘဲ အကျိုးဖြစ်ထွန်းပေလိမ့်မည်။မြန်မာလူမျိုးတို့သည် ရှေးအခါက ဤသမ္ဗဒါတရားနှင့် ပြည့်စုံစွာ မွေးမြူတတ်ကြသဖြင့်၊ အိမ်တိုင်းမှာ ကျွဲ,နွားတရာ,ကိုးဆယ်ရှိသူ၊ ငါးဆယ်သုံးဆယ်ရှိသူ ပေါများကြကုန်၏။ အဖျင်းဆုံး,အညံ့ဆုံးဖြစ်သောသူမှာပင် ကျွဲဖြစ်စေ၊နွားဖြစ်စေ 'တရှဉ်း' ရှိတတ်ကြ၏။ ။ထို့ကြောင့်၊ လယ်ယာ,ကိုင်း,ကျွန်း လုပ်ကိုင်ကြရာ၌၊ကျွဲ,နွားတို့ကို မငှါးမရမ်းကြရသည်အတွက်၊ အကျိုးဖြစ်ထွန်းကြကုန်သည်။ ယခုအခါ ကာလ၌မူကား သူတပါးထံမှာ ကျွဲ,နွားတို့ကို ငှါးရမ်း၍ လုပ်ကိုင်ကြရ သူများရကား၊ အကျိုးစီးပွား မဖြစ်ထွန်းသူတို့သာ များကြပေသည်။

ကျွဲသား, နွားသား မစားသင့်ပုံ။ ။ကျွဲ,နွားတို့ကို မှီ၍ အသက်မွေးမြူကြရ ကုန်သော 'မြန်မာ' ပြည်သူ,ပြည်သားတို့သည် ရှေးအခါက ကျွဲ,နွားကလည်း ပေါများ၊ သနားခြင်း ကရုဏာတရားကလည်း အားကြီးကြ၍၊ မိုးယင်းတွင်း အခါကခိုင်းစေသော ကျွဲ,နွားတို့ကို နွေအခါ မခိုင်းစေ၊နွေအခါက ခိုင်းစေသော ကျွဲ,နွားတို့ကို မိုးယင်းအခါမခိုင်းစေကြဘဲ ရှောင်ကြဉ်ကြ၏။ 'နွေဥတု'မှာ နံနက် ၉ နာရီအချိန်တိုင်ရုံမျှနှင့်၊ ညနေချမ်းအချိန်၌လည်း ၃ နာရီကျမှသာ ခိုင်းစေကြပေသည်။ ယခုအခါ၌မူကား ကျွဲ,နွားက ပါးရှား၊ ခိုင်းစေသူကလည်း လောဘများ၊ သနားကြင်နာခြင်း ကရုဏာတရားလည်း မရှိကြ၍၊ ပင်ပန်းစွာ ခိုင်းစေကြခြင်း၊ အစာ,ရေစာတို့ကို ကောင်းစွာ မပေးခြင်းတို့ကြောင့်၊ ကျွဲ,နွားတို့မှာ မကြာ,မကြာ သေပျောက်

ခြင်း၊မသေ,မပျောက်သော်လည်း လွန်စွာ ပိန်လှီ ချိနဲ့ခြင်း အားဖြင့် အခက်အခဲနှင့် ကြုံရခြင်းတို့ဖြင့် လွန်စွာ ဆင်းရဲကြကုန်၏။ ။မိမိတို့၏ 'အမိ,အဘ'ကဲ့သို့ရင်း၊'ဆွေမျိုးသားချင်း' ကဲ့သို့ရင်း ထမင်းကို ပေးတတ်၊ခွန်အားဗလကို ပေးတတ်၊အဆင်းကို ပေးတတ်၊ချမ်းသာသုခကို ပေးတတ်သော ကျွဲ,နွားတို့ကို သနားညှာတာ၍ ယခင်ပြဆိုအပ်ခဲ့ပြီးသော သမ္မုဒါ တရားတို့နှင့် ပြည့်စုံအောင် မွေးမြူကြကုန်ရာ၏။ သေသောအခါ ကာလ၌လည်း မိမိတို့၏ အမိ,အဘ၊ အသားကိုကဲ့သို့ မစားဘဲ ရှောင်ကြဉ်ကြကုန်ရာ၏။

ယထာ မာတာ ပိတာ ဘာတာ၊ အညေဝါပိ စ ဉာတကာ။
ဂါဝေါ နော ပရမာ မိတ္တာ၊ ယာသု ဇာယန္တိ ဩသဓာ။
အန္နဒါ ဗလဒါ စေဝ၊ ဝဏ္ဏဒါ သုခဒါ စ တာ။
ဧတမတ္ထံ ဝသံ ဉတွာ၊ နေဝ ဂါဝေါ ဟနႋသုတေ။

(သုတ္တနိပါတ် ဗြာဟ္မဏ ဓမ္မိယသုတ်၊ အဆုံးနှစ်ပါဒသည် ရစနာဖြစ်သည်။)

အကြင်နွားတို့၌၊ နို့ရည်,နို့ခမ်း,ရက်ဟက်,ဆိဥ,ထောပတ် အာဖြင့် နွားအရသာ ငါးပါးဟု ဆိုအပ်သော ဆေးတို့သည် ဖြစ်ကြကုန်၏။ ထိုနွားတို့သည် မွေးသည့်မိခင်ကျေးဇူးရှင်ကဲ့သို့ရင်း၊ မွေးသည့်ဘခင် ကျေးဇူးရှင်ကဲ့သို့ရင်း၊ အစ်ကိုကဲ့သို့ရင်း၊ တပါးသော ဆွေမျိုးတို့ကဲ့သို့ရင်း၊ ငါတို့၏ ခင်ပွန်းအစစ်ကြီးတို့ပါပေတည်း။ထိုနွားတို့သည် မွေးသည့်မိခင် ကျေးဇူးရှင် စသည့်ဘို့ကဲ့သို့ ထမင်းကိုလည်း ပေးတတ်ကုန်၏။ ခွန်အားကိုလည်း ပေးတတ်ကြ ကုန်၏။ ဤသို့သော အကျိုးကို နဖူးလက်တင်၊ ဆင်ခြင်နိုင်းဆ၊ သေချာစွာ သိကြ၍၊ ကျွဲ,နွားနှင့်သာ အသက်မွေးမြူ ကြရကုန်သော ပုဏ္ဏားမြန်မာ ငါတိုတို့သည် ကျွဲ,နွားတို့ကို ညှင်းဆဲနှိပ်စက်ခြင်းကို မပြုကြကုန်ရှိအံ့။ ဝါ၊ အသားကို စားခြင်းမှ ရှောင်ရှားကြကုန်ရှိအံ့။

ထိုမှတပါးလည်း၊ ရှေး မြန်မာမင်းများ လက်ထက်က ထိုသို့ကျွဲ,နွားတို့၏ ကျေးဇူးကို သိကြ၍၊ 'ကျွဲ,နွား'တို့ကို မသတ်,မဖြတ်ကြရ၊အသားကိုမျှ မစားကြရသဖြင့်၊ 'အနာရောဂါ'ဟူ၍ လွန်စွာ

နည်းပါးကြ၍၊အသေ,အပျောက်လည်း လွန်စွာ နည်းပါးကြကုန်၏။ ယခုအခါ၌၊ အနာရောဂါလည်း လွန်စွာ တိုးပွါး၊အသေ,အပျောက် လည်း လွန်စွာ များကုန်၏။ ထိုသို့ ဖြစ်ရခြင်းမှာ ကျွဲ,နွားတို့၏ အသားကို စားသောက်ခြင်းတို့ကြောင့်ပင်ဟု ဆိုဘို့ရန် ရှိ၏။- ရှေး 'ဩက္ကာကရာဇ်' မင်းကြီးလက်ထက် မတိုင်မီ အခါက၊ နွားကို လည်း မသတ်ကြ၊ နွားသားကိုလည်း မစားကြသောကြောင့်၊ နတ်ဗြဟ္မာတို့ စောင့်ရှောက်ခြင်းကို ခံကြရသဖြင့် 'လိုချင်ခြင်း,အစာမစားလိုခြင်း,အိုခြင်း'ဟူ၍ ရောဂါသုံးမျိုးသာ ရှိ၏။ နွားသားကို စားသည်မှ စ၍ ၉၈ ပါးသော ရောဂါတို့သည် ဖြစ်ပေါ်၍ လာကြကုန်၏။ ။ထို့ကြောင့်၊ငါတို့၏ မိဘပဓာ၊လွန်စွာ အကျိုးစီးပွါးကို ရွက်ဆောင်တတ်သော ကျွဲ,နွားတို့၏ အသားတို့ကို မစား,မသောက်ကြမူ၍၊ဘခါတည်း ရှောင်ကြဉ်လိုက်ကြဘို့ ကောင်းပေ၏။

တတော ဒေဝါ စ ပိတရော၊ဣန္ဒော အသုရရက္ခသာ။
အဓမ္မော ဣတိ ပက္ကန္ဒုံ၊ယံ သတ္ထံ နိပတိ ဂဝေ။
တယော ရောဂါ ပုရေ အာသုံ၊ဣစ္ဆာ အနသနံ ဇရာ။
ပသူနဉ္စ သမာရမ္ဘာ၊ အဋ္ဌနဝုတိမာဂမုံ။
တေန မယံ န ဘုဉ္ဇာမ၊ မံသံ ဂဝါနမာတုနံ။

သုတ္တနိပါတ်၊ဗြဟ္မဏဓမ္မိယသုတ်၊နောက်ဆုံး၂ပါဒ ရစ်နာ။

အကြင်အခါ၌ နွား၌ ထိုးသတ်ဘို့ရန် လက်နက်လှံကို ချပြီ၊ထိုအခါမှ အစပြု၍၊နတ်တို့သည်၎င်း၊ ဗြဟ္မာတို့သည်၎င်း၊ သိကြားသည်၎င်း၊အသုရာရက္ခိုသ်တို့သည်၎င်း၊ အကျင့်ဆိုးဝါး၊တရားကင်းလေစွ့ဟကားဟု ညည်းတွားကြပြီးလျှင် ပဲသွားကြကုန်ပြီ။

နွားကို မသဘ်၊ နွားသားကို မစားကြမီ ရှေးအခါ၌၊ လိုချင်ခြင်း၎င်း၊အစာ မစားခြင်း၎င်း၊အိုခြင်း၎င်း သုံးပါးသော အနာရောဂါတို့သည် ဖြစ်ကြကုန်ပြီ။ နွားတို့ကို သတ်သည်မှ စ၍၊ ၉၈ ပါးသော ရောဂါတို့သည် ရောက်လာကြကုန်ပြီ၊ ။ထို့ကြောင့်၊ ယခုအခါ၌ လွန်စွာ ဆင်းရဲဒုက္ခရောက်ကြရကုန်သော မွန်မြန်မာ ငါတပ တို့သည်

## အမိသဘွယ် ဖြစ်ကြကုန်သော နွားတို့၏ အသားကို မစားဘဲ နေလိုက်ကြကုန်ရို၊

ကျွဲသား,နွားသား,မစားသင့်ကြောင်း လင်္ကာ။ ။ မိုဃ်းလုံး, နွေလုံး၊ တကုန်းကုန်းနှင့်၊ ထွန်ရှန်း,လှည်းတိုက်၊လူ၌ကျေးဇူး၊ အထူးများပေ၊ ဤနွားတွေကား၊ ငါတို့အားလျှင်၊မိခင်,ဘခင်၊ ကျေးဇူးရှင်နှင့်၊ အိမ်တွင်အကြီး၊ အစ်ကိုကြီးလား၊ မျိုးဆွေများသို၊ နွားနို့ကြိုင်လှိုမ်း၊ နို့ခမ်းတချက်၊ ရက်တက်တစု၊ ဆီဥမလပ်၊ ထောပတ် တမည်၊ အသက်ရှည်ကြောင်း၊ ဆေးကောင်း ငါးဝ၊ ပေးကြမြဲပင်၊ ထိုပြင်ထမင်း၊ အဆင်းအားခွန်၊ ချမ်းသာမွန်ကို၊ အလှွန်ပေးတတ်၊ဂုဏ်သကတ်ကြောင့်၊ မသတ်,မစား၊ မပြစ်မှားလစ်၊ ခင်ပွန်းစစ်ဟု၊ ရှင်ချစ်ဆရာ၊ ဟောမိန့်ရာကို၊ တန်းဆာမြသွင်၊ နားပန်ဆင်လျက်၊ ထိပ်ထက်သံမှို၊ နှက်သလိုပင်၊စိတ်က ထင်၍၊ ဆင်ခြင်တိုင်းထွာ၊ ကိုယ်ချင်းစာဖြင့်၊ ငါတို့သခင်၊ ကျေးဇူးရှင်များ၊ နွားအသားကို၊ မစားပယ်ရှင်း၊ ရှောင်စို့မင်း—

ကျေးဇူးရှင်များ၊ နွားအသားကို၊ မစား,မသတ်၊ တရားမတ်စွ၊ ရှေးခါကကား၊ သိကြား,ဗြဟ္မာ၊ အသူရာနှင့်၊ ဒေဝါ,ရက္ခိုသ်၊ လူနိုက်ဆက်ကြပ်၊ စောင့်လတ်တုံမြဲ၊ ဤနွားတို့အား၊ သတ်စားသောခါ၊ ယုတ်မာဆိုးငါး၊ တရားဓမ္မ၊ ကင်းလေစွဟူ၊ ညည်းညူပြီးတုံ၊ ဖဲကြကုန်ပြီ။ ဤမှ တဖြာ၊ ရှေးသောခါ၌၊ ဆာလောင်မွတ်ခြင်း၊ လိုချင်ခြင်းနှင့်၊ အိုမင်းဇရာ၊ အနာ,အဖျား၊ ဤသုံးပါးသာ၊ ဖြစ်ပါသတတ်၊ နွားကိုသတ်လျက်၊ နှစ်သက်လှစွာ၊ စားသောခါမှ၊ အနာညစ်ဆိုး၊ ကိုးဆယ်ရှစ်ပါး၊ ဖြစ်လာပွါးသည်။ ။တရားစွဲတ်ယွင်း၊ ပျက်လို့မင်း ။

ထိုသို့ ပြဆိုအပ်သော စကားအရပ်ရပ်ကို ထောက်ထား၍၊ မိမိတို့၏ တိုင်းပြည်၌၊လွန်စွာ အကျိုးကျေးဇူးများသော ကျွဲ နွားတို့ကို အစဉ်ကရုဏာမျှား ပြုလုပ်ကြလျက်၊ ခုည်းနှောကျနစွာ မွေးမြူထိန်းကျောင်းဘို့ရာ လွန်စွာ ကောင်း၏။ထိုအလုပ်ကို ငါတို့မြန်မာလူမျိုးများက သေးနုပ်သော အလုပ်ဟူ၍ အောက်မေ့ကြကုန်၏၊ ထိုသို့မှတ်ထင်ခြင်းသည် မှားယွင်း၏။ မြတ်စွာဘုရားကလည်း ထိုအလုပ်ကို မင်္ဂလသုတ် စသော ပါဠိတော်၌ 'အနာကုလာစ ကမ္မန္တာ၊ ဧတမ္မင်္ဂလ မုတ္တမံ နာမ ကသိဝါဏိဇ္ဇ ဂေါရက္ခာ' ဟူ၍ ဟောတော်မူအပ်သောကြောင့်၊'လယ်စား,စာရေး,စာချီ' အလုပ်ထက်ပင် ပွန်မြတ်သေး၏။ ထို့ကြောင့်၊ထိုနွားမွေးခြင်း အလုပ်ကို အားထုတ်၍ လုပ်

ကိုင် ကြကုန်ရာ၏။ ထိုအလုပ်ကို မွန်မြတ် သည်ဟူ၍ ယူလေ့ရှိသော 'မာဂိန္ဒု' လူမျိုးတို့မှာ နွားတကောင်တိုး ရမိလျှင် နွားမကို ဝယ်၍ မွေးတတ်ကုန်၏။ ထိုသို့ မွေးမြူသော အားဖြင့် မိမိတို့ မျက်မှောက်အောက်တွင် စီးပွါးဥစ္စာ ဖြစ်လာကြသည်ကို ကိုယ်တိုင်ဒိဋ္ဌ တွေ့မြင်ကြရပြီ ဖြစ်၍၊ အထူး ပြဆိုဘွယ် ရှိတော့မည် မဟုတ်ချေ။

ယခုကာလ အချို့သော အရပ်ဒေသ၌၊ဆင်းရဲသားများက လောဘကြီးကြသည့် အတွက်၊ကျွဲစားကျက်,နွားစားကျက်ဟူ၍ မထားလိုကြမူ၍၊ သူ့ထက်ငါရ,ပတ္တာခံ၍ လယ်ယာလုပ်ကြသဖြင့်၊ ကျွဲ,နွားစားဘို့ရန် စားကျက် မလုံလောက်ခြင်းကြောင့်၊ ကျွဲ,နွားတို့မှာ ဈေးကကဲ့သို့ မြက်,ရေတို့ကို ဝစွာ မစား,မသောက်ရကား ဝဖြိုးသောကျွဲ,နွား၊ ကျန်းမာသော ကျွဲ,နွား ဟူ၍ အလွန် ရှားလေသည်၊ ထို့ကြောင့်၊ အစိုးရ မင်းများကလည်း ကျွဲ,နွားစားကျက် တို့ကို ပြည့်စုံ လုံလောက်အောင် ထားဘို့ရန် အထူးအရေး ယူသင့်၏။ ယခုကာလ ကျွဲ နွား အသေ အပျောက် နည်းပါးစေခြင်းငှါ၊ ကျွဲ,နွားတို့၏ အသေ,အပျောက်ကို ကွယ်ကာသော အားဖြင့်၊ ကျွဲ,နွား စသော သတ္တဝါတို့ကို ဆေးကုရန် 'ဗေဒရစ္ဆာန်' ဆရာဝန် ဟူ၍ စရိတ်စက များစွာ အကုန်ခံ၍ ထားကြသည်မှာ လွန်စွာ ကောင်းပေ၏။ ထို့ကြောင့်၊ ထို'ဆရာဝန်'များကို၊ ကျွဲရှင်,နွားရှင်များအတွက်၊ ထိထိ,ရောက်ရောက် အကျိုး များအောင် အားထုတ်ဘို့ ကောင်းပေ၏။

> အနာကုလက ကမ္မန္တော၊ ဂေါပါလော သေဋ္ဌကမ္မံ ကော။
> ဂဟေသာမိ သဒါ ဟောတိ၊ပဏ္ဍိတေဟိပိ ဝဏ္ဏံတော။

ကျွဲ,နွားတို့ကို ထိန်းကျောင်း၍ ကျွဲကောင်း,နွားကောင်းတို့ကို မွေးမြူ၍ စားသော သူသည် သူတပါးတို့ ဩဇာအာဏာခံ အဖြစ်မှ ကင်းရကား၊သူတပါးတို့ မနှောင့်ယှက်သော အမှုအလုပ်ကို ပြုလုပ်ရသည် ဖြစ်၍၊ မြတ်သော အလုပ်ကို လုပ်သော သူလည်း မည်၏၊ အခါ ခပ်သိမ်း၊ မိမိနေအိမ်၌ စားရေး,စာချိုသော သူများ ကဲ့သို့

ပင်၊လခစား,ယောက်ျား၊သူတပါး အစေခံ အဖြစ်မှ ကင်းစင်၍၊ မိမိ အိမ်တွင် မိမိပင် အရှင်ဖြစ်သည် ဖြစ်၍။ ဘုရား စသော ပညာရှိတို့ သည်လည်း ချီးမွမ်းမြှောက်စားအပ်၏။ ။ဤကား မြတ်စွာဘုရား ဟောတော်မူအပ်သော နည်းဖြင့်၊ကဲ့,နွားမွေးမြူနည်းကို ပြဆိုအပ် သော စကားရပ်တည်း။

ကုန်သွယ်ပုံ။ ။ကုန်သွယ်ခြင်း ၃-မှုဖြင့် အသက် မွေးမြူလို သောသူ ဖြစ်အံ့။ ။(၁) မိမိ၏ အသိ,အလိမ္မာ တည်း ဟူသော 'ဉာဏဗလ'၊ပစ္စည်းဥစ္စာတည်းဟူသော 'ဘောဂဗလ'၊ကိုယ်၏ခွန် အားတည်းဟူသော 'ကာယဗလ'၊ ဤဗလသုံးပါးတို့ဖြင့် ချိန်ဆ၍ ကူးသန်းရောင်းဝယ်မှုကို ပြုလုပ်နိုင်မည်,မလုပ်နိုင်မည်။ ထိုသို့ ပြု လုပ်သည့်အတွက်၊ အကျိုးဖြစ်တတ်သော ကုန် ဟုတ်မည်,မဟုတ် မည် စသောအားဖြင့်၊ ချိန်ဆ၍ အကျိုးဖြစ်တတ်သည်ကို သိရှိခြင်း။ ၎င်းပြင်၊ ထိုကုန်ကူးသန်း,ရောင်းဝယ်မှုနှင့် စပ်၍၊ တတ်သင့်,တတ် ထိုက်သော အရာတို့ကို သင်ကြားခြင်း၊ မေးမြန်း,စုံစမ်း၍ ကျွမ်း ကျင်လိမ္မာ သေချာတတ်သိခြင်းဟု ဆိုအပ်သော 'ဉာဏသမ္ပတ္တိ'၊

(၂) ထိုကုန်ကို ရောင်းဝယ်ခြင်း၌ မလျောက်ပတ်သောနေရာ ဖြစ်အံ့၊ 'ဂုဒေသမာသဇ္ဇ ကုတောဝနသဉ္ဇယော' မကောင်းသော နေရာကို အမှီပြု၍၊ အဘယ်မှာ ဥစ္စာ,ပစ္စည်းကို ဆည်းဘူး နိုင်ပါအံ့ နည်းဟူ၍ 'စာနကျ' နီတိဆရာ ဆိုသည့် အတိုင်း၊ မိမိကူးသန်း ရောင်းဝယ်လတ္တံ့သော ကုန်တို့၏ အကျိုး ဖြစ်ထွန်းနိုင်မည့် အရပ် ဒေသဟု ဆိုအပ်သော နေရာဌာနရပ်ကွက်ကောင်းကို ရအောင်ရှာ ခြင်း 'ဂတိသမ္ပတ္တိ'၊

(၃) ထိုကုန်ပစ္စည်းကို ကူးသန်း,ရောင်းဝယ်ရာ၌၊ အသုံးကျ သော ကုန်လှောင်ရန်ရုံ စသော အဆောက်အဦး ကြီးယာတန်းဆာ ဗလာတို့နှင့် ပြည့်စုံစေခြင်း၊ထိုမှ တပါး၊ထိုကုန်ပစ္စည်းကို တွေ့မြင် ကြသူတို့၊လိုချင်အောင် လှလှ,ပပ တန်းဆာဆင်၍ ထားခြင်း၊ ကြော် ငြာစာထုတ်၍ ကြော်ငြာခြင်း၊ သတင်းစာ၌ ထည့်၍ ကြော်ငြာခြင်း

စသော အားဖြင့် မိမိရောင်းဝယ်အင်သော ကုန်နှင့် ငှက်၍ ပြုသင့်ပြု ထိုက်သော အရာဟူသမျှတို့ကို ပြုလုပ်ခြင်းဟူသော 'ဥပဓိသမ္ပတ္တိ'၊

(၄) မည်သည့် ကုန်ကို မည်သည့် အချိန်၌ ဝယ်၍၊ မည်သည့် ကုန်ကို မည်သည့်အချိန်၌ ရောင်းမှ အကျိုးရှိမည်။ မည်သည့် အချိန်၌ ရောင်းလျှင် အကျိုးမရှိ စသည်ဖြင့် သိရှိပြီးလျှင် သူ့အချိန်နှင့် သူ၊ အချိန်ဥတုရေးသိအား လျော်စွာ ရောင်းဝယ်တတ်ခြင်း 'ကာလ သမ္ပတ္တိ'၊

(၅) 'တီဟိ ဘိတိက္ခဝေ အင်္ဂေဟိ သမန္နာဂတော ပါပဏိကော မဟတ္တံ ဝါ ဝေပုလ္လတ္တံ ဝါ ပါပုဏာတိ ဘောဂေသု' ဟူသော တိကအင်္ဂုတ္တရ ပါဠိတော်အရ။

(၁) စက္ခုမာ။ ။ဤမည်သော 'ကုန်'သည် ဤမည်သော အရပ်၌ ဖြစ်၏။ ထိုကုန်ကို မည်ကဲ့သို့ ဝယ်ယူရသည့် အတွက်၊ လှည်းခ, မီးရထားခ, သင်္ဘောခ, စားစရိတ်, ကူလီခ၊ အရင်းငွေ မည်မျှ ကုန်ကျမည်။ ထိုကုန်ကို မည်သည့် အရပ်၌၊ မည်ကဲ့သို့ ရောင်းလျှင် အတိုးမည်မျှရမည်။ အတိုးမည်မျှ ရလျှင် စရိတ်နှင့် တကွ အရင်းကို နုတ်လိုက်ပြီးနောက်၊ အမြတ်မည်မျှ၊ကျန်ရစ်ထိမ့် ဦးမည်၊ဤကဲ့သို့ စသည်ဖြင့် အရာရာ၌ လိမ္မာတတ်သိရခြင်း၊

(၂) ဝိဓုရ။ ။ထိုကဲ့သို့ သိရှိသည့်အား လျော်စွာ 'ကိ' နူရံ ဗျဝဿာယိန်' ကုန်သည်တို့အား ဝေးသော အရပ်မရှိ ဟူ၍ 'နီတိ' ကျမ်း၌ လာသည်အား လျော်စွာ၊ ဤအရပ်ကား ရေခြား,မြေခြား၊ ဝေးလှစွာတကား ဟူ၍ အားကို မလျော့မူ၍၊ မည်မျှလောက် ဝေး သော အရပ်၌ပင် ဖြစ်စေ၊ 'မပျင်းမယိ' သွား၍ ဝယ်ခြင်း၊ 'ရောင်း ခြင်း၊မိမိအရပ်တွင် ရောင်းခြင်း၊ 'ဝယ်'ခြင်း စသော ကုန်သည်တို့ ပြု အပ်သော ကိစ္စတို့ကို ကိုယ်တိုင် ပြုနိုင်ခြင်းဟု ဆိုအပ်သော ထူး ကဲသော လုံ့လ 'ဝီရိယ'နှင့် ပြည့်စုံခြင်း၊

(၃) နိဿယသမ္ပန္န။ ။ဤလောက၌ ကြွယ်ဝ ချမ်းသာ သော သူဌေး, သူကြွယ်, ငွေရှင်, ကြေးရှင်, ဘဏ်တိုက်ရှင် တို့က

ဤအမည်ရှိသော 'ကုန်သည်, ဈေးသည်' သည် 'ဥာဏ်မျက်စိ'နှင့်လည်း ပြည့်စုံ၏။ ပြည့်စုံသည်အား လျော်စွာ လုံလ 'ဝီရိယ'နှင့်လည်း ပြည့်စုံပေသည်။ ဂတိ,သစ္စာ 'မှန်ကန်စွာ' နှင့် ငါတို့ ထံမှ ချေးငှါး၍ ယူသွားသော 'ငွေးမြီ'တို့ကို ဆပ်ပေးနိုင် ပေသည်။ 'သား,မယား' များကို 'မွေးမြူ' နိုင်ပေသည်။ ထို့ကြောင့်၊ ထိုသူအား ငါတို့ ငွေကြေးချေးငှါးရမူ၊ ငါတို့ ငွေကြေးများ ဆုံးပါးခြင်း ရှိမည် မဟုတ်းပဟု သိရှိ 'ယုံကြည်' စိတ်ချရသဖြင့်၊ အမောင်ကုန်သည်၊ ငွေကြေးများ အလိုရှိလျှင် ဘယ်အခါ မဆို၊ လိုသလောက် လာယူလှည့်ပါ။ အားမနာ ပါနှင့်။ ထိုငွေဖြင့် ရင်းနှီး၍ ကုန်သွယ်ပါလော။ 'ကုန်သွယ်'၍ စည်းစိမ်တို့ကို ဖြစ်စေပြီးလျှင်၊ သားမယားကိုလည်း မွေးမြူပါလော။ ငါတို့အားလည်း 'အတိုး,အညွန့်'ကို မှန်ကန်စွာ ပေးပါလော။ ငါတို့နှင့်လည်း အရှည်သဖြင့် ပေါင်းသင်း ဆက်ဆံပါလောဟု ဆို၍ ငွေကြေးလိုသော အခါကာလ၊ မစ,ချီးမြှင့်မည်သူ အမြဲသဟဲ့ရှိခြင်း၊

(၄) ပုဗ္ဗဏှသမယံ သက္ကစ္စံ ကမ္မန္တံ အဓိဋ္ဌာတိ။ ။နံနက်,စောစော ခရီးသွားလိုသည် ဖြစ်၍သော်ငှင်း၊တစုံတခုသော အကြောင်းကြောင့် သော်ငှင်း၊ နံနက်ကို ဝယ်ခြမ်းလိုသော သူတို့ အလွယ်တကူ ဝယ်ယူနိုင်စေခြင်းငှါ၊ ဈေးဆိုင်ကို ဖွင့်သည့် အရေး မှာလည်း သူတကာတို့ထက် စောစောဖွင့်ခြင်း၊ ဈေးဝယ်လာသော သူတို့အားလည်း စိတ်ချမ်းသာဘွယ်သော စကားတို့ကို ပြောဆိုခြင်း။ စိတ်တိုခြင်း မရှိမူ၍၊ဝယ်ခြမ်းခြင်းငှါအလိုရှိသော သူတို့ကို မဝယ်ချင်လျှင် ဝယ်ချင်အောင် ခင်မင်ချိုသာစွာသော စကားတို့ကို စိတ်ရှည်စွာနှင့် ပြောကြား၍ ရောင်းခြင်း၊ ကလေး,သူငယ်၊ အစေ,အပါးတို့ကို လွှတ်၍ သော်လည်း ဝယ်ခြမ်းလိုက၊ ဝယ်ခြမ်းနိုင်အောင် အဘိုးကို တခွန်းတည်း မှန်ကန်စွာ ပြော၍ ရောင်းချခြင်း။

(၅) မဇ္ဈန္တိကသမယံ သက္ကစ္စံ ကမ္မန္တံ အဓိဋ္ဌာတိ။ ။'နေ့ခင်း, နေ့လည်' မှာလည်း အခြားဆိုင်သို့ လည်ပတ်ခြင်း၊ အခြားအမှုကို ပြုလုပ်ခြင်း စသည်ဖြင့် မိမိရောင်းဝယ်မှု ကိစ္စမှ တပါး။အခြား

ကိစ္စကို မပြု, မလုပ်မူ၍၊ ဝယ်သူကို မျှော်တ၍၊ ဝယ်သူလာက လည်း သာယာချိုမြိန်သော စကားတို့ကို ပြောကြား၍ မဝယ်ချင် ဝယ်ချင်အောင် 'စိတ်ရှည်လက်ရှည်' နှင့် ရောင်းခြင်း၊အတိုးကို မ တင်မူ၍ တခွန်းတည်းသာ 'မှန်ကန်စွာ' ပြောဆို၍ ရောင်းခြင်း၊ ကိုယ်တိုင် မလာ၍ ကလေးသူငယ် အစေခံစသည်တို့ကို စေလွှတ် ၍ ဝယ်ခြမ်းသော အခါ၊ စာတိုက်မှ မှာ၍ ဝယ်သော အခါတို့၌ လည်း လူကိုယ်တိုင်လာ၍ ဝယ်သကဲ့သို့ စိတ်ချရအောင် ရိုရို, သေသေ အလေးဂရုပြု၍ ရောင်းခြင်း။

(၆) သာယန္တသမယံ သဏှန္တံ့ ကမ္ဗန္တံ့ အဓိဋ္ဌာတိ။ ။ညနေ ချမ်းအခါ၌လည်း သူတကာတို့ ဆိုင်ပိတ်သည့် တိုင်အောင် မပျင်း မယိစောင့်ဆိုင်းပြီးကာ ညနေခင်း 'သို့မဟုတ်' ညသန်းခေါင်ကျ အောင် ဝယ်ခြမ်းလိုသူတို့ မရ,မရှိရအောင် ဝယ်သူကိုသာ မျှော် တ၍ 'ခင်မင်ချိုသာ'စွာသော စကားကို ပြောဆို၍ ရောင်းချခြင်း၊ ကလေး, သူငယ် အစေခံတို့ကို စေလွှတ်၍ ဝယ်သော အခါ၊ 'စာတိုက်' က မှာ၍ ဝယ်သော အခါတို့၌လည်း လူကိုယ်တိုင် လာ ၍ ဝယ်သကဲ့သို့ ရောင်းချခြင်း၊ အပို,အမို မပြောကြားဘဲ တခွန်း တည်းသော စကားကို ပြောဆို၍ ရိုရို,သေသေ ရောင်းချခြင်း၊၍ပြ ဆိုအပ်ခဲ့ပြီးသော အင်္ဂါ ၆ ပါးနှင့် ပြည့်စုံသော 'ပယောဂသမ္ပတ္တိ' နှင့် ပြည့်စုံစေရာ၏။

ယခု ကာလ၌ ကုန်ရောင်း,ကုန်ဝယ်ပြုလုပ်ကြသော ဗုဒ္ဓဘာသာ မြန်မာ လူမျိုးတို့တွင်၊ ထိုအင်္ဂါ ၆ ပါးနှင့် ပြည့်စုံစွာ ကူးသန်း ရောင်းဝယ်သူ အလွန် ရှားပေ၏။ ထိုသို့ ရှားသည့် အတွက်၊ 'ဒမြန်မာ' ကုန်သည်တို့မှာ ပျက်စီးသော သူတို့သာ များကုန်၏။ ထိုအခါ၊ငါတို့သည် နည်းနာကျနစွာ ကူးသန်း,ရောင်းဝယ်မှု တို့ကို မပြုကြမူ၍သာ ပျက်စီး ကြရပေသည်တကား ဟု၍ အောက်မေ့ မှတ်ထင်ခြင်း မရှိကြမူ၍၊ ရှေးအတိတ် 'ကံ' ကိုသာ ချကြခြင်းမှာ လွန်စွာ မှားယွင်း ပေစွ။ နိုင်ငံခြားသား, ကုန်သည်ကြီး တို့မှာ ထိုအင်္ဂါ ၆ ပါးနှင့် ပြည့်စုံစွာ ကူးသန်း,ရောင်းဝယ်သမျှ တို့မှာ

'ပျက်စီး'သော အရာ အလွန်ရှား၍၊ 'ကြီးပွါး'ခြင်းသို့သာ ရောက်ရချေ၏။

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော 'ပယောဂသမ္ပတ္တိ' အင်္ဂါ ၄- ပါးတို့တွင်၊ 'စက္ခုမာ' ဟူသော အင်္ဂါအရ၊ လိုက်နာကြသူ လွန်စွာ ရှား၏။ ထို့ကြောင့်၊ အချို့သော သူတို့သည် မည်သူ မည်ကဲ့သို့သော ကုန်ကို 'ကူးသန်း,ရောင်းဝယ်' သည့်အတွက်၊ အကျိုးကျေးဇူး ဖြစ်ထွန်းကြသည် ဟူ၍ မှတ်ယူပြီးလျှင် 'စက္ခုမာ' ဟူသော အင်္ဂါကို 'သတိ' မပြုမူ၍၊ မိမိသည်း ပြုရာ၊ ထိုသူကဲ့သို့ ကျေးဇူးဖြစ်ထွန်းခြင်းသို့ မရောက်မူ၍၊ ကိုယ်,စိတ် ပင်ပန်းရုံမျှ မက၊ ပစ္စည်း, ဥစ္စာ ကုန်ခန်း၍ 'ပျက်စီး' ခြင်းသို့ ရောက်ရတတ်ချေ၏။ ထိုသို့ ပျက်စီးခြင်းသို့ ရောက်ကာလလည်း၊ 'ငါ့မှာ ရှင်တော်ဘုရား ဟောကြားတော်မူအပ်သော 'စက္ခုမာ' ဟူသော 'ဉာဏ်မျက်စိရှိခြင်း' ဟူသော အင်္ဂါချို့တဲ့သည့် အတွက်၊ ပျက်စီးရသည် ဟူ၍ မသိ,မမြင်သဖြင့်၊ မဆင်ခြင်,မစစ်ဆေးဘဲ ငါ့ရေးကံ မကောင်း၍ ပျက်စီးရသည် ဟူ၍ အတိတ်ကံကိုသာ ချတတ်၏။ ။ထိုသို့ ချခြင်းမှာ လွန်စွာ မှားယွင်းကြောင်းကို 'ကံဉာဏ်ဝီရိယ အကျယ် လက်စွဲကျမ်း' ၌ အကျယ် ပြဆိုအပ်လေပြီ။

စက္ခုမာ' ဉာဏ်မျက်စိရှိခြင်း' ဟူသော အင်္ဂါနှင့် ပြည့်စုံသည့် အတွက်၊ အတိုင်းမသိ အကျိုး,ကျေးဇူး ဖြစ်ထွန်းကြကုန်သော နိုင်ငံခြားသား တို့ကို များစွာ အားကျ ကြဘို့ ကောင်း၏။ ထိုစကား မှန်၏။ ထိုနိုင်ငံခြားသား တို့မှာ ဉာဏ်မျက်စိမှာ တကမ္ဘာလုံးကိုပင် လွှမ်းဖုံး၍ ရှုမြင်နိုင်ကြကုန်၏၊ ထို့ကြောင့်၊ ထိုနိုင်ငံခြားသားတို့သည် တကမ္ဘာလုံး၌ ရှိသော ကုန်တို့ကို အလိုရှိတိုင်း ဝယ်ယူကြပြီးလျှင်၊ တကမ္ဘာလုံး အနှံ့,အပြား၊ ကူးသန်း,ရောင်းဝယ်မှုကို ပြုလုပ်နိုင်ကြကုန်၏။ ငါတို့ မြန်မာပြည်ဘွား တိုင်းရင်းသား တို့တွင်၊ ဉာဏ်,အမြင်နှင့် ပြည့်စုံချင်းဟူသော 'စက္ခုမာ' အင်္ဂါနှင့် ပြည့်စုံသူ လွန်စွာ ရှား၏။ ထိုသို့ဖြစ်ရကား တကမ္ဘာလုံးနှင့် ဆက်သွယ်၍ ရောင်းဝယ် ဖေါက်ကားနိုင်သူလည်း အလွန် ရှားချေ၏။

ထို့ကြောင့်၊ ကုန် ကူးသန်း,ရောင်းဝယ်သည့် အရာ၌၊ 'စက္ကူမြာ'ဟူသော အင်္ဂါသည်ကား များချားကြီး အရေးကြီး၏၊ ငါတို့ မြန်မာပြည်ဘွား တိုင်းရင်းသားတို့ ဘွင်၊ အချို့သော ကုန်သည်များသည် 'ပေါင်'အချိန်ဟူသည် မည်၍ မည်မျှရှိသည်။'တန်' ဟူသည် မည်၍ မည်မျှရှိသည်ဟု အလေးချိန်ကိုမျှ ရုံသင်အောင် မသိကြချေ။ ထို့ကြောင့်၊ ကုန် ကူးသန်း,ရောင်းဝယ်မှုကို ပြုလုပ်သောသူ မှန်လျှင် 'စက္ကူမြာ'ဟူသော အင်္ဂါကို လိုချင်းပဓာန အချက်ကြီး ပေတကားဟု နှလုံးပြုပြီးလျှင် ထိုအင်္ဂါနှင့် ပြည့်စုံအောင် အထူး သတိဆောင်ကုန်ရာ၏၊

'ဝိဓူရ'ဟူသော အင်္ဂါနှင့် ပြည့်စုံသောသူလည်း လွန်စွာ ရှား၏၊ နိုင်ငံခြားသားတို့မှာမူကား ထူးကဲသော ဇိုး့လဟူသော'ဝိဓူရ'အင်္ဂါနှင့် လွန်စွာ ပြည့်စုံကြကုန်၏၊ ထို့ကြောင့်၊ ထိုသူတို့သည် မိမိတို့တိုင်းနိုင်ငံမှ ဝေးလံလှစွာသော အရပ်ဒေသတို့သို့ရင်း၊ ဥက်တော,ကျားတောသို့ရင်း သွားရောက် ကြပြီးလျှင် ပစ္စည်းဥစ္စာ,ပိုက်ဆံငွေ ရဘို့ အချက်ကိုသာ လိုချင်း ပဓာန ထားပြီးလျှင်၊ မည်မျှဝေးသော အရပ်ကိုမျှ ခေတ္တက်ခြင်း မပြုကြမူ၍၊ထူးကဲသော လုံ့လကို ပြုလုပ်အားထုတ်ကြ၍ 'ဝိဓူရ' ဟူသော အင်္ဂါနှင့် ပြည့်စုံကြစေကုန်၏၊ထို့ကြောင့်၊မြန်မာနိုင်ငံဘဝမ်းလုံးမည်သည့်နေရာ,မည်သည့်ရွာ,မည်သည့်အရပ်မှာမှ နိုင်ငံခြား ကုန်သည်များ မရှိဟူ၍ မဆိုနိုင်အောင် ရှိချေ၏၊ ။ငါတို့ မြန်မာပြည်ဘွား,တိုင်းရင်းသားတို့မှာမူကား ပျင်းယိခြင်း ကင်းပစေ၍၊ ထူးကဲသော လုံ့လကို ဓိုက်ထုတ်ကြပြီးလျှင်၊'ဝိဓူရ'ဟူသော အင်္ဂါနှင့် ပြည့်စုံစေလျက်၊မိမိတို့နှင့် တစပ်တည်းဖြစ်သော ရှာန္တီသနိုင်းသို့ပင် သွားရောက်ကြ၍၊ ကုန် ကူးသန်း,ရောင်းဝယ်ကြသူ လွန်စွာ ရှားချေ၏။ ထို့ကြောင့်၊ပျင်းယိခြင်းကင်းပစေလျက် ထူးသော လုံ့လဝီရိယဖြင့်၊ ထိုထိုနိုင်ငံခြားတို့သို့ သွားရောက်ကြပြီးလျှင်၊တကာ္ဘသုံးတွင် အနှံ့အပြား ရောင်းဝယ်မှုကို ပြုလုပ်ကြကုန်ရာ၏။

'နိဿယသမ္ဗန္ဓ'ဟူသော အင်္ဂါနှင့် ပြည့်စုံသော သူများလည်း အလွန် ရှားပါးကြကုန်၏။ ထို့ကြောင့်၊ အချို့သော သူတို့မှာ ယခင်က ပြဆိုအပ်ခဲ့ပြီးသော 'စက္ခုမာ' 'ဥာဏ်မျက်စိရှိခြင်း၊' 'ဝိဓုရ' 'ထူးသောလုံ့လရှိခြင်း' ဟူသော အင်္ဂါ၃ပါးနှင့် ပြည့်စုံငြားသော်လည်း၊ 'နိဿယသမ္ဗန္ဓ' အမှီသဟဲရှိခြင်း' ဟူသော အင်္ဂါနှင့် မပြည့်စုံသည့် အတွက်၊ ငွေရင်း၊ကြေးရင်းတို့ကို လိုသလောက်မရသဖြင့်၊ အလိုရှိသော ကုန်ကို ရောင်းဝယ်ဖေါက်ကားခြင်းကို မပြုနိုင်ကြချေ။ ။ တနည်းလည်း။ ငွေကြေးတို့ကို အလှယ်တကူ ထုတ်ယူနိုင်သော ဘဏ်တိုက်တို့နှင့် ဆက်သွယ်ရန် နားမလည် ကြသဖြင့်၊ ထိုထိုသော ဘဏ်တို့နှင့် ဆက်သွယ်ခြင်းကို မပြုနိုင်သဖြင့်လည်း ငွေကြေးမှုတို့မှာ များစွာ ခက်ခဲခြင်းသို့ ရောက်၏။ ထို့ကြောင့်၊ အနည်းငယ်မျှသော ငွေနှင့် လည်ပတ်အောင် ကုန်ကူးသန်း၊ရောင်းဝယ်မှုကို မပြု၊မလုပ်နိုင်ကြကုန်။ ။နိုင်ငံခြား သားတို့မှာကား ထို'နိဿယသမ္ဗန္ဓ' ဟူသော အင်္ဂါနှင့် ပြည့်စုံခကား၊ ငွေရင်း၊ကြေးရင်းတို့ကို များစွာ မစိုက်ထုတ်ကြရမူ၍၊ အနည်းငယ်မျှသော ငွေကြေးနှင့်ပင် ကြီးကျယ်ခမ်းနားသော၊ ကုန်ကြီးတို့ကို အလိုရှိတိုင်း ရောင်းဝယ်၊ဖေါက်ကား မှုကို ပြုလုပ်နိုင်ကြကုန်၏။

ပုဗ္ဗဏှသမယံ မဇ္ဈန္တိကသမယံ သာယဏှသမယံ သက္ကစ္စံ ကမ္မန္တံ အဓိဋ္ဌာတိ ဟူသော အင်္ဂါ၃ ပါးနှင့် ပြည့်စုံသောသူလည်း လွန်စွာ ရှား၏။ ထို့ကြောင့်၊ အချို့သော သူတို့က အေးမြသည့်အခါ သမယ၌၊ ချမ်းလှသေးသည်ဟု ညည်းညူကြ၍ နေမြင့်မှ ဆိုင်ကို ဖွင့်ကြကုန်၏။ ပူအိုက်သော အခါသမယ၌ ပူလှသေးသည်ဟု ညည်းတွားကြလျက်၊ နေ့ခင်း၊နေ့လည် ကျလျှင် ဆိုင်ကို ပိတ်တတ်ကြ၏။ အချို့သော သူတို့ကမူ၊ ညနေခင်း ကျအောင်ပင် ဆိုင်မဖွင့် ကြမူ၍။ နေ့လည်၊နေ့ခင်းကပင် ဆိုင်ပိတ်၍ ပြန်ကြကုန်၏။ ဤသို့အားဖြင့် ဘုရားဟောဒေသနာကို လိုက်နာသူ အလွန် ရှားကြကုန်၏။ နိုင်ငံခြား သားတို့မှာမူကား ပူအိုက်သော အခါ၌ ဖြစ်စေ၊ ချမ်းအေးသောအခါ၌ ဖြစ်စေ၊ မည်သည့် အခါမဆို အချိန် မှန်ကန်စွာ

ရောင်းချတတ်၍၊ အထက် ဖေါ်ပြအပ်သော ဘုရားဟော ဒေသနာကို လိုက်နာတတ်ကြကုန်၏။ ထို့ကြောင့်၊ ထိုသူတို့၏ 'အရောင်းအဝယ်' များမှာ တနေ့တခြား 'ကြီးပွား' ခြင်းသို့ ရောက်ကြကုန်၏။

မြန်မာပြည်ဘွား, တိုင်းရင်းသားတို့မှာ များသော အားဖြင့် 'စိတ်လက်ရှည်ရှည်' နှင့် ရိုသေစွာ ရောင်းဝယ်တတ်သူ လွန်စွာ နည်းပါးကုန်၏။ 'တခါ,နှစ်ခါ' မေးသော်ငြား၊ တခါ,နှစ်ခါ ဈေးဆစ်သော်ငြား၊ တခါ,နှစ်ခါ အထည်,အလိပ်တို့ကို 'ဖြည်ဖြန့်'၍ ပြရသော် ငြား 'စိတ်မကောင်း' ဖြစ်ပြီးလျှင် အော်အင်ငေါက်ငန်း၍ ပစ်တတ်ကြကုန်၏။ ရောင်းရာ၌ 'သိသူ'ကို တမျိုး၊ 'မသိသူ'ကို တမျိုးရောင်းချတတ်ကြကုန်၏။ ထို့ကြောင့်၊ ထိုသူတို့ ဆိုင်သို့ ကလေးသူငယ်များကို စေလွှတ်၍ ဝယ်ခြင်းတို့ရာ လွန်စွာ ခဲယဉ်းလေ၏။ နိုင်ငံခြားသားတို့မူကား၊ သိသူ, မသိသူ၊ 'တောသား, မြို့သား၊ ကလေး,လူကြီး' မခြားနားစေမူ၍၊ မှန်ကန်စွာ ရောင်းချသည့် အတွက်၊ ထိုသူတို့ ဆိုင်မှာ တောသား,မြို့သား၊ သိသူ,မသိသူ၊ လူကြီး,လူငယ်မှ စ၍၊ မည်သူမဆို၊ ယုံကြည်,စိတ်ချစွာ ဝယ်ယူတတ်ကြကုန်၏။ ထို့ကြောင့်၊ ထိုသူတို့ လုပ်ငန်းမှာ တနေ့,တခြား 'ကြီးပွါးခြင်း' သို့သာ ရောက်လေ၏။ ထို့ကြောင့်၊ 'သက္ကစ္စံ ကမ္မန္တံ အဓိဋ္ဌာတိ' ဟူသော ဒေသနာတော်ကို လိုက်နာကြပြီးလျှင်၊ နံနက်ခင်း,ညနေခင်းဟု ဆိုအပ်သော နေ့အဘို့တို့၌ ပျင်းယိခြင်း ကင်းပစေလျက်၊ မေတ္တာစိတ်၊ ရှေ့ထား ပြီးလျှင်၊ ခင်မင်ချိုသာစွာ ပြောဆိုလျက်၊ ရိုသေ လေးမြတ်စွာ ရောင်းချကြကုန်၏။

ယခုအခါ၊ ငါတို့ မြန်မာပြည်ဘွား, တိုင်းရင်းသား တို့သည်လည်း ဝံသာနုရက္ခိတ စိတ်မျိုးကို ဖြစ်စေကြပြီးလျှင် 'သက္ကစ္စံ ကမ္မန္တံ အဓိဋ္ဌာတိ' ဟူသော ထိုဒေသနာကို လိုက်နာစ ပြုကြပြဲ ဖြစ်ရကား၊ 'မကြာမီ ကြီးပွါးခြင်း'သို့ ရောက်ကြပေတော့မည်။ ။ ထိုသို့ ပြဆိုအပ်သော ဉာဏသမ္ပတ္တိ, ဂတိသမ္ပတ္တိ, ဥပဓိသမ္ပတ္တိ, ကာလသမ္ပတ္တိ, ပယောဂသမ္ပတ္တိဟု ဆိုအပ်သော သမ္ပတ္တိငါးပါး နှင့် ပြည့်စုံစွာ လုပ်ကိုင်ခြင်းသည် 'ဥဋ္ဌာနသမ္ပဒါ' မည်၏။

(၂) မိမိတို့၏ ကုန်ပစ္စည်းတို့ကို ရေဘေး,မီးဘေးမှ ကင်းလွတ်အောင် 'ရေပေါင်'ခံခြင်း၊ 'မီးပေါင်'ခံခြင်း စသော အားဖြင့်၊ အကြောင်းခြင်းအရာဖြင့်၊ မီးမလောင်နိုင်၊ ရေမပျက်နိုင်။ ထိုအခြင်းအရာဖြင့် စောင့်ရှောက်ခြင်း၊ တရားတဘောင် မတွေ့ရအောင်၊ အရှုပ်အထွေးမရှိရအောင်၊ လိမ်လည်ကောက်ကျစ်၊ တယောက် အပေါ်တယောက် မလုပ်နိုင်အောင်၊ ရောင်းဝယ်သည့် အရာမှာ အသေအချာ 'စာချုပ်'စာတမ်း'နှင့် ပြုလုပ်ခြင်း စသော အားဖြင့် မင်းဘေး,ခိုးသူဘေး စသည်တို့ကြောင့်၊ အကြောင်း အခြင်းအရာဖြင့် မပျက်စီးနိုင်၊ ထိုအခြင်းအရာဖြင့် စောင့်ရှောက်ခြင်း 'အာရက္ခသမ္ပဒါ'။

(၃) ကုန်ပစ္စည်းတို့ကို ရောင်းဝယ်ရာ၌၊ မိမိအား မတရား သဖြင့် အလေးလိမ်ခြင်း၊ တင်း,တောင်းလိမ်ခြင်း စသော အားဖြင့် မိမိ၏ ကျေးဇူးမဲ့ကိုသာ ပြုလုပ်တတ်သော အဆွေခင်ပွန်း ယုတ်တို့ကို ပယ်ရှား၍ မိမိအား ကျေးဇူးများစွာ ပြုတတ်သော အဆွေခင်ပွန်း ကောင်းတို့နှင့် ပေါင်းပြီးလျှင်၊ မိမိကိုယ်တိုင်ကလည်း ထိုသူတို့၏ အဆွေ ခင်ပွန်းကောင်း အစစ်ဖြစ်၍ 'ကလျာဏမိတ္တတာ' သမ္ပဒါနှင့် ပြည့်စုံစေရာ၏။ ။အခြား အလုပ်ကို လုပ်ကိုင်သည်ထက်၊ ကုန် 'ကူးသန်းရောင်းဝယ်' သော အရာမှာ သာ၍လွန်၍ မိတ်ဆွေကောင်းကို အလိုရှိအပ်လေသည်။ ထို'မိတ်ဆွေကောင်း'ကို ရကြကုန်သော နိုင်ငံခြားသားတို့သည် မိမိနိုင်ငံမှ နေ၍၊ တကမ္ဘာလုံး၌ မိတ်ဆွေကောင်း ထားကြပြီးလျှင်၊ တကမ္ဘာလုံးနှင့် ဆက်သွယ်၍ ကုန်ရောင်း,ကုန်ဝယ် ပြုကြကုန်၏။ ။ငါတို့ 'ဗုဒ္ဓဘာသာမြန်မာ' လူမျိုးတို့မှာမူကား၊ ထိုကဲ့သို့ အဆွေခင်ပွန်းကောင်းများကို မရနိုင်ကြသည့် အတွက်၊ တကမ္ဘာလုံးနှင့် ကုန်သွယ်ဘို့ကို ထားဘိဦး၊ မိမိတို့ နိုင်ငံတွင်းမှာပင် အနှံ့,အပြား၊ ကိုယ်စားလည်ထား၍ ကုန်သွယ်ဘို့ရာ လွန်စွာ ခဲယဉ်းလေ၏။ ။အချို့သော နိုင်ငံခြားသားတို့မှာမူကား 'ကလျာဏမိတ္တတာ' သမ္ပဒါနှင့် ပြည့်စုံအောင် ကြံဆောင် နိုင်ကြသောကြောင့်၊ မူလ, ပင်ကိုယ်ရင်းက မကောင်း

သော အဆွေခင်ပွန်းပင် ဖြစ်စေကာမူ၊ မိမိတို့နှင့် ပေါင်းသင်း ဆက်ဆံသော အခါ၊ မိမိတို့၏ အပေါ်မှာ မလိမ်,မကောက်နိုင်သော မိတ်ဆွေကောင်းအစစ် ဖြစ်ကြရကုန်၏။ ။မြန်မာလူမျိုးတို့မှာ မူကား 'ကလျာဏမိတ္တတာ' သဒ္ဓါနှင့် ပြည့်ရုံအောင် မလုပ်တတ်ကြသည့် အတွက်၊ မူလက,ပင်ကိုယ်က ကောင်းသော အဆွေခင်ပွန်းပင် ဖြစ်စေကာမူ၊ မိမိတို့နှင့် ပေါင်းသင်းဆက်ဆံသော ကာလ၊ မကောင်းသော အဆွေခင်ပွန်းအဖြစ်သို့ ရောက်ကြကုန်၏။ ။ထို့ကြောင့်၊ မိမိတို့ ကိုယ်တိုင်ကလည်း သူတပါးအပေါ်၌၊ ထိမ်လည်ကောက်ကျစ်တတ်သော အဆွေ 'ခင်ပွန်းယုတ်' မဖြစ်ကြမူ၍၊ 'ရိုးသား' ဖြောင့်မှန်သော အဆွေ'ခင်ပွန်းစစ်' ဖြစ်ကြပြီးလျှင်၊ မိမိတို့နှင့် ပေါင်းသင်းဆက်ဆံသူ ဟူသမျှတို့ကလည်း မိမိတို့၏ အပေါ်၌ မလိမ်, မကောက်နိုင်ကြရလေအောင် ကြံဆောင်, အားသစ်ပြီးလျှင်၊ ပေါင်းသင်းဆက်ဆံသော အားဖြင့်၊ 'ကလျာဏမိတ္တတာ' သဒ္ဓါတရားနှင့် ပြည့်အောင်း အထူးသတိဆောင်ကြကုန်ရာ၏။

(၄) မိမိကုန်စည်တို့ကို မြင်ကြသူတိုင်း ဝယ်ယူလိုချင်ရန် နေ့စဉ် တန်းဆာဆင်ခြင်း၊ ဟောင်းနွမ်းခြင်း၊ ပျောက်ပျက်,လေလွင့်ခြင်း မရှိရအောင် ပြင်ဆင်စောင့်ရှောက်ခြင်း၊ ထိုမှတပါး၊ ပျောက်ပျက်,လေလွင့်သော အရာတို့ကို ရှာဖွေရဆောင်းခြင်း၊ ကုန်လှောင်ရုံနှင့် စပ်ဆိုင်သော အရာဌာနတို့၌၊ အတိုင်းအရှည် မရှိ မသုံးစွဲမူ၍၊ သူ့အရာနှင့် သူ၊ မျှတ,သင့်တော်ရုံ အကုန်,အကျနည်းပါးအောင် သုံးစွဲခြင်း။ ။တနည်း။ ။သိုကုန်ကူးသန်း,ရောင်းဝယ်၍ မြတ်စွန်းသော စည်းစိမ်ဥစ္စာတို့ကို လေးပုံ ပုံ၍ တပုံကို စားသောက်,သုံးစွဲ,လှူဒါန်း ပေးကမ်းခြင်း၊ နှစ်ပုံကို အရင်းသို့ ပြန်ထည့်ခြင်း၊ တပုံကို ရံပုံငွေ အလို့ငှါ ကောင်းစွာ သိမ်းဆည်း၍ ထားခြင်း အားဖြင့် မျှတ,သင့်တော်ရုံ သုံးစွဲခြင်း၊ အိမ် အသုံး,အဆောင်တို့ကိုလည်း ပျက်စီး,ဟောင်းနွမ်းလျှင် ပြင်ဆင်ခြင်း၊ ပျောက်ပျက်လျှင် ရှာဖွေခြင်း၊ ကိုယ်ကျင့်တရား မရှိသူတို့ကို အကြီး,အမှူးအရာ၌ ခန့်မ

ထားခြင်းအားဖြင့် လေးပါးသော အင်္ဂါနှင့် ပြည့်စုံသော 'သမဇီဝိတာ' သဓ္ဓဒါတရားနှင့် ပြည့်စုံကြစေကုန်ရာ၏။

ဤ'သဓ္ဓဒါ'တရားနှင့် မပြည့်စုံသော ဗုဒ္ဓဘာသာ,မြန်မာလူမျိုးတို့သည် မိမိတို့၌ စည်းစိမ်ဥစ္စာ အတော်အသင့် တိုးတက်၍ လာလျှင်၊ အစား,အသောက်,အဝတ်,အရုံ,အသုံးအဆောင်တို့မှာ အတိုင်းအရှည် မရှိဘဲ သုံးစွဲစားသောက် တတ်ကြကုန်၏။ ထို့ကြောင့်၊ မည်သူသည် 'ချမ်းသာ'သည် ဟူ၍ အသံကြားရလျှင် ထိုသူ မကြာမီ 'မျက်းဇိုးပြီ' ဟူ၍သာ ကြားသူ့ကြရကုန်၏။ အချို့မှာ မည်မျှ 'စရိတ်'ကုန်ကျသည်၊ မည်မျှ 'အမြတ်' အစွန်းရသည်ကို မသိကြမူ၍၊ အမြတ်ကိုသာ တွက်ချက်၍ သုံးစွဲကြတတ်ကုန်သည် ဖြစ်၍၊ တဖြည်းဖြည်း လျော့မှန်း မသိ၊ လျော့၍ လာသဖြင့်၊ နောက်ဆုံးတနေ့မှာ ကုန်သည်အလုပ်မှ နောက်ဆုတ်ကြရကုန်၏၊ ထို့ကြောင့်၊ ထိုကဲ့သို့ မဖြစ်စေရန် မည်မျှ ကုန်ကျသည်၊ မည်မျှ တိုးတက်သည်ကို ကိုယ်တိုင်သိအောင် အားထုတ်ကြကုန်ရာ၏၊

သယံ အာယံ ဝယံ ဉတွာ၊ သယံ ဉတွာ ကတာကတံ။
နိဂ္ဂဏှေ နိဂ္ဂဟာရဟံ၊ ပဂ္ဂဏှေ ပဂ္ဂဟာရဟံ။
ပုဗ္ဗာရုံ စဉ္စာလင်္ကာ၊ အပရန်း မဟာနိပါတ်။

တိုးပွား,မြတ်စွန်းသည်ကို ကိုယ်တိုင် သိရာ၏။ကုန်ကျသည့် အရာကို ကိုယ်တိုင် သိရာ၏။ ပြုလုပ်သည်,မပြုလုပ်သည်ကို ကိုယ်တိုင် သိရာ၏။ အတိုင်းအရှည်နှင့် မျှတရုံ ဝမ်းစာစပါးကို ထားရာ၏။ အိမ်၌ အတိုင်းအရှည်နှင့် မျှတရုံသာလျှင် ချက်စေရာ၏။ ။ ဤကား 'ကုန်ကူးသန်းရောင်းဝယ်' ရာ၌ 'သမဇီဝိတာ' သဓ္ဓဒါကို 'ပြဆိုအပ်'သော စကားရပ်တည်း။

ဤ 'ကုန်သွယ်' ခြင်းအမှုသည် အနှောင့်,အယှက် ကင်း၍ ကိုယ့်အိမ်၌ ကိုယ်မင်းဖြစ်နေလသောကြောင့်၊ ကုန်သွယ်မှုနှင့် အသက်မွေးသော သူသည် 'ဂဟပတိ' ဟူသော အမည်ကို ရနိုင်ပေ၏၊ 'အနာကုလာ စ ကမ္မန္တာ' ဟူသော 'မင်္ဂလာ' တရားနှင့်လည်း

ပြည့်စုံးပ၏။စည်းစိမ်ဥစ္စာတို့သည် မကြာခဏနှင့် ဖြစ်ထွန်း၍ လျင်မြန်စွာ ကြွယ်ဝခြင်းသို့ ရောက်စေနိုင်၏။ ထို့ကြောင့်'နီတိ'ကျမ်းဆရာက 'ခနဒိဋ္ဌေ ဝါဏိဇ္ဇေသျ'ဥစ္စာကို အဆင့်ရှိလျှင် ကုန်သွယ်ခြင်းမည် ဟူ၍ မိန့်ဆိုတော်မူချေ၏၊ ထိုသို့ ကုန်သွယ်ခြင်းဖြင့် လေးလေအစွမ်းဝယ် နှစ်သိမ်းကြွယ်ဘူးသော သူဌေးဝဋ္ဋာကိုသတိပြုအပ်၏။ ထို့ကြောင့်၊ ကုန်သွယ်ခြင်းအမှုမှာ လွန်စွာ မွန်မြတ်သော အမှုဟူ၍ မှတ်ကြပြီးလျှင်၊ 'အစုစပ်' ကုမ္ပဏီကြီးတို့ကို ဖွဲ့စည်းပြီးကာအကြီး,အကျယ် ကုန်သွယ်ခြင်းအမှုကို ပြုလုပ်ကြကုန်ရာ၏။

ယခုအခါ၌ ထိုအလုပ်ကို မွန်မြတ်သော အလုပ်ဟူ၍ ဓတ်ထင်လာကြသဖြင့်၊ ထိုအလုပ်ကို လုပ်ကိုင်ဘို့ရာ တိုက်တွန်း နိုးဆော်ကြသည်မှာ လွန်စွာ သင့်လျော်ပေ၏။ ။ငါတို့ မြန်မာလူမျိုးတို့သည်များသော အားဖြင့်၊ထိုသို့ ကုန်သွယ်ခြင်းအမှုကို မွန်မြတ်သည်ဟူ၍မှတ်ယူခြင်း နည်းပါးကြပြီးလျှင်၊ကုန်သည်၏ သား,သမီး,တို့ကာ၊အင်္ဂလိပ်စာသင်ပြီးလျှင်၊ မိမိတို့ မိဘ,ဘိုးဘွား ကုန်သည် အလုပ်ကို ဖျက်လျက်၊သူတပါး၏ အထံ၌ စာရေး၊စာချီ၊သခဲ့စား၊အခစားဘက်သို့သာ ဝင်ကြသူ များကြကုန်၏၊ ထိုသူတို့မှာ မိမိတို့ ရသမျှသောလခပစ္စည်းဥစ္စာတို့ကို မိမိတို့အတွက်မျှ၊ ဆင်မြန်း စားသောက်၍ မလောက်နိုင်ကြသဖြင့်၊ သာသနာ့ဘောင်ဘက် ဆိုင်ရာ အမျိုးသားကြီးပွားရေး ဘက်ဆိုင်ရာတို့၌ အသုံးမချနိုင်ကြကုန်၊ သာသနာဘက်ဆိုင်ရာ အဆောက်အဦး တို့နှင့်တကွ၊ သာသနာတော်၊ကြီးပွားကြောင်းကို အားထုတ်နိုင်သော သူတို့မှာ၊များသော အားဖြင့်ကုန်သည်နှင့် လယ်သမားသာ များကြကုန်၏၊ထို့ကြောင့်၊ကုန်သွယ်ခြင်းမှုကို အထူးဂရုပြုကြဘို့ ကောင်းပေ၏။ ။၍ကုန်သွယ်ခြင်းအလုပ်မှာ တိုင်းပြည် စည်ပင်သာယာခြင်း၏ အကြောင်း ဖြစ်သောကြောင့်၊အစိုးရမင်းများက အခွန်အနှိုးကို ထုတ်၍ပေးခြင်း၊အခွန်,အတုတ်၊ အကောက်,အစားတို့ကို နည်းနိုင်သမျှ နည်းစေခြင်း အားဖြင့် အားပေး,ချီးမြှောက်ကြကုန်ရာ၏။ ။အခွန်,အတုတ်၊

အကောက်၊ အစား များလွန်းလျှင်၊ ကုန်သည်တို့မှာ စီးပွါးဖြစ်နိုင်ဘွယ်ရာ ရှိမည် မဟုတ်။ ချဲ့ယခုကာလမှာ 'ခေါင်းရွက်ဈေးသည်' ကပင် 'အခွန် အခတ်'ကို ပေးကြရသဖြင့်၊ ကုန်ရောင်း၊ ကုန်ဝယ်မှုဖြင့် ကျေးဇူး ဖြစ်ထွန်းသူဟူ၍ အလွန် ရှားလေ၏။ ။ထို့ကြောင့်၊ ဆိုင်ရာ၊ ဆိုင်ရာ ဈေးရှင် တို့က ဈေးခွန် စသည်တို့ကို နည်းပါးနိုင်သမျှ နည်းပါးကြစေကုန်ရာ၏။

အနာကုလကကမ္မန္တော၊ ဝါဏိဇ္ဇော သေဋ္ဌကမ္မိကော။
ပတိ ဂေဟေ သဒါ ဟောတိ၊ မစ္ဆေရိ တေဟိပိ ဝဏ္ဏိတော။

ကုန်သည်သည် အနှောက်အယှက်ကင်းသော အမှုရှိ၍၊ မြတ်သော အလုပ်ကို လုပ်သောသူ မည်၏။ အခါခပ်သိမ်း၊ မိမိနေအိမ်၌ စာရေး၊ စာချီချားကဲ့သို့၊ သူတပါး အစေ၊ အပါး မဟုတ်မူ၍၊ အရှင်အစစ်သည် ဖြစ်၏။ဘုရား စသော ပညာရှိတို့သည်လည်း 'အနာကုလာ စကမ္မန္တာ' ဟူသော မင်္ဂလာတရားနှင့် ပြည့်စုံပေသည်တကားဟူ၍ များစွာ ချီးမွမ်း အပ်၏။ ။ဤကား သမ္မာဒါလေးပါးနှင့် ပြည့်စုံအောင် ကုန်သွယ် ခြင်း အမှု ကို ပြဆို အပ်သော စကား ရပ်တည်း။

ကဿကော ဝါဏိဇ္ဇော ဂေါပေါ၊ သမဏော သုတသီလဝါ။
တေသု ဝိပုလဇာတေသု၊ ရဋ္ဌံပိ ဝိပုလံ သိယာ။

လယ်သမား သည်၎င်း၊ ကုန်သည် သည်၎င်း၊ နွားကို မွေးစားသော နွားကျောင်းသား သည်၎င်း၊ အကြား အမြင် ပညာဗဟုသုတ အကျင့်သီလနှင့် ပြည့်စုံသော ရဟန်း သူတော်၊ သူမြတ်သည်၎င်း၊ တိုင်းပြည်နိုင်ငံ၏ ရေသောက်မြစ်ကြီး ဖြစ်ကြကုန်သော ထိုလေးယောက် သော သူတို့သည် ပြန့်ပြော စည်ပင်ကုန်သည် ရှိသော်၊ တိုင်းပြည်နိုင်ငံသည်လည်း စည်ပင်သာယာ သည် ဖြစ်ရာ၏။

ဤဂါထာအရ၊ နောက် ပြဆိုအပ်သော တိုင်းပြည်နိုင်ငံ၏၊ အသက်သခင် ဖြစ်ကြ သော လယ်သမား၊ ကုန်သည်၊ နွား တို့ကို

မွေးသော သူ၊ တိုင်းပြည်၏ ဖျက်စီးသူသာ်၊ တိုင်းပြည်၏ ဆင်မြီးသဖွယ်ဖြစ်သောအကြား၊အမြင် ပညာဗဟုသုတကိုယ်ကျင့်သီလနှင့်ပြည့်စုံသော ရဟန်း၊သူတော်၊သူမြတ်၊ထိုထိုပုဂ္ဂိုလ်လေးဦးတို့သည်ကိုယ်စိတ်နှစ်ဖြာ၊ ချမ်းသာစွာနှင့် နေနိုင်ခွင့်ကြ၍၊ ထိုသူတို့ စည်ပင်သာယာမှ တိုင်းပြည်နိုင်ငံလည်း စည်ပင်သာယာခြင်းသို့ ရောက်နိုင်ချေမည်။ ထိုပုဂ္ဂိုလ်လေးဦး တို့ မိမိတို့ ဂိုဏ်းကို မိမိတို့ လွတ်လပ်စွာ လုပ်ကိုင်ခွင့် မရချေက၊ တိုင်းပြည် နိုင်ငံလည်း စည်ပင်သာယာခြင်း ရှိမည် မဟုတ်ပေ။ ထို့ကြောင့်၊ တိုင်းသူ၊ပြည်သားတို့က၊ ကုန်သွယ်ခြင်း၊လယ်လုပ်ခြင်း၊နွားမွေးခြင်းဟု ဆိုအပ်သော အလုပ်၊အကိုင် လုပ်ကိုင်သူတို့နှင့် တကွ၊ သီလ၊ နှံ့၊ဗဟုသုတ ဖြစ်သော ရဟန်း သူတော်၊သူမြတ်တို့ကို စည်ပင်ပြန့်ပွားစေခြင်းငှါ လုံ့လပြုကုန်ရာ၏။ အစိုးရမင်းတို့ကလည်း မျိုးငှကျွာပေးခြင်း၊အရင်း၊အနှီးပေးခြင်း၊ အလှူဒါနပေးခြင်း အားဖြင့် ကြီးပွားအောင် အားထုတ်ကြကုန်ရာ၏။ (ဤသို့ ပြဆိုအပ်ပြီးသော ဘုရားဟော ဒေသနာတို့ကို နှုတ်မှာကျက်ထားပြီးလျှင်၊ ကြွန်းသော အကျိုးရှိသော အလုပ်၊ အကယ်၍ ကြွန်းမသော၊အကျိုးမရှိသော်လည်း အကျိုးမယုတ်နိုင်သော အလုပ်ကိုသာ လုပ်မိအောင် အထူးသတိဆောင်ကြကုန်ရာ၏။)

အကျဉ်းချုပ်မှတ်ရန်မှာ။ မည်သည့် အလုပ်ကို လုပ်သည်ဖြစ်စေ၊ မိမိ နိုင်နင်းစွာ လုပ်နိုင်ခြင်း 'ကြွန်းသောအကျိုး'ဖြစ်မည်ဟုသိခြင်း၊ 'ကြီးပွါးရန် အမြန်မလိုသေးခြင်း၊' ဤအင်္ဂါနှင့် ပြည့်စုံမှလုပ်ရမည်။ နှုတ်က ပြောဆိုသော အရာမှာလည်း ထိုနည်းအတူပင်ကြွန်းသောအကျိုးဖြစ်မည့် အရာကို ဆင်ခြင်စဉ်းစား၍ ပြောဆိုရမည်။ ယင်းသို့ ပြုကျင့်၊ပြောဆိုမှသာ အဖြစ်ကင်း၍ စိတ်ချမ်းသာခွင့်ရမည်၊ သို့မဟုတ်က၊ နောင်တ၊တဖန် စိတ်ပူပန်ရသည်။ 'ယခုကာလ'၌ အကျိုးမဖြစ်ထွန်းကြဘဲ ပျက်စီးကြသည်မှာ ထို'ကြွန်းသောနည်း'ကို သဘောမကျမူ၍၊ ကံကိုချပြီး ငင်းဆကာ အလုပ်၊လုပ်ကြ၊ကြီးပွားရန် အမြန်အလိုရှိကြ၊ မဆင်ခြင်၊မစဉ်းစား၊ လောဘအားကြီး၍ အလုပ် လုပ်တတ်ကြသောကြောင့် ဖြစ်ချေသည်။

ထို့ကြောင့်၊ ကြိန်းသေအလုပ်ကို လုပ်တတ်အောင် အလေ့သတိ ဆောင်ကြကုန်ရာ၏။ ။ကြိန်းသေ ပိုက်ဆံတပြားကိုယူ၍၊ ကြိန်းမသေသော 'ငွေတသောင်း'ကို မယူရာ။ အကယ်၍ ကြိန်းမသေသော ငွေတထောင်ကို မက်၍၊ ကြိန်းသေသော ပိုက်ဆံတပြားကို ပစ်ပြီးလျှင် ကြိန်းမသေသော ငွေတသောင်းကို လိုက်ငြားအံ့၊ ကြိန်းမသေသော ငွေတထောင်ကို မရသည့် အပြင်၊ ကြိန်းသေသော ပိုက်ဆံတပြားပင် ပျက်စီးရချေ၏။

အပဏ္ဏကံ ဌာနမေကေ၊ ဒုတိယံ အာဟု တက္ကိကာ၊
ဧတဒညာယ မေဓာဝီ၊ တံ ဂဏှေယျ အပဏ္ဏကံ။

(ဧကနိပါတ်၊ အပဏ္ဏကဇာတ်။)

ဧကေ ဌာနံ၊ တခုသော အကြောင်းသည်ကား၊ အပဏ္ဏကံ၊ မချွတ်၊ မယွင်းဖြစ်တတ်၏။ ဒုတိယံ၊ နှစ်ခုမြောက်သော အကြောင်းသည်ကား။ တက္ကိကာ၊ ဖြစ်မှဖြစ်ပါမည်လားဟု၍၊ များစွာကြံဆအပ်သည်၊ အာဟု၊ ဖြစ်ငြီ။ ဧတံ၊ ထိုအကြောင်းနှစ်ပါးကို။ အညာယ၊ ကောင်းစွာ၊ ဉာဏ်ဖြင့်သိ၍။ ယံ၊ အကြင်အကြောင်းသည်၊ အပဏ္ဏကံ၊ မချွတ်၊မယွင်း၊ ကြိန်းသေကောင်းဖြစ်တတ်၏၊ တံ၊ ထိုအကြောင်းကို၊ မေဓာဝီ၊ ကြောင်းကျိုးမြင်သိ၊ ပညာရှိသည်။ ဂဏှေယျ၊ ယူရာ၏။

ဤတွင်ရွှေဘား၊ သမ္မဒိဋ္ဌိရား လေးပါးတို့ကို အကျယ်ပြဆို အပ်သော ပထမတွဲစကားတရပ်၊ ပြီးသတ်သတည်း။

---

၁၂၃၅ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက်၃နာရီခွဲအချိန်တွင် မွေးဖွား၍၊ ၁၂၅၅ခု၊ ပထမဝါဆိုလဆန်း၁၃ရက်၊ အင်္ဂါနေ့ ညနေ၄နာရီ အချိန် ရန်ကုန်၊ ကျောင်းတော်ရာ ရွှေကျင်တိုက်၌၊ ကျောင်းတော်ရာ ဆရာတော်ကြီးကို ဥပဇ္ဈာယ်ဆရာပြုလုပ်၍၊ ရဟန်းအဖြစ်သို့ ရောက်သော၊ ၁၂၆၂ခု၊ တပေါင်း လဆန်း၁၂ရက်နေ့က စ၍၊ ညောင်တုံးချွဲဟံသာဝတီတိုက်၌ နေသော ဝံကျောင်း ဆရာတော် ရေးသား စီရင်အပ်သော 'သမ္မဒိဋ္ဌိ' အကျယ်လက်စွဲကျမ်းသည် ၁၂၈၃ခုနှစ်၊ တော်သလင်းလဆန်း၄ရက်၊ ကြာသပတေးနေ့၊ ၁၁နာရီအချိန်တွင် ပြီးပြီ။